http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

သီလက္ခန္ဓဝဂ်ပါဠိတော်

မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

ဒီ ၁
၁/၃
သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

သီလက္ခန္ဓဝဂ်ပါဠိတော်

မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ်

သီလက္ခန္ဓဝဂ္ဂပါဠိတော်

မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

လမ်းညွှန်မာတိကာ

	နိကာယ်	ပိဋက	ကျမ်း	စာအုပ်	သုတ်
က	ဒီဃ (အရှည်)	သုတ္တန်	(၃)	(၃)	(၃၄)
ခ	မဇ္ဈိမ (အလယ်)	(။)	(၃)	(၃)	(၁၅၂)
ဂ	သံယုတ္တ (ယှဉ်တွဲ)	(။)	(၅)	(၃)	(၇၇၆၂)
ဃ	အင်္ဂုတ္တရ (ပိုမို)	(။)	(၁၁)	(၃)	(၉၅၅၇)
င	ခုဒ္ဒက (အတို)	(ဝိနည်း) င–၁	(၅)	(၅)	
		(အဘိဓမ္မာ) င–၂	(၇)–၃	(၁၂)–၇ (လျော့)	
		(သုတ္တန်) င–၃	(၁၈)–၄	(၁၁)–၄ (လျော့)	
	(၅) ရပ်	(၃) ပုံ	(၅၂)–၇	(၄၀)–၁၁ (လျော့)	

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com

က-ဒီဃနိကာယ်

၁.က. ၁/၃	- ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်)	သုတ်သီလက္ခန် ၁၃	၃၄ သုတ်
၂.က. ၂/၃	- ၂ မဟာဝဂ္ဂ (မဟာဝဂ်)	သုတ်မဟာဝါ ၁၀	
၃.က. ၃/၃	- ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်)	သုတ်ပါထေယျ ၁၁	

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

ခ-မဇ္ဈိမနိကာယ်

၄. ခ. ၁/၃	- ၁ မူလပဏ္ဏာသ	[ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]	၁၅၂ သုတ်
၅. ခ. ၂/၃	- ၂ မဇ္ဈိမ ။	[အလယ်သုတ် ၅၀ ။]	
၆. ခ. ၃/၃	- ၃ ဥပရိ ။	[နောက်ဆုံးသုတ် ၅၂ ။]	

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

ဂ-သံယုတ္တနိကာယ်

၇. ဂ. ၁/၃	- ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း	(ပ)	၇၇၆၂ သုတ်
၈. ဂ. ၂/၃	- ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း	(ဒု)	
၉. ဂ. ၃/၃	- ၃ မဟာဝဂ္ဂကျမ်း	(တ)	

ဃ-အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃	- ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ		(၄) ကျမ်း	၉၅၅၇ သုတ်
၁၁.ဃ.၂/၃	- ၂ ပဉ္စက ။	သတ္တက ။	(၃) ကျမ်း	
၁၂.ဃ.၃/၃	- ၃ အဋ္ဌက ။	ဧကာဒသက ။	(၄) ကျမ်း	

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com

၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

(၄-၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

(၅ ကျမ်း - ၅ အုပ်)

၁၃.၄-၁. ၁/၅	-	၁ ပါရာဇိက	(ပါရာဇိကာဏ်)
၁၄.၄-၁. ၂/၅	-	၂ ပါစိတ္တိယ	(ပါစိတ်)
၁၅.၄-၁. ၃/၅	-	၃ မဟာဝဂ္ဂ	(ဝိနည်းမဟာဝါ)
၁၆.၄-၁. ၄/၅	-	၄ စူဠဝဂ္ဂ	(စူဠဝါ)
၁၇.၄-၁. ၅/၅	-	၅ ပါရိဝါရ	(ပရိဝါ)

(၄-၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

(၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ်)

၁၈.၄-၂. ၁/၅	-	၁ ဓမ္မသင်္ဂဏီ	(၁) အုပ်
၁၉.၄-၂. ၂/၅	-	၂ ဝိဘင်း	(၁)
–		၃ ဓါတုကထာ	x
၂၀.၄-၂. ၃/၅	-	၄ ပုဂ္ဂလပညတ်	(၁)
၂၁.၄-၂. ၄/၅	-	၅ ကထာဝတ္ထု (ပ)	(၁)
၂၂.၄-၂. ၅/၅	-	ကထာဝတ္ထု (ဒု)	(၁)
—		၆ ယမိုက်	x
—		၇ ပဋ္ဌာန်း	x
			(၅) အုပ်

http://www.dhammadownload.com

(င-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

(၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ်)

၂၃·	င-၃·	၁/၇	-	၁ ခုဒ္ဒကပါဌ ၂ ဓမ္မပဒ ၃ ဥဒါန=ဥဒါန်း ၄ ဣတိဝုတ္တက=ဣတိဝုတ် ၅ သုတ္တနိပါတ=သုတ္တနိပါတ်	၅ကျမ်း
၂၄·	င-၃·	၂/၇	-	၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်)	၁
၂၅·	င-၃·	၃/၇	-	အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်) ၇. ဗုဒ္ဓဝံသ ၈ စရိယာပိဋက	၁
၂၆·	င-၃·	၄/၇	-	၉ ပဋိသမ္ဘိဒါမဂ်	၁
၂၇·	င-၃	၅/၇	-	၁၀ မိလိန္ဒပဉှာ	၁
၂၈·	င-၃·	၆/၇	-	၁၁ ဝိမာနဝတ္ထု ၁၂ ပေတဝတ္ထု	၁
၂၉·	င-၃·	၇/၇	-	၁၃ ထေရဂါထာ ၁၄ ထေရီဂါထာ	၁
				၁၄ ကျမ်း	၇ အုပ်

ပိုင်းခြားပုံစနစ်

①ဝိမုတ္တိရသ	(၁)	④ပိဋက	(၃)
②ဓမ္မဝိနယ	(၂)	⑤နိကာယ်	(၅)
③ဝစန	(၃)	⑥ဓမ္မက္ခန္ဓာ	(၈၄၀၀၀)

http://www.dhammadownload.com

ပိဋကတ်တော် မြန်မာပြန် နိဒါန်း

ဘုန်းတော်ခြောက်ပါးသခင် 'အစိဇ္ဈတ္တယျအာနုဘာဝ' မကြံစည်နိုင်သော တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ 'သာမုက္ကံသိက' ကိုယ်တော်တိုင် ထုတ်ဆောင်ဟောကြားတော်မူအပ်သော ပါဠိတော်ဓမ္မသည်—

'ဓမ္မဂမ္ဘီရ' အကြောင်း၏ နက်နဲခြင်း,

'အတ္ထဂမ္ဘီရ' အကျိုး၏ နက်နဲခြင်း,

'ဒေသနာဂမ္ဘီရ' ပညတ်တင်ထား ဟောကြားပုံ၏ နက်နဲခြင်း,

'ပဋိဝေဓဂမ္ဘီရ' ထိုးထွင်းသိမြင်သော အသိဉာဏ်၏ နက်နဲခြင်း ဟု ဆိုအပ်သော ဂမ္ဘီရလေးပါး,

'သဒ္ဒဂမ္ဘီရ' သဒ္ဒါ၏ နက်နဲခြင်း,

'အတ္ထဂမ္ဘီရ' အနက်၏ နက်နဲခြင်း,

'သဒ္ဒတ္ထဂမ္ဘီရ' သဒ္ဒါအနက် ၂-ပါးစုံ၏ နက်နဲခြင်း,

'အဓိပ္ပါယဂမ္ဘီရ' အဓိပ္ပါယ်၏ နက်နဲခြင်း ဟု ဆိုအပ်သော ဂမ္ဘီရလေးပါးတည်းဟူသော အစိန္တေယျ 'မကြံစည်နိုင်သော' ဂုဏ်နှင့် ပြည့်စုံတော်မူပေ၏၊ ဤသို့လျှင် အစိန္တေယျအာနုဘာဝ ဂုဏ်နှင့် ပြည့်စုံတော်မူသော ဒေသက 'တရားဟောပုဂ္ဂိုလ်' ဖြစ်သော ဘုရားရှင်၏ ဒေသေတဗ္ဗဓမ္မ 'ဟောအပ်သောတရား' ဖြစ်သော—

နာနာနယဝိစိတြ ပါဠိတော်ဓမ္မကို ယထာဘူတ 'ဟုတ်တိုင်းမှန်စွာ' ယထာသဘာဝ 'သဘောအားလျော်စွာ' ဒေသကအာဘော်ကျအောင် လှလှပိုင်ပိုင် သိရှိနိုင်ရန်မှာ လွယ်ကူသော အရာ မဟုတ်ပါပေ။

ထိုသို့ မလွယ်ကူသည့်အားလျော်စွာ ထိုထိုပါဠိတော်များ၏ အဖွင့်ဖြစ်သောအဋ္ဌကထာ ဋီကာ ဒီပနီ အလင်္ကာအစုစု အနုမဓုတခန်း လက်သန်းယောဇနာ အဖြာဖြာသော ဂဏ္ဌိကျမ်းတို့ကို အပန်းတကြီးပင် ဆင့်ကာဆင့်ကာ နောင်လာနောက်သားတို့အတွက် ဖွင့်ဆို ရေးသားတော်မူခဲ့ကြပေသည်၊ ပါဠိတော်ဓမ္မနှင့် တကွ ဖွင့်ဆိုရေးသားတော်မူခဲ့ကြသော အဖွင့်သံဝဏ္ဏနာ အဖြာဖြာသော ကျမ်းတို့မှာလည်း အနန္တကမ္ဘာတို့၌ သေဋ္ဌဘာသာ 'အမြတ်ဆုံးသောဘာသာ' မူလဘာသာ 'အမြစ်အရင်းဖြစ်သောဘာသာ' ဟု ခေါ်ဆိုအပ်သော ပါဠိမာဂဓဘာသာဖြင့်သာ အစဉ်မပြတ် တည်ရှိခဲ့ကြသဖြင့် မိမိတို့ဒေသအလိုက် ဘာသာအသီးအသီး ရှိနေကြသောသူတို့မှာ မိမိတို့ မျိုးရိုးဘာသာဖြင့် အားပါးတရ သဘာဝကျကျ သိရှိနိုင်ခွင့်ကို စင်စစ် မရရှိခဲ့ကြချေ။

ဘုရားရှင် ကရုဏာရှေ့ထားလျက် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံပါဠိတော် ဓမ္မတို့မှာ "အရဟတ္တေန ဒေသနာယ ကူဋံ ဂဏှိ" ဟူသော ဓမ္မပဒအဋ္ဌကထာ မိန့်ဆိုချက်နှင့်အညီ

http://www.dhammadownload.com

ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသနိဗ္ဗာန် မျက်မှောက်ပြုရေးကိုသာ ရည်ရွယ်ချက်ထားရင်း ရှိသည်ကား မှန်၏၊ သို့ရာတွင် ထိုဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန, အနုပါဒိသေသနိဗ္ဗာန် မျက်မှောက်ပြုရေး၌ များစွာ အထောက်အပံ့ ဖြစ်သော ကျန်းမာရေး ချမ်းသာရေး ကြီးပွါးရေး စီးပွါးရေး ပေါင်းသင်းဆက်ဆံရေး နေထိုင်စားသောက်ရေး အသိတရားလုံလောက်ရေး လိမ္မာရေးခြားရေး အစရှိသည့် မျက်မှောက်ဘဝ ကောင်းစားရေး ပေါင်းများစွာတို့သည်လည်း ထိုပိဋကတ်တော် တည်းဟူသော ပါဠိမဟာသမုဒ္ဒရာပင် အပြည့်အစုံ ပါဝင်ပြီးဖြစ်သဖြင့် မည်သူမဆို လောက၏ လုံလောက်သော အကျိုးတရားများကို ခံစားလိုပါက ဘုရားဟော ပိဋကတ်တော်ကိုလည်း မျက်နှာလွှဲထား သင့်သည်မဟုတ်ပေ။

သို့သော်လည်း ယင်းဘုရားဟော ပိဋကတ်တော်များမှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေသော ကြောင့် ပါဠိဘာသာကို မတတ်မြောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှိ ဗုဒ္ဓဘာသာဝင် လူများစု အဖို့မှာကား ပိဋကတ်တော်က ညွှန်ပြထားသော လောကကောင်းစားရေးနှင့် လောကနှင့် မဆက်စပ်သော ဘဝလွတ်မြောက်ရေးများအတွက် ပါဠိစာတတ်ပုဂ္ဂိုလ်တို့၏ တဆင့်ဟောပြောချက် မျှဖြင့်သာ တင်းတိမ် ရောင့်ရဲလျက် သိသင့်သမျှကိုပင် စုံလင်စွာမသိရပဲ ရှိခဲ့လေသည်။

သို့ဖြစ်၍ ဘုရားဟော ပိဋကတ်တော် အရသာများကို လွယ်ကူစွာ သုံးဆောင် ခံစားနိုင် ကြစေရန်၎င်း ပါဠိမာဂဓ ပိဋကတ်ကျမ်းဂန်များကို သင်ယူလေ့လာချို့ရာတွင် လွယ်ကူစွာ သင်ယူ ချို့နားလည်နိုင်ကြစေရန်၎င်း ရည်သန်၍ ရှေးရှေး ဆရာကြီးများသည် မြန်မာပြန်မှိုရာ နိဿရည်း ခေါ် နိဿယကျမ်းများကို မိမိတို့ရိုးရာ ဒေသဘာသာဖြင့် ရေးသား ပြန်ဆိုတော်မူခဲ့ကြပေသည်၊ ရှေးရှေး ဆရာကြီးများ၏ ကျေးဇူးသည်ကား အထူးကြီးမားလှပေစွ။

ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနည်း

ထိုထို နိဿယ ဘာသာပြန်တို့မှာ—

(၁) ပါဠိတချက် အနက်တချက်ဖြင့် ပြန်ဆိုနည်း,

(၂) ပါဠိမဖက် မြန်မာသက်သက်ဖြင့် ပြန်ဆိုနည်း,

ဟူ၍ နှစ်မျိုးရှိခဲ့ရာ ပဌမနည်းသည် ထိုထိုပါဠိ အဋ္ဌကထာ ဋီကာ နိဿယကျမ်းမျိုးပင် ဖြစ်၍ ဒုတိယနည်းမှာမူ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထု မိလိန္ဒပဥှာဝတ္ထုစသော ကျမ်း မျိုးပင် ဖြစ်သည်၊ ထိုနှစ်နည်းတွင် ပါဠိတချက် အနက်တချက် ပြန်ဆိုသော ပဌမနည်းမှာ "ဗာလ လူမိုက်,ပဏ္ဍိတ ပညာရှိ" ဟု နှုတ်တွင်တက်၍ အဘိဓာန်ကျမ်းကြီး တစောင်ကို အာဂုံဆောင် ကျက်၍ ထားသကဲ့သို့ ပါဠိမာဂဓဘာသာကို သင်ယူရာ၌ အလွန် ကျေးဇူးများခဲ့ရကား ရဟန်း သာမဏေများ ယနေ့ထက်တိုင် သင်ယူချို့ လေ့လာနေကြဆဲပင် ဖြစ်သည်၊ ထိုသင်ယူချို့နည်း ဖြင့်ပင် ပါဠိပိဋကတ်ကျမ်းဂန်များကို တတ်မြောက် လိမ္မာတော်မူခဲ့ကြလေသည်။

သီဟိုဠ် ယိုးဒယား ကမ္ဗောဒီးယားစသော ဗုဒ္ဓဘာသာဝင် နိုင်ငံများ၌လည်း မိမိတို့ရိုးရာ ဒေသဘာသာဖြင့်ပင် ပိဋကတ်ကျမ်းဂန်များကို သင်ယူချို့ လေ့လာခြင်းဖြင့် တတ်မြောက် လိမ္မာ တော်မူခဲ့ကြလေသည်။

ဒုတိယနည်းမှာ သင်ယူချို့ရာ၌ အသုံးနည်း၍ အများအားဖြင့် ပါဠိမာဂဓဘာသာကို မတတ်မြောက် မကျွမ်းကျင်ကြသော လူပုဂ္ဂိုလ်များ ကြည့်စာအဖြစ်ဖြင့် အသုံးပြုခဲ့ကြလေသည်။

http://www.dhammadownload.com

ဘာသာပြန်နည်းတမျိုး

ဘာသာတပါးမှ ဘာသာတပါးသို့ ပြန်ဆိုရာ၌—

(၁) တိုက်ရိုက် ပြန်ဆိုနည်း,

(၂) ဆီလျော်အောင် ပြန်ဆိုနည်း,

ဟူ၍ နှစ်မျိုးရှိပြန်ရာ ပဌမနည်းမှာ နိဿယပြန်ဆိုနည်းပင် ဖြစ်၍ (ပါဠိကို ဖြုတ်ထားသော ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ပြန်နည်းမျိုးလည်း ပါဝင်သည်) ဒုတိယနည်းမှာကား သံဝေဂဝတ္ထု မာလာလင်္ကာရဝတ္ထု စသည်နှင့် ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ဆီလျော်အောင် အဓိပ္ပါယ်ကို ယူ၍ ကိုးကား ရေးသားထားသော ထိုထို ဒီပနီ ပကာသနီ စသော စကားပြေ ကျမ်းမျိုးပင် ဖြစ်သည်။

ဤဘာသာပြန်ဖြစ်ပေါ်လာရခြင်း၏အကြောင်း

ပြဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မာဂဓ ပါဠိပိဋကတ်တော်တွင် မင်္ဂိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း နည်းလမ်းကောင်းများအပြင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝ တို့၌ အကျိုးများပြားစေနိုင်သည့် လောကရေး ဓမ္မရေး ရာဇရေးတို့တွင် အလေးဂရုပြု၍ လိုက်နာ ကျင့်သုံးရန်အတွက် အချက်အလက်တို့လည်း အကြောင်းသက်ဆိုင်ရာ အများအပြား ပါဝင်လျက် ရှိသော်လည်း ပါဠိဘာသာကို မတတ်ကျွမ်းမှု ပါဠိဘာသာ၌ မကျွမ်းကျင်မှုကြောင့် ရတနာထုပ် လက်ဝယ်ထား၍ မသုံးဆောင် မခံစားနိုင်သကဲ့သို့ ဖြစ်နေရသော ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့အား ရတနာ ပတ္တမြားလုံးကို မြေဖုံးနေရာမှ အများသုံးဘို့ ထုတ်ဖော်ပေးသည့်အလား "ထို ပိဋကတ်သုံးပုံ ပါဠိတော်မြေမျှားကို မိမိတို့ ရိုးရာဖြစ်သော မြန်မာဘာသာ သက်သက်ဖြင့် ပြန်ဆို ရေးသားစေရပါမူ ထိုပါဠိဘာသာ၌ မသက်ဝင်နိုင်သော ဗုဒ္ဓဘာသာဝင် သူတော်စင် အများတို့အတွက် အလွန် အကျိုးများလေရာ၏" ဟု သဒ္ဓါပသန္န သမ္မာဆန္ဒတရား ရှေ့ထားကာ ကောင်းစွာ စဉ်းစား ဆင်ခြင်မိသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် ၁၃၁၂-ခု ဒုတိယဝါဆိုလတွင် မိမိနေအိမ်၌ သီရိမင်္ဂလာ ပရိတ်တော်အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရန် တိုင်ပင် ဆွေးနွေးကြစဉ် အခါ ကပင် ပိဋကတ်ပါဠိတော်များကို အကုန်အစင် မြန်မာဘာသာ ပြန်ဆိုခြင်း ဗုဒ္ဓဝင်ကျမ်းကြီးကို ရေး သားခြင်း ပိဋကတ်သုံးပုံ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး စီရင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် အတွက် စီမံစေလိုကြောင်းနှင့် သာသနာရေးဝန်ကြီး ဦးဝင်းအား တိုက်တွန်းစကား ပြောကြားသည့် အတိုင်း သာသနာရေးဝန်ကြီး၏ အစီအမံဖြင့် နိုင်ငံတော်အစိုးရ၏ ဆုံးဖြတ်ချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက ပိဋကတ်တော် မြန်မာပြန် စီစဉ်ရေး ကော်မီတီ တရပ်ကို သတ်မှတ် ဖွဲ့စည်းလိုက်လေသည်။

ထို ကော်မီတီတွင်....

(၁) အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် (နာယက)။

(၂) အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်း (ပဌမဥက္ကဋ္ဌ)။

(၃) သာသနာ့ ညွှန်ကြားရေးဝန် ပဌမကျော် မဟာပညာဗလ ဦးကြီးဖေ (ဒုတိယဥက္ကဋ္ဌ)။

(၄) ပါဠိပါမောက္ခ-မဟာပညာဗလ စာပြင်မှူးချုပ် ဆရာဥာဏ်။

http://www.dhammadownload.com

(၅) သာသနာရေး အထူးအရာရှိ ဦးဘဆွေ ဝဏ္ဏကျော်ထင် (အကျိုးတော်ဆောင်)။

(၆) ပရိယတ္တိ သာသနဟိတမ္မောစရိယ ကျမ်းပြုဆရာကြီး-
ဝဏ္ဏကျော်ထင် မေဓာဝီ ဆရာဆိုင်။

(၇) ပဌမကျော် ဦးသန့်စင်။

(၈) စေတီယင်္ဂဏ ဓမ္မာစရိယ သာသနာရေး အရာရှိ ဦးခင်မောင်လင်း (တွဲဘက် အကျိုးဆောင်) တို့ ပါဝင်ကြသည်။

ထိုကော်မီတီသည် (၇) ကြိမ်တိုင်တိုင် စည်းဝေး ဆွေးနွေး တိုင်ပင်ကြပြီးမှ ပိဋကတ်တော်ကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဇုဒ္ဒဝင်ကျမ်းကြီး ရေးသားပြုစုရန်နှင့် ပိဋကတ်သုံးပုံလာ ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကို စီရင်ရန် သင့်လျော်ကြောင်းတို့ကို တညီတညွတ်ထည်း ဆုံးဖြတ်ချက်ချကြ၍ မည်သို့ မည်ပုံ ပြန်ဆိုရေးသား ပြုစုရမည်ဟူသော စီမံကိန်း အသီးသီးနှင့်တကွ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြရာ၊ ဝန်ကြီးချုပ်ကလည်း သဘောတူညီသဖြင့် ထိုကိစ္စအရပ်ရပ်ကို ကောင်းစွာ ဆောင်ရွက်နိုင်မည့် စာပြုစာတည်း ဆရာများ ရရှိရေးအတွက် အောက်ပါ ပုဂ္ဂိုလ် ငါးဦး ပါဝင်သော ရွေးချယ်ရေး အဖွဲ့ငယ် တရပ်ကို သတ်မှတ် ဖွဲ့စည်းခဲ့လေသည်။

၁။ သာသနာရေး ဝန်ကြီး ဦးဝင်း။

၂။ နိုင်ငံတော် တရားဝန်ကြီးချုပ် သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဦးသိမ်းမောင်။

၃။ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။

၄။ သာသနာ့ ညွန်ကြားရေးဝန် ပဌမကျော် မဟာပညာဗလ ဦးကြီးဖေ (အကျိုးဆောင်)။

၅။ သာသနာရေး အထူးအရာရှိ ဝဏ္ဏကျော်ထင် ဦးဘဆွေ။

ဤအဖွဲ့ငယ်က ရှေးဦးစွာ အယ်ဒီတာချုပ် ရာထူးအတွက် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်းအား ရွေးချယ် တင်မြှောက်၍ ကျန် စာပြု စာတည်း ဆရာများ ရွေးချယ်ခန့်ထားရေးကိစ္စကိုမူ နိုင်ငံတော်အစိုးရ ရာထူးဝန် အဖွဲ့သို့ လွှဲအပ်ခဲ့ရာ ရာထူးဝန်အဖွဲ့က အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း ပဌမကျော် ဦးကြီးဖေ တို့နှင့် တိုင်ပင်၍ စာမေးပွဲ ပြုလုပ်စမ်းသပ်ကာ အဆိုပါ စာပြု စာတည်း ဆရာများကို ရွေးချယ်ခဲ့လေသည်။ ထို့နောက် ၁၉၅၁-ခု၊ အောက်တိုဘာလ ၁-ရက်နေ့မှ စ၍ ပိဋကတ်တော် မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ခဲ့လေသည်။

မြန်မာဂတိသို့လိုက်၍ပြန်ဆိုသင့်ခြင်း

ဘာသာပြန်ဆိုသည်ကား ဘာသာတပါးမှ ဘာသာတပါးသို့ရှင်း ဝေါဟာရတပါးမှ ဝေါဟာရ တပါးသို့ရှင်း ပြောင်းလွှဲ ပြန်ဆို ရေးသားထားခြင်းမျိုးပင် ဖြစ်လေသည်။ ဘာသာတမျိုးမျိုး၌ ရှင်းတို့၏ ဖလှေ့ထုံးစံ အသုံးအနှုန်း ဝေါဟာရ တမျိုးစီ ရှိကြမြဲဖြစ်ရာ ပါဠိမှာ ပါဠိဂတိ မြန်မာမှာ မြန်မာအသွား အင်္ဂလိပ်မှာ အင်္ဂလိပ်အသုံး စသည်ဖြင့် ကိုယ့်ဂတိနှင့်ကိုယ် သူ့အလိုလိုပင် ဝေါဟာရ သိဒ္ဓရှိပြီး ဖြစ်နေတော့၏။ ထို့ကြောင့် ပါဠိကို မြန်မာအသွားသော်ရှင်း မြန်မာကို ပါဠိအသွားသော် ရှင်း ပြန်ဆိုရေးသားပါလျှင် အဆီအငေါ်မတည့် ဖြစ်ပေမည်။

ဥပမာဆိုသော် "စီဝရေန တံ အစ္ဆာဒေသာမိ" ဟူသော ပါဠိတော်ကို ပါဠိဂတိသို့ လိုက်၍ "ထိုရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့" ဟု ပြန်ဆိုလျှင် ဓာတ်ပစ္စည်း ဝိဘတ်နှင့် သဒ္ဒါ၏အနက်အရ

http://www.dhammadownload.com

ပါဠိအချိုးအစား ကျမည်ဖြစ်သော်လည်း မြန်မာ့နားတွင်ကား ထွေးလုံးရစ်ပတ်သာ ဖြစ်နေ၍ "ထို ရဟန်းအား သက်န်းလှူအံ့၊ သက်န်းလှူမည်" ဟု မြန်မာအသွားကျ ပြန်ဆိုမှသာ အလွယ်တကူ နားလည်ကြလိမ့်မည် ဖြစ်သကဲ့သို့တည်း၊ ထို့ကြောင့် ဘာသာပြန်ဆိုရာ၌ မူရင်းဘာသာ အသုံးအနှုန်း သို့ မလိုက်ပဲ ပြောင်းလဲပြန်ဆိုရမည့်ဘာသာ အသုံးအနှုန်းအတိုင်းသာ ဘာသာပြန်ဆိုဘို့ရန်မှာ အရေးအကြီးဆုံး ပင် ဖြစ်သည်ဟု ကြို့တင် သတိချပ်ထားသင့်ပါသည်။

ဤဘာသာပြန်ကိုပြန်ဆိုရခြင်း

ရှေးရှေး ဆရာကြီးများသည် မြန်မာဘာသာပြန် အမျိုးမျိုးတို့ကို ပြန်ဆိုရေးသားကြပြီးဖြစ်၍ ဤဘာသာပြန်ကို ပြန်ဆိုရေးသားဘို့ လိုပါသေးသလော စောကြော မေးမြန်းဖွယ် ရှိလေသည်။ ပြန်ဆိုပြီး ရှိသည်မှာ မှန်ပေသည်၊ သို့ ရှိပြီးဖြစ်သော်လည်း ရှေးကျသော ပေါရာဏအသုံးအနှုန်းတို့ဖြင့် ပြန်ဆိုထားခြင်းကြောင့် ကျေနပ်ရောင့်ရဲခြင်း မရှိသေး၍ ဤဘာသာပြန်ကို ထပ်မံ၍ ပြန်ဆိုရခြင်း ဖြစ်သည်ဟု တိုတိုပင် ဖြေဆိုရပေမည်၊ ထိုစကား မှန်ပေသည် ဝေါဟာရ စကား အသုံးအနှုန်းတို့ မည်သည်—

"ဝေါဟာရဝိသယော သဒ္ဒေါ၊ ဘူတာ ဘူတတ္ထဝါစကော။
လောကသင်္ကေတ သာရုတ္တော၊ သဒ္ဒေါ နေကန္တ ဘူတိကော"။

ဟု သဒ္ဒတ္ထဘေဒစိန္တာဆရာ ဆိုသည့်အတိုင်း ပုံသေကားချ တနေရာတည်းဖြင့် တည်နေရိုး မရှိခဲ့ပေ၊ အစဉ်အမြဲ ပြောင်းလဲ ဖောက်ပြန် ရွေ့လျော လှုပ်ရှား၍သာ နေရိုးဓမ္မတာ ဖြစ်ပေသည်၊ ရှေးခေတ်အခါက ခေါ်ဝေါ်သုံးစွဲခဲ့သော စကားအသုံးအနှုန်းများမှာ ရှေးခေတ် လူများအတွက် လွယ်ကူစွာ နားလည်သဘောပေါက်ခဲ့ကြသော်လည်း ယခုခေတ် လူများ အတွက်မှာမူကား စကားထူး စကားဆန်း ဖြစ်ပြီး နားလည် သဘောပေါက်ဘို့ လွယ်ကူခြင်း မရှိခဲ့ချေ၊ ထို့ကြောင့်ပင် (ဥပ္ပဋိပါဠိယာ ကျီတကျူ အားဖြင့်၊ ပါမင်္ဂ ဦးညွှတ်) ဟု ပြန်ဆိုထားသော ရှေးခေတ် ဘာသာပြန် နိဿယများကို ယခုခေတ် လူတို့အနေနှင့် နားလည်သဘောပေါက်ဘို့ရန် မလွယ်ကူကြောင်း အကဲခတ်နိုင်ကြပေသည်၊ ထို့ကြောင့်လည်း "ရှေးခေတ် နိဿယကြီးများကို ယခုခေတ် အသုံးအနှုန်းဖြင့် ပြန်လည်ရေးသားကြရန် အချိန်တန်ပြီ" ဟု ဆရာ့ ဆရာကြီးများ အကြံဖြစ်ခဲ့ကြဘူးလေပြီ၊ သို့ဖြစ်၍ ဋီကာကျော်ခေါ် အဘိဓမ္မတ္ထဝိဘာဝနီ ကျမ်းပြုဆရာသည်—

ပေါရာဏေဟိ အနေကာပိ၊ ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သဗ္ဗတ္ထ၊ အတ္ထော ဝိညာတဝေ ဣဓ။
တသ္မာ လီနပဒါနေတ္ထ၊ သာဓိပ္ပါယ မဟာပယံ။
ဝိဘာဝေန္တော သမာသေန၊ ရစယိဿာမိ ဝဏ္ဏနံ။

"ရှေးဆရာကြီးတို့သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဖွင့်ဋီကာ ကျမ်းများစွာတို့ကို ရေးသား ခဲ့ကြသော်လည်း ထိုဋီကာကျမ်းတို့ဖြင့် ဤအဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို လွယ်ကူစွာ သိဘို့ရန် မစွမ်းနိုင်ခဲ့၊ ထို့ကြောင့်ပင် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ကွယ်ဝှက်သော ပုဒ်တို့၏ အနက်အဓိပ္ပါယ်ကို ပေါ်လွင် ထင်ရှားစွာ ဖော်ပြ၍ အကျဉ်းချုပ်အားဖြင့် ဋီကာသစ် (ဋီကာကျော်) ကို ရေးသားမည်" ဟု မိန့်ဆိုခဲ့ရသည် မဟုတ်ပါလော။

ဤသို့ခုသာ အကြောင်းတို့ကို ထောက်ထား၍ ခေတ်အားလျော်စွာ ပိဋကတ်အရသာများကို သုံးဆောင် ခံစားနိုင်ကြစေရန် ဤဘာသာပြန်ကို ပြန်ဆိုရေးသားရခြင်း ဖြစ်လေသည်။

http://www.dhammadownload.com

ဌာနပြောင်းလွှဲခြင်း

ဖော်ပြခဲ့ပြီးသော ပိဋကတ်တော် မြန်မာပြန် စီစဉ်ရေး ကော်မီတီကို ဖွဲ့စည်း၍ ၎င်းကော်မီတီက ရေးဆွဲသော စီမံကိန်းများအရ ပိဋကတ်တော် မြန်မာပြန်ဌာနကို တည်ထောင်ဖွင့်လှစ်ပြီးမှ ဤဌာနကို

(၁) သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင် (ပဌမ ဥက္ကဋ္ဌ)။

(၂) သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးသိမ်းမောင် (ဒုတိယ ဥက္ကဋ္ဌ)။

(၃) သတိုးမဟာသရေစည်သူ တရားဝန်ကြီး ဦးချန်ထွန်း (အကျိုးတော်ဆောင်)။

(၄) သာသနာရေး အထူးအရာရှိ ဦးဘဆွေ ဝဏ္ဏကျော်ထင် (တွဲဘက်အကျိုးတော်ဆောင်) စသည်တို့ ပါဝင်သော နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းအပ်နှင်းခဲ့လေသည်။

ပိဋကတ်တော် မြန်မာပြန်ဌာနတွင်လည်း သတ်မှတ်ထားရင်း ဖြစ်သော ဆောင်ရွက်ရမည့် ကိစ္စကြီး သုံးဌာနရှိလေရာ ထိုသုံးဌာနလုံး၌ပင် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်းအား ကျနစွာ စီမံအုပ်ချုပ်စေရန် တာဝန်လွှဲအပ်ချက်အရ စာပြုစာတည်း အယ်ဒီတာ အစုံအလင်ဖြင့် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဦးလင်းကိုယ်တိုင် တာဝန်ခံ၍ အစစ မလစ်ဟင်းစေရပဲ အားထုတ်ပြုစု တည်းဖြတ် လာခဲ့ကြလေသည်။

ဤနိဒါန်း စာမျက်နှာ (ခ-ဂ) တွင် ဖော်ပြခဲ့ပြီးသော ဘာသာပြန်နည်း အမျိုးမျိုးတို့တွင် ပိဋကတ်တော် မြန်မာပြန်ဌာနက ပြန်ဆိုသော ဤဘာသာပြန်ကား တိုက်ရိုက်ပြန်ဆိုနည်း မြန်မာ သက်သက် ပြန်ဆိုနည်းမျိုးပင် ဖြစ်သည်၊ သို့ပြန်ဆိုရာ၌—

(၁) ပါဠိတော်၏ သဘော အဓိပ္ပါယ်ကို ထိရောက်စေခြင်း၊

(၂) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း၊

(၃) ဝေါဟာရကျဉ်း၍ အဓိပ္ပါယ် ပေါ်လွင်စေခြင်း၊

(၄) စကား အသုံးအနှုန်း ထယ်ဝါ ခန့်ညားစေခြင်း၊

ဟူသော အချက်များကို အဓိကထား၍ ပြန်ဆိုခဲ့လေသည်၊ ဤနည်းဖြင့် ဘာသာ ပြန်ဆိုလာခဲ့ ကြရာ ပြီးစီးသမျှသော ပိဋကတ်တော် မြန်မာပြန်များကို ထပ်မံ သုံးသပ် ပြင်ဆင်တော်မူနိုင်ကြ စေရန် ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ မဟာနာယက ညောင်ရမ်းဆရာတော်ဘုရားကြီး ကြီးမှူးတော်မူသော (ပြည်ထောင်စု မြန်မာနိုင်ငံတော် အရပ်ရပ်ရှိ ပိဋကတ္တယဆောက ပိဋကတ္တယပါရဂူ ဓမ္မာစရိယ ဆရာတော်တို့ ပါဝင်သည့်) ဆဋ္ဌသံဂါယနာ ဝန်ဆောင် သံဃာအဖွဲ့သို့ တင်သွင်းခဲ့လေသည်။

အဆိုပါ ဝန်ဆောင်သံဃာအဖွဲ့ဝင် ဆရာတော်ဘုရားတို့ကလည်း ဤပိဋကတ်တော် မြန်မာပြန် များကို အကြောင်းအားလျော်စွာ သံဂါယနာပင် တင်နိုင်ကြရန် ရည်သန်တော် မူကြပြီးလျှင် "စာ ကောင်းစေလိုလျှင် အကြိမ်ကြိမ် တည်းဖြတ် ပြင်ဆင်ရမည်" ဟူသော ထုံးအရ မြန်မာပြန်ပဋိ ဝိသောဓကအဖွဲ့အား အကူအညီပေးသော ဝေါဟာရစီစဉ်ရေးအဖွဲ့နှင့် မြန်မာပြန် ပဋိဝိသောဓကအဖွဲ့ ခေါ် (တဖန်ပြန်လည် ပြင်ဆင်သော) စာပြင်အဖွဲ့ကို အသီးသီး ဖွဲ့စည်းစေပြီး၍ တဖန် ပြင်ဆင်တော် မူခဲ့ကြသည်၊ ထိုမြန်မာပြန် ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော်များ သုတ်သင် ပြင်ဆင်ပြီးမှုကိုပင် အဆုံးသတ် ပြင်ဆင်သော သဘောဖြင့် ပိဋကတ်တော် မြန်မာပြန် ဩသာနသောဓေယျ ပတ္တပါဌက

http://www.dhammadownload.com

အဖွဲ့ကိုလည်း ပါဠိမြန်မာ နှစ်ဘာသာ ကျွမ်းကျင်၍ ပြင်ဆင်ရေးဘက်က အားထားလောက်သော ဆရာတော်များကို ရွေးကောက် ဖွဲ့စည်းစေပြီးလျှင် အဆုံးသတ် ပြင်ဆင်တော် မူခဲ့ကြသည်။

ထိုသို့သြဝါဒနအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့က အဆုံးသတ် ပြင်ဆင်တော်မူကြရာ၌ ကာလ ရှည်ဝေး၍ ယခုခေတ်သိဘို့ရန် မလွယ်ကူသော ပေါရာဏစကား အသုံးအနှုန်းများကို နည်းနိုင်သမျှ နည်းပါးစေလျက်....

(၁) အသိလွယ်ကူခြင်း,

(၂) အများသုံးဖြစ်ခြင်း,

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း,

တို့ကိုအရေးထား၍ စဉ်းစားလက်ခံခဲ့ကြလေသည်၊ဝေါဟာရ အသုံးအနှုန်းမှာလည်း မယဉ်ကျေးခြင်း နားမသာ (သုတိမသာ) ခြင်း စကားသိမ်ဖျင်း သေးနုပ်ခြင်းတို့ကို အထူးသတိပြု၍ ရှောင်ရှားခဲ့ကြသည်၊ လိုအပ်သော မြန်မာဘာသာ သတ်ပုံသတ်ညွှန်းဘက်ကလည်း ပြည့်စုံလုံလောက်ခြင်း ရှိစေရန် စာမျက်နှာ (ဠ) တွင် ဖော်ပြထားသော ရဟန်းပုဂ္ဂိုလ် ၆-ပါး, လူပုဂ္ဂိုလ် ၉-ဦးတို့ ပါဝင်သည့် သတ်ပုံသတ်ညွှန်းကော်မိတီ၏ ကူညီမှုကို လက်ခံ သုံးသပ်တော် မူခဲ့ကြသည်။

ပိဋကတ်ပါဠိတော်များကို ဆဋ္ဌသံဂါယနာတင်ရန် အဖွဲ့အသီးသီးတို့က အထပ်ထပ် ပြင်ဆင်သည့်နည်းတူ ဤပိဋကတ်တော် မြန်မာပြန် စာမူကိုလည်း ထိုထိုအဖွဲ့အသီးသီးတို့က အထပ်ထပ် အလီလီ ပြင်ဆင်ပြီးမှသာလျှင် စက်တင် ပုံနှိပ်ခြင်း ပြုလုပ်ကြလေသည်။

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုံးတို့အလား သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရားဒေသနာ တည်းဟူသော ပိဋကတ်တော်အရသာကို မြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓဘာသာ ပါဠိစကား၌ ကျွမ်းကျင်သက်ဝင်နိုင်စွမ်း မရှိကြသော နိုင်ငံတော်သူ နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့သည် ကံအားလျော်စွာ အနှစ်တထောင်ကြာမှ တကြိမ်သာ ပွင့်သော အာသာဝတီ နတ်ပန်းကဲ့သို့ရင်း ကမ္ဘာဦးအခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒအားလျော်စွာ ကမ္ဘာသူ ကမ္ဘာသားတို့၏အာသာဆန္ဒကို ပြည့်စေသောအားဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာသော နေ လ နက္ခတ်တာရာတို့ကဲ့သို့ရင်း နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာဆန္ဒအားလျော်စွာ အကြိမ်ကြိမ်အဖန်ဖန် ကြံစည်ကြိုးကုတ်တည်ထွင် စီရင်ရေးသား ပြန်ဆိုသဖြင့် အလွန်ခဲယဉ်းငြိုငြင်စွာ ဖြစ်ထွန်း ပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာသော ဤပိဋကတ်တော် မြန်မာပြန်တို့ကို လိုလိုချင်ချင် အာသာထန်ပြင်း ကြည့်ရှုမှတ်သား လေ့လာသွားခြင်းဖြင့် ပိဋကတ်တော် အရသာများကို လွယ်လွယ်ကူကူ မပင်မပန်း ချမ်းချမ်းသာသာ အားပါးတရ သုံးဆောင်ခံစားနိုင်ကြ၍ သဗ္ဗညုမြတ်စွာဘုရား ရည်ရွယ်တော်မူရင်း ဖြစ်သော အမတပြည် နိဗ္ဗာန်နန်းသို့ မကြာမတင် တက်လှမ်းနိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

http://www.dhammadownload.com

အဖွဲ့အသီးအသီး

ပိဋကတ်တော်မြန်မာပြန်အဖွဲ့

ဆရာကြီး ဒေါက်တာဦးလင်း	အယ်ဒီတာချုပ် အဂ္ဂမဟာပဏ္ဍိတ မဟာဝိဇ္ဇာ စာပေပါရဂူဘွဲ့ရ။
ဆရာဉာဏ်	ဒုတိယ အယ်ဒီတာချုပ် (၁) ပရိယတ္တိ သာသနာနုဂ္ဂဟက-ပဌမကျော် ပါဠိပါမောက္ခ မဟာပညာဗလ ဂန္ထကာရက (ဟောင်း)။
ဦးဘမို	ဒုတိယ အယ်ဒီတာချုပ် (၁) ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သစ်)။
ဦးအောင်မိုး	ဒုတိယ အယ်ဒီတာချုပ် (၂) ပရိယတ္တိသာသနဟိတဓမ္မာစရိယ နှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ (ဟောင်း)။
ဆရာအုပ်	ဒုတိယ အယ်ဒီတာချုပ် (၂) ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (သစ်)။
ဦးအုန်းရွှေ	အယ်ဒီတာချုပ်များအဖွဲ့၏ အတွင်းရေးမှူး မူလဓမ္မာစရိယ (ဂန္ထကာရက)။

စာတည်း အယ်ဒီတာများ

ဆရာဆိုင်	ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝဏ္ဏကျော်ထင် (ဂန္ထကာရက)။
ဦးထွန်းအောင်	မူလဓမ္မာစရိယ (ဂန္ထကာရက)။
ဦးစိန်	ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးကြင်မောင်	သာသနဓဇသိရီပဝရဓမ္မာစရိယ။
ဦးကျော်ထွတ်	ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးအေးမောင်	ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးစံတင်	သာသနဓဇသိရီပဝရဓမ္မာစရိယ။

စာပြု အယ်ဒီတာများ

ဦးဗိုလ်မောင်	ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရဓမ္မာစရိယ။
ဦးစိုးဝင်း	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရီပဝရဓမ္မာစရိယ။

http://www.dhammadownload.com

အဖွဲ့အသီးအသီး

ဦးမောင်ကြီး	ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ။
ဦးမြင့်သိန်း	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။
ဦးမျိုးမြင့်	သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးတင်ဦး	မူလဓမ္မာစရိယ။
ဦးဟန်ထွန်း	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက နှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။
ဦးအုန်းဖေ	ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။
ဦးတင်မြင့်	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက နှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။
ဆရာတင်	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။
ဦးသန်းမော်	ပရိယတ္တိ သာသနဟိတဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးဖေမြင့်	ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ ဓမ္မာစရိယ။
ဦးတင်ရွှေ	သာသနဓဇသိရီပဝရ ဓမ္မာစရိယ။
ဦးစိန်မောင်	စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစကနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။
ဦးညိုမြ	ပရိယတ္တိသာသနဟိတ ဓမ္မာစရိယနှင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ။
ဦးဝင်း (၁)	မူလဓမ္မာစရိယ။
ဦးထွန်းကြည်	သာသနဓဇသိရီပဝရ ဓမ္မာစရိယ။

ပိဋကတ်တော်မြန်မာပြန် ဝေါဟာရစိစစ်ရေးအဖွဲ့

ပါဠိတော်များ၌ အတူများ၍ အထပ်ထပ်ပါသော ပါဠိဝါကျများကို ပိဋကတ် မြန်မာပြန်ဌာနမှ ထုတ်နှုတ်ပေါင်းစု၍ တင်ပြရာ၊ ထိုတင်ပြသည့် ဝါကျများထည်းမှ တပုဒ်စီတအုပ်စီ၏ မြန်မာပြန်များကိုစိစစ်ဆွေးနွေးသည့် ပါဠိမြန်မာ ဝေါဟာရအစည်းအဝေးကို ၅၉-ကြိမ် စည်းဝေး ဆွေးနွေးခဲ့ပါသည်။ ထိုပါဠိမြန်မာ ဝေါဟာရ အစည်းအဝေးသို့ ကြွရောက်ဆွေးနွေး အကြံဉာဏ်ပေးကြသော ပညာရှင်များမှာ....

၁။ ဆရာတော်ဦးဉာနုတ္တရ အဂ္ဂမဟာပဏ္ဍိတ ပဲခူး။

၂။ ဦးချန်ထွန်း သတိုးမဟာသရေစည်သူ တရားဝန်ကြီး နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ အကျိုးဆောင်စာချီ (၁)။

http://www.dhammadownload.com

၃။ ဆရာဥာဏ် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက် ပါဠိပါမောက္ခ မဟာပညာဗလ စာပြင်မှူးချုပ်။
၄။ ဦးဘမို ပိဋကတ်တော်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ် (၁)။
၅။ ဆရာအုပ် ပိဋကတ်တော်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ် (၂)။
၆။ ဦးဘိုးလတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုဌာနအတွင်းဝန်။
၇။ ဦးအေးမောင် (မဟာဝိဇ္ဇာ) တက္ကသိုလ် မြန်မာစာပါမောက္ခ။
၈။ ဦးဘလေး (မဟာဝိဇ္ဇာ) တက္ကသိုလ်ပါဠိပါမောက္ခ။
၉။ ဦးသာမြတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုဌာနညွှန်ကြားရေးဝန်။
၁၀။ ဦးအုန်းရွှေ ပိဋကတ်တော် မြန်မာပြန်ဌာန အယ်ဒီတာချုပ်များ၏ အတွင်းရေးမှူး။
၁၁။ ဆရာဆိုင် ဝဏ္ဏကျော်ထင် ပိဋကတ်တော် မြန်မာပြန်ဌာနစာတည်း။
၁၂။ ဦးထွန်းအောင် ရှင်း
၁၃။ ဦးစိန် ရှင်း
၁၄။ ဦးကြင်မောင် ရှင်း
၁၅။ ဦးအေးမောင် ရှင်း
၁၆။ ဦးကျော်ထွတ် ရှင်း
၁၇။ ဦးစံတင် ရှင်း

သုတ္တန်မြန်မာပြန် ပဋိဝိသောဓကဆရာတော်များ

၁။ မဟာစည်ဆရာတော်	အဂ္ဂမဟာပဏ္ဍိတ	သာသနရိပ်သာ	ရန်ကုန်မြို့။
၂။ ဆရာတော်ဦးဉာဏုတ္တရ	အဂ္ဂမဟာပဏ္ဍိတ	သာသနရိပ်သာ	ပဲခူးမြို့။
၃။ ဆရာတော်ဦးပဏ္ဍိတ	မူလဓမ္မာစရိယ	ရွှေဟင်္သာချောင်	စစ်ကိုင်းမြို့။
၄။ ဆရာတော်ဦးသုဇာတာလင်္ကာရ ပဌမကျော် သကျသီဟနှင့် အစိုးရဓမ္မာစရိယ		ဥယျာဉ်တိုက် ကြည့်မြင်တိုင်	ရန်ကုန်မြို့။
၅။ ဆရာတော်ဦးသြဘာသ		၂၈ ဆူကျောင်း သရက်တောတိုက်	ရန်ကုန်မြို့။
၆။ ဦးဓမ္မာစာရ		ကွေ့မကျောင်း	ကွေ့မရွာ
၇။ အသျှင်တိလောကသာရ		ရွှေစာရံကျောင်း	ပေါင်းတလည်မြို့ပြည်ခရိုင်။
၈။ ဦးသုဇာတ		သာသနရိပ်သာ	ရန်ကုန်မြို့။
၉။ ဦးအာစိဏ္ဏ		သဒ္ဓမ္မသိတဂူကျောင်း	ပုသိမ်မြို့။
၁၀။ ဦးမေဓာဝီ		သာသနမာရ်အောင်ကမာရွှတ်	ရန်ကုန်မြို့။
၁၁။ ဆရာတော်ဦးလာဘ	မူလဓမ္မာစရိယ	စစ်ကိုင်းကျောင်း	လှည်းကူး
၁၂။ ဦးဖိုးလတ်	(ဝိဇ္ဇာ)	ယဉ်ကျေးမှုဌာနအတွင်းဝန်	ရန်ကုန်မြို့။

http://www.dhammadownload.com

မြန်မာပြန် ဩဿနသောဓေယျပတ္တပါဠကအဖွဲ့အား အကူအညီပေးသော သတ်ပုံသတ်ညွှန်း ကော်မီတီအဖွဲ့

၁။ မုံရွေးဆရာတော် ဦးဥတ္တမဗုဒ္ဓိ-မူလဓမ္မာစရိယ ဝိနည်းမြန်မာပြန် ပဋိဝိသောဓကအဖွဲ့ဝင် မုံရွေး။

၂။ ဆရာတော်ဦးဥာနုတ္တရ-အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယ်မြန်မာပြန်ပဋိဝိသောဓကအဖွဲ့ဝင်ပဲခူးမြို့။

၃။ ဦးဝိသုဒ္ဓ အဂ္ဂမဟာပဏ္ဍိတ ပဌမကျော် သက္ကသီဟဓမ္မာစရိယ ဝိဇ္ဇာလင်္ကာရဆရာတော် ဝန်ဆောင်သံဃအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့။

၄။ ဦးဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော် သကျသီဟ မူလဓမ္မာစရိယ ပါဠိကျောင်း မစိုးရိမ်တိုက် မန္တလေးမြို့။

၅။ ဦးဓမ္မာနန္ဒ မူလဓမ္မာစရိယ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော် မြောင်းမြကျောင်း ပုသိမ်မြို့။

၆။ ဦးသုဇာတာလင်္ကာရ မြန်မာပြန် ဩဿန သောဓေယျ အဖွဲ့တာဝန်ခံ ပဌမကျော် သကျသီဟ ဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ ဆရာတော် ဥယျာဉ်တိုက် ကြည့်မြင်တိုင် ရန်ကုန်မြို့။

၇။ ဦးချန်ထွန်း နိုင်ငံတော်တရားဝန်ကြီး (သတိုးမဟာသရေစည်သူ)။

၈။ ဦးလူဖေဝင်း (မဟာဝိဇ္ဇာ) ကမ္ဘည်းကျောက်စာဝန် (သီရိပျံချီ)။

၉။ ဦးအေးမောင် (မဟာဝိဇ္ဇာ) (သီရိပျံချီ) မြန်မာစာ ပါမောက္ခ တက္ကသိုလ် ရန်ကုန်မြို့။

၁၀။ ဦးသာမြတ် (ဝိဇ္ဇာ) (သီရိပျံချီ) ယဉ်ကျေးမှု ညွှန်ကြားရေးဝန်။

၁၁။ ဦးဝန် (မဟာဝိဇ္ဇာ) (ဝဏ္ဏကျော်ထင်)စာတည်းမှူး ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန တက္ကသိုလ် ရန်ကုန်မြို့။

၁၂။ ဦးသိန်းဟန် (မဟာဝိဇ္ဇာ) ပိဋကတ်တိုက်မှူး တက္ကသိုလ် ရန်ကုန်မြို့။

၁၃။ ဦးဘိုးလတ် (ဝိဇ္ဇာ) ယဉ်ကျေးမှုအတွင်းဝန်ဟောင်း။

၁၄။ ဦးသာတင် ဝဏ္ဏကျော်ထင် သာသနာ့ရောင်ခြည် အယ်ဒီတာ။

၁၅။ ဦးဘသန်း ဝဏ္ဏကျော်ထင် (အကျိုးဆောင်) ပရိယတ္တိ သာသနာနုဂ္ဂဟကာရီ အမျိုးသား ပဌမကျော် မူလဓမ္မာစရိယ အထက်တန်း မြန်မာဘာသာနှင့် ပါဠိဆရာဟောင်း ဒုတိယ စာပြင်မှူးချုပ် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်ဌာန။

ပိဋကတ်တော်မြန်မာပြန် ဩဿနသောဓေယျပတ္တပါဠက အဖွဲ့ဝင်ဆရာတော်များ

၁။ ဦးဓမ္မာနန္ဒ မူလဓမ္မာစရိယ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော် မြောင်းမြကျောင်းတိုက် ပုသိမ်မြို့။

၂။ ဦးဝိသုဒ္ဓ ပဋ္ဌာန်းဆရာတော် သကျသီဟ မူလဓမ္မာစရိယ ပါဠိကျောင်း၊ မစိုးရိမ်တိုက် မန္တလေးမြို့။

၃။ ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတ သာသနာ့ရိပ်သာဆရာတော် ပဲခူး။

(ထိုအဖွဲ့တွင် ဦးဉာဏုတ္တရ အဂ္ဂမဟာပဏ္ဍိတက အဖွဲ့၏ တာဝန်ခံ အဖြစ်ဖြင့် ဆောင်ရွက်၍ ဒုတိယ စာပြင်မှူးချုပ် ဦးဘသန်း ဝဏ္ဏကျော်ထင်က အကျိုးဆောင်အဖြစ်ဖြင့် ဆောင်ရွက်သည်)။

---

http://www.dhammadownload.com

သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်

မာတိကာ

အကြောင်းအရာ မျက်နှာအမှတ်

၁-ဗြဟ္မဇာလသုတ်

ပရိဗ္ဗာဇကကထာ	၁
စူဠသီလခဏ်း	၃
မဇ္ဈိမသီလခဏ်း	၅
မဟာသီလခဏ်း	၈
မိစ္ဆာဒိဋ္ဌိပြခဏ်း သဿတဒိဋ္ဌိ ပဌမဝါဒ	၁၁
သဿတဒိဋ္ဌိ ဒုတိယဝါဒ	၁၃
သဿတဒိဋ္ဌိ တတိယဝါဒ	၁၄
သဿတဒိဋ္ဌိ စတုတ္ထဝါဒ	၁၅
ဧကစ္စသဿတဒိဋ္ဌိ ပဌမဝါဒ	၁၇
ဧကစ္စသဿတဒိဋ္ဌိ ဒုတိယဝါဒ နှင့် တတိယဝါဒ	၁၉
ဧကစ္စသဿတဒိဋ္ဌိ စတုတ္ထဝါဒ	၂၀
အန္တာနန္တဒိဋ္ဌိ အဆုံးရှိ အဆုံးမရှိ အယူလေးမျိုး	၂၁
အန္တာနန္တဒိဋ္ဌိ ပဌမဝါဒ နှင့် ဒုတိယဝါဒ	၂၂
အန္တာနန္တဒိဋ္ဌိ တတိယဝါဒ နှင့် စတုတ္ထဝါဒ	၂၃
အမရာဝိက္ခေပဝါဒ	၂၄
အမရာဝိက္ခေပဒိဋ္ဌိ ပဌမဝါဒ နှင့် ဒုတိယဝါဒ	၂၅
အမရာဝိက္ခေပ တတိယဝါဒ	၂၆
အမရာဝိက္ခေပ စတုတ္ထဝါဒ	၂၇
အဓိစ္စသမုပ္ပန္န ပဌမဝါဒ	၂၈
အဓိစ္စသမုပ္ပန္န ဒုတိယဝါဒ	၂၉
အပရန္တာနုဒိဋ္ဌိ လေးဆယ့်လေးမျိုး	၃၀
ဥဒ္ဓမာဃာတနိကအသညီဝါဒ အယူရှစ်မျိုး	၃၂
ဥစ္ဆေဒဝါဒ အယူခုနစ်မျိုး	၃၃
ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ အယူငါးမျိုး	၃၆
ပရိတဿိတ ဝိပ္ဖန္ဒိတဝါရ	၃၉
ဖဿပစ္စယာဝါရ	၄၁

http://www.dhammadownload.com

အကြောင်းအရာ	မျက်နှာအမှတ်
၁-ဗြဟ္မဇာလသုတ်	
နေတံ ဌာနံ ဝိဇ္ဇတိဝါရ	၄၃
ဒိဋ္ဌိဂတိကာဓိဋ္ဌာနဝဏ္ဏကထာ	၄၅
ဝိဝဋ္ဋကထာဒိ	၄၆
၂-သာမညဖလသုတ်	
မင်း နှင့် အမတ်တို့ ဆိုင်ရာစကား	၄၉
အဘယမင်းသား၏ မွေးစားသား ဇီဝက	၅၁
ပူရဏကဿပ၏ အယူဝါဒ	၅၄
မက္ခလိဂေါသာလ၏ အယူဝါဒ	၅၅
အဇိတကေသကမ္ဗလ၏ အယူဝါဒ	၅၇
ပကုဓကစ္စာယန၏ အယူဝါဒ	၅၈
နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ	၅၉
သဉ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒ	၆၀
ရှေးဦးစွာ မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ကျိုး	၆၂
နှစ်ကြိမ်မြောက် မျက်မှောက်ဘဝ၌ ရအပ်သော ရဟန်းဖြစ်ကျိုး	၆၄
သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး	၆၅
စူဠသီလ	၆၆
မဇ္ဈိမသီလ	၆၇
မဟာသီလ	၇၀
ဣန္ဒြေကို စောင့်စည်းခြင်း	၇၃
အောက်မေ့ခြင်း နှင့် ဆင်ခြင်ခြင်း	၇၃
ရောင့်ရဲလွယ်ခြင်း နှင့် နီဝရဏတရားငါးပါးကိုပယ်ခြင်း	၇၄
ပဌမစျာန် ရဟန်းဖြစ်ကျိုး	၇၆
ဒုတိယစျာန် ရဟန်းဖြစ်ကျိုး	၇၇
တတိယစျာန် ရဟန်းဖြစ်ကျိုး နှင့် စတုတ္ထစျာန် ရဟန်းဖြစ်ကျိုး	၇၈
ဝိပဿနာဉာဏ် (၁)	၇၉
မနောမယိဒ္ဓိဉာဏ် (၂)	၈၀
ဣဒ္ဓိဝိဓဉာဏ် (၃)	၈၁
ဒိဗ္ဗသောတဉာဏ် (၄)	၈၂
စေတောပရိယဉာဏ် (၅)	၈၂
ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)	၈၄
စုတူပပါတဉာဏ် (၇)	၈၅
အာသဝက္ခယဉာဏ် (၈)	၈၇

http://www.dhammadownload.com

အကြောင်းအရာ မျက်နှာအမှတ်

၃-အမ္ဗဋ္ဌသုတ်

ပေါက္ခရသာတိပုဏ္ဏားဝတ္ထု ၉၁
အမ္ဗဋ္ဌလုလင်ကို ဘုရားထံစေလွှတ်ခြင်း ၉၂
ဇာတ်နိမ့် ဟူသော စကားဖြင့် ရှေးဦးစွာ ရှုတ်ချခြင်း ၉၅
နှစ်ကြိမ်မြောက်ရှုတ်ချခြင်း နှင့် သုံးကြိမ်မြောက်ရှုတ်ချခြင်း ၉၆
ကျွန်မသား၏ ဝါဒ ၉၆
အမ္ဗဋ္ဌ၏ အဆက်အနွယ် အကြောင်း ၉၉
မင်းမျိုးသည် မြင့်မြတ်သည့် အကြောင်း ၁၀၁
အသိဉာဏ် 'ဝိဇ္ဇာ' နှင့် အကျင့် 'စရဏ' အကြောင်း ၁၀၃
ပျက်စီးကြောင်းလေးပါး ၁၀၅
ရှေး၌ဖြစ်သော ရသေ့တို့အကြောင်းကို မေးမြန်းခြင်း ၁၀၈
လက္ခဏာနှစ်မျိုးကိုပြခြင်း ၁၀၉
ပေါက္ခရသာတိပုဏ္ဏား ဘုရားထံချဉ်းကပ်ခြင်း ၁၁၂
ပေါက္ခရသာတိပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း ၁၁၄

၄-သောဏဒဏ္ဍသုတ်

စမ္ပာမြို့နေပုဏ္ဏား နှင့် အမျိုးသားတို့အကြောင်း ၁၁၅
သောဏဒဏ္ဍပုဏ္ဏား၏ ဂုဏ်ကို ပြဆိုရာ ၁၁၇
မြတ်စွာဘုရား၏ ဂုဏ်ကို ချီးကျူးပြဆိုရာ ၁၁၉
သောဏဒဏ္ဍပုဏ္ဏား စိတ်အကြံဖြစ်ပုံ အကြောင်း ၁၂၂
ဗြာဟ္မဏ ဟု ပညတ်ခြင်း ၁၂၄
သီလ နှင့် ပညာကို အမြတ်ဆုံး ဟု ဆိုခြင်း ၁၂၈
သောဏဒဏ္ဍပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း ၁၂၉

၅-ကူဋဒန္တသုတ်

ခါဏုမတရွာနေပုဏ္ဏား နှင့် အမျိုးသားတို့ အကြောင်း ၁၃၃
ကူဋဒန္တပုဏ္ဏား၏ ဂုဏ်ကို ပြဆိုရာ ၁၃၅
မြတ်စွာဘုရား၏ ဂုဏ်ကို ချီးကျူးခြင်း ၁၃၇
မဟာဝိဇိတမင်း၏ ယင်ပူဇော်ခြင်း အကြောင်း.... .... ၁၄၀
လေးပါးသော အင်္ဂါအကြောင်း ၁၄၃
ရှစ်ပါးသောအင်္ဂါ နှင့် လေးပါးသောအင်္ဂါ အကြောင်း ၁၄၄
သုံးပါးသော စိတ်ထား ၁၄၅
ဆယ်ပါးသော အခြင်းအရာ ၁၄၅

http://www.dhammadownload.com

အကြောင်းအရာ မျက်နှာအမှတ်

၅-ကူဋဒန္တသုတ်

တဆယ့်ခြောက်ပါးသော အကြောင်း ၁၄၆
အမြဲတမ်းအလှူဖြစ်သော မျိုးရိုးစဉ်ဆက်ယဇ်အလှူ ၁၅၁
ကူဋဒန္တပုဏ္ဏား ဉပါသကာအဖြစ် လျှောက်ထားခြင်း ၁၅၆
သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း ၁၅၆

၆-မဟာလိသုတ်

ပုဏ္ဏားတမန်ဝတ္ထု ၁၅၉
ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းဝတ္ထု ၁၆၀
တဘို့တည်းအတွက် ပွါးများအပ်သော သမာဓိ ၁၆၂
အရိယဖိုလ်လေးပါး ၁၆၅
အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ၁၆၆
ရဟန်းနှစ်ပါးဝတ္ထု ၁၆၆

၇-ဇာလိယသုတ်

ရဟန်းနှစ်ပါးဝတ္ထု ၁၆၉

၈-မဟာသီဟနာဒသုတ်

အစေလက ကဿပဝတ္ထု ၁၇၁
မေးမြန်းစိစစ်စေခြင်းကို ပြဆိုရာ ၁၇၂
အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ၁၇၅
ခြိုးခြံသောအကျင့် အားထုတ်မှုကို ပြဆိုရာ ၁၇၅
ခြိုးခြံသောအကျင့် အားထုတ်မှု၌ အကျိုးမရှိပုံကို ပြဆိုရာ ၁၇၇
သီလ သမာဓိ ပညာနှင့် ပြည့်စုံခြင်း ၁၈၁
ရဲရင့်သောစကားကို မြွက်ဆိုခြင်း ၁၈၂
တိတ္ထိဖြစ်ဘူးသူတို့ အစမ်းကျင့်သုံးရခြင်းကို ပြဆိုရာ ၁၈၄

၉-ပေါဋ္ဌပါဒသုတ်

ပေါဋ္ဌပါဒပရိဗိုဇ်ဝတ္ထု ၁၈၇
သညာ၏ ချုပ်ခြင်းကို ပြဆိုရာ ၁၈၈
အကြောင်းရှိ၍ သညာဖြစ်ခြင်း ချုပ်ခြင်းကို ပြဆိုရာ ၁၈၉
သညာသည် အတ္တ ဟုတ် မဟုတ် ပြဆိုရာ ၁၉၄
ဆင်ဆရာ့သား စိတ္တ နှင့် ပေါဋ္ဌပါဒ ပရိဗိုဇ်ဝတ္ထု.... .... ၁၉၇

http://www.dhammadownload.com

အကြောင်းအရာ မျက်နှာအမှတ်

၉-ပေါဋ္ဌပါဒသုတ်

ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားများ	၁၉၈
ဧကန် (နိဗ္ဗာန်ရောက်ကြောင်း) တရားများ	၁၉၈
အတ္တဘောရခြင်း သုံးမျိုး	၂၀၂
ဆင်ဆရာ့သားစိတ္တ ရဟန်းအဖြစ်ကို တောင်းခြင်း	၂၁၁

၁၀-သုဘသုတ်

သုဘလုလင်ဝတ္ထု	၂၁၃
သီလအစု	၂၁၅
သမာဓိအစု	၂၁၇
ပဌမဈာန်	၂၂၀
ဒုတိယဈာန်	၂၂၁
တတိယဈာန်	၂၂၂
စတုတ္ထဈာန်	၂၂၂
ပညာအစု	၂၂၃
ဝိပဿနာဉာဏ်	၂၂၄
မနောမယိဒ္ဓိဉာဏ် နှင့် ဣဒ္ဓိဝိဓဉာဏ်	၂၂၅
ဒိဗ္ဗသောတဉာဏ်	၂၂၆
စေတောပရိယဉာဏ်	၂၂၇
ပုဗ္ဗေနိဝါသာနုဿတိဉာဏ်	၂၂၈
စုတူပပါတဉာဏ်	၂၂၉
အာသဝက္ခယဉာဏ်	၂၃၀

၁၁-ကေဝဋ္ဋသုတ်

ကေဝဋ္ဋသူကြွယ်သားဝတ္ထု	၂၃၃
ပြာဋိဟာ သုံးပါး	၂၃၄
အတတ်ဟောခြင်း ပြာဋိဟာ	၂၃၅
ဆုံးမခြင်း ပြာဋိဟာ	၂၃၆
မဟာဘုတ်လေးပါး ချုပ်ရာကိုရှာသော ရဟန်းဝတ္ထု	၂၃၇
ကမ်းကြည့်ငှက် ဥပမာ	၂၃၉

http://www.dhammadownload.com

အကြောင်းအရာ မျက်နှာအမှတ်

၁၂-လောဟိစ္စသုတ်

လောဟိစ္စပုဏ္ဏားဝတ္ထု	၂၄၃
လောဟိစ္စပုဏ္ဏားအား မေးမြန်းစိစစ်ခြင်း	၂၄၅
စောဒနာထိုက်သော ဆရာသုံးဦး	၂၄၇
မစောဒနာထိုက်သော ဆရာသုံးဦး	၂၅၀

၁၃-တေဝိဇ္ဇသုတ်

ဝါသေဋ္ဌ နှင့် ဘာရဒွါဇတို့ တိုင်ပင်ခဏ်း	၂၅၃
လမ်းဟုတ်သည် မဟုတ်သည်ကို ဆိုသောစကား	၂၅၄
ဝါသေဋ္ဌလုလင်အား မေးမြန်းစိစစ်ခြင်း	၂၅၅
ဇနပဒကလျာဏီ ဥပမာ	၂၅၇
လှေကား ဥပမာ	၂၆၀
အစိရဝတီမြစ် ဥပမာ	၂၆၁
ဗြဟ္မာ့ပြည်သို့ သွားရာလမ်းကို ဟောကြားခြင်း	၂၆၆

သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်

မာတိကာ ပြီး၏။

http://www.dhammadownload.com

ကြိုတင်သိမှတ်ရန် သင်္ကေတ လက္ခဏာများ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသော ပုဒ်နှင့်အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကား အတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်း ပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—— ဒက် ခေါ်သော မျဉ်းတိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်းတူ ဆက်လက် ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

http://www.dhammadownload.com

ဒီဃနိကာယ်

သီလက္ခန္ဓဝဂ်ပါဠိတော်

မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁-ဗြဟ္မဇာလသုတ် ပရိဗ္ဗာဇကကထာ

နိဒါန်း

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် များစွာသောငါးရာခန့်မျှသော ရဟန်းသံဃာနှင့်အတူ ရာဇဂြိုဟ် (ပြည်) နှင့် နာဠန္ဒာ(မြို့) အကြား၌ ခရီးရှည်ကြွတော်မူ၏၊ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့် အတူ ရာဇဂြိုဟ်(ပြည်)နှင့် နာဠန္ဒာ(မြို့) အကြား၌ပင် ခရီးရှည် သွား၏။

ထို(ခရီး)၌ သုပ္ပိယပရိဗိုဇ်သည် ဘုရား တရား သံဃာ၏ အပြစ်ကို များစွာသော အကြောင်းဖြင့် ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား တရား သံဃာ၏ ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြော၏၊ ဤသို့လျှင် ထိုဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သော စကားကို ပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏။

၂။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ အမ္ဗလဋ္ဌိကာ (ဥယျာဉ်) မင်းကွန်း[၁]၌ တညဉ့် တည်းခိုရန် ချဉ်းကပ်တော်မူ၏၊ သုပ္ပိယပရိဗိုဇ်သည်လည်း တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်နှင့် အတူ အမ္ဗလဋ္ဌိကာ (ဥယျာဉ်) မင်းကွန်း၌ပင် တညဉ့်တည်းခိုရန် ချဉ်းကပ်၏၊ ထို အမ္ဗလဋ္ဌိကာ (ဥယျာဉ်)၌လည်း သုပ္ပိယပရိဗိုဇ်သည် ဘုရား တရား သံဃာ၏အပြစ်ကို များစွာသောအကြောင်းဖြင့် ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ် လုလင်သည်ကား ဘုရား တရား သံဃာ၏ဂုဏ်ကို

၁။ မင်းကွန်း = မင်းတို့၏ နားနေရန် ပြုလုပ်ထားသော အဆောက်အဦ

http://www.dhammadownload.com

များစွာသော အကြောင်းဖြင့် ပြော၏၊ ဤသို့လျှင် ထို ဆရာတပည့် နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သော စကားကို ပြောလျက် နေကုန်၏။

၃။ ထိုအခါ ညဉ့်၏ (အဆုံး) မိုးသောက်ချိန်၌ (အိပ်ရာမှ) ထကြ၍ တန်ဆောင်းဝန်း၌ များစွာသော ရဟန်းတို့ စုဝေးထိုင်နေကြရာတွင် ဤစကားဖြစ်ပေါ်၏—

"အံ့ဘွယ်ရှိပါပေစွ ငါ့သျှင်တို့၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ ငါ့သျှင်တို့၊ သိတော်မူသော မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့၏ အထူးထူးသော အလိုဆန္ဒကို (အတိုင်းမသိ) ကောင်းစွာ ထိုးထွင်းသိတော်မူပါပေ၏၊ ဤ သုပ္ပိယပရိဗိုဇ်သည် ဘုရား တရား သံဃာ၏ အပြစ်ကို များစွာသော အကြောင်းဖြင့်ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား တရား သံဃာ၏ ဂုဏ်ကို များစွာသော အကြောင်းဖြင့်ပြော၏။ ဤသို့လျှင် ဤဆရာ တပည့်နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သော စကားကို ပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏" ဟု စကား ဖြစ်ပေါ်၏။

၄။ ထိုအခါ မြတ်စွာဘုရားသည် ထို ရဟန်းတို့၏ စကားကို သိတော်မူသဖြင့် တန်ဆောင်းဝန်းသို့ ကြွတော်မူ၍ ခင်းထားသောနေရာ၌ ထိုင်တော်မူပြီးလျှင် "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စုဝေး ထိုင်နေကုန်သနည်း၊ သင်တို့၏ မပြီးသေးသော အကြားစကား[၁] သည်ကား အဘယ်နည်း" ဟု မိန့်တော်မူ၏၊ ဤသို့ မိန့်တော်မူသောအခါ ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ကြကုန်၏—

"အသျှင်ဘုရား ညဉ့်၏ (အဆုံး) မိုးသောက်ချိန်၌ (အိပ်ရာမှ) ထကြ၍ ဤတန်ဆောင်းဝန်း၌ အကျွန်ုပ်တို့ စုဝေး ထိုင်နေကြရာတွင် ဤစကား ဖြစ်ပေါ်ပါသည်—

'အံ့ဘွယ် ရှိပါပေစွ ငါ့သျှင်တို့၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ ငါ့သျှင်တို့၊ သိတော်မူသော မြင်တော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့၏ အထူးထူးသော အလိုဆန္ဒကို (အတိုင်းမသိ) ကောင်းစွာ ထိုးထွင်း သိတော်မူပါပေ၏၊ ဤ သုပ္ပိယပရိဗိုဇ်သည် ဘုရား တရား သံဃာ၏ အပြစ်ကို များစွာသော အကြောင်းဖြင့် ပြော၏၊ သုပ္ပိယပရိဗိုဇ်၏ တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား ဘုရား တရား သံဃာ၏ ဂုဏ်ကို များစွာသော အကြောင်းဖြင့် ပြော၏၊ ဤသို့လျှင် ဤဆရာ တပည့်နှစ်ဦးတို့သည် အချင်းချင်း တိုက်ရိုက် ဆန့်ကျင်သော စကားကို ပြောလျက် မြတ်စွာဘုရားနှင့် ရဟန်းသံဃာ၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏' ဟု စကား ဖြစ်ပေါ်ပါသည်။

ဤသည်ကား အကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကားဖြစ်ပါသည်၊ ထိုအခါ မြတ်စွာဘုရား ကြွရောက်တော်မူလာပါသည် အသျှင်ဘုရား" ဟု လျှောက်ကြကုန်၏။

၁။ အကြားစကား = ဟူသည် ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်း စာသင်ခြင်း စသည်တို့၏အကြား၌ဖြစ်သော အလွတ်စကား (ဗြဟ္မဇာလသုတ်ဖွင့် အဋ္ဌကထာ) ငါဘုရားမလာမီ အကြား၌ဖြစ်သော စကား (ပေါဋ္ဌပါဒသုတ်ဖွင့် အဋ္ဌကထာ)။

http://www.dhammadownload.com

၅။ ရဟန်းတို့ သူတပါးတို့သည် ငါ၏ အပြစ်ကိုဖြစ်စေ တရား၏ အပြစ်ကိုဖြစ်စေ သံဃာ၏ အပြစ်ကိုဖြစ်စေ ပြောကြလျှင် ထို (ပြောကြရာ) ၌ သင်တို့သည် ရန်ငြိုးထားခြင်း နှလုံးမသာခြင်း စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်။

ရဟန်းတို့ သူတပါးတို့သည် ငါ၏ အပြစ်ကိုဖြစ်စေ တရား၏ အပြစ်ကိုဖြစ်စေ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြရာ၌ သင်တို့သည် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့အားသာလျှင် အန္တရာယ်ဖြစ်ရာ၏။

ရဟန်းတို့ သူတပါးတို့သည် ငါ၏ အပြစ်ကိုဖြစ်စေ တရား၏ အပြစ်ကိုဖြစ်စေ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြရာ၌ သင်တို့သည် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သင်တို့သည် သူတပါး တို့၏ စကားကောင်း စကားဆိုးကို သိနိုင်ကြပါမည်လော။

မသိနိုင်ကြပါ အသျှင်ဘုရား။

ရဟန်းတို့ သူတပါးတို့သည် ငါ၏အပြစ်ကို ဖြစ်စေ တရား၏ အပြစ်ကိုဖြစ်စေ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြရာ၌ "ဤစကားသည် ဤအကြောင်းကြောင့်လည်း မဟုတ်၊ ဤ အကြောင်းကြောင့် လည်း မမှန်၊ စင်စစ်အားဖြင့် ဤအပြစ်သည် ငါတို့၌ ထင်ရှားမရှိ" ဟု မဟုတ်သည်ကို မဟုတ်သည့် အတိုင်း သင်တို့ ဖြေရှင်းရမည်။

၆။ ရဟန်းတို့ သူတပါးတို့သည် ငါ၏ ဂုဏ်ကိုဖြစ်စေ တရား၏ ဂုဏ်ကိုဖြစ်စေ သံဃာ၏ ဂုဏ်ကို ဖြစ်စေ ပြောကြလျှင် ထို (ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း ဝမ်းသာခြင်း စိတ်တက်ကြွခြင်း မဖြစ်စေသင့်။

ရဟန်းတို့ သူတပါးတို့သည် ငါ၏ ဂုဏ်ကိုဖြစ်စေ တရား၏ ဂုဏ်ကိုဖြစ်စေ သံဃာ၏ ဂုဏ်ကိုဖြစ်စေ ပြောကြရာ၌ သင်တို့သည် နှစ်သက်ကြလျှင် ဝမ်းသာကြလျှင် စိတ်တက်ကြွကြလျှင် သင်တို့အား သာလျှင် အန္တရာယ်ဖြစ်ရာ၏။

ရဟန်းတို့ သူတပါးတို့သည် ငါ၏ ဂုဏ်ကိုဖြစ်စေ တရား၏ ဂုဏ်ကိုဖြစ်စေ သံဃာ၏ ဂုဏ်ကို ဖြစ်စေ ပြောကြရာ၌ "ဤစကားသည် ဤအကြောင်းကြောင့်လည်း ဟုတ်ပေ၏၊ ဤ အကြောင်း ကြောင့်လည်း မှန်ပေ၏၊ စင်စစ်အားဖြင့် ဤဂုဏ်သည် ငါတို့၌ ထင်ရှား ရှိပေ၏" ဟု ဟုတ်မှန်သည်ကို ဟုတ်မှန်သည့် အတိုင်း သင်တို့ ဝန်ခံရမည်။

စူဠသီလခဏ်း

၇။ ရဟန်းတို့ ပုထုဇဉ်[၁] သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် အနည်းငယ်မျှသာဖြစ်သော နိမ့် ကျ သော သီလမျှဖြင့်သာ ပြောနိုင်ရာ၏၊ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသော ထို သီလမျှ ဟူသည် အဘယ်နည်း—

၈။ "ရဟန်းဂေါတမသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်တော် မူ၏၊ ဒုတ်ကိုချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်း သော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေတော်မူ၏" ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁။ ပုထုဇဉ် = အရိယာမဟုတ်သူများ။

http://www.dhammadownload.com

"ရဟန်းဂေါတမသည် မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ပေးသည်ကိုသာယူ၏၊ ပေးသည်ကိုသာအလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေတော်မူ၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

"ရဟန်းဂေါတမသည် မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်တော်မူ၏၊ ယုတ်သော အကျင့်ကို ကျင့်လေ့မရှိ၊ ရွာသူတို့၏ အလေ့ ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်တော်မူ၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၉။ "ရဟန်းဂေါတမသည် မမှန်ပြောခြင်းကို ပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ အမှန်ကိုသာ ဆိုလေ့ရှိတော်မူ၏၊ မှန်သော စကားချင်း ဆက်စပ်စေတော်မူတတ်၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတော်မမူ"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

"ရဟန်းဂေါတမသည် ကုံးစကားကို ပယ်၍ ကုံးစကားမှ ရှောင်ကြဉ်တော်မူ၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တော်မူတတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတော်မူတတ်၏၊ ညီညွတ်ခြင်း၌မွေ့လျော်တော်မူ၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်တော်မူ၏၊ ညီညွတ်ခြင်းကို နှစ်သက်တော်မူ၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုတော်မူတတ်၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

"ရဟန်းဂေါတမသည် ကြမ်းသော စကားကို ပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်တော်မူ၏၊ အကြင် စကားသည် အပြစ် ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ် ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့ သဘောရှိသော စကားကိုသာ ဆိုတော်မူတတ်၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

"ရဟန်းဂေါတမသည် ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်တော်တော်မူ၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့် တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့် စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုတော်မူတတ်၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၀။ "ရဟန်းဂေါတမသည် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူ၏"၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

ရဟန်းဂေါတမသည် ဆွမ်း တနပ်သာ စားလေ့ရှိတော်မူ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ နေလွဲ စားခြင်းမှ ရှောင်ကြဉ်တော်မူ၏။

ရဟန်းဂေါတမသည် ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူ၏။

http://www.dhammadownload.com

ရဟန်းဂေါတမသည် ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် မြင့်သော နေရာ မြတ်သော နေရာမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ကောက်စိမ်း[၁] ကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏။

ရဟန်းဂေါတမသည် အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ကျွန်မိန်းမ ကျွန်ယောကျာ်းကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် လယ်နှင့်ယာကိုခံယူခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် တမန်အမှု အစေအပါး အမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ် တိုင်းတာစဉ်းလဲခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းဂေါတမသည် ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာ နိဂုံးတို့ကို) ဖျက်ဆီးခြင်း ဒမြတိုက်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

စူဠသီလခဏ်း ပြီး၏။

မဇ္ဈိမသီလခဏ်း

၁၁။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍[၂] လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်း ဖျက်ဆီးခြင်းကို ပြုလုပ်လျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့ အညွန့်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့တို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၂။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော သိုမှီးသုံးဆောင်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဆွမ်းကို သိုမှီးခြင်း အဖျော်ကို သိုမှီးခြင်း အဝတ်ကို သိုမှီးခြင်း ယာဉ်ကို သိုမှီးခြင်း အိပ်ရာကို သိုမှီးခြင်း နံ့သာကို သိုမှီးခြင်း (အခြား) စားသုံးဖွယ်ကို သိုမှီးခြင်းတို့တည်း၊

၁။ ကောက်စိမ်း = ဟူသည် ၁-သလေး (ကောက်ကြီး) ၂-ကောက်လတ် (ကောက်ကြမ်း) ၃-လူး၊ ၄-နတ်ကောက်(ဂျုံ)၊ ၅-ပြောင်း၊ ၆-မုယော (မာလီ)၊ ၇-ဆပ်၊ ဤစပါး ခုနစ်မျိုးတည်း။

၂။ ဤ၌ ယုံကြည်ခြင်း = ဟူသည် ကံ ကံ၏အကျိုး စသည်ကို ယုံကြည်ခြင်းပင်တည်း။

http://www.dhammadownload.com

ရဟန်းဂေါတမသည် ဤသို့သော သိုမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၃။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း သဘင်ပွဲ[၁] စာဟောပွဲ လက်ဝါးတီးပွဲ ကြေးနင်းခွက်ခွင်း စည်တီးပွဲ စည်တီးပွဲ ပန်းချီပြပွဲ သံလုံးကစားပွဲ ဝါးထောင်၍ ကစားပွဲ အရိုးဆေးပွဲ ဆင်တိုက်ပွဲ မြင်းတိုက်ပွဲ ကျွဲတိုက်ပွဲ နွားတိုက်ပွဲ ဆိတ်တိုက်ပွဲ သိုးတိုက်ပွဲ ကြက်တိုက်ပွဲ ငုံးတိုက်ပွဲ တုတ်သိုင်းပွဲ လက်ဝှေ့ထိုးပွဲ လက်ပမ်းလုံးပွဲ စစ်ထိုးပွဲ စစ်သည်စစ်ဆေးပွဲ စစ်ဆင်ပွဲ စစ်အင်ကျင်းပွဲတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော (သူတော်ကောင်း တရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၄။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ် တို့ကို သုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်း ဖြစ်သော လောင်းကစားခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ရှစ်ကွက်ကျားကစားခြင်း ဆယ်ကွက်ကျားစကားခြင်း ကောင်းကင်ကျားကစားခြင်း ဖိုးလမင်းကျားကစားခြင်း ဇယ်တောက်ကစားခြင်း အန်ကစားခြင်း ကျည်းသားရိုက်ကစားခြင်း စုတ်ခတ်ရေးကစားခြင်း ဂေါ်လီကစားခြင်း ပီပီမှုတ်ကစားခြင်း ထွန်ငယ်ဖြင့်ကစားခြင်း ကျွမ်းထိုးကစားခြင်း စကြာဖြင့်ကစားခြင်း ခြင်ခွက်ငယ်ဖြင့်ကစားခြင်း ရထားငယ်ဖြင့်ကစားခြင်း လေးငယ်ဖြင့်ကစားခြင်း အက္ခရာဝှက်ကစားခြင်း စိတ်အကြံဖော်တမ်းကစားခြင်း ကျိုးယောင် ကန်းယောင်ပြု၍ ကစားခြင်းတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော မေ့လျော့ကြောင်းဖြစ်သော လောင်းကစားပြုခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၅။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာကို (သုံးစွဲခြင်း) ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မြင့်လွန်းသော နေရာ[၂] ပလ္လင်[၃] မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသော သားမွေးအခင်း ပန်းပြောက်ခြယ် သားမွေးအခင်း လဲသွတ်အခင်း ရုပ်ပုံခြယ်သားမွေးအခင်း နှစ်ဖက်မွေးရှိအခင်း တဖက်မွေးရှိအခင်း ရွှေခြည်ထိုးအခင်း ပိုးခြည်အခင်း သားမွေးခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်းမြတ် (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိသော နေရာတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁။ သဘင်ပွဲ ဟူသည်၊ ဇာတ် ရုပ်သေး အငြိမ့် စသည်ပင်တည်း။

၂။ နေရာ ဟူသည်၊ မြတ်စွာဘုရား လက်ရှစ်သစ် ပမာဏထက်လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်။

၃။ ပလ္လင် ဟူသည်၊ ခြေထောက်တို့၌ သားရဲရုပ်ထပ်ထားသောနေရာ။

http://www.dhammadownload.com

၁၆။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ (နံ့သာဖြင့်) ပွတ်သပ်ခြင်း (ဆီဖြင့်) ဆုပ်နယ်ခြင်း (နံ့သာဖြင့်) ရေချိုးခြင်း (လက်ရုံးကြီးထွားရန်) ထုရိုက်ခြင်း မှန်ကြည့်ခြင်း မျက်စဉ်းဆေးခြယ်ခြင်း ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်း မျက်နှာကို ခြယ်ခြင်း မျက်နှာကို လိမ်းကျံခြင်း လက်ဝတ်တန်ဆာဆင်ခြင်း သျှောင်ထုံးခြင်း လက်ကိုင်တုတ်ဆောင်ခြင်း ကျည်တောက်လွယ်ခြင်း သန်လျက်ဆောင်ခြင်း (ဆန်းကြယ်သော) ထီးကိုဆောင်းခြင်း ဆန်းကြယ်သော ဘိနပ်ကိုစီးခြင်း သင်းကျစ်ဖွဲ့ခြင်း ပတ္တမြားဆံကျင်ထိုးခြင်း သားမြီးယပ်ဆောင်ခြင်း အမြိတ်ရှည် ဝတ်ဖြူတို့ကို ဝတ်ခြင်း တို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၇။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော တိရစ္ဆာနကထာ မဟုတ် ဖီလာစကားကို[၁] ပြောလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား ယောကျ်ားနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်း[၂] နှင့်စပ်သောစကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း) နှင့်စပ်သောစကား သမုဒ္ဒရာ (အကြောင်း) နှင့်စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့်စပ်သောစကားတို့တည်း။ ရဟန်းဂေါတမသည် ဤသို့သော ဖီလာစကားကို ပြောခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁၈။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော အငြင်းစကားကို ပြောလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ သင်သည် ဤ ဓမ္မဝိနယ[၃] ကို မသိ၊ ငါသည် ဤ ဓမ္မဝိနယကို သိ၏၊ သင်သည် ဤ ဓမ္မဝိနယကို အဘယ်သို့ သိနိုင်အံ့နည်း၊ သင်သည် မှားသော အကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူ ဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏ စကားသည် မစေ့စပ်၊ သင်သည် ရှေးဦး ဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ ကြာမြင့်စွာ လေ့လာထားသော စကားသည် (သင့်ဆီသို့) ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါ တင်ပြပြီ၊ သင် အရေးနိမ့်ပြီ၊ (ငါ တင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့၊ ဤသည်တို့တည်း။ ရဟန်းဂေါတမသည် ဤသို့သော အငြင်းစကား (ကို ပြောခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁။ ဤ၌ ဖီလာစကားဟူသည်၊ နတ်ရွာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဘက် စကားတို့တည်း။

၂။ လမ်း ဟူသည်၊ မြို့တွင်းရှိလမ်းကိုဆိုသည်။ ၃။ ဓမ္မဝိနယ ဟူသည်၊ ဓမ္မ = တရား၊ ဝိနယ = အဆုံးအမ။

http://www.dhammadownload.com

၁၉။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းကို ပြုလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းတို့၏ အမတ်ကြီးတို့၏ မင်းမျိုးတို့၏ ပုဏ္ဏားတို့၏ သူကြွယ်တို့၏ လုလင်ပျိုတို့၏ 'ဤအရပ်မှ (ထိုအရပ်သို့) သွားလော့ ထိုအရပ်မှ (ဤအရပ်သို့) လာလော့ ဤသည်ကို (ဤအရပ်မှ) ဆောင်သွားလော့ ဤသည်ကို (ထိုအရပ်မှ) ဆောင်ခဲ့လော့' ဟူသော အမှုတို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၀။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် လာဘ် အလို့ငှါ အံ့ဖွယ်လည်း ဖြစ်စေကုန်၏၊ မြှောက်ပင့်၍လည်း ပြောကုန်၏၊ အရိပ်အခြည်လည်း ပြကုန်၏၊ အတင်းအကြပ်လည်း ပြုကုန်၏၊ လာဘ်ဖြင့် လာဘ်ကိုလည်း ရှာမှီးကုန်၏၊ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် ဤသို့သော လာဘ်အလို့ငှါ အံ့ဖွယ်ဖြစ်စေခြင်း မြှောက်ပင့်ခြင်းမှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

မဇ္ဈိမသီလခဏ်း ပြီး၏။

မဟာသီလခဏ်း

၂၁။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သောဗီလာအတတ်[၁] ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ အင်္ဂကျမ်း နိမိတ်ကျမ်း ဥပ္ပါတကျမ်း[၂] အိပ်မက်ကျမ်း လက္ခဏာကျမ်း ကြွက်ကိုက်ကျမ်း မီးပူဇော်ခြင်း ယောက်မဖြင့် ပူဇော်ခြင်း ဖွဲဖြင့် ပူဇော်ခြင်း ဆန်ကွဲဖြင့် ပူဇော်ခြင်း ဆန်ဖြင့် ပူဇော်ခြင်း ထောပတ်ဖြင့် ပူဇော်ခြင်း ဆီဖြင့် ပူဇော်ခြင်း ခံတွင်းဖြင့် ပူဇော်ခြင်း သွေးဖြင့် ပူဇော်ခြင်း အင်္ဂဝိဇ္ဇာအတတ် မြေကြန်အတတ် မင်းမှုရေးရာအတတ် သားငြိမ်းခြင်းကိုပြုတတ်သောအတတ် ဘုတ်တစ္ဆေအတတ် မြေအိမ်၌ သင်ယူရသောအတတ် မြွေအတတ် အဆိပ်အတတ် ကင်းမြီးကောက်အတတ် ကြွက်ခဲနာကုအတတ် ငှက်သံအတတ် ကျီးသံအတတ် အသက်ဟောအတတ် မြားလွှဲအတတ် သားမြည်သံအတတ် ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသောအသက်မွေးမှုဖြစ်သော ဤသို့သော ဗီလာအတတ် (ဖြင့် အသက်မွေးခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကိုပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၂။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗီလာအတတ် ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ကျောက်မျက်လက္ခဏာ အဝတ်အထည် လက္ခဏာ တုတ်တောင်ဝှေးလက္ခဏာ ဓားလက္ခဏာ သန်လျက်လက္ခဏာ မြားလက္ခဏာ လေးလက္ခဏာ

၁။ ဤဗီလာအတတ်ဟူသည်၊ နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်နှင့် ဆန့်ကျင်ဘက်အတတ်တည်း။

၂။ ဥပ္ပါတကျမ်း ဟူသည်၊ မိုးကြိုးကျခြင်း စသည်၏အကျိုးအပြစ်ကို ဆိုသောကျမ်း။

http://www.dhammadownload.com

(ကြွင်းသော) လက်နက်လက္ခဏာ မိန်းမလက္ခဏာ ယောကျ်ားလက္ခဏာ သတို့သားလက္ခဏာ သတို့သမီးလက္ခဏာ ကျွန်ယောကျ်ားလက္ခဏာ ကျွန်မိန်းမလက္ခဏာ ဆင်လက္ခဏာ မြင်းလက္ခဏာ ကျွဲလက္ခဏာ နွားလားလက္ခဏာ နွားလက္ခဏာ ဆိတ်လက္ခဏာ သိုးလက္ခဏာ ကြက်လက္ခဏာ ငုံးလက္ခဏာ ဖွတ်လက္ခဏာ အထွတ် 'ကဏ္ဏိကာ' [၁] လက္ခဏာ လိပ်လက္ခဏာ သားကောင်လက္ခဏာ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ် (ဖြင့် အသက်မွေးခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၃။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းတို့ (စစ်) ထွက်လတ္တံ့၊ မင်းတို့(စစ်)ပြန်လာလတ္တံ့၊ ပြည်တွင်းမင်းတို့ (စစ်) တက်လတ္တံ့၊ ပြည်ပမင်းတို့ (စစ်) ဆုတ်လတ္တံ့၊ ပြည်ပမင်းတို့ (စစ်) တက်လတ္တံ့၊ ပြည်တွင်းမင်းတို့ (စစ်) ဆုတ်လတ္တံ့၊ ပြည်တွင်းမင်းတို့ (စစ်) အောင်လတ္တံ့၊ ပြည်ပမင်းတို့ (စစ်) ရှုံးလတ္တံ့၊ ပြည်ပမင်းတို့ (စစ်) အောင်လတ္တံ့၊ ပြည်တွင်းမင်းတို့ (စစ်) ရှုံးလတ္တံ့၊ ဤသို့ ဤမင်း့ စစ် နိုင်လတ္တံ့၊ ဤမင်း စစ် ရှုံးလတ္တံ့ ဟူသော အတတ်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ် (ဖြင့် အသက်မွေးခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၄။ ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ လကြတ်လတ္တံ့၊ နေကြတ်လတ္တံ့၊ နက္ခတ်ကြတ်လတ္တံ့၊ လနေတို့ လမ်းမှန်သွားလတ္တံ့၊ လနေတို့ လမ်းလွဲသွားလတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားလတ္တံ့၊ နက္ခတ်တို့လမ်းလွဲသွားလတ္တံ့၊ ဥက္ကာကျလတ္တံ့၊ ကြိတ်ထွက်လတ္တံ့၊ ငလျင်လှုပ်လတ္တံ့၊ မိုးထစ်ကြိုးလတ္တံ့၊ လနေနက္ခတ်တို့ တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်းဖြစ်လတ္တံ့၊ လကြတ်ခြင်းကြောင့် ဤသို့အကျိုးဖြစ်လတ္တံ့၊ နေကြတ်ခြင်းကြောင့် ဤသို့အကျိုးဖြစ်လတ္တံ့၊ နက္ခတ်ကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေတို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေတို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်တို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ နက္ခတ်တို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ဥက္ကာကျခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ကြိတ်ထွက်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ငလျင်လှုပ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ မိုးထစ်ကြိုးခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ လနေနက္ခတ်တို့ တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့၊ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာအတတ် (ဖြင့် အသက်မွေးခြင်း)မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၁။ သုမင်္ဂလဝိလာသိနီ အဋ္ဌကထာတွင် ''ကဒလိမိဂါ ဗဟူစေတ္ထ၊ ဗိဠာရော သသ ကဏ္ဏိကာ'' ဟူသောဂါထာ၌ ကဏ္ဏိကသဒ္ဒါသည် သမင်ဒရယ်ကိုဟော၏၊ ဝိစ္ဆရဇာတ်၌ကား ''ဗိဠာရော သသ ကဏ္ဏကာ'' ဟုရှိ၏၊ ကဏ္ဏကသဒ္ဒါသည် ကြံ့ကိုဟော၏၊ ဤသီလက္ခန္ဓဝဂ်အဋ္ဌကထာ၌ကား နားတန်ဆာဟူ၍ရင်း အထွတ်ဟူ၍ရင်း ဖွင့်ဆို၏။

http://www.dhammadownload.com

၂၅။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မိုးကောင်းလတ္တံ့၊ မိုးခေါင်လတ္တံ့၊ ဝပြောလတ္တံ့၊ ခေါင်းပါးလတ္တံ့၊ ငြိမ်းချမ်းလတ္တံ့၊ ဘေးများလတ္တံ့၊ ရောဂါများလတ္တံ့၊ ရောဂါကင်းလတ္တံ့၊ လက်ချိုးရေခြင်းအတတ်၊ ဂဏန်းအတတ်၊ သင်္ချာအတတ်၊ ကဗျာအတတ်၊ လောကာယတကျမ်းအတတ်၊ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သောဖီလာအတတ်(ဖြင့် အသက်မွေးခြင်း)မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၆။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ သတို့သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သတို့သမီးပေး၍ထိမ်းမြားခြင်း စေ့စပ်ပေးခြင်း ကွာရှင်းပေးခြင်း ဥစ္စာသိမ်းဆည်းစေခြင်း ဥစ္စာဖြန့်ဖြူးစေခြင်း ကြက်သရေတိုးစေခြင်း ကြက်သရေယုတ်စေခြင်း ကိုယ်ဝန်မတည်မြဲသည်ကို တည်မြဲစေခြင်း လျှာခိုင်စေခြင်း မေးခိုင်စေခြင်း လက်ဟန့်မန္တာန်စုတ်ခြင်း နားပင်းမန္တာန်စုတ်ခြင်း မှန်၌နတ်သွင်း၍မေးခြင်း သတို့သမီး၌နတ်သွင်း၍မေးခြင်း နတ်မေးခြင်း နေကိုလုပ်ကျွေးခြင်း ဗြဟ္မာကိုလုပ်ကျွေးခြင်း ခံတွင်းမှမီးတောက်စေခြင်း သိရိနတ်သမီးကိုပင့်ခေါ်ခြင်း၊ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ် (ဖြင့် အသက်မွေးခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

၂၇။ ထိုပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ နတ်ကိုးခြင်း တောင်းဆုပြည့်၍နတ်ပူဇော်ခြင်း ဘုတ်တစ္ဆေအတတ်ကို လေ့ကျင့်ခြင်း မြေအိမ်၌နေ၍ သင်အပ်သောအတတ်ကို လေ့ကျင့်ခြင်း (ပဏ္ဍုက်ကို) ယောကျ်ားဖြစ်စေခြင်း (ယောကျ်ားကို) ပဏ္ဍုက်ဖြစ်စေခြင်း မြေကြန်အတတ်ကိုလေ့ကျင့်ခြင်း ဆောက်လုပ်မည့်မြေရာ၌ အစီအရင်ပြုခြင်း ခံတွင်းဆေးခြင်း ရေချိုးစေခြင်း မီးပူဇော်ခြင်း ပျို့အန်စေခြင်း ဝမ်းသက်စေခြင်း (သလိပ်စသည့်ဒေါသတို့ကို) အထက်သို့ လှန်စေခြင်း အောက်သို့ လျှောစေခြင်း ဦးခေါင်းမှ (သွေးစသောဒေါသတို့ကို) ထွက်စေခြင်း နားဆီချက်ခြင်း မျက်စဉ်းဆီချက်ခြင်း နှာနှတ်ခြင်း (ထက်သော) မျက်စဉ်းဆေး ဖော်ခြင်း အေးသော မျက်စဉ်းဆေး ဖော်ခြင်း တိမ်သလာကို ဆေးကုခြင်း ခွဲစိတ်ကုသခြင်း သူငယ်နာဆေးကုခြင်း မူလဆေးတို့ကိုပေးခြင်း အနာဆေးကို့ကို (ကပ်ခြင်း) ခွါခြင်း၊ ဤသည်တို့တည်း၊ ရဟန်းဂေါတမသည် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ် (ဖြင့် အသက်မွေးခြင်း) မှ ရှောင်ကြဉ်တော်မူ၏၊ ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ဤသို့သော်လည်း ပြောနိုင်ရာ၏။

ရဟန်းတို့ ပုထုဇဉ်သည် ဘုရား၏ ဂုဏ်ကို ပြောခဲ့လျှင် ပြောနိုင်ရာသည့် အနည်းငယ်မျှသာဖြစ်သော နိမ့်ကျသော သီလမျှ ဟူသည် ဤသည်ပင်တည်း။

မဟာသီလခဏ်း ပြီး၏။

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိ ပြခက်း

၂၇။ ရဟန်းတို့ (သီလမှ) တပါးသောလျှင် ဖြစ်ကုန်သော နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော တရား[၁]တို့သည် ရှိကုန်သေး၏၊ မြတ်စွာဘုရားသည် ယင်း (တရား) တို့ကို ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာ ပြောလိုကြလျှင် ယင်း (တရား) တို့ဖြင့် ပြောကြရာ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အကြင် (တရား) တို့ကို ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည်ကား အဘယ်နည်း—

ပုဗ္ဗန္တာနုဒိဋ္ဌိ တဆယ့်ရှစ်မျိုး

၂၈။ ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) ရှေးအဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို တဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို အသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ ရှေးအဘို့ကို ကြံဆကုန်သနည်း၊ ရှေးအဘို့ကို စွဲယူကုန်သနည်း၊ ရှေးအဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို တဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်သနည်း။

သဿတဒိဋ္ဌိ တည်မြဲအယူလေးမျိုး

၃၀။ ရဟန်းတို့ တည်မြဲအယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) အတ္တကိုရင်း လောကကိုရင်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ တည်မြဲအယူရှိကုန်သော ထို အသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အတ္တကိုရင်း လောကကိုရင်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း။

သဿတဒိဋ္ဌိ ပဌမဝါဒ

၃၁။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော်

၁။ ဤ၌ ထရားဟူသည် ဂုဏ်ပင်တည်း။

http://www.dhammadownload.com

ညစ်ညူးခြင်း ကင်းလတ်သော် များပြားသော ရှေး၌ နေဘူးသော[1] ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

တဘဝကိုငြင်း နှစ်ဘဝတို့ကိုငြင်း သုံးဘဝတို့ကိုငြင်း လေးဘဝတို့ကိုငြင်း ငါးဘဝတို့ကိုငြင်း ဆယ်ဘဝတို့ကိုငြင်း ဘဝနှစ်ဆယ်တို့ကိုငြင်း ဘဝသုံးဆယ်တို့ကိုငြင်း ဘဝလေးဆယ်တို့ကိုငြင်း ဘဝငါးဆယ်တို့ကိုငြင်း ဘဝတရာတို့ကိုငြင်း ဘဝတထောင်ကိုငြင်း ဘဝတသိန်းကိုငြင်း ဘဝရာပေါင်းများစွာတို့ကိုငြင်း ဘဝထောင်ပေါင်းများစွာတို့ကိုငြင်း ဘဝသိန်းပေါင်းများစွာတို့ကိုငြင်း၊ 'ထို (ဘဝ) ၌ (ငါ) သည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက် အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍ ထို (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏၊ ထို (ဘဝ) ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍ ဤ (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏'၊ ဟု အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ဆို၏—

"အတ္တသည်ငြင်း လောကသည်ငြင်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထို သတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသော အရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း၊ အဘယ့်ကြောင့် ဆိုသော် ငါသည် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

တဘဝကိုငြင်း နှစ်ဘဝတို့ကိုငြင်း သုံးဘဝတို့ကိုငြင်း လေးဘဝတို့ကိုငြင်း ငါးဘဝတို့ကိုငြင်း ဆယ်ဘဝတို့ကိုငြင်း ဘဝနှစ်ဆယ်တို့ကိုငြင်း ဘဝသုံးဆယ်တို့ကိုငြင်း ဘဝလေးဆယ်တို့ကိုငြင်း ဘဝငါးဆယ်တို့ကိုငြင်း ဘဝတရာကိုငြင်း ဘဝတထောင်ကိုငြင်း ဘဝတသိန်းကိုငြင်း ဘဝရာပေါင်းများစွာတို့ကိုငြင်း ဘဝထောင်ပေါင်းများစွာတို့ကိုငြင်း ဘဝသိန်းပေါင်းများစွာတို့ကိုငြင်း၊ 'ထို (ဘဝ) ၌ (ငါ) သည် ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍ ထို (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏၊ ထို (ဘဝ) ၌လည်း ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍ ဤ (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏' ဟု အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ငါသည် ဤအကြောင်းကြောင့်—

၁။ ပုဗ္ဗေနိဝါသ (ပါဠိ) ပုဗ္ဗေ—ရှေး၌၊ နိဝါသ—နေဘူးသောဘဝ။

http://www.dhammadownload.com

'အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထို သတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသော အရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း' ဟု သိ၏ ဟူ၍ ဆို၏။

ရဟန်းတို့ ဤသည်ကား ပဌမ အကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်၏။ (၁)

သဿတဒိဋ္ဌိ ဒုတိယဝါဒ

၃၂။ ဒုတိယဝါဒ၌ကား တည်မြဲအယူရှိကုန်သော အချို့ သမဏဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မပြတ်စွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ခြင်းကိုရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

တခုသော ပျက်ကပ်ဖြစ်ကပ်ကို၎င်း နှစ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း သုံးခုသောပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း လေးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း ငါးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း ဆယ်ခုသော ပျက်ကပ်ဖြစ်ကပ် တို့ကို၎င်း၊ ထို (ဘဝ) ၌ (ငါ) သည် ဤသို့သော အမည်ရှိခဲ့၏ ဤသို့သောအနွယ်ရှိခဲ့၏ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သောအစာရှိခဲ့၏ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထို(ဘဝ)မှ သေခဲ့၍ ထို (ဘဝ)၌ ဖြစ်ပြန်ခဲ့၏ ထို(ဘဝ)၌လည်းဤသို့သောအမည်ရှိခဲ့၏ ဤသို့သောအနွယ်ရှိခဲ့၏ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏ ဤသို့သောအသက်အပိုင်းအခြားရှိခဲ့၏ ထို (ငါ) သည် ထို(ဘဝ) မှ သေခဲ့၍ ဤ (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏ ဟု အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ဆို၏—

"အတ္တသည်၎င်း လောကသည်၎င်းမြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏ (အတ္တနှင့် လောကသည်) မြဲသော အရာတို့နှင့်တူစွာ အမြဲ ရှိနေသည်သာတည်း၊ အဘယ်ကြောင့်ဆိုသော်—

ငါသည် ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မပြတ်စွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏ ယင်းသို့စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

http://www.dhammadownload.com

တခုသော ပျက်ကပ်ဖြစ်ကပ်ကိုင်း နှစ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း သုံးခုသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း လေးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ငါးခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ဆယ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း၊ 'ထို (ဘဝ) ၌ (ငါ)သည် ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ)သည် ထို (ဘဝ)မှ သေခဲ့၍ ထို(ဘဝ)၌ဖြစ်ပြန်ခဲ့၏၊ ထို (ဘဝ) ၌လည်း ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာ ရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့ရ၏ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထို(ဘဝ)မှသေခဲ့၍ ဤ(ဘဝ)၌ ဖြစ်ပြန်ခဲ့၏' ဟုအခြင်း အရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ငါသည် ဤအကြောင်းကြောင့်—

'အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့တည်၏၊ နိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထို သတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသော အရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း' ဟု သိ၏ ဟူ၍ ဆို၏။

ရဟန်းတို့ ဤသည်ကား ဒုတိယ အကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်၏၊ (၂)

သဿတဒိဋ္ဌိ-တတိယဝါဒ

၃၃။ တတိယဝါဒ၌ကား တည်မြဲအယူရှိကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်း ကိုစွဲ၍ မြဲမြံစွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

ဆယ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း နှစ်ဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း သုံးဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း လေးဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း 'ထို(ဘဝ)၌ (ငါ)သည် ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သောအစာရှိခဲ့၏ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို(ဘဝ)မှ သေခဲ့၍ ထို(ဘဝ)၌ ဖြစ်ပြန်ခဲ့၏၊ ထို (ဘဝ) ၌လည်း ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ) သည် ထို (ဘဝ) မှ သေခဲ့၍

http://www.dhammadownload.com

ဤ(ဘဝ)၌ဖြစ်ပြန်ခဲ့၏’ ဟု အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့်တကွ များပြားသောရှေး၌ နေဘူးသောဘဝကို အောက်မေ့နိုင်၏။

ထိုသူသည် ဤသို့ဆို၏—

“အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါ တို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ် ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသော အရာတို့နှင့် တူစွာ အမြဲ ရှိနေသည်သာတည်း၊ အဘယ်ကြောင့်ဆိုသော်—

ငါသည် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန် အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့စိတ်သည် တည်ကြည်လတ်သော် များပြားသော ရှေး၌နေဘူးသော ဘဝကိုအောက်မေ့နိုင်၏၊ ဤသည်တို့ကား အဘယ်နည်း—

ဆယ်ခုသော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း နှစ်ဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း သုံးဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း လေးဆယ်သော ပျက်ကပ်ဖြစ်ကပ်တို့ကို၎င်း ‘ထို(ဘဝ)၌ (ငါ)သည် ဤသို့သော အမည်ရှိခဲ့၏ ဤသို့သော အနွယ် ရှိခဲ့၏ ဤသို့သော အဆင်း ရှိခဲ့၏ ဤသို့သော အစာ ရှိခဲ့၏ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏ ဤသို့သောအသက်အပိုင်းအခြား ရှိခဲ့၏၊ထို(ငါ)သည် ထို(ဘဝ)မှသေခဲ့၍ ထို(ဘဝ)၌ ဖြစ်ပြန်ခဲ့၏၊ ထို(ဘဝ)၌လည်း ဤသို့သော အမည် ရှိခဲ့၏ ဤသို့သော အနွယ်ရှိခဲ့၏ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သောအစာရှိခဲ့၏ ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါ)သည် ထို(ဘဝ)မှ သေခဲ့၍ ဤ (ဘဝ) ၌ ဖြစ်ပြန်ခဲ့၏’ ဟု အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ငါသည် ဤအကြောင်းကြောင့်—

‘အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြုံ၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ် ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသောအရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း’ ဟု သိ၏” ဟူ၍ ဆို၏။

ရဟန်းတို့ ဤသည်ကား တတိယ အကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကို၎င်း လောကကို၎င်းတည်မြဲ၏ ဟု ပြကုန်၏။ (၃)

သဿတဒိဋ္ဌိ စတုတ္ထဝါဒ

၃၄။ စတုတ္ထဝါဒ၌ကား တည်မြဲအယူရှိကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုး ကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိ၏ ထင်မြင်ချက်ကို ဤသို့ဆို၏—

http://www.dhammadownload.com

"အတ္တသည်၎င်း လောကသည်၎င်း မြဲ၏၊ မြဲ၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့သည်ပင်လျှင် (တဘဝမှ တဘဝသို့) ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ (အတ္တနှင့်လောကသည်) မြဲသော အရာတို့နှင့် တူစွာ အမြဲရှိနေသည်သာတည်း" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ တည်မြဲအယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကုန်၏။ (၄)

၃၅။ ရဟန်းတို့ တည်မြဲအယူရှိကုန်သော သမဏဗြာဟ္မဏတို့သည် အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ တည်မြဲအယူရှိကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် အတ္တကို၎င်း လောကကို၎င်း တည်မြဲ၏ ဟု ပြကြလျှင် ဤလေးမျိုးသော အကြောင်းတို့ဖြင့် သော်၎င်း ဤ (လေးမျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ (လေးမျိုး) တို့မှ တပါးသော အကြောင်းမရှိ။

၃၆။ ရဟန်းတို့ ဤအယူတို့သည် "ဤသို့ စွဲယူထားလျှင် ဤသို့ မှားယွင်းစွာသုံးသပ်ထားလျှင် ဤသို့ လားရာရှိကုန်၏၊ ဤသို့ တမလွန်ရှိကုန်၏" ဟု မြတ်စွာဘုရားသည် ထို(လေးမျိုးသောအယူ) ကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထို (လေးမျိုးသောအယူ) ကိုလည်း သိတော်မူ၏၊ ထို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်း သိတော်မူ၏၊ ထို (အထူးသဖြင့် လွန်မြတ်သောတရား) ကို သိတော်မူသော်လည်း မှားယွင်းစွာ မသုံးသပ်၊ မှားယွင်းစွာ မသုံးသပ်သောကြောင့် ထို (မြတ်စွာဘုရား) သည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကို သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်းကို၎င်း ချုပ်ကြောင်းကို၎င်း သာယာဖွယ်ကို၎င်း အပြစ်ကို၎င်း (ဝေဒနာတို့မှ) ထွက်မြောက်ရာကို၎င်း ဟုတ်မှန်သောအတိုင်း သိတော်မူသဖြင့် (တစုံတရာ)မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

၃၇။ ရဟန်းတို့ မြတ်စွာဘုရားသည် အကြင် (တရား)တို့ကို ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ပဌမဘာဏဝါရ ပြီး၏။

http://www.dhammadownload.com

ကေဝဋ္ဋသဿတဒိဋ္ဌိ

အချို့တည်မြဲအယူလေးမျိုး

၃၈။ ရဟန်းတို့ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) အတ္တကိုလည်း လောကကိုလည်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော ထို အသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အတ္တကိုလည်း လောက ကိုလည်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း။

ကေဝဋ္ဋသဿတဒိဋ္ဌိ ပဌမဝါဒ

၃၉။ ရဟန်းတို့ ရှည်သော ကာလလွန်သော် တရံတခါ၌ ဤလောကသည် ပျက်၏၊ ထိုအခါသည် ရှိသည်သာတည်း၊ လောကပျက်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် အာဘဿရ[၁] ဘုံ၌ ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း (ပီတိ) လျှင် အစာရှိ ကုန်၏၊ မိမိတို့ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏၊ တင့်တယ်သော နေရာရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

၄၀။ ရဟန်းတို့ ရှည်သော ကာလလွန်သော် တရံတခါ၌ ဤလောကသည် ဖြစ်၏၊ ထိုအခါသည် ရှိသည်သာတည်း၊ လောကဖြစ်လတ်သော် (သတ္တဝါမှ) ဆိတ်သော ဗြဟ္မာ့ဗိမာန်သည် ထင်ရှား ဖြစ် ပေါ်၏၊ ထိုအခါ တဦးတယောက်သော သတ္တဝါသည် အသက်ကုန်သောကြောင့်ဖြစ်စေ ကောင်းမှုကံ ကုန်သောကြောင့်ဖြစ်စေ အာဘဿရဘုံမှ သေခဲ့၍ (သတ္တဝါမှ) ဆိတ်သော ဗြဟ္မာ့ဗိမာန်၌ ဖြစ်ပေါ် ၏၊ ထိုသူသည် ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်၏၊ နှစ်သိမ့်ခြင်း(ပီတိ) လျှင် အစာရှိ၏၊ မိမိ ကိုယ်ရောင် ဖြင့် လင်းလျက်ရှိ၏၊ ကောင်းကင်၌ ကျက်စား၏၊ တင့်တယ်သော နေရာရှိ၏၊ ကြာရှည်စွာသော ကာလပတ်လုံးတည်၏။

၄၁။ ထိုဘုံ၌ ထိုသူသည် တယောက်တည်းထည်၊ ကာလရှည်စွာ နေရသောကြောင့် မမွေ့လျော် သည်ဖြစ်၍ "တပါးသော သတ္တဝါတို့လည်း ဤဘုံသို့ရောက်လာဘိမူ ကောင်းလေစွ" ဟုတောင့်တ၏။ ထိုအခါ တပါးသောသတ္တဝါတို့လည်း အသက်ကုန်သောကြောင့်ဖြစ်စေ ကောင်းမှုကံ ကုန်သောကြောင့် ဖြစ်စေ အာဘဿရဘုံမှ သေခဲ့ကုန်၍ ထိုသတ္တဝါ၏ အဖော်အဖြစ်ဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ပေါ် ကုန်၏၊ ထိုသူတို့သည်လည်း ထိုဘုံ၌ ဈာန်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်း (ပီတိ) လျှင် အစာရှိကုန်၏၊ မိမိတို့ ကိုယ်ရောင်ဖြင့် လင်းလျက်ရှိကုန်၏၊ ကောင်းကင်၌ ကျက်စားကုန်၏ တင့်တယ်သော နေရာ ရှိကုန်၏၊ ကြာရှည်စွာသော ကာလပတ်လုံး တည်ကုန်၏။

၄၂။ ရဟန်းတို့ ထိုသတ္တဝါတို့တွင် ရှေးဦးစွာ ဖြစ်ပေါ်နှင့်သော သတ္တဝါအား ဤသို့ အကြံ ဖြစ်၏—

"ငါသည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင် သူဖြစ်၏၊ စင်စစ် (အလုံးစုံကို) မြင်သူဖြစ်၏၊ အလိုအတိုင်းဖြစ်စေနိုင်သူဖြစ်၏၊ အစိုးရသူဖြစ်၏

၁။ ဒုတိယဈာန်သုံးဘုံတွင် တတိယဘုံ၊ အရောင်အဝါထွက်သော ဗြဟ္မာတို့၏နေရာ။

http://www.dhammadownload.com

ပြုသူဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူဖြစ်၏၊ (စျာန်၌)လေ့လာပြီးသူဖြစ်၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖဖြစ်၏၊ ဤသတ္တဝါတို့ကို ငါ ဖန်ဆင်းထား၏၊ အဘယ့်ကြောင့် ဆိုသော်––

'တပါးသောသတ္တဝါတို့သည်လည်း ဤဘုံသို့ ရောက်လာဘိမူ ကောင်းလေစွ' ဟု ငါ့အား ရှေး၌အကြံဖြစ်ခဲ့၏၊ ငါ့အားဤသို့တောင်းတခြင်းလည်းဖြစ်၏၊ ဤသတ္တဝါတို့သည်လည်း ဤ (ဗြဟ္မာ့) ဘုံသို့ ရောက်လာကုန်၏" ဟု အကြံဖြစ်၏။

နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့အားလည်း ဤသို့ အကြံဖြစ်၏––

"ဤအသျှင်သည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏၊ စင်စစ် (အလုံးစုံကို)မြင်သူဖြစ်၏၊ အလိုကတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူ ဖြစ်၏၊ (စျာန်၌) လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါ တို့၏ အဖဖြစ်၏၊ ငါတို့ကို ဤအရှင်ဗြဟ္မာဖန်ဆင်း ထား၏၊ အဘယ့်ကြောင့် ဆိုသော်––

ဤဘုံ၌ ဤဗြဟ္မာကြီးရှေးဦးစွာ ဖြစ်ပေါ်နေနှင့်သည်ကို ငါတို့ မြင်ရကုန်၏၊ ငါတို့သည်ကား နောက်မှ ဖြစ်ပေါ်လာကုန်၏" ဟု အကြံဖြစ်၏။

၄၃။ ရဟန်းတို့ ထိုသတ္တဝါတို့တွင် ရှေးဦးစွာဖြစ်ပေါ်နှင့်သော သတ္တဝါသည် အသက်လည်း သာလွန်၍ရှည်၏၊ အဆင်းလည်း သာလွန်၍လှ၏၊ တန်ခိုးလည်း သာလွန်၍ကြီး၏၊ နောက်မှ ဖြစ်ပေါ် လာကုန်သော သတ္တဝါတို့သည်ကား (ရှေးဦးစွာဖြစ်ပေါ်နှင့်သော သတ္တဝါနှင့် နှိုင်းစာလျှင်) အသက် လည်း တိုကုန်၏၊ အဆင်းလည်း မလှကုန်၊ တန်ခိုးလည်း နည်းကုန်၏။

၄၄။ ရဟန်းတို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို(ဗြဟ္မာ့)ဘုံမှ စုတေခဲ့၍ ဤ (လူ့ဘုံ) သို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မပြတ်စွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသောစိတ်တည်ကြည် ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ရှေး၌နေဘူးသော ထို(ဗြဟ္မာ့)ဘဝကို အောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်၊ ထိုသူသည် ဤသို့ ဆို၏––

"အကြင်အသျှင်သည် ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာဖြစ်၏၊ လွှမ်းမိုးနိုင်သူဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏၊ စင်စစ် (အလုံးစုံကို) မြင်သူဖြစ်၏၊ အလိုအတိုင်းဖြစ်စေနိုင်သူဖြစ်၏၊ အစိုးရသူဖြစ်၏၊ ပြုသူဖြစ်၏၊ ဖန်ဆင်းသူဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူဖြစ်၏၊ (စျာန်၌) လေ့လာပြီးသူဖြစ်၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖဖြစ်၏၊ ငါတို့ကို ယင်းအသျှင်ဗြဟ္မာ ဖန် ဆင်းထား၏၊ ထို (ဗြဟ္မာ) သည် (ဖြစ်ပေါ်ခြင်းမရှိ၍) မြဲ၏၊ (သေခြင်းမရှိ၍) ခိုင်မြဲ၏၊ (ထာဝစဉ်ရှိနေ၍) တည်မြဲ၏၊ ဖောက်ပြန်ခြင်းသဘောမရှိ၊ (ထို့ကြောင့်) မြဲသောအရာတို့နှင့် တူစွာ တည်မြဲတိုင်းပင် တည်လတ္တံ့၊ ထိုအသျှင် ဗြဟ္မာ ဖန်ဆင်းထားသော ငါတို့သည်ကား (ဖြစ်ပေါ်ခြင်းရှိ၍) မမြဲကုန်၊ (သေခြင်းရှိ၍)မခိုင်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်းသဘော ရှိကုန်၏၊ (ထို့ကြောင့်) ဤ (လူ့) ဘုံသို့ ရောက်လာကုန်၏" ဟု ဆို၏။

http://www.dhammadownload.com

ရဟန်းတို့ ဤသည်ကား ပဌမအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုင်း လောကကိုင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်၏။ (၁-၅)

ကေစ္စသဿတဒိဋ္ဌိ ဒုတိယဝါဒ

၄၅။ ဒုတိယဝါဒ၌ကား အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုင်း လောကကိုင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်သနည်း—

ရဟန်းတို့ ခိဍ္ဍာပဒေါသိက[၁] မည်သောနတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက်နေကုန်၍ (စားသောက်ရန်)သတိမေ့သောကြောင့် ထိုနတ်ဘဝမှ စုတေကုန်၏။

၄၆။ ရဟန်းတို့ ဤသို့သောအကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို (နတ်)ဘုံမှ စုတေခဲ့၍ ဤ(လူ့) ဘုံသို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကိုရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ရှေးဉ်နေဘူးသော ထို (နတ်) ဘဝကို အောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်၊ ထိုသူသည် ဤသို့ ဆို၏—

"အကြင် အသျှင်နတ်တို့သည် ခိဍ္ဍာပဒေါသိက မဟုတ်ကုန်၊ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက် မနေကုန်၍ (စားသောက်ရန်)သတိမမေ့သောကြောင့် ထိုနတ်ဘဝမှ မစုတေကုန်၊ (ဖြစ်ပေါ်ခြင်းမရှိ၍) မြဲကုန်၏၊ (သေခြင်းမရှိ၍) ခိုင်မြဲကုန်၏၊ (ထာဝစဉ်ရှိနေ၍)တည်မြဲကုန်၏၊ဖောက်ပြန်ခြင်းသဘောမရှိကုန်၊ (ထို့ကြောင့်)မြဲသောအရာတို့နှင့် တူစွာ တည်မြဲတိုင်းပင် တည်ကုန်လတ္တံ့၊ ခိဍ္ဍာပဒေါသိကဖြစ်သော ငါတို့သည်ကား အလွန်ကြာမြင့်စွာ ကျီစယ်ပျော်ပါးလျက်နေကုန်၍ (စားသောက်ရန်) သတိမေ့သောကြောင့် ထို (နတ်) ဘဝမှ စုတေခဲ့ကုန်၏၊ (ဖြစ်ပေါ်ခြင်းရှိ၍) မမြဲကုန်၊ (သေခြင်းရှိ၍) မခိုင်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်းသဘောရှိကုန်၏။ (ထို့ကြောင့်) ဤ (လူ့) ဘုံသို့ရောက်လာကုန်၏" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား ဒုတိယ အကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အချို့သမဏ ဗြာဟ္မဏတို့သည် အတ္တကိုင်း လောကကိုင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်၏။ (၂-၆)

ကေစ္စသဿတဒိဋ္ဌိ တတိယဝါဒ

၄၇။ တတိယဝါဒ၌ကား အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အတ္တကိုင်း လောကကိုင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်သနည်း—

၁။ ခိဍ္ဍာပဒေါသိက(ပါဠိ)ခိဍ္ဍာ = ပျော်ပါးခြင်းကြောင့်+ပဒေါသိက = ပျက်စီးသောနတ်။

http://www.dhammadownload.com

ရဟန်းတို့ မနောပဒေါသိက[၁] မည်သောနတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ အချင်းချင်း တစ်စိန်းစိန်းကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ်ဖြစ်ကုန်၍ ကိုယ်စိတ်ပင်ပန်းသောကြောင့် ထိုနတ်ဘဝမှ စုတေကုန်၏။

၄၇။ ရဟန်းတို့ ဤသို့သောအကြောင်းသည် ရှိသေး၏၊ တစ်ဦးတယောက်သော သတ္တဝါသည် ထို(နတ်)ဘုံမှစုတေ၍ ဤ(လူ)ဘုံသို့ ရောက်လာသော် လူ့ဘောင်မှ ရသေ့ရဟန်းဘောင်သို့ ဝင်ပြီး လျှင် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မပြတ်မြဲစွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကို စွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့စိတ်သည် တည်ကြည်လတ်သော် ရှေး၌နေဖူးသော ထို (နတ်) ဘဝကို အောက်မေ့နိုင်၏၊ ထို့ထက်လွန်၍ မအောက်မေ့နိုင်၊ ထိုသူသည် ဤသို့ ဆို၏—

"အကြင် အသျှင် နတ်တို့သည် မနောပဒေါသိက မဟုတ်ကုန်၊ ထိုနတ်တို့သည် အလွန်ကြာမြင့်စွာ အချင်းချင်း တစ်စိန်းစိန်း မကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် မဖြစ်ကုန်ရ၍ ကိုယ်စိတ် မပင်ပန်းကုန်သောကြောင့် ထို (နတ်) ဘဝမှ မစုတေကုန်၊ (ဖြစ်ပေါ်ခြင်း မရှိ၍) မြဲကုန်၏၊ (သေခြင်း မရှိ၍) ခိုင်မြဲကုန်၏၊ (ထာဝစဉ် ရှိနေ၍) တည်မြဲကုန်၏၊ ဖောက်ပြန်ခြင်း သဘော မရှိကုန်၊ (ထို့ကြောင့်) မြဲသောအရာတို့နှင့်တူစွာ တည်မြဲတိုင်းပင် တည်ကုန်လတ္တံ့၊ မနောပဒေါသိကဖြစ်သော ငါတို့ကား အလွန်ကြာမြင့်စွာ အချင်းချင်း တစ်စိန်းစိန်း ကြည့်ကုန်သဖြင့် အချင်းချင်း ဒေါသစိတ် ဖြစ်ကုန်၍ ကိုယ်စိတ်ပင်ပန်းသောကြောင့် ထို (နတ်) ဘဝမှ စုတေခဲ့ကုန်၏၊ (ဖြစ်ပေါ်ခြင်းရှိ၍) မမြဲကုန်၊ (သေခြင်းရှိ၍) မခိုင်မြဲကုန်၊ အသက်တိုကုန်၏၊ သေခြင်း သဘောရှိကုန်၏၊ (ထို့ကြောင့်) ဤလူ့ဘုံသို့ ရောက်လာကုန်၏" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား တတိယ အကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်း လောကကိုလည်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်၏။ (၃-၇)

စေကစ္စသဿတဒိဋ္ဌိ စတုတ္ထဝါဒ

၄၈။ စတုတ္ထဝါဒ၌ကား အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော တို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အတ္တကိုလည်း လောကကိုလည်း အချို့တည်မြဲ၏၊ အချို့မတည်မြဲ ဟု ပြကုန်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်း ဗြာဟ္မဏသည်လည်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုး ကြံစည်၍ စူးစမ်း ခြင်ဆင်၍ မိမိ၏ ထင်မြင်ချက်ကို ဤသို့ ဆို၏ —

"မျက်စိ နား နှာ လျှာ ကိုယ် ဟု ဆိုအပ်သော ဤ (ရုပ်) အတ္တသည် (ဖြစ်ခြင်းရှိ၍) မမြဲ၊ (ပျက်ခြင်းရှိ၍) မခိုင်မြဲ၊ (ထာဝစဉ် ရှိမနေ၍) မတည်မြဲ၊ ဖောက်ပြန်ခြင်း သဘောရှိ၏၊ စိတ်မနော ဝိညာဉ် ဟု ဆိုအပ်သော ဤ (နာမ်) အတ္တသည် (ဖြစ်ခြင်းမရှိ၍) မြဲ၏၊ (သေခြင်း မရှိ၍) ခိုင်မြဲ၏၊ (ထာဝစဉ် ရှိနေ၏) တည်မြဲ၏၊ ဖောက်ပြန်ခြင်း သဘောမရှိ၊ မြဲသော အရာတို့နှင့် တူစွာ တည်မြဲတိုင်းပင် တည်လတ္တံ့"ဟု ဆို၏။

၁။ မနော = ဒေါသစိတ်ကြောင့်+မဒေါသိက= ပျက်စီးသောနတ်။

http://www.dhammadownload.com

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုရင်း လောကကိုရင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကုန်၏။ (၄-ဂ)

၅၀။ ရဟန်းတို့ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုရင်း လောကကိုရင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ဤလေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော သမဏ ဗြာဟ္မဏအားလုံးတို့သည် အတ္တကိုရင်း လောကကိုရင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု ပြကြလျှင် ဤလေးမျိုးသော အကြောင်းတို့ဖြင့် သော်ရင်း ဤ (လေးမျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်ရင်း ပြကုန်၏၊ ဤ (လေးမျိုး) တို့မှ တပါးသော အကြောင်းမရှိ။

၅၁။ ရဟန်းတို့ "ဤအယူတို့သည် ဤသို့ စွဲယူထားလျှင် ဤသို့ မှားယွင်းစွာသုံးသပ်ထားလျှင် ဤအယူတို့သည် ဤသို့ လားရာရှိကုန်၏၊ ဤသို့ တမလွန် ရှိကုန်၏" ဟု မြတ်စွာဘုရားသည် ထို (လေးမျိုးသော အယူ) ကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထို (လေးမျိုးသောအယူ) ကိုလည်း သိတော်မူ၏၊ ယို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်း သိတော်မူ၏၊ ထို (အထူးသဖြင့် လွန်မြတ်သော တရား)ကို သိတော်မူသော်လည်း မှားယွင်းစွာ မသုံးသပ်၊ မှားယွင်းစွာ မသုံးသပ်သောကြောင့် ထို (မြတ်စွာဘုရား) သည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကို သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်းကိုရင်း ချုပ်ကြောင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ဝေဒနာတို့မှ ထွက်မြောက်ရာ ကိုရင်း ဟုတ်မှန်သောအတိုင်း သိတော်မူသဖြင့် (တစုံတရာ) မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

၅၂။ ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်တရားတို့ကို ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို ဖုန်စွာပြောလိုကြလျှင် အကြင်တရားတို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

အန္တာနန္တိကဝါဒ အဆုံးရှိ အဆုံးမရှိအယူလေးမျိုး

၅၃။ ရဟန်းတို့ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) လောက၏ အဆုံးရှိ အဆုံးမရှိကို လေးမျိုးသော အကြောင်းတို့ဖြင့်ပြကုန်၏၊ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော ထိုအသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ လောက၏ အဆုံးရှိ အဆုံးမရှိကို လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း —

http://www.dhammadownload.com

အန္တာနန္တဒိဋ္ဌိ ပဌမဝါဒ

၃၄။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မပြတ်စွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် လောက၌ အဆုံးရှိ၏ ဟု ထင်မှတ်လျက်နေ၏၊ ထိုသူသည် ဤသို့ ဆို၏—

"ဤလောကသည် အဆုံးရှိ၏၊ ပတ်၍သွားနိုင်သော ခရီးရှိ၏၊ အဘယ်ကြောင့် ဆိုသော် ငါသည် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မပြတ်စွာအားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကို စွဲ၍ မမေ့လျော့ခြင်းကို စွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် လောက၌ အဆုံးရှိ၏ ဟု ထင်မှတ်လျက် နေ၏၊ ဤအကြောင်းကြောင့် ဤလောကသည် အဆုံးရှိ၏၊ ပတ်၍သွားနိုင်သော ခရီးရှိ၏ ဟု ငါသိ၏" ဟူ၍ ဆို၏။

ရဟန်းတို့ ဤသည်ကား ပဌမအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်၏။ (၁-၉)

အန္တာနန္တဒိဋ္ဌိ ဒုတိယဝါဒ

၃၅။ ဒုတိယဝါဒ၌ကား အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မပြတ်စွာ အားထုတ်ခြင်းကို စွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် လောက၌ အဆုံးမရှိ ဟု ထင်မှတ်လျက်နေ၏။ ထိုသူသည် ဤသို့ ဆို၏—

"ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြားမရှိ၊ 'ဤလောကသည် အဆုံးရှိ၏၊ ပတ်၍ သွားနိုင်သော ခရီးရှိ၏' ဟု ဆိုကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ ဤလောကသည် အဆုံးမရှိ အပိုင်းအခြားမရှိ၊ အဘယ့်ကြောင့်ဆိုသော်—

ငါသည် ပြင်းစွာအားထုတ်ခြင်းကို စွဲ၍ မပြတ်စွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်လတ်သော် လောက၌ အဆုံးမရှိ ဟု ထင်မှတ်လျက်နေ၏၊ ဤအကြောင်းကြောင့် ဤလောကသည် အဆုံးမရှိ အပိုင်းအခြားမရှိ ဟု ငါသိ၏" ဟူ၍ ဆို၏။

http://www.dhammadownload.com

ရဟန်းတို့ ဤသည်ကား ဒုတိယအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏဗြာဟ္မဏ တို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်၏။ (၂-၁၀)

အန္တာနန္တိကဝါဒ တတိယဝါဒ

၅၆။ တတိယဝါဒ၌ကား အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ပြင်းထန်စွာအားထုတ်ခြင်းကိုစွဲ၍ မပြတ်စွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကို စွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် လောက၌ အထက်နှင့်အောက် အဆုံးရှိ၏၊ ဖီလာ[၁] ကား အဆုံးမရှိ ဟု ထင်မြင်လျက်နေ၏။ ထိုသူသည် ဤသို့ ဆို၏—

"ဤလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိ၊ 'ဤလောကသည် အဆုံးရှိ၏၊ ပတ်၍ သွားနိုင်သောခရီးရှိ၏' ဟု ဆိုကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ 'ဤလောကသည် အဆုံးမရှိ အပိုင်းအခြားမရှိ' ဟု ဆိုကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်လည်း မှား၏။ အဘယ့်ကြောင့်ဆိုသော်—

ငါသည် ပြင်းစွာအားထုတ်ခြင်းကိုစွဲ၍ မပြတ်စွာအားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့လျော့ခြင်းကိုစွဲ၍ ကောင်းစွာနှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် လောက၌ အထက်နှင့်အောက်အဆုံးရှိ၏၊ ဖီလာကား အဆုံးမရှိ ဟု ထင်မှတ်လျက်နေ၏၊ ဤအကြောင်းကြောင့် ဤလောကသည် အဆုံးလည်းရှိ၏ အဆုံးလည်းမရှိ ဟု ငါ သိ၏" ဟူ၍ ဆို၏။

ရဟန်းတို့ ဤသည်ကား တတိယအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်၏။ (၃-၁၁)

အန္တာနန္တိကဝါဒ စတုတ္ထဝါဒ

၅၇။ စတုတ္ထဝါဒ၌ကား အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကုန်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုးကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိ၏ ထင်မြင်ချက်ကို ဤသို့ ဆို၏—

"ဤလောကသည် အဆုံးရှိလည်းမဟုတ်၊ အဆုံးမရှိလည်းမဟုတ်၊ 'ဤလောကသည် အဆုံးရှိ၏၊ ပတ်၍သွားနိုင်သော ခရီးရှိ၏' ဟု ပြောကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်

၁။ ဖီလာ—ဘေးပတ်ဝန်းကျင်။

http://www.dhammadownload.com

မှား၏။ 'ဤလောကသည် အဆုံးမရှိ အပိုင်းအခြားမရှိ' ဟု ပြောကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်လည်း မှား၏။ 'ဤလောကသည် အဆုံးလည်းရှိ၏၊ အဆုံးလည်း မရှိ' ဟု ပြောကြသော ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်လည်း မှား၏။ ဤလောက သည် အဆုံးရှိလည်း မဟုတ် အဆုံးမရှိလည်း မဟုတ်" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အချို့သောသမဏ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံး မရှိကို ပြကုန်၏။ (၄-၁၂)

၅၈။ ရဟန်းတို့ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ဤလေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် လောက၏ အဆုံးရှိ အဆုံးမရှိကို ပြကြလျှင် ဤလေးမျိုးသောအကြောင်းတို့ဖြင့် သော်၎င်း ဤ (လေးမျိုး)တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ(လေးမျိုး)တို့မှ တပါးသောအကြောင်းမရှိ။

၅၉။ ရဟန်းတို့ "ဤအယူတို့သည် ဤသို့ စွဲယူထားလျှင် ဤသို့ မှားယွင်းစွာ သုံးသပ်ထားလျှင် ဤအယူတို့သည် ဤသို့ လားရာရှိကုန်၏၊ ဤသို့ တမလွန်ရှိကုန်၏" ဟု မြတ်စွာဘုရားသည် ထို(လေး မျိုးသောအယူ) ကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထို (လေးမျိုးသောအယူ) ကိုလည်း သိတော်မူ၏၊ ထို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်း သိတော်မူ၏၊ ထို (အထူးသဖြင့် လွန်မြတ်သောတရား) ကို သိတော် မူသော်လည်း မှားယွင်းစွာ မသုံးသပ်၊ မှားယွင်းစွာ မသုံးသပ်သောကြောင့် ထို (မြတ်သောဘုရား) သည် ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကို သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာ၏ ဖြစ်ကြောင်းကိုင်း ချုပ်ကြောင်းကိုင်း သာယာဖွယ် ကို၎င်း အပြစ်ကို၎င်း ဝေဒနာတို့မှထွက်မြောက်ရာကို၎င်း ဟုတ်မှန်သောအတိုင်း သိတော်မူသဖြင့် (ကခိုတရာ) မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

၆၀။ ရဟန်းတို့ မြတ်စွာဘုရားသည် အကြင်တရားတို့ကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်တရားတို့ဖြင့် ပြောကြရာ၏။ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက် ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့ သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

အမရာဝိက္ခေပ ဝါဒ

အဆုံးမရှိပစ်လွှင့်သော အယူလေးမျိုး

၆၁။ ရဟန်းတို့ အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) ထိုထိုအရာ၌ အမေးခံကြရလျှင် လေးမျိုးသော အကြောင်းတို့ဖြင့် အဆုံးမရှိ ပစ်လွှင့်သောစကားကို ဆိုကုန်၏။

http://www.dhammadownload.com

အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ လေးမျိုးသောအကြောင်းတို့ဖြင့် အဆုံးမရှိ ပစ်လွင့်သော စကားကို ဆိုကုန်သနည်း—

အမရာဝိက္ခေပဒိဋ္ဌိ ပဌမဝါဒ

၆၂။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သောအတိုင်းမသိ၊ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သော အတိုင်းမသိ၊ ထိုသူအား ဤသို့ အကြံဖြစ်၏—

"ဤကား ကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း ငါမသိ၊ ဤကား အကုသိုလ် ဟု ဟုတ်မှန်သော အတိုင်း ငါမသိ၊ ငါသည် ဤကား ကုသိုလ် ဟု ဟုတ်မှန်သော အတိုင်း မသိပဲလျက် ဤကား အကုသိုလ် ဟု ဟုတ်မှန်သော အတိုင်း မသိပဲလျက် ဤကား ကုသိုလ်ဟု သော်လည်း ဖြေငြားအံ့၊ ဤကား အကုသိုလ် ဟု သော်လည်း ဖြေကြားအံ့ ပါ၏ ထိုအဖြေသည် အမှား ဖြစ်ရာ၏၊ ထိုအမှားကြောင့် ငါ့အား ပင်ပန်းခြင်း ဖြစ်ရာ၏၊ ထိုပင်ပန်းခြင်းကြောင့် ငါ့အား အန္တရာယ် ဖြစ်ရာ၏" ဟု အကြံဖြစ်၏။

ထိုသူသည် ဤသို့ မမှန်ပြောခြင်းကို ကြောက်သောကြောင့် မမှန်ပြောခြင်းကို စက်ဆုပ်သောကြောင့် ဤကား ကုသိုလ်တည်း ဟု မဖြေ၊ ဤကား အကုသိုလ်တည်းဟု မဖြေ၊ ထိုထိုအရာ၌အမေးခံရလျှင် "ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ" ဟု အဆုံးမရှိ ပစ်လွင့်သော စကားကို ဆို၏။

ရဟန်းတို့ ဤသည်ကားပဌမအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကိုစွဲမှီ၍အဆုံးမရှိပစ်လွင့်သော အယူရှိကုန်သောအချို့သောသမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဆုံးမရှိသော ပစ်လွင့်သော စကားကို ဆိုကုန်၏။ (၁–၁၃)

အခရာဝိက္ခေပ ဒုတိယဝါဒ

၆၃။ ဒုတိယဝါဒ၌ကား အဆုံးမရှိ ပစ်လွင့်သော အယူရှိကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အဆုံးမရှိ ပစ်လွင့်သော စကားကို ဆိုကုန်သနည်း—

ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သောအတိုင်း မသိ၊ "ဤကား အကုသိုလ်တည်း"ဟု ဟုတ်မှန်သော အတိုင်းမသိ၊ ထိုသူအား ဤသို့ အကြံ ဖြစ်၏—

"ဤကား ကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း ငါမသိ၊ ဤကား အကုသိုလ် ဟု ဟုတ်မှန်သော အတိုင်း ငါမသိ၊ ငါသည် ဤကား ကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကား အကုသိုလ် ဟု ဟုတ်မှန်သော အတိုင်း မသိပဲလျက် ဤကား ကုသိုလ် ဟု သော်လည် ဖြေငြားအံ့၊ ဤကား အကုသိုလ် ဟု သော်လည်း ဖြေငြားအံ့၊ ထို ဖြေခြင်းကြောင့် ငါ့အာ

http://www.dhammadownload.com

နှစ်သက်ခြင်း 'ဆန္ဒ' သည်ရင်း တပ်မက်ခြင်း 'ရာဂ' သည်ရင်း အမျက်ထွက်ခြင်း 'ဒေါသ' သည်ရင်း စိတ်ထိခိုက်ခြင်း 'ပဋိဃ' သည်ရင်း ဖြစ်ရာ၏၊ ထို နှစ်သက်ခြင်း 'ဆန္ဒ' တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' စိတ်ထိခိုက်ခြင်း 'ပဋိဃ' ကြောင့် ငါ့အား စွဲလမ်းခြင်း 'ဥပါဒါန်' ဖြစ်ရာ၏၊ ထိုစွဲလမ်းခြင်းကြောင့် ငါ့အား ပင်ပန်းခြင်း ဖြစ်ရာ၏၊ ထိုပင်ပန်းခြင်းကြောင့် ငါ့အား အန္တရာယ် ဖြစ်ရာ၏" ဟု အကြံ ဖြစ်၏။

ထိုသူသည် ဤသို့ စွဲလမ်းခြင်းကို ကြောက်သောကြောင့် စွဲလမ်းခြင်းကို စက်ဆုပ်သောကြောင့် ဤကား ကုသိုလ်တည်း ဟု မဖြေ၊ ဤကား အကုသိုလ်တည်း ဟု မဖြေ၊ ထိုထိုအရာ၌ အမေးခံရလျှင် "ဤသို့ဟုလည်း ငါမယူ ထိုသို့ဟုလည်း ငါမယူ အခြားသို့ဟုလည်း ငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ" ဟု အဆုံးမရှိ ပစ်လွှင့်သော စကားကို ဆို၏။

ရဟန်းတို့ ဤသည်ကား ဒုတိယအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေး ခံကြရလျှင် အဆုံးမရှိ ပစ်လွှင့်သော စကားကို ဆိုကုန်၏။ (၂-၁၄)

အမရာဝိက္ခေပ တတိယဝါဒ

၆၄။ တတိယဝါဒ၌ကား အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အဆုံးမရှိ ပစ်လွှင့်သော စကားကို ဆိုကုန်သနည်း—

ဤလောက၌ အချို့သော သမဏသည်ရင်း ဗြာဟ္မဏသည်ရင်း "ဤကား ကုသိုလ်တည်း" ဟု ဟုတ်မှန်သောအတိုင်း မသိ၊ "ဤကား အကုသိုလ်တည်း" ဟု ဟုတ်မှန်သောအတိုင်း မသိ၊ ထိုသူအား ဤသို့ အကြံဖြစ်၏—

"ဤကား ကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း ငါမသိ၊ ဤကား အကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း ငါမသိ၊ ငါသည် ဤကား ကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကား အကုသိုလ် ဟု ဟုတ်မှန်သောအတိုင်း မသိပဲလျက် ဤကား ကုသိုလ်ဟုသော်လည်း ဖြေငြားအံ့၊ ဤကား အကုသိုလ် ဟု သော်လည်း ဖြေငြားအံ့၊ ပညာရှိကုန်သော သိမ်မွေ့သောဉာဏ် ရှိကုန်သော သူတပါးတို့ အယူကို လေ့လာပြီး ဖြစ်ကုန်သော သားမြီးကို ပစ်ခွဲနိုင်သည့် လေးသမားနှင့်တူကုန်သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် မှားသော အယူတို့ကို ပညာဖြင့် ဖျက်ဆီးနေဘိသကဲ့သို့ ကျက်စားနေကုန်၏၊ ထိုသူတို့သည် ငါ့ကို ထို (ကုသိုလ် အကုသိုလ်)တို့၌ မေးစစ်ကုန်ရာ၏၊ စိစစ်ကုန်ရာ၏၊ ဆိုဆုံးမကုန်ရာ၏၊ ထိုသို့မေးစစ်ကြလျှင် စိစစ်ကြလျှင် ဆိုဆုံးမကြလျှင် ထိုသူတို့အား ငါသည် ပြည့်စုံစွာ မဖြေနိုင်ရာ၊ ထို (မဖြေနိုင်ခြင်း) ကြောင့် ငါ့အား ပင်ပန်းခြင်းဖြစ်ရာ၏၊ ထို (ပင်ပန်းခြင်း) ကြောင့် ငါ့အား အန္တရာယ် ဖြစ်ရာ၏" ဟု အကြံ ဖြစ်၏။

ထိုသူသည် ဤသို့ မေးစစ်ခြင်းကို ကြောက်သောကြောင့် မေးစစ်ခြင်းကို စက်ဆုပ်သောကြောင့် ဤကား ကုသိုလ်တည်း ဟု မဖြေ၊ ဤကား အကုသိုလ်တည်း ဟု မဖြေ၊ ထိုထိုအရာ၌ အမေးခံရလျှင် "ဤသို့ဟုလည်း ငါမယူ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်း ငါမယူ (ဤသို့ ထိုသို့ အခြားသို့)

http://www.dhammadownload.com

မဟုတ်ဟုလည်း ငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ"ဟု အဆုံးမရှိ ပစ်လွှင့်သောစကားကို ဆို၏။

ရဟန်းတို့ ဤသည်ကား တတိယ အကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေး ခံကြရလျှင် အဆုံးမရှိ ပစ်လွှင့်သော စကားကို ဆိုကုန်၏။ (၃-၁၅)

အမရာဝိက္ခေပ စတုတ္ထဝါဒ

၆၅။ စတုတ္ထဝါဒ၌ကား အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အချို့သမဏဗြာဟ္မဏတို့ သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ အဆုံးမရှိ ပစ်လွှင့် သော စကားကို ဆိုကုန်သနည်း—

ရဟန်းတို့ ဤလောက၌ ပညာနုံ့သော အလွန်တွေဝေသော အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ထိုထိုအရာ၌ အမေးခံကြရလျှင် ပညာနုံ့ခြင်း အလွန်တွေဝေခြင်းကြောင့် ထို အဆုံးမရှိ ပစ်လွှင့်သောစကားကို ဆို၏။

"တပါးသော လောကရှိသလော" ဟု (သင်) ငါ့ကို မေးသော် "တပါးသော လောကရှိ၏" ဟု ငါအယူရှိခဲ့လျှင် "တပါးသော လောကရှိ၏" ဟု သင့်အား ငါဖြေရာ၏၊ (သို့ရာတွင်) ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်း ငါမယူ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါ မယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ။

တပါးသော လောက မရှိသလော။ပ။

တပါးသောလောက ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။

တပါးသော လောက ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သလော။ပ။

(သေ၍) ဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ မရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိလည်းရှိ မရှိလည်း မရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် သလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက်ရှိသလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် မရှိသလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ် သလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသလော။ပ။

http://www.dhammadownload.com

သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိသလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်းမရှိသလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သလော" ဟု (သင်) ငါ့ကို မေးသော် "သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်" ဟု ငါ အယူရှိခဲ့လျှင် "သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်" ဟု သင့်အား ငါဖြေရာ၏၊ (သို့ရာတွင်) ဤသို့ဟုလည်း ငါမယူ၊ ထိုသို့ဟုလည်း ငါမယူ၊ အခြားသို့ဟုလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်ဟုလည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ်ဟုလည်း ငါမယူ ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား စတုတ္ထအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကို စွဲမှီ၍ အဆုံးမရှိ ပစ်လွင့်သော အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေး ခံကြရလျှင် အဆုံးမရှိ ပစ်လွင့်သော စကားကို ဆိုကုန်၏။ (၄-၁၆)

၆၆။ ရဟန်းတို့ အဆုံးမရှိ ပစ်လွင့်သော အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် အဆုံးမရှိ ပစ်လွင့်သော စကားကို ဤလေးမျိုးသော အကြောင်းတို့ဖြင့် ဆိုကုန်၏။

ရဟန်းတို့ အဆုံးမရှိ ပစ်လွင့်သော အယူရှိကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် ထိုထို အရာ၌ အမေးခံကြရ၍ အဆုံးမရှိ ပစ်လွင့်သောစကားကို ဆိုကြလျှင် ဤလေးမျိုးသော အကြောင်း တို့ဖြင့်သော်၎င်း ဤ (လေးမျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ဆိုကုန်၏၊ ဤ (လေးမျိုး) တို့မှ တပါးသော အကြောင်းမရှိ။ပ။[1] မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာ ပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ ပ။[2] ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

အဓိစ္စသမုပ္ပန္နဝါဒ

အကြောင်းမဲ့အယူနှစ်မျိုး

၆၇။ ရဟန်းတို့ အကြောင်းမဲ့ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) အတ္တကိုင်း လောကကိုင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု နှစ်မျိုးသောအကြောင်း တို့ဖြင့် ပြကုန်၏။

အကြောင်းမဲ့ အယူရှိကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု ၍အဘယ်ကို စွဲမှီ၍ အတ္တကိုင်း လောကကိုင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

အဓိစ္စသမုပ္ပန္န ပဌမဝါဒ

၆၈။ ရဟန်းတို့ အသညသတ် မည်သော ဗြဟ္မာတို့သည် ရှိကုန်၏၊ ထိုဗြဟ္မာတို့သည် (ပဋိသန္ဓေ) သညာဖြစ်ပေါ်ခြင်းကြောင့် ထို (ဗြဟ္မာ့) ဘုံမှ စုတေကုန်၏။ ရဟန်းတို့ ဤသို့သော အကြောင်းသည် ရှိသေး၏၊ တဦးတယောက်သော သတ္တဝါသည် ထို (ဗြဟ္မာ့) ဘုံမှ စုတေ၍ ဤ

၁။ ပ—အပိုဒ် ၃၉-ပြန်ကြည့်ပါ။ ၂။ ပ—အပိုဒ် ၆၀-ပြန်ကြည့်ပါ။

http://www.dhammadownload.com

(လူ့)ဘုံသို့ရောက်လာသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ပြီးလျှင် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ မြဲမြံစွာ အားထုတ်ခြင်းကိုစွဲ၍ အဖန်ဖန်အားထုတ်ခြင်းကိုစွဲ၍ မမေ့မလျော့ခြင်းကိုစွဲ၍ ကောင်းစွာ နှလုံးသွင်းခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော စိတ်တည်ကြည်ခြင်းကို ရ၏၊ ယင်းသို့ စိတ်သည် တည်ကြည်လတ်သော် ပဋိသန္ဓေသညာဖြစ်ပေါ်ခြင်းကို အောက်မေ့နိုင်၏၊ ထိုထက်အလွန် မအောက်မေ့နိုင်။ ထိုသူသည် ဤသို့ ဆို၏—

"အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ အဘယ့်ကြောင့်ဆိုသော် ငါသည် ရှေး၌မရှိခဲ့၊ ထိုငါသည် မရှိခဲ့ဘဲလျက် ယခု ထင်ရှားရှိလာ၏" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား ပဌမအကြောင်းတည်း၊ ယင်းကို အကြောင်းပြု၍ ယင်းကိုစွဲမှီ၍ အကြောင်းမဲ့အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု ပြကုန်၏။ (၁-၁၇)

အဓိစ္စသမုပ္ပန္န ဒုတိယဝါဒ

၆၉။ ဒုတိယဝါဒ၌ကား အကြောင်းမဲ့ အယူရှိကုန်သော အချို့ သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု ပြကုန်သနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်လည်းကောင်း ဗြာဟ္မဏသည်လည်းကောင်း ကြံစည်လေ့ရှိ၏၊ စူးစမ်းလေ့ရှိ၏၊ ထိုသူသည် အမျိုးမျိုးကြံစည်၍ စူးစမ်းဆင်ခြင်၍ မိမိ၏ ထင်မြင်ချက်ကို ဤသို့ ဆို၏—

"အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း အကြောင်းမဲ့ဖြစ်၏" ဟု ဆို၏။

ရဟန်းတို့ ဤသည်ကား ဒုတိယအကြောင်းတည်း၊ ယင်းကိုအကြောင်းပြု၍ ယင်းကို စွဲမှီ၍ အကြောင်းမဲ့ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း အကြောင်းမဲ့ဖြစ်ပေါ်၏ ဟု ပြကုန်၏။ (၂-၁၈)

၇၀။ ရဟန်းတို့ အကြောင်းမဲ့ အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း အကြောင်းမဲ့ဖြစ်ပေါ်ကုန်၏ ဟု ဤနှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ အကြောင်းမဲ့ အယူရှိကုန်သော သမဏ ဗြာဟ္မဏအားလုံးတို့သည် အတ္တကိုလည်းကောင်း လောကကိုလည်းကောင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု ဤနှစ်မျိုးသော အကြောင်းတို့ဖြင့်သော်လည်း ဤ (နှစ်မျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်လည်း ပြကုန်၏၊ ဤ(နှစ်မျိုး)တို့မှတပါးသော အကြောင်းမရှိ။ ပ။[၁] မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်တရားတို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။[၂]ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

၇၁။ ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သောရှေးအဘို့ကို စွဲယူကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ရှေးအဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို ဤတဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။

၁။ ပ — ဆိုဒ်၆၀-ပြန်ကြည့်ပါ၊

၂။ ပ — ဆိုဒ်၆၀-ပြန်ကြည့်ပါ၊

http://www.dhammadownload.com

ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သော ရှေးအတို့ကို စွဲယူကုန်သော သမဏ ဗြာဟ္မဏအားလုံးတို့သည် **ရှေးအဘို့ကိုစွဲမှီ၍** များပြားသောမိစ္ဆာ အယူပြစကားတို့ကို ပြောဟောကြလျှင် **ဤတဆယ့်ရှစ်မျိုးသော အကြောင်း**တို့ဖြင့်သော်ရင်း ဤ (တဆယ့်ရှစ်မျိုး) တို့တွင် တမျိုးမျိုးသောအကြောင်းဖြင့် **သော်ရင်း** ပြောဟောကုန်၏၊ ဤ (တဆယ့်ရှစ်မျိုး)တို့မှ ကပါးသော အကြောင်းမရှိ။

၇၂။ ရဟန်းတို့ ဤအယူတို့သည် ဤသို့စွဲယူထားလျှင် ဤသို့မှားယွင်းစွာ သုံးသပ်ထားလျှင် ဤအယူတို့သည် "ဤသို့လားရာရှိကုန်၏ ဤသို့ တမလွန်ရှိကုန်၏" ဟု မြတ်စွာဘုရားသည် ထို (တဆယ့်ရှစ်မျိုးသော အယူ)ကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထို(တဆယ့်ရှစ်မျိုးသောအယူ)ကိုလည်း သိတော်မူ၏၊ထို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်း သိတော်မူ၏၊ ထို(အထူးသဖြင့် လွန်မြတ်သော တရား)ကို သိတော်မူသော်လည်း မှားယွင်းစွာမသုံးသပ်၊ မှားယွင်းစွာ မသုံးသပ်သောကြောင့် ထို(မြတ်စွာဘုရားသည်) ကိုယ်တော်တိုင်သာလျှင် နိဗ္ဗာန်ကို သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့ ဖြစ်ကြောင်းကိုရင်း ချုပ်ကြောင်းကိုရင်း သာယာဘွယ်ကိုရင်း အပြစ်ကိုရင်း ဝေဒနာတို့မှ ထွက်မြောက်ရာကိုရင်း ဟုတ်မှန်သောအတိုင်း သိတော်မူသဖြင့် (**တစုံတရာ**) မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

၇၃။ ရဟန်းတို့ မြတ်စွာဘုရားသည် အကြင် (တရား)တို့ကို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်(တရား)တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာ သိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

အပရန္တာနုဒိဋ္ဌိ လေးဆယ့်လေးမျိုး

၇၄။ ရဟန်းတို့ နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကိုစွဲယူကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊(ထိုသူတို့သည်) နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို လေးဆယ့်လေးမျိုးသောအကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ထိုအသျှင် သမဏဗြာဟ္မဏတို့သည် အဘယ်ကိုအကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ နောက်အဘို့ကို ကြံဆကုန်သနည်း၊နောက်အဘို့ကိုစွဲယူကုန်သနည်း၊ နောက်အဘို့ကိုစွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို လေးဆယ့်လေးမျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်သနည်း—

ဥဒ္ဓမာဃာတနိက သညီဝါဒ

သေပြီးနောက် သညာရှိအယူ တဆယ့်ခြောက်မျိုး

၇၅။ ရဟန်းတို့ သေပြီးနောက် သညာရှိအသူရှိကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏။ (ထိုသူတို့သည်) သေပြီးသည့်နောက် သညာရှိသော အတ္တကို တဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊သေပြီးနောက် သညာရှိအယူရှိကုန်သော ထိုအသျှင်သမဏဗြာဟ္မဏတို့သည်

http://www.dhammadownload.com

အဘယ်ကို အကြောင်းပြု၍ အဘယ်ကိုစွဲမှီ၍ သေပြီးနောက် သညာရှိသော အတ္တကိုရှင်း တဆယ့် ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

၇၆။ အတ္တသည် ရုပ်ရှိ၏ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏ ဟု ပြကုန်၏။

အတ္တသည် ရုပ်မရှိ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိ၏ ဟု ပြကုန်၏။

အတ္တသည် ရုပ်ရှိလည်းဟုတ်၏၊ ရုပ်မရှိလည်းဟုတ်၏။ပ။

အတ္တသည် ရုပ်ရှိလည်းမဟုတ် ရုပ်မရှိလည်းမဟုတ်။

အတ္တသည် အဆုံးရှိ၏။

အတ္တသည် အဆုံးမရှိ။

အတ္တသည် အဆုံးရှိလည်း ဟုတ်၏၊ အဆုံးမရှိလည်း ဟုတ်၏။

အတ္တသည် အဆုံးရှိလည်း မဟုတ် အဆုံးမရှိလည်း မဟုတ်။

အတ္တသည် တမျိုးတည်းသော သညာရှိ၏။

အတ္တသည် အမျိုးမျိုးသော သညာရှိ၏။

အတ္တသည် သေးငယ်သော သညာရှိ၏။

အတ္တသည် ကြီးကျယ်သော သညာရှိ၏။

အတ္တသည် စင်စစ် ချမ်းသာချည်းရှိ၏။

အတ္တသည် စင်စစ် ဆင်းရဲချည်းရှိ၏။

အတ္တသည် ချမ်းသာဆင်းရဲရှိ၏။

အတ္တသည် ချမ်းသာဆင်းရဲမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ **သညာရှိ၏** ဟု ပြကုန်၏။ (၁၆-၃၄)

၇၇။ ရဟန်းတို့ သေပြီးနောက် သညာရှိ အယူရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် သေပြီးနောက် သညာရှိသော အတ္တကို ဤ တဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ သေပြီးနောက် သညာရှိ အယူရှိကုန်သော သမဏဗြာဟ္မဏအားလုံးတို့သည် သေပြီး နောက် သညာရှိသော အတ္တကို ပြကြလျှင် ဤတဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့်သော်၎င်း ဤ(တဆယ့်ခြောက်မျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ (တဆယ့် ခြောက်မျိုး) တို့မှ တပါးသော အကြောင်းမရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာ ပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ဒုတိယဘာဏဝါရ ပြီး၏။

http://www.dhammadownload.com

ဥဒ္ဓမာဃာတနိက အသညီဝါဒ

သေပြီးနောက် သညာမရှိအယူရှစ်မျိုး

၇၈။ ရဟန်းတို့ သေပြီးနောက် သညာမရှိ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) သေပြီးနောက် သညာမရှိသော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

သေပြီးနောက် သညာမရှိ အယူရှိကုန်သော ထိုအသျှင်သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ သေပြီးနောက် သညာမရှိသောအတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

၇၉။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာမရှိ ဟု ပြကုန်၏။

အတ္တသည် ရုပ်မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာမရှိ ဟု ပြကုန်၏။

အတ္တသည် ရုပ်ရှိလည်း ဟုတ်၏၊ ရုပ်မရှိလည်း ဟုတ်၏။ပ။

အတ္တသည် ရုပ်ရှိလည်း မဟုတ်၊ ရုပ်မရှိလည်း မဟုတ်။

အတ္တသည် အဆုံးရှိ၏။

အတ္တသည် အဆုံးမရှိ။

အတ္တသည် အဆုံးရှိလည်း ဟုတ်၏၊ အဆုံးမရှိလည်း ဟုတ်၏။

အတ္တသည် အဆုံးရှိလည်း မဟုတ်၊ အဆုံးမရှိလည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာမရှိ ဟု ပြကုန်၏။ (၈-၂၄-၄၂)

၈၀။ သေပြီးနောက် သညာမရှိ အယူရှိကုန်သော ထို သမဏ ဗြာဟ္မဏတို့သည် သေပြီးနောက် သညာမရှိသော အတ္တကို ဤရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ သေပြီးနောက် သညာမရှိ အယူရှိကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် သေပြီးနောက် သညာမရှိသော အတ္တကိုပြကြလျှင် ဤရှစ်မျိုးသော အကြောင်းတို့ဖြင့်သော်၎င်း ဤ (ရှစ်မျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ (ရှစ်မျိုး) တို့မှ တပါးသော အကြောင်းမရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီဝါဒ

သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူရှစ်မျိုး

၈၁။ ရဟန်းတို့ သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်း မဟုတ်သော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

http://www.dhammadownload.com

သေပြီးနောက် သညာရှိလည်း မဟုတ် မရှိလည်းမဟုတ် အယူရှိကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ်သော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

၈၂။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိလည်းမဟုတ် မရှိလည်း မဟုတ် ဟု ပြကုန်၏။

အတ္တသည် ရုပ်မရှိ။

အတ္တသည် ရုပ်ရှိလည်း ဟုတ်၏။ ရုပ်မရှိလည်း ဟုတ်၏။

အတ္တသည် ရုပ်ရှိလည်း မဟုတ်၊ ရုပ်မရှိလည်း မဟုတ်။

အတ္တသည် အဆုံးရှိ၏။

အတ္တသည် အဆုံးမရှိ။

အတ္တသည် အဆုံးရှိလည်း ဟုတ်၏၊ အဆုံးမရှိလည်း ဟုတ်၏။

အတ္တသည် အဆုံးရှိလည်း မဟုတ်၊ အဆုံးမရှိလည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာရှိလည်းမဟုတ် မရှိလည်း မဟုတ် ဟု ပြကုန်၏။ (၁-၃၂-၅၀)

၈၃။ ရဟန်းတို့ သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် ဟု အယူရှိကုန်သော ထို သမဏ ဗြာဟ္မဏတို့သည် သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်း မဟုတ်သော အတ္တကို ဤရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ သေပြီးနောက် သညာရှိလည်းမဟုတ်၊ မရှိလည်းမဟုတ် အယူရှိကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ်သော အတ္တကို ပြကြလျှင် ဤရှစ်မျိုးသော အကြောင်းတို့ဖြင့်သော်၎င်း၊ ဤ(ရှစ်မျိုး)တို့တွင် တမျိုးမျိုးသော အကြောင်း ဖြင့်သော်၎င်း ပြကုန်၏၊ ဤ(ရှစ်မျိုး)တို့မှ တပါးသောအကြောင်းမရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ် မှန်သော ဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင်(တရား)တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ဥစ္ဆေဒဝါဒ

ပြတ်စဲ အယူခုနစ်မျိုး

၈၄။ ရဟန်းတို့ ပြတ်စဲ အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏ (ထိုသူတို့သည်) ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ခုနစ်မျိုး သော အကြောင်းတို့ဖြင့် ပြကုန်၏။

ပြတ်စဲအယူရှိကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍၊ အဘယ်ကိုစွဲမှီ၍ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ခုနစ်မျိုး သော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

http://www.dhammadownload.com

၈၅။ ရဟန်းတို့ ဤလောက၌ အချို့သောသမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤသို့ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏—

"အချင်း ဤအတ္တသည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဘတို့မှ ပေါက်ဖွား၏၊ ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌ မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၁-၃၃-၅၁)

၈၆။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး၊ ကာမဝစရနတ်ပြည်၌ဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော အခြားအတ္တသည် ရှိသေး၏၊ ထိုအတ္တကို သင်မသိ (သင်)မမြင်၊ ထိုအတ္တကို ငါသိ၏၊ (ငါ) မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှနောက်၌ မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၂-၃၄-၅၂)

၈၇။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝ ပြတ်စဲသည်မဟုတ်သေး၊ ဗြဟ္မာ့ပြည်၌ဖြစ်သော အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော စျာန်စိတ်ကြောင့် ဖြစ်သော ရုပ်ရှိသော အခြားအတ္တသည်ရှိသေး၏၊ ထိုအတ္တကို သင်မသိ၊(သင်)မမြင်၊ ထိုအတ္တကို ငါသိ၏၊ (ငါ)မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင်ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားသောသတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၃-၃၅-၅၃)

၈၈။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး။ ရူပသညာ [၁] တို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာ [၂] တို့လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို [၃] လုံးဝနှလုံးမသွင်းမူ၍ 'ကောင်းကင်သည်

၁။ ရူပသညာ = ရူပဈာန်၌ဖြစ်သောသညာ။

၂။ ပဋိဃသညာ = စက္ခုစသောဝတ္ထုရုပ်ငါးပါး၌ ရူပါရုံစသော အာရုံငါးပါးတို့ ထိခိုက်သောအခါ ဖြစ်ပေါ်သော ပဉ္စဝိညာဉ်သညာ။

၃။ နာနတ္တသညာ = ပဋိဃသညာမှတပါးသော အမျိုးမျိုးသော ကာမာဝစရသညာ။

http://www.dhammadownload.com

အဆုံးမရှိ' ဟု (နှလုံးသွင်းလျက်)အာကာသာနဉ္စာယတန ဖြဟ္မာ့ဘုံသို့ရောက်သော အခြား အတ္တသည်ရှိသေး၏၊ ထိုအတ္တကို သင်မသိ၊(သင်)မမြင်၊ထိုအတ္တကို ငါသိ၏၊ (ငါ)မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှနောက်၌ မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၄-၃၆-၅၄)

၉၉။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး၊ အာကာသာနဉ္စာယတန ဈာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဉ်သည် အဆုံးမရှိ'ဟု (နှလုံးသွင်းလျက်)ဝိညာဏဉ္စာယတန ဗြဟ္မာ့ဘုံသို့ ရောက်သော အခြားအတ္တသည် ရှိသေး၏၊ ထိုအတ္တကို သင်မသိ၊ (သင်) မမြင်၊ ထိုအတ္တကို ငါသိ၏၊ (ငါ) မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၅-၃၇-၅၅)

၉၀။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝပြတ်စဲသည် မဟုတ်သေး၊ အချင်း ဝိညာဏဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ 'တစုံတခုမျှ မရှိ' ဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတနဗြဟ္မာ့ဘုံသို့ ရောက်သော အခြားအတ္တသည် ရှိသေး၏၊ အချင်း ထိုအတ္တကို သင်မသိ၊ (သင်)မမြင်၊ ထိုအတ္တကို ငါသိ၏၊ (ငါ)မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှ နောက်၌ မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝပြတ်စဲ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၆-၃၈-၅၆)

၉၁။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် လုံးဝပြတ်စဲသည်မဟုတ်သေး၊ အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ 'ဤဝိညာဉ်သည် ငြိမ်သက်၏၊ ဤဝိညာဉ်သည် မွန်မြတ်၏' ဟု (နှလုံးသွင်းလျက်) နေဝသညာနာသညာယတန ဗြဟ္မာ့ဘုံသို့ ရောက်သော အခြားအတ္တသည် ရှိသေး၏၊ ထိုအတ္တကို သင်မသိ၊ (သင်)မမြင်၊ ထိုအတ္တကို ငါသိ၏၊ (ငါ)မြင်၏၊ အချင်း ထိုအတ္တသည် ကိုယ်ကောင် ပျက်စီးလျှင် ပြတ်စဲ၏၊ ပျက်စီး၏၊ သေပြီးသည်မှနောက်၌ မရှိ၊ အချင်း ဤမျှဖြင့် ဤအတ္တသည် လုံးဝ ပြတ်စဲ၏" ဟု ဆို၏။

http://www.dhammadownload.com

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကုန်၏။ (၇-၃၉-၅၇)

၉၂။ ရဟန်းတို့ ပြတ်စဲအယူရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ဤခုနစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။

ရဟန်းတို့ ပြတ်စဲအယူရှိကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ပြကြလျှင် ဤခုနစ်မျိုးသော အကြောင်းတို့ဖြင့် သော်၎င်း ဤ(ခုနစ်မျိုး)တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ(ခုနစ်မျိုး) တို့မှတပါးသော အကြောင်းမရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား)တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ

မျက်မှောက်(လောကီ)နိဗ္ဗာန်အယူငါးမျိုး

၉၃။ ရဟန်းတို့ မျက်မှောက်(လောကီ)နိဗ္ဗာန်အယူရှိကုန်သော အချို့သော သမဏ ဗြာဟ္မဏ တို့သည် ရှိကုန်၏၊ (ထိုသူတို့သည်) ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။

မျက်မှောက်(လောကီ)နိဗ္ဗာန်အယူရှိကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့သည် အဘယ်ကို အကြောင်းပြု၍ အဘယ်ကို စွဲမှီ၍ ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်သနည်း—

၉၄။ ရဟန်းတို့ ဤလောက၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤသို့ ဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ရှိ၏····

"အချင်း ဤအတ္တသည် ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင် စံစားရ၏၊ အချင်း မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ ရောက်၏" ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး ဟု ဆိုလေ့ရှိ၏၊ ယူလေ့ရှိ၏။

ဤသို့လျှင် အချို့သော သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကုန်၏။ (၁-၄၀-၅၈)

၉၅။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တသည် ဤမျှဖြင့် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့် ဆိုသော် အချင်း ကာမဂုဏ်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန် ပြောင်းလဲခြင်း သဘောရှိကုန်၏၊ ထို (ကာမဂုဏ်)တို့၏ ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပူပန်ခြင်း ဖြစ်ကုန်၏။ အချင်း ဤအတ္တသည်

http://www.dhammadownload.com

ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း (ဝိတက်) နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း (ဝိစာရ)နှင့် တကွဖြစ်သော (နီဝရဏ)ဆိတ်ခြင်း ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း (ပီတိ) ချမ်းသာခြင်း (သုခ) ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏၊ အချင်း ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ ရောက် ၏" ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကုန်၏။　　(၂-၄၁-၅၉)

၉၆။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တ သည် ဤမျှဖြင့် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့် ဆိုသော် ထို (ပဌမစျာန်) ၌ ကြံစည်ခြင်း (ဝိတက်) သုံးသပ် ဆင်ခြင်ခြင်း (ဝိစာရ) ရှိသော ကြောင့် ထို (စျာန်)ကို ကြမ်းတမ်း၏ ဟု ဆိုအပ်၏၊ အချင်း ဤအတ္တသည် ဝိတက် ဝိစာရငြိမ်း ခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း (သမာဓိ)ကို ပွါး စေတတ်သော ကြံစည်ခြင်း (ဝိတက်) မရှိသော သုံးသပ်ဆင်ခြင်ခြင်း (ဝိစာရ) မရှိသော တည် ကြည်ခြင်း (သမာဓိ)ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း (ပီတိ) ချမ်းသာခြင်း(သုခ)ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေ၏၊ အချင်း ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ ရောက်၏"ဟု ဆို၏။

ဤသို့လျှင် အချို့သောသူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကုန်၏။　　(၃-၄၂-၆၀)

၉၇။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တ သည် ဤမျှဖြင့် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့် ဆိုသော် ထို (ဒုတိယစျာန်) ၌ နှစ်သိမ့်ခြင်း (ပီတိ) ဟူသော စိတ်တက်ကြွခြင်း ရှိသောကြောင့် ထို (စျာန်)ကို ကြမ်းတမ်း၏ ဟု ဆိုအပ်၏၊ အချင်း ဤအတ္တသည် နှစ်သိမ့်ခြင်း (ပီတိ)ကိုလည်း မတပ်မက်ခြင်းကြောင့် သတိ သမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာ (သုခ) ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် (တတိယစျာန်) ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ ဟု အရိယာ (ပုဂ္ဂိုလ်) တို့သည် ပြောကြားကုန်၏၊ ထို တတိယစျာန်သို့(ဤအတ္တသည်) ရောက်၍ နေ၏၊ အချင်း ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ ရောက်၏"ဟု ဆို၏။

ဤသို့လျှင် အချို့သော သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကုန်၏။　　(၄-၄၃-၆၁)

၉၈။ ထိုသူကို အခြားသူက ဤသို့ ဆို၏—

"အချင်း သင်ဆိုသော ဤအတ္တသည် ရှိသည်သာတည်း၊ မရှိ ဟု ငါမဆို၊ အချင်း ဤအတ္တ သည် ဤမျှဖြင့် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ မရောက်သေး၊ အဘယ့်ကြောင့်

http://www.dhammadownload.com

ဆိုသော် ထို (တတိယစျာန်)၌ ချမ်းသာဟု စိတ်၏ နှလုံးသွင်းခြင်း ရှိသောကြောင့် ထို (စျာန်) ကို ကြမ်းတမ်း၏ ဟု ဆိုအပ်၏၊ အချင်း ဤအတ္တသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းမြောက်ခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှုကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ အချင်း ဤမျှဖြင့် ဤအတ္တသည် အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်သို့ ရောက်၏”ဟု ဆို၏။

ဤသို့လျှင် အချို့သော သူတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကုန်၏။ (၅-၄၄-၆၂)

၉၉။ ရဟန်းတို့ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန် အယူရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ဤငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ရဟန်းတို့ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်အယူရှိကုန်သော သမဏ ဗြာဟ္မဏအားလုံးတို့သည် ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ပြကြလျှင် ဤငါးမျိုးသော အကြောင်းတို့ဖြင့်သော်၎င်း၊ ဤ (ငါးမျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြကုန်၏၊ ဤ (ငါးမျိုး) တို့မှ တပါးသော အကြောင်း မရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

၁၀၀။ ရဟန်းတို့ နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ဤလေးဆယ့် လေးမျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။

ရဟန်းတို့ နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော သမဏ ဗြာဟ္မဏ အားလုံးတို့သည် နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ပြောဟော ကြလျှင် ဤလေးဆယ့် လေးမျိုးသော အကြောင်းတို့ဖြင့်သော်၎င်း ဤ (လေးဆယ့်လေးမျိုး) တို့တွင် တမျိုးမျိုးသော အကြောင်းဖြင့်သော်၎င်း ပြောဟောကုန်၏၊ ဤ (လေးဆယ့်လေးမျိုး) တို့မှ တပါးသော အကြောင်းမရှိ။ပ။ မြတ်စွာဘုရား၏ ဟုတ်မှန်သောဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော။ပ။ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

၁၀၁။ ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော သမဏ ဗြာဟ္မဏတို့သည် ရှေးအဘို့နောက်အဘို့ကို စွဲမှီ၍ ဤခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့် များပြားသော မိစ္ဆာ အယူပြ စကားတို့ကို ပြောဟောကုန်၏။

၁၀၂။ ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော သမဏ ဗြာဟ္မဏအားလုံး တို့သည် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ပြောဟောကြလျှင် ဤ ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့်သော်၎င်း ဤ (ခြောက်ဆယ့်နှစ်မျိုး) တို့တွင် တမျိုး

http://www.dhammadownload.com

မျိုးသော အကြောင်းဖြင့်သော်ငှင်း ပြောဟောကြကုန်၏၊ ဤ(ခြောက်ဆယ့်နှစ်မျိုး)တို့မှ တပါးသော အကြောင်းမရှိ။

၁၀၃။ ရဟန်းတို့ “ဤခြောက်ဆယ့်နှစ်မျိုး[၁]သော အယူတို့သည် ဤသို့ စွဲယူထားလျှင် ဤသို့ မှားယွင်းစွာ သုံးသပ်ထားလျှင် ဤခြောက်ဆယ့်နှစ်မျိုးသော အယူတို့သည် ဤသို့ လားရာ ရှိကုန်၏၊ ဤသို့ တမလွန် ရှိကုန်၏”ဟု မြတ်စွာဘုရားသည် ဤခြောက်ဆယ့်နှစ်မျိုးသော အယူကို သိတော်မူ၏။

မြတ်စွာဘုရားသည် ထို(ခြောက်ဆယ့်နှစ်မျိုးသောအယူ) ကိုလည်း သိတော်မူ၏၊ ထို့ထက် အထူးအဖြင့် လွန်မြတ်သော တရားကိုလည်း သိတော်မူ၏၊ ထို (အထူးသဖြင့် လွန်မြတ်သောတရား) ကို သိတော်မူသော်လည်း မှားယွင်းစွာ မသုံးသပ်၊ မှားယွင်းစွာ မသုံးသပ်သောကြောင့် ထို (မြတ်စွာဘုရား) သည် ကိုယ်တော်တိုင်သာလျှင် (နိဗ္ဗာန်ကို) သိတော်မူ၏။

ရဟန်းတို့ မြတ်စွာဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်းကိုငှင်း ချုပ်ကြောင်းကိုငှင်း သာယာဖွယ်ကိုငှင်း အပြစ်ကိုငှင်း ဝေဒနာတို့မှ ထွက်မြောက်ရာကိုငှင်း ဟုတ်မှန်သော အတိုင်း သိတော်မူသဖြင့် (တစုံတရာ) မစွဲလမ်းမူ၍ လွတ်မြောက်တော်မူ၏။

၁၀၄။ ရဟန်းတို့ မြတ်စွာဘုရားသည် အကြင် (တရား) တို့ကို ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ ဟောတော်မူ၏၊ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်ကို မှန်စွာပြောလိုကြလျှင် အကြင် (တရား) တို့ဖြင့် ပြောကြရာ၏၊ နက်နဲကုန်သော မြင်နိုင်ခဲကုန်သော သိနိုင်ခဲကုန်သော ငြိမ်သက်ကုန်သော မွန်မြတ်ကုန်သော ကြံစည်ခြင်းဖြင့် မရောက်နိုင်ကုန်သော သိမ်မွေ့ကုန်သော ပညာရှိတို့သာသိနိုင်ကုန်သော ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

ပရိတ္တသိတ ဝိပ္ပန္ထိတဝါရ

၁၀၅။ ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုငှင်း လောကကိုငှင်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၀၆။ ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုငှင်း လောကကိုငှင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၀၇။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) လောက၏

၁။ မိစ္ဆာအယူခြောက်ဆယ့်နှစ်မျိုးကား ပုဗ္ဗန္တကပ္ပိကတဆယ့်ရှစ်, အပရန္တကပ္ပိက လေးဆယ့်လေးမျိုးတည်း။

http://www.dhammadownload.com

အဆုံးရှိ အဆုံးမရှိကို လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၀၈။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) အဆုံးမရှိ ပစ်လွှင့်သော စကားကို လေးမျိုးသော အကြောင်းတို့ဖြင့် ဆိုကုန်၏။ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၀၉။ ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုလည်း လောကကိုလည်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၀။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို တဆယ့်ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြောဟောကုန်၏။ ထို (ဝေဒနာ) သည်လည်း (အမှန်ကို) မသိကုန်သော (အမှန်ကို) မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၁။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိသော အတ္တကို တဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို(ဝေဒနာ) သည်လည်း (အမှန်ကို)မသိကုန်သော (အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၂။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)သေပြီးနောက် သညာမရှိသော အတ္တကို ရှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထို(ဝေဒနာ)သည်လည်း (အမှန်ကို)မသိကုန်သော (အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၃။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူရှိကုန်သော အကြင်သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ်သော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို(ဝေဒနာ)သည်လည်း (အမှန်ကို) မသိကုန်သော(အမှန်ကို)မမြင်

http://www.dhammadownload.com

ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၄။ ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်(မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)ထင်ရှားရှိသောသတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ခုနစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထို(ဝေဒနာ)သည်လည်း (အမှန်ကို)မသိကုန်သော (အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင်သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၅။ ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက်(လောကီ)နိဗ္ဗာန် အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက်(လောကီ)နိဗ္ဗာန်ကို ငါးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထို(ဝေဒနာ)သည်လည်း(အမှန်ကို)မသိကုန်သော(အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၆။ ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)နောက်အဘို့ကို ရှုမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို လေးဆယ့်လေးမျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။ ထို(ဝေဒနာ)သည်လည်း(အမှန်ကို)မသိကုန်သော(အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

၁၁၇။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့နောက်အဘို့ကိုရှုမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏။ ထို(ဝေဒနာ)သည်လည်း (အမှန်ကို)မသိကုန်သော(အမှန်ကို)မမြင်ကုန်သော တဏှာပူးကပ်ကုန်သော ထိုအသျှင် သမဏ ဗြာဟ္မဏတို့၏ ခံစားခြင်းဖြစ်၍ တောင့်တခြင်းဖြင့် တုန်လှုပ်သည်သာတည်း။

ဖဿပစ္စယာဝါရ

၁၁၈။ ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်(မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်)အတ္တကိုလည်း လောကကိုလည်း တည်မြဲ၏ ဟု လေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏။ ထို(သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၁၉။ ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့်ခံစားကုန်လျက်) အတ္တကိုလည်း

http://www.dhammadownload.com

လောကကိုင်း အချို့တည်မြဲ၏ အချို့မတည်မြဲ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၀။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏ တို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)လောက၏ အဆုံးရှိ အဆုံးမရှိကို လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို(သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည် လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၁။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးမရှိ ပစ်လွင့်သော အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာ ဖြင့် ခံစားကုန်လျက်) အဆုံးမရှိ ပစ်လွင့်သော စကားကို လေးမျိုးသောအကြောင်းတို့ဖြင့် ဆိုကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၂။ ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)အတ္တကိုင်း လောကကိုင်း အကြောင်းမဲ့ဖြစ်၏ ဟု နှစ်မျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏၊ ထို(သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ) သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၃။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့ကို စွဲမှီ၍ တဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် များပြားသော မိစ္ဆာအယူပြု စကားတို့ကို ပြောဟောကုန်၏၊ ထို(သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၄။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် အတ္တရှိ သညာရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိသော အတ္တကို တဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၅။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်)သေပြီး နောက် သညာမရှိသော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ တို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၆။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူ ရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ်သော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏။ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ) သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

http://www.dhammadownload.com

၁၂၇။ ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ခုနစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း) ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၈။ ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက် (လောကီ) နိဗ္ဗာန် အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက် ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ထင်ရှားရှိသော သတ္တဝါ၏ အမြတ်ဆုံး မျက်မှောက် (လောကီ) နိဗ္ဗာန်ကို ငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ) သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၂၉။ ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို လေးဆယ့်လေးမျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ)သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

၁၃၀။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြု စကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို (သမဏ ဗြာဟ္မဏတို့၏ ဝေဒနာ) သည်လည်း ဖဿ ဟူသော အကြောင်းကြောင့် ဖြစ်၏။

နေတံ ဌာနံ ဝိဇ္ဇတိဝါရ

၁၃၁။ ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုရင်း လောကကိုရင်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ)တို့သည် ဖဿနှင့် ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၂။ ရဟန်းတို့ ထိုသူတို့တွင် အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုရင်း လောကကိုရင်း အချို့တည်မြဲ အချို့မတည်မြဲ ဟု လေးမျိုးသောအကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၃။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) လောက၏ အဆုံးရှိ

http://www.dhammadownload.com

အဆုံးမရှိ ကို လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့် ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၄။ ရဟန်းတို့ ထိုသူတို့တွင် အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် ထိုထိုအရာ၌ အမေးခံကြရလျှင် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) အဆုံးမရှိ ပစ်လွှင့်သော စကားကို လေးမျိုးသော အကြောင်းတို့ဖြင့် ဆိုကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၅။ ရဟန်းတို့ ထိုသူတို့တွင် အကြောင်းမဲ့ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) အတ္တကိုရင်း လောကကိုရင်း အကြောင်းမဲ့ ဖြစ်ပေါ်၏ ဟု နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၆။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို တဆယ့်ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို (သမဏ ဗြာဟ္မဏ)တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ်ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၇။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်(မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိသော အတ္တကို တဆယ့်ခြောက်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၈။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာမရှိသော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၃၉။ ရဟန်းတို့ ထိုသူတို့တွင် သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်း မဟုတ် အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ်သော အတ္တကို ရှစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၄၀။ ရဟန်းတို့ ထိုသူတို့တွင် ပြတ်စဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ပျောက်ကင်းခြင်းကို ခုနစ်မျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

http://www.dhammadownload.com

၁၄၁။ ရဟန်းတို့ ထိုသူတို့တွင် မျက်မှောက် (လောကီ) နိဗ္ဗာန် အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) ထင်ရှားရှိသော သတ္တဝါ၏ မျက်မှောက်(လောကီ) နိဗ္ဗာန်ကို ငါးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၄၂။ ရဟန်းတို့ ထိုသူတို့တွင် နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင်ဝေဒနာဖြင့် ခံစားကုန်လျက်) နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို လေးဆယ့်လေးမျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿနှင့်ကင်း၍ (ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

၁၄၃။ ရဟန်းတို့ ထိုသူတို့တွင် ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိမိအယူ၌ နှစ်ခြိုက်ဝမ်းသာသော အကြင် ဝေဒနာဖြင့် ခံစားကုန်လျက်) ရှေးအဘို့နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြစကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့သည် ဖဿနှင့်ကင်း၍(ထိုဝေဒနာကို) စင်စစ် ခံစားနိုင်ရာသော အကြောင်းမရှိ။

ဒိဋ္ဌိဂတိကာဓိဋ္ဌာနဝဏ္ဏကထာ

၁၄၄။ ရဟန်းတို့ ထိုသူတို့တွင် တည်မြဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် အတ္တကိုလည်း လောကကိုလည်း တည်မြဲ၏ ဟု လေးမျိုးသော အကြောင်းတို့ဖြင့် ပြကုန်၏၊ အချို့တည်မြဲ အချို့မတည်မြဲ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ပ။ အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ အဆုံးမရှိပစ်လွှင့်သော အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ အကြောင်းမဲ့အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏ တို့သည်လည်း။ ရှေးအဘို့ကိုကြံဆကုန်သော ရှေးအဘို့ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့ သည်လည်း။ သေပြီးနောက် သညာရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ သေပြီးနောက် သညာမရှိ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ သေပြီးနောက် သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ ပြတ်စဲအယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ မျက်မှောက်(လောကီ)နိဗ္ဗာန်အယူ ရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ နောက်အဘို့ကို ကြံဆကုန်သော နောက်အဘို့ ကို စွဲယူကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း။ ရှေးအဘို့ကို ကြံဆကုန်သော နောက် အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူ ကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည်လည်း ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ခြောက်ဆယ့်နှစ်မျိုးသော အကြောင်းတို့ဖြင့် ပြောဟောကုန်၏၊ ထို (သမဏ ဗြာဟ္မဏ) တို့သည် ဖဿဖြစ်ကြောင်း (ဒွါရ) ခြောက်ပါးတို့ဖြင့် တွေ့ထိ၍ တွေ့ထိ၍ ခံစား ကုန်၏၊ ထိုသူတို့အား ဝေဒနာကြောင့် တဏှာ ဖြစ်၏၊ တဏှာကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန်

http://www.dhammadownload.com

ကြောင့် ဘဝ ဖြစ်၏၊ ဘဝကြောင့် ဇာတိဖြစ်၏၊ ဇာတိကြောင့် အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်ကုန်၏။

ဝိဝဋ္ဋကထာဒိ

၁၄၅။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ဖဿဖြစ်ကြောင်း (ဒွါရ) ခြောက်ပါးတို့၏ ဖြစ်ကြောင်းကိုငှင်း ချုပ်ကြောင်းကိုငှင်း သာယာဖွယ်ကိုငှင်း အပြစ်ကိုငှင်း ဖဿာယတနတို့မှ ထွက်မြောက်ရာကိုငှင်း ဟုတ်မှန်သောအတိုင်း သိ၏၊ ဤ ရဟန်းသည် ဤမိစ္ဆာအယူ အလုံးစုံတို့ထက် အထူးသဖြင့် လွန်မြတ်သော တရားကိုလည်း သိ၏။

၁၄၆။ ရဟန်းတို့ ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ပြောဟောကုန်၏၊ ထို သမဏ ဗြာဟ္မဏအားလုံးတို့သည် ဤခြောက်ဆယ့်နှစ်မျိုးသော မိစ္ဆာအယူဖြင့် ဒေသနာကွန်ရက်အတွင်း၌ မိကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဤဒေသနာကွန်ရက် အတွင်း၌ တည်ကုန်လျက်သာလျှင် ပေါ်ကုန်၏၊ ဤဒေသနာကွန်ရက်၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဒေသနာကွန်ရက်အတွင်း၌ မိကုန်လျက်သာလျှင် ပေါ်ကုန်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော တံငါသည် သည်၎င်း တံငါသည်၏ တပည့်သည်၎င်း ကွန်ရက်စိပ်ဖြင့် ရေအိုင်ငယ်ကို လွှမ်းအုပ်ရာ၏၊ ထိုသူအား ဤသို့ စိတ်ဖြစ်ရာ၏—

"ဤရေအိုင်ငယ်ရှိ ကြီးသော ရေသတ္တဝါအားလုံးတို့သည် ကွန်ရက်စိပ်အတွင်း၌ မိကုန်သည် ဖြစ်၍ ပေါ်ကြလျှင် ဤကွန်ရက်စိပ်အတွင်း၌ တည်ကုန်လျက်သာလျှင် ပေါ်ကုန်၏၊ ဤကွန်ရက်စိပ်၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ကွန်ရက်စိပ်အတွင်း၌ မိကုန်လျက်သာလျှင် ပေါ်ကုန်၏" ဟု စိတ်ဖြစ်ရာ၏။

ရဟန်းတို့ ထို့အတူသာလျှင် ရှေးအဘို့ကို ကြံဆကုန်သော နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော ရှေးအဘို့ နောက်အဘို့ကို စွဲယူကုန်သော အလုံးစုံသော သမဏ ဗြာဟ္မဏတို့သည် ရှေးအဘို့ နောက်အဘို့ကို စွဲမှီ၍ များပြားသော မိစ္ဆာအယူပြ စကားတို့ကို ပြောဟောကုန်၏၊ ထို သမဏ ဗြာဟ္မဏ အားလုံးတို့သည် ဤခြောက်ဆယ့်နှစ်မျိုးသော မိစ္ဆာအယူတို့ဖြင့် ဒေသနာကွန်ရက်အတွင်း၌ မိကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဤဒေသနာကွန်ရက်အတွင်း၌ အကျုံးဝင်ကုန်သည်ဖြစ်၍ ပေါ်ကြလျှင် ဒေသနာကွန်ရက်၌ မိကုန်လျက်သာလျှင် ပေါ်ကုန်၏။

၁၄၇။ ရဟန်းတို့ မြတ်စွာဘုရား၏ ကိုယ်တော်သည် ဘဝတဏှာပြတ်ပြီးဖြစ်လျက် တည်တော်မူ၏၊ မြတ်စွာဘုရား၏ ကိုယ်တော်တည်နေသမျှ ကာလအတွင်း၌သာလျှင် ထို (မြတ်စွာဘုရား) ကို နတ်လူတို့သည် ဖူးမြင်ကြရကုန်လတ္တံ့၊ အသက်တော်ကုန်ဆုံး၍ ကိုယ်တော်ပျက်စီးသည်မှ နောက်၌ ထို (မြတ်စွာဘုရား) ကို နတ်လူတို့သည် မဖူးမြင်ကြရကုန်လတ္တံ့။

ရဟန်းတို့ ဥပမာသော်ကား သရက်ခိုင်သည် အညှာပြတ်ခဲ့လျှင် အညှာ၌ တွယ်နေသော သရက်သီး အားလုံးတို့သည် ထိုအညှာသို့သာ လိုက်ပါကုန်၏၊ ရဟန်းတို့ ဤအတူသာလျှင်

http://www.dhammadownload.com

မြတ်စွာဘုရား၏ ကိုယ်တော်သည် ဘဝတဏှာပြတ်ပြီးဖြစ်လျက် တည်တော်မူ၏၊ မြတ်စွာဘုရား၏ ကိုယ်တော်တည်နေသမျှ ကာလအတွင်း၌သာလျှင် ထို(မြတ်စွာဘုရား)ကို နတ်လူတို့သည် ဖူးမြင်ကြရကုန်လတ္တံ့၊ အသက်တော်ကုန်ဆုံး၍ ကိုယ်တော်ပျက်စီးသည်မှ နောက်၌ ထို (မြတ်စွာဘုရား) ကို နတ်လူတို့သည် မဖူးမြင်ကြရကုန်လတ္တံ့ ဟု (ဟောတော်မူ၏)။

နိဂုံး

၁၄၇။ ဤသို့ ဟောတော်မူသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အံ့ဘွယ်ရှိပါပေစွ အသျှင်ဘုရား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်ဘုရား၊ ဤတရားဒေသနာတော်သည် အဘယ်အမည်ရှိပါသနည်း အသျှင်ဘုရား" ဟု လျှောက်၏။

အာနန္ဒာ သို့ဖြစ်၍ သင်သည် ဤတရားဒေသနာတော်ကို အတ္ထဇာလ [၁] ဟူ၍လည်း မှတ်လော့၊ ဓမ္မဇာလ [၂] ဟူ၍လည်း မှတ်လော့၊ ဗြဟ္မဇာလ [၃] ဟူ၍လည်း မှတ်လော့ ဒိဋ္ဌိဇာလ [၄] ဟူ၍လည်း မှတ်လော့၊ အနုတ္တရသင်္ဂါမ ဝိဇယ [၅] ဟူ၍လည်း မှတ်လော့ ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။

၁၄၈။ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကုန်၏၊ ဤစကားပြင့် တရားတော်ကို ဟောတော်မူသော် တသောင်းသော လောကဓာတ်သည် တုန်လှုပ်လေသတည်း။

ဗြဟ္မဇာလသုတ် ပြီး၏။

၁။ အတ္ထ = အနက်သဘော+ဇာလ = ကွန်ရက်။ အတ္ထဇာလ = အနက်သဘောကွန်ရက်။

၂။ ဓမ္မ = တရားအစဉ်+ဇာလ = ကွန်ရက်၊ ဓမ္မဇာလ = တရားအစဉ်ကွန်ရက်။

၃။ ဗြဟ္မ = မြတ်သောဉာဏ်။ ဇာလ—ကွန်ရက်၊ ဗြဟ္မဇာလ = မြတ်သောဉာဏ်ကွန်ရက်။

၄။ ဒိဋ္ဌိ = အယူဝါဒ+ဇာလ = ကွန်ရက်။ ဒိဋ္ဌိဇာလ = အယူဝါဒကွန်ရက်။

၅။ အနုတ္တရ = အတုမဲ့+သင်္ဂါမ = စစ်ပွဲ+ဝိဇယ = အောင်ခြင်း၊ အနုတ္တရသင်္ဂါမဝိဇယ—အတုမဲ့စစ်အောင်ပွဲ။

http://www.dhammadownload.com

http://www.dhammadownload.com

၂—သာဓုဇ္စလာသုတ်

မင်းနှင့်အမတ်တို့ ဆိုင်ရာစကား

၁၅၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် တထောင့်နှစ်ရာ ငါးကျိပ်ရှိသော များစွာသော ရဟန်းသံဃာနှင့်အတူ ရာဇဂြိုဟ်ပြည် (အဘယ) မင်းသား မွေးစားသော ဇီဝက၏ သရက် (ဥယျာဉ်) ၌ (သီတင်းသုံး)နေတော်မူ၏။

ထိုစဉ်အခါ၌ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မိုးလေးလအဆုံး ကမုဒြာကြာပွင့်ချိန် နှစ် ဥတုလတို့၏ပြည့်ရာ တဆယ့်ငါးရက်မြောက် ဥပုသ်ဖြစ်သော (တန်ဆောင်မုန်း) လပြည့်နေ့ညဉ့်၌ မင်းအမတ်အပေါင်း ခြံရံလျက် မြတ်သော နန်းပြာသာဒ်၌ နေ၏။

ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ထိုဥပုသ်နေ့ဝယ် (ဤသို့) ဥဒါန်း ကျူးရင့်၏—

"အချင်းတို့ လသာသော ညဉ့်သည် မွေ့လျော်ဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် အလွန်လှပစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် ရှုချင်ဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် ကြည်နူးဖွယ် ကောင်းစွတကား၊ အချင်းတို့ လသာသော ညဉ့်သည် မှတ်သားဖွယ်ကောင်းစွတကား၊ ယနေ့ အဘယ် သမဏ ဗြာဟ္မဏကို ငါတို့ ဆည်းကပ်ရပါကုန်အံ့နည်း၊ အဘယ် သမဏ ဗြာဟ္မဏကို ဆည်းကပ်လျှင် ငါတို့၏ စိတ်သည် ကြည်လင်ရပါအံ့နည်း" ဟု ကျူးရင့်၏။

၁၅၁။ ဤသို့ ဥဒါန်းကျူးရင့်သော် မင်းအမတ်တယောက်သည် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဤစကားကို လျှောက်၏—

"မင်းမြတ် ဤပူရဏကဿပသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏၊ ရှေးမီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏၊ မင်းမြတ်သည် ထိုပူရဏကဿပကို ဆည်းကပ်တော်မူပါ၊ ပူရဏကဿပကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏" ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၂။ မင်းအမတ်တယောက်သည်လည်း ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းအား ဤစကားကို လျှောက်၏—

"မင်းမြတ် ဤမက္ခလိဂေါသာလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊

http://www.dhammadownload.com

သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရှည်သို့ ရောက်လျက် ရှိ၏၊ မင်းမြတ်သည် ထိုမက္ခလိဂေါသာလကို ဆည်းကပ်တော်မူပါ၊ မက္ခလိဂေါသာလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏” ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၃။ မင်းအမတ် တယောက်သည်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းအား ဤစကားကို လျှောက်၏—

“မင်းမြတ် ဤအဇိတကေသကမ္ဗလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့် လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်း သက် ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရှည်သို့ ရောက်လျက်ရှိ၏၊ မင်းမြတ်သည် ထိုအဇိတကေသ ကမ္ဗလကို ဆည်းကပ်တော်မူပါ၊ အဇိတကေသကမ္ဗလကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏” ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၄။ မင်းအမတ် တယောက်သည်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းအား ဤစကားကို လျှောက်၏—

“မင်းမြတ် ဤ ပကုဓကစ္စာယနသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရှည်သို့ ရောက်လျက် ရှိ၏၊ မင်းမြတ်သည် ထိုပကုဓကစ္စာယနကို ဆည်းကပ် တော်မူပါ၊ ပကုဓကစ္စာယနကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏” ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၅။ မင်းအမတ် တယောက်သည်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းအား ဤစကားကို လျှောက်၏—

“မင်းမြတ် ဤသဉ္စယဗေလဋ္ဌပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏၊ ရှေးမှီ၏၊ အဆုံးအရှည်သို့ ရောက်လျက် ရှိ၏၊ မင်းမြတ်သည် ထိုသဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်

http://www.dhammadownload.com

တော်မူပါ၊ သဉ္စယဗေလဋ္ဌပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်ဟန်ရာပါ၏" ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၆။ မင်းအမတ်တယောက်သည်လည်း ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ် မင်းအား ဤစကားကို လျှောက်၏—

"မင်းမြတ် ဤနိဂဏ္ဌနာဋပုတ္တသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒ တည်ထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ရဟန်းဝါ ရင့်၏၊ ရဟန်းသက် ရှည်၏၊ ရှေးမှီ၏၊ အဆုံးအချွယ်သို့ ရောက်လျက် ရှိ၏၊ မင်းမြတ်သည် ထို နိဂဏ္ဌနာဋပုတ္တကို ဆည်းကပ် တော်မူပါ၊ နိဂဏ္ဌနာဋပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏" ဟု လျှောက်၏။

ဤသို့ လျှောက်သော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆိတ်ဆိတ် နေ၏။

၁၅၇။ ထိုစဉ်အခါ၌ (အဘယ) မင်းသား မွေးစားသော ဇီဝကသည် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း၏ အနီး၌ ဆိတ်ဆိတ် ထိုင်နေလျက် ရှိ၏၊ ထိုအခါ ဝေဒေဟီမိဖုရား၏ သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် (အဘယ) မင်းသား မွေးစားသော ဇီဝကအား "အချင်း ဇီဝက သင်သည်ကား အဘယ့်ကြောင့် ဆိတ်ဆိတ် နေဘိသနည်း" ဟု ဆို၏။

"မင်းမြတ် ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် တထောင့်နှစ်ရာ့ ငါးကျိပ်ရှိသော များစွာသော ရဟန်း သံဃာနှင့် အတူ အကျွန်ုပ်တို့၏ သရက်ဥယျာဉ်၌(သီတင်းသုံး) နေတော်မူပါ၏၊ ထိုမြတ်စွာဘုရား၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်ပါ၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏၊ ကောင်း သော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမ ထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ် လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်း ကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော် မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု ပြန့်နှံ့၍ ထွက်ပါ၏။

http://www.dhammadownload.com

မင်းမြတ်သည် ထို မြတ်စွာဘုရားကို ဆည်းကပ်တော်မူပါ၊ မြတ်စွာဘုရားကို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏" ဟု လျှောက်၏။

၁၅၇။ "အချင်း ဇီဝက သို့ဖြစ်လျှင် ဆင်ယာဉ်တို့ကို ပြင်ဆင်စေလော့"။

"မင်းမြတ် ကောင်းပါပြီ"။

ဤသို့ (အဘယ) မင်းသား မွေးစားသော ဇီဝကသည် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား ဝန်ခံခဲ့၍ ဆင်မငါးရာတို့ကိုရင်း မင်း၏စီးတော်ဆင်ကိုရင်း ပြင်ဆင်စေပြီးလျှင် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား "မင်းမြတ် သင် (မင်းမြတ်) ၏ ဆင်ယာဉ်တို့ကို ပြင်ဆင်ပြီးပါပြီ၊ ယခုအခါ၌ သွားရန် အချိန်ကို သင် မင်းမြတ် သိတော်မူပါသည်" (သွားရန်မှာ သင် မင်းမြတ်၏ အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု ပြန်ကြား၏။

၁၅၈။ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆင်မငါးရာတို့၌ မောင်းမတို့ကို တဦးစီ စီးစေ၍ စီးတော်ဆင်ကို (ကိုယ်တိုင်) စီးပြီးလျှင် မီးရှူးတိုင်တို့ကို ဆောင်စေလျက် ကြီးစွာသော မင်း၏ ကျက်သရေဖြင့် ရာဇဂြိုဟ်ပြည်မှ ထွက်၍ (အဘယ) မင်းသား မွေးစားသော ဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေ၏။

ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းအား သရက် ဥယျာဉ်၏ အနီးသို့ ရောက်လျှင် ကြောက်ခြင်း တုန်လှုပ်ခြင်း ကြက်သီးမွေးညှင်းထခြင်း ဖြစ်၏၊ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ကြောက်၍ ထိတ်လန့် ကြက်သီး မွေးညှင်း ထသည်ဖြစ်၍ (အဘယ) မင်းသား မွေးစားသော ဇီဝကအား ဤစကားကို ဆို၏—

"အချင်း ဇီဝက ငါ့ကို မလှည့်ပတ်သည် မှန်၏လော၊ အချင်း ဇီဝက ငါ့ကို မဖြားယောင်းသည် မှန်၏လော၊ အချင်း ဇီဝက ငါ့ကို ရန်သူတို့အား မအပ်နှင်းသည် မှန်၏လော၊ တထောင့်နှစ်ရာ့ ငါးကျိပ်ရှိမျှ မြောက်မျှားသော ရဟန်းသံဃာ၏ ချောင်းဆတ်သံ ချောင်းဟန့်သံ စကားပြောသံ သည် အဘယ့်ကြောင့် မဖြစ်ဘိသနည်း" ဟု ဆို၏။

"မင်းကြီး[၁] ကြောက်တော်မမူပါလင့်၊ မင်းကြီး ကြောက်တော်မမူပါလင့်၊ မင်းမြတ် သင့်ကို မလှည့်ပတ်ပါ၊ မင်းမြတ် သင့်ကို မဖြားယောင်းပါ၊ မင်းမြတ်[၂] သင့်ကို ရန်သူတို့အား မအပ်နှင်းပါ၊ မင်းကြီး ရှေ့သို့ ကြွတော်မူပါလော့၊ မင်းကြီး ရှေ့သို့ ကြွတော်မူပါလော့၊ တန်ဆောင်းဝန်း၌ ဤဆီမီးတို့ သည် တောက်ပလျက် ရှိပါကုန်၏" ဟု လျှောက်၏။

၁၆၀။ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဆင်ဖြင့် သွားနိုင်သမျှသော အရပ်ကို ဆင်ဖြင့်သွား၍ ဆင်မှ သက်ပြီးသော် ခြေကျင်သာလျှင် တန်ဆောင်းဝန်း တံခါးရှိရာသို့ ချဉ်းကပ်၍ (အဘယ) မင်းသား မွေးစားသော ဇီဝကအား "အချင်း ဇီဝက မြတ်စွာ ဘုရား အဘယ်မှာနည်း" ဟု ဆို၏။

"မင်းကြီး အလယ်တိုင်ကို မှီ၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ရဟန်းသံဃာ၏ ရှေ့၌ ထိုင်နေသော ဤပုဂ္ဂိုလ်သည် မြတ်စွာဘုရား ပါတည်း" ဟု လျှောက်၏။

၁၆၁။ ထိုအခါ ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ရပ်ပြီးသော် ကြည်လင်သော

၁။ မဟာရာဇ ရှိရာ၌ "မင်းကြီး" ၂။ ဒေဝ ရှိရာ၌ "မင်းမြတ်ဟုပြန်ဆိုသည်"

http://www.dhammadownload.com

အိုင်ကြီးကဲ့သို့ (ငြိမ်သက်သော) ဆိတ်ဆိတ်နေသော ရဟန်းသံဃာကို အဖန်ဖန် ကြည့်ရှု၍ (ဤသို့) ဥဒါန်း ကျူးရင့်၏—

"ယခုအခါ ရဟန်းသံဃာသည် အကြင် ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏၊ ငါ၏ (သား) ဥဒယဘဒ္ဒ မင်းသားသည် ဤငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း" ဟု ဥဒါန်း ကျူးရင့်၏။

"မင်းကြီး ချစ်မြတ်နိုးရာသို့ သင် ရောက်သွားလေပြီ" ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

"အရှင်ဘုရား ဥဒယဘဒ္ဒမင်းသားကို အကျွန်ုပ် ချစ်ပါ၏၊ အရှင်ဘုရား ယခုအခါ ရဟန်းသံဃာသည် အကြင် ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၏၊ အကျွန်ုပ်၏ (သား) ဥဒယဘဒ္ဒမင်းသားသည် ဤ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသတည်း" ဟု အဇာတသတ်မင်းက လျှောက်၏။

၁၆၂။ ထိုနောက် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ရဟန်းသံဃာကို လက်အုပ်ချီပြီးလျှင် တခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အရှင်ဘုရား ပြဿနာမေးရန် အကျွန်ုပ်အား အကယ်၍ မြတ်စွာဘုရား ခွင့်ပြုပါက တစုံတခုသော အကြောင်းအရာကို မြတ်စွာဘုရားအား အကျွန်ုပ် အနည်းငယ်မျှ မေးမြန်းလိုပါသည်" ဟု လျှောက်၏။

"မင်းကြီး မေးလိုရာကို မေးလော့" ဟု မိန့်တော်မူ၏။

၁၆၃။ "အသျှင်ဘုရား များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏၊ ဤအတတ်တို့သည် ကား အဘယ်နည်း—

ဆင်စီးသူရဲများ မြင်းစီးသူရဲများ ရထားစီးသူရဲများ လေးသည်များ အောင်လံကိုင်များ စစ်ဆင်သူများ တဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်းများကိုအတုံးအတစ် ဖြတ်တောက်သွားနိုင်သူများ (စစ်၌) ထူးချွန်ကျော်စောသော မင်းသားများ တဟုန်ထည်း ပြေးဝင် (စစ်ထိုး)နိုင်သူများ ဆင်ပြောင်ကြီးကဲ့သို့သောသူရဲများ လွန်စွာရဲရင့်သူများ ချပ်ဝတ်သူရဲများ ကျွန်ယုံတော်များ ထမင်းချက်သူများ ဆတ္တာသည်များ ရေချိုးပေးသူများ စဖိုသည်များ ပန်းကုံးသူများ ခဝါသည်များ ယက်ကန်းသည်များ ကျူထရံသည်များ အိုးထိမ်းသည်များ ဂဏန်းတတ်သူများ လက်ချိုးရေတွက်တတ်သူများ ထို့မှတပါးလည်း ဤနှင့်အလားတူ များစွာသော အတတ်သည်တို့ ရှိပါကုန်သေး၏၊ ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော အတတ်၏ အကျိုးကို မှီ၍ အသက်မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ (အားအင်)ပြည့်ဖြိုးစေပါကုန်၏၊အမိအဖတို့ကို ချမ်းသာစေပါကုန်၏၊(အားအင်) ပြည့်ဖြိုး စေပါကုန်၏၊ သားမယားတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေ ခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အထက်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းကျိုးကို ဖြစ်စေတတ်သော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏ ဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အရှင်ဘုရား။"

http://www.dhammadownload.com

၁၆၄။ "မင်းကြီး သင်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာ မေးဘူးသည်ကို မှတ်မိပါ၏လော။"

"အကျွန်ုပ်သည် တပါးသော သမဏ ဗြာဟ္မဏတို့အား ဤပြဿနာမေးဘူးသည်ကိုမှတ်မိပါသည် အရှင်ဘုရား"။

"မင်းကြီး ထိုသမဏ ဗြာဟ္မဏတို့သည် အဘယ်သို့ ဖြေကြားကုန်သနည်း၊ အကယ်၍ သင့်အား ဝန်မလေးမူ ပြောကြားလော့"။

"မြတ်စွာဘုရားဖြစ်စေ မြတ်စွာဘုရားကဲ့သို့သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေရာအရပ်၌ အကျွန်ုပ်အား ဝန်မလေးပါ အသျှင်ဘုရား"။

"မင်းကြီး သို့ဖြစ်လျှင် ပြောကြားလော့"။

ပူရဏကဿပ၏ အယူဝါဒ

၁၆၅။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် ပူရဏကဿပထံသို့ ချဉ်းကပ်၍ ပူရဏကဿပနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် ပူရဏကဿပအား ဤပြဿနာကို မေးဘူးပါ၏—

"အသျှင်ကဿပ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏၊ ဤအတတ်သည်တို့ကား အဘယ်နည်း—

ဆင်စီးသူရဲများ မြင်းစီးသူရဲများ ရထားစီး သူရဲများ လေးသည်များ အောင်လံကိုင်များ စစ်ဆင်သူများ တဖက်စစ်တပ်သို့ဖျက်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက် သွားနိုင်သူများ (စစ်၌) ထူးချွန်ကျော်စောသော မင်းသားများ တဟုန်ထည်း ပြေးဝင် စစ်ထိုးနိုင်သူများ ဆင်ပြောင်ကြီးကဲ့သို့သော သူရဲများ လွန်စွာ ရဲရင့်သူများ ချပ်ဝတ်သူရဲများ ကျွန်ယုံတော်များ ထမင်းချက်သူများ ဆတ္တာသည်များ ရေချိုးပေးသူများ စဖိုသည်များ ပန်းကုံးသူများ ခဝါသည်များ ယက်ကန်းသည်များ ကျူထရံသည်များ အိုးထိမ်းသည်များ ဂဏန်းတတ်သူများ လက်ချိုးရေတွက်တတ်သူများ ထိုမှတပါးလည်း ဤနှင့်အလားတူ များစွာသော အတတ်သည်တို့ ရှိပါကုန်သေး၏၊ ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော အတတ်၏ အကျိုးကို မှီ၍ အသက်မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အမိ အဖတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ သားမယားတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အထက်ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သောကောင်းကျိုးကို ဖြစ်စေတတ်သော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အသျှင်ကဿပ" ဟု မေးဘူးပါ၏။

http://www.dhammadownload.com

၁၆၆။ ဤသို့ မေးသော် ပူရဏကဿပသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အသျှင်ဘုရား—

"မင်းကြီး ပြုသူ ပြုစေသူ ဖြတ်သူ ဖြတ်စေသူ နှိပ်စက်သူ နှိပ်စက်စေသူ ပူဆွေးအောင်ပြုသူ ပြုစေသူ ပင်ပန်းအောင် ပြုသူ ပြုစေသူ တုန်လှုပ်သူ တုန်လှုပ်စေသူ အသက်ကို သတ်သူ (သတ်စေသူ) ခိုးယူသူ (ခိုးယူစေသူ) အိမ်ကို ဖောက်ထွင်းသူ (ဖောက်ထွင်းစေသူ) (ရွာကို) တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ) တအိမ်တည်းကို တိုက်ခိုက်လုယူသူ(တိုက်ခိုက်လုယူစေသူ) ခရီးလမ်း၌စောင့်၍ လုယက်သူ(လုယက်စေသူ) သူ့မယားကို သွားလာသူ(သွားလာစေသူ) မမှန်စကားကို ပြောသူ (ပြောစေသူ) များသည် မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်၊ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွားစက်ဖြင့် တခုတည်းသော အသားစု အသားပုံ ဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှု ဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌ နေသောသူသည်လည်း[၁] အသက်ကို သတ်လျက် သတ်စေလျက် ဖြတ်လျက် ဖြတ်စေလျက် နှိပ်စက်လျက် နှိပ်စက်စေလျက် သွားစေကာမူ ထို (သတ်ခြင်းစသော) အကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှု ဖြစ်ခြင်းမရှိ၊ ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌ နေသောသူသည်လည်း[၂] လှူလျက် လှူစေလျက် ပူဇော်လျက် ပူဇော်စေလျက် သွားစေကာမူ ထို (လှူခြင်း စသော) အကြောင်းကြောင့် ကောင်းမှုမရှိ၊ ကောင်းမှု ဖြစ်ခြင်းမရှိ၊ အလှူပေးခြင်းဣန္ဒြေကို ဆုံးမခြင်း သီလစောင့်စည်းခြင်း အမှန်ဆိုခြင်း တို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်းမရှိ" ဟု ပြောဆိုပါသည်။

အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား ဤသို့ ကံမဲ့ဝါဒကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရင်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပူရဏကဿပသည် အကျွန်ုပ်အား ကံမဲ့ဝါဒကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံဖြစ်ပါ၏—

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲ သင့်သည် ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် ပူရဏကဿပ ပြောသောစကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

မက္ခလိဂေါသာလ၏ အယူဝါဒ

၁၆၇။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် မက္ခလိဂေါသာလထံသို့ ချဉ်းကပ်၍ မက္ခလိဂေါသာလနှင့်အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် မက္ခလိဂေါသာလအား ဤပြဿနာကို မေးဘူးပါ၏—

၁။ ဂင်္ဂါမြစ် တောင်ဘက်ကမ်းသားတို့သည် ရက်စက်ကြမ်းကြုတ်ကုန်၏။

၂။ ဂင်္ဂါမြစ် မြောက်ဘက်ကမ်းသားတို့သည် သဒ္ဓါတရားရှိကုန်၏၊ ဘုရားတရားသံဃာကို ကြည်ညိုကုန်၏ ဟု အဋ္ဌကထာ၌ ဆိုသည်။

http://www.dhammadownload.com

"အသျှင် ဂေါသာလ များစွာသော အတတ်တို့သည် ရှိပါကုန်၏။ပ။[၁] ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ ဟတ်နိုင်ပါသလော အရှင်ဂေါသာလ" ဟု မေးဘူးပါ၏။

၁၆၈။ ဤသို့ မေးသော် မက္ခလိဂေါသာလသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် **အသျှင်ဘုရား**—

"မင်းကြီး သတ္တဝါတို့ ညစ်ညူးရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ အထောက်အပံ့ မရှိပဲ သတ္တဝါတို့သည် ညစ်ညူးကုန်၏၊ သတ္တဝါတို့ စင်ကြယ်ရန် အကြောင်းသည် မရှိ၊ အထောက်အပံ့သည် မရှိ၊ အကြောင်းမရှိ အထောက်အပံ့ မရှိပဲ သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ မိမိပြုလုပ်မှုသည် မရှိ၊ သူတပါးတို့ ပြုလုပ်ပေးမှုသည် မရှိ၊ ယောကျ်ားတို့ ပြုလုပ်မှုသည် မရှိ၊ ခွန်အားသည် မရှိ၊ လုံ့လသည် မရှိ၊ ယောကျ်ားတို့ စွမ်းအားသည် မရှိ၊ ယောကျ်ားတို့ အားထုတ်မှုသည်မရှိ၊ အလုံးစုံသောသတ္တဝါ အလုံးစုံသောသက်ရှူသတ္တဝါ အလုံးစုံသော ထင်ရှားဖြစ်သောသတ္တဝါ အလုံးစုံသော သက်ရှိအရာတို့သည် အစွမ်းမရှိကုန်၊ ခွန်အား မရှိကုန်၊ လုံ့လမရှိကုန်၊ ဖြစ်မြဲအတိုင်း ဆုံစည်းသည့်အတိုင်း သဘာဝအတိုင်း အမျိုးမျိုး ဖြစ်ကုန်၍ ဇာတ်အထူး ခြောက်မျိုးတို့၌သာလျှင် ချမ်းသာ ဆင်းရဲကို ခံစားကုန်၏၊ ဤတသန်းလေးသိန်း ခြောက်ထောင့် ခြောက်ရာသော အဓိကသတ္တဝါမျိုးများ ငါးရာသောကံများ ငါးပါးသောကံများ သုံးပါးသောကံများ (ပြည့်သော) ကံများ ထက်ဝက်သောကံများ ခြောက်ဆယ့်နှစ်ပါးသောအကျင့်များ ခြောက်ဆယ့်နှစ်ပါးသောအန္တရကပ်များ ခြောက်မျိုးသောဇာတ်အထူးများ ရှစ်ပါးသောယောကျ်ားတို့၏ အရွယ်များ လေးထောင့်ကိုးရာသောအသက်မွေးမှုများ လေးထောင့်ကိုးရာသောပရိဗိုဇ်များ လေးထောင့်ကိုးရာသောနဂါးတို့နေရာများ နှစ်ထောင်သောဣန္ဒြေများ သုံးထောင်သောငရဲများ သုံးဆယ့်ခြောက်မျိုးသောမြူဓာတ် (တည်ရာ) များ ခုနစ်မျိုးသောသညာရှိပဋိသန္ဓေများ ခုနစ်မျိုးသောသညာမဲ့ပဋိသန္ဓေများ ခုနစ်မျိုးသောအဆစ်ပဋိသန္ဓေများ ခုနစ်မျိုးသောနတ်များ ခုနစ်မျိုးသောလူများ ခုနစ်မျိုးသော မြေဘုတ်ဘီလူးများ ခုနစ်ခုသောအိုင်ကြီးများ ခုနစ်ခုသောအဖုကြီးများ ခုနစ်ရာသောအဖုငယ်များ ခုနစ်ခုသောချောက်ကြီးများ ခုနစ်ရာသောချောက်ငယ်များ ခုနစ်ခုသောအိပ်မက်ကြီးများ ခုနစ်ရာသောအိပ်မက်ငယ်များ ရှစ်သန်းလေးသိန်းသော မဟာကပ်များ ရှိကုန်၏၊ ယင်း (မဟာကပ်တို့) ပတ်လုံး လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုကြလတ္တံ့၊ ထိုအတွင်း (ဆင်းရဲကုန်ဆုံးခြင်း) မရှိ၊ 'ငါသည် ဤသီလဖြင့်သော်ရင်း ဤကျင့်ဝတ်ဖြင့်သော်ရင်း ဤခြိုးခြံမှုဖြင့်သော်ရင်း ဤအကျင့်မြတ်ဖြင့်သော်ရင်း မရင့်သေးသော ကံကိုမူလည်း ရင့်စေမည် ရင့်ပြီးသော ကံကိုမူလည်းတွေ့၍ တွေ့၍ ပျက်စီးစေမည်' ဟု ဤသို့ (ပြုပြင်နိုင်ခြင်းမရှိ)၊ ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏၊ သံသရာသည် အပိုင်းအခြား ပြုထားပြီး ဖြစ်၏၊ အတိုး အဆုတ် မရှိ အလွန် အယုတ် မရှိ၊ ချည်လုံးကို ပစ်လိုက်သော် (ချည်ရှိသရွေ့သာ) ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ ပညာရှိဖြစ်စေ (တဘဝမှ တဘဝသို့) ပြေးသွားကျင်လည်၍ ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုကြလတ္တံ့." ဟု ပြောဆိုပါသည်။

၁။ (ပ) ရှင်းအမှတ်အသား အတွင်းရှိ စကားများသည် ပူရဏကဿပအား မေးသည့်စကားအတိုင်းဖြစ်သည်။

http://www.dhammadownload.com

၁၆၉။ အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် မက္ခလိဂေါသာလသည် အကျွန်ုပ်အား ဤသို့ သံသရာမှ စင်ကြယ်ခြင်းကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရှင်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရှင်း ဤအတူ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် မက္ခလိဂေါသာလသည် အကျွန်ုပ်အား သံသရာမှ စင်ကြယ်ခြင်းကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုအား ဤသို့ အကြံဖြစ်ပါ၏—

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏ ဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်ဘည် ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အရှင်ဘုရား အကျွန်ုပ်သည် မက္ခလိဂေါသာလ ပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ယိုစကားကို မနာယူ မမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

အဇိတကေသကမ္ဗလ၏ အယူဝါဒ

၁၇၀။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် အဇိတကေသကမ္ဗလထံသို့ ချဉ်းကပ်၍ အဇိတကေသကမ္ဗလနှင့် အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် အဇိတကေသကမ္ဗလအား ဤပြဿနာကို မေးဘူးပါ၏—

"အသျှင် အဇိတ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ပ။ ဤ (အတတ်တို့၏ အကျိုး) နှင့် တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အသျှင်အဇိတ" ဟု မေးဘူးပါ၏။

၁၇၁။ ဤသို့ မေးသော် အဇိတကေသကမ္ဗလသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အသျှင်ဘုရား—

"မင်းကြီး ပေးလှူခြင်းသည် မရှိ [၁]၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ဟုံးပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကသည် မရှိ၊ တပါးသော လောကသည် မရှိ၊ အမိသည် မရှိ [၂]၊ အဖသည် မရှိ၊ သေ၍ တဖန် ဖြစ်သော သတ္တဝါတို့သည် မရှိကုန်၊ ဤလောကကိုရှင်း တပါးသော လောကကိုရှင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယမဂ်သို့ရောက်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်၊ ဤသတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ သေသောအခါ မြေဓာတ်သည် မြေဓာတ်အစုသို့ ဆိုက်၏ ရောက်၏၊ ရေဓာတ်သည် ရေဓာတ်အစုသို့ ဆိုက်၏ ရောက်၏၊ မီးဓာတ်သည် မီးဓာတ်အစုသို့ ဆိုက်၏ ရောက်၏၊ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏ ရောက်၏၊ နာမ် ဣန္ဒြေတို့သည်

၁။ အကျိုးမရှိ ဟု ဆိုလိုသည်။

၂။ အမိသည်မရှိ အမိ၌ကောင်းစွာပြုခြင်း မကောင်းစွာပြုခြင်း၏ အကျိုးမရှိ ဆိုလိုသည် (အဖသည် မရှိ ဆိုရာ၌လည်း ဤအတူပင်)။

http://www.dhammadownload.com

ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏၊ ညောင်စောင်းလျှင် ငါးခုမြောက် ဖြစ်သော ယောကျ်ားတို့သည် သူသေကောင်ကို ယူ၍ သွားကုန်၏၊ သင်းချိုင်းတိုင်အောင် သူသေကောင်တို့သည် ထင်ကုန်၏၊ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏၊ အလှူတို့သည် ပြာအဆုံးရှိကုန်၏၊ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ထား၏၊ အချို့သူတို့သည် (ပေးလှူခြင်း စသည်) ရှိ၏ ဟူသော ဝါဒကို ဟောပြောကုန်၏၊ ထိုသူတို့၏ စကားသည် အချည်းနှီးဖြစ်၏၊ မှားယွင်း၏၊ ယောင်ယမ်းပြောဆိုသော စကား ဖြစ်၏၊ လူမိုက်ဖြစ်စေ ပညာရှိ ဖြစ်စေ ခန္ဓာကိုယ် ပျက်စီးလျှင် ပြတ်စဲကုန်၏၊ ပျက်စီးကုန်၏၊ သေသည်မှ နောက်၌ မရှိကုန်" ဟု ပြောဆိုပါသည်။

၁၇၂။ အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အဇိတကေသကမ္ဗလသည် အကျွန်ုပ်အား ဤသို့ ပြတ်စဲဝါဒကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့၎င်း၊ တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့၎င်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အဇိတကေသကမ္ဗလသည် အကျွန်ုပ်အား ပြတ်စဲဝါဒကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံ ဖြစ်ပါ၏—

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည် ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် အဇိတကေသကမ္ဗလပြောသော စကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားဘဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

ပကုဓကစ္စာယန၏ အယူဝါဒ

၁၇၃။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် ပကုဓကစ္စာယနထံသို့ ချဉ်းကပ်၍ ပကုဓကစ္စာယနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် ပကုဓကစ္စာယနအား ဤပြဿနာကို မေးဘူးပါ၏—

"အသျှင်ကစ္စာယန များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ပ။ ဤ (အတတ်တို့၏ အကျိုး)နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အသျှင်ကစ္စာယန" ဟု မေးဘူးပါ၏၊

၁၇၄။ ဤသို့ မေးသော် ပကုဓကစ္စာယနသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အသျှင်ဘုရား—

"မင်းကြီး ဤခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန် ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်၎င်း၊

http://www.dhammadownload.com

ဆင်းရဲရန်ငှင်း ချမ်းသာ ဆင်းရဲရန်ငှင်း မတတ်နိုင်ကုန် ခုနစ်ပါးတို့ ဟူသည် အဘယ်နည်း၊ မြေအစု ရေအစု မီးအစု လေအစု ချမ်းသာ ဆင်းရဲ ခုနစ်ခုမြောက် အသက်တို့တည်း။

ဤ ခုနစ်ပါးသော အစုတို့သည် ပြုလုပ်ထားသည် မဟုတ်ကုန်၊ ပြုလုပ်ထားစေသည် မဟုတ်ကုန်၊ ဖန်ဆင်းထားသည် မဟုတ်ကုန် ဖန်ဆင်းထားစေသည် မဟုတ်ကုန်၊ မြုံကုန်၏၊ တောင်ထွတ်ကဲ့သို့ တည်ကုန်၏၊ ခိုင်မြဲသော တံခါးတိုင်ကဲ့သို့ တည်ကုန်၏၊ ထိုအစုတို့သည် မတုန်လှုပ်ကုန်၊ မဖောက်ပြန်ကုန်၊ အချင်းချင်း မညှဉ်းဆဲနိုင်ကုန်၊ အချင်းချင်း ချမ်းသာရန်ငှင်း ဆင်းရဲရန်ငှင်း ချမ်းသာ ဆင်းရဲရန်ငှင်း မတတ်နိုင်ကုန်၊ ထိုအစုတို့၌ သတ်သူ သတ်စေသူ ကြားသူ ကြားစေသူ သိသူ သိစေသူများ မရှိကုန်၊ ထက်စွာသော လက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ တဦးတယောက်သည် တဦးတယောက်ကို သတ်သည် မမည်၊ လက်နက်သည် ခုနစ်ပါးသော အစုတို့၏ အကြား ဟင်းလင်းသို့ ကျရောက်၏” ဟု ပြောဆိုပါသည်။

၁၇၅။ အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပကုဓကစ္စာယနသည် အကျွန်ုပ်အား ဤသို့ အကြောင်းအရာတပါးဖြင့် အကြောင်းအရာတပါးကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့ရှင်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရှင်း ဤအတူ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် ပကုဓကစ္စာယနသည် အကျွန်ုပ်အား အကြောင်းအရာတပါးဖြင့် အကြောင်းအရာတပါးကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံ ဖြစ်ပါ၏—

“ငါကဲ့သို့သောမင်းသည် နိုင်ငံတော်၌နေသောသမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲထပ့်သည်ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း” ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် ပကုဓကစ္စာယန ပြောသောစကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသောစကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ

၁၇၆။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တထံသို့ ချဉ်းကပ်၍ နိဂဏ္ဌနာဋပုတ္တနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်လျက် နိဂဏ္ဌနာဋပုတ္တအား ဤပြဿနာကို မေးဘူးပါ၏—

“အသျှင်အဂ္ဂိဝေဿန[၁] များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ပ။ ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အရှင်အဂ္ဂိဝေဿန” ဟု မေးဘူးပါ၏။

၁၇၇။ ဤသို့ မေးသော် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အသျှင်ဘုရား—

၁။ နိဂဏ္ဌနာဋပုတ္တကိုပင် အနွယ်မှဖြစ်သော အမည်အားဖြင့် အဂ္ဂိဝေဿန ဟု ခေါ်သည်။

http://www.dhammadownload.com

"မင်းကြီး ဤ (လောက) ၌ နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏၊ မင်းကြီး နိဂဏ္ဌသည် လေးမျိုးသော စောင့်စည်းခြင်းဖြင့် အဘယ်သို့ စောင့်စည်းသနည်းဟူမူ မင်းကြီး ဤလောက၌ နိဂဏ္ဌသည် အလုံးစုံသော ရေအေးကို တားမြစ်၏၊ (မကောင်းမှုကို) အလုံးစုံ တားမြစ်၏၊ (မကောင်းမှုကို) အလုံးစုံ တားမြစ်ခြင်းဖြင့် ပယ်ခွါပြီး ဖြစ်၏၊ မကောင်းမှုကို အလုံးစုံ တားမြစ်ခြင်းဖြင့် (လွတ်မြောက်ရာကို) တွေ့ပြီး ဖြစ်၏၊ မင်းကြီး ဤလေးမျိုးသော စောင့်စည်းခြင်းဖြင့် စောင့်စည်းပြီးသော ဤနိဂဏ္ဌနာဋပုတ္တသည် အထွတ်အထိပ်သို့ ရောက်သော စိတ်ရှိသူ စောင့်စည်းသော စိတ်ရှိသူ တည်ကြည်သော စိတ်ရှိသူ ဟု ဆိုအပ်၏" ဟု ပြောဆိုပါသည်။

၁၇၈။ အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား ဤသို့ လေးမျိုးသော စောင့်စည်းခြင်းကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့၎င်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့၎င်း ဤအတူ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် နိဂဏ္ဌနာဋပုတ္တသည် အကျွန်ုပ်အား လေးမျိုးသော စောင့်စည်းခြင်းကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံ ဖြစ်ပါ၏—

"ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌ နေသော သမဏဗြာဟ္မဏကို ပြစ်တင်မောင်းမဲသင့်သည် ဟု အဘယ့်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း" ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် နိဂဏ္ဌနာဋပုတ္တပြောသောစကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

သဉ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒ

၁၇၉။ အသျှင်ဘုရား အခါတပါး၌ အကျွန်ုပ်သည် သဉ္စယဗေလဋ္ဌပုတ္တထံသို့ ချဉ်းကပ်၍ သဉ္စယဗေလဋ္ဌပုတ္တနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုပါ၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်လျက် သဉ္စယဗေလဋ္ဌပုတ္တအား ဤပြဿနာကို မေးဘူးပါ၏—

"အသျှင်သဉ္စယ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏။ပ။ ဤ (အတတ်တို့၏ အကျိုး)နှင့် တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အသျှင် သဉ္စယ" ဟု မေးဘူးပါ၏။

၁၈၀။ ဤသို့ မေးသော် သဉ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ဤစကားကို ပြောဆိုပါသည် အသျှင်ဘုရား—

"တပါးသော လောက ရှိသလော ဟု (သင်) ငါ့ကို မေးသော် တပါးသော လောကရှိ၏ ဟု ငါအယူရှိခဲ့လျှင် တပါးသော လောက ရှိ၏ ဟု သင့်အား ငါဖြေရာ၏၊ (သို့ရာတွင်) ဤသို့ ဟု လည်း ငါမယူ၊ ထိုသို့ ဟု လည်း ငါမယူ အခြားသို့ ဟု လည်း ငါမယူ၊ (ဤသို့ ထိုသို့

http://www.dhammadownload.com

အခြားသို့) မဟုတ် ဟု လည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့)မဟုတ်သည် မဟုတ် ဟု လည်း ငါမယူ။

တပါးသော လောက မရှိသလော။ပ။

တပါးသော လောက ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။

တပါးသော လောက ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ မရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိလည်းရှိ မရှိလည်း မရှိကုန်သလော။ပ။

(သေ၍) တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်ကုန်သလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိသလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် မရှိသလော။ပ။

ကောင်းမှု မကောင်းမကံတို့၏ အကျိုးဝိပါက် ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက် ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိသလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်း မရှိသလော။ပ။

သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သလော၊ ဟု (သင်) ငါ့ကို မေးသော် သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် ဟု ငါအယူရှိခဲ့လျှင် သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ် ဟု သင့်အား ငါဖြေရာ၏၊ (သို့ရာတွင်) ဤသို့ ဟု လည်း ငါ မယူ ထိုသို့ ဟု လည်း ငါမယူ အခြားသို့ ဟု လည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ် ဟု လည်း ငါမယူ၊ (ဤသို့ ထိုသို့ အခြားသို့) မဟုတ်သည် မဟုတ် ဟု လည်း ငါမယူ" ဟု ပြောဆိုပါသည်။

၁၈၁။ အသျှင်ဘုရား ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သဥ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ဤသို့ ပစ်လွှင့်သော အယူကို ဖြေကြားပါ၏၊ အသျှင်ဘုရား သရက်ပင်ကို မေးပါလျက် တောင်ပိန္နဲပင်ကို ဖြေသကဲ့သို့လည်းကောင်း တောင်ပိန္နဲပင်ကို မေးပါလျက် သရက်ပင်ကို ဖြေသကဲ့သို့ရင်း ဤအတူ ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် သဥ္စယဗေလဋ္ဌပုတ္တသည် အကျွန်ုပ်အား ပစ်လွှင့်သော အယူကို ဖြေကြားပါ၏၊ အသျှင်ဘုရား အကျွန်ုပ်အား ဤသို့ အကြံ ဖြစ်ပါ၏—

"ဤသူကား ဤသမဏဗြာဟ္မဏတို့တွင် ပညာအမဲ့ဆုံးဖြစ်၏၊ အတွေဝေဆုံး ဖြစ်၏၊ ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို မေးပါလျက် အဘယ့်ကြောင့် ပစ်လွှင့်သော အယူကို ဖြေ

http://www.dhammadownload.com

ကြား ဘိသနည်း၊ ငါကဲ့သို့သော မင်းသည် နိုင်ငံတော်၌နေသော သမဏဗြာဟ္မဏကို ပြစ်တင် မောင်းမဲသင့်သည် ဟု အဘယ်ကြောင့် မှတ်ယူနိုင်ပါအံ့နည်း” ဟု အကြံဖြစ်ပါ၏။

အသျှင်ဘုရား အကျွန်ုပ်သည် သဉ္စယဗေလဋ္ဌပုတ္တ ပြောသောစကားကို နှစ်လည်း မနှစ်သက်ခဲ့ပါ၊ ပယ်လည်း မပယ်ခဲ့ပါ၊ မနှစ်သက်ခဲ့ မပယ်ခဲ့မူ၍ နှလုံးမသာသော်လည်း နှလုံးမသာသော စကားကို မမြွက်ဆိုမူ၍ ထိုစကားကို မနာယူ မမှတ်သားပဲ နေရာမှ ထကာ ပြန်ခဲ့ပါသည်။

ရှေးဦးစွာ မျက်မှောက်ဘဝ၌ ရအပ်သောရဟန်းဖြစ်ကျိုး

၁၇၂။ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုလည်း မေးပါ၏၊ အသျှင်ဘုရား ဤ များစွာသော အတတ်သည်တို့သည် ရှိပါကုန်၏၊ ဤအတတ်သည်တို့ကား အဘယ်နည်း—

“ဆင်စီးသူရဲများ မြင်းစီးသူရဲများ ရထားစီးသူရဲများ လေးသည်များ အောင်လံကိုင်များ စစ်ဆင်သူများ တဖက်စစ်တပ်သို့ ဝင်၍ ဦးခေါင်းများကို အတုံးအတစ် ဖြတ်တောက်သွားနိုင်သူ များ (စစ်၌) ထူးချွန်ကျော်စောသောမင်းသားများ တဟုန်ထည်း ပြေးဝင် (စစ်ထိုး)နိုင်သူ များ ဆင်ပြောင်ကြီးကဲ့သို့သောသူရဲများ လွန်စွာရဲရင့်သူများ ချပ်ဝတ်သူရဲများ ကျွန်ယုံတော် များ ထမင်းချက်သူများ ဆတ္တာသည်များ ရေချိုးပေးသူများ စဖိုသည်များ ပန်းကုံးသူများ ခဝါသည်များ ယက်ကန်းသည်များ ကျူထရံသည်များ အိုးထိမ်းသည်များ ဂဏန်းတတ်သူများ လက်ချိုးရေတွက်တတ်သူများ ထိုမှတပါးလည်း ဤနှင့်အလားတူ များစွာသော အတတ်သည် တို့ ရှိပါကုန်သေး၏၊ ထိုသူတို့သည် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော အတတ်၏ အကျိုးကိုမှီ၍ အသက်မွေးပါကုန်၏၊ ထိုသူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကို ချမ်းသာစေပါ ကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အမိ အဖတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ သားမယားတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါ ကုန်၏၊ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာစေပါကုန်၏၊ (အားအင်) ပြည့်ဖြိုးစေပါကုန်၏၊ အထက် ဘုံ၌ ဖြစ်စေတတ်သော နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းကျိုးကို ဖြစ်စေတတ်သော မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သော အလှူကို သမဏဗြာဟ္မဏတို့၌ တည်စေပါကုန်၏၊ ဤ (အတတ်တို့၏ အကျိုး) နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသလော အသျှင်ဘုရား”။

၁၇၃။ မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင် နှစ်သက်သည့်အတိုင်း ထို (အမေး) ကို ဖြေလော့၊ မင်းကြီး ထို (အရာ)ကို အဘယ်သို့ ထင် သနည်း။

ဤ (တိုင်းပြည်) ၌ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်း ဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော အမှုလုပ် ကျွန်ယောကျာ်းသည် သင့်အား ရှိရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ ၏—

“အချင်းတို့ ကောင်းမှုတို့၏ လားရာ ကောင်းမှုတို့၏ အကျိုးသည် အံ့ဘွယ်ရှိပါပေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည်

http://www.dhammadownload.com

လူပင်တည်း၊ ငါသည်လည်း လူပင်တည်း၊ (သို့ရာတွင်) ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းကား ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ နတ်ကဲ့သို့ ပျော်ရွှင်စံစားရ၏၊ ငါမူကား ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်း ဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော ထို (မင်း) ၏ အမှုလုပ် ကျွန်ဖြစ်၏၊ ငါသည် ကောင်းမှုတို့ကို ပြုရမူ (ထိုမင်းကဲ့သို့) ဖြစ်ရာ၏၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ” ဟု အကြံဖြစ်ရာ၏။

ထိုသူသည် နောင်အခါ၌ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ နှုတ်ဖြင့်စောင့်စည်းလျက် နေရာ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစားအသောက်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေရာ၏၊ ထို (အကြောင်းအရာ) ကို သင့်အား မင်းချင်းယောကျ်ားတို့သည် ဤသို့ လျှောက်ကြားကုန်ရာ၏—

“မင်းမြတ် သိတော်မူပါလော့၊ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်း ဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော သင် (မင်းမြတ်) ၏ အမှုလုပ် ကျွန်ယောကျ်ားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့်စောင့်စည်းလျက်နေပါ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ စိတ်ဖြင့်စောင့်စည်းလျက်နေပါ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေပါ၏” ဟု လျှောက်ကြားကုန်ရာ၏။

ထိုသို့ လျှောက်ကြားလျှင် သင် (မင်းကြီး) သည် ဤသို့ ဆိုသင့်ပါမည်လော—

“အချင်းတို့ ထိုယောကျ်ားသည် ငါ့ထံ ပြန်လာစေလော့၊ ရှေးဦးစွာ ထလေ့ရှိသော နောက်မှ အိပ်လေ့ရှိသော အဘယ်ကို ပြုရအံ့နည်း ဟု နာခံလေ့ရှိသော နှစ်ခြိုက်ဖွယ်ကို ပြုလေ့ရှိသော ချစ်ခင်ဖွယ်ကို ဆိုလေ့ရှိသော မျက်နှာရိပ်ကို ကြည့်လေ့ရှိသော အမှုလုပ်ကျွန်ပင် တဖန် ဖြစ်စေလော့” ဟု ဆိုသင့်ပါမည်လော။

၁၈၄။ ဤသို့ မဆိုသင့်ပါ အသျှင်ဘုရား၊ စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ ထိုင်ရန်နေရာကိုလည်း ပေးကုန်ရာ၏၊ သင်္ကန်း ဆွမ်း ကျောင်း သူနာ၏အထောက်အပံ့ဖြစ်သော ဆေးအသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကုန်ရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏ ဟု လျှောက်၏။

၁၈၅။ မင်းကြီး ထို (အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော မရှိသလော။

“ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် စကန်ရှိပါ၏ အသျှင်ဘုရား”။

“မင်းကြီး ဤကား ငါသည် သင့်အား ရှေးဦးစွာပြသော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း”။

http://www.dhammadownload.com

နှစ်ကြိမ်မြောက် မျက်မှောက်ဘဝ၌ ရအပ်သောရဟန်းဖြစ်ကျိုး

၁၈၆။ အသျှင်ဘုရား ဤအတူ တပါးလည်း ဖြစ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသေးသလော။

မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးအံ့၊ သင်နှစ်သက်သည့်အတိုင်း ထို အမေးကို ဖြေလော့၊ မင်းကြီး ထို (အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ (တိုင်းပြည်) ၌ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွါးစေတတ်သော အိမ်ရှင် လယ်သမားယောကျ်ားသည် သင့်အား ရှိရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏—

"အချင်းတို့ ကောင်းမှုတို့၏လားရာ ကောင်းမှုတို့၏ အကျိုးသည် အံ့ဘွယ်ရှိပါပေစွတကား၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွတကား၊ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် လူပင်တည်း၊ ငါသည်လည်း လူပင်တည်း၊ (သို့ရာတွင်) ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် ဤအဇာတသတ်မင်းသည် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံသည်ဖြစ်၍ နတ်ကဲ့သို့ပျော်ရွှင်စံစားရ၏၊ ငါမူကား ထို (မင်း)၏ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွါးစေတတ်သော အိမ်ရှင် လယ်သမား ယောကျ်ားဖြစ်၏၊ ငါသည် ကောင်းမှုတို့ကို ပြုရမူ (ထိုမင်းကဲ့သို့) ဖြစ်ရာ၏၊ ငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်ရာ၏။

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ ဖြစ်စေ များသော ဥစ္စာစုကို စွန့်၍ ဖြစ်စေ နည်းသောဆွေမျိုးစုကို စွန့်၍ ဖြစ်စေ များသောဆွေမျိုးစုကို စွန့်၍ ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရာ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ နှုတ်ဖြင့်စောင့်စည်းလျက် နေရာ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေရာ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေရာ၏၊ ထို (အကြောင်းအရာ) ကို သင့်အား မင်းချင်းယောကျ်ားတို့သည် ဤသို့ လျှောက်ကြားကုန်ရာ၏—

"မင်းမြတ် သိတော်မူပါလော့၊ အသျှင်မင်းမြတ်၏ အခွန်ကို ထမ်းဆောင်သော ဥစ္စာစုကို တိုးပွါးစေတတ်သော အိမ်ရှင်လယ်သမားယောကျ်ားသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ပါ၏၊ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ကိုယ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ နှုတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ စိတ်ဖြင့် စောင့်စည်းလျက် နေပါ၏၊ အစားအဝတ်မျှဖြင့် ရောင့်ရဲကာ ဆိတ်ငြိမ်ရာ၌ မွေ့လျော်လျက် နေပါ၏" ဟု လျှောက်ကြားကုန်ရာ၏။

ထိုသို့ လျှောက်ကြားလျှင် သင် (မင်းကြီး) သည် ဤသို့ ဆိုသင့်ပါမည်လော—

"အချင်းတို့ ထိုယောကျ်ားသည် ငါ့ထံ ပြန်လာစေလော့၊ အခွန်ကိုထမ်းဆောင်သော ဥစ္စာစုကို တိုးပွါးစေတတ်သော အိမ်ရှင် လယ်သမားပင် တဖန် ဖြစ်စေလော့" ဟု ဆိုသင့်ပါမည်လော။

၁၈၇။ အသျှင်ဘုရား ဤသို့ မဆိုသင့်ပါ၊ စင်စစ်သော်ကား အကျွန်ုပ်တို့ကပင် ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏၊ ခရီးဦးကြိုလည်း ပြုကုန်ရာ၏၊ (ထိုင်ရန်) နေရာကိုလည်း ပေးကုန်ရာ၏၊ သက်န်း

http://www.dhammadownload.com

ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို အလှူခံရန်လည်း ဖိတ်ကြားရာ၏၊ ထိုသူအား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကိုလည်း စီမံပေးကုန်ရာ၏။

၁၇၇။ "မင်းကြီး ထို (အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ရှိသလော မရှိသလော"။

"ဤသို့ ဖြစ်ခဲ့သော် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည် ကေန် ရှိပါ၏ အသျှင်ဘုရား"။

"မင်းကြီး ဤကား ငါသည် သင့်အား နှစ်ကြိမ်မြောက် ပြသော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း"။

သာ၍မွန်မြတ်သော ရဟန်းဖြစ်ကျိုး

၁၇၈။ အသျှင်ဘုရား ကိုယ်တိုင် သိမြင်ရသော ဤရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော တပါးလည်း ဖြစ်သော မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကို ပြခြင်းငှါ တတ်နိုင်ပါသေးသလော။

မင်းကြီး တတ်နိုင်ပါ၏၊ မင်းကြီး သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့ ဟောကြားပေအံ့။

"ကောင်းပါပြီ အသျှင်ဘုရား" ဟု ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဝန်ခံ၏။

၁၇၉။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

မင်းကြီး ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုင်း သမဏဗြာဟ္မဏတို့နှင့်တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းတို့ကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

၁၈၀။ ထိုတရားတော်ကို သူကြွယ်သည်ငှင်း သူကြွယ့်သားသည်ငှင်း အခြားဇာတ် တမျိုးမျိုး၌ ဖြစ်သော သူသည်ငှင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏—

http://www.dhammadownload.com

"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ)မြူထရာ လမ်းကြောင်း ဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့် တူစွာ ကျင့်ခြင်းငှါ မလွယ်၊ ငါသည် ဆံ မုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု ဆင်ခြင်၏။

၁၉၂။ ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ဖြစ်စေ များသော ဥစ္စာစုကို စွန့်၍ ဖြစ်စေ နည်းသောဆွေမျိုးစုကို စွန့်၍ ဖြစ်စေ များသော ဆွေမျိုးစုကို စွန့်၍ ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

၁၉၃။ ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ' [၁] နှင့် ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေး ဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည် ဖြစ်၍ စင်ကြယ်သော အသက်မွေးမှု ရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ဆီးသော တံခါးရှိ၏၊ (ဣန္ဒြေတို့ကို စောင့်စည်း၏) စားဖွယ်၌ အတိုင်းအရှည်ကို သိ၏၊ အောက်မေ့ခြင်း (သတိ) ဆင်ခြင်ခြင်း (သမ္ပဇဉ်) နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

စူဠသီလ

၁၉၄။ မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် အကျင့်သီလနှင့် ပြည့်စုံသနည်း၊ မင်းကြီး ဤလောက၌ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မပေးသည်ကို ယူခြင်းကို ပယ်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးသည်ကိုသာ ယူ၏၊ ပေးသည်ကိုသာ အလိုရှိ၏၊ မခိုးမဝှက် စင်ကြယ်သော ကိုယ်ဖြင့်နေ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်၏၊ ယုတ်သော အကျင့်ကို ကျင့်လေ့ မရှိ၊ ရွာသူတို့၏ အလေ့ဖြစ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလ ပေတည်း။

မမှန်ပြောခြင်းကို ပယ်၍ မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ အမှန်ကိုသာ ဆိုလေ့ရှိ၏၊ မှန်သော စကားခြင်း ဆက်စပ်စေ၏၊ တည်သော စကားရှိ၏၊ ယုံကြည်ထိုက်သော စကားရှိ၏၊ လောကကို လှည့်စားတတ်သူ မဟုတ်၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ကုံးစကားကို ပယ်၍ ကုံးစကားမှ ရှောင်ကြဉ်၏၊ ဤသူတို့ထံမှ နားထောင်၍ (ထိုသူတို့နှင့်) ဤသူတို့ ကွဲပြားခြင်းငှါ ထိုသူတို့ထံ၌ မပြောတတ်၊ ထိုသူတို့ထံမှ နားထောင်၍ (ဤသူတို့နှင့်) ထိုသူတို့ ကွဲပြားခြင်းငှါ ဤသူတို့ထံ၌ မပြောတတ်၊ ဤသို့ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ညီညွတ်ခြင်း၌ ပျော်ပိုက်၏၊

၁။ သာသနာဝင်ထွက် ဆက်ဆံရန် သင့်လျော်သော အရပ် ပုဂ္ဂိုလ်စသည်။

http://www.dhammadownload.com

ညီညွတ်ခြင်းကို နှစ်သက်၏၊ ညီညွတ်ခြင်းကို ပြုသော စကားကို ဆိုလေ့ရှိ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ကြမ်းသော စကားကို ပယ်၍ ကြမ်းသော စကားမှ ရှောင်ကြဉ်၏၊ အကြင် စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများ နှစ်သက်၏၊ လူအများ နှစ်ခြိုက်၏၊ ထိုသို့သဘောရှိသော စကားကိုသာ ဆို၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

ပြိန်ဖျင်းသော စကားကို ပယ်၍ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်၏၊ (သင့်သော) အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ (သင့်သော) အခါ၌ အကြောင်းနှင့် တကွသော အပိုင်းအခြားရှိသော အစီးအပွါးနှင့်စပ်သော မှတ်သားလောက်သော စကားကိုသာ ဆိုလေ့ရှိ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြည်၏။ပ။

ဆွမ်းတနပ်သာ စားလေ့ရှိ၏၊ ညစာစားခြင်းမှ ရှောင်ကြဉ်၏၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်၏၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်၏၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကောက်စိမ်း [၁] ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ မိန်းမအို မိန်းမပျိုကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကျွန်မိန်းမ ကျွန်ယောကျ်ားကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ လယ်နှင့်ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏၊ တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်၏၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်၏၊ တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်း တည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်၏၊ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဓားမြတိုက်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

စူဠသီလ ပြီး၏။

မဇ္ဈိမသီလ

၁၉၅။ ထိုပြင်လည်း အချို့သော အသျှင် သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ [၂] လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မျိုးစေ့အပေါင်း အပင်အပေါင်း ဖျက်ဆီးခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ အမြစ်မျိုးစေ့ ပင်စည်မျိုးစေ့ အဆစ်မျိုးစေ့

၁။ ကောက်စိမ်း ဟူသည် ၁-သလေး (ကောက်ကြီး) ၂-ကောက်လတ် (ကောက်ကြမ်း) ၃-လူး, ၄-နတ်ကောက်(ဂျုံ) ၅-ပြောင်း, ၆-မုယော (ဗာလီ) ၇-ဆပ်, ဤခုနစ်မျိုးတည်း။

၂။ ဤ၌ယုံကြည်ခြင်း ဟူသည် ကံ ကံ၏အကျိုး စသည်ကို ယုံကြည်ခြင်းပင်တည်း။

http://www.dhammadownload.com

အညွန့်မျိုးစေ့ ငါးခုမြောက် အစေ့မျိုးစေ့တို့တည်း၊ (ရဟန်းသည်) ဤသို့သော မျိုးစေ့အပေါင်း အသင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၁၉၆။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော သိုမှီးသုံးဆောင်ခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ဆွမ်းကို သိုမှီးခြင်း အဖျော်ကို သိုမှီးခြင်း အဝတ်ကို သိုမှီးခြင်း ယာဉ်ကို သိုမှီးခြင်း အိပ်ရာကို သိုမှီးခြင်း နံ့သာကို သိုမှီးခြင်း (အခြား) စားသုံးဖွယ်ကို သိုမှီးခြင်းတို့တည်း၊ (ရဟန်းသည်) ဤသို့သော သိုမှီးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၁၉၇။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းကို ပြုလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း သဘင်ပွဲ [၁] စာဟောပွဲ လက်ဝါးတီးပွဲ ကြေးနင်း ခွက်ခွင်း စသည် တီးပွဲ စည်တီးပွဲ ပန်းချီပြပွဲ သံလုံးကစားပွဲ ဝါးထောင်၍ ကစားပွဲ အရိုးဆေးပွဲ ဆင်တိုက်ပွဲ မြင်းတိုက်ပွဲ ကျွဲတိုက်ပွဲ နွားတိုက်ပွဲ ဆိတ်တိုက်ပွဲ သိုးတိုက်ပွဲ ကြက်တိုက်ပွဲ ငုံးတိုက်ပွဲ တုတ်သိုင်းပွဲ လက်ဝှေ့ထိုးပွဲ လက်ပမ်းလုံးပွဲ စစ်ထိုးပွဲ စစ်သည်စစ်ဆေးပွဲ စစ်ဆင်ပွဲ စစ်အင်ကျင်းပွဲ တို့တည်း၊ (ရဟန်းသည်) ဤသို့သော (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော (ပွဲ) ကြည့်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၁၉၈။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းကို ပြုလျက်နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ရှစ်ကွက်ကျားကစားခြင်း ဆယ်ကွက်ကျားကစားခြင်း ကောင်းကင်ကျားကစားခြင်း ဖိုးလမင်းကျားကစားခြင်း ဇယ်တောက်ကစားခြင်း အန်ကစားခြင်း ကျည်းသားရိုက်ကစားခြင်း စုတ်ခတ်ရေးကစားခြင်း ဂေါ်လီကစားခြင်း ပီပီမှုတ်ကစားခြင်း ထွန်ငယ်ဖြင့်ကစားခြင်း ကျွမ်းထိုးကစားခြင်း စကြာဖြင့်ကစားခြင်း ခြင်ခွက်ငယ်ဖြင့်ကစားခြင်း ရထားငယ်ဖြင့်ကစားခြင်း လေးငယ်ဖြင့်ကစားခြင်း အက္ခရာဝှက်ကစားခြင်း စိတ်အကြံဖော်တမ်းကစားခြင်း ကျိုးယောင် ကန်းယောင်ပြု၍ ကစားခြင်းတို့တည်း၊ (ရဟန်းသည်) ဤသို့သော မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၁၉၉။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော မြင့်သောနေရာ မြတ်သောနေရာကို သုံးစွဲခြင်းပြုလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မြင့်လွန်းသော နေရာ [၂] ပလ္လင် [၃] မွေးရှည်ကော်ဇောကြီး ဆန်းကြယ်သော သားမွေးအခင်း ဖြူသောသားမွေးအခင်း ပန်းပြောက်ခြယ်

၁။ သဘင်ပွဲ ဟူသည် ဇာတ် ရုပ်သေး အငြိမ့် စသည် ပင်တည်း။

၂။ မြတ်စွာဘုရား၏ လက်ရှင်သစ်ပမာဏထက်လွန်သော အခြေရှိသော ညောင်စောင်း အင်းပျဉ်။

၃။ ခြေထောက်တို့၌ သားရဲရုပ်တပ်ထားသော နေရာ။

http://www.dhammadownload.com

သားမွေးအခင်း လဲသွတ်အခင်း ရုပ်ပုံခြယ်သားမွေးအခင်း နှစ်ဖက်မွေးရှိအခင်း တဖက်မွေးရှိအခင်း ရွှေချည်ထိုးအခင်း ပိုးချည်အခင်း သားမွေးခင်းကြီး ဆင်ကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေအခင်း ဝံပိုင့်ရေအခင်းမြတ် (နီသော) မျက်နှာကြက်နှင့် အုံးနီနှစ်ဖက်ရှိ နေရာတို့တည်း၊ (ရဟန်းသည်) ဤသို့သော မြင့်သော နေရာ မြတ်သောနေရာမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၀။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းကို ပြုလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ (နံ့သာဖြင့်) ပွတ်သပ်ခြင်း (ဆီဖြင့်) ဆုပ်နယ်ခြင်း (နံ့သာဖြင့်) ရေချိုးခြင်း (လက်ရုံးကြီးထွားရန်) ထုရိုက်ခြင်း မှန်ကြည့်ခြင်း မျက်စဉ်းဆေးခြယ်ခြင်း ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းကျံခြင်း မျက်နှာကို ချယ်ခြင်း မျက်နှာကို လိမ်းကျံခြင်း လက်ဝတ်တန်းဆာဆင်ခြင်း သျှောင်ထုံးခြင်း လက်ကိုင်တုတ်ဆောင်ခြင်း ကျည်တောက်လွယ်ခြင်း သန်လျက်ဆောင်ခြင်း (ဆန်းကြယ်သော) ထီးကို ဆောင်းခြင်း ဆန်းကြယ်သော ဘိနပ်ကို စီးခြင်း သင်းကျစ်ဖွဲ့ခြင်း ပတ္တမြားဆံကျင်ထိုးခြင်း သားမြီးယပ် ဆောင်ခြင်း အမြိတ်ရှည် ဝတ်ဖြူတို့ကို ဝတ်ခြင်းတို့တည်း၊ (ရဟန်းသည်) ဤသို့ လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းမှ ရှောင်ကြဉ်၏။ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၁။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော ဗိလာစကား[၁] ကို ပြောလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့် စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့် စပ်သောစကား သောက်ဖွယ်နှင့် စပ်သောစကား အဝတ်နှင့် စပ်သောစကား အိပ်ရာနှင့် စပ်သောစကား ပန်းနှင့် စပ်သောစကား နံ့သာနှင့် စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့် စပ်သောစကား ရွာနှင့် စပ်သောစကား နိဂုံးနှင့် စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့် စပ်သောစကား မိန်းမနှင့် စပ်သောစကား ယောကျ်ားနှင့် စပ်သောစကား သူရဲကောင်းနှင့် စပ်သောစကား လမ်း[၂]နှင့် စပ်သောစကား ရေခပ်ဆိပ်နှင့် စပ်သောစကား သေလွန်သူနှင့် စပ်သောစကား အထွေထွေနှင့် စပ်သောစကား လောက(အကြောင်း) နှင့် စပ်သောစကား သမုဒ္ဒရာ (အကြောင်း) နှင့် စပ်သော စကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကား တို့တည်း။ (ရဟန်းသည်) ဤသို့သော ဗိလာစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၂။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် ဤသို့သော အငြင်းစကားကို ပြောလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ သင်သည် ဤ ဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယ ကို[၃] အဘယ်သို့သိနိုင်အံ့နည်း၊ သင်သည် မှားသော အကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သော

၁။ ဤ၌ ဗိလာစကား ဟူသည် နတ်ရွာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဘက် စကားတို့တည်း။
၂။ မြို့တွင်းရှိ လမ်းကို ဆိုသည်။
၃။ ဓမ္မ- တရား။ ဝိနယ- အဆုံးအမ။

http://www.dhammadownload.com

အကျင့်ရှိသူဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏ စကားသည် မစေ့စပ်၊ သင်သည် ရှေးဦး ဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦး ဆို၏၊ သင်၏ ကြာမြင့်စွာ လေ့လာ ထားသော စကားသည် (သင့်ဆီသို့) ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါတင်ပြပြီ၊ သင် အရေးနိမ့်ပြီ၊ (ငါ တင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့၊ ဤသည်တို့တည်း။ (ရဟန်းသည်) ဤသို့ သော အငြင်းစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၃။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းကို ပြုလျက် နေကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းတို့၏ အမတ်ကြီးတို့၏ မင်းမျိုးတို့၏ ပုဏ္ဏားတို့၏ သူကြွယ်တို့၏ လုလင်ပျိုတို့၏ ဤအရပ်မှ (ထိုအရပ်သို့) သွားလော့၊ ထိုအရပ်မှ (ဤအရပ်သို့) လာလော့၊ ဤသည်ကို (ဤအရပ်မှ) ဆောင်သွားလော့၊ ဤသည်ကို (ထိုအရပ်မှ) ဆောင်ခဲ့လော့ ဟူသော အမှုတို့တည်း၊ (ရဟန်းသည်) ဤသို့သော တမန်အမှု အစေအပါးအမှု ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၄။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် (လာဘ်အလို့ငှါ) အံ့ဘွယ်လည်း ဖြစ်စေကုန်၏၊ ချီးမြှောက် ပင့်၍လည်း ပြောကုန်၏၊ အရိပ်အခြည်လည်း ပြကုန်၏၊ အတင်းအကျပ်လည်း ပြုကုန်၏၊ လာဘ်ဖြင့် လာဘ်ကိုလည်း ရှာမှီးကုန်၏၊ ဤသည်တို့တည်း၊ (ရဟန်းသည်) ဤသို့သော (လာဘ်အလို့ငှါ) အံ့ဘွယ် ဖြစ်စေခြင်း မြှောက်ပင့်ခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

မဇ္ဈိမသီလ ပြီး၏။

မဟာသီလ

၂၀၅။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံး ဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗိလာ အတတ်[၁] ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ အင်္ဂကျမ်း နိမိတ်ကျမ်း ဥပ္ပါတကျမ်း[၂] အိပ်မက်ကျမ်း လက္ခဏာကျမ်း ကြွက်ကိုက်ကျမ်း မီးပူဇော်ခြင်း ယောင်းမဖြင့် ပူဇော်ခြင်း ဖွဲဖြင့် ပူဇော်ခြင်း ဆန်ကွဲဖြင့် ပူဇော်ခြင်း ဆန်ဖြင့် ပူဇော်ခြင်း ထောပတ်ဖြင့် ပူဇော်ခြင်း ဆီဖြင့် ပူဇော်ခြင်း ခံတွင်းဖြင့် ပူဇော်ခြင်း သွေးဖြင့် ပူဇော်ခြင်း အင်္ဂဝိဇ္ဇာအတတ် မြေကြန်အတတ် မင်းမှုရေးရာအတတ် သင်္ချိုင်းကို ပြုသောအတတ် ဘုတ်တစ္ဆေအတတ် မြေအိမ်၌ သင်ယူရသော အတတ် မြွေအတတ် အဆိပ်အတတ် ကင်းမြီးကောက်အတတ် ကြွက်ခဲနာကုအတတ် ငှက်သံအတတ် ကျီးသံအတတ် အသက်ဟောအတတ် မြားလွှဲအတတ် သားမြည်သံအတတ် ဤသည်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဗိလာအတတ်ဖြင့် (အသက်မွေးခြင်း)မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၁။ ဤ၌ ဗိလာအတတ် ဟူသည် နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဘက် အတတ်စာည်း။

၂။ ဥပ္ပါတကျမ်း မိုးကြိုးကျခြင်းစသည်၏ အကျိုးအပြစ်ကို ဆိုသောကျမ်း။

http://www.dhammadownload.com

၂၀၆။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ ကျောက်မျက်လက္ခဏာ အဝတ်အထည်လက္ခဏာ တုတ်တောင်ဝှေးလက္ခဏာ ဓားလက္ခဏာ သန်လျက်လက္ခဏာ မြားလက္ခဏာ လေးလက္ခဏာ (ကြွင်းသော) လက်နက်လက္ခဏာ မိန်းမလက္ခဏာ ယောကျ်ားလက္ခဏာ သတို့သားလက္ခဏာ သတို့သမီးလက္ခဏာ ကျွန်ယောကျ်ားလက္ခဏာ ကျွန်မိန်းမလက္ခဏာ ဆင်လက္ခဏာ မြင်းလက္ခဏာ ကျွဲလက္ခဏာ နွားလားလက္ခဏာ နွားလက္ခဏာ ဆိတ်လက္ခဏာ သိုးလက္ခဏာ ကြက်လက္ခဏာ ငုံးလက္ခဏာ ဖွတ်လက္ခဏာ အထွတ်[၁] 'ကဏ္ဏိကာ' လက္ခဏာ လိပ်လက္ခဏာ သားကောင်လက္ခဏာ ဤသည်တို့ဘည်း၊ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် (အသက်မွေးခြင်း) မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၇။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မင်းတို့ (စစ်) ထွက်လတ္တံ့ မင်းတို့ (စစ်) ပြန်လာလတ္တံ့ ပြည်တွင်းမင်းတို့ (စစ်) တက်လတ္တံ့ ပြည်ပမင်းတို့ (စစ်) ဆုတ်လတ္တံ့ ပြည်ပမင်းတို့ (စစ်) တက်လတ္တံ့ ပြည်တွင်းမင်းတို့ (စစ်) ဆုတ်လတ္တံ့ ပြည်တွင်းမင်းတို့ (စစ်) အောင်လတ္တံ့ ပြည်ပမင်းတို့ (စစ်) ရှုံးလတ္တံ့ ပြည်ပမင်းတို့ (စစ်) အောင်လတ္တံ့ ပြည်တွင်းမင်းတို့ (စစ်) ရှုံးလတ္တံ့ ဤသို့ ဤမင်း စစ်နိုင်လတ္တံ့ ဤမင်း စစ်ရှုံးလတ္တံ့ ဟူသော အတတ်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် (အသက်မွေးခြင်း) မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၈။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဗီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း။ လကြတ်လတ္တံ့ နေကြတ်လတ္တံ့ နက္ခတ်ကြတ်လတ္တံ့ လနေတို့ လမ်းမှန် သွားလတ္တံ့ လနေတို့ လမ်းလွဲသွားလတ္တံ့ နက္ခတ်တို့ လမ်းမှန် သွားလတ္တံ့ နက္ခတ်တို့ လမ်းလွဲသွားလတ္တံ့ ဥက္ကာကျလတ္တံ့ ကြိုတ်ထွက်လတ္တံ့ လျှော်လှုပ်လတ္တံ့ မိုးထစ်ကြိုးလတ္တံ့ လနေနက္ခတ်တို့ တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်း ဖြစ်လတ္တံ့ လကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ နေကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ နက္ခတ်ကြတ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ လနေတို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ လနေတို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ နက္ခတ်တို့ လမ်းမှန်သွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ နက္ခတ်တို့ လမ်းလွဲသွားခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ ဥက္ကာကျခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ ကြိုတ်ထွက်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ လျှော်လှုပ်ခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ မိုးထစ်ကြိုးခြင်းကြောင့် ဤသို့ အကျိုးဖြစ်လတ္တံ့ လနေနက္ခတ်တို့ တက်ခြင်း သက်ခြင်း မှေးမှိန်ခြင်း တောက်ပခြင်းကြောင့် ဤသို့ အကျိုး ဖြစ်လတ္တံ့

၁။ သုတ်သီလက္ခန်ဓ အဋ္ဌကထာ၌ "ကဒလိမိဂါ ဗဟူစေတ္ထ၊ ဗိဠာရ သသကဏ္ဏိကာ" ဟူသော ဂါထာ၌ ကဏ္ဏိကသဒ္ဒါသည် သမင်ဒရယ် အနက်ကိုဟော၏၊ ဝိစုရဇာတ်၌ကား "ဗိဠာရ သသကဏ္ဏကာ" ဟု ရှိ၏၊ ကဏ္ဏကသဒ္ဒါသည် ကြံ့ကို ဟော၏၊ ဤသီလက္ခန်အဋ္ဌကထာ၌ကား နားတန်းဆာဟူ၍ရင်း အထွတ်ဟူ၍ရင်း ဖွင့်ဆို၏။

http://www.dhammadownload.com

ဤသည်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာ အတတ်ဖြင့် (အသက်မွေးခြင်း) မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၀၉။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာ အတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ မိုးကောင်းလတ္တံ့, မိုးခေါင်လတ္တံ့, ဝပြောလတ္တံ့, ခေါင်းပါးလတ္တံ့, ငြိမ်းချမ်းလတ္တံ့, ဘေးများလတ္တံ့, ရောဂါများလတ္တံ့, ရောဂါကင်းလတ္တံ့, လက်ချိုးရေခြင်းအတတ် ဂဏန်းအတတ် သင်္ချာအတတ် ကဗျာအတတ် လောကာယတကျမ်းအတတ်၊ ဤသည်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် (အသက်မွေးခြင်း) မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၁၀။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာ အတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ သတို့သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သတို့သမီးပေး၍ ထိမ်းမြားခြင်း စေ့စပ်ပေးခြင်း ကွာရှင်းပေးခြင်း ဥစ္စာသိမ်းဆည်းစေခြင်း ဥစ္စာဖြန့်ဖြူးစေခြင်း ကျက်သရေ တိုးစေခြင်း ကျက်သရေယုတ်စေခြင်း ကိုယ်ဝန် မတည်မြဲသည်ကို တည်မြဲစေခြင်း လျှာခိုင်စေခြင်း မေးမိုင်စေခြင်း လက်ဟန့် မန္တာန်စုတ်ခြင်း နားပင်း မန္တာန်စုတ်ခြင်း မှန်၌ နတ်သွင်း၍ မေးခြင်း သတို့သမီး၌ နတ်သွင်း၍ မေးခြင်း နတ်မေးခြင်း နေကို လုပ်ကျွေးခြင်း ဗြဟ္မာကို လုပ်ကျွေးခြင်း ခံတွင်းမှ မီးတောက်စေခြင်း သိရိနတ်သမီးကို ပင့်ခေါ်စေခြင်း ဤသည်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် (အသက်မွေးခြင်းမှ) ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၁၁။ ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာ အတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း၊ နတ်ကိုးခြင်း တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း ဘုတ်တစ္ဆေအတတ်ကို လေ့ကျင့်ခြင်း မြေအိမ်၌ နေ၍ သင်အပ်သော အတတ်ကို လေ့ကျင့်ခြင်း (ပဏ္ဍုက်ကို) ယောကျ်ားဖြစ်စေခြင်း (ယောကျ်ားကို) ပဏ္ဍုက် ဖြစ်စေခြင်း မြေကြန်အတတ်ကို လေ့ကျင့်ခြင်း ဆောက်လုပ်မည့် မြေရာ၌အစီအရင်ပြုခြင်း ခံတွင်းဆေးခြင်း ရေချိုးစေခြင်း မီးပူဇော်ခြင်း ပျို့အန်စေခြင်း ဝမ်းသက်စေခြင်း (သလိပ်စသည့် ဒေါသတို့ကို) အထက်သို့ လှန်စေခြင်း အောက်သို့ လျှောစေခြင်း ဦးခေါင်းမှ (သွေးစသော ဒေါသတို့ကို) ထွက်စေခြင်း နားဆီချက်ခြင်း မျက်စဉ်းဆီ ချက်ခြင်း နှာနှတ်ခြင်း ထက်သောမျက်စဉ်းဆေးဖော်ခြင်း အေးသော မျက်စဉ်းဆေးဖော်ခြင်း တိမ်သလာကို ဆေးကုခြင်း ခွဲစိတ်ကုသခြင်း သူငယ်နာ ဆေးကုခြင်း မူလဆေးတို့ကိုပေးခြင်း အနာဆေးတို့ကို (ကပ်ခြင်း) ခွါခြင်း၊ ဤသည်တို့တည်း။ (ရဟန်းသည်) မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် (အသက်မွေးခြင်း)မှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

၂၁၂။ မင်းကြီး စင်စစ်မူကား ဤသို့ သီလနှင့် ပြည့်စုံသော ထိုရဟန်းသည်, ယင်းသို့ သီလစောင့်ထိမ်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ မင်းကြီး အဘိသိက်

http://www.dhammadownload.com

သွန်းပြီးသော ရန်သူကို ပယ်ပြီးသော မင်းသည် ရန်သူနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရသကဲ့သို့ ဤအတူ ဤသို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိမ်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ ထိုရဟန်းသည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည် ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် သီလနှင့် ပြည့်စုံပေ၏။

မဟာသီလ ပြီး၏။

ဣန္ဒြေကို စောင့်စည်းခြင်း

၂၁၃။ မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း၊ 'ဣန္ဒြေတို့ကို စောင့်စည်းသနည်း' မင်းကြီး ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ'ကို မြင်သော် (မိန်းမ ယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ (လက်ခြေစသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့်စည်းပဲနေလျှင် ယင်း (စက္ခုန္ဒြေဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ 'သဒ္ဒါရုံ'ကို ကြားသော်။ပ။

နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ'ကို နမ်းသော်။ပ။

လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ပ။

ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသော်။ပ။

စိတ်ဖြင့် သဘော 'ဓမ္မာရုံ'ကို သိသော် (မိန်းမ ယောကျ်ား စသော) သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊ (လက်ခြေစသောအင်္ဂါ ပြုံးဟန် ရယ်ဟန် စသောအမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို မစောင့်စည်းပဲ နေလျှင် ယင်း (မနိန္ဒြေ ဟူသော) အကြောင်းကြောင့် မက်မောခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍ နှိပ်စက်ကုန်ရာ၏၊ (ထို့ကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

ထို(ရဟန်း)သည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ကိလေသာနှင့်) မရောသော ချမ်းသာကို ခံစား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါး ရှိပေ၏ 'ဣန္ဒြေတို့ကို စောင့်စည်းပေ၏'။

အောက်မေ့ခြင်းနှင့် ဆင်ခြင်ခြင်း

၂၁၄။ မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသနည်း၊ မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ

http://www.dhammadownload.com

ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံပေ၏။

ရောင့်ရဲလွယ်ခြင်း

၂၁၅။ မင်းကြီး ရဟန်းသည် အဘယ်သို့လျှင် ရောင့်ရဲလွယ်သနည်း၊ မင်းကြီး ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါးတည်း ယူပြီးဖြစ်၍ သာလျှင် သွား၏၊ မင်းကြီး အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံသကဲ့သို့ မင်းကြီး ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူ ပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါးတည်း ယူပြီး ဖြစ်၍ သာလျှင် သွား၏၊ မင်းကြီး ရဟန်းသည် ဤသို့လျှင် ရောင့်ရဲလွယ်ပေ၏။

နီဝရဏတရားငါးပါးကိုပယ်ခြင်း

၂၁၆။ ထို (ရဟန်း) သည် ဤမြတ်သော သီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့်လည်း ပြည့်စုံသည် ဖြစ်၍ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏၊ တောကို သစ်ပင်ရင်းကို တောင်ကို ချောက်ကို တောင်ခေါင်းကို သင်းချိုင်းကို တောအုပ်ကို လွင်ပြင်ကို ကောက်ရိုးပုံကို မှီဝဲ၏။

ထို (ရဟန်း) သည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းကို ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

၂၁၇။ ထို ရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော) လောက၌ မက်မောခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ မက်မောခြင်း 'အဘိဇ္ဈာ'ကင်းသော စိတ်ဖြင့် နေ၏၊ မက်မောခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော ဒေါသကို ပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ ကင်းသည် ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ် ရှိသည်ဖြစ်၍ မပျံ့လွင့်သည် ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည် ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည် ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

http://www.dhammadownload.com

၂၁၈။ မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ရာ၏၊ ထိုသူ၏ အလုပ်တို့သည် ဖွံ့ဖြိုးကုန်ရာ၏၊ ထိုသူသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ရာ၏၊ ထိုသူအား သားမယား ကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်ရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေးက ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ခဲ့၏၊ ထို ငါ၏ အလုပ်တို့သည် ဖွံ့ဖြိုးခဲ့ကုန်၏၊ ငါသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ခဲ့ရ၏၊ ငါ့အား သားမယား ကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်သေး၏" ဟု အကြံ ဖြစ်ရာ၏။

ထို သူသည် ထို(ကြွေးကင်းခြင်း)အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၂၁၉။ မင်းကြီး ဥပမာ တမျိုးသော်ကား အနာရောဂါရှိသော ဆင်းရဲနှိပ်စက် ခံရသော ပြင်းစွာ မကျန်းမာသော ယောကျ်ားသည် ရှိရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ် မရှိရာ၊ ထိုသူ၏ ကိုယ်၌ အားလည်း မရှိရာ၊ ထိုသူသည် နောင်အခါ၌ ထိုအနာရောဂါမှ လွတ်ရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ် ရှိရာ၏၊ ထိုသူ၏ ကိုယ်၌ အားလည်း ရှိရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေး၌ အနာရောဂါရှိသော ဆင်းရဲ နှိပ်စက်ခံရသော ပြင်းစွာ မကျန်းမာသောသူ ဖြစ်ခဲ့၏၊ ငါ၌ ထမင်းကိုလည်း စားလိုစိတ် မရှိခဲ့၊ ငါ၏ ကိုယ်၌ အားလည်း မရှိခဲ့၊ ထိုငါသည် ယခုအခါ ထိုအနာရောဂါမှ လွတ်ခဲ့၏၊ ငါ၌ ထမင်းကိုလည်း စားလိုစိတ်ရှိ၏၊ ငါ၏ကိုယ်၌ အားလည်း ရှိ၏" ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို (အနာကင်းခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၂၂၀။ မင်းကြီး ဥပမာ တမျိုးသော်ကား နှောင်အိမ်၌ နှောင်ဖွဲ့ခံရသော ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ရာ၏၊ ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်း မရှိရာ၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေးက နှောင်အိမ်၌ နှောင်ဖွဲ့ ခံခဲ့ရ၏၊ ထိုငါသည် ယခုအခါ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ခဲ့၏၊ ငါ့အား စည်းစိမ် အနည်းငယ်မျှ ပျက်စီးခြင်းလည်း မရှိ" ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထို (နှောင်အိမ်မှ လွတ်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၂၂၁။ မင်းကြီး ဥပမာ တမျိုးသော်ကား (မိမိကိုယ်ကို) မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုကျွန်အဖြစ်မှ လွတ်ရာ၏၊ (မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်ရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏—

http://www.dhammadownload.com

"ငါသည် ရှေးက မိမိကိုယ်ကို မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ဖြစ်ခဲ့၏၊ ထိုငါသည် ယခု ထို ကျွန်အဖြစ်မှ လွတ်ခဲ့၏၊ (မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်၏" ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထို (လွတ်လပ်သူ ဖြစ်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၂၂၂။ မင်းကြီး ဥပမာ တမျိုးသော်ကား ယောကျ်ားသည် အစာခေါင်းပါးသော ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့် တကွ သွားရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသော ရွာသို့ ရောက်ရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေးက အစာခေါင်းပါး၍ ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားခဲ့၏၊ ထိုငါသည် ယခုအခါ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသော ရွာသို့ ရောက်ခဲ့၏ ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို (ငြိမ်းချမ်းရာသို့ရောက်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၂၂၃။ မင်းကြီး ဤအတူ ရဟန်းသည် ကြွေးကဲ့သို့ အနာရောဂါကဲ့သို့ နှောင်အိမ်ကဲ့သို့ ကျွန်အဖြစ်ကဲ့သို့ ရှည်ဝေးသော ခရီးခဲကဲ့သို့ မိမိ၌ မပယ်ရသေးကုန်သော ဤ အပိတ်အပင် 'နီဝရဏ' တရား ငါးပါးတို့ကို ကောင်းစွာ မြင်၏။

၂၂၄။ မင်းကြီး ကြွေးကင်းခြင်းကဲ့သို့ အနာရောဂါ ကင်းခြင်းကဲ့သို့ နှောင်အိမ်မှ လွတ်ခြင်းကဲ့သို့ လွတ်လပ်သူ ဖြစ်ခြင်းကဲ့သို့ ငြိမ်းချမ်းရာ အရပ်သို့ ရောက်ခြင်းကဲ့သို့ မင်းကြီး ဤအတူ ရဟန်းသည် မိမိ၌ ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို ပယ်ပြီး ဖြစ်သည်ကို ကောင်းစွာမြင်၏။

၂၂၅။ မိမိ၌ ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါး ပယ်ပြီး ဖြစ်သည်ကို ကောင်းစွာ မြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသောရဟန်း၏ ကိုယ်သည် ငြိမ်း၏၊ ငြိမ်းသောကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ပဌမဈာန် ရဟန်းဖြစ်ကျိုး

၂၂၆။ ထို(ရဟန်း)သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော 'နီဝရဏ'ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ'ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ 'နီဝရဏ'ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

http://www.dhammadownload.com

၂၂၇။ မင်းကြီး ဥပမာသော်ကား ကျွမ်းကျင်သော ရေချိုးပေးသူသည်၎င်း ရေချိုးပေးသူ၏ တပည့်သည်၎င်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့် ဖျန်းလျက်ဖျန်းလျက် အခဲ ပြုရာ၏၊ ထိုရေချိုးကသယ်မှုန့်ခဲသည် အစေးဖြင့်စိမ့်ဝင်လျက် ရှိရာ၏၊ အစေးဖြင့်ဖွဲ့စည်းလျက် ရှိရာ၏၊ အတွင်းအပြင်၌ အစေးဖြင့်ပြန့်နှံ့လျက် ရှိရာ၏၊ ရေယိုကျခြင်းလည်း မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ' ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ 'နီဝရဏ'ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

ဒုတိယဈာန် ရဟန်းဖြစ်ကျိုး

၂၂၈။ မင်းကြီး တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'မရှိသော တည်ကြည်ခြင်း'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော ဒုတိယဈာန်သို့ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

၂၂၉။ မင်းကြီး ဥပမာသော်ကား နက်စွာသော စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ထိုရေ အိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ တောင်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ အနောက် အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မြောက်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ မိုးသည်လည်း အချိန်မှန်မှန် သည်းထန်စွာ ရွာသွန်းခြင်း မရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေအယဉ် သည် စိမ့်ထွက်၍ ထိုရေအိုင်ကိုပင်လျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပြန့်နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပြန့်နှံ့သောနေရာ အနည်း ငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုး ပေတည်း။

http://www.dhammadownload.com

တတိယဈာန် ရဟန်းဖြစ်ကျိုး

၂၃၀။ မင်းကြီး တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာ'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်(တတိယဈာန်)ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ ဟု (အရိယာပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ (ရဟန်းသည်) ထို တတိယဈာန်သို့ ရောက်၍ နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း'ပီတိ'ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

၂၃၂။ မင်းကြီး ဥပမာသော်ကား ဥပ္ပလကြာတော၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း ဥပ္ပလကြာအချို့တို့သည်ရင်း ပဒုမာကြာအချို့တို့သည်ရင်း ပုဏ္ဍရိက်ကြာအချို့တို့သည်ရင်း ရေ၌ပေါက်ကုန်၏၊ ရေ၌ကြီးပွါးကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌ မြုပ်၍ ဖွံ့ဖြိုးကုန်၏၊ဆိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပြန့်နှံ့ကုန်၏၊ ထိုဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်း အလုံးစုံ၌ အေးမြသော ရေဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း'ပီတိ'ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း'ပီတိ' ကင်းသော ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

စတုတ္ထဈာန် ရဟန်းဖြစ်ကျိုး

၂၃၂။ မင်းကြီး တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်း ဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပြန့်နှံ့သောနေရာအနည်းငယ်မျှ မရှိ။

၂၃၃။ မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့်တကွ (တကိုယ်လုံး)ခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တကိုယ်လုံး၌ ဖြူသောအဝတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

မင်းကြီး ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏ ထိုရဟန်း၏ တကိုယ်လုံး၌ သန့်ရှင်းဖြူစင်သောစိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

၁။ ဥပ္ပလ = ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

ဝိပဿနာဉာဏ် (၁)

၂၃၄။ မင်းကြီး တဖန် ထိုပြင်လည်း ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း)သည် (ဝိပဿနာ)ဉာဏ်အမြင် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို (ရဟန်း)သည် ဤသို့ သိ၏—

"ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုံ့တို့ဖြင့် ကြီးပွါး၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း [၁] ဆုတ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ (ကိုယ်) ၌ မှီတွယ်၏၊ ဤ (ကိုယ်) ၌ ဆက်စပ်၏" ဟု သိ၏။

၂၃၅။ မင်းကြီး ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီးဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုကင်းသော (သွေးခြင်း ဖောက်ခြင်း စသော) အခြင်းအရာ အားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကြောင်မျက်ရွဲ ရတနာသည် ရှိရာ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) ၌ ညိုသော ချည်ကိုသော်၎င်း ဝါသော ချည်ကိုသော်၎င်း နီသော ချည်ကိုသော်၎င်း ဖြူသော ချည်ကိုသော်၎င်း ဝါဖြော့သော ချည်ကိုသော်၎င်း တပ်ထားရာ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်၌ တင်ထား၍ (ဤသို့) ဆင်ခြင်ရာ၏—

"ဤ (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) သည် အလွန်တောက်ပ၏၊ အမျိုးမှန်၏၊ ရှစ်မြောင့်ရှိ၏၊ ကောင်းစွာ ပြုပြင်ပြီး ဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ (သွေးခြင်း ဖောက်ခြင်း စသော) အခြင်းအရာအားလုံးနှင့် ပြည့်စုံ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) ၌ ဤညိုသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤနီသောချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဖြူသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါဖြော့သော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း" ဆင်ခြင်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် (ဝိပဿနာ)ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို (ရဟန်း) သည် ဤသို့ သိ၏—

၁။ သူငယ်နံ့ ပျောက်စေခြင်းငှါ ယပ်စဉ်က နံ့သာဖြင့် ပွတ်သပ်ပေးရခြင်းကို ဆိုသည်။

http://www.dhammadownload.com

"ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ် လေးပါး အစုအဝေး ဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုန့်တို့ဖြင့် ကြီးပွါး၏၊ မမြဲခြင်း ပွတ်သတ်ပေးရခြင်း ဆုတ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ (ကိုယ်) ၌ မှီတွယ်၏၊ ဤ (ကိုယ်)၌ ဆက်စပ်၏" ဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးပေတည်း။

မနောမယိဒ္ဓိဉာဏ် (၂)

၂၃၆။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်း 'မနောမယိဒ္ဓိဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို (ရဟန်း)သည် ဤ (မိမိ)ကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံ ရှိသော ဣန္ဒြေ မချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏။

၂၃၇။ မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် ဖြူဆံမြက်မှ အညွန့်တံကို နှုတ်ရာ၏၊ ထို (ယောကျ်ား)အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား ဖြူဆံမြက်တည်း၊ ဤကား အညွန့်တံတည်း၊ ဖြူဆံမြက်ကား တခြား အညွန့်တံကား တခြားတည်း၊ ဖြူဆံမျက်မှသာလျှင် အညွန့်တံကို နှုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဥပမာ တမျိုးသော်ကား ယောကျ်ားသည် သန်လျက်ကို အအိမ်မှ ထုတ်ရာ၏၊ ထို (ယောကျ်ား)အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား သန်လျက်တည်း၊ ဤကား အအိမ်တည်း၊ သန်လျက်ကား တခြား အအိမ်ကား တခြားတည်း၊ အအိမ်မှသာလျှင် သန်လျက်ကို ထုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဥပမာ တမျိုးသော်ကား ယောကျ်ားသည် အရေခွံမှ မြွေကို ထုတ်ရာ၏၊ ထို (ယောကျ်ား) အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား မြွေတည်း၊ ဤကား အရေတည်း၊ မြွေကား တခြား အရေကား တခြားတည်း၊ အရေခွံမှသာလျှင် မြွေကိုထုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းခြင်းငှါ စိတ်ကိုရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို(ရဟန်း)သည် ဤ(မိမိ)ကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏။

http://www.dhammadownload.com

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်း ဖြစ်ကျိုးပေတည်း။

ဣဒ္ဓိဝိဓဉာဏ် (၃)

၂၃၈။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း) သည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို (ရဟန်း) သည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကိုထင်ရှား ဖြစ်စေ၏၊ ကိုယ်ကိုပျောက်ကွယ်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုး ကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။

၂၃၉။ မင်းကြီး ဥပမာသော်ကား ကျွမ်းကျင်သော အိုးထိန်းသည်ငှင်း အိုးထိန်း၏ တပည့် သည်ငှင်း မြေကိုညက်စွာနယ်ပြီးလတ်သော် အလိုရှိရာ အိုးခွက်အမျိုးမျိုးကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

မင်းကြီး ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ဆင်စွယ်ပန်းပုသည်ငှင်း ဆင်စွယ်ပန်းပု၏ တပည့်သည်ငှင်း ဆင်စွယ်ကိုကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာ ဆင်စွယ်ထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

မင်းကြီး ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ရွှေပန်းတိမ်သည်ငှင်း ရွှေပန်းတိမ်၏ တပည့် သည်ငှင်း ရွှေကိုကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာရွှေထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါသင့်လျော်လတ် သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို (ရဟန်း) သည် များပြား သော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ကိုထင်ရှား ဖြစ်စေ၏၊ ကိုယ်ကိုပျောက်ကွယ်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနု ဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင် လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။

http://www.dhammadownload.com

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

ဒိဗ္ဗသောတဉာဏ် (၄)

၂၄၀။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် 'ဒိဗ္ဗသောတ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏နားထက် သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ'ဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

၂၄၁။ မင်းကြီး ဥပမာ သော်ကား ခရီးရှည်သွားသော ယောကျ်ားသည် စည်ကြီးသံ မုရိုးစည်သံ ခရုသင်းသံ ထက်စည်သံ ပတ်သာသံများကို ကြားရာ၏၊ ထို (ယောကျ်ား) သည် ဤသို့ သိရာ၏—

"ဤကား စည်ကြီးသံ ဤကား မုရိုးစည်သံ ဤကား ခရုသင်းသံ ဤကား ထက်စည်သံ ဤကား ပတ်သာသံတည်း" ဟု သိရာ၏။

မင်းကြီး ဤအတူ ရဟန်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏နားထက်သာလွန်သော နတ်တို့၏နားနှင့်တူသော 'ဒိဗ္ဗသောတ'ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန်သော နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

စေတောပရိယဉာဏ် (၅)

၂၄၂။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် (သူတပါးတို့၏)စိတ်ကို ပိုင်းခြား၍ သိသော'စေတောပရိယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို(ရဟန်း)သည် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏စိတ်ကို(မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်း'ရာဂ'နှင့် တကွသောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'နှင့် တကွသောစိတ် ဟု သိ၏၊ တပ်မက်ခြင်း'ရာဂ' ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ'ကင်းသောစိတ် ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွသောစိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ'နှင့် တကွသောစိတ် ဟု

http://www.dhammadownload.com

သိ၏၊ အချက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသောစိတ် ဟု သိ၏၊ တွေဝေခြင်း 'မောဟ'[၁] နှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ် ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသောစိတ် ဟု သိ၏၊ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ' စိတ် ဟု သိ၏၊ ပျံ့သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း ပျံ့သော 'ဝိက္ခိတ္တ' စိတ် ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ် ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ် ဟု သိ၏၊ သာလွန်သော တရားရှိသော 'သဉ္တြရ' စိတ်ကိုလည်း သာလွန်သော တရားရှိသော 'သဉ္တြရ' စိတ် ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ကိုလည်း သာလွန်သော တရား မရှိသော 'အနုတ္တရ' စိတ် ဟု သိ၏၊ တည်ကြည်သော 'သမာဟိတ' စိတ်ကိုလည်း တည်ကြည်သော 'သမာဟိတ' စိတ် ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း မတည်ကြည်သော 'အသမာဟိတ' စိတ် ဟု သိ၏၊ လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း လွတ်မြောက်သော 'ဝိမုတ္တ' စိတ် ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ' စိတ် ဟု သိ၏။

၂၄၃။ မင်းကြီး ဥပမာသော်ကား ငယ်ရွယ်သော အလှပြင်လေ့ရှိသော မိန်းမပျိုသည်ငင်း ယောကျ်ားပျိုသည်ငင်း သန့်ရှင်းဖြူစင်သော မှန်၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိ မျက်နှာရိပ်ကို ကြည့်ရှုလတ်သော် (မှည့်စသော) အပြောက်အစွန်း ရှိသည်ကို (မှည့်စသော) အပြောက် အစွန်းရှိ၏ ဟု သိရာ၏၊ (မှည့်စသော) အပြောက်အစွန်း မရှိသည်ကို (မှည့်စသော) အပြောက် အစွန်းမရှိ ဟု သိရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ် သော် တည်တံ့သတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည်(သူတပါးတို့၏) စိတ်ကို ပိုင်းခြား၍ သိသော 'စေတောပရိယ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို(ရဟန်း)သည် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်း 'ရာဂ' နှင့် တကွသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' နှင့် တကွသော စိတ် ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ' ကင်းသောစိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' ကင်းသော စိတ် ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' နှင့် တကွသော စိတ် ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသောစိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ် ဟု သိ၏၊ တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' နှင့် တကွသော စိတ် ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသောစိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသောစိတ် ဟု သိ၏၊ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ' စိတ် ဟု သိ၏၊ ပျံ့သော 'ဝိက္ခိတ္တ' စိတ်ကို လည်း ပျံ့သော 'ဝိက္ခိတ္တ' စိတ် ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ် ဟု သိ၏၊ မြတ်သည်၏အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ် ဟု သိ၏၊ သာလွန်

၁။ တွေဝေခြင်း 'မောဟ' ဟူသည် သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်း၊ အမှားကို သိခြင်းတည်း။

http://www.dhammadownload.com

သော တရားရှိသော 'သဉတ္တရ'စိတ်ကိုလည်း သာလွန်သောတရားရှိသော 'သဉတ္တရ'စိတ် ဟု သိ၏၊ သာလွန်သော တရားမရှိသော'အနုတ္တရ'စိတ်ကိုလည်း သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ် ဟု သိ၏၊ တည်ကြည်သော'သမာဟိတ'စိတ်ကိုလည်း တည်ကြည်သော'သမာဟိတ'စိတ် ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတ'စိတ်ကိုလည်း မတည်ကြည်သော'အသမာဟိတ' စိတ် ဟု သိ၏၊ လွတ်မြောက်သော'ဝိမုတ္တ'စိတ်ကိုလည်း လွတ်မြောက်သော'ဝိမုတ္တ'စိတ် ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်ကိုလည်း မလွတ်မြောက်သော'အဝိမုတ္တ'စိတ် ဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (၆)

၂၄၄။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့သတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ်[၁] အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှု ညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကိုအောက်မေ့၏၊ ဤသည် တို့ကား အဘယ်နည်း—

"တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း သုံးဘဝတို့ကိုရင်း လေးဘဝတို့ကိုရင်း ငါးဘဝတို့ကိုရင်း ဆယ်ဘဝတို့ကိုရင်း ဘဝနှစ်ဆယ်တို့ကိုရင်း ဘဝသုံးဆယ်တို့ကိုရင်း ဘဝလေးဆယ်တို့ကိုရင်း ဘဝငါးဆယ်တို့ကိုရင်း ဘဝတရာကိုရင်း ဘဝတထောင်ကိုရင်း ဘဝတသိန်းကိုရင်း ဘဝရာပေါင်း များစွာတို့ကိုရင်း ဘဝထောင်ပေါင်းများစွာတို့ကိုရင်း ဘဝသိန်းပေါင်းများစွာတို့ကိုရင်း များပြားသော ပျက်ကပ်တို့ကိုရင်း များပြားသော ဖြစ်ကပ်တို့ကိုရင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုရင်း 'ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည် ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကိုခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏' ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ ဖြစ်ဘူးသောဘဝကို အောက်မေ့၏"။

၂၄၅။ မင်းကြီး ဥပမာသော်ကား ယောကျ်ားသည် မိမိရွာမှ တပါးသောရွာသို့ သွားရာ၏၊ ထိုရွာမှလည်း တပါးသောရွာသို့ သွားရာ၏၊ ထို(ယောကျ်ား)သည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန် လာရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံ ဖြစ်ရာ၏—

၁။ ပုဗ္ဗေ= ရှေး၌+ နိဝါသ= နေဘူးသောဘဝ, ဖြစ်ဘူးသောဘဝကို+ အနုဿတိ= အောက်မေ့၍+ ဉာဏ= သိသောဉာဏ်။

http://www.dhammadownload.com

"ငါသည် မိမိရွာမှ ဤမည်သောရွာသို့ သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုရွာမှလည်း ဤမည်သော ရွာသို့သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုငါသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာ၏" ဟု အကြံ ဖြစ်ရာ၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော်၊ ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်ဟူကား အဘယ်နည်း—

"တဘဝကိုငင်း နှစ်ဘဝတို့ကိုငင်း သုံးဘဝတို့ကိုငင်း လေးဘဝတို့ကိုငင်း ငါးဘဝတို့ကိုငင်း ဆယ်ဘဝတို့ကိုငင်း ဘဝနှစ်ဆယ်တို့ကိုငင်း ဘဝသုံးဆယ်တို့ကိုငင်း ဘဝလေးဆယ်တို့ကိုငင်း ဘဝငါးဆယ်တို့ကိုငင်း ဘဝတရာကိုငင်း ဘဝတထောင်ကိုငင်း ဘဝတသိန်းကိုငင်း ဘဝရာပေါင်း များစွာတို့ကိုငင်း ဘဝထောင်ပေါင်း များစွာတို့ကိုငင်း ဘဝသိန်းပေါင်း များစွာတို့ကိုငင်း များပြားသော ပျက်ကပ်တို့ကိုငင်း များပြားသော ဖြစ်ကပ်တို့ကိုငင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုငင်း 'ဤမည်သော ဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏' ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ်(အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏"။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုးပေတည်း။

စုတူပပါတဉာဏ် (၇)

၂၄၆။ ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ်[၁] အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အသူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ

၁။ စုတိ=သေခြင်း ဥပပါတ=ဖြစ်ပေါ်ခြင်း ပဋိသန္ဓေ။

http://www.dhammadownload.com

အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့် ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော မကောင်းသော အကျင့် 'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို (သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ... ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသော အကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ပြုသော ကောင်းသော အကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသော ကံရှိကုန်၏၊ ထို (သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏"။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

၂၄၇။ မင်းကြီး ဥပမာသော်ကား (ဇာတို) လမ်းဆုံအလယ်၌ ပြာသာဒ် ရှိရာ၏၊ ထို(ပြာသာဒ်) ထက်၌ ရပ်လျက်နေသော မျက်စိအမြင်ရှိသော ယောကျ်ားသည် အိမ်သို့ ဝင်ကုန်သော အိမ်မှ ထွက်ကုန်သော လမ်းမ၌ လမ်းလျှောက် သွားလာနေကုန်သော လမ်းဆုံအလယ်၌ ထိုင်နေကုန်သော လူတို့ကို မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤသူတို့သည် အိမ်သို့ ဝင်ကုန်၏၊ ဤသူတို့သည် (အိမ်မှ) ထွက်ကုန်၏၊ ဤသူတို့သည် လမ်းမ၌ လမ်းလျှောက် သွားလာနေကုန်၏၊ ဤသူတို့သည် လမ်းဆုံအလယ်၌ ထိုင်နေကုန်၏"ဟု အကြံဖြစ်ရာ၏၊

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော 'စုတူပပါတ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှု ပို့ဆောင်စေ၏၊ ရှေးရှုညွတ်စေ၏၊ ထို (ရဟန်းသည်) အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါကောင်းသော လားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏။

http://www.dhammadownload.com

"အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထို(သတ္တဝါ)တို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော လားရာ နတ်ပြည်၌ ဖြစ်ပေါ်ကုန်၏"။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်ကုန်သော သတ္တဝါတို့ကို သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော ကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးပေတည်း။

အာသဝက္ခယဉာဏ် (ဂ)

၂၄၈။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိသော်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် မတည်ငြိမ်လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် ဤကား ဆင်းရဲ ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ'နိဗ္ဗာန်'သို့ ရောက်ကြောင်း အကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝတို့ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ ချုပ်ရာ 'နိဗ္ဗာန်' ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်းအကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့ သိသော ဤသို့မြင်သော ထို(ရဟန်း)၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်) ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်) ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏။

http://www.dhammadownload.com

၂၄၉။ မင်းကြီး ဥပမာသော်ကား တောင်ဝှမ်း၌ ကြည်လင်သန့်ရှင်း နောက်ကျုကင်းသော ရေအိုင်သည် ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုရေအိုင်၏ ကမ်း၌ ရပ်လျက် ခရု ယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားကြသည်ကိုရင်း ရပ်တည်ကြသည်ကိုရင်း မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤရေအိုင်သည် ကြည်လင်သန့်ရှင်း နောက်ကျုကင်း၏၊ ထိုရေအိုင်၌ ဤခရု ယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားလည်း သွားကြ၏၊ ရပ်တည်လည်း ရပ်တည်ကြ၏" ဟု အကြံ ဖြစ်၏။

မင်းကြီး ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း) သည် အာသဝေတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွှတ်စေ၏၊ ထို (ရဟန်း)သည် ဤကား ဆင်းရဲ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်းအကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝတို့ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့၏ ချုပ်ရာ 'နိဗ္ဗာန်' ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့၏ ချုပ်ရာ 'နိဗ္ဗာန်'သို့ ရောက်ကြောင်းအကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့သိသော ဤသို့မြင်သော ထို(ရဟန်း)၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက် ပြီးလတ်သော် လွတ်မြောက်လေပြီ ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်)ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏။

မင်းကြီး ဤသည်လည်း ရှေးဖြစ်ကုန်သော ကိုယ်ပိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးတို့ထက် သာ၍ နှစ်သက်ဖွယ်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုးပေတည်း။

မင်းကြီး (နောက်ဆုံးဖြစ်သော) ဤကိုယ်တိုင် သိမြင်ရသော ရဟန်းဖြစ်ကျိုးထက် သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော တပါးသော ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးသည်ကား မရှိတော့ပြီ ဟု ဟောတော်မူ၏။

နိဂုံး

၂၅၀။ ဤသို့ ဟောတော်မူသော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား(တရား တော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား ဥပမာသော်ကား မှောက်ထား သည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို

http://www.dhammadownload.com

မြင်ကြလိမ့် ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြ ဘိသကဲ့သို့ရှိ၏၊ အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကိုယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ၊ အသျှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် အကျွန်ုပ်ကို လွှမ်းမိုးသွားခဲ့ပါ၏၊ အကျွန်ုပ်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မင်းစည်းစိမ်ဟူသော အကြောင်းကြောင့် သတ်ခဲ့မိပါ၏၊ မြတ်စွာဘုရားသည် ထိုအကျွန်ုပ်၏ အပြစ်ကို နောင်အခါ စောင့်စည်းခြင်းငှါ အပြစ် ဟု လက်ခံတော်မူပါ အသျှင်ဘုရား" ဟု လျှောက်၏။

၂၅၁။ မင်းကြီး မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် သင့်ကို စင်စစ်လွှမ်းမိုးသွားခဲ့၏၊ သင်သည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို သတ်ခဲ့မိ၏၊ မင်းကြီး သင်သည် အပြစ်ကို အပြစ် ဟု မြင်၍ အပြစ်အားလျော်စွာ ကုစားသောကြောင့် သင်၏ ထို (အပြစ်) ကို (အပြစ် ဟု) ငါတို့ လက်ခံကုန်၏၊ မင်းကြီး အကြင်သူသည် အပြစ်ကို အပြစ် ဟု မြင်၍ အကြောင်းအားလျော်စွာ ကုစား၏၊ နောင်အခါ စောင့်စည်း၏၊ (ထိုသူ၏) ဤ (ကုစားစောင့်စည်းခြင်း) သည် အရိယာ၏ ဝိနည်းအဆုံးအမ၌ ကြီးပွါးခြင်းပင်တည်း ဟု မိန့်တော်မူ၏။

၂၅၂။ ဤသို့ မိန့်တော်မူသော် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ် ရှိပါကုန်၏"(ဟု လျှောက်၏)

မင်းကြီး ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏) ဟု မိန့်တော်မူ၏။

ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အလွန်နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ချီးကျူးပြီးနောက် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း ပြန်သွား၍ မကြာမီ ရဟန်းတို့ကို(ဤသို့)မိန့်တော်မူ၏—

"ရဟန်းတို့ ဤမင်းသည် (မိမိတည်ရာကို မိမိ)တူးဖြို ခဲ့၏၊ ရဟန်းတို့ ဤမင်းသည် (မိမိကိုယ်ကို မိမိ) ဖျက်ဆီးခဲ့၏၊ ရဟန်းတို့ ဤမင်းသည် တရားစောင့်သော တရားသဖြင့် မင်းပြုသော ခမည်းတော်ကို မသတ်မိပါမူ ဤမင်းအား ဤနေရာ၌ပင်လျှင် ကိလေသာမြူ အညစ်အကြေး ကင်းသော တရားမျက်စိ (သောတာပတ္တိမဂ်ဉာဏ်)သည် ဖြစ်ပေါ်ရာ၏" ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

နှစ်ခုမြောက်သော သာမညဖလသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၃-အမ္ဗဋ္ဌသုတ်

၂၅၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် ဣစ္ဆာနင်္ဂလ အမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး ဣစ္ဆာနင်္ဂလ တောအုပ်၌ (သီတင်းသုံး) နေတော်မူ၏။

ပေါက္ခရသာတိပုဏ္ဏားဝတ္ထု

ထိုစဉ်အခါ၌ ပေါက္ခရသာတိပုဏ္ဏားသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက် ထင်းရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော ပသေနဒီ ကောသလမင်းသည် ဆုလာဘ် အဖြစ်ဖြင့် အပိုင်စား ပေးထားသော ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်၍ နေ၏။

၂၅၅။ ပေါက္ခရသာတိ ပုဏ္ဏားသည် (ဤသို့) ကြားသိလေ၏—

"အချင်းတို့ သာကီဝင် မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ဣစ္ဆာနင်္ဂလရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး) နေတော်မူ၏။"

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

'ထို မြတ်စွာဘုရားသည် ပူဇော်အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့်'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု ပြန့်နှံ့၍ ထွက်၏။

ထို (မြတ်စွာဘုရား)သည် နတ်နှင့်တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့် တကွသော ဤလောကကိုရင်း သမဏ ဗြာဟ္မဏတို့နှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါ အပေါင်းကိုရင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြား

http://www.dhammadownload.com

တော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ ကောင်းခြင်း အဆုံး၏ ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း” ဟု ကြားသိလေ၏။

အမ္ဗဋ္ဌလုလင်ကို ဘုရားထံစေလွှတ်ခြင်း

၂၅၆။ ထိုစဉ်အခါ၌ ပေါက္ခရသာတိ ပုဏ္ဏား၏ တပည့်ဖြစ်သော အမ္ဗဋ္ဌ မည်သော လုလင်သည် ရှိ၏၊ (ထိုလုလင်သည်) ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု' ကျမ်း၊ အလင်္ကာ 'ကေဋ္ဋုဘ' ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ' ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်း[၁]နှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်း[၂]ကို တတ်၏၊ ဗျာကရဏ်းကျမ်း[၃]ကို တတ်၏၊လောကာယတကျမ်း[၄]မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏၊ မိမိဆရာ့အတတ် ဖြစ်သော ဗေဒင်သုံးပုံ ကျမ်းလာစကား၌ ငါ သိသည်ကို သင် သိ၏၊ သင် သိသည်ကို ငါ သိ၏ ဟု (ဆရာက) အသိအမှတ် ပြုထားသူဖြစ်သည့်ပြင် မိမိကိုယ်တိုင်ကလည်း ဝန်ခံထားသူ ဖြစ်၏။

၂၅၇။ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်ကို ဤသို့ ဆို၏—

“ချစ်သား အမ္ဗဋ္ဌ သာကီဝင် မင်းမျိုးမှရဟန်းပြုသော သာကီဝင်မင်းသား ဤရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ဣစ္ဆာနင်္ဂလရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး ဣစ္ဆာနင်္ဂလ တောအုပ်၌ (သီတင်းသုံး)နေတော်မူ၏၊

ထို အသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏ —

‘ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏’ ဟု ပြန့်နှံ့၍ ထွက်၏။

၁။ မဟာဘာရတစသော ရှေးဟောင်းသမိုင်း ရာဇဝင်ပုံပြင်ကျမ်း။

၂။ ဝေဒကျမ်းလာ ပုဒ်မှင်းတို့ကို ထုတ်နုတ်စီစဉ်ပြသောကျမ်း။

၃။ ဓာတ် ပစ္စည်း ဝိဘတ်တို့ဖြင့် ဝေဖန်၍ ပုဒ်တို့၏ ပြီးစီးပုံကို ပြသောကျမ်း။

၄။ မျက်မြင်လောက အကြောင်းအရာကိုသာ ပြသောရုပ်ဝါဒကျမ်း စာရ်ဗာကဆရာ၏ ရုပ်ဝါဒစသည်။

http://www.dhammadownload.com

ထို(မြတ်စွာဘုရား)သည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုရင်း သမဏဗြာဟ္မဏတို့နှင့် တကွသော မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းကိုရင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောဟော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း။

ချစ်သားအမ္ဗဋ္ဌ လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်ပြီးလျှင် "ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်း မဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော ဟု ငါတို့သိနိုင်ရန် အလို့ငှါ ရဟန်းဂေါတမကို သိအောင်စုံစမ်းချေလော့" ဟု ဆို၏။

၂၅၀။ အသျှင် ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် "အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်း မဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော" ဟု ထိုအသျှင်ဂေါတမကို အကျွန်ုပ်သည် အဘယ်သို့လျှင် သိအောင် စုံစမ်းရပါအံ့နည်း။

ချစ်သားအမ္ဗဋ္ဌ ငါတို့၏ ဝေဒကျမ်းတို့၌ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ လာကုန်၏၊ ယင်းလက္ခဏာတို့နှင့် ပြည့်စုံသော ယောကျ်ားမြတ်အား နှစ်မျိုးသော အဖြစ်တို့သာလျှင် ရှိကုန်၏၊ အခြားသောအဖြစ် မရှိကုန်—

(ထိုယောကျ်ားမြတ်သည်) အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရား‌စောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်၏ ထို(စကြဝတေး)မင်းအား ဤရတနာခုနစ်ပါးတို့သည် ဖြစ်ကုန်၏၊ ဤသည်ဘို့ကား အဘယ်နည်း .... စကြရတနာ ဆင်ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိန်းမရတနာ သူကြွယ်ရတနာ ခုနစ်ခုမြောက် သားကြီးရတနာတို့တည်း၊ ထို(စကြဝတေးမင်း)၌ ရဲရင့်ကုန်သော သူရဲကောင်း အင်္ဂါရုပ်ရှိကုန်သော တဖက်စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော အထောင်မကသော သားတော်တို့သည် ရှိကုန်၏၊ ထို(စကြဝတေးမင်း)သည် သမုဒ္ဒရာအဆုံးရှိသော ဤမြေကို ဒဏ်မခတ်မူ၍ မသတ်ဖြတ်မူ၍ တရားသဖြင့် အောင်မြင်လျက် အုပ်စိုး၏။

အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တော်တိုင် မှန်စွာ သိတော်မူသော လောက၌(ကိလေသာ)အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်၏။

ချစ်သားအမ္ဗဋ္ဌ ငါသည် (သင့်အား)ဝေဒကျမ်းတို့ကို(သင်ကြား)ပေးပြီး မဟုတ်လော၊ သင်သည် ဝေဒကျမ်းတို့ကို (သင်ကြား)ခံယူပြီး မဟုတ်လော။

http://www.dhammadownload.com

၂၅၉။ "အသျှင် ကောင်းပါပြီ" ဟု အမ္ဗဋ္ဌလုလင်သည် ပေါက္ခရသာတိပုဏ္ဏားအား ဝန်ခံပြီးလျှင် နေရာမှထ၍ ပေါက္ခရသာတိပုဏ္ဏားကို ရှိခိုးလျက် အရိုအသေပြု၍ မြည်းရထားကို တက်စီးပြီးလျှင် များစွာသော လုလင်တို့နှင့်အတူ ဣစ္ဆာနင်္ဂလတောအုပ်သို့ သွားလေ၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသော အရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် ကျောင်းတိုက်သို့ ဝင်၏။

ထိုစဉ်အခါ၌ များစွာသော ရဟန်းတို့သည် လွင်ပြင်၌ စင်္ကြံသွားနေကုန်၏၊ ထိုအခါ အမ္ဗဋ္ဌလုလင်သည် ထိုရဟန်းတို့ထံ ချဉ်းကပ်ပြီးလျှင် ထိုရဟန်းတို့အား ဤစကားကို ဆို၏—

"အသျှင်တို့ အသျှင်ဂေါတမသည် ယခုအခါယ်မှာ နေတော်မူပါသနည်း၊ အကျွန်ုပ်တို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ဤအရပ်သို့ ကပ်ရောက်လာပါကုန်၏" ဟု ဆို၏။

၂၆၀။ ထိုအခါ ထိုရဟန်းတို့အား ဤသို့ အကြံဖြစ်၏—

"ဤ အမ္ဗဋ္ဌလုလင်သည် ထင်ရှားသော အမျိုး၌လည်း ဖြစ်၏၊ ထင်ရှားသော ပေါက္ခရသာတိ ပုဏ္ဏား၏ တပည့်လည်း ဖြစ်၏၊ ဤသို့သော အမျိုးကောင်းသားတို့နှင့် အတူ စကားပြောဆိုမှုသည် မြတ်စွာဘုရားအား ဝန်လေးမည် မဟုတ်" ဟု အကြံဖြစ်၏။

ထို(ရဟန်း)တို့သည် အမ္ဗဋ္ဌလုလင်အား ဤစကားကို ဆိုကုန်၏—

"အမ္ဗဋ္ဌ တံခါးပိတ်ထားသော ဤကျောင်းသို့ တိတ်ဆိတ်စွာချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်လော့၊ မြတ်စွာဘုရားသည် သင့်အား တံခါးဖွင့်ပေးပါလိမ့်မည်" ဟု ဆိုကုန်၏။

၂၆၁။ ထိုအခါ အမ္ဗဋ္ဌလုလင်သည် တံခါးပိတ်ထားသော ကျောင်းသို့ တိတ်ဆိတ်စွာ ချဉ်းကပ်ပြီးနောက် မုခ်ဦးသို့ ဖြည်းညှင်းစွာဝင်၍ ချောင်းဟန့်ပြီးလျှင် တံခါးကို ခေါက်၏၊ မြတ်စွာဘုရားသည် တံခါးကို ဖွင့်တော်မူ၏၊ အမ္ဗဋ္ဌ လုလင်သည် ဝင်၏၊ လုလင်များလည်း ဝင်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆို ကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကုန်၏။

အမ္ဗဋ္ဌလုလင်သည်ကား စင်္ကြံသွားလျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရားနှင့် စိုးစဉ်း စိုးစဉ်းသော အမှတ်ရဖွယ် စကားကို ပြောဆို၏၊ ရပ်လျက်လည်း ထိုင်နေတော်မူသော မြတ်စွာဘုရား နှင့် စိုးစဉ်းစိုးစဉ်းသော အမှတ်ရဖွယ် စကားကို ပြောဆို၏။

၂၆၂။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်အား ဤစကားကို ဆို၏—

"အမ္ဗဋ္ဌ သင်သည် စင်္ကြံသွားလျက် ရပ်လျက်ပင် ထိုင်နေသော ငါဘုရားနှင့် စိုးစဉ်းစိုးစဉ်း သော အမှတ်ရဖွယ် စကားကို ပြောဆိုသည့်နည်းတူ (အသက်)ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့နှင့် စကားပြောဆိုခြင်းကို ပြုသလော" ဟု ဆို၏။

http://www.dhammadownload.com

ဇာတ်နိမ့်ဟူသောစကားဖြင့် ရှေးဦးစွာရှုတ်ချခြင်း

၂၆၃။ ဤသို့ မပြောဆိုပါ အသျှင်ဂေါတမ၊ သွားနေသောပုဏ္ဏားနှင့်(ပြောလိုသော)ပုဏ္ဏားသည် သွားလျက်သာလျှင် ပြောအပ်ပါ၏ အသျှင်ဂေါတမ၊ ရပ်နေသော ပုဏ္ဏားနှင့် (ပြောလိုသော) ပုဏ္ဏားသည်လည်း ရပ်လျက်သာလျှင် ပြောအပ်ပါ၏ အသျှင်ဂေါတမ၊ ထိုင်နေသော ပုဏ္ဏားနှင့် (ပြောလိုသော)ပုဏ္ဏားသည်လည်း ထိုင်လျက်သာလျှင် ပြောအပ်ပါ၏ အသျှင်ဂေါတမ၊ အိပ်နေသော ပုဏ္ဏားနှင့် (ပြောလိုသော)ပုဏ္ဏားသည်လည်း အိပ်လျက်သာလျှင် ပြောအပ်ပါ၏ အသျှင်ဂေါတမ၊ ဇာတ်နိမ့်[၁] ဖြစ်ကုန်သော မည်းညစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော ဦးပြည်း ရဟန်းညံ့တို့နှင့်မူကား အကျွန်ုပ်၏ စကားပြောဆိုခြင်းသည် အသျှင်ဂေါတမနှင့် ပြောဆိုသကဲ့သို့ပင် ဖြစ်ပါ၏။

အမ္ဗဋ္ဌ သင်သည် ကိစ္စရှိသည်ဖြစ်၍ ဤအရပ်သို့ လာခဲ့၏၊ (သင်တို့သည်) အကြင် ကိစ္စအလို့ငှါ လာသည်ဖြစ်ကုန်အံ့ ထိုကိစ္စကိုသာလျှင် ကောင်းစွာ နှလုံးသွင်းကုန်ရာ၏။

အချင်းတို့ ဤအမ္ဗဋ္ဌလုလင်သည် မလိမ္မာသေးပဲလျက် လိမ္မာပြီး ဟု မှတ်ထင်၏၊ (ဤသို့ ပြုမူ ပြောဆိုရာ၌) မလိမ္မာသေးသည်မှ လွဲ၍ မည်သည့်အကြောင်းမျှ မရှိချေ။

၂၆၄။ ထိုအခါ မလိမ္မာသေးဟူသော စကားဖြင့် (မိမိကို) မြတ်စွာဘုရားဆိုတော်မူလတ်သော် အမ္ဗဋ္ဌလုလင်သည် အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ မြတ်စွာဘုရားကိုပင်လျှင် ပုတ်ခတ်လို ရကား မြတ်စွာဘုရားကိုပင်လျှင် ရှုတ်ချလိုရကား မြတ်စွာဘုရားကိုပင်လျှင် စွပ်စွဲလိုရကား "အချင်းတို့ ငါသည် ရဟန်းဂေါတမကိုလည်း ထိပါးစေမည်" ဟု ကြံလျက် မြတ်စွာဘုရားအား ဤစကားကို ဆို၏—

"အသျှင်ဂေါတမ သာကီဝင် မင်းမျိုးသည် ခက်ထန်၏၊ အသျှင်ဂေါတမ သာကီဝင်မင်းမျိုး သည် ကြမ်းတမ်း၏၊ အသျှင်ဂေါတမ သာကီဝင်မင်းမျိုးသည် စိတ်သဘောနု၏၊ အသျှင်ဂေါတမ သာကီဝင် မင်းမျိုးသည် စကားများ၏၊ ဇာတ်နိမ့်တို့ ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေကုန်၊ ပုဏ္ဏားတို့ကို အလေးမပြုကုန်၊ ပုဏ္ဏားတို့ကို မမြတ်နိုးကုန်၊ ပုဏ္ဏားတို့ကို မပူဇော်ကုန်၊ ပုဏ္ဏားတို့ကို မတုပ်ဝပ်ကုန်၊ အသျှင်ဂေါတမ ဤသာကီဝင်မင်းတို့သည် ဇာတ်နိမ့်တို့ ဖြစ်ကုန်လျက် ပုဏ္ဏား တို့ကို မရိုသေခြင်း အလေးမပြုခြင်း မမြတ်နိုးခြင်း မပူဇော်ခြင်း မတုပ်ဝပ်ခြင်းသည် သင့်လျော် မလျောက်ပတ်ပါ" ဟု ဆို၏။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင် မင်းတို့ကို ဤဇာတ်နိမ့် ဟူသော စကားဖြင့် ရှေးဦးစွာ ရှုတ်ချပြောဆို၏။

၁။ အဋ္ဌကထာ၌ ဣဗ္ဘပုဒ်ကို ဂဟပတိက—သူကြွယ် ဟု ဖွင့်၏၊ အင်္ဂလိပ်ဘာသာပြန်နှင့် ယခုခေတ် သီဟိုဠ်ဘာသာပြန် တို့၌ သက္ကတအဘိဓာန်စသည်ကို မှီ၍ ဣဗ္ဘပုဒ်ကို အစေအပါး ဟု ပြန်ဆိုကြ၏၊ ဤ၌ကား ဋီကာတွင် "ဗြာဟ္မဏာ သုဆုသတာ သုဒ္ဒါ" ပုဏ္ဏားတို့၏စကားကို ရိုသေစွာနာခံရသော သုဒ္ဒမျိုးညံ့ ဟု ဖွင့်ပြသည်ကို ထောက်ထား၍၎င်း ဗိဿနိကာယ် ပါထိကဝဂ် အဂ္ဂညသုတ်၌ ဟီနပုဒ်အရာတွင် ဣဗ္ဘပုဒ်ဖြင့် လဲလှယ်၍ သုံးထားသည်ကို ထောက်ထား၍၎င်း ဤသုတ်တွင် အချေအတင် ပြောဆိုကြသော ရှေ့နောက် စကားအစဉ်ကို ထောက်ထား၍၎င်း "ဇာတ်နိမ့်" ဟု ပြန်ဆိုလိုက်သည်။

http://www.dhammadownload.com

ဇာတ်နိမ့်ဟူသောစကားဖြင့် နှစ်ကြိမ်မြောက် ရှုတ်ချခြင်း

၂၆၅။ အမ္ဗဋ္ဌ သာကီဝင် မင်းတို့သည် သင့်အား အဘယ်သို့ ပြစ်မှားကုန်သနည်း။

အသျှင်ဂေါတမ အခါတပါး၌ အကျွန်ုပ်သည် ဆရာပေါက္ခရသာတိ ပုဏ္ဏား၏ ကိစ္စတခုဖြင့် ကပိလဝတ်ပြည်သို့ သွားခဲ့၏၊ သာကီဝင် မင်းတို့၏ စည်းဝေးဆောင်သို့ ရောက်ခဲ့၏၊ ထိုစဉ်အခါ၌ များစွာလော သာကီဝင် မင်းတို့သည်၎င်း သာကီဝင် မင်းသားတို့သည်၎င်း အချင်းချင်း ကလိထိုး၍ ပြင်းစွာရယ်ကုန်လျက် ပြင်းစွာကစားကုန်လျက် စည်းဝေးဆောင်တွင် မြင့်သော နေရာတို့၌ ထိုင်နေကုန်၏၊ စင်စစ်မှကား အကျွန်ုပ်ကိုသာ ရယ်ကြသည် ထင်၏၊ မည်သူမျှ အကျွန်ုပ်ကို နေရာလည်း မပေးပါ၊ (နေရာဖြင့်လည်း မဖိတ်ပါ) အသျှင်ဂေါတမ ဤသာကီဝင် မင်းတို့သည် ဇာတ်နိမ့်ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း အလေးမပြုခြင်း မမြတ်နိုးခြင်း မပူဇော်ခြင်း မတုပ်ဝပ်ခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင် မင်းတို့ကို ဤဇာတ်နိမ့်ဟူသော စကားဖြင့် နှစ်ကြိမ်မြောက် ရှုတ်ချ ပြောဆို၏။

ဇာတ်နိမ့်ဟူသောစကားဖြင့် သုံးကြိမ်မြောက် ရှုတ်ချခြင်း

၂၆၆။ အမ္ဗဋ္ဌ ဘီလုံးငှက်မသည်ပင်လည်း မိမိအသိုက်၌ အလိုရှိတိုင်း မြည်နိုင်သေး၏၊ အမ္ဗဋ္ဌ ကပိလဝတ်ပြည်သည်ကား သာကီဝင် မင်းမျိုးတို့၏ ကိုယ်ပိုင်ပြည် ဖြစ်ပေ၏၊ အမောင် အမ္ဗဋ္ဌသည် ဤအသေးအဖွဲ့အမှုမျှဖြင့် အခဲမကြေ မဖြစ်ထိုက်ပါ။

အသျှင်ဂေါတမ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲ ဟူသော ဤအမျိုးလေးပါးတို့ ရှိကုန်၏၊ အသျှင်ဂေါတမ ဤအမျိုးလေးပါးတို့တွင် မင်း ကုန်သည် သူဆင်းရဲ ဟူသော အမျိုးသုံးပါးတို့သည် ပုဏ္ဏားမျိုး၏ အလုပ်အကျွေးသာ စင်စစ် ဖြစ်ကုန်၏၊ အသျှင်ဂေါတမ ဤသာကီဝင် မင်းတို့သည် ဇာတ်နိမ့်ဖြစ်ကုန်လျက် ပုဏ္ဏားတို့ကို မရိုသေခြင်း အလေးမပြုခြင်း မမြတ်နိုးခြင်း မပူဇော်ခြင်း မတုပ်ဝပ်ခြင်းသည် မသင့်လျော် မလျောက်ပတ်ပါ။

ဤသို့လျှင် အမ္ဗဋ္ဌလုလင်သည် သာကီဝင် မင်းတို့ကို ဤဇာတ်နိမ့်ဟူသော စကားဖြင့် သုံးကြိမ်မြောက် ရှုတ်ချပြောဆို၏။

ကျွန်မသား၏ဝါဒ

၂၆၇။ ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏—

"ဤအမ္ဗဋ္ဌလုလင်သည် သာကီဝင် မင်းမျိုးတို့ကို ဇာတ်နိမ့်ဟူသော စကားဖြင့် အပြင်းအထန် ဖိနှိပ်၏၊ ငါသည် (သူ၏) အနွယ်ကို မေးရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်အား.... "အမ္ဗဋ္ဌ သင်၏ အနွယ်ကား အဘယ်နည်း" ဟု မေးတော်မူ၏။

အသျှင်ဂေါတမ အကျွန်ုပ်၏ အနွယ်ကား ကဏှာယန ဖြစ်ပါသည်။

http://www.dhammadownload.com

အမ္ဗဋ္ဌ သင်၏ အမိ အဖတို့နှင့် စပ်ဆိုင်သော ရှေးအမည် အနွယ်ကို အစဉ်လိုက်၍ စိစစ်သော် သာကီဝင်မင်းတို့သည် အရှင်သခင်၏ သားတို့ ဖြစ်ကုန်၏၊ သင်သည် သာကီဝင်မင်းတို့၏ ကျွန်မသား ဖြစ်၏။

အမ္ဗဋ္ဌ သာကီဝင် မင်းတို့သည် ဥက္ကာက မင်းကို အဘိုးအရာ၌ ထားကုန်၏၊ အမ္ဗဋ္ဌ ရှေး၌ ဖြစ်ဘူးသည်ကား ဥက္ကာကမင်းသည် ချစ်ခင် မြတ်နိုးသော မိဖုရား၏ သားတော်အား မင်းအဖြစ်ကို ဆောင်နှင်းတော်မူလို၍ ဥက္ကာမုခ ကရကဏ္ဍ ဟတ္ထိနိက သိနိသူရ ဟူသော သားတော်ကြီးတို့ကို တိုင်းပြည်မှ နှင်ထုတ်တော်မူ၏၊ တိုင်းပြည်မှ နှင်ထုတ်ခံရကုန်သော ထိုသားတော်ကြီးတို့သည် ဟိမဝန္တာနံပါး ရေကန်၏ အနီး ကျွန်းတောအုပ်ကြီး၌ နေကုန်၏၊ ထို (သားတော်ကြီး) တို့သည် အမျိုးပျက်မည် ကြောက်သဖြင့် မိမိတို့၏ နှမတို့နှင့် အိမ်ထောင်ပြုကုန်၏။

အမ္ဗဋ္ဌ ထိုအခါ ဥက္ကာကမင်းသည် မှူးမတ်ပရိသတ်တို့အား.... "အချင်းတို့ ယခုအခါ သားတော်တို့သည် အဘယ်အရပ်မှာ နေကုန်သနည်း" ဟု မိန့်တော်မူ၏။

မင်းမြတ် ဟိမဝန္တာနံပါး ရေကန်၏ အနီး ကျွန်းတောအုပ်ကြီး၌ မင်းသားတို့သည် ယခုနေကြပါကုန်၏၊ ထို (မင်းသား) တို့သည် အမျိုးပျက်မည်ကြောက်သဖြင့် မိမိတို့၏ နှမတော်တို့နှင့်အတူ အိမ်ထောင်ပြုကြပါကုန်သည် ဟု (လျှောက်ကုန်၏)။

အမ္ဗဋ္ဌ ထိုအခါ ဥက္ကာက မင်းသည်- "အချင်းတို့ သားတော် တို့သည် စွမ်းနိုင် ကုန်စွတကား" "အချင်းတို့သားတော်တို့သည် အလွန် စွမ်းနိုင်ကုန်စွ တကား" ဟု ဥဒါန်းကျူးရင့်လေ၏၊ အမ္ဗဋ္ဌ ထိုဥဒါန်းကို အစွဲပြု၍ သာကီဝင်မင်းတို့သည် (သကျ[၁] ဟု) ထင်ရှားကုန်၏၊ ထို (ဥက္ကာကမင်း) သည် သာကီဝင်မင်းတို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ဖြစ်၏။

အမ္ဗဋ္ဌ ဥက္ကာကမင်းအား ဒိသာ မည်သော ကျွန်မသည် ရှိ၏၊ ထို(ကျွန်မ) သည် ကဏှမည်သော သားကို ဖွားမြင်၏၊ ကဏှသည် မွေးဖွားစ ဖြစ်လျက် ဤသို့ ဆို၏—

"အမိ အကျွန်ုပ်ကို ဆေးကြောပါလော့၊ အမိ အကျွန်ုပ်ကို ရေချိုးပေးပါလော့၊ အမိ အကျွန်ုပ်ကို အညစ်အကြေးမှ လွတ်ပါစေလော့၊ သင်တို့၏ အကျိုးကို ဆောင်ရွက်နိုင်သူ ဖြစ်ပါလိမ့်မည်" ဟု ဆို၏။

အမ္ဗဋ္ဌ ယခုအခါ လူတို့သည် ဘီလူး'ပိသာစ'တို့ကိုမြင်လျှင် ဘီလူး'ပိသာစ' ဟူ၍ သိမှတ်ကုန်သကဲ့သို့ ထိုစဉ်အခါ၌ လူတို့သည် ဘီလူး'ပိသာစ' တို့ကို ကဏှ ဟူ၍ သိမှတ်ကုန်၏၊ ထို (လူ) တို့သည် "ဤ (သူငယ်)သည် မွေးဖွားစဖြစ်လျက် (စကား) ပြော၏၊ ကဏှ မွေးဖွား၏၊ ဘီလူး 'ပိသာစ'မွေးဖွား၏" ဟု ဆိုကုန်၏၊ အမ္ဗဋ္ဌ ထိုစကားကို အစွဲပြု၍ ကဏှ အနွယ်ဝင်တို့သည် (ကဏှာယန ဟု)ထင်ရှားကုန်၏၊ ထိုကဏှသည်လည်း ကဏှအနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ဖြစ်၏၊ အမ္ဗဋ္ဌ ဤသို့လျှင်သင်၏ အမိအဖတို့နှင့် စပ်ဆိုင်သော ရှေးအမည်အနွယ်ကို အစဉ်လိုက်၍ စိစစ်သော် သာကီဝင်မင်းတို့သည် အရှင်သခင်၏သားတို့ ဖြစ်ကုန်၏၊ သင်သည် သာကီဝင်မင်းတို့၏ ကျွန်မသား ဖြစ်၏ ဟု (မိန့်ဆိုတော်မူ၏)။

၂၆၇။ ဤသို့ မိန့်ဆိုတော်မူသော် ထိုလုလင်များသည် မြတ်စွာဘုရားအား ဤစကားကို ဆိုကြ၏—

၁။ သကျ = စွမ်းနိုင်သူ။

http://www.dhammadownload.com

"အသျှင်ဂေါတမသည် အမ္ဗဋ္ဌကို ကျွန်မသား ဟူသော စကားဖြင့် အပြင်းအထန် မဖိနှိပ်ပါလင့်၊ အသျှင်ဂေါတမ အမ္ဗဋ္ဌလုလင်သည် ကောင်းသောဇာတ်လည်း ရှိပါ၏၊ အမျိုးကောင်းသားလည်း ဖြစ်ပါ၏၊ အကြားအမြင်လည်း များပါ၏၊ ချေငံသော စကားလည်း ရှိပါ၏၊ ပညာရှိလည်း ဖြစ်ပါ၏၊ အမ္ဗဋ္ဌလုလင်သည် ဤစကား၌ အသျှင်ဂေါတမနှင့် အတူ တုံ့ပြန်ပြောဆိုခြင်းငှါလည်း စွမ်းနိုင်ပါ၏" ဟု ဆိုကြ၏။

၂၆၉။ ထိုအခါ မြတ်စွာဘုရားသည် ထိုလုလင်တို့အား ဤစကားကို ဆိုတော်မူ၏—

"အကယ်၍ 'အမ္ဗဋ္ဌလုလင်သည် ကောင်းသော ဇာတ်လည်းမရှိ၊ အမျိုးကောင်း သားလည်း မဟုတ်၊ အကြားအမြင်လည်း နည်း၏၊ ချေငံသော စကားလည်း မရှိ၊ ပညာလည်း မဲ့၏၊ အမ္ဗဋ္ဌလုလင်သည် ဤစကား၌ ရဟန်းဂေါတမနှင့် အတူ တုံ့ပြန်ပြောဆိုခြင်းငှါလည်း မစွမ်းနိုင်' ဟု သင် လုလင်တို့ ထင်ကြလျှင် အမ္ဗဋ္ဌလုလင်သည် နေပါစေ၊ သင်တို့သည်သာ ဤစကား၌ ငါနှင့် အတူ ပြောဆို ကုန်လော့၊ အကယ်၍ 'အမ္ဗဋ္ဌလုလင်သည် ကောင်း သော ဇာတ်လည်း ရှိ၏၊ အမျိုးကောင်းသားလည်း ဖြစ်၏၊ အကြားအမြင်လည်း များ၏၊ ချေငံသော စကားလည်းရှိ၏၊ ပညာရှိလည်း ဖြစ်၏။ အမ္ဗဋ္ဌလုလင်သည် ဤစကား၌ ရဟန်း ဂေါတမနှင့်အတူ တုံ့ပြန်ပြောဆိုခြင်းငှါလည်း စွမ်းနိုင်၏' ဟု သင်လုလင်တို့ ထင်ကြငြားအံ့၊ သင်တို့နေကြကုန်၊ အမ္ဗဋ္ဌလုလင်သည်သာ ဤစကား၌ ငါနှင့်အတူ တုံ့ပြန်ပြောဆိုပါစေ" ဟု ဆိုတော်မူ၏။

အရှင်ဂေါတမ အမ္ဗဋ္ဌလုလင်သည် ကောင်းသောဇာတ်လည်း ရှိပါ၏၊ အမျိုးကောင်းသားလည်း ဖြစ်ပါ၏၊ အကြားအမြင်လည်း များပါ၏၊ ချေငံသောစကားလည်း ရှိပါ၏၊ အမ္ဗဋ္ဌလုလင်သည် ပညာရှိလည်း ဖြစ်ပါ၏၊ အမ္ဗဋ္ဌလုလင်သည် ဤစကား၌ အသျှင်ဂေါတမနှင့် အတူ တုံ့ပြန် ပြောဆိုခြင်းငှါလည်း စွမ်းနိုင်ပါ၏၊ အကျွန်ုပ်တို့ ဆိတ်ဆိတ်နေကုန်အံ့၊ အမ္ဗဋ္ဌလုလင်သည်သာ ဤစကား၌ အသျှင်ဂေါတမနှင့်အတူ တုံ့ပြန်ပြောဆိုပါစေ။

၂၇၀။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်အား ဤသို့ မေးတော်မူ၏—

"အမ္ဗဋ္ဌ အကြောင်းလုံလောက်သော ဤမေးခွန်းသည် သင့်ထံသို့ ရောက်လာ၏၊ အလိုမရှိသော်လည်း ဖြေကြားရပေလိမ့်မည်၊ အကယ်၍ သင်သည် အတိအကျ မဖြေပဲနေသော်ငြားအခြားတပါးကို လိုးလွှဲပြောဆိုနေသော်ငြား ဆိတ်ဆိတ်နေသော်ငြား ဖဲခွါသွားသော်ငြား ဤနေရာ၌ပင် သင့်ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ္တံ့၊ အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ (အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုသည်ကို သင် အဘယ်သို့ ကြားဘူးသနည်း၊ ကဏှာအနွယ်ဝင်တို့သည် အဘယ်မှစ၍ဖြစ်ကုန်သနည်း၊ ကဏှာအနွယ်ဝင်တို့၏ ရှေးဦးစွာသော ယောကျ်ားကား အဘယ်သူနည်း" ဟု မေးတော်မူ၏။

ဤသို့ မေးတော်မူသော် အမ္ဗဋ္ဌလုလင်သည် ဆိတ်ဆိတ်နေ၏၊ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်အား ဤသို့ မေးတော်မူပြန်၏—

"အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ (အသက်) ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုသည်ကို သင်အဘယ်သို့

http://www.dhammadownload.com

ကြားဘူးသနည်း၊ ကဏှာအနွယ်ဝင်တို့သည် အဘယ်မှစ၍ ဖြစ်ကုန်သနည်း၊ ကဏှာအနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ကား အဘယ်သူနည်း” ဟု မေးတော်မူ၏။

နှစ်ကြိမ်မြောက်လည်း အမ္ဗဋ္ဌလုလင်သည် ဆိတ်ဆိတ်သာလျှင် နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်အား ဤစကားကို မိန့်ဆိုတော်မူ၏။

“အမ္ဗဋ္ဌ ယခုဖြေကြားလော့၊ ယခုသင်ဆိတ်ဆိတ်နေရန် အခါမဟုတ်၊ အမ္ဗဋ္ဌ အကြင်သူသည် သုံးကြိမ်တိုင်တိုင် အကြောင်းလုံလောက်သော မေးခွန်းကို ဘုရားက မေးပါလျက် မဖြေပဲ နေငြားအံ့၊ ထိုသူ၏ ဦးခေါင်းသည် ယင်းနေရာ၌ပင် ခုနစ်စိတ် ကွဲလတ္တံ့” ဟု မိန့်ဆိုတော်မူ၏။

၂၇၁။ ထိုစဉ်အခါ၌ သိကြားမင်းသည် ဘီလူးအသွင်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်သော မီးလျှံရှိသော သံတူကြီးကို စွဲကိုင်ပြီးလျှင် “ဤအမ္ဗဋ္ဌလုလင်သည် သုံးကြိမ်တိုင်တိုင် အကြောင်းလုံလောက်သော မေးခွန်းကို မြတ်စွာဘုရားက မေးပါလျက် အကယ်၍ မဖြေပဲ နေငြားအံ့၊ထို (အမ္ဗဋ္ဌ)၏ ဦးခေါင်းကို ယင်းနေရာ၌ပင် ခုနစ်စိတ်ခွဲအံ့” ဟု ကြံရွယ်၍ အမ္ဗဋ္ဌလုလင်၏ အထက် ကောင်းကင်၌ ရပ်လျက်နေ၏၊ ထိုဘီလူးအသွင်ရှိသော သိကြားမင်းကို မြတ်စွာဘုရားနှင့် အမ္ဗဋ္ဌလုလင် တို့သာ မြင်ကြရ၏။

၂၇၂။ ထိုအခါ အမ္ဗဋ္ဌ လုလင်သည် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညင်း ထသည်ဖြစ်၍ မြတ်စွာဘုရားကိုသာလျှင် မှီခိုရာ ပုန်းအောင်းရာ ကိုးကွယ်ရာ ဟု ရှာမှီးလျက် အနီးသို့ကပ်၍ ထိုင်ပြီး လျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဂေါတမသည် ထိုစကားကို အဘယ်သို့ ဆိုလိုက်ပါသနည်း၊ အသျှင်ဂေါတမသည် တဖန် ဆိုတော်မူပါဦးလော့” ဟု လျှောက်၏။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့သင်သနည်း၊ (အသက်)ကြီးကုန်သော (အရွယ်)ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ပြောဆိုသည်ကို သင်အဘယ်သို့ ကြားဘူး သနည်း၊ ကဏှာအနွယ်ဝင်တို့သည် အဘယ်မှစ၍ ဖြစ်ကုန်သနည်း၊ ကဏှာအနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ကား အဘယ်သူနည်း။

အသျှင်ဂေါတမ အသျှင်ဂေါတမ မိန့်တော်မူသည့်အတိုင်းပင် အကျွန်ုပ်ကြားဘူးပါ၏၊ ကဏှာ အနွယ်ဝင်တို့သည် ထိုကျွန်မ၏သား ကဏှာမှစ၍ ဖြစ်ပါကုန်၏၊ ထို (ကျွန်မ၏သား ကဏှာ) သည်ပင် ကဏှာအနွယ်ဝင်တို့၏ ရှေးဦးစွာသော ပုဂ္ဂိုလ်ပါတည်း ဟု (လျှောက်၏)။

အမ္ဗဋ္ဌ၏ အဆက်အနွယ်အကြောင်း

၂၇၃။ ဤသို့ လျှောက်သော် ထိုလုလင်တို့သည် ပြင်းပြကျယ်လောင်သော အသံဖြင့် ပဲ့တင် ထပ်မျှ (ဤသို့)ပြောဆိုကြကုန်၏—

“အချင်းတို့ အမ္ဗဋ္ဌလုလင်သည် ကောင်းသောဇာတ် မရှိဘူးတဲ့၊ အမျိုးကောင်းသား မဟုတ် ဘူးတဲ့၊ သာကီဝင် မင်းတို့၏ ကျွန်မသားတဲ့၊ အချင်းတို့ သာကီဝင် မင်းတို့သည် အမ္ဗဋ္ဌလုလင်၏

http://www.dhammadownload.com

အရှင်သခင်သားများ ဖြစ်ကြသတဲ့၊ ငါတို့သည် ရဟန်းဂေါတမ အမှန်အတိုင်း ပြောဆိုသည်ကို အပြစ်တင်သင့်သည် ဟု ထင်မှားမိခဲ့ကုန်၏” ဟု ပြောဆိုကြကုန်၏။

၂၇၄။ ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏—

“ဤလုလင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား ဟူသော စကားဖြင့် အပြင်းအထန် ဖိနှိပ်ကုန်၏၊ ငါသည် (အမ္ဗဋ္ဌကို ထိုဖိနှိပ်ခြင်းမှ) လွတ်မြောက်စေရမူ ကောင်းလေစွ” ဟု အကြံ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုလုလင်တို့အား ဤစကားကို မိန့်တော်မူ၏—

“လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မသား ဟူသောစကားဖြင့် အပြင်းအထန် မဖိနှိပ်ကုန်လင့်၊ ထို ကဏှသည် တန်ခိုးကြီးသော ရသေ့ ဖြစ်ပေ၏၊ ထို(ကဏှရသေ့)သည် ဒက္ခိဏဇနပုဒ်[၁]သို့ သွား၍ မြတ်သော မန္တန်တို့ကို သင်ပြီးလျှင် ဥက္ကာကမင်းသို့ ချဉ်းကပ်လျက် မဒ္ဒရူပီ မည်သော သမီးတော်ကို တောင်း၏။

ဥက္ကာကမင်းသည် “အချင်းတို့ ဤ (ကဏှ)သည် ငါ၏ ကျွန်မသား ဖြစ်လျက် သမီးတော် မဒ္ဒရူပီကို အဘယ့်ကြောင့် ဤသို့ တောင်းဘိသနည်း” ဟု ထို(ကဏှရသေ့)အား အမျက်ထွက်၍ နလုံးမသာသည် ဖြစ်၍ မြားကို တင်၏၊ ထို (ဥက္ကာကမင်း) သည် ထိုမြားကို လွှတ်ခြင်းငှါလည်း မတတ်နိုင်၊ ရုပ်ခြင်းငှါလည်း မတတ်နိုင် ရှိနေလေ၏၊ လုလင်တို့ ထိုအခါ မှူးမတ်ပရိသတ်တို့သည် ကဏှရသေ့ထံ ချဉ်းကပ်၍ “အသျှင်ရသေ့ မင်းအား ချမ်းသာခြင်း ဖြစ်ပါစေလော့၊ အသျှင်ရသေ့ မင်းအား ချမ်းသာ ခြင်း ဖြစ်ပါစေလော့” ဟု ဆိုကုန်၏။

မင်းအား ချမ်းသာခြင်း ဖြစ်လတ္တံ့၊ သို့သော် မင်းသည် အကယ်၍ မြားကို အောက်သို့ လွှတ်အံ့၊ မင်း၏နိုင်ငံတော် တဝန်းလုံး၌ မြေကြီးသည် ကြေမွ ပျက်စီးလတ္တံ့။

အသျှင်ရသေ့ မင်းအားလည်း ချမ်းသာခြင်း ဖြစ်ပါစေလော့၊ ဇနပုဒ်(တိုင်းနိုင်ငံ)အားလည်း ချမ်းသာခြင်း ဖြစ်ပါစေလော့။

မင်းအားလည်း ချမ်းသာခြင်း ဖြစ်လတ္တံ့၊ ဇနပုဒ် (တိုင်းနိုင်ငံ) အားလည်း ချမ်းသာခြင်းဖြစ် လတ္တံ့၊ သို့သော် မင်းသည် အကယ်၍ မြားကို အထက်သို့ လွှတ်အံ့၊ မင်း၏နိုင်ငံတော် တဝန်းလုံး၌ ခုနစ်နှစ်တိုင်တိုင် မိုးမရွာလတ္တံ့။

အသျှင်ရသေ့ မင်းအားလည်း ချမ်းသာခြင်း ဖြစ်ပါစေလော့၊ ဇနပုဒ်(တိုင်းနိုင်ငံ)အားလည်း ချမ်းသာခြင်း ဖြစ်ပါစေလော့၊ မိုးလည်း ရွာပါစေလော့။

မင်းအားလည်း ချမ်းသာခြင်း ဖြစ်လတ္တံ့၊ ဇနပုဒ်(တိုင်းနိုင်ငံ)အားလည်း ချမ်းသာခြင်း ဖြစ် လတ္တံ့၊ မိုးလည်းရွာလတ္တံ့၊ သို့သော် မင်းသည် သားကြီး၌ မြားကို တည်စေလော့၊ မင်းသား သည်လည်း ကြက်သီးမွေးညှင်းမျှ မထမူ၍ ချမ်းသာသည်သာ ဖြစ်လတ္တံ့။

လုလင်တို့ ထိုအခါ အမတ်တို့သည် ဥက္ကာက(မင်း)အား လျှောက်ထားကုန်၏—

၁။ ဒက္ခိဏဇနပုဒ် = ဂင်္ဂါမြစ်၏ တောင်ဘက်၌ရှိသော နယ်ပယ်။

http://www.dhammadownload.com

"ဥက္ကာက(မင်း)သည် သားကြီး၌ မြားကို တည်စေလော့ မင်းသားသည်လည်း ကြက်သီး မွေးညှင်းမျှ မထမူ၍ ချမ်းသာသည်သာ ဖြစ်လတ္တံ့ ဟု ဆိုပါသည်" ဟူ၍ လျှောက်ကုန်၏။

ထိုအခါ "ဥက္ကာကမင်းသည် သားကြီး၌ မြားကိုတည်စေ၏၊ မင်းသားသည်လည်း ကြက်သီး မွေးညှင်းမျှ မထမူ၍ ချမ်းသာသည်သာ ကောင်းစွာဖြစ်လေ၏၊ ထိုအခါ ဥက္ကာကမင်းသည် မန္တန် လက်နက်ဖြင့် ခြိမ်းခြောက်ခံရသောကြောင့် ကြောက်ရွံ့ထိတ်လန့် ကြက်သီးမွေးညှင်းထသည်ဖြစ်၍ သမီးတော် မဒ္ဒရူပီကို ထို (ကဏှရသေ့) အား ပေးရ၏၊ လုလင်တို့ သင်တို့သည် အမ္ဗဋ္ဌလုလင်ကို ကျွန်မ သားဟူသော စကားဖြင့် အပြင်းအထန် မဖိနှိပ်ကုန်လင့်၊ ထိုကဏှသည် တန်ခိုးကြီးသော ရသေ့ဖြစ် ပေ၏" ဟု မိန့်တော်မူ၏။

မင်းမျိုးသည် မြင့်မြတ်သည့် အကြောင်း

၂၇၅။ ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်ကို ဤသို့ မိန့်တော်မူ၏—

"အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ထင်သနည်း၊ ဤ (လောက၌)မင်းမျိုး သတို့သားသည် ပုဏ္ဏားမျိုး သတို့သမီးနှင့် အိမ်ထောင် ပြုရာ၏၊ ထိုသူတို့၏ အိမ်ထောင်ပြုခြင်းကို စွဲ၍ သား ဖွားရာ၏၊ မင်းမျိုး သတို့သားနှင့် ပုဏ္ဏားမျိုးသတို့သမီးမှ ဖွားသော ထိုသားသည် ပုဏ္ဏားတို့ ထံ၌ နေရာကိုဂင်း ရေကိုဂင်း ရရာသလော" ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ ရရာပါ၏။

ပုဏ္ဏားတို့သည် ထိုသားအား ကုဗ္ဗိုး[၁] ထမင်း ကျွေးပွဲ၌ဂင်း မင်္ဂလာထမင်းကျွေးပွဲ၌ဂင်း ယဇ် ထမင်းကျွေးပွဲ၌ဂင်း ဧည့်ခံထမင်းကျွေးပွဲ၌ဂင်း ကျွေးကုန်ရာ သလော။

အသျှင်ဂေါတမ ကျွေးကုန်ရာပါ၏။

ပုဏ္ဏားတို့သည် ထိုသားအား ဝေဒကျမ်းတို့ကို သင်ပေးကုန်ရာသလော၊ သင်မပေး ကုန်ရာသ လော။

အသျှင်ဂေါတမ သင်ပေးကုန်ရာပါ၏။

ထိုသားကို ပုဏ္ဏေးမ(တို့နှင့်လက်ထပ်ရေး)၌ တားမြစ်ရာသလော၊ မတားမြစ်ရာသလော။

အသျှင်ဂေါတမ မတားမြစ်ရာပါ။

ထိုသားကို မင်းမျိုးတို့သည် မင်းမျိုးတို့၏ အဘိသိက်မင်္ဂလာ ပြုကုန်ရာသလော။

အသျှင်ဂေါတမ မပြုကုန်ရာပါ၊ အဘယ်ကြောင့်ဆိုသော် အသျှင်ဂေါတမ (ထိုသားကား) အမိဖက်မှ (မင်းမျိုးသို့)မဝင်သောကြောင့် ပါတည်း။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ(လောက၌)ပုဏ္ဏားမျိုး သတို့သားသည် မင်းမျိုးသတို့သမီးနှင့် အိမ်ထောင်ပြုရာ၏၊ ထိုသူတို့၏ အိမ်ထောင်ပြုခြင်းကို စွဲ၍ သားဖွားရာ၏၊ ပုဏ္ဏားမျိုး သတို့သားနှင့် မင်းမျိုး သတို့သမီးမှ ဖွားသော ထိုသားသည် ပုဏ္ဏားတို့ထံ၌ နေရာကို ဂင်း ရေကိုဂင်း ရရာသလော။

အသျှင်ဂေါတမ ရရာပါ၏။

၁။ သေသူတို့ကို ရည်စူး၍ ပြုသော ထမင်းကျွေးပွဲ။

http://www.dhammadownload.com

ပုဏ္ဏားတို့သည် ထိုသားအား ကုပ္ပိုးထမင်းကျွေးပွဲ၌ဖြစ်စေ မင်္ဂလာထမင်းကျွေးပွဲ၌ဖြစ်စေ ယဇ်ထမင်းကျွေးပွဲ၌ဖြစ်စေ ဧည့်ခံထမင်းကျွေးပွဲ၌ဖြစ်စေ ကျွေးကုန်ရာသလော။

အသျှင်ဂေါတမ ကျွေးကုန်ရာပါ၏။

ပုဏ္ဏားတို့သည် ထိုသားအား ဝေဒကျမ်းတို့ကို သင်ပေးကုန်ရာသလော သင်မပေးကုန်ရာသလော။

အသျှင်ဂေါတမ သင်ပေးကုန်ရာပါ၏။

ထိုသားကို ပုဏ္ဏေးမ(တို့နှင့် လက်ထပ်ရေး)၌ တားမြစ်ရာသလော၊ မတားမြစ်ရာသလော။

အသျှင်ဂေါတမ မတားမြစ်ရာ ပါ။

ထိုသားကို မင်းမျိုးတို့သည် မင်းမျိုးတို့၏ အဘိသိက်မင်္ဂလာ ပြုကုန်ရာသလော။

အသျှင်ဂေါတမ မပြုကုန်ရာပါ၊ အဘယ့်ကြောင့်ဆိုသော် အသျှင်ဂေါတမ (ထိုသားကား) အဖဖက်မှ(မင်းမျိုးသို့)မဝင်သောကြောင့်ပါတည်း။

၂၇၆။ အမ္ဗဋ္ဌ ဤသို့လျှင် မိန်းမအချင်းချင်း နှိုင်းရှည့်သော်ဖြစ်စေ ယောကျ်ားအချင်းချင်း နှိုင်းရှည့်သော်ဖြစ်စေ မင်းမျိုးတို့သာ မြတ်ကုန်၏၊ ပုဏ္ဏားမျိုးတို့သည် ယုတ်ကုန်၏။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ(လောက)၌ ပုဏ္ဏားတို့သည် ပုဏ္ဏားကို အပြစ်တစုံတခုကြောင့် ဦးပြည်းရိတ်၍ ဦးခေါင်းထက် ပြာဖြူးပြီးလျှင် တိုင်းပြည်မှသော်ဖြစ်စေ မြို့မှသော်ဖြစ်စေ နှင်ထုတ်ကုန်ရာ၏၊ ထိုပုဏ္ဏားသည် ပုဏ္ဏားတို့ထံ၌ နေရာကိုဖြစ်စေ ရေကိုဖြစ်စေ ရရာသလော။

အသျှင်ဂေါတမ မရရာပါ။

ပုဏ္ဏားတို့သည် ထိုပုဏ္ဏားအား ကုပ္ပိုးထမင်းကျွေးပွဲ၌ဖြစ်စေ မင်္ဂလာထမင်းကျွေးပွဲ၌ဖြစ်စေ ယဇ်ထမင်းကျွေးပွဲ၌ဖြစ်စေ ဧည့်ခံထမင်းကျွေးပွဲ၌ဖြစ်စေ ကျွေးကုန်ရာသလော။

အသျှင်ဂေါတမ မကျွေးကုန်ရာပါ။

ပုဏ္ဏားတို့သည် ထို(ပုဏ္ဏား)အား ဝေဒကျမ်းတို့ကို သင်ပေးကုန်ရာသလော၊ သင်မပေးကုန်ရာသလော။

အသျှင်ဂေါတမ သင်မပေးကုန်ရာပါ။

ထိုပုဏ္ဏားကို ပုဏ္ဏေးမ (တို့နှင့် လက်ထပ်ရေး) ၌ တားမြစ်ရာသလော မတားမြစ်ရာသလော။

အသျှင်ဂေါတမ တားမြစ်ရာပါ၏။

အမ္ဗဋ္ဌ ထို (အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ (လောက)၌ မင်းမျိုးတို့သည် မင်းမျိုးဖြစ်သူကို အပြစ်တစုံတခုကြောင့် ဦးပြည်းရိတ်၍ ဦးခေါင်းထက် ပြာဖြူးပြီးလျှင် တိုင်းပြည်မှသော်ဖြစ်စေ မြို့မှသော်ဖြစ်စေ နှင်ထုတ်ကုန်ရာ၏၊ ထိုသူသည် ပုဏ္ဏားတို့ထံ၌ နေရာကိုဖြစ်စေ ရေကိုဖြစ်စေ ရရာသလော။

အသျှင်ဂေါတမ ရရာပါ၏။

http://www.dhammadownload.com

ပုဏ္ဏားတို့သည် ထိုသူအား ကုမ္ပီးထမင်းကျွေးပွဲ၌ရှင်း မင်္ဂလာထမင်းကျွေးပွဲ၌ရှင်း ယဇ်ထမင်း ကျွေးပွဲ၌ရှင်း ဧည့်ခံထမင်းကျွေးပွဲ၌ရှင်း ကျွေးကုန်ရာသလော။

အသျှင်ဂေါတမ ကျွေးကုန်ရာပါ၏။

ပုဏ္ဏားတို့သည် ထို(သူ)အား ဝေဒကျမ်းတို့ကို သင်ပေးကုန်ရာသလော၊ သင်မပေးကုန်ရာ သလော။

အသျှင်ဂေါတမ သင်ပေးကုန်ရာပါ၏။

ထို(သူ)ကို ပုဏ္ဏေးမ(တို့နှင့် လက်ထပ်ရေး) ၌ တားမြစ်ရာသလော၊ မတားမြစ်ရာသလော၊

အသျှင်ဂေါတမ မတားမြစ်ရာပါ။

၂၇၇။ အမ္ဗဋ္ဌ မင်းမျိုးတို့သည် ထိုမင်းမျိုး ဖြစ်သူကို အပြစ်တင်တစ်ခုကြောင့် ဦးပြည်းရိတ်၍ ဦးခေါင်းထက် ပြာဖြူးပြီးလျှင် တိုင်းပြည်မှသော်ရှင်း မြို့မှသော်ရှင်း နှင်ထုတ်ကုန်လတ်သော် ဤမျှဖြင့် ထိုသူသည် အလွန်ယုတ်သော အဖြစ်သို့ ရောက်၏၊ အမ္ဗဋ္ဌ မင်းမျိုးဖြစ်သူသည် ဤသို့ အလွန်ယုတ်သော အဖြစ်သို့ ရောက်သောအခါ၌လည်း မင်းမျိုးတို့သာ မြတ်ကုန်၏၊ ပုဏ္ဏားမျိုးတို့သည် ယုတ်ကုန်၏။

အမ္ဗဋ္ဌ သနင်္ကုမာရ ဗြဟ္မာသည်လည်း ဤဂါထာကို ဆို၏—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏၊နတ်လူအပေါင်း၌(အကြင်သူသည်)အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏" ဟု ဆို၏။

အမ္ဗဋ္ဌ သနင်္ကုမာရဗြဟ္မာသည် ထိုဂါထာကို ကောင်းစွာ သီဆိုပေ၏၊ မကောင်းသဖြင့် သီဆို သည် မဟုတ်ပေ၊ ကောင်းစွာ ရွတ်ဆိုပေ၏၊ မကောင်းသဖြင့် ရွတ်ဆိုသည် မဟုတ်ပေ၊ အကျိုးနှင့် စပ်ပေ၏၊ အကျိုးနှင့် မစပ်သည် မဟုတ်ပေ၊ ငါသဘောတူ၏၊ အမ္ဗဋ္ဌ ငါသည်လည်း ဤအတူပင် ဆို၏—

"လူအပေါင်း၌ အကြင်သူတို့သည် အမျိုးအနွယ်ကို အားကိုးလေ့ ရှိကုန်၏၊ (ထိုသူတို့တွင်) မင်းမျိုးသည် မြတ်၏၊ နတ်လူအပေါင်း၌(အကြင်သူသည်)အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံ၏၊ ထိုသူသည် မြတ်၏" ဟု ဆို၏။

ပဌမ ဘာဏဝါရ ပြီး၏။

အသိဉာဏ် 'ဝိဇ္ဇာ' နှင့် အကျင့် 'စရဏ' အကြောင်း

၂၇၈။ အသျှင်ဂေါတမ ထိုအကျင့် 'စရဏ'ကား အဘယ်နည်း၊ ထိုအသိဉာဏ် 'ဝိဇ္ဇာ'ကား အဘယ်နည်း။

အမ္ဗဋ္ဌ အဘုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံမှု၌ "သင်သည် ငါနှင့်တန်၏၊ သင်သည် ငါနှင့် မတန်" ဟု ဇာတ်ကို စွဲ၍ ဖြစ်သော စကားကိုလည်း မဆိုသင့်၊ အနွယ်ကို စွဲ၍ ဖြစ် သော စကားကိုလည်း မဆိုသင့်၊ မာနကို စွဲ၍ ဖြစ်သော စကားကိုလည်း မဆိုသင့်၊ အမ္ဗဋ္ဌ သမီးဆောင်

http://www.dhammadownload.com

ယူ၍ ထိမ်းမြားခြင်း သမီးပေး၍ ထိမ်းမြားခြင်း သမီးဆောင်ယူ သမီးပေး၍ ထိမ်းမြားခြင်းရှိသော ဤလူတို့ဘောင်၌ "သင်သည် ငါနှင့်တန်၏၊ သင်သည် ငါနှင့်မတန်" ဟု ဇာတ်ကိုစွဲ၍ ဖြစ်သော ဤစကားကိုလည်း ဆိုသင့်၏၊ အနွယ်ကို စွဲ၍ ဖြစ်သော ဤစကားကိုလည်း ဆိုသင့်၏၊ မာန်ကို စွဲ၍ ဖြစ်သော ဤစကားကိုလည်း ဆိုသင့်၏၊ အမ္ဗဋ္ဌ အကြင်သူတို့သည် ဇာတ်ကို စွဲ၍ ဖြစ်သော စကား၌လည်း စွဲလမ်းကုန်၏၊ အနွယ်ကို စွဲ၍ ဖြစ်သော စကား၌လည်း စွဲလမ်းကုန်၏၊ မာန်ကိုစွဲ၍ ဖြစ်သော စကား၌လည်း စွဲလမ်းကုန်၏၊ သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သမီးပေး၍ ထိမ်းမြားခြင်း၌လည်း စွဲလမ်းကုန်၏၊ ထိုသူတို့သည် အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံမှုမှ ဝေးကုန်၏၊ အမ္ဗဋ္ဌ ဇာတ်ကို စွဲ၍ ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုရင်း အနွယ်ကို စွဲ၍ ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုရင်း မာန်ကို စွဲ၍ဖြစ်သော စကား၌ စွဲလမ်းခြင်းကိုရင်း သမီးဆောင်ယူ၍ ထိမ်းမြားခြင်း သမီးပေး၍ ထိမ်းမြားခြင်း၌ စွဲလမ်းခြင်းကိုရင်း ပယ်မှသာလျှင် အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံမှုကို မျက်မှောက်ပြုနိုင်၏။

၂၇၉။ အသျှင်ဂေါတမ ထို အကျင့်'စရဏ'ကား အဘယ်နည်း၊ ထို အသိဉာဏ် 'ဝိဇ္ဇာ'ကား အဘယ်နည်း။

အမ္ဗဋ္ဌ ပူဇော်(အထူး)ကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော ကောင်းသော စကားကို ဆိုတော်မူတတ်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော သစ္စာလေးပါးတရားကို သိစေတော်မူသော ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့် တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုရင်း သမဏဗြာဟ္မဏတို့နှင့်တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၌ကောင်းခြင်း အလယ်၌ ကောင်းခြင်း အဆုံး၌ ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုတရားတော်ကို သူကြွယ်သည်ရင်း သူကြွယ့်သားသည်ရင်း အခြားဇာတ်တမျိုးမျိုး၌ ဖြစ်သောသူသည်ရင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ထိုယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏။ပ။[၁]

ထို(ရဟန်း)သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွဖြစ်သော (နီဝရဏ) ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ပ။ ဤသည်လည်း ထို (ရဟန်း)၏ အကျင့်'စရဏ'ပေတည်း။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိတက်ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်'

၁။ သာမညဖလသုတ် အပိုဒ် ၁၉၀-အပိုဒ်ခွဲ ၂-မှစ၍ အပိုဒ်၂၂၆-အဆုံးအထိ ဖော်လေ။

http://www.dhammadownload.com

မရှိသော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ပ။ ဤသည်လည်း ထို (ရဟန်း)၏ အကျင့် 'စရဏ'ပေတည်း။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက် နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ (ရဟန်းသည်) ထို တတိယစျာန်သို့ ရောက်၍ နေ၏။ပ။ ဤသည်လည်း ထို (ရဟန်း)၏ အကျင့် 'စရဏ'ပေတည်း။ပ။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ပ။ ဤသည်လည်း ထို(ရဟန်း)၏ အကျင့် 'စရဏ'ပေတည်း၊ အမ္ဗဋ္ဌ ဤ (လေးမျိုးသောစျာန်)သည် ထို(မူလက ငါဆိုခဲ့သော) အကျင့် 'စရဏ'ပင်တည်း။

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိ လတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့ လတ်သော် မတုန်လှုပ်ခြင်းသို့ရောက်လတ်သော် ထို(ရဟန်း)သည် ဝိပဿနာဉာဏ် အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ပ။ [1] ဤသည်လည်း ထို(ရဟန်း)၏ အသိဉာဏ်'ဝိဇ္ဇာ' ပေတည်း။ပ။ [2] ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု သိ၏၊ ဤသည်လည်း ထို (ရဟန်း)၏ အသိဉာဏ် 'ဝိဇ္ဇာ'ပေတည်း။ အမ္ဗဋ္ဌ ဤ(ရှစ်မျိုးသောပညာ)သည် ထို(မူလက ငါဆိုခဲ့သော) အသိဉာဏ် 'ဝိဇ္ဇာ'ပင်တည်း။

အမ္ဗဋ္ဌ ဤရဟန်းကို အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ပြည့်စုံသူဟူ၍၎င်း အကျင့် 'စရဏ'နှင့် ပြည့်စုံသူ ဟူ၍၎င်း အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံသူဟူ၍၎င်း ဆိုအပ်၏၊ အမ္ဗဋ္ဌ ဤ အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ပြည့်စုံမှုမှ၎င်း ဤအကျင့်'စရဏ'နှင့်ပြည့်စုံမှုမှ၎င်း တပါးသော လွန်ကဲထူးမြတ်သော အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ပြည့်စုံမှုသည်၎င်း အကျင့်'စရဏ'နှင့် ပြည့်စုံမှုသည်၎င်း မရှိတော့ပြီ။

ပျက်စီးကြောင်းလေးပါး

၂၈၀။ အမ္ဗဋ္ဌ အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံမှု၏ ပျက်စီး ကြောင်းတို့သည် လေးပါးရှိကုန်၏၊ လေးပါးတို့ကား အဘယ်နည်း—

အမ္ဗဋ္ဌ ဤ(လောက)၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံခြင်းသို့ မရောက်နိုင်သည် ဖြစ်၍ ထမ်းပိုးဖြင့် ရသေ့ ပရိက္ခရာတို့ကို ယူဆောင်လျက် "ကြွေကျသော သစ်သီးကိုသာ စားသူဖြစ်တော့အံ့" ဟု တောအုပ်သို့ ဝင်၏၊ စင်စစ်သော်ကား ထိုသူသည် အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံသူ၏ အလုပ်အကျွေး

၁။ သာမညဖလသုတ် အပိုဒ် ၂၃၅-မှစ၍ အပိုဒ် ၂၃၆-အပိုဒ်ခွဲ ၄ အဆုံးအထိ ဖော်လေ။

၂။ သာမညဖလသုတ် အပိုဒ် ၂၃၇-အစမှ၍ အပိုဒ် ၂၅၀-အပိုဒ်ခွဲ ၃-အထိ ဖော်လေ။

http://www.dhammadownload.com

မျှသာလျှင် ဖြစ်၏၊ အမ္ဗဋ္ဌ ဤကား အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံမှု၏ ရှေ့ဦးစွာသော ပျက်စီးကြောင်းပေတည်း။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ဤ(လောက)၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ ပေါက်တူး ခြင်းတောင်းကို ယူဆောင်လျက် "သစ်ဖု သစ်မြစ် သစ်သီးကိုသာ စားသူ ဖြစ်တော့အံ့" ဟု တောသို့ ဝင်၏၊ စင်စစ် သော်ကား ထိုသူသည် အသိဉာဏ် 'ဝိဇ္ဇာ'အကျင့် 'စရဏ'နှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာလျှင် ဖြစ်၏၊ အမ္ဗဋ္ဌ ဤကား အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံမှု၏ နှစ်ခု မြောက်သော ပျက်စီးကြောင်းပေတည်း။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ဤ(လောက)၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည် ဖြစ်၍ သစ်ဖု သစ်မြစ် သစ်သီး ကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည် ဖြစ်၍ ရွာ၏ အနီး၌၎င်း နိဂုံး၏ အနီး၌၎င်း မီး ပူဇော်ရာ အိမ်ကို ဆောက်၍ မီးကို လုပ်ကျွေးလျက် နေ၏၊ စင်စစ်သော်ကား ထိုသူသည် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာလျှင် ဖြစ်၏၊ အမ္ဗဋ္ဌ ဤကား အတု မရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံမှု၏ သုံးခုမြောက်သော ပျက်စီးကြောင်း ပေတည်း။

အမ္ဗဋ္ဌ တဖန် ထို့ပြင်လည်း ဤ(လောက)၌ အချို့သော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း အတုမရှိသော ဤ အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ သစ်ဖု သစ်မြစ် သစ်သီး ကိုသာ စားသူ အဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ မီးကိုလုပ်ကျွေးသူ၏ အဖြစ်သို့လည်း မရောက် နိုင်သည်ဖြစ်၍ "အရပ်လေးမျက်နှာတို့မှ လာသော သမဏဗြာဟ္မဏကို ငါသည် စွမ်းအားရှိသလောက် ပူဇော်အံ့" ဟု လမ်းလေးခွအဆုံး၌ တံခါးပေါက်လေးခုရှိသော အိမ်ကိုဆောက်လျက်နေ၏၊ စင်စစ် သော်ကား ထိုသူသည် အသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံသူ၏ အလုပ်အကျွေးမျှသာလျှင် ဖြစ်၏၊ အမ္ဗဋ္ဌ ဤကား အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံမှု၏ လေးခု မြောက်သော ပျက်စီးကြောင်းပေတည်း။

အမ္ဗဋ္ဌ အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ' အကျင့်'စရဏ'နှင့် ပြည့်စုံမှု၏ ပျက်စီးကြောင်း တို့သည် ဤလေးပါးတို့ပင် ဖြစ်ကုန်၏။

၂၈၁။ အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဆရာနှင့်တကွသော သင်သည် အတု မရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံမှုကို ရပါ၏လော။

အသျှင်ဂေါတမ မရပါ၊ အသျှင်ဂေါတမ ဆရာနှင့်တကွသော အကျွန်ုပ်သည် အဘယ်သို့သော သူ ဖြစ်ပါသနည်း အတုမရှိသော အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံမှုဟူသည် အဘယ်သို့ သော အရာဖြစ်ပါသနည်း အသျှင်ဂေါတမ ဆရာနှင့်တကွသော အကျွန်ုပ်သည် အတုမရှိသော အသိ ဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့်ပြည့်စုံမှုမှ ဝေးပါသေး၏။

http://www.dhammadownload.com

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံခြင်းသို့ မရောက်နိုင်သည်ဖြစ်၍ "ကြွေကျသောသစ်သီး ကိုသာ စားသူဖြစ်တော့အံ့" ဟု ထမ်းပိုးဖြင့် ရသေ့ ပရိက္ခရာတို့ကို ယူဆောင်လျက် တောသို့ဝင်၏ လော။

အသျှင်ဂေါတမ မဝင်ပါ။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ထင်သနည်း၊ ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍"သစ်ဖု သစ်မြစ် သစ်သီးကိုသာ စားသူ ဖြစ်တော့အံ့" ဟု ပေါက်တူးခြင်းတောင်းကို ယူဆောင်လျက် တောသို့ ဝင်၏လော။

အသျှင်ဂေါတမ မဝင်ပါ။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာလျှင် စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ သစ်ဖု သစ်မြစ် သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ ရွာ၏ အနီး၌ရှင်း နိဂုံး၏အနီး၌ရှင်း မီးပူဇော်ရန် အိမ်ဆောက်၍ မီးကို လုပ်ကျွေးလျက် နေ၏လော။

အသျှင်ဂေါတမ မနေပါ။

အမ္ဗဋ္ဌ ထို(အရာ)ကို အဘယ်သို့ထင်သနည်း၊ ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဤအသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံခြင်းသို့လည်း မရောက်နိုင်သည်ဖြစ်၍ ကြွေကျသော သစ်သီးကိုသာ စားသူအဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ သစ်ဖု သစ်မြစ် သစ်သီးကိုသာ စားသူ အဖြစ်သို့လည်း မရောက်နိုင်သည်ဖြစ်၍ မီးကိုလုပ်ကျွေးသူ အဖြစ်သို့လည်း မရောက်နိုင်သည် ဖြစ်၍ "ဤအရပ်လေးမျက်နှာတို့မှ လာသော သမဏ ဗြာဟ္မဏကို ငါသည် စွမ်းအားရှိသလောက် ပူဇော်အံ့" ဟု လမ်းလေးခွအဆုံး၌ တံခါးပေါက်လေးခုရှိသော အိမ်ကိုဆောက်လျက် နေ၏လော။

အသျှင်ဂေါတမ မနေပါ။

၂၈၂။ အမ္ဗဋ္ဌ ဤသို့လျှင် ဆရာနှင့်တကွသော သင်သည် အတုမရှိသော ဤအသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံမှုမှလည်း ယုတ်လျော့၏၊ အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံမှု၏ ထိုပျက်စီးကြောင်း လေးပါးတို့မှလည်း ယုတ်လျော့၏၊ အမ္ဗဋ္ဌ သင်၏ဆရာ ပေါက္ခရသာတိ ပုဏ္ဏားသည် ပျက်စီးကြောင်း တရားကိုမှ ကိုယ်တိုင် မဖြည့်စွမ်း နိုင်ပဲလျက် "ဇာတ်နိမ့်ဖြစ်ကုန်သော မည်းညစ်ကုန်သော ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော ဦးပြည်းရဟန်းညှို့ထို့သည် အဘယ် သို့သော သူများ ဖြစ်ကုန်သနည်း၊ (ထိုသူတို့နှင့်) ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆွေးနွေးခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း" ဟူသော စကားကို ဆိုခဲ့ဘိ၏၊ အမ္ဗဋ္ဌ သင့်ဆရာ ပေါက္ခရသာတိပုဏ္ဏား ၏ ဤမျှလောက်သော ချွတ်ယွင်းချက်ကိုလည်း ရှုလော့။

http://www.dhammadownload.com

ရှေး၌ဖြစ်သော ရသေ့တို့အကြောင်းကို မေးမြန်းခြင်း

၂၇၃။ အမ္ဗဋ္ဌ ပေါက္ခရသာတိ ပုဏ္ဏားသည် ပသေနဒီကောသလမင်း ပေးသော စည်းစိမ်ကို ခံစား၏၊ ထို (ပေါက္ခရသာတိပုဏ္ဏား) အား ပသေနဒီ ကောသလမင်းသည် မျက်နှာချင်းဆိုင်ခွင့်ကို လည်း မပေး၊ ထို (ပေါက္ခရသာတိပုဏ္ဏား)နှင့် တိုင်ပင်သော အခါ၌လည်း ကန့်လန့်ကာခြား၍ တိုင်ပင်၏။ အမ္ဗဋ္ဌ တရားနှင့်အညီ ပေးထားသော ရိက္ခာတော်ကို ခံယူရသူအား ပသေနဒီကောသလမင်းသည် အဘယ့်ကြောင့် မျက်နှာချင်းဆိုင်ခွင့်ကိုလည်း မပေးဘဲသနည်း၊ အမ္ဗဋ္ဌ သင့်ဆရာ ပေါက္ခရသာတိ ပုဏ္ဏား၏ ဤမျှလောက်သော ချွတ်ယွင်းချက်ကိုလည်း ရှုလော့။

၂၇၄။ အမ္ဗဋ္ဌ ထို (အရာ)ကို အဘယ်သို့ ထင်သနည်း၊ ဤ (လောက)၌ ပသေနဒီကောသလ မင်းသည် ဆင်လည်ထက်၌ နေလျက်သော်၎င်း မြင်းကျောက်ကုန်းထက်၌ နေလျက်သော်၎င်း ရထား ခင်နှီးထက်၌ တည်လျက်သော်၎င်း ထင်ရှားသော အမတ်တို့နှင့်ဖြစ်စေ၊ မင်းညီမင်းသားတို့နှင့်ဖြစ်စေ တစုံတခုသော တိုင်ပင်ဖွယ်ကို တိုင်ပင်ရာ၏၊ ထို (ပသေနဒီကောသလမင်း) သည် ထိုတိုင်ပင်ရာ အရပ်မှ ဖဲသွားပြီးလျှင် တခုသောနေရာ၌ ကည်ရှိလေရာ၏၊ ထိုအခါ သူဆင်းရဲဖြစ်စေ သူဆင်းရဲ၏ ကျွန်ဖြစ်စေ လာရောက်၍ ထိုအရပ်၌ တည်လျက် "ပသေနဒီကောသလမင်းသည် ဤသို့လည်း ဆို၏၊ ပသေနဒီကောသလမင်းသည် ဤသို့လည်း ဆို၏" ဟု ထိုတိုင်ပင်ဖွယ်ကိုသာလျှင် တိုင်ပင် ရာ၏၊ ထိုသူသည် မင်းဆိုသည့် အတိုင်းလည်း ဆို၏၊ မင်းတိုင်ပင်သည့် အတိုင်းလည်း တိုင်ပင်၏၊ ဤမျှဖြင့် ထိုသူသည် မင်းသော်၎င်း အမတ်သော်၎င်း ဖြစ်ရာသလော။

အသျှင်ဂေါတမ မဖြစ်ရာပါ။

၂၇၅။ အမ္ဗဋ္ဌ ဤအတူ ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန် သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏားတို့သည် အကြင် ရသေ့တို့ သီဆိုပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍သီဆိုကုန်၏၊ လိုက်၍ ရွတ်ဖတ်ကုန်၏၊ ရွတ်ဖတ်နည်းအတိုင်း လိုက်၍ ရွတ်ဖတ်ကုန်၏၊ ပို့ချနည်းအတိုင်း လိုက်၍ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း—

"အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း"။

ဆရာနှင့်တကွသော ငါသည် ထိုဗေဒင်ကျမ်းတို့ကို သင်၏ ဟု သင်ဆိုရာ၏၊ ထိုမျှဖြင့် သင်သည် ရသေ့သော်၎င်း ရသေ့ဖြစ်ရန် ကျင့်သောသူသော်၎င်း ဖြစ်နိုင်ရာသော အကြောင်းသည် မရှိ။

၂၇၆။ အမ္ဗဋ္ဌ ထို (အရာ)ကို အဘယ်သို့ ထင်သနည်း (အသက်) ကြီးကုန်သော (အရွယ်) ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာ ဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုသည်ကို သင် အဘယ် သို့ ကြားဘူးသနည်း၊ ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ပုဏ္ဏားတို့သည် အကြင် (ရသေ့)တို့ သီဆိုပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကိုလိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဖတ်ကုန်၏၊ ရွတ်ဖတ်နည်းအတိုင်း လိုက်၍ ရွတ်ဖတ်ကုန်၏၊ ပို့ချနည်းအတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း—

http://www.dhammadownload.com

"အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့ တို့တည်း"။

ထို (ရသေ့) တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်ကဲ့သို့ပင် ကောင်းမွန်စွာ ရေချိုးကုန်လျက် ကောင်းမွန်စွာ လိမ်းကျံကုန်လျက် ဆံမုတ်ဆိတ်ကို ပြုပြင်ကုန်လျက် ပတ္တမြားနားတောင်း တန်းဆာကို ဝတ်ဆင်ကုန်လျက် ဖြူသောအဝတ်ကို ဝတ်ဆင်ကုန်လျက် ကာမဂုဏ်ငါးပါးတို့ဖြင့် ကုံလုံ ပြည့်စုံစွာ ပျော်ရွှင်စံစားကုန်၏ ဟု သင်သည် ကြားဘူးသလော။

အသျှင်ဂေါတမ မကြားဘူးပါ။

။ပ။ [၁] ထို (ရသေ့) တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်ကဲ့သို့ပင် များသော အရည် ဟင်း အဖတ်ဟင်းရှိသော အသားပြွမ်းသော ဆန်မည်းကို ရွေးချယ်ပြီးသော စင်ကြယ်သော သလေး ထမင်းကို စားကုန်၏ ဟု သင်သည် ကြားဘူးသလော။

အသျှင်ဂေါတမ မကြားဘူးပါ။

။ပ။ထို (ရသေ့) တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်ကဲ့သို့ပင် အဝတ်တန်းဆာတို့ဖြင့် ဖွားလျားညွတ်ကျသော နံပါးရှိသော မိန်းမတို့ဖြင့် ပျော်ရွှင် စံစားကုန်၏ ဟု သင်သည် ကြားဘူး သလော။

အသျှင်ဂေါတမ မကြားဘူးပါ။

။ပ။ ထို(ရသေ့) တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်ကဲ့သို့ပင် မွေးမှင်သထားသည့် မြည်းကသော ရထားတို့ကို စီးကုန်လျက် ရှည်သော နှင်တံတို့ဖြင့် မြည်းတို့ကို ထိုးဆွကုန်လျက် လှည့် ပတ် သွားလာကုန်၏ ဟု သင်သည် ကြားဘူးသလော။

အသျှင်ဂေါတမ မကြားဘူးပါ။

။ပ။ ထို (ရသေ့) တို့သည် ယခုအခါ ဆရာနှင့်တကွသော သင်ကဲ့သို့ပင် တူးထားသည့် ကျုံးရှိ ကုန်သော မင်းတုပ်ချထားသည့် တံခါးရှိကုန်သော တံတိုင်းအခြေခိုင်လုံသော မြို့တို့၌ သန်လျက်ရှည် လက်နက်ကိုင် ယောကျာ်းတို့ကို စောင့်ရှောက် စေကုန်၏ ဟု သင်သည် ကြားဘူးသလော။

အသျှင်ဂေါတမ မကြားဘူးပါ။

အမ္ဗဋ္ဌ ဤသို့လျှင် ဆရာနှင့်တကွသော သင်သည် ရသေ့လည်းမဟုတ် ရသေ့ဖြစ်ရန် ကျင့်သူလည်း မဟုတ်၊ အမ္ဗဋ္ဌ ငါဘုရား၌ ယုံမှားတွေးတောခြင်း ရှိသူသည် ငါဘုရားကို မေးမြန်းခြင်းဖြင့် (ထိုယုံမှား တွေးတောခြင်းကို သုတ်သင်ရာ၏၊) ငါဘုရားသည် ဖြေကြားခြင်းဖြင့် (ထိုယုံမှားတွေးတောခြင်းကို) သုတ်သင်အံ့။

လက္ခဏာနှစ်မျိုးကိုပြခြင်း

၂၈၇။ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းတော်မှ ထွက်တော်မူ၍ စင်္ကြံဆီသို့ ရှေးရှုကြွ တော်မူ၏၊ အမ္ဗဋ္ဌလုလင်သည်လည်း ကျောင်းတော်မှ ထွက်၍ စင်္ကြံဆီသို့ ရှေးရှုသွား၏၊ ထိုအခါ အမ္ဗဋ္ဌလုလင်သည် စင်္ကြံသွားနေတော်မူသော မြတ်စွာဘုရားသို့ နောက်မှ လိုက်၍ စင်္ကြံသွားလျက်

၁။ အပိုဒ် ၂၈၆-အစကို ပြန်ကြည့်ပါ။

http://www.dhammadownload.com

မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို ကြည့်ရှုရှာဖွေ၏၊ အမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌ငင်း ရှည်ပြန့်သော လျှာတော်၌ငင်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။

၂၇၇။ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်၏—

"ဤအမ္ဗဋ္ဌလုလင်သည် ငါ၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသောအားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌ငင်း ရှည်ပြန့်သော လျှာတော်၌ငင်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတော ယုံမှား၏၊ မဆုံးဖြတ်နိုင် မယုံကြည်နိုင်၊ (ငါသည် တန်ခိုး ဖန်ဆင်းပြရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို အမ္ဗဋ္ဌလုလင် မြင်နိုင်ရန် တန်ခိုး ဖန်ဆင်းတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတွင်း နှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။

ထိုအခါ အမ္ဗဋ္ဌလုလင်အား ဤသို့သော အကြံ ဖြစ်၏—

"ရဟန်းဂေါတမသည် တင်းတင်းပြည့်ညီသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံတော်မူပေ၏၊ တင်းတင်းမပြည့်ညီသော လက္ခဏာတို့နှင့် ပြည့်စုံသည် မဟုတ်ပေ" ဟု အကြံ ဖြစ်၏။

ဤသို့ အကြံ ဖြစ်ပြီးသော် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ယခုအခါ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသော ကိစ္စ များသော ပြုဖွယ် ရှိပါကုန်၏" ဟု ဤစကားကို လျှောက်၏။

အမ္ဗဋ္ဌ ယခုအခါ၌ သွားရန် အချိန်ကို သင်သိ၏ (သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏) ဟု မိန့်တော်မူ၏၊ ထိုအခါ အမ္ဗဋ္ဌလုလင်သည် မြည်းကသော ရထားကို တက်စီး၍ ပြန်သွားလေ၏။

၂၇၉။ ထိုစဉ်အခါ၌ ပေါက္ခရသာတိ ပုဏ္ဏားသည် ဥက္ကဋ္ဌမြို့မှ ထွက်၍ ပုဏ္ဏားပေါင်း များစွာနှင့် အတူ အမ္ဗဋ္ဌလုလင်ကိုသာ စောင့်မျှော်လျက် မိမိ၏ ဥယျာဉ်၌ နေ၏။ ထိုအခါ အမ္ဗဋ္ဌလုလင်သည် ထိုဥယျာဉ်သို့ သွားလေ၏၊ ယာဉ်ဖြင့် သွားနိုင်သမျှသော အရပ်ကို ယာဉ်ဖြင့် သွား၍ ယာဉ်မှ သက်ပြီးသော် ခြေကျင်သာလျှင် ပေါက္ခရသာတိ ပုဏ္ဏားထံသို့ ချဉ်းကပ်၍ ပေါက္ခရသာတိ ပုဏ္ဏားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်၏။

၂၈၀။ တခုသော နေရာ၌ ထိုင်နေသော အမ္ဗဋ္ဌလုလင်အား ပေါက္ခရသာတိ ပုဏ္ဏားသည် ဤစကားကို ဆို၏။

"ချစ်သား အမ္ဗဋ္ဌ ထိုအသျှင်ဂေါတမကို တွေ့မြင်ခဲ့၏လော"။

အသျှင် အကျွန်ုပ်တို့သည် ထိုအသျှင်ဂေါတမကို တွေ့မြင်ခဲ့ပါကုန်၏။

http://www.dhammadownload.com

ချစ်သား အမ္ဗဋ္ဌ ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်သလော၊ အမှန်အတိုင်း မဟုတ်ပဲ ပြန့်နှံ့၍ ထွက်သလော၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်း မှန်သလော၊ မမှန်သလော။

အသျှင် ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့၍ ထွက်ပါ၏၊ အမှန်အတိုင်း မဟုတ်ပဲ ပြန့်နှံ့၍ ထွက်သည် မဟုတ်ပါ၊ ထိုအသျှင်ဂေါတမသည် ကျော်စောသည့်အတိုင်းပင် မှန်ပါ၏၊ မမှန်သည် မဟုတ်ပါ၊ ထိုအသျှင် ဂေါတမသည် တင်းတင်းပြည့်ညီသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံတော်မူပါ၏၊ တင်းတင်း မပြည့်ညီသော လက္ခဏာတို့နှင့် ပြည့်စုံသည် မဟုတ်ပါ။

ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်းဂေါတမနှင့် အတူ စကားတစုံတရာ ပြောဆိုခဲ့ရပါသလော။

အသျှင် အကျွန်ုပ်သည် ရဟန်းဂေါတမနှင့် အတူ စကား အနည်းငယ် ပြောဆိုခဲ့ရပါ၏။

ချစ်သား အမ္ဗဋ္ဌ သင်သည် ရဟန်းဂေါတမနှင့် အတူ စကားအနည်းငယ်ကို အဘယ်သို့ ပြောဆိုခဲ့ရပါသနည်း။

ထိုအခါ အမ္ဗဋ္ဌလုလင်သည် မြတ်စွာဘုရားနှင့် အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို ပေါက္ခရသာတိပုဏ္ဏားအား ပြောကြား၏။

၂၉၁။ ဤသို့ ပြောကြားသော် ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌလုလင်အား ဤစကားကို ဆို၏—

"ဟယ် ငါတို့၏ ပညာရှိကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ ဟယ် ငါတို့၏ ဗဟုသုတရှင်ကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ ဟယ် ငါတို့၏ ဗေဒင်သုံးပုံတတ်ကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ အချင်းတို့ ဤသို့သော အကျိုးဆောင်မှုကြောင့် ယောကျ်ားသည် (ခန္ဓာ)ကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော အပါယ် ငရဲသို့ သာလျှင် ရောက်ရာသည် မဟုတ်တုံလော။

အမ္ဗဋ္ဌ သင်သည် ထိုအသျှင်ဂေါတမကို ဤသို့ ထိပါး၍ ထိပါး၍ အကြင် (စကား)ကို ဆို၏၊ ထိုစကားကြောင့်ပင်လျှင် (ထို)အသျှင်ဂေါတမသည် ငါတို့(၏ အပြစ်)ကိုလည်း ဤသို့ ထုတ်ဖော်၍ ထုတ်ဖော်၍ ဆိုတော်မူ၏၊ ဟယ် ငါတို့၏ ပညာရှိကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ ဟယ် ငါတို့၏ ဗဟုသုတရှင်ကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ ဟယ် ငါတို့၏ ဗေဒင်သုံးပုံတတ်ကလေးတို့ အံ့ဖွယ်ကောင်းပါဘိ၊ အချင်းတို့ ဤသို့သော အကျိုးဆောင်မှုကြောင့် ယောကျ်ားသည် (ခန္ဓာ) ကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော လားရာ ပျက်စီး၍ ကျရောက်ရာဖြစ်သော အပါယ် ငရဲသို့ ရောက်ရာသည် မဟုတ်တုံလော"။

(ဤသို့ ဆိုပြီးလျှင်) အမျက်ထွက်သည် ဖြစ်၍ နှလုံးမသာသည် ဖြစ်၍ အမ္ဗဋ္ဌလုလင်ကို ခြေဖြင့်သာလျှင် လှိမ့်၍ ကန်၏၊ ထိုခဏ၌ပင် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ချဉ်းကပ်ရန်လည်း အလိုရှိ၏။

http://www.dhammadownload.com

ပေါက္ခရသာတိပုဏ္ဏား ဘုရားထံချဉ်းကပ်ခြင်း

၂၈၂။ ထိုအခါ ထိုပုဏ္ဏားတို့သည် ပေါက္ခရသာတိပုဏ္ဏားအား ဤစကားကို ဆိုကုန်၏—

"အသျှင် ယနေ့ ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှါ ချဉ်းကပ်ရန် အချိန်မဲ့လှပါပြီ၊ နက်ဖြန်၌ အသျှင်ပေါက္ခရသာတိသည် ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှါ ချဉ်းကပ်နိုင်ပါလိမ့်မည်" ဟု ဆိုကုန်၏။

ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် မိမိအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေ၍ ယာဉ်၌ တင်ပြီးလျှင် မီးရှူးတိုင်တို့ကို ဆောင်စေလျက် ဥက္ကဋ္ဌမြို့မှ ထွက်၍ ဣစ္ဆာနင်္ဂလတောအုပ်သို့ သွားလေ၏။ ယာဉ်ဖြင့် သွားနိုင်သမျှသောအရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေကျင်သာလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်၏။

၂၈၃။ တခုသော နေရာ၌ ထိုင်ပြီးသော ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏၊

"အသျှင်ဂေါတမ အကျွန်ုပ်တို့၏ တပည့် အမ္ဗဋ္ဌလုလင်သည် ဤအရပ်သို့ လာပါသလော"။

ပုဏ္ဏား သင်၏ တပည့် အမ္ဗဋ္ဌလုလင်သည် လာပါ၏။

အသျှင်ဂေါတမ အသျှင်သည် အမ္ဗဋ္ဌလုလင်နှင့် အတူ စကားတစုံတရာ ပြောဆိုရပါသလော။

ပုဏ္ဏား ငါသည် အမ္ဗဋ္ဌလုလင်နှင့် အတူ စကား အနည်းငယ် ပြောဆိုရပါ၏။

အသျှင်ဂေါတမ အသျှင်သည် အမ္ဗဋ္ဌလုလင်နှင့် အတူ စကားအနည်းငယ်ကို အဘယ်သို့ ပြောဆိုရပါသနည်း။

ထိုအခါ မြတ်စွာဘုရားသည် အမ္ဗဋ္ဌလုလင်နှင့်အတူ ပြောဆိုခဲ့သမျှ စကားအလုံးစုံကို ပေါက္ခရသာတိ ပုဏ္ဏားအား မိန့်ကြားတော်မူ၏၊ ဤသို့ မိန့်ကြားသော် ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ အမ္ဗဋ္ဌလုလင်သည် မိုက်မဲပါ၏၊ အသျှင်ဂေါတမသည် အမ္ဗဋ္ဌလုလင်အား သည်းခံတော်မူပါ" ဟု လျှောက်၏။

ပုဏ္ဏား "အမ္ဗဋ္ဌလုလင်သည် ချမ်းသာစေသတည်း" ဟု မိန့်တော်မူ၏။

၂၈၄။ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို ကြည့်ရှုရှာဖွေ၏၊ ပေါက္ခရသာတိ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ကိုယ်တော်၌ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသော အားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌၎င်း ရှည်ပြန့်သော လျှာတော်၌၎င်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်။

၂၈၅။ ထိုအခါ မြတ်စွာဘုရားအား ဤသို့ အကြံ ဖြစ်၏—

"ဤပေါက္ခရသာတိပုဏ္ဏားသည် ငါ၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့ကို များသော အားဖြင့် မြင်၏၊ နှစ်ပါးတို့ကိုကား မမြင်၊ အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်၌၎င်း

http://www.dhammadownload.com

ရှည်ပြန့်သော လျှာတော်၌ရှင်း (ဤမမြင်ရသော) ယောကျ်ားမြတ် လက္ခဏာ နှစ်ပါးတို့၌ ယုံမှား၏၊ တွေးတောယုံမှား၏၊ မဆုံးဖြတ်နိုင်၊ မယုံကြည်နိုင်၊ ငါသည် တန်ခိုးဖန်ဆင်းပြရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော ပုရိသနိမိတ်ကို ပေါက္ခရသာတိပုဏ္ဏား မြင်နိုင်ရန် တန်ခိုးဖန်ဆင်းတော်မူ၏၊ ထို့နောက် မြတ်စွာဘုရားသည် လျှာတော်ကို ထုတ်၍ နားတွင်း နှစ်ဖက်တို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏။ နှာခေါင်းပေါက် နှစ်ခုတို့ကိုလည်း အပြန်အလှန် သုံးသပ်တော်မူ၏၊ အလုံးစုံသော နဖူးပြင်ကိုလည်း လျှာဖြင့် ဖုံးအုပ်တော်မူ၏။

၂၉၆။ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားအား ဤသို့သော အကြံ ဖြစ်၏—

"ရဟန်းဂေါတမသည် တင်းတင်းပြည့်ညီသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူပေ၏၊ တင်းတင်းမပြည့်ညီသော လက္ခဏာတို့နှင့် ပြည့်စုံသည် မဟုတ်ပေ" ဟု အကြံ ဖြစ်၏။

(ဤသို့ အကြံ ဖြစ်ပြီးသော်) မြတ်စွာဘုရားအား "အသျှင်ဂေါတမသည် ရဟန်းသံဃာနှင့်အတူ ယနေ့အဘို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၂၉၇။ ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း) ကို လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ ပေါက္ခရသာတိပုဏ္ဏား၏ (အိမ်) [၁] သို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏။

ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် မြတ်စွာဘုရားကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ လုလင်တို့သည်လည်း ရဟန်းသံဃာကို လုပ်ကျွေးကုန်၏၊ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသော အခါ ပေါက္ခရသာတိပုဏ္ဏားသည် နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏။

၂၉၈။ တခုသော နေရာ၌ ထိုင်နေသော ပေါက္ခရသာတိပုဏ္ဏားအား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏၊ ဤသည်ကား အဘယ်နည်း—

"ဒါနနှင့် စပ်သော စကားကိုရှင်း သီလနှင့် စပ်သော စကားကိုရှင်း နတ်ပြည်နှင့် စပ်သော စကားကိုရှင်း ကာမဂုဏ်တို့၏ အပြစ်ကိုရှင်း ယုတ်ညံ့ခြင်းကိုရှင်း ညစ်ညူးခြင်းကိုရှင်း (ကာမဂုဏ် တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရှင်း ပြတော်မူ၏။

၁။ အပိုဒ် (၂၉၂) ၌ "ခဲဖွယ်ဘောဇဉ်ကို ယာဉ်၌တင်ပြီးလျှင် ဥက္ကဋ္ဌမြို့မှ ထွက်ခဲ့သည်" ဟု ဆိုထားသောကြောင့် ဤအိမ်သည် ဥက္ကဋ္ဌမြို့တွင်းရှိ အိမ်မဟုတ်ဘန်ရာ၊ ဣစ္ဆာနင်္ဂလရွာ၌သော်ရှင်း အခြား ဘနေရာရာ၌သော်ရှင်း ရှိသော ပေါက္ခရသာတိ၏ အိမ်ဖြစ်ဘန်ရာ၏။

http://www.dhammadownload.com

မြတ်စွာဘုရားသည် ပေါက္ခရသာတိပုဏ္ဏားၶ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်ပိုင် ထုတ်ဖော်သိမြင်ပြီးသော (သာမုက္ကံသိက) တရားဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓ'ကိုရင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် 'မဂ္ဂ'ကိုရင်း ပြသတော်မူ၏။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏ ဟု ကိလေသာမြူ အညစ်အကြေးမှ ကင်းသော တရားမျက်စိ (သောတာပတ္တိ မဂ်ဉာဏ်) သည် ဖြစ်ပေါ်၏။

ပေါက္ခရသာတိပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း

၂၉၉။ ထိုအခါ ပေါက္ခရသာတိ ပုဏ္ဏားသည် တရားကို မြင်ပြီးသည် ဖြစ်၍ တရားသို့ ရောက်ပြီးသည် ဖြစ်၍ တရားကို သိပြီးသည် ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည် ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍ သူတပါးကို အားထား၍ ယုံသည်မဟုတ်၊ မိမိကိုယ်တိုင်ပင် သိမြင်ပြီးသည် ဖြစ်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သော သူအား လမ်းကို ပြောကြားဘိသကဲ့သို့ရင်း မျက်စိရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည် ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် သားသမီး မယား ပရိသတ် အမတ်တို့နှင့်တကွ အသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ဆက်ဆုံး ကိုးကွယ်သော ဥပါသကာ ဟု မှတ်တော်မူပါ။

အသျှင်ဂေါတမသည် ဥက္ကဋ္ဌမြို့၌ အခြား ဥပါသကာအိမ်တို့သို့ ကြွရောက်တော်မူသကဲ့သို့ ပေါက္ခရသာတိပုဏ္ဏားအိမ်သို့လည်း ကြွရောက်တော်မူပါ၊ ထို(ပေါက္ခရသာတိပုဏ္ဏားအိမ်)၌ အကြင် လုလင်ပျို လုံမပျိုတို့သည် အသျှင်ဂေါတမကို အရိုအသေ ရှိခိုးမှုလည်း ရှိခိုးကုန်လတ္တံ့၊ ခရီးဦးကြို ပြုမှုလည်း ပြုကုန်လတ္တံ့၊ နေရာကို ပေးလှူမှုလည်း ပေးလှူကုန်လတ္တံ့၊ ရေကို ပေးလှူမှုလည်း ပေးလှူကုန်လတ္တံ့၊ (မိမိတို့၏) စိတ်ကို ကြည်လင်စေမှုလည်း ကြည်လင်စေကုန်လတ္တံ့၊ ထို (သို့ပြုခြင်း)သည် ကြာမြင့်စွာသော ကာလပတ်လုံး ထို(လုလင်ပျို လုံမပျို) တို့၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ပါလတ္တံ့" ဟု လျှောက်၏။ "ပုဏ္ဏား ကောင်းသော စကားကို (သင်)ဆိုပေ၏" ဟု မိန့်တော်မူသတည်း။

သုံးခုမြောက်သော အမ္ဗဋ္ဌသုတ် ပြီး၏။

http://www.dhammadownload.com

၄–သောဏဒဏ္ဍသုတ်

စမ္ပာမြို့နေ ပုဏ္ဏား နှင့် အမျိုးသားတို့အကြောင်း

၃၀၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် စမ္ပာမြို့[၁]သို့ ရောက်တော်မူ၍ ထိုစမ္ပာမြို့အနီး ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏားသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော သေနိယ[၂]မည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော စမ္ပာမြို့ကို အုပ်ချုပ်၍ နေ၏။

၃၀၁။ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် (ဤသို့) ကြားသိလေကုန်၏—

"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင် မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်း သံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ စမ္ပာမြို့သို့ ရောက်တော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ကမ်းနား၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် (ဤသို့) ပြန့်နှံ့၍ ထွက်၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော် မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု ပြန့်နှံ့၍ ထွက်၏။

၁။ စမ္ပာသည် ရှေးတခေတ်က အင်္ဂတိုင်း၏ နေပြည်တော်ဖြစ်ခဲ့ဘူးသော်လည်း ဤသုတ်ကို ဟောတော်မူသောခေတ်၌ မြို့စားပေးထားသော အရံမြို့သာဖြစ်၍ ဤ၌ ၎င်းကို စမ္ပာမြို့ဟု ပြန်ဆိုထားသည်။

၂။ သေနိယောတိ တဿ နာမံ သေနိယ ဟူသည် ထိုမင်း၏ အမည်တည်း။ (မူလပဏ္ဏာသ စူဠဒုက္ခက္ခန္ဓသုတ် အဋ္ဌကထာ)။

http://www.dhammadownload.com

ထို (အသျှင်ဂေါတမ) သည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုင်း သမဏ ဗြာဟ္မဏတို့နှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါအပေါင်းကိုင်း ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထို (အသျှင်ဂေါတမ)သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း”ဟု ကြားသိလေကုန်၏။

ထိုစဉ်အခါ၌ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ ချဉ်းကပ်ကုန်၏။

၃၀၂။ ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏားသည် ပြာသာဒ်ထက်၌ နေ့အချိန် လျောင်းစက်လျက်ရှိ၏၊ ထို သောဏဒဏ္ဍပုဏ္ဏားသည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ ချဉ်းကပ်ကုန်သော စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ကို မြင်သော် အမတ်အား[၁] ဤသို့ မေး၏—

“အမတ် စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် စမ္ပာမြို့မှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် ဂဂ္ဂရာမည်သော ရေကန်ဆီသို့ အဘယ့်ကြောင့် ချဉ်းကပ်ကုန်သနည်း” ဟု မေး၏။

အသျှင် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ အင်္ဂတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ စမ္ပာမြို့သို့ ဆိုက်တော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနားဌ (သိတင်းသုံး) နေတော်မူပါ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် (ဤသို့) ပြန့်နှံ့၍ ထွက်ပါ၏—

“ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူမည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အ

၁။ အတိုင်ပင်ခံ အမတ်။

http://www.dhammadownload.com

ကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု ပြန်နှုန်း၍ ထွက်ပါ၏။

ထိုသူတို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ကြပါကုန်၏(ဟု အမတ်က ပြန်ကြား၏)။

အမတ် သို့ဖြစ်လျှင် စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ "အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ သောဏဒဏ္ဍပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည် ဟု သောဏဒဏ္ဍ ပုဏ္ဏားက မှာကြား လိုက်ပါသည်" ဟူ၍ ပြောကြားချေလော့ (ဟု မိန့်၏)။

"အသျှင် ကောင်းပါပြီ" ဟု ထိုအမတ်သည် သောဏဒဏ္ဍပုဏ္ဏားအား ဝန်ခံပြီးလျှင် စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့အား ဤစကားကို ပြောဆို၏။

"အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ သောဏဒဏ္ဍပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည် ဟု သောဏဒဏ္ဍပုဏ္ဏားက မှာကြားလိုက်ပါသည်" ဟူ၍ ပြောဆို၏။

သောဏဒဏ္ဍပုဏ္ဏား၏ ဂုဏ်ကိုပြဆိုရာ

၃၀၃။ ထိုစဉ်အခါ၌ အတိုင်းတိုင်း အပြည်ပြည်မှ လာကုန်သော ငါးရာမျှသော ပုဏ္ဏားတို့သည် ကိစ္စတခုဖြင့် စမ္ပာမြို့၌ တည်းခိုနေကုန်၏၊ ထိုပုဏ္ဏားတို့သည် "သောဏဒဏ္ဍပုဏ္ဏားသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့" ဟု ကြားရကုန်၏။

ထိုအခါ ထိုပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားထံသို့ ချဉ်းကပ်ကြပြီးလျှင် "အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့ ဟူသည် မှန်ပါသလော" ဟု ဤစကားကို ပြောကုန်၏။

"အချင်းတို့ မှန်ပါ၏၊ ငါသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်အံ့ ဟု" ကြံလျက် ရှိပါသည် ဟူ၍ ဆို၏။

အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ပါလင့်၊ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်ငြားအံ့၊ အသျှင်သောဏဒဏ္ဍ၏ ကျော်စောသတင်းသည် ဆုတ်ယုတ်ပါလတ္တံ့၊ ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် တိုးပွါးပါလတ္တံ့၊ အကြင်အကြောင်းကြောင့် အသျှင်သောဏဒဏ္ဍ၏ ကျော်စောသတင်းသည် ဆုတ်ယုတ်လတ္တံ့၊ ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် တိုးပွါးလတ္တံ့၊ ဤအကြောင်းကြောင့်လည်း အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

အသျှင်သောဏဒဏ္ဍသည် အမိဖက် အဖဖက်နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံခဲ့ရပါ၊ အကဲ့ရဲ့မခံခဲ့ရပါ၊ အကြင် အကြောင်းကြောင့် အသျှင်သောဏဒဏ္ဍသည် အမိဖက် အဖဖက်

http://www.dhammadownload.com

နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်း ရှိ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံခဲ့ရ၊ အကဲ့ရဲ့မခံခဲ့ရ၊ ဤအကြောင်းကြောင့်လည်း အသျှင် သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင် သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

အသျှင်သောဏဒဏ္ဍသည် ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသောစည်းစိမ်ရှိ၏။ပ။

အသျှင်သောဏဒဏ္ဍသည် ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဖတ်တတ်၏၊ ဝေဒကျမ်းကို ဆောင်၏။ အဘိဓ-၂ 'နိဃဏ္ဍု' ကျမ်း၊ အလင်္ကာ 'ကေဋုဘ' ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ' ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကိုတတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ပ။

အသျှင်သောဏဒဏ္ဍသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။ပ။

အသျှင်သောဏဒဏ္ဍသည် သီလရှိ၏၊ ကြီးပွါးသော သီလရှိ၏၊ ကြီးပွါးသော သီလနှင့် ပြည့်စုံ၏။ပ။

အသျှင်သောဏဒဏ္ဍသည် ကောင်းသော စကား ရှိ၏၊ ကောင်းသော မြွက်ဆိုသံရှိ၏၊ ယဉ်ကျေး သော စကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။

အသျှင်သောဏဒဏ္ဍသည် များစွာသောသူတို့၏ ဆရာဖြစ်၏၊ ဆရာ့ဆရာဖြစ်၏၊ လုလင်သုံးရာ တို့အား ဝေဒကျမ်းတို့ကို ပို့ချ၏၊ အထူးထူးသောအရပ် အထူးထူးသော ဇနပုဒ်တို့မှ များစွာသော လုလင်တို့သည် အသျှင်သောဏဒဏ္ဍ၏အထံ၌ ဝေဒကျမ်းတို့ကို အလိုရှိကုန်သည်ဖြစ်၍ ဝေဒကျမ်း တို့ကို သင်လိုကုန်သည်ဖြစ်၍ လာကုန်၏။ပ။

အသျှင်သောဏဒဏ္ဍသည် အိုမင်း၏၊ (အသက်)ကြီး၏၊ (အရွယ်)ရင့်၏၊ ရှေးမှီ၏၊ အဆုံး အရွယ်သို့ရောက်လျက်ရှိ၏၊ ရဟန်းဂေါတမသည် (အသက်)ငယ်သူလည်း ဖြစ်၏၊ ရဟန်းငယ်လည်း ဖြစ်၏။ပ။

အသျှင်သောဏဒဏ္ဍကို သေနိယမည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အသျှင်သောဏဒဏ္ဍကို ပေါက္ခရသာတိပုဏ္ဏားသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အသျှင်သောဏဒဏ္ဍသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော သေနိယမည်သော မဂဓ တိုင်းရှင် ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော စမ္ပာမြို့ကို အုပ်ချုပ်၍နေ၏၊ အကြင်အကြောင်းကြောင့် အသျှင်သောဏဒဏ္ဍသည် လူစည်ကား၍ ကျွဲ နွားစသည် ပေါများသော

http://www.dhammadownload.com

မြက် ထင်း ရေနှင့်တကွ ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော သေနိယ မည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော စမ္ပာမြို့ကို အုပ်ချုပ်၍ နေ၏၊ ဤအကြောင်းကြောင့်လည်း အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်သောဏဒဏ္ဍကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏ (ဟု ဆိုကုန်၏)။

မြတ်စွာဘုရား၏ဂုဏ်ကို ချီးကျူးပြဆိုရာ

၃၀၄။ ဤသို့ ဆိုကုန်သော် သောဏဒဏ္ဍပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤစကားကို ဆို၏—

"အချင်းတို့ သို့ဖြစ်လျှင် ငါ၏စကားကိုလည်း နားထောင်ကြပါဦး၊ ငါတို့သည်သာ ထို အသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏၊ ထို အသျှင်ဂေါတမကား ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံခဲ့ရ၊ အကဲ့ရဲ့မခံခဲ့ရ၊ အကြင်အကြောင်းကြောင့် ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံခဲ့ရ၊ အကဲ့ရဲ့မခံခဲ့ရ၊ ဤအကြောင်းကြောင့်လည်း ထိုအသျှင်ဂေါတမသည် ငါတို့ကိုဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များပြားသော ဆွေမျိုးအပေါင်းကို ပယ်စွန့်၍ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မြေအောက်၌လည်း ထားသော မြေပေါ်၌ လည်း ထားသော များစွာသော ရွှေငွေကို ပယ်စွန့်၍ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ငယ်ရွယ် ပျိုမြစ်သည် ဖြစ်လျက် ကောင်းစွာ မည်းနက်သော ဆံပင်ရှိသည်ဖြစ်လျက် ပဌမအရွယ် ဟူသော ကောင်းသော အရွယ်နှင့် ပြည့်စုံသည် ဖြစ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိအဖတို့ မလိုလားကုန်၍ မျက်ရည်ရွှဲစို ငိုယိုကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင် သို့ ဝင်ရောက်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ် ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သီလရှိ၏၊ မြတ်သော သီလရှိ၏၊ ကောင်း သော သီလရှိ၏၊ ကောင်းသော သီလနှင့် ပြည့်စုံ၏။ပ။

http://www.dhammadownload.com

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံရှိ၏၊ ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ် သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များစွာသော သူတို့၏ ဆရာဖြစ်၏၊ ဆရာ့ ဆရာဖြစ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကာမဂုဏ်၌ တပ်မက်ခြင်း ကုန်ခန်းပြီးဖြစ်၏၊ လျှပ်ပေါ်ခြင်းကင်း၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကံကို ယုံကြည်သော ဝါဒရှိ၏၊ အကြောင်းကို ယုံကြည်သော ဝါဒရှိ၏၊ ပုဏ္ဏားပရိသတ်၏ ကောင်းကျိုးကိုသာလျှင် ရှေးရှု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မင်းမျိုး စဉ်ဆက် မပျက်သော မြင့်မြတ်သော အမျိုးမှ ရဟန်းပြု၏။ပ။

အချင်းတို့ စစ်သော်ကား ရဟန်းဂေါတမသည် များသော ဥစ္စာရှိသော များသော စည်းစိမ် ရှိသော ကြွယ်ဝသော အမျိုးမှ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား တပါးသောတိုင်းနိုင်ငံ တပါးသောဇနပုဒ်တို့မှ လူတို့သည် ပြဿနာမေးအံ့သောငှါ ရဟန်းဂေါတမထံသို့ လာကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ထောင်ပေါင်း များစွာသော နတ်တို့သည် အသက်နှင်း၍ ကိုးကွယ်ကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် (ဤသို့) ပြန့်နှံ့၍ထွက်၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော် မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမ တတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မ သာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်း ကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု ပြန့်နှံ့၍ထွက်ပါ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ် လက္ခဏာတို့နှင့် ပြည့်စုံ၏။ပ။

http://www.dhammadownload.com

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် "လာလော့၊ ကောင်းသော လာခြင်းတည်း" ဟု ဆိုလေ့ရှိ၏၊ နူးညံ့သော စကားရှိ၏၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တတ်၏၊ ရှင်လန်းသော မျက်နှာရှိ၏၊ ပေါ်ပါးသောနှုတ်ရှိ၏၊ ရှေဦးစွာ ဆိုလေ့ရှိ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပရိသတ်လေးပါးတို့သည် အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ တုပ်ဝပ်ကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို များစွာသော နတ်လူတို့သည် အလွန်ကြည်ညို ကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အကြင်ရွာနိဂုံး၌ နေတော်မူအံ့၊ ထိုရွာနိဂုံး၌ လူဘိုကို ဘီလူးတို့သည် မညှဉ်းဆဲကုန်။ပ။

အချင်းတို့ စင်စစ်သော်ကား သံဃာနှင့် ပြည့်စုံသော ဂိုဏ်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းဆရာ လည်းဖြစ်သော ရဟန်းဂေါတမကို အယူဝါဒ တည်ထောင်သူတို့တွင် အမြတ်ဆုံးဟု ဆိုအပ်၏၊ အချင်း တို့ အကြောင်းမူကား ရဟန်းဂေါတမ၏ ကျော်စောခြင်းသည် ထိုအယူဝါဒတည်ထောင်သူ သမဏ ဗြာဟ္မဏတို့၏ ကျော်စောခြင်းကဲ့သို့ ထိုထိုဤဤ အကြောင်းဖြင့် ဖြစ်ပေါ်သည်မဟုတ်၊ အမှန်အားဖြင့် ဆိုလျှင် အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံခြင်းကြောင့်သာလျှင်ဖြစ်ပေါ် ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို သေနိယ မည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း သည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီ ကောသလမင်းသည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် သားမယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို သေနိယမည်သော မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်း သည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီကောသလမင်းသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် စမ္ပာမြို့သို့ရောက်လာတော်မူ၍ ဂဂ္ဂရာမည် သော ရေကန်၏ ကမ်းနား၌ (သီတင်းသုံး)နေတော်မူ၏၊ အချင်းတို့ အကြင် သမဏ ဗြာဟ္မဏတို့သည် ငါတို့၏ မြို့ရွာနယ်ပယ်သို့ လာကုန်၏၊ ထိုသမဏ ဗြာဟ္မဏတို့သည် ဧည့်သည်များ ဖြစ်ကုန်၏၊ ဧည့်သည် တို့ကို ငါတို့သည် အရိုအသေပြုသင့်ကုန်၏၊အလေးပြုသင့်ကုန်၏၊မြတ်နိုး သင့်ကုန်၏၊ပူဇော် သင့်ကုန်၏၊ တုပ်ဝပ် သင့်ကုန်၏၊ အချင်းတို့ အကြင်အကြောင်းကြောင့် ရဟန်းဂေါတမသည် စမ္ပာမြို့ကို ရောက်

http://www.dhammadownload.com

လာတော်မူ၍ ဂဂ္ဂရာမည်သော ရေကန်၏ ကမ်းနားဌ(သီတင်းသုံး)နေတော်မူ၏၊ ရဟန်းဂေါတမသည် ငါတို့၏ ဧည့်သည်တော် ဖြစ်ပေ၏၊ ဧည့်သည်တော်ကို ငါတို့သည် အရိုအသေပြုသင့်ကုန်၏၊ အလေးပြုသင့်ကုန်၏၊မြတ်နိုး သင့်ကုန်၏၊ပူဇော် သင့်ကုန်၏၊တုပ်ဝပ် သင့်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ထိုရဟန်းဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ ငါသည် ထိုအသျှင်ဂေါတမ၏ ဤမျှလောက်သော ဂုဏ်တို့ကိုသာ သိ၏၊ ထိုအသျှင်ဂေါတမသည်ကား ဤမျှလောက်သော ဂုဏ်တို့နှင့်သာ ပြည့်စုံသည် မဟုတ်ပေ၊ အမှန်အားဖြင့် သော်ကား ထိုအသျှင်ဂေါတမသည် အတိုင်းမသိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေ၏" ဟု ဆို၏။

၃၀၅။ ဤသို့ဆိုသော် ထိုပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားအား ဤသို့ ပြန်ကြား ပြောဆိုကုန်၏—

"ရဟန်းဂေါတမ၏ ဂုဏ်တို့ကို ချီးကျူးသော အသျှင်သောဏဒဏ္ဍ၏ စကားအတိုင်း ဆိုလျှင် ထိုအသျှင်ဂေါတမသည် ဤမှ ယူဇနာတရာ အရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာထုပ်ဆောင်၍ သော်လည်း ဖူးမြော်ရန် ချဉ်းကပ်သင့်သည်သာတည်း၊ အသျှင်သောဏဒဏ္ဍ သို့ဖြစ်၍ အကျွနုပ်တို့အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါကုန်အံ့" ဟု ပြန်ကြား ပြောဆိုကုန်၏။

သောဏဒဏ္ဍပုဏ္ဏား စိတ်အကြံဖြစ်ပုံအကြောင်း

၃၀၆။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် များစွာသော ပုဏ္ဏားအပေါင်းနှင့်အတူ ဂဂ္ဂရာမည်သော ရေကန်ဆီသို့ ချဉ်းကပ်၏၊ထိုအခါ တောအုပ်အလွန်(ကျောင်းတိုက်အတွင်း)သို့ရောက်လျှင် သောဏဒဏ္ဍပုဏ္ဏားအား (ဤသို့) စိတ်အကြံဖြစ်၏—

"ငါသည် ရဟန်းဂေါတမကို ပြဿနာမေးငြားအံ့၊ ထိုသို့မေးရာ၌ ရဟန်းဂေါတမသည် ပုဏ္ဏား ထိုပြဿနာကို ဤသို့ မမေးထိုက်၊ ဤသို့သာ မေးထိုက်၏ ဟု ငါ့ကို အကယ်၍ ဆိုငြားအံ့၊ ထိုသို့ ဆိုခြင်းကြောင့် ဤပရိသတ်က 'သောဏဒဏ္ဍပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ၊ ရဟန်းဂေါတမကို နည်းလမ်းမှန်စွာ ပြဿနာမေးရန် မစွမ်းနိုင်' ဟု ငါ့ကို ကဲ့ရဲ့ရာ၏၊ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်လေရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ် ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏။

ငါ့ကိုမူလည်း ရဟန်းဂေါတမသည် ပြဿနာမေးငြားအံ့၊ ငါသည်လည်း ပြဿနာကို ဖြေဆိုခြင်းဖြင့် ထိုရဟန်းဂေါတမ၏ စိတ်ကို မနှစ်သက်စေနိုင် ငြားအံ့၊ ထိုသို့ မနှစ်သက်စေနိုင်ခဲ့သော် ရဟန်းဂေါတမသည် 'ပုဏ္ဏား ဤပြဿနာကို ဤသို့ မဖြေဆိုထိုက်၊ ဤသို့သာ ဖြေဆိုထိုက်၏ ' ဟု အကယ်၍ ငါ့ကို ဆိုငြားအံ့၊ ထိုသို့ ဆိုခြင်းကြောင့် ဤပရိသတ်က 'သောဏဒဏ္ဍ ပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ၊ ပြဿနာဖြေဆိုခြင်းဖြင့် ရဟန်းဂေါတမ၏စိတ်ကို နှစ်သက်စေခြင်းငှါ မစွမ်းနိုင်' ဟု ငါ့ကို ကဲ့ရဲ့ရာ၏၊ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်း

http://www.dhammadownload.com

သည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ် ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏။

ငါသည် ဤသို့ အနီးသို့ရောက်ပါလျက် ရဟန်းဂေါတမကို မဖူးမြော်မူ၍သာလျှင် ပြန်လှည့်သွားငြားအံ့၊ ထိုသို့ ပြန်လှည့်သွားခြင်းကြောင့် ဤပရိသတ်က 'သောဏဒဏ္ဍပုဏ္ဏားသည်၊ မိုက်၏၊ မလိမ္မာ၊ မာနခက်ထန်၏၊ ကြောက်လည်းကြောက်၏၊ ရဟန်းဂေါတမကို ဖူးမြော်ခြင်းငှါ မဝံ့၊ ဤသို့ အနီးသို့ရောက်ပါလျက် ရဟန်းဂေါတမကို မဖူးမြော်မူ၍ အဘယ့်ကြောင့် ပြန်လှည့်သွားလေဘိသနည်း' ဟု ငါ့ကို ကဲ့ရဲ့ရာ၏၊ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ် ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏" ဟု စိတ်အကြံဖြစ်၏။

၃၀၇။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်၏။

စမ္ပာမြို့နေ ပုဏ္ဏားနှင့် အမျိုးသားအချို့တို့သည်လည်း မြတ်စွာဘုရားကိုရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေပြီး၍ တခုသောနေရာ၌ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည်အနွယ်ကိုပြောကြားလျက် တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်ကုန်၏။

၃၀၈။ ထိုနေရာ၌လည်း သောဏဒဏ္ဍပုဏ္ဏားသည် ထိုအကြံအစည်ကိုပင် ကြိမ်ဖန်များစွာ ကြံစည်လျက် ထိုင်နေ၏။

"ငါသည် ရဟန်းဂေါတမကို ပြဿနာမေးငြားအံ့၊ ထိုသို့မေးရာ၌ ရဟန်းဂေါတမသည် 'ပုဏ္ဏား ဤပြဿနာကို ဤသို့ မမေးထိုက်၊ ဤသို့သာမေး ထိုက်၏' ဟု ငါ့ကို အကယ်၍ ဆိုငြားအံ့၊ ထိုသို့ ဆိုခြင်းကြောင့် ဤပရိသတ်က 'သောဏဒဏ္ဍပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ၊ ရဟန်းဂေါတမကို နည်းလမ်းမှန်စွာ ပြဿနာမေးရန် မစွမ်းနိုင်' ဟု ငါ့ကို ကဲ့ရဲ့ရာ၏၊ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ်ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏။

ငါ့ကိုမူလည်း ရဟန်းဂေါတမသည် ပြဿနာ မေးငြားအံ့၊ ငါသည် ထိုပြဿနာကို ဖြေဆိုခြင်းဖြင့် ထို ရဟန်းဂေါတမ၏ စိတ်ကို မနှစ်သက်စေနိုင်ငြားအံ့၊ ထိုသို့ မနှစ်သက်စေနိုင်သော် ရဟန်းဂေါတမသည် 'ပုဏ္ဏား ဤပြဿနာကို ဤသို့ မဖြေဆိုထိုက် ဤသို့သာ ဖြေဆိုထိုက်၏' ဟု ငါ့ကို အကယ်၍ ဆိုငြားအံ့၊ ထိုသို့ ဆိုခြင်းကြောင့် ဤပရိသတ်က 'သောဏဒဏ္ဍ ပုဏ္ဏားသည် မိုက်၏၊ မလိမ္မာ ပြဿနာဖြေဆိုခြင်းဖြင့် ရဟန်းဂေါတမ၏ စိတ်ကို နှစ်သက်စေခြင်းငှါ မစွမ်း

http://www.dhammadownload.com

နိုင်’ ဟု ငါ့ကို ကဲ့ရဲ့ရာ၏၊ ဤပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော်စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ် ငါတို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရကုန်၏။

ရဟန်းဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ငါ့ကို ပြဿနာမေးမူ ကောင်းလေစွ (ဤသို့ မေးလျှင်) ငါသည် ပြဿနာကို ဖြေဆိုခြင်းဖြင့် ထိုရဟန်းဂေါတမ၏ စိတ်ကို ကောင်းစွာ နှစ်သက်စေနိုင်ရာ၏” ဟု ကြံစည်လျက် ထိုင်နေ၏။

ဗြာဟ္မဏဟု ပညတ်ခြင်း

၃၀၉။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားအား၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့် သိတော်မူ၍ မြတ်စွာဘုရား အား ဤသို့သော အကြံ ဖြစ်၏—

“ဤသောဏဒဏ္ဍပုဏ္ဏားသည် သူ့စိတ်အကြံဖြင့် ပင်ပန်းဆင်းရဲနေ၏၊ ငါသည် သောဏ ဒဏ္ဍပုဏ္ဏားအား သူ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ပြဿနာမေးရမူ ကောင်းလေစွ” ဟု အကြံ ဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် သောဏဒဏ္ဍပုဏ္ဏားအား ဤသို့ မေးတော်မူ၏—

“ပုဏ္ဏား အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ် ကုန်သနည်း၊ အဘယ်မျှလောက်သော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း ‘ငါ ပုဏ္ဏား’ ဟု ဆို သော် မှန်စွာဆိုသည် မည်ရာသနည်း၊ မမှန်ပြောဆိုခြင်းသို့ မရောက်ရာသနည်း” ဟု မေးတော် မူ၏။

၃၁၀။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားအား ဤသို့သော အကြံ ဖြစ်၏—

“ရဟန်းဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ငါ့ကို ပြဿနာမေးမူ ကောင်းလေစွ (ဤသို့ မေးလျှင်) ငါသည် ပြဿနာကို ဖြေဆိုခြင်းဖြင့် ထိုရဟန်းဂေါတမ၏ စိတ်ကို ကောင်းစွာ နှစ်သက်စေနိုင်ရာ၏ ဟု အလိုရှိခဲ့၏၊ မျှော်လင့်ခဲ့၏၊ လိုလားခဲ့၏၊ တောင့်တ ခဲ့၏၊ ထိုအတိုင်းပင် ရဟန်းဂေါတမသည် ငါ့ဆရာ၏ အတတ်ဖြစ်သော ဗေဒင်သုံးပုံ၌ ငါ့ကို ပြဿနာမေးပေ၏၊ ငါသည် ပြဿနာကို ဖြေဆိုခြင်းဖြင့် ထိုရဟန်းဂေါတမ၏ စိတ်ကို ကောင်းစွာ နှစ်သက်စေနိုင်ပေတော့အံ့” ဟု အကြံ ဖြစ်၏။

၃၁၁။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ကိုယ်ကို မတ်စေ၍ ပရိသတ်ကို ဝေ့ဝဲ့ကြည့်ရှု ပြီးလျှင် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

“အသျှင်ဂေါတမ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ် ပါကုန်၏၊ (ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) ‘ငါ ပုဏ္ဏား’ ဟု ဆိုသော် မှန်စွာ ဆိုသည် မည်ရာပါ၏၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာပါ၊ အဘယ်ငါးပါးတို့ နည်းဟူမူ—

အသျှင်ဂေါတမ ဤလောက၌ ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်း သော **ဇာတ်ရှိ၏**၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် **စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ**။

http://www.dhammadownload.com

ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု'ကျမ်း၊ အလင်္ကာ 'ကေဋုဘ'ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ'ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရုဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။

အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။

သီလရှိ၏၊ ကြီးပွါးသော သီလလည်း ရှိ၏၊ ကြီးပွါးသော သီလနှင့်လည်း ပြည့်စုံ၏။

ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်း ရှိ၏၊ ယင်ယောက်မကိုင်သော သူတို့တွင် ပဌမ သော်ငှင်း ဒုတိယသော်ငှင်း ဖြစ်၏။

အသျှင်ဂေါတမ ဤငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ် ပါကုန်၏၊ (ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာပါ၏၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာပါ။

၃၁၂။ ပုဏ္ဏား ဤငါးပါးသော အင်္ဂါတို့တွင် အင်္ဂါတပါးကို ထား၍ လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ခြင်းငှါ တတ်နိုင်သလော၊ (လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာသလော၊ မမှန်ပြောဆိုခြင်းသို့ လည်း မရောက်ရာသလော။

အသျှင်ဂေါတမ တတ်နိုင်ပါ၏၊ အသျှင်ဂေါတမ ဤငါးပါးသော အင်္ဂါတို့တွင် အဆင်းကို ထားပါကုန်အံ့၊ အဆင်းသည် အဘယ်မူအံ့နည်း၊ အသျှင်ဂေါတမ ပုဏ္ဏားသည်——

အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက် တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့ မခံရ။

ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု' ကျမ်း၊ အလင်္ကာ 'ကေဋုဘ'ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ'ကျမ်း၊ ငါးခုမြောက် ဣတိဟာသ ကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကိုတတ်၏၊ ဗျာကရုဏ်း ကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌အကြွင်းမဲ့တတ်မြောက် ၏။

သီလရှိ၏၊ ကြီးပွါးသော သီလလည်း ရှိ၏၊ ကြီးပွါးသော သီလနှင့်လည်း ပြည့်စုံ၏။

ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယင်ယောက်မကိုင်သောသူတို့တွင် ပဌမ သော်ငှင်း ဒုတိယသော်ငှင်း ဖြစ်၏။

http://www.dhammadownload.com

အသျှင်ဂေါတမ ဤလေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ကုန်၏၊ (လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာ ဆိုသည် မည်ရာပါ၏၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာပါ။

ပုဏ္ဏား ဤလေးပါးသော အင်္ဂါတို့တွင် အင်္ဂါတပါးကို ထား၍ သုံးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ခြင်းငှါ တတ်နိုင်ပါသလော၊ (သုံးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာသလော၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာသလော။

အသျှင်ဂေါတမ တတ်နိုင်ပါ၏၊ အသျှင်ဂေါတမ ဤလေးပါးသော အင်္ဂါတို့တွင် ဝေဒကျမ်းတို့ကို ထားပါကုန်အံ့၊ ဝေဒကျမ်းတို့သည် အဘယ်မူကုန်အံ့နည်း၊ အသျှင်ဂေါတမ ပုဏ္ဏားသည်—

အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ။

သီလရှိ၏၊ ကြီးပွါးသော သီလလည်းရှိ၏၊ ကြီးပွါးသော သီလနှင့်လည်း ပြည့်စုံ၏။

ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမသော်၎င်း ဒုတိယသော်၎င်း ဖြစ်၏။

အသျှင်ဂေါတမ ဤသုံးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ပါကုန်၏၊ (သုံးပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာပါ၏၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာပါ။

ပုဏ္ဏား ဤသုံးပါးသော အင်္ဂါတို့တွင် အင်္ဂါတပါးကိုထား၍ နှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ခြင်းငှါ တတ်နိုင်ပါသလော၊ (နှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာသလော၊ မမှန်ပြောဆိုခြင်းသို့လည်း မရောက်ရာသလော။

အသျှင်ဂေါတမ တတ်နိုင်ပါ၏၊ ဤသုံးပါးသော အင်္ဂါတို့တွင် ဇာတ်ကို ထားပါကုန်အံ့၊ ဇာတ်သည် အဘယ်မူအံ့နည်း၊ အသျှင်ဂေါတမ ပုဏ္ဏားသည်—

သီလရှိ၏ ကြီးပွါးသော သီလလည်းရှိ၏၊ ကြီးပွါးသော သီလနှင့်လည်း ပြည့်စုံ၏။

ပညာရှိ၏ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမသော်၎င်း ဒုတိယသော်၎င်း ဖြစ်၏။

အသျှင်ဂေါတမ ဤနှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ကုန်၏၊ (ဤနှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား ဟု' ဆိုသော် မှန်စွာဆိုသည် မည်ရာပါ၏၊ မမှန် ပြောဆိုခြင်းသို့လည်း မရောက်ရာပါ။

၃၁၃။ ဤသို့ဆိုသော် ထိုပုဏ္ဏားတို့သည် သောဏဒဏ္ဍပုဏ္ဏားအား ဤစကားကို ဆိုကုန်၏—

"အသျှင် သောဏဒဏ္ဍ ဤသို့ မဆိုပါလင့်၊ အသျှင်သောဏဒဏ္ဍ ဤသို့မဆိုပါလင့်၊ အသျှင်သောဏဒဏ္ဍသည် အဆင်းကို ပစ်ပယ်၏၊ ဝေဒကျမ်းတို့ကို ပစ်ပယ်၏၊ ဇာတ်ကို ပစ်ပယ်၏၊ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမ၏ ဝါဒသို့ စင်စစ် လိုက်ပါသွား၏" ဟု ဆိုကုန်၏။

http://www.dhammadownload.com

၃၁၄။ ထိုအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားတို့အား ဤစကားကို မိန့်ဆိုတော်မူ၏—

"သောဏဒဏ္ဍပုဏ္ဏားသည် အကြားအမြင်လည်း နည်း၏၊ ချောင်သော စကားလည်းမရှိ၊ ပညာလည်းမဲ့၏၊ သောဏဒဏ္ဍပုဏ္ဏားသည် ဤစကား၌ ရဟန်းဂေါတမနှင့်အတူ တုံ့ပြန်ပြောဆိုခြင်းငှါလည်း မစွမ်းနိုင် ဟု သင်ပုဏ္ဏားတို့ အကယ်၍ ထင်ကြလျှင် သောဏဒဏ္ဍပုဏ္ဏားသည် နေပါစေ၊ သင်တို့သည်သာ ဤစကား၌ ငါနှင့်အတူ ပြောဆိုကုန်လော့၊ သောဏဒဏ္ဍပုဏ္ဏားသည် အကြားအမြင်များ၏၊ ချောင်သော စကားလည်းရှိ၏၊ ပညာလည်းရှိ၏၊ သောဏဒဏ္ဍပုဏ္ဏားသည် ဤစကား၌ ရဟန်းဂေါတမနှင့်အတူ တုံ့ပြန် ပြောဆိုခြင်းငှါလည်း စွမ်းနိုင်၏ ဟု သင်ပုဏ္ဏားတို့ အကယ်၍ ထင်ကြလျှင် သင်တို့နေကြကုန်၊ သောဏဒဏ္ဍပုဏ္ဏားသည်သာ ဤစကား၌ ငါနှင့်အတူ တုံ့ပြန်ပြောဆိုပါစေ" ဟု မိန့်တော်မူ၏။

၃၁၅။ ယင်းသို့ မိန့်တော်မူလျှင် သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ နေတော်မူပါ၊ အသျှင်ဂေါတမ ဆိတ်ဆိတ်နေတော်မူပါ၊ အကျွန်ုပ်သည်သာ ထိုပုဏ္ဏားတို့အား အကြောင်းနှင့်တကွ ချေပ ပြောဆိုပါအံ့" ဟု လျှောက်၏။

ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤစကားကို ဆို၏—

"အသျှင်တို့ ဤသို့ မဆိုပါကုန်လင့်၊ အသျှင်တို့ ဤသို့ မဆိုပါကုန်လင့်၊ 'အသျှင်သောဏဒဏ္ဍသည် အဆင်းကို ပစ်ပယ်၏၊ ဝေဒကျမ်းတို့ကို ပစ်ပယ်၏၊ ဇာတ်ကို ပစ်ပယ်၏၊ အသျှင်သောဏဒဏ္ဍသည် ရဟန်းဂေါတမ၏ ဝါဒသို့သာ စင်စစ်လိုက်ပါသွား၏' ဟု မဆိုပါကုန်လင့်၊ ငါသည် အဆင်းကိုလည်း မပစ်ပယ်ပါ၊ ဝေဒကျမ်းတို့ကိုလည်း မပစ်ပယ်ပါ၊ ဇာတ်ကိုလည်း မပစ်ပယ်ပါ" ဟု ဆို၏။

၃၁၆။ ထိုစဉ်အခါ၌ သောဏဒဏ္ဍပုဏ္ဏား၏ တူဖြစ်သော အင်္ဂကမည်သော လုလင်သည် ထို ပရိသတ်၌ ထိုင်နေလျက်ရှိ၏၊ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤစကားကို ဆို၏။

"အသျှင်တို့သည် ငါ၏တူဖြစ်သော ဤအင်္ဂကလုလင်ကို မြင်ကြကုန်၏ (မဟုတ်) လော"။

"အသျှင် မြင်ကြပါကုန်၏"။

အသျှင်တို့ စင်စစ် အင်္ဂကလုလင်သည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ ကောင်းမြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့်တူသောကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏၊ ဤ ပရိသတ်၌ ရဟန်းဂေါတမကို ထား၍ ထိုအင်္ဂကလုလင်နှင့် အဆင်းအားဖြင့် တူမျှသော သူမရှိ၊ အင်္ဂကလုလင်သည် ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု'ကျမ်း၊ အလင်္ကာ 'ကေဋုဘ'ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ'ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကိုတတ်၏၊ ဗျာကရဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏၊ ငါသည်ပင် ထို အင်္ဂကလုလင်အား ဝေဒကျမ်းတို့ကိုပို့ချပေးထား၏၊ အင်္ဂကလုလင်သည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊

http://www.dhammadownload.com

အကဲ့ရဲ့မခံရ၊ ငါသည် ထိုအင်္ဂါကလုလင်၏ အမိအဖတို့ကို သိ၏၊ အကယ်၍ အင်္ဂကလုလင်သည် သူ့အသက်ကိုမူလည်း သတ်ငြားအံ့၊ မပေးသည်ကိုမူလည်း ယူငြားအံ့၊ သူ၏မယားကိုလည်း သွားလာငြားအံ့၊ မမှန်သော စကားကိုမူလည်း ပြောငြားအံ့၊ သေကိုမူလည်း သောက်ငြားအံ့၊ အသျှင်တို့ ဤသို့ မူရာ၌ အဆင်းသည် အဘယ်မူအံ့နည်း၊ ဗေဒကျမ်းတို့သည် အဘယ်မူအံ့နည်း၊ ဇာတ်သည် အဘယ်မူအံ့နည်း၊ အသျှင်တို့ ပုဏ္ဏားသည်—

သီလရှိ၏၊ ကြီးပွါးသော သီလလည်း ရှိ၏၊ ကြီးပွါးသော သီလနှင့်လည်း ပြည့်စုံ၏။

ပညာရှိ၏၊ ထက်မြက်သော ဉာဏ်လည်းရှိ၏၊ ယင်ယောက်မကိုင်သော သူတို့တွင် ပဌမ သော်ငင်း ဒုတိယသော်ငင်း ဖြစ်၏။

အသျှင်တို့ ဤနှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ကုန်၏၊ (ဤနှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာ၏၊ မမှန်ဆိုခြင်းသို့လည်း မရောက်ရာ (ဟု ဆို၏)။

သီလနှင့်ပညာကို အမြတ်ဆုံးဟုဆိုခြင်း

၃၁၇။ ပုဏ္ဏား ဤနှစ်ပါးသော အင်္ဂါတို့တွင် အင်္ဂါတပါးကို ထား၍ အင်္ဂါတပါးတည်းနှင့် ပြည့်စုံသူကို ပုဏ္ဏားတို့သည် ပုဏ္ဏား ဟု ပညတ်ခြင်းငှါ တတ်နိုင်ပါသလော (အင်္ဂါတပါးတည်းနှင့် ပြည့်စုံသူသည်လည်း) 'ငါ ပုဏ္ဏား' ဟု ဆိုသော် မှန်စွာဆိုသည် မည်ရာသလော၊ မမှန်ဆိုခြင်းသို့လည်း မရောက်နိုင်ရာသလော။

အသျှင်ဂေါတမ မတတ်နိုင်ပါ၊ အသျှင်ဂေါတမ ပညာကို သီလဖြင့် ဆေးကြောရပါ၏၊ သီလကို ပညာဖြင့် ဆေးကြောရပါ၏၊ အကြင်ပုဂ္ဂိုလ်၌ သီလရှိ၏၊ ထိုပုဂ္ဂိုလ်၌ ပညာရှိပါ၏၊ အကြင် ပုဂ္ဂိုလ်၌ ပညာရှိ၏၊ ထိုပုဂ္ဂိုလ်၌ သီလရှိပါ၏၊ သီလရှိသော သူအား ပညာရှိပါ၏၊ ပညာရှိသော သူအား သီလရှိပါ၏၊ သီလနှင့် ပညာကို လောက၌ အမြတ်ဆုံး ဟု ဆိုအပ်ပါ၏၊ အသျှင်ဂေါတမ လက် (တဖက်) ဖြင့် လက်(တဖက်) ကို ဆေးကြောရာသကဲ့သို့ဝင်း၊ ခြေ (တဖက်) ဖြင့် ခြေ (တဖက်)ကို ဆေးကြောရာသကဲ့သို့ရင်း၊ အသျှင်ဂေါတမ ဤအတူပင် ပညာကို သီလဖြင့် ဆေးကြောရပါ၏၊ သီလကို ပညာဖြင့် ဆေးကြောရပါ၏၊ အကြင် ပုဂ္ဂိုလ်၌ သီလရှိ၏၊ ထိုပုဂ္ဂိုလ်၌ ပညာရှိပါ၏၊ အကြင် ပုဂ္ဂိုလ်၌ ပညာရှိ၏၊ ထိုပုဂ္ဂိုလ်၌ သီလရှိပါ၏၊ သီလရှိသောသူအား ပညာရှိပါ၏၊ ပညာရှိသောသူအား သီလရှိပါ၏၊ သီလနှင့် ပညာကို လောက၌ အမြတ်ဆုံး ဟု ဆိုအပ်ပါ၏။

ပုဏ္ဏား ဤစကားသည် ဤအတိုင်းပင် မှန်ပေ၏၊ ပုဏ္ဏား ဤစကားသည် ဤအတိုင်းပင် မှန်ပေ၏၊ ပုဏ္ဏား ပညာကို သီလဖြင့် ဆေးကြောရ၏၊ သီလကို ပညာဖြင့် ဆေးကြောရ၏၊ အကြင် ပုဂ္ဂိုလ်၌ သီလရှိ၏၊ ထိုပုဂ္ဂိုလ်၌ ပညာရှိ၏၊ အကြင်ပုဂ္ဂိုလ်၌ ပညာရှိ၏၊ ထိုပုဂ္ဂိုလ်၌ သီလရှိ၏၊ သီလရှိသော သူအား ပညာရှိ၏၊ ပညာရှိသော သူအား သီလရှိ၏၊ သီလနှင့် ပညာကို လောက၌ အမြတ်ဆုံး ဟု ဆိုအပ်၏၊ ပုဏ္ဏား လက် (တဖက်)ဖြင့် လက် (တဖက်) ကို ဆေးကြောရာသကဲ့သို့ရင်း၊ ခြေ (တဖက်) ဖြင့် ခြေ (တဖက်) ကို ဆေးကြောရာသကဲ့သို့ရင်း၊ ပုဏ္ဏား ဤအတူပင် ပညာကို သီလဖြင့် ဆေးကြောရ၏၊ သီလကို ပညာဖြင့် ဆေးကြောရ၏၊ အကြင် ပုဂ္ဂိုလ်၌ သီလရှိ၏၊ ထိုပုဂ္ဂိုလ်၌ ပညာရှိ၏၊ အကြင် ပုဂ္ဂိုလ်၌ ပညာရှိ၏၊ ထိုပုဂ္ဂိုလ်၌ သီလရှိ၏၊ သီလရှိသော သူအား ပညာရှိ၏၊ ပညာရှိသော သူအား သီလရှိ၏၊ သီလနှင့် ပညာကို လောက၌ အမြတ်ဆုံး ဟု ဆိုအပ်၏။

http://www.dhammadownload.com

၃၁၈။ ပုဏ္ဏား ထိုသီလကား အဘယ်နည်း၊ ထိုပညာကား အဘယ်နည်း—

အသျှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်တို့သည် ဤမျှလောက်ကိုသာ သိပါကုန်၏၊ ထို့ကြောင့် တောင်းပန်ပါ၏၊ ထို(သီလ ပညာ ဟူသော) စကား၏ အနက် သဘောကို အသျှင်ဂေါတမသည် ပင်လျှင် ဟောတော်မူပါလော့။

ပုဏ္ဏား သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့။

"အသျှင်ဘုရား ကောင်းပါပြီ" ဟု သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

"ပုဏ္ဏား ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။

[သာမညဖလသုတ်၌ အကျယ်ချဲ့သကဲ့သို့ နည်းတူပင် ဤသောဏဒဏ္ဍသုတ်၌လည်း ချဲ့အပ်၏]။

ပုဏ္ဏား ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံပေ၏၊ ပုဏ္ဏား ဤ(သုံးမျိုးသော သီလ) သည် ထို (မူလက ငါဆိုခဲ့သော) သီလပင်တည်း။

။ပ[1]။ ပဌမစျာန်သို့ ရောက်၍ နေ၏။ပ[2]။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ စတုတ္ထ စျာန်သို့ ရောက်၍ နေ၏။ပ။

။ပ။ ဝိပဿနာ ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ပ။ ဤ သည်လည်း ထိုရဟန်း၏ ပညာပင်တည်း[3]။

။ပ[4]။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု သိ၏၊ ဤသည်လည်း ထို ရဟန်း၏ ပညာပင်တည်း။

ပုဏ္ဏား ဤ (ရှစ်မျိုးသော ပညာ) သည်၊ ထို (မူလက ငါဆိုခဲ့သော) ပညာပင်တည်း ဟု ဟော တော်မူ၏။

၃၁၉။ ဤသို့ ဟောတော်မူသော် သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

သောဏဒဏ္ဍပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း

"အသျှင်ဂေါတမ(တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ(တရား တော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိ

၁။ သာမညဖလသုတ် အပိုဒ် ၂၁၄-မှစ၍ ထုတ်ဖော်လေ။

၂။ သာမညဖလသုတ် အပိုဒ် ၂၂၇-မှစ၍ ထုတ်ဖော်လေ၊အပိုဒ် ၂၂၈-တွင် တတိယ အပိုဒ်ခွဲကိုကား ချန်ထားလေ၊ နောက် နောက် ပေယျာလတို့၌လည်း အလားတူ အပိုဒ်ခွဲများကို ချန်ထားလေ။

၃။ ဤဝိပဿနာဉာဏ်မှစ၍ ဉာဏ်ရှစ်ပါးတို့ကို ပြရာအဆုံး, အဆုံး၌ချန်ထားရမည့် တတိယအပိုဒ်ခွဲမျိုးနေရာတွင် ဤဝါကျ ဖြင့် နိဂုံးအုပ်ထားသည်။

၄။ သာမညဖလသုတ် အပိုဒ် ၂၃၇-မှစ၍ ထုတ်ဖော်လေ။

http://www.dhammadownload.com

သကဲ့သို့၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း၊ အသျှင်ဂေါတမ ဤအတူ သာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို 'ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာ' ဟု မှတ်တော်မူပါ၊ (ထို့ပြင်) အသျှင်ဂေါတမသည် ရဟန်း သံဃာနှင့်အတူ နက်ဖြန်အဘို့ အကျွန်ုပ်၏ ဆွမ်းကိုလည်း လက်ခံတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၃၂၁။ ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုး၍ အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီရင်စေ၍ "အသျှင်ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရား အား အချိန် (တန်ကြောင်း) ကို လျှောက်စေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကို ယူလျက် ရဟန်းသံဃာနှင့်အတူ သောဏဒဏ္ဍပုဏ္ဏား အိမ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ပြင်ထားသော နေရာ၌ ရဟန်းသံဃာနှင့် အတူ ထိုင်နေတော်မူ၏။

ထိုအခါ သောဏဒဏ္ဍပုဏ္ဏားသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

၃၂၁။ မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသော အခါ သောဏဒဏ္ဍပုဏ္ဏား သည် နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏။

တခုသော နေရာ၌ ထိုင်ပြီးလျှင် သောဏဒဏ္ဍပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ အကျွန်ုပ်သည် ပရိသတ်ထည်း၌ ရောက်နေသောအခါ နေရာမှ ထ၍ အသျှင်ဂေါတမကို ရှိခိုးငြားအံ့၊ ထိုသို့ ရှိခိုးခြင်းကြောင့် ထိုပရိသတ်သည် အကျွန်ုပ်ကို ကဲ့ရဲ့ ရာ၏၊ ထိုပရိသတ်၏ အကဲ့ရဲ့ခံရသူအား ကျော်စောခြင်းသည်လည်း ဆုတ်ယုတ်ရာ၏၊ ကျော် စောခြင်း ဆုတ်ယုတ်သူအား စည်းစိမ်တို့သည်လည်း ဆုတ်ယုတ်ကုန်ရာ၏၊ စင်စစ် အကျွန်ုပ် တို့သည် စည်းစိမ်တို့ကို ကျော်စောခြင်းကြောင့် ရပါကုန်၏။

အသျှင်ဂေါတမ အကျွန်ုပ်သည် ပရိသတ်ထည်း၌ ရောက်နေသောအခါ လက်အုပ်ချီငြားအံ့၊ အသျှင်ဂေါတမသည် အကျွန်ုပ်၏ လက်အုပ်ချီခြင်းကို ထိုင်ရာမှထ၍ ခရီးဦးကြိုဆိုခြင်း ဟု မှတ်တော်မူပါ။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

၅—ကူဋဒန္တသုတ်

ခါဏုမတရွာနေ ပုဏ္ဏား နှင့် အမျိုးသားတို့အကြောင်း

၃၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ မဂဓတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် ခါဏုမတအမည်ရှိသော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏အနီး အမ္ဗလဋ္ဌိကာ (ဥယျာဉ်) ၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ၌ ကူဋဒန္တပုဏ္ဏားသည် လူစည်ကား၍ ကျွဲနွား စသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှရသည့် စည်းစိမ်ဖြစ်သော မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်စားပေးထားသော ခါဏုမတရွာကို အုပ်ချုပ်၍ နေ၏။

ထိုစဉ်အခါ၌ ကူဋဒန္တပုဏ္ဏားသည် ယဇ်ကြီးကို စီရင်လျက်ရှိ၏၊ (ထိုသို့စီရင်ရာ၌) ယဇ်ပူဇော်ရန်အလို့ငှါ နွားလားခုနစ်ရာတို့ကို၎င်း နွားထီးငယ်ခုနစ်ရာတို့ကို၎င်း နွားမငယ်ခုနစ်ရာတို့ကို၎င်း ဆိတ်ခုနစ်ရာတို့ကို၎င်း သိုးခုနစ်ရာတို့ကို၎င်း ယဇ်တိုင်သို့ ပို့ဆောင်ထားကုန်၏။

၃၂၄။ ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် (ဤသို့)ကြားသိလေကုန်၏—

“အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင် မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့် အတူ မဂဓတိုင်း၌ ဒေသစာရီ လှည့်လည်တော်

http://www.dhammadownload.com

သတ္တဂါအပေါင်းကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထို(အသျှင်ဂေါတမ)သည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကိုဟောတော် မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။ ထိုသို့သဘောရှိသော ရဟန္တာ(ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း”ဟု ကြားသိလေကုန်၏။

၃၂၅။ ထိုစဉ်အခါ၌ ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ခါဏုမတရွာမှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ဆီသို့ ချဉ်းကပ်ကုန်၏။

၃၂၆။ ထိုစဉ်အခါ၌ ကူဋဒန္တပုဏ္ဏားသည် ပြာသာဒ်ထက်၌ နေ့အချိန် လျှောင်းစက်လျက်ရှိ၏၊ ထိုကူဋဒန္တပုဏ္ဏားသည် ခါဏုမတရွာမှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ဆီသို့ ချဉ်းကပ်ကုန်သော ခါဏုမတရွာနေ ပုဏ္ဏားနှင့်အမျိုးသားတို့ကို မြင်သော် အတိုင်ပင်ခံ အမတ်အား (ဤသို့) မေး၏—

“အမတ် ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့သည် ခါဏုမတရွာမှ အစုလိုက် အအုပ်လိုက် ထွက်ကြပြီးလျှင် တပေါင်းတည်း ဖြစ်ကုန်လျက် အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ဆီသို့ အဘယ့်ကြောင့် ချဉ်းကပ်ကုန်သနည်း” ဟု မေး၏။

၃၂၇။ အသျှင် သာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် သာကီဝင် မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့် အတူ မဂဓတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ ခါဏုမတရွာသို့ ရောက်တော်မူ၍ ထိုရွာ၏ အနီး အမ္ဗလဋ္ဌိကာ (ဉယျာဉ်) ၌ (သီတင်းသုံး) နေတော်မူပါ၏။

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည်(ဤသို့) ပြန့်နှံ့၍ ထွက်ပါ၏—

“ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ် လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသောအကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏” ဟု ပြန့်နှံ့၍ ထွက်၏။

ထိုသူတို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ကုန်၏ ဟု အတိုင်ပင်ခံ အမတ်က ပြန်ကြား၏။

http://www.dhammadownload.com

၃၂၈။ ထိုအခါ ကူဋဒန္တပုဏ္ဏားအား ဤသို့ အကြံ ဖြစ်၏—

"ရဟန်းဂေါတမသည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတား ရှိသည့် ပြည့်စုံသော ယဇ်ကို သိ၏ ဟု ငါ ကြားဘူး၏၊ ငါသည်ကား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို မသိ၊ ငါသည် ယဇ်ကြီး ပူဇော်ရန်လည်း အလိုရှိ၏၊ ငါသည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို မေးရမူ ကောင်းလေစွ" ဟု အကြံ ဖြစ်၏။

၃၂၉။ ထိုအခါ ကူဋဒန္တပုဏ္ဏားသည် အဝိုင်ပင်ခံ အမတ်အား (ဤသို့) မိန့်၏—

"အမတ် သို့ဖြစ်လျှင် ခါဏုမတ ရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ 'အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ ကူဋဒန္တပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည်' ဟု ကူဋဒန္တပုဏ္ဏားက မှာကြားလိုက်ပါသည် ဟူ၍ ပြောကြားချေလော" ဟု မိန့်၏။

"အသျှင် ကောင်းပါပြီ" ဟု ထိုအမတ်သည် ကူဋဒန္တပုဏ္ဏားအား ဝန်ခံပြီးလျှင် ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့ထံသို့ ချဉ်းကပ်၍ ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသားတို့အား ဤစကား ကို ပြောဆို၏—

"အသျှင်တို့ ဆိုင်းငံ့ကြပါဦး၊ ကူဋဒန္တ ပုဏ္ဏားသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါလိမ့်မည် ဟု ကူဋဒန္တပုဏ္ဏားက မှာကြားလိုက်ပါသည်" ဟူ၍ ပြောဆို၏။

ကူဋဒန္တပုဏ္ဏား၏ဂုဏ်ကိုပြဆိုရာ

၃၃၀။ ထိုစဉ်အခါ၌ ရာပေါင်းများစွာကုန်သော ပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏား၏ ယဇ်ကြီးကို ခံစားရန်အလို့ငှါ ခါဏုမတရွာ၌ တည်းခိုနေကုန်၏၊ ထိုပုဏ္ဏားတို့သည် "ကူဋဒန္တပုဏ္ဏားသည် ရဟန်း ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့" ဟု ကြားကုန်၏။

ထိုအခါ ထိုပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏားထံသို့ ချဉ်းကပ်ကြပြီးလျှင် "အရှင်ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်လတ္တံ့ ဟူသည် မှန်ပါသလော" ဟု မေးကုန်၏။

"အချင်းတို့ မှန်ပါ၏၊ ငါသည်လည်း ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်အံ့" ဟု ကြံလျက် ရှိပါ၏ ဟူ၍ ဆို၏။

၃၃၁။ အသျှင်ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ပါလင့်၊ အသျှင်ကူဋဒန္တ သည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အသျှင် ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် အကယ်၍ ချဉ်းကပ်ငြားအံ့၊ အသျှင်ကူဋဒန္တ၏ ကျော်စောခြင်းသည် ဆုတ်ယုတ်ပါလတ္တံ့၊ ရဟန်းဂေါတမ၏ ကျော်စောခြင်းသည် တိုးပွါးပါလတ္တံ့၊ အကြင် အကြောင်းကြောင့် အသျှင်ကူဋဒန္တ ၏ ကျော်စောခြင်းသည် ဆုတ်ယုလတ္တံ့၊ ရဟန်းဂေါတမ၏ ကျော်စောခြင်းသည် တိုးပွါးလတ္တံ့၊ ဤအကြောင်းကြောင့်လည်း အသျှင်ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်ကူဋဒန္တကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

http://www.dhammadownload.com

အသျှင်ကူဋဒန္တသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေး ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရပါ၊ အကဲ့ရဲ့ မခံရပါ၊ အကြင် အကြောင်းကြောင့် အသျှင်ကူဋဒန္တသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ ဤအကြောင်းကြောင့်လည်း အသျှင်ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင် ကူဋဒန္တကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏။

အသျှင်ကူဋဒန္တသည် ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင်ရှိ၏၊ များသော ရွှေငွေရှိ၏။ပ။

အသျှင်ကူဋဒန္တသည် ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု' ကျမ်း၊ အလင်္ကာ 'ကေဋုဘ' ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ' ကျမ်း၊ ငါးခုမြောက် ဣတိဟာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို[၁] တတ်၏၊ ဗျာကရုဏ်းကျမ်းကို[၂] တတ်၏၊ လောကာယတကျမ်း[၃] မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။ပ။

အသျှင်ကူဋဒန္တသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်း သဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့် တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့် တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။ပ။

အသျှင်ကူဋဒန္တသည်ကား သီလရှိ၏၊ ကြီးပွါးသော သီလရှိ၏၊ ကြီးပွါးသော သီလနှင့်ပြည့်စုံ၏။ပ။

အသျှင်ကူဋဒန္တသည် ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံရှိ၏၊ ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ်သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။

အသျှင်ကူဋဒန္တသည် များစွာသော သူတို့၏ ဆရာဖြစ်၏၊ ဆရာ့ဆရာဖြစ်၏၊ လုလင်သုံးရာတို့အား ဝေဒကျမ်းတို့ကို ပို့ချ၏၊ အထူးထူးသောအရပ် အထူးထူးသော ဇနပုဒ်တို့မှ များစွာသောလုလင်တို့သည် အသျှင်ကူဋဒန္တ၏ အထံ၌ ဝေဒကျမ်းတို့ကို အလိုရှိကုန်သည်ဖြစ်၍ ဝေဒကျမ်းတို့ကို သင်လိုကုန်သည်ဖြစ်၍ လာကုန်၏။ပ။

အသျှင်ကူဋဒန္တသည် အိုမင်း၏၊ (အသက်) ကြီး၏၊ (အရွယ်) ရင့်၏၊ ရှေးမှီ၏၊ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏၊ ရဟန်းဂေါတမသည် (အသက်)ငယ်သူလည်း ဖြစ်၏၊ ရဟန်းငယ်လည်း ဖြစ်၏။ပ။

အသျှင်ကူဋဒန္တကို မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရ မင်းသည် အရိုအသေ ပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အသျှင်ကူဋဒန္တကို ပေါက္ခရသာတိ ပုဏ္ဏားသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

၁။ ဝေဒကျမ်းလာ ပုဒ်ရင်းတို့ကို ထုတ်နုတ်စီစဉ်ပြသောကျမ်း။

၂။ ဓာတ် ပစ္စည်း ဝိဘတ်တို့ဖြင့် ဝေဘန်၍ ပုဒ်တို့၏ပြီးစီးပုံကိုပြသောကျမ်း။

၃။ မျက်မြင်လောက အကြောင်းအရာကိုသာ ပြသော ရုပ်ဝါဒကျမ်း စာရ်ဗာကဆရာ၏ ရုပ်ဝါဒစသည်။

http://www.dhammadownload.com

အသျှင်ကူဋဒန္တသည် လူစည်ကား၍ ကျွဲနွားစသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ဆုလာဘ် အဖြစ်ဖြင့် အပိုင်စား ပေးထားသော ခါဏုမတရွာကို အုပ်ချုပ်၍ နေ၏၊ အကြင် အကြောင်းကြောင့် အသျှင်ကူဋဒန္တသည် လူစည်ကား၍ ကျွဲနွား စသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့်ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းသည် ဆုလာဘ် အဖြစ်ဖြင့် အပိုင်စား ပေးထားသော ခါဏုမတရွာကို အုပ်ချုပ်၍ နေ၏၊ ဤအကြောင်းကြောင့်လည်း အသျှင်ကူဋဒန္တသည် ရဟန်းဂေါတမကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ ရဟန်းဂေါတမသည်သာ အသျှင်ကူဋဒန္တကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါ၏ ဟု ဆိုကုန်၏။

မြတ်စွာဘုရား၏ဂုဏ်ကို ချီးကျူးခြင်း

၃၃၂။ ဤသို့ ဆိုကုန်သော် ကူဋဒန္တပုဏ္ဏားသည် ထိုပုဏ္ဏားတို့အား ဤစကားကို ဆို၏—

"အချင်းတို့ သို့ဖြစ်လျှင် ငါ၏စကားကိုလည်း နားထောင်ကြပါဦး၊ ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ် ထိုက်ပါကုန်၏၊ ထိုအသျှင်ဂေါတမကား ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ အကြင် အကြောင်းကြောင့် ရဟန်းဂေါတမသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက် တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့်စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ ဤအကြောင်းကြောင့်လည်း ထိုအသျှင်ဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အမှန်အားဖြင့်ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များပြားသော ဆွေမျိုးအပေါင်းကို ပယ်စွန့်၍ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မြေအောက်၌လည်း ထားသော မြေပေါ်၌ လည်း ထားသော များစွာသော ရွှေငွေကို ပယ်စွန့်၍ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ငယ်ရွယ် ပျိုမြစ်သည် ဖြစ်လျက် ကောင်းစွာ မည်းနက်သော ဆံပင်ရှိသည် ဖြစ်လျက် ပဌမအရွယ် ဟူသော ကောင်းသော အရွယ်နှင့် ပြည့်စုံသည် ဖြစ်လျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အမိ အဖတို့ သဘောမတူကြသဖြင့် မျက်ရည် ရွှဲစို ငိုယိုကုန်စဉ် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်း ဘောင်သို့ ဝင်ရောက်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့်တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့် တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။ပ။

http://www.dhammadownload.com

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သီလရှိ၏၊မြတ်သောသီလရှိ၏၊ ကောင်းသော သီလရှိ၏၊ ကောင်းသော သီလနှင့် ပြည့်စုံ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကောင်းသော စကားရှိ၏၊ ကောင်းသော မြွက်ဆိုသံ ရှိ၏၊ ယဉ်ကျေးသော စကားနှင့် ပြည့်စုံ၏၊ သန့်ရှင်းသော အပြစ်ကင်းသော အဓိပ္ပါယ် သိလွယ်သော စကားနှင့် ပြည့်စုံ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များစွာသောသူတို့၏ ဆရာဖြစ်၏၊ ဆရာ့ ဆရာဖြစ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကာမဂုဏ်၌ တပ်မက်ခြင်းကုန်ခန်းပြီးဖြစ်၏၊ လျှပ်ပေါ်ခြင်းကင်း၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ကံကို ယုံကြည်သောဝါဒ ရှိ၏၊ အကြောင်း ကို ယုံကြည်သော ဝါဒရှိ၏၊ ပုဏ္ဏားပရိသတ်၏ ကောင်းကျိုးကိုသာလျှင် ရှေ့ရှု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် မင်းမျိုးစဉ်ဆက် မပျက်သော မြင့်မြတ်သော အမျိုးမှ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် များသော ဥစ္စာရှိသော များသော စည်းစိမ် ရှိသော ကြွယ်ဝသော အမျိုးမှ ရဟန်းပြု၏။ပ။

အချင်းတို့ စင်စစ်သော်ကား တပါးသောတိုင်းနိုင်ငံ တပါးသော ဇနပုဒ်တို့မှ လူတို့သည် ပြဿနာ မေးအံ့သောငှါ ရဟန်းဂေါတမထံသို့ လာကုန်၏။ပ။ ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ထောင်ပေါင်းများစွာသော နတ်တို့သည် အသက်နှင့်း၍ ကိုးကွယ်ကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အ ကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်း သော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက် သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်း ကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု ပြန့်နှံ့၍ ထွက်၏။ပ။

http://www.dhammadownload.com

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာတို့နှင့် ပြည့်စုံ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် 'လာလော့၊ ကောင်းသော လာခြင်းတည်း'ဟု ဆိုလေ့ရှိ၏၊ နူးညံ့သော စကားရှိ၏၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တတ်၏၊ ရှင်လန်းသော မျက်နှာရှိ၏၊ ပေါ်ပါးသော နှုတ်ရှိ၏၊ ရှေးဦးစွာ ဆိုလေ့ရှိ၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပရိသတ်လေးပါးတို့သည် အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ တုပ်ဝပ်ကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို များစွာသော နတ်လူတို့သည် အလွန်ကြည်ညိုကုန်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် အကြင်ရွာ နိဂုံး၌ နေတော်မူပြီးအံ့၊ ထို ရွာနိဂုံး၌ လူတို့ကို ဘီလူးတို့သည် မညှဉ်းဆဲကုန်။ပ။

အချင်းတို့ စင်စစ်သော်ကား သံဃာနှင့် ပြည့်စုံသော ဂိုဏ်းနှင့်လည်း ပြည့်စုံသော ဂိုဏ်းဆရာလည်း ဖြစ်သော ရဟန်းဂေါတမကို အယူဝါဒ တည်ထောင်သူတို့တွင် အမြတ်ဆုံး ဟု ဆိုအပ်၏၊ အချင်းတို့ အကြောင်းမူကား ရဟန်းဂေါတမ၏ ကျော်စောခြင်းသည် ထိုအယူဝါဒ တည်ထောင်သူ သမဏဗြာဟ္မဏတို့၏ ကျော်စောခြင်းကဲ့သို့ ထိုထို ဤဤ အကြောင်းဖြင့် ဖြစ်ပေါ်သည် မဟုတ်၊ အမှန်အားဖြင့် ဆိုလျှင် အတုမရှိသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံခြင်းကြောင့်သာလျှင် ဖြစ်ပေါ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် သားမယား ပရိသတ် အမတ်တို့နှင့် တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီ ကောသလမင်းသည် သား မယား ပရိသတ် အမတ်တို့နှင့် တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိပုဏ္ဏားသည် သား မယား ပရိသတ် အမတ်တို့နှင့်တကွ အသက်နှင်း၍ ကိုးကွယ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို မဂဓတိုင်းရှင် သေနိယ မည်သော ဗိမ္ဗိသာရမင်းသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပသေနဒီကောသလမင်းသည် အရိုအသေပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမကို ပေါက္ခရသာတိ ပုဏ္ဏားသည် အရိုအသေပြု၏၊ အလေးပြု၏၊ မြတ်နိုး၏၊ ပူဇော်၏၊ တုပ်ဝပ်၏။ပ။

အချင်းတို့ စင်စစ်သော်ကား ရဟန်းဂေါတမသည် ခါဏုမတရွာသို့ ရောက်လာတော်မူ၍ ခါဏုမတရွာ အမ္ဗလဋ္ဌိကာ (ဥယျာဉ်)၌ (သီတင်းသုံး)နေတော်မူ၏၊ အချင်းတို့ အကြင် သမဏဗြာဟ္မဏတို့သည် ငါတို့၏ ရွာနယ်သို့ လာကုန်၏၊ ထို(သမဏဗြာဟ္မဏ) တို့သည် ဧည့်သည်များ

http://www.dhammadownload.com

ဖြစ်ကုန်၏၊ ညေ့သည်တို့ကို ငါတို့သည် အရိုအသေ ပြုသင့်ကုန်၏၊ အလေးပြုသင့်ကုန်၏၊ မြတ်နိုးသင့်ကုန်၏၊ ပူဇော်သင့်ကုန်၏၊ တုပ်ဝပ်သင့်ကုန်၏၊ အကြင် အကြောင်းကြောင့် ရဟန်းဂေါတမသည် ခါဏုမတ (ရွာ) သို့ ရောက်လာတော်မူ၍ ခါဏုမတ(ရွာ) အမ္ဗလဋ္ဌိကာ(ဥယျာဉ်)၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းဂေါတမသည် ငါတို့၏ ညေ့သည်တော် ဖြစ်ပေ၏၊ ညေ့သည်တော်ကို ငါတို့သည် အရိုအသေ ပြုသင့်ကုန်၏၊ အလေးပြုသင့်ကုန်၏၊ မြတ်နိုးသင့်ကုန်၏၊ ပူဇော်သင့်ကုန်၏၊ တုပ်ဝပ်သင့်ကုန်၏၊ ဤအကြောင်းကြောင့်လည်း ထိုအသျှင်ဂေါတမသည် ငါတို့ကို ဖူးမြော်ရန် မချဉ်းကပ်ထိုက်ပါ၊ အမှန်အားဖြင့် ဆိုလျှင် ငါတို့သည်သာ ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ထိုက်ပါကုန်၏။

အချင်းတို့ ငါသည် ထိုအသျှင်ဂေါတမ၏ ဤမျှလောက်သော ဂုဏ်တို့ကိုသာ သိ၏၊ ထိုအသျှင်ဂေါတမသည်ကား ဤမျှလောက်သော ဂုဏ်တို့နှင့်သာ ပြည့်စုံသည် မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား ထိုအသျှင်ဂေါတမသည် အတိုင်းမသိသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေ၏” ဟု ဆို၏။

၃၃၃။ ဤသို့ ဆိုသော် ထိုပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏားအား ဤသို့ ပြန်ကြားပြောဆိုကုန်၏—

“ရဟန်းဂေါတမ၏ ဂုဏ်ဘို့ကို ချီးကျူးသော အသျှင်ကူဋဒန္တ၏ စကားအတိုင်းဆိုလျှင် ထိုအသျှင်ဂေါတမသည် ဤမှ ယူဇနာ တရာအရပ်၌ နေစေကာမူ သဒ္ဓါတရားရှိသော အမျိုးသားသည် ရိက္ခာထုပ်ဆောင်၍သော်လည်း ဖူးမြော်ရန် ချဉ်းကပ်သင့်သည်သာတည်း အသျှင်ကူဋဒန္တ သို့ဖြစ်၍ အကျွန်ုပ်တို့ အားလုံးပင် ရဟန်းဂေါတမကို ဖူးမြော်ရန် ချဉ်းကပ်ပါကုန်အံ့” ဟု ပြန်ကြားပြောဆိုကုန်၏။

မဟာဝိဇိတမင်း၏ ယဇ်ပူဇော်ခြင်းအကြောင်း

၃၃၄။ ထိုအခါ ကူဋဒန္တပုဏ္ဏားသည် များစွာသော ပုဏ္ဏားအပေါင်းနှင့် အတူ အမ္ဗလဋ္ဌိကာ (ဥယျာဉ်)မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်၏။

ခါဏုမတရွာနေ ပုဏ္ဏားနှင့် အမျိုးသား အချို့တို့သည်လည်း မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာအရပ်သို့ လက်အုပ်ချီကုန်လျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် အမည် အနွယ်ကို ပြောကြားလျက် တခုသော နေရာ၌ ထိုင်ကုန်၏၊ အချို့တို့သည် တိတ်ဆိတ်စွာ တခုသော နေရာ၌ ထိုင်ကုန်၏။

၃၃၅။ တခုသော နေရာ၌ ထိုင်ပြီးလတ်သော် ကူဋဒန္တပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဂေါတမ ရဟန်းဂေါတမသည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို သိတော်မူ၏ ဟု အကျွန်ုပ် ကြားဘူးပါ၏၊ အကျွန်ုပ်သည်ကား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော

http://www.dhammadownload.com

ယဇ်ကို မသိပါ၊ အကျွန်ုပ်သည် ယဇ်ကြီးပူဇော်ရန်လည်း အလိုရှိပါ၏၊ တောင်းပန်ပါ၏၊ အသျှင်ဂေါတမသည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ကို အကျွန်ုပ်အား ဟောတော်မူပါ" ဟု လျှောက်၏။

၃၃၆။ ပုဏ္ဏား သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့ ဟု မိန့်တော်မူ၏၊ "အသျှင် ကောင်းပါပြီ" ဟု ကူဋဒန္တ ပုဏ္ဏားသည် မြတ်စွာဘုရားအား ဝန်ခံ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ပုဏ္ဏား ရှေးဥ ဖြစ်ဘူးသည်ကား မဟာဝိဇိတမည်သော မင်းသည် ရှိ၏၊ (ထိုမင်းသည်) ကြွယ်ဝ၏၊ များသော ဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ များသော ရွှေငွေ ရှိ၏၊ နှစ်သက်ဖွယ်ရာ များသော အသုံးအဆောင်ရှိ၏၊ များသော ဥစ္စာစပါးရှိ၏၊ ပြည့်သော ဘဏ္ဍာတိုက် ကျီကြ ရှိ၏။

ပုဏ္ဏား ထိုအခါ မဟာဝိဇိတ မင်းအား ဆိတ်ကွယ်ရာသို့ ကပ်၍ တယောက်ထည်းနေစဉ် ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏—

"ငါသည် ပြန့်ပြောသော လူ့စည်းစိမ်တို့ကို ရလျက်ရှိ၏၊ ကျယ်ပြန့်သော မြေအဝန်းကို အုပ်စိုး၍ နေ၏၊ ငါသည် ယဇ်ကြီးကို ပူဇော်ရမူ ကောင်းလေစွ၊ ယင်းသို့ ပူဇော်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏" ဟု အကြံ ဖြစ်၏။

၃၃၇။ ပုဏ္ဏား ထိုအခါ မဟာဝိဇိတမင်းသည် ပုရောဟိတ် ပုဏ္ဏားကို ခေါ်၍ ဤစကားကို မိန့်ဆို၏—

"ပုဏ္ဏား ငါ့အား ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ တယောက်ထည်းနေစဉ် ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်ခဲ့၏၊ 'ငါသည် ပြန့်ပြောသော လူ့စည်းစိမ်တို့ကို ရလျက်ရှိ၏၊ ကျယ်ပြန့်သော မြေအဝန်းကို အုပ်စိုး၍ နေ၏၊ ငါသည် ယဇ်ကြီးကို ပူဇော်ရမူ ကောင်းလေစွ၊ ယင်းသို့ ပူဇော်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏' ဟု ဖြစ်ပေါ်ခဲ့၏။

ပုဏ္ဏား ငါသည် ယဇ်ကြီးကို ပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏၊ အသျှင်သည် ငါ့ကို ဆုံးမ (ညွှန်ကြား) ပါလော့" ဟု မိန့်ဆို၏။

၃၃၈။ ပုဏ္ဏား ဤသို့ မိန့်ဆိုသော် ပုရောဟိတ်ပုဏ္ဏားသည် မဟာဝိဇိတ မင်းအား ဤစကားကို လျှောက်၏—

"အသျှင်မင်း၏ နိုင်ငံ၌ (ခိုးသူ) ဆူးငြောင့်ရှိ၏၊ (ခိုးသူ) နှိပ်စက်ခြင်းရှိ၏၊ ရွာကို ဖျက်ဆီးခြင်းတို့သည်လည်း ထင်ကုန်၏၊ နိဂုံးကို ဖျက်ဆီးခြင်းတို့သည်လည်း ထင်ကုန်၏၊ မြို့ကို ဖျက်ဆီးခြင်းတို့သည်လည်း ထင်ကုန်၏၊ ခရီးသွားတို့ကို လုယက်ခြင်းတို့သည်လည်း ထင်ကုန်၏။

အသျှင်မင်းသည် ဤသို့ (ခိုးသူ) ဆူးငြောင့်ရှိသော (ခိုးသူ) နှိပ်စက်ခြင်းရှိသော နိုင်ငံ၌ အခွန်အတုပ်ကို ကောက်ယူငြားအံ့၊ ထို (သို့ကောက်ယူခြင်း) ကြောင့် အသျှင်မင်းသည် မပြုသင့်သည်ကို ပြုသည် ဖြစ်ရာ၏၊ (ဤအရာ၌) အသျှင်မင်းအား ဤသို့ အကြံသည် ဖြစ်သော်လည်း၊

http://www.dhammadownload.com

ဖြစ်ရာ၏၊ 'ငါသည် ဤခိုးသူ ဆုးဗြောင့်ကို သတ်ဖြတ်ခြင်းဖြင့်ရင်း နှောင်ဖွဲ့ခြင်းဖြင့်ရင်း (ဒဏ်တပ်၍ဥစ္စာ) ဆုံးရှုံးစေခြင်းဖြင့်ရင်း ကဲ့ရဲ့ရှုတ်ချခြင်းဖြင့်ရင်း (တိုင်းပြည်မှ) နှင်ထုတ်ခြင်းဖြင့်ရင်း ဖယ်ရှားအံ့' ဟု ဖြစ်သော်လည်း ဖြစ်ရာ၏၊ (သို့ရာတွင်) ဤနည်းဖြင့် ဤခိုးသူ ဆုးဗြောင့်ကို အကြွင်းမဲ့ ဖယ်ရှားခြင်း မဖြစ်နိုင်ပါ၊ သတ်ဖြတ်ညှဉ်းဆဲ ခံရသည်မှ ကြွင်းကျန်သော ခိုးသူတို့သည် နောက်အခါ၌ မင်း၏ နိုင်ငံကို ညှဉ်းဆဲကုန်လတ္တံ့ ၊ စင်စစ်မူကား ဤ (ဆိုလတ္တံ့သော) အစီအရင်ကို စွဲမှီ၍ ဤနည်းဖြင့်သာလျှင် ယင်း ခိုးသူ ဆုးဗြောင့်ကို အကြွင်းမဲ့ ဖယ်ရှားခြင်း ဖြစ်နိုင်ပါ၏၊ သို့ဖြစ်၍ အသျှင်မင်း၏ နိုင်ငံ၌ လယ်ယာလုပ်မှု နွားမွေးမှု တို့ကို အားထုတ်ကုန်သော သူတို့အား အသျှင်မင်းသည် မျိုးရိက္ခာကို ထောက်ပံ့ ပေးကမ်းပါလော့၊ အသျှင်မင်း၏ နိုင်ငံ၌ ကုန်သွယ်မှုကို အားထုတ်ကုန်သော သူတို့အား အသျှင်မင်းသည် အရင်းအနှီးကို ထောက်ပံ့ ပေးကမ်းပါလော့၊ အသျှင်မင်း၏ နိုင်ငံ၌ မင်းမှုထမ်း အလုပ်တို့ကို အားထုတ်ကုန်သော သူတို့အား အသျှင်မင်းသည် လခရိက္ခာကို စီမံပေးပါလော့၊ (ဤသို့ ပြုသည်ရှိသော်) ထိုနိုင်ငံသူ နိုင်ငံသား တို့သည်လည်း မိမိတို့ အလုပ်အကိုင်၌ အားထုတ် နေကုန်သည်ဖြစ်၍ အသျှင်မင်း၏နိုင်ငံကို မညှဉ်းဆဲကုန်လတ္တံ့ ၊ အသျှင်မင်းအား များပြားသော (ဥစ္စာစပါး) အစုသည်လည်း ဖြစ်လတ္တံ့ ၊ နိုင်ငံ၌ ငြိမ်းချမ်းခြင်း ရှိသည်ဖြစ်၍ (ခိုးသူ) ဆုးဗြောင့် မရှိသည်ဖြစ်၍ (ခိုးသူ) နှိပ်စက်ခြင်းမရှိသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတို့သည်လည်း (အချင်းချင်း) နှစ်လို ဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ ကစေကုန်လျက် အိမ်တို့ကို မပိတ်ကုန်ပဲလျက် နေကြရသကဲ့သို့ ဖြစ်ကုန်လတ္တံ့ ” ဟု လျှောက်၏။

ပုဏ္ဏား မဟာဝိဇိတ မင်းသည် "အချင်း ကောင်းပါပြီ" ဟု ပုရောဟိတ်ပုဏ္ဏားအား ဝန်ခံပြီးလျှင် မိမိ၏နိုင်ငံ၌ လယ်ယာလုပ်မှု နွားမွေးမှုတို့ကို အားထုတ်ကုန်သော သူတို့အား မျိုးရိက္ခာကို ထောက်ပံ့ ပေးကမ်း၏၊ ကုန်သွယ်မှုကို အားထုတ်ကုန်သော သူတို့အား အရင်းအနှီးကို ထောက်ပံ့ပေးကမ်း၏၊ မင်းမှုထမ်း အလုပ်တို့ကို အားထုတ်ကုန်သော သူတို့အား လခရိက္ခာကို စီမံပေး၏၊ (ဤသို့ ပြုသဖြင့်) ထိုနိုင်ငံသူ နိုင်ငံသားတို့သည်လည်း မိမိတို့ အလုပ်အကိုင်၌ အားထုတ်နေကုန်သည်ဖြစ်၍ မင်း၏နိုင်ငံကို မညှဉ်းဆဲကုန်၊ မင်းအား များပြားသော (ဥစ္စာစပါး) အစုသည်လည်း ဖြစ်၏၊ ငြိမ်းချမ်းခြင်း ရှိသည်ဖြစ်၍ (ခိုးသူ) ဆုးဗြောင့် မရှိသည်ဖြစ်၍ (ခိုးသူ) နှိပ်စက်ခြင်း မရှိသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတို့သည်လည်း (အချင်းချင်း) နှစ်လို ဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ ကစေကုန်လျက် အိမ်တို့ကို မပိတ်ကုန်ပဲလျက် နေကြရသကဲ့သို့ ဖြစ်လေကုန်၏။

ပုဏ္ဏား ထိုအခါ မဟာဝိဇိတမင်းသည် ပုရောဟိတ်ပုဏ္ဏားကို ခေါ်၍ ဤစကားကို မိန့်ဆို၏—

"အချင်း သင်၏ အစီအရင်ကိုစွဲ၍ ငါသည် ထိုခိုးသူ ဆုးဗြောင့်ကို ဖယ်ရှားပြီးပါပြီ၊ ငါ့အား များပြားသော (ဥစ္စာစပါး) အစုသည်လည်း ဖြစ်ပြီ၊ နိုင်ငံ၌ ငြိမ်းချမ်းခြင်းရှိသည်ဖြစ်၍ (ခိုးသူ) ဆုးဗြောင့် မရှိသည်ဖြစ်၍ (ခိုးသူ) နှိပ်စက်ခြင်း မရှိသည်ဖြစ်၍ နိုင်ငံသူ နိုင်ငံသားတို့သည်လည်း (အချင်းချင်း) နှစ်လိုဝမ်းမြောက်ကုန်လျက် သားသမီးတို့ကို ရင်ခွင်၌ကစေကုန်လျက် အိမ်တို့ကို မပိတ်ကုန်ပဲလျက် နေကြရသကဲ့သို့ ဖြစ်ကုန်၏၊ ပုဏ္ဏား ငါသည် ယဇ်ကြီးပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏၊ အသျှင်သည် ငါ့ကို ဆုံးမ (ညွှန်ကြား) ပါလော့" ဟု မိန့်ဆို၏။

http://www.dhammadownload.com

လေးပါးသော အင်္ဂါအကြောင်း

၃၃၉။ သို့ဖြစ်လျှင် အသျှင်မင်း၏ နိုင်ငံ၌ နိဂုံး ဇနပုဒ်နေ အကြင် အရံမင်းတို့သည် ရှိကုန်၏၊ အသျှင်မင်းသည် ထို (အရံမင်း) တို့ကို ဤသို့ တိုင်ပင်တော်မူပါ—

"အသျှင်တို့ ငါသည် ယဇ်ကြီးပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏၊ အသျှင်တို့သည် ငါ့အား (ယဇ်ပူဇော်ရန်) သဘောတူပါကုန်လော့" ဟု တိုင်ပင်တော်မူပါ၊

အသျှင်မင်း၏ နိုင်ငံ၌ နိဂုံးဇနပုဒ်နေ အကြင် အမတ် မင်းမှုထမ်းတို့သည် ရှိကုန်၏။ပ။

အသျှင်မင်း၏ နိုင်ငံ၌ နိဂုံးဇနပုဒ်နေ အကြင်ပုဏ္ဏား သူဌေးတို့သည် ရှိကုန်၏။ပ။

အသျှင်မင်း၏ နိုင်ငံ၌ နိဂုံးဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော အကြင်သူကြွယ်တို့သည် ရှိကုန်၏၊ အသျှင်မင်းသည် ထိုသူကြွယ်တို့ကို ဤသို့ တိုင်ပင်တော်မူပါ—

"အချင်းတို့ ငါသည် ယဇ်ကြီးပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါဖြစ်ရာ၏၊ အချင်းတို့သည် ငါ့အား(ယဇ်ပူဇော်ရန်)သဘောတူပါကုန်လော့" ဟု တိုင်ပင်တော်မူပါ ဟူ၍ လျှောက်၏။

ပုဏ္ဏား မဟာဝိဇိတမင်းသည် "အချင်း ကောင်းပါပြီ" ဟု ပုရောဟိတ်ပုဏ္ဏားအား ဝန်ခံပြီးလျှင် မိမိ၏နိုင်ငံ၌ နိဂုံးဇနပုဒ်နေ အကြင် အရံမင်းတို့သည် ရှိကုန်၏၊ ထို (အရံမင်း) တို့ကို ဤသို့ တိုင်ပင်တော်မူ၏—

"အသျှင်တို့ ငါသည် ယဇ်ကြီးပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ရာ၏၊ အသျှင်တို့သည် ငါ့အား (ယဇ်ပူဇော်ရန်) သဘောတူပါကုန်လော့" ဟု တိုင်ပင်တော်မူ၏။

အသျှင်မင်းသည် ယဇ်ပူဇော်တော် မူပါလော့၊ ယဇ်ပူဇော်ရန် သင့်သော အချိန်ပင်ဖြစ်ပါသည် မင်းကြီး ဟု (ထိုအရံမင်းတို့သည်) လျှောက်ကုန်၏။

မိမိ၏ နိုင်ငံ၌ နိဂုံးဇနပုဒ်နေ အကြင် အမတ် မင်းမှုထမ်းတို့သည် ရှိကုန်၏။ပ။

မိမိ၏ နိုင်ငံ၌ နိဂုံးဇနပုဒ်နေ အကြင်ပုဏ္ဏား သူဌေးတို့သည် ရှိကုန်၏။ပ။

မိမိ၏နိုင်ငံ၌ နိဂုံးဇနပုဒ်နေ ဥစ္စာအစုအပုံ ရှိကုန်သော အကြင်သူကြွယ်တို့သည် ရှိကုန်၏၊ မဟာဝိဇိတ မင်းသည် ထိုသူကြွယ်တို့ကို ဤသို့ တိုင်ပင်တော်မူ၏—

"အချင်းတို့ ငါသည် ယဇ်ကြီးပူဇော်ရန် အလိုရှိ၏၊ ယင်း (ယဇ်ပူဇော်ခြင်း) သည် ကြာမြင့်စွာသော ကာလပတ်လုံး ငါ၏ စီးပွါးချမ်းသာအလို့ငှါ ဖြစ်ရာ၏၊ အချင်းတို့သည် ငါ့အား (ယဇ်ပူဇော်ရန်) သဘောတူပါကုန်လော့" ဟု တိုင်ပင်တော်မူ၏။

အသျှင်မင်းသည် ယဇ်ပူဇော်တော်မူပါလော့၊ ယဇ်ပူဇော်ရန် သင့်သော အချိန်ပင် ဖြစ်ပါသည် မင်းကြီး ဟု (ထိုသူကြွယ်တို့သည်) လျှောက်ကုန်၏။

ဤသို့လျှင် လေးမျိုးသော ဤသဘောတူ အသင်းအပင်းတို့သည် ထိုယဇ်၏ အရံအတားများ ဖြစ်ကုန်၏။

http://www.dhammadownload.com

ရှစ်ပါးသော အင်္ဂါအကြောင်း

၃၄၀။ မဟာဝိဇိတ မင်းသည် ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံ၏။

(၁) အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ။

(၂) အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏၊ ဗြဟ္မာနှင့် တူသော အဆင်းရှိ၏၊ ဗြဟ္မာနှင့် တူသော ကိုယ်ရှိ၏၊ ခံ့ညားသော ကိုယ်ခန္ဓာရှိ၏။

(၃) ကြွယ်ဝ၏၊ များသောဥစ္စာရှိ၏၊ များသော စည်းစိမ်ရှိ၏၊ များသော ရွှေငွေရှိ၏၊ များသော နှစ်သက်ဖွယ် အသုံးအဆောင်ရှိ၏၊ များသော ဥစ္စာစပါးရှိ၏၊ ပြည့်သောဘဏ္ဍာတိုက် ကျီကြရှိ၏။

(၄) ဗိုလ်ပါအင်အားရှိ၏၊ သစ္စာရှိသော အမိန့်ကို ရိုသေစွာလိုက်နာသော အင်္ဂါလေးပါးရှိသော စစ်သည်နှင့် ပြည့်စုံ၏၊ (စစ်သည်ဗိုလ်ပါ) အခြံအရံဖြင့် ရန်သူတို့ကို ဖိနှိပ်လွှမ်းမိုးနေသကဲ့သို့ ဖြစ်၏။

(၅) သဒ္ဓါတရားရှိ၏၊ ပေးကမ်း စွန့်ကြဲတတ်၏၊ (အမြတ်ကိုပေးတတ်သော) ဒါယကာ ဖြစ်၏၊ ရဟန်းပုဏ္ဏား အထီးကျန်သူ ခရီးသွား ဖုန်းတောင်းယာစကာတို့အတွက် မပိတ်သော တံခါးရှိ၏၊ ရေတွင်းသဖွယ်ဖြစ်၍ ကောင်းမှုတို့ကို ပြု၏။

(၆) အသူးထူး အပြားပြား များသော အကြား အမြင်နှင့် ပြည့်စုံ၏။

(၇) ဤသည်ကား ဤစကား၏ အနက်အဓိပ္ပါယ်တည်း၊ ဤသည်ကား ဤစကား၏ အနက်အဓိပ္ပါယ်တည်း ဟု ထိုထိုစကား၏ အနက်အဓိပ္ပါယ်ကို သိ၏။

(၈) ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ အကျိုးတို့ကို ကြံဆခြင်းငှါ စွမ်းနိုင်၏။

မဟာဝိဇိတမင်းသည် ဤရှစ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဤသို့လျှင် ရှစ်ပါးသော ဤအင်္ဂါတို့သည်လည်း ထိုယဇ်၏သာလျှင် အရံအတားများ ဖြစ်ကြကုန်၏။

လေးပါးသော အင်္ဂါအကြောင်း

၃၄၁။ (ထိုပြင်)ပုရောဟိတ် ပုဏ္ဏားသည်လည်း လေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊

(၁) အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ။

(၂) ဝေဒကျမ်းလာ ဂါထာတို့ကို ရွတ်ဆိုတတ်၏၊ ဝေဒကျမ်းတို့ကို ဆောင်၏၊ အဘိဓာန် 'နိဃဏ္ဍု'ကျမ်း၊ အလင်္ကာ 'ကေဋုဘ'ကျမ်း၊ သဒ္ဒါ 'အက္ခရပ္ပဘေဒ'ကျမ်း၊ ငါးခုမြောက်

http://www.dhammadownload.com

ဣလ္လိဗာသကျမ်းနှင့်တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကို တတ်၏၊ ဗျာကရဏ်းကျမ်းကို တတ်၏၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာ ကျမ်းတို့၌ အကြွင်းမဲ့ တတ်မြောက်၏။

(၃) သီလရှိ၏၊ ကြီးပွါးသော-သီလရှိ၏၊ ကြီးပွါးသော သီလနှင့် ပြည့်စုံ၏။

(၄) ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမသော်၎င်း ဒုတိယသော်၎င်း ဖြစ်၏။

ပုရောဟိတ် ပုဏ္ဏားသည် ဤလေးပါးသော အင်္ဂါတို့နှင့် ပြည့်စုံ၏၊ ဤသို့လျှင် လေးပါးသော ဤအင်္ဂါတို့သည်လည်း ထိုယဇ်၏သာလျှင် အရံအတားများ ဖြစ်ကြကုန်၏။

သုံးပါးသော စိတ်ထား

၃၄၂။ ပုဏ္ဏား ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ယဇ်မပူဇော်မီ ရှေးဦးစွာ ပင်လျှင် သုံးပါးသော စိတ်ထားတို့ကို ညွှန်ကြား၏—

(၁) ယဇ်ကြီးပူဇော်ရန် ကြံစည်တောင့်တနေသော (ကာလ၌) အသျှင်မင်းအား "များစွာ သော ငါ၏ စည်းစိမ် အစုသည် ကုန်ခန်းလိမ့်တကား" ဟု တစုံတခုသော နှလုံးမသာခြင်း သည် ဖြစ်ရာ၏၊ အသျှင်မင်းသည် ထို(သို့သော) နှလုံးမသာခြင်းကို မဖြစ်စေသင့်ပါ။

(၂) ယဇ်ကြီး ပူဇော်ဆဲ(ကာလ၌) အသျှင်မင်းအား "များစွာသော ငါ၏ စည်းစိမ်အစုသည် ကုန်ခန်း၏ တကား" ဟု တစုံတခုသော နှလုံးမသာခြင်းသည် ဖြစ်ရာ၏၊ အသျှင်မင်းသည် ထို(သို့သော) နှလုံးမသာခြင်းကို မဖြစ်စေသင့်ပါ။

(၃) ယဇ်ကြီးပူဇော်ပြီးသော (ကာလ၌) အသျှင်မင်းအား "များစွာသော ငါ၏ စည်းစိမ် အစုသည် ကုန်ခန်းလေပြီတကား" ဟု တစုံတခုသော နှလုံးမသာခြင်းသည် ဖြစ်ရာ၏၊ အသျှင်မင်းသည် ထို(သို့သော) နှလုံးမသာခြင်းကို မဖြစ်စေသင့်ပါ။

ပုဏ္ဏား ဤသုံးပါးသော စိတ်ထားတို့ကို ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ယဇ် မပူဇော်မီ ရှေးဦးကပင်လျှင် ညွှန်ကြား၏။

ဆယ်ပါးသော အခြင်းအရာ

၃၄၃။ ပုဏ္ဏား ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတမင်းအား (ဤဆိုလတ္တံ့သော) ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အလှူခံတို့ အပေါ်၌ (ဖြစ်တတ်သော) နှလုံးမသာခြင်းကို ယဇ်မပူဇော်မီ ရှေးဦးကပင်လျှင် ပယ်ဖျောက်၏—

(၁) အသျှင်၏ ယဇ်ပွဲသို့ အသက်ကို သတ်လေ့ရှိသော သူတို့သည်၎င်း အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သူတို့သည်၎င်း လာကုန်လတ္တံ့၊ ထိုသူတို့တွင် အကြင်သူတို့သည် အသက်ကို သတ်လေ့ရှိကုန်၏၊ ထို (အသက်သတ်ခြင်း)ကြောင့် ထိုသူတို့အားသာ (မကောင်းကျိုး ဖြစ်ပါလတ္တံ့)၊ ထိုသူတို့တွင် အကြင်သူတို့သည် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ထိုသူတို့ကို အာရုံပြု၍ အသျှင်သည် ပေးလှူ ပူဇော်ပါလော့၊ အသျှင်

http://www.dhammadownload.com

သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၂) အသျှင်၏ ယဇ်(ပွဲ)သို့ ခိုးယူလေ့ရှိသော သူတို့သည်၎င်း ခိုးယူခြင်းမှ ရှောင်ကြဉ်သော သူတို့သည်၎င်း လာကုန်လတ္တံ့ ။ပ။

(၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသော သူတို့သည်၎င်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သော သူတို့သည်၎င်း။

(၄) မမှန်ပြောလေ့ရှိသော သူတို့သည်၎င်း၊ မမှန်ပြောခြင်းမှ ရှောင်ကြဉ်သောသူတို့သည်၎င်း။

(၅) ကုံးစကားကို ပြောလေ့ရှိသော သူတို့သည်၎င်း ကုံးစကားမှ ရှောင်ကြဉ်သော သူတို့သည်၎င်း။

(၆) ရုန့်ကြမ်းသော စကားကို ပြောလေ့ရှိသော သူတို့သည်၎င်း၊ ရုန့်ကြမ်းသော စကားမှ ရှောင်ကြဉ်သော သူတို့သည်၎င်း။

(၇) ပြိန်ဖျင်းသော စကားကို ပြောလေ့ရှိသော သူတို့သည်၎င်း၊ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်သော သူတို့သည်၎င်း။

(၈) လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ရှိသော သူတို့သည်၎င်း၊ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' မရှိသော သူတို့သည်၎င်း။

(၉) ပျက်စီးစေလိုသော စိတ်ရှိသော သူတို့သည်၎င်း၊ ပျက်စီးစေလိုသော စိတ်မရှိသော သူတို့သည်၎င်း။

(၁၀) မှားသော အယူရှိသော သူတို့သည်၎င်း မှန်သော အယူရှိသော သူတို့သည်၎င်း လာကုန်လတ္တံ့၊ ထိုသူတို့တွင် အကြင်သူတို့သည် မှားသော အယူရှိကုန်၏၊ ထို(မှားသော အယူ) ကြောင့် ထိုသူတို့အားသာ(မကောင်းကျိုးဖြစ်ပါလတ္တံ့)၊ထိုသူတို့တွင် အကြင်သူတို့သည် မှန်သော အယူရှိကုန်၏၊ ထိုသူတို့ကို အာရုံပြု၍ အသျှင်သည် ပေးလှူပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

ပုဏ္ဏားး ဤသို့လျှင် ပုရောဟိတ် ပုဏ္ဏားသည် မဟာဝိဇိတမင်းအား ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် အလှူခံတို့ အပေါ်၌ (ဖြစ်တတ်သော) နှလုံးမသာခြင်းကို ယဇ်မပူဇော်မီ ရှေးဦးကပင်လျှင် ပယ်ဖျောက်၏။

တဆယ့်ခြောက်ပါးသော အကြောင်း

၃၄၄။ ပုဏ္ဏားး ထိုအခါ ပုရောဟိတ် ပုဏ္ဏားသည် ယဇ်ကြီး ပူဇော်ဆဲ ဖြစ်သော မဟာဝိဇိတမင်းအား (ဤသို့ဆိုလတ္တံ့သော) တဆယ့်ခြောက်ပါးသော အကြောင်းတို့ဖြင့် (အကျိုးစီးပွါးကို) ကောင်းစွာပြ၏၊ စိတ်ကို ကောင်းစွာ ဆောက်တည်စေ၏၊ ကောင်းစွာ ထက်သန်စေ၏၊ ကောင်းစွာ ရွှင်လန်းစေ၏—

http://www.dhammadownload.com

(၁) မင်းကြီး ယဇ်ပူဇော်ဆဲ ဖြစ်သော အသျှင်မင်းအား "မဟာဝိဇိတမင်းသည် ယဇ်ကြီး ပူဇော်၏၊ ထို(မင်း)သည် နိဂုံးဇနပုဒ်နေ အရံမင်းတို့ကို မတိုင်ပင်၊ ထိုသို့ဖြစ်လျက် အသျှင်မင်းသည် ဤသို့သဘောရှိသော ယဇ်ကြီးကို ပူဇော်ဘိ၏" ဟု ပြောဆိုမည့်သူ တစုံတယောက်သည် ရှိသော်လည်း ရှိရာ၏၊ (သို့သော်) ဤသို့လည်း အသျှင်မင်းအား ပြောဆိုသူသည် တရားသဖြင့် (ပြောဆိုသူ) မဖြစ်နိုင်ပါ၊ အကြောင်းသော်ကား အသျှင်မင်းသည် နိဂုံး ဇနပုဒ်နေ အရံမင်းတို့ကို တိုင်ပင်ပြီး ဖြစ်ပါ၏။

ဤ(အကြောင်း)ကြောင့်လည်း ဤ(ယဇ်ကြီးပူဇော်သင့်သည် အဖြစ်) ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် ပေးလှူပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၂) မင်းကြီး ယဇ်ပူဇော်ဆဲ ဖြစ်သော အသျှင်မင်းအား မဟာဝိဇိတမင်းသည် ယဇ်ကြီးပူဇော်၏၊ ထို(မင်း)သည် နိဂုံး ဇနပုဒ်နေ အမတ် မင်းမှုထမ်းတို့ကို မတိုင်ပင်။ပ။

(၃) နိဂုံး ဇနပုဒ်နေ ပုဏ္ဏား သူဌေးတို့ကို။ပ။

(၄) နိဂုံး ဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော သူကြွယ်တို့ကို မတိုင်ပင်၊ ထိုသို့ဖြစ်လျက် အသျှင်မင်းသည် ဤသို့သဘောရှိသော ယဇ်ကြီးကို ပူဇော်ဘိ၏ ဟု ပြောဆိုမည့်သူ တစုံတယောက်သည် ရှိသော်လည်း ရှိရာ၏၊ (သို့သော်) ဤသို့လည်း အသျှင်မင်းအား ပြောဆိုသူသည် တရားသဖြင့် (ပြောဆိုသူ) မဖြစ်နိုင်ပါ၊ အကြောင်းသော်ကား အသျှင်မင်းသည် နိဂုံး ဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော သူကြွယ်တို့ကို တိုင်ပင်ပြီး ဖြစ်ပါ၏။

ဤ(အကြောင်း)ကြောင့်လည်း ဤ(ယဇ်ကြီး ပူဇော်သင့်သည့် အဖြစ်)ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် ပေးလှူပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၅) ယဇ်ကြီး ပူဇော်ဆဲ ဖြစ်သော အသျှင်မင်းအား "မဟာဝိဇိတမင်းသည် ယဇ်ကြီး ပူဇော်၏၊ ထို(မင်း)သည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်မရှိ၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းလည်း မရှိ၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်ခံရ၏၊ အကဲ့ရဲ့ခံရ၏၊ ထိုသို့ဖြစ်လျက် အသျှင်မင်းသည် ဤသို့သဘော ရှိသော ယဇ်ကြီးကို ပူဇော်ဘိ၏" ဟု ပြောဆိုမည့်သူ တစုံတယောက်သည် ရှိသော်လည်း ရှိရာ၏၊ (သို့သော်) ဤသို့လည်း အသျှင်မင်းအား ပြောဆိုသူသည် တရားသဖြင့် (ပြောဆိုသူ) မဖြစ်နိုင်ပါ၊ အကြောင်းသော်ကား အသျှင်မင်းသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိပါ၏၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုး သန့်သော အမိဝမ်း ရှိပါ၏၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရပါ၊ အကဲ့ရဲ့မခံရပါ။

ဤ(အကြောင်း)ကြောင့်လည်း ဤ(ယဇ်ကြီးပူဇော်သင့်သည့် အဖြစ်)ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် ပေးလှူပူဇော်ပါလော့။ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၆) ယဇ်ကြီးပူဇော်ဆဲဖြစ်သော အသျှင်မင်းအား "မဟာဝိဇိတမင်းသည် ယဇ်ကြီးပူဇော်၏၊ ထို(မင်း)သည် အဆင်းမလှ ရှုချင်ဖွယ်မရှိ၊ ကြည်ညိုဖွယ်မရှိ၊ ကောင်းမြတ်သော

http://www.dhammadownload.com

အဆင်းသဏ္ဌာန်နှင့် မပြည့်စုံ၊ ဗြဟ္မာနှင့်တူသော အဆင်းမရှိ၊ ဗြဟ္မာနှင့် တူသော ကိုယ်မရှိ၊ မခံ့ညား သေးသိမ်သောကိုယ်ခန္ဓာရှိ၏။ပ။

(၇) မကြွယ်ဝ၊ များသော ဥစ္စာမရှိ၊ များသော စည်းစိမ်မရှိ၊ များသော ရွှေငွေမရှိ၊ များသော နှစ်သက်ဖွယ် အသုံးအဆောင်မရှိ၊ များသော ဥစ္စာစပါးမရှိ၊ ပြည့်သော ဘဏ္ဍာတိုက် ကျီကြမရှိ။ပ။

(၈) ဗိုလ်ပါ အင်အားမရှိ၊ သစ္စာရှိသော အမိန့်ကို ရိုသေစွာ လိုက်နာသော အင်္ဂါလေးပါး ရှိသော စစ်သည်နှင့်လည်း မပြည့်စုံ၊ (စစ်သည်ဗိုလ်ပါ) အခြံအရံဖြင့် ရန်သူတို့ကို ဖိနှိပ်လွှမ်းမိုးနေသကဲ့သို့လည်း မဖြစ်။ပ။

(၉) သဒ္ဓါတရားလည်း မရှိ၊ မပေးကမ်း မစွန့်ကြဲတတ်၊ (အမြတ်ကိုပေးတတ်သော) အလှူရှင်လည်းမဟုတ်၊ ရဟန်း ပုဏ္ဏား အထီးကျန်သူ ခရီးသွား ဖုန်းတောင်း ယာစကာတို့ အတွက် မပိတ်သော တံခါးရှိသည်လည်း မဟုတ်' ရေတွင်းသဖွယ်ဖြစ်၍ ကောင်းမှုတို့ကို ပြုသည်လည်း မဟုတ်။ပ။

(၁၀) အထူးထူး အပြားပြား များသော အကြားအမြင်နှင့်လည်း မပြည့်စုံ။ပ။

(၁၁) ဤသည်ကား ဤစကား၏ အနက် အဓိပ္ပါယ်တည်း ဤသည်ကား ဤစကား၏ အနက် အဓိပ္ပါယ်တည်း ဟု ထိုထိုစကား၏ အနက် အဓိပ္ပါယ်ကိုလည်း မသိ။ပ။

(၁၂) ပညာမရှိ၊ မလိမ္မာ၊ ထက်မြက်သော ဉာဏ်မရှိ၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ အကျိုးတို့ကို ကြံဆခြင်းငှါ မစွမ်းနိုင်၊ ထိုသို့ဖြစ်လျက် အသျှင်မင်းသည် ဤသို့ သဘောရှိသော ယဇ်ကြီးကို ပူဇော်ဘိ၏" ဟု ပြောဆိုမည့်သူ တစုံတယောက်သည် ရှိသော်လည်း ရှိရာ၏၊ (သို့သော်) ဤသို့လည်း အသျှင်မင်းအား ပြောဆိုသူသည် တရားသဖြင့်ပြောဆိုသူ မဖြစ်ပါ၊ အကြောင်းသော်ကား အသျှင်မင်းသည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သော ဉာဏ်ရှိ၏၊ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ အကျိုးတို့ကို ကြံဆခြင်းငှါ စွမ်းနိုင်ပါ၏။

ဤ(အကြောင်း)ကြောင့်လည်း ဤ(ယဇ်ပူဇော်သင့်သည့် အဖြစ်)ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် ပေးလှူပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၁၃) ယဇ်ကြီးပူဇော်ဆဲ ဖြစ်သော အသျှင်မင်းအား "မဟာဝိဇိတမင်းသည် ယဇ်ကြီးပူဇော်၏၊ ထိုမင်း၏ ပုရောဟိတ် ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်မရှိ၊ ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းလည်း မရှိ၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်ခံရ၏၊ အကဲ့ရဲ့ခံရ၏၊ ထိုသို့ ဖြစ်လျက် အသျှင်မင်းသည် ဤသို့သဘောရှိသော ယဇ်ကြီးကို ပူဇော်ဘိ၏" ဟု ပြောဆိုမည့်သူ တစုံတယောက်သည်ရှိသော်လည်း ရှိရာ၏၊ (သို့သော်)ဤသို့လည်း အသျှင်မင်းအား ပြောဆိုသူသည် တရားသဖြင့် (ပြောဆိုသူ)မဖြစ်ပါ၊ အကြောင်းသော်ကား အသျှင်မင်း၏ ပုရောဟိတ် ပုဏ္ဏားသည် အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသောဇာတ်ရှိပါ၏၊ ဘိုးဘေး

http://www.dhammadownload.com

ခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းလည်းရှိပါ၏၊ ဇာတ်နှင့်စပ်သောစကားဖြင့် အပယ်မခံရပါ၊ အကဲ့ရဲ့မခံရပါ။

ဤ(အကြောင်း)ကြောင့်လည်း ဤ(ယဇ်ကြီးပူဇော်သင့်သည့် အဖြစ်)ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် (ပေးလှူ) ပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

(၁၄) ယဇ်ကြီးပူဇော်ဆဲဖြစ်သော အသျှင်မင်းအား "မဟာဝိဇိတမင်းသည် ယဇ်ကြီးပူဇော်၏၊ ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဝေဒကျမ်းလာ ဂါထာတို့ကို မရွတ်ဆိုတတ်၊ ဝေဒကျမ်းတို့ကို မဆောင်၊ အဘိဓာန်'နိဃဏ္ဍု'ကျမ်း အလင်္ကာ'ကေဋုဘ'ကျမ်း သဒ္ဒါ'အက္ခရပ္ပဘေဒ'ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့၏ တဖက်ကမ်းသို့ မရောက်၊ ပဒကျမ်းကိုမတတ်၊ ဗျာကရုဏ်းကျမ်းကိုမတတ်၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့၌ အကြွင်းမဲ့ မဟတ်မမြောက်။ပ။

(၁၅) ထို(မင်း)၏ ပုရောဟိတ်ပုဏ္ဏားသည် သီလလည်းမရှိ၊ တိုးပွါးပြီးသော သီလလည်းမရှိ၊ တိုးပွါးပြီးသော သီလနှင့်လည်း မပြည့်စုံ။ပ။

(၁၆) ထို(မင်း)၏ ပုရောဟိတ်ပုဏ္ဏားသည် ပညာလည်း မရှိ၊ မလိမ္မာ၊ ထက်မြက်သောဉာဏ်မရှိ၊ ယဇ်ယောက်မကိုင်သောသူတို့တွင် ပဌမသော်၎င်း ဒုတိယသော်၎င်း မဖြစ်၊ ထိုသို့ဖြစ်လျက် အသျှင်မင်းသည် ဤသို့သဘောရှိသော ယဇ်ကြီးကို ပူဇော်၏" ဟု ပြောဆိုမည့်သူ တစုံတယောက်သည် ရှိသော်လည်း ရှိရာ၏၊ (သို့သော်)ဤသို့လည်း အသျှင်မင်းအားပြောဆိုသူသည် တရားသဖြင့် (ပြောဆိုသူ) မဖြစ်ပါ၊ အကြောင်းသော်ကား အသျှင်မင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်သောဉာဏ်ရှိ၏၊ ယဇ်ယောက်မကိုင်သောသူတို့တွင် ပဌမသော်၎င်း ဒုတိယသော်၎င်း ဖြစ်ပါ၏။

ဤ(အကြောင်း)ကြောင့်လည်း ဤ (ယဇ်ကြီးပူဇော်သင့်သည့်အဖြစ်) ကို အသျှင်မင်းသည် သိပါလော့၊ အသျှင်သည် (ပေးလှူ)ပူဇော်ပါလော့၊ အသျှင်သည် စွန့်ကြဲပါလော့၊ အသျှင်သည် ဝမ်းမြောက်ပါလော့၊ အသျှင်သည် မိမိသန္တာန်၌ စိတ်ကိုသာ ကြည်စေပါလော့။

ပုဏ္ဏား (ဤသို့လျှင်) ပုရောဟိတ် ပုဏ္ဏားသည် ယဇ်ကြီးပူဇော်ဆဲ ဖြစ်သော မဟာဝိဇိတမင်းအား ဤတဆယ့်ခြောက်ပါးသော အကြောင်းတို့ဖြင့် (အကျိုးစီးပွါးကို) ကောင်းစွာပြ၏၊ စိတ်ကို ကောင်းစွာ ဆောက်တည်စေ၏၊ ကောင်းစွာ ထက်သန်စေ၏၊ ကောင်းစွာ ရွှင်လန်းစေ၏။

၃၄၅။ ပုဏ္ဏား ထိုအလှူ (ယဇ်)ပွဲ၌မူကား နွားတို့ကို မသတ်ရကုန်၊ ဆိတ်နှင့် သိုးတို့ကိုလည်း မသတ်ရကုန်၊ ကြက်ဝက်တို့ကိုလည်း မသတ်ရကုန်၊ အမျိုးမျိုးသော သတ္တဝါတို့ကိုလည်း မသတ်ရကုန်၊ ယဇ်တိုင်အလို့ငှါ သစ်ပင်တို့ကိုလည်း မခုတ်ဖြတ်ရကုန်၊ ယဇ်အခင်းအလို့ငှါ သမန်းမြက်တို့ကိုလည်း မရိတ်ရကုန်၊ ထို(မဟာဝိဇိတမင်း)၏ ကျွန်အစေအပါး အမှုလုပ်တို့သည်လည်း တုတ်ဖြင့် ခြိမ်းခြောက်သောကြောင့် ဘေးဖြင့် ခြိမ်းခြောက်သောကြောင့် မျက်ရည်ရွှဲစို ငိုကုန်လျက် အမှုတို့ကို ပြုလုပ်ကြသည် မဟုတ်ကုန်၊ စင်စစ်သော်ကား အလိုရှိသူတို့သာ ပြုလုပ်ကြရကုန်၏၊ အလိုမရှိသူတို့

ဝ။ နဒဋ္ဌာ လုယိ'သု ဗရိဟိသတ္ထာယ ဟူသော ပါဠိမူကိုယူ၍ ပြန်သည်၊ ဗရိဟိသ=ယဇ်ပူဇော်ရာ၌ သမန်းမြက်ဖြင့် ပြုရသော အခင်း (သဒ္ဒနီအဘိဓာန်)။

http://www.dhammadownload.com

သည် မပြုလုပ်ကြရကုန်၊ အလိုရှိသော အမှုကိုသာ ပြုလုပ်ကြရကုန်၏၊ အလိုမရှိသော အမှုကို မပြုလုပ်ကြရကုန်၊ ထိုအလှူ (ယဇ်)ပွဲသည် ထောပတ် ဆီ ဆီဦ နို့ ဓမ်း ပျား တင်လဲ ဖြင့်[၁] သာလျှင် ပြီးဆုံးခြင်းသို့ ရောက်၏။

၃၄၆။ ပုဏ္ဏား ထိုအခါ နိဂုံး ဇနပုဒ်နေ အရံမင်းတို့သည်၎င်း နိဂုံး ဇနပုဒ်နေ အမတ် မင်းမှုထမ်းတို့သည်၎င်း နိဂုံးဇနပုဒ်နေ ပုဏ္ဏားသူဌေးတို့သည်၎င်း နိဂုံးဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော သူကြွယ်တို့သည်၎င်း များစွာသော ဥစ္စာကို ယူလျက် မဟာဝိဇိတမင်းသို့ ချဉ်းကပ်ပြီးလျှင် "မင်းမြတ် မင်းမြတ်ကိုသာ ရည်ရွယ်၍ ဤများစွာသော ဥစ္စာကိုဆောင်ခဲ့ပါ၏၊ မင်းမြတ်သည် ထို (ဥစ္စာ) ကို ခံယူတော်မူပါ" ဟု လျှောက်ကုန်၏။

အချင်းတို့ အလိုမရှိပြီ၊ တရားသော အခွန်အတုတ်ဖြင့် စုဆောင်းထားသော ဤငါ့ဥစ္စာသည်လည်း များလှ၏၊ထို(သင်တို့၏ဥစ္စာ) သည်လည်း သင်တို့၏(ဥစ္စာပင်)ဖြစ်ပါစေ၊ ဤ(ငါ့ဥစ္စာ)မှလည်း ထပ်၍ ယူကုန်ဦးလော့ ဟု မိန့်၏။

ဤသို့ မဟာဝိဇိတမင်းက ငြင်းပယ်လိုက်သည်ရှိသော် တိုသူတို့သည် တခုသောနေရာသို့ ဖဲသွားကြပြီးလျှင် "ဤဥစ္စာတို့ကို မိမိတို့အိမ်သို့ တဖန်ပြန်၍ ယူဆောင်သည်ရှိသော် ငါတို့အား မလျောက်ပတ်၊ မဟာဝိဇိတမင်းသည် ယဇ်ကြီးပူဇော်၏၊ ယခုငါတို့သည် ထိုမင်းသို့ အတုလိုက်၍ ယဇ်ပူဇော်ကုန်အံ့" ဟု အညီအညွတ် ကြံစည်ဆုံးဖြတ်ကုန်၏။

၃၄၇။ ပုဏ္ဏား ထိုအခါ နိဂုံး ဇနပုဒ်နေ အရံမင်းတို့သည် အလှူ(ယဇ်)ဝင်း၏[၂] အရှေ့မျက်နှာ၌ အလှူပွဲတို့ကို ဖြစ်စေကုန်၏၊ နိဂုံး ဇနပုဒ်နေ ဒးမတ် မင်းမှုထမ်းတို့သည် အလှူ(ယဇ်)ဝင်း၏ တောင်မျက်နှာ၌ အလှူပွဲတို့ကို ဖြစ်စေကုန်၏၊ နိဂုံး ဇနပုဒ်နေ ပုဏ္ဏားသူဌေးတို့သည် အလှူ(ယဇ်)ဝင်း၏ အနောက်မျက်နှာ၌ အလှူပွဲတို့ကို ဖြစ်စေကုန်၏၊ နိဂုံး ဇနပုဒ်နေ ဥစ္စာအစုအပုံရှိသော သူကြွယ်တို့သည် အလှူ(ယဇ်)ဝင်း၏ မြောက်မျက်နှာ၌ အလှူပွဲတို့ကို ဖြစ်စေကုန်၏။

ပုဏ္ဏား ထိုအလှူ(ယဇ်)ပွဲတို့၌လည်း နွားတို့ကို မသတ်ရကုန်၊ ဆိတ်နှင့်သိုးတို့ကိုလည်း မသတ်ရကုန်၊ ကြက်ဝက်တို့ကိုလည်း မသတ်ရကုန်၊ အမျိုးမျိုးသော သတ္တဝါတို့ကိုလည်း မသတ်ရကုန်၊ ယဇ်တိုင်အလို့ငှါ သစ်ပင်တို့ကိုလည်း မဖြတ်ရကုန်၊ ယဇ်အခင်းအလို့ငှါ သမန်းမြက်တို့ကိုလည်း မရိတ်ရကုန်၊ ထိုသူတို့၏ ကျွန်အစေအပါးအမှုလုပ်တို့သည်လည်း တုတ်ဖြင့် ခြိမ်းခြောက်သောကြောင့် ဘေးဖြင့် ခြိမ်းခြောက်သောကြောင့် မျက်ရည်ရွှဲစိုကုန်လျက် အမှုတို့ကို ပြုလုပ်ကြရသည်မဟုတ်ကုန်၊ စင်စစ်သော်ကား အလိုရှိသူတို့သာ ပြုလုပ်ကြရကုန်၏၊ အလိုမရှိသူတို့သည် မပြုလုပ်ကြရကုန်၊ အလိုရှိသော အမှုကိုသာ ပြုလုပ်ကြရကုန်၏၊ အလိုမရှိသော အမှုကို မပြုလုပ်ကြရကုန်၊ ထိုအလှူ(ယဇ်) ပွဲတို့သည်လည်း ထောပတ် ဆီ ဆီဦ နို့ ဓမ်း ပျား တင်လဲဖြင့်သာလျှင် ပြီးဆုံးခြင်းသို့ ရောက်ကုန်၏။

ဤသို့လျှင် လေးမျိုးသော သဘောတူ အသင်းအပင်းတို့၎င်း မဟာဝိဇိတမင်း၌ ပြည့်စုံသော ရှစ်ပါးသောအင်္ဂါတို့၎င်း ပုရောဟိတ် ပုဏ္ဏား၌ ပြည့်စုံသော လေးပါးသောအင်္ဂါတို့၎င်း သုံးပါးသော စိတ်ထားတို့၎င်း၊ ပုဏ္ဏား ဤ(အလုံးစုံပါဝင်သော ယဇ်)ကို သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသော ယဇ်၏ ပြည့်စုံခြင်း ဟု ဆိုအပ်၏(ဟူ၍ ဟောကြားတော်မူ၏)။

၁။ ထမင်းနှင့်ရောနှော၍စားရန် သားငါးမပါဟု ဆိုလိုသည်။

၂။ ယညဝါဋဿ ဟူသော ပါဠိမှုကိုယူ၍ ပြန်သည်။ ယညဝါဋ = ယဇ်ပူဇော်ရန် စည်းရိုးဖြင့် ပိုင်းခြားထားသောနေရာ (သဒ္ဒနီအဘိဓာန်)

http://www.dhammadownload.com

၃၄၇။ ဤသို့ ဟောကြားတော်မူသော် ထိုပုဏ္ဏားတို့သည် မြင်းမြည်သံ ကျယ်လောင်စွာသော အသံဖြင့် ပွဲတင်ထပ်မျှ (ဤသို့) ပြောဆိုကြကုန်၏—

"ကြော် အံ့ဖွယ်ကောင်းသော ယဇ်ပွဲပါပေတကား၊ ကြော် အံ့ဖွယ်ကောင်းသည့် ပြည့်စုံသော ယဇ်ပွဲပါပေတကား" ဟု ပြောဆိုကြကုန်၏။

ကူဋဒန္တပုဏ္ဏားသည်ကား ဆိတ်ဆိတ်သာလျှင် ထိုင်နေ၏၊ ထိုအခါ ထိုပုဏ္ဏားတို့သည် ကူဋဒန္တပုဏ္ဏားကို "အသျှင်ကူဋဒန္တသည် ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသော စကား အနေဖြင့် အဘယ့်ကြောင့် ကောင်းချီး မခေါ်သနည်း" ဟု ဆိုကြကုန်၏။

အသျှင်တို့ ငါသည် ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကား အနေဖြင့် ကောင်းချီးမခေါ်သည်မဟုတ်ပါ၊ အကြင်သူသည် ရဟန်းဂေါတမ၏ ကောင်းသော စကားကို ကောင်းသောစကားအနေဖြင့် ကောင်းချီးမခေါ်ငြားအံ့၊ ထိုသူ၏ ဦးခေါင်းသော်လည်း ပြတ်ကျလေရာ၏၊ အသျှင်တို့ မင်စစ်သော်ကား ငါသည် ဤသို့ စဉ်းစားနေပါ၏—

ရဟန်းဂေါတမသည် "ဤသို့ငါကြားဘူး၏" ဟူ၍ သော်၎င်း "ဤသို့ ဖြစ်ထိုက်၏" ဟူ၍ သော်၎င်း မဆိုမူ၍ "ထိုအခါ၌ ဤသို့ ဖြစ်ဘူး၏၊ ဤသို့သော အခြင်းအရာအားဖြင့် ဖြစ်ဘူး၏" ဟူ၍ သာလျှင် ဆိုချေ၏။

အချင်းတို့ ထို့ကြောင့် ငါသည် ဤသို့ တွေးထင်မိ၏ "ရဟန်းဂေါတမသည် ထိုစဉ်အခါ၌ ယဇ်၏အရှင်ဖြစ်သော မဟာဝိဇိတမင်းသော်၎င်း ထိုယဇ်ကို ပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ်ပုဏ္ဏားသော်၎င်း မချွတ်ဖြစ်တန်ရာ၏" ဟူ၍ ငါထင်မိ၏ (ဟု ပြန်ပြောပြီးလျှင်)။

အသျှင်ဂေါတမသည် ဤသို့သော ယဇ်ကို ပူဇော်၍သော်၎င်း ပူဇော်ရာ၌ ညွှန်ကြား၍ သော်၎င်း ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ နတ်ပြည်သို့ ကပ်ရောက်ခဲ့သည်ကို အမှတ်ရပါသလော ဟု (မြတ်စွာဘုရားအား မေးလျှောက်၏)။

ပုဏ္ဏား ဤသို့သော ယဇ်ကို ပူဇော်၍ သော်၎င်း ပူဇော်ရာ၌ ညွှန်ကြား၍ သော်၎င်း [1] ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ နတ်ပြည်သို့ ကပ်ရောက်ခဲ့သည်ကို ငါ အမှတ်ရပါ၏၊ ထိုစဉ်အခါ၌ ငါသည် ထိုယဇ်ကို ပူဇော်ရာ၌ ညွှန်ကြားသော ပုရောဟိတ် ပုဏ္ဏား ဖြစ်ခဲ့ပေ၏။

အမြဲတမ်းအလှူဖြစ်သော မျိုးရိုးစဉ်ဆက်ယဇ်အလှူ

၃၄၈။ အသျှင်ဂေါတမ သုံးပါးသောစိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက် သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်း ရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ယဇ်သည် ရှိပါသေးသလော။

ပုဏ္ဏား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက် သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော

၁။ ဤ၌ ယဇိတွာ ဝါ ယာဇေတွာ ဝါ ဟု ပါဠိရှိသည့်အတိုင်း ပူဇော်၍သော်၎င်း ပူဇော်ရာ၌ ညွှန်ကြား၍သော်၎င်း ဟု ပြန်ဆိုထားသည်၊ သို့သော် ပါဠိ၌ "ယာဇေတွာ" ဟုသာရှိ၏ မြန်မာပြန်တွင် "ပူဇော်ရာ၌ညွှန်ကြား၍" ဟုသာရှိ ရှိထိုက်သည်။

http://www.dhammadownload.com

သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ယဇ်သည် ရှိသေး၏။

အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတား ရှိသည့် ပြည့်စုံသော ဤယဇ်ထက် သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်း ရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ထိုယဇ်သည် အဘယ်ပါနည်း။

ပုဏ္ဏားး သီလရှိသောရဟန်းတို့အား ရည်ညွှန်း၍ အမြဲတမ်းလှူနေသော မျိုးရိုးစဉ်ဆက် ယဇ် (အလှူ)တို့သည် ရှိကုန်၏၊ ပုဏ္ဏား (ဤယဇ်အလှူ)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက် ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယင်းယဇ်ထက် သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍ နည်းသော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင်လည်းရှိ၏။

အသျှင်ဂေါတမ အမြဲတမ်း အလှူဖြစ်သော ထိုမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယင်းယဇ်ထက် အကြင် အကြောင်း အထောက်အပံ့ကြောင့် သာ၍များသော ကိစ္စလည်းရှိ၏၊ သာ၍များသော အားထုတ်ရမှု လည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင်လည်းရှိ၏၊ (ထို) အကြောင်းကား အဘယ်ပါနည်း၊ (ထို)အထောက်အပံ့ကား အဘယ်ပါနည်း။

ပုဏ္ဏား ဤသို့ သဘောရှိသော (သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတား ရှိသည့်ပြည့်စုံသော) ယဇ်ပွဲသို့ ရဟန္တာတို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်နေသောသူတို့သည်၎င်း မချဉ်းကပ်ကုန်၊ ထို(သို့မချဉ်းကပ်ခြင်း)သည် အဘယ့်ကြောင့်နည်းဆိုသော်.... ပုဏ္ဏား ယင်းယဇ် (ပွဲ)၌ တုတ်ဖြင့် ပုတ်ခတ်ခြင်းတို့သည်၎င်း လည်ကိုဆွဲကိုင်ခြင်းတို့သည်၎င်း ထင်ကုန်၏၊ ထို့ကြောင့် ဤသို့ သဘောရှိသော ယဇ်ပွဲသို့ ရဟန္တာတို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်နေသောသူတို့သည်၎င်း မချဉ်းကပ်ကုန်။

ပုဏ္ဏား သီလရှိသော ရဟန်းတို့ကို ရည်ညွှန်း၍ အမြဲတမ်း လှူနေသော မျိုးရိုးစဉ်ဆက် ယဇ် (အလှူ) တို့သည် ရှိကုန်၏၊ ပုဏ္ဏား ဤသို့ သဘောရှိသော ယဇ် (ပွဲ) သို့ ရဟန္တာတို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်နေသော သူတို့သည်၎င်း ချဉ်းကပ်ကုန်၏၊ ထို (သို့ချဉ်းကပ်ခြင်း) သည် အဘယ်ကြောင့်နည်း ဆိုသော်....ပုဏ္ဏား ဤ ယဇ်(အလှူ) ၌ တုတ်ဖြင့် ပုတ်ခတ်ခြင်းတို့သည်၎င်း လည်ကို ဆွဲကိုင်ခြင်းတို့သည်၎င်း မထင်ကုန်၊ ထို့ကြောင့် ဤသို့ သဘောရှိသော ယဇ် (အလှူ)သို့ ရဟန္တာတို့သည်၎င်း ရဟန္တာဖြစ်ရန် ကျင့်နေသော သူတို့သည်၎င်း ချဉ်းကပ်ကုန်၏၊ ပုဏ္ဏား အမြဲတမ်း အလှူဖြစ်သော ထို မျိုးရိုးစဉ်ဆက် ယဇ်(အလှူ)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက် ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယင်းယဇ်ထက် အကြင် အကြောင်း အထောက်အပံ့ ကြောင့် သာ၍များသော ကိစ္စလည်း ရှိ၏၊ သာ၍များသော အားထုတ်ရမှုလည်း ရှိ၏၊ သာ၍ များသော အကျိုးလည်း ရှိ၏၊ သာ၍များသော အာနိသင်လည်း ရှိ၏၊ ပုဏ္ဏား (ထို)အကြောင်း ကား ဤသည်ပင်တည်း၊ (ထို)အထောက်အပံ့ကား ဤသည်ပင်တည်း။

၃၅၀။ အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိ သည့် ပြည့်စုံသော ဤယဇ်ထက်၎င်း အမြဲတမ်း အလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ် (အလှူ)

http://www.dhammadownload.com

ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယင်သည်ရှိပါသေးသလော။

ပုဏ္ဏား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင်(အလှူ) ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယင်သည် ရှိသေး၏။

အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်း အလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင် (အလှူ)ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ထိုယင်သည် အဘယ်ပါနည်း။

ပုဏ္ဏား အကြင်သူသည် အရပ်လေးမျက်နှာ၌ရှိသော သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်၏၊ ပုဏ္ဏား (ထိုသူ၏) ဤယင်(ကျောင်းအလှူ)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်း အလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင်(အလှူ)ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍နည်းသော အားထုတ်ရမှုလည်း ရှိ၏၊ သာ၍များသော အကျိုးလည်း ရှိ၏၊ သာ၍များသော အာနိသင်လည်း ရှိ၏။

၃၅၁။ အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင်(အလှူ)ထက်ရင်း ဤကျောင်း အလှူထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယင်သည် ရှိပါသေးသလော။

ပုဏ္ဏား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယင်သည် ရှိသေး၏။

အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယင်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယင်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ထိုယင်သည် အဘယ်ပါနည်း။

ပုဏ္ဏား အကြင်သူသည် ယုံကြည်သော စိတ်ရှိသည်ဖြစ်၍ ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ တရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ပုဏ္ဏား

http://www.dhammadownload.com

(ထိုသူ၏) ဤယဇ်(ကိုးကွယ်ရာ ဟု ဆည်းကပ်မှု)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ် (အလှူ)ထက်ရင်း ဤကျောင်း အလှူထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍နည်းသော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင်လည်း ရှိ၏။

၃၅၂။ အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယဇ်သည် ရှိပါသေးသလော။

ပုဏ္ဏား သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက်ရင်း အမြဲတမ်း အလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်ရင်း ဤကျောင်း အလှူထက်ရင်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယဇ်သည် ရှိသေး၏။

အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော ထိုယဇ်သည် အဘယ်ပါနည်း။

ပုဏ္ဏား အကြင်သူသည် ယုံကြည်သောစိတ်ရှိသည်ဖြစ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုရင်း မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုရင်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုရင်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုရင်း မူးယစ်မေ့လျော့စေတတ်သော သေရည် မသေရက်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကိုရင်း ဆောက်တည်၏၊ ပုဏ္ဏား (ထိုသူ၏) ဤယဇ် (သိက္ခာပုဒ်)သည် သုံးပါးသော စိတ်ထားနှင့် တဆယ့်ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ယဇ်ထက်ရင်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်ရင်း သာ၍နည်းသော ကိစ္စလည်း ရှိ၏၊ သာ၍နည်းသော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင်လည်းရှိ၏။

၃၅၃။ အသျှင်ဂေါတမ သုံးပါးသော စိတ်ထားနှင့် တဆဲ့ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤယဇ်ထက်ရင်း အမြဲတန်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်ရင်း ဤကျောင်းအလှူထက်ရင်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုထက်ရင်း ဤသိက္ခာပုဒ်တို့ထက်ရင်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသောအားထုတ်ရမှုလည်းရှိသော သာ၍များ

http://www.dhammadownload.com

သော အကျိုးလည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယဇ်သည် ရှိပါသေး သလော။

ပုဏ္ဏား သုံးပါးသောစိတ်ထားနှင့် တဆဲ့ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံသော ဤ ယဇ်ထက်၎င်း အမြဲတမ်းအလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်၎င်း ဤကျောင်း အလှူထက်၎င်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်၎င်း ဤသိက္ခာပုဒ်တို့ထက်၎င်း သာ၍နည်း သော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍များသော အကျိုး လည်းရှိသော သာ၍များသော အာနိသင်လည်းရှိသော အခြားယဇ်သည် ရှိသေး၏။

အသျှင်ဂေါတမ သုံးပါးသောစိတ်ထားနှင့် တဆဲ့ခြောက်ပါးသော အရံအတားရှိသည့် ပြည့်စုံ သော ဤယဇ်ထက်၎င်း အမြဲတမ်း အလှူဖြစ်သော ဤမျိုးရိုးစဉ်ဆက် ယဇ်(အလှူ)ထက်၎င်း ဤကျောင်းအလှူထက်၎င်း ဤကိုးကွယ်ရာဟူ၍ ဆည်းကပ်မှုတို့ထက်၎င်း ဤသိက္ခာပုဒ်တို့ထက်၎င်း သာ၍နည်းသော ကိစ္စလည်းရှိသော သာ၍နည်းသော အားထုတ်ရမှုလည်းရှိသော သာ၍ များသော အကျိုးလည်းရှိသော သာ၍များ သော အာနိသင်လည်းရှိသော ထိုယဇ်သည် အဘယ်ပါနည်း။

ပုဏ္ဏား ပူဇော် (အထူးကို) ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

[သာမညဖလသုတ်၌ကဲ့သို့ နည်းတူချဲ့အပ်၏]။

ပုဏ္ဏား ဤသို့လျှင် ရဟန်းသည် သီလနှင့်ပြည့်စုံပေ၏။ပ။ ပဌမစျာန်သို့ရောက်၍ နေ၏။ပ။ ပုဏ္ဏား၊ ဤယဇ်(ပဌမစျာန်)သည် ရှေးယဇ်တို့ထက် သာ၍ နည်းသော ကိစ္စလည်းရှိ၏၊ သာ၍ နည်းသော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိ သင်လည်းရှိ၏။

။ပ။ ဒုတိယစျာန်သို့။တတိယစျာန်သို့။စတုတ္ထစျာန်သို့ရောက်၍နေ၏၊ ပုဏ္ဏား ဤယဇ်(စတုတ္ထ စျာန်)သည်လည်း ရှေးယဇ်တို့ထက် သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍နည်းသော အားထုတ် ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင်လည်းရှိ၏။

။ပ။ ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏။ ရှေးရှုညွတ်စေ၏၊ ပုဏ္ဏား ဤယဇ် (ဝိပဿနာဉာဏ်အမြင်)သည်လည်း ရှေးယဇ်တို့ထက် သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍ နည်းသော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင် လည်းရှိ၏။ပ။

။ပ။ (ငါ့အား)ဤ(မဂ်ကိစ္စ)အလို့ငှါ ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု သိ၏၊ ပုဏ္ဏား ဤယဇ် (အာသဝက္ခယဉာဏ်)သည်လည်း ရှေးယဇ်တို့ထက် သာ၍နည်းသော ကိစ္စလည်းရှိ၏၊ သာ၍နည်း သော အားထုတ်ရမှုလည်းရှိ၏၊ သာ၍များသော အကျိုးလည်းရှိ၏၊ သာ၍များသော အာနိသင် လည်းရှိ၏။

ပုဏ္ဏား ဤပြည့်စုံသောယဇ်(အာသဝက္ခယဉာဏ်)ထက် သာ၍လွန်ကဲသည်လည်းဖြစ်သော သာ၍မွန်မြတ်သည်လည်းဖြစ်သော အခြားတပါးသော ပြည့်စုံသော ယဇ်သည် မရှိတော့ပြီ ဟု ဟောတော်မူ၏။

http://www.dhammadownload.com

ကူဋဒန္တပုဏ္ဏား ဥပါသကာအဖြစ် လျှောက်ထားခြင်း

၃၅၄။ ဤသို့ ဟောတော်မူသော် ကူဋဒန္တပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဂေါတမ တရားတော်သည် အလွန် နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ။

အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် (ယဇ်ပူဇော်ရန်) အလို့ငှါ ယဇ်တိုင်သို့ ပို့ဆောင်ထားသော နွားလား ခုနစ်ရာတို့ကိုရင်း နွားထီးငယ် ခုနစ်ရာတို့ကိုရင်း နွားမငယ် ခုနစ်ရာတို့ကိုရင်း ဆိတ်ခုနစ်ရာတို့ကိုရင်း သိုးခုနစ်ရာတို့ကိုရင်း လွှတ်ပါ၏၊ (ထိုသတ္တဝါတို့အား) အသက်ချမ်းသာခွင့်ကို ပေးပါ၏၊ (ထိုသတ္တဝါတို့သည်) စိမ်းစိုသော မြက်တို့ကိုလည်း စားကြပါစေ၊ အေးမြသော ရေတို့ကိုလည်း သောက်ကြပါစေ၊ ထို(သတ္တဝါ)တို့အား အေးမြသော လေသည်လည်း တိုက်ခတ်ပါစေ" ဟု လျှောက်၏။

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်း

၃၅၅။ ထိုအခါ ကူဋဒန္တပုဏ္ဏားအား မြတ်စွာဘုရားသည် အစဉ်အတိုင်းသော တရားစကားကို ဟောတော်မူ၏။

ဤသည်ကား အဘယ်နည်း—

ဒါနနှင့်စပ်သော စကားကိုရင်း သီလနှင့်စပ်သော စကားကိုရင်း နတ်ပြည်နှင့်စပ်သောစကားကိုရင်း ကာမဂုဏ်တို့၏ အပြစ်ကိုရင်း ယုတ်ညံ့ခြင်းကိုရင်း ညစ်ညူးခြင်းကိုရင်း (ကာမဂုဏ်တို့မှ) ထွက်မြောက်ခြင်း၌ အကျိုးကိုရင်း ပြတော်မူ၏။

မြတ်စွာဘုရားသည် ကူဋဒန္တပုဏ္ဏား၌ သင့်လျော်သောစိတ် နူးညံ့သောစိတ် အပိတ်အပင် 'နီဝရဏ'မှ ကင်းသောစိတ် တက်ကြွသောစိတ် ယုံကြည်သောစိတ် ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားတို့၏ ကိုယ်တိုင် ထုတ်ဖော် သိမြင်ပြီးသော 'သာမုက္ကံသိက' တရားဒေသနာတော်ကို ဟောကြားတော်မူလျက် ဆင်းရဲ 'ဒုက္ခ'ကိုရင်း ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'ကိုရင်း ဆင်းရဲချုပ်ရာ 'နိရောဓ'ကိုရင်း ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း လမ်းစဉ် 'မဂ္ဂ'ကိုရင်း ပြသတော်မူ၏။

မည်းညစ်ခြင်းကင်းသော ဖြူစင်သော အဝတ်သည် ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ကူဋဒန္တပုဏ္ဏားအား ထိုနေရာ၌ပင်လျှင် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်း

http://www.dhammadownload.com

သဘောရှိ၏” ဟု ကိလေသာ မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ ‘သောတာပတ္တိမဂ်ဉာဏ်’ သည် ဖြစ်ပေါ်၏။

၃၅၆။ ထိုအခါ ကူဋဒန္တပုဏ္ဏားသည် တရားကို မြင်ပြီးသည်ဖြစ်၍ တရားသို့ရောက်ပြီးသည်ဖြစ်၍ တရားကို သိပြီးသည်ဖြစ်၍ တရားသို့ သက်ဝင်ပြီးသည်ဖြစ်၍ ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍ သို့လော သို့လော (တွေးတောခြင်း) ကင်းပြီးသည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာ၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည်ဖြစ်၍ သူတပါးကို အားထား၍ ယုံသည်မဟုတ်ပဲ ကိုယ်တိုင်ပင် သိမြင်ပြီးသည်ဖြစ်၍ မြတ်စွာဘုရားအား “အသျှင်ဂေါတမသည် ရဟန်းသံဃာနှင့် အတူ နက်ဖြန်အဘို့ အကျွန်ုပ်၏ ဆွမ်းကို လက်ခံတော်မူပါ” ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၃၅၇။ ထိုအခါ ကူဋဒန္တပုဏ္ဏားသည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။

ထိုအခါ ကူဋဒန္တပုဏ္ဏားသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိ၏ အလှူ(ယဇ်)ဝင်း၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးလျှင် “အသျှင်ဂေါတမ အချိန်တန်ပါပြီ ဆွမ်းပြင်ပြီးပါပြီ” ဟု မြတ်စွာဘုရားအား အချိန်(တန်ကြောင်း)ကို လျှောက်စေ၏။

၃၅၈။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကိုယူလျက် ကူဋဒန္တပုဏ္ဏား၏ အလှူ (ယဇ်)ဝင်းသို့ ချဉ်းကပ်တော်မူပြီးလျှင် ပြင်ထားသော နေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏။

ထိုအခါ ကူဋဒန္တပုဏ္ဏားသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသောအခါ ကူဋဒန္တပုဏ္ဏားသည် နိမ့်သော ထိုင်စရာ တခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏။

တခုသော နေရာ၌ ထိုင်နေသော ကူဋဒန္တပုဏ္ဏားအား မြတ်စွာဘုရားသည် တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို)ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် စေ၍ ရွှင်လန်းစေပြီးလျှင် နေရာမှထကာ ဖဲခွါကြွသွားတော်မူလေသတည်း။

ငါးခုမြောက်သော ကူဋဒန္တသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၆–မဟာဝလိသုတ်

ပုဏ္ဏားတမန်ဝတ္ထု

၃၅၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ၌ များစွာသော ကောသလတိုင်းသား ပုဏ္ဏား တမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် ပြုဖွယ်ကိစ္စတခုဖြင့် ဝေသာလီပြည်၌ တည်းခိုနေကုန်၏။

ထိုကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် (ဤသို့) ကြားသိလေကုန်၏—

"အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ဝေသာလီပြည်အနီး မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီး၌(သီတင်းသုံး) နေတော်မူ၏၊ ထို အသျှင်ဂေါတမ၏ ကောင်းသော ကျော်စောခြင်းသည် (ဤသို့) ပြန့်နှံ့၍ ထွက်၏။

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏' ဟု ပြန့်နှံ့၍ထွက်၏။

ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုရင်း သမဏ ဗြာဟ္မဏတို့နှင့် တကွသော မင်းများ လူများနှင့် တကွသော သတ္တဝါ အပေါင်းကိုရင်း ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏၊ ထိုသို့ သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်) တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည် သာတည်း" ဟု ကြားသိလေကုန်၏။

http://www.dhammadownload.com

၃၆၀။ ထိုအခါ ထိုကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် ဝေတိုင်းသား ပုဏ္ဏားတမန်တို့သည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီးသို့ ကပ်ရောက်ကုန်၏။

ထိုစဉ်အခါ၌ အသျှင်နာဂိတသည် မြတ်စွာဘုရားအား လုပ်ကျွေးပြုစုလျက်ရှိ၏၊ ထိုအခါ ထိုကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် အသျှင်နာဂိတထံသို့ ချဉ်းကပ်၍ အသျှင်နာဂိတအား ဤစကားကို လျှောက်ကုန်၏—

"အသျှင်နာဂိတ ထိုအသျှင်ဂေါတမသည် ယခုအခါ အဘယ်မှာ နေတော်မူပါသနည်း၊ အကျွန်ုပ်တို့သည် ထိုအသျှင်ဂေါတမကို ဖူးမြော်ရန် အလိုရှိပါကုန်၏" ဟု လျှောက်ကုန်၏။

အချင်းတို့ မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ် မြတ်စွာဘုရားသည် (ပရိသတ်မှဖဲ၍) ကိန်းအောင်းနေတော်မူ၏ ဟု မိန့်၏။

ထိုအခါ ထိုကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် "ထိုအသျှင်ဂေါတမကို ဖူးမြော်ပြီးမှသာ ငါတို့သွားကုန်အံ့" ဟု (ကြံလျက်) ထိုအရပ်၌ပင် တခုသောနေရာ၌ ထိုင်နေကြကုန်၏။

ဩဋ္ဌဒ္ဓလိစ္ဆဝီမင်းဝတ္ထု

၃၆၁။ ဩဋ္ဌဒ္ဓမည်သော လိစ္ဆဝီ (မင်း) သည်လည်း များစွာသော လိစ္ဆဝီပရိသတ်နှင့်အတူ မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သော ကျောင်းကြီး၌ အသျှင်နာဂိတ ထံသို့ ချဉ်းကပ်၍ အသျှင်နာဂိတကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်ပြီးသော် အသျှင်နာဂိတအား ဤစကားကို လျှောက်၏—

"အသျှင်နာဂိတ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ယခုအခါ အဘယ်မှာ နေတော်မူပါသနည်း၊ အကျွန်ုပ်တို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် အလိုရှိပါကုန်၏" ဟု လျှောက်၏။

မဟာလိ[1] မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ်၊ မြတ်စွာဘုရားသည် (ပရိသတ်မှဖဲ၍) ကိန်းအောင်းနေတော်မူ၏ ဟု မိန့်၏၊ ဩဋ္ဌဒ္ဓမည်သော လိစ္ဆဝီ (မင်း) သည်လည်း "ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားကို ဖူးမြော်ပြီးမှသာ ငါသွားအံ့" ဟု (ကြံလျက်) ထိုအရပ်၌ပင် တခုသောနေရာ၌ ထိုင်နေ၏။

၃၆၂။ ထိုအခါ သီဟသာမဏေသည် အသျှင်နာဂိတထံသို့ ချဉ်းကပ်၍ အသျှင်နာဂိတကို ရှိခိုးလျက် တခုသောနေရာ၌ ရပ်ပြီးသော် အသျှင်နာဂိတအား ဤစကားကို လျှောက်၏—

"အသျှင်ကဿပ[2] များစွာသော ဤကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့်မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ဤအရပ်သို့ ကပ်ရောက်လာကြပါကုန်၏၊

၁။ မဟာလိဟူသော အမည်သည် ဩဋ္ဌဒ္ဓ၏ ငယ်နာမည်ရင်း ဖြစ်၏။

၂။ ကဿပဟူသော အမည်သည် အသျှင်နာဂိတ၏အနွယ်မှလာသော အမည်ဖြစ်၏။

http://www.dhammadownload.com

သြင္ဂဒ္ဓမည်သော လိစ္ဆဝီ (မင်း) သည်လည်း များစွာသော လိစ္ဆဝီပရိသတ်နှင့် အတူ မြတ်စွာဘုရားကို ဖူးမြော်ရန် ဤအရပ်သို့ ကပ်ရောက်လာပါ၏၊ အသျှင်ကဿပ တောင်းပန်ပါ၏၊ ဤလူအပေါင်းသည် မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရပါစေ" ဟု လျှောက်၏။

သီဟ သို့ဖြစ်လျှင် သင်သည်ပင် မြတ်စွာဘုရားအား လျှောက်ကြားချေလော့။

ကောင်းပါပြီ အသျှင်ဘုရား ဟု သီဟသာမဏေသည် အသျှင်နာဂိတအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"များစွာသော ဤကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ဤအရပ်သို့ ကပ်ရောက်လာကြပါကုန်၏၊ သြင္ဂဒ္ဓမည်သော လိစ္ဆဝီ (မင်း) သည်လည်း များစွာသော လိစ္ဆဝီပရိသတ်နှင့်အတူ မြတ်စွာဘုရားကို ဖူးမြော်ရန် ဤအရပ်သို့ ကပ်ရောက်လာပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဤလူအပေါင်းသည်မြတ်စွာဘုရားကို ဖူးမြော်ခွင့် ရပါစေ အသျှင်ဘုရား" ဟု လျှောက်၏။

သီဟ သို့ဖြစ်လျှင် ကျောင်းရိပ်၌ နေရာခင်းလော့။

ကောင်းပါပြီ အသျှင်ဘုရား ဟု သီဟသာမဏေသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ကျောင်းရိပ်၌ နေရာခင်း၏။

၃၆၃။ ထိုအခါ မြတ်စွာဘုရားသည် ကျောင်းမှ ထွက်တော်မူ၍ ကျောင်းရိပ်တွင် ပြင်ထားသော နေရာ၌ ထိုင်တော်မူ၏၊ ထိုအခါ ထိုကောသလတိုင်းသား ပုဏ္ဏားတမန်တို့နှင့် မဂဓတိုင်းသား ပုဏ္ဏားတမန်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ကုန်၏၊ သြင္ဂဒ္ဓ မည်သော လိစ္ဆဝီ(မင်း)သည်လည်း များစွာသော လိစ္ဆဝီပရိသတ်နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်၏။

၃၆၄။ တခုသော နေရာ၌ ထိုင်ပြီးသော် သြင္ဂဒ္ဓ မည်သော လိစ္ဆဝီ(မင်း)သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ယခင့် ယခင် နေ့တို့၌ လိစ္ဆဝီ(မင်း)သား သုနက္ခတ္တသည် အကျွန်ုပ်ထံသို့ ချဉ်းကပ်၍ အကျွန်ုပ်အား ဤစကားကို ပြောပါ၏။

'မဟာလိ ငါသည် မြတ်စွာဘုရားကို အမှီပြု၍ နေခဲ့သည်မှာ မကြာမြင့်လှပါ၊ အစ အဆုံး သုံးနှစ်သာ ဖြစ်ပါ၏၊ (ထို ကာလအတွင်း၌) ငါသည် ချစ်ဖွယ်သော သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရ၏၊ သို့သော်လည်း အသံ'သဒ္ဒါရုံ'တို့ကိုကား မကြားရပါ' ဟု ပြောပါ၏။

အသျှင်ဘုရား လိစ္ဆဝီ(မင်း)သား သုနက္ခတ္တသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ'သဒ္ဒါရုံ'တို့ကို ထင်ရှားရှိလျက်ပင် မကြားလေသလော၊ သို့မဟုတ် ထင်ရှားမရှိ၍ မကြားလေသလော" ဟု လျှောက်၏။

http://www.dhammadownload.com

တဘိုတည်းအတွက် ပွါးများအပ်သောသမာဓိ

၃၆၅။ မဟာလိ လိစ္ဆဝီ(မင်း)သား သုနက္ခတ္တသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကို ထင်ရှားရှိလျက်ပင် မကြားလေ၊ ထင်ရှားမရှိ၍ မကြားလေသည်ကား မဟုတ် ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား လိစ္ဆဝီ(မင်း)သား သုနက္ခတ္တသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကို ထင်ရှားရှိလျက်ပင် မကြားလေ၊ ထင်ရှားမရှိ၍ မကြားလေသည်ကား မဟုတ် ဟူရာ၌ အကြောင်းကား အဘယ်ပါနည်း၊ အထောက် အပံ့ကား အဘယ်ပါနည်း။

၃၆၆။ မဟာလိ ဤ(သာသနာတော်)၌ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘိုဘည်းအတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၏၊ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘိုအတွက်ကား မပွါးများ၊ ထို (ရဟန်း)သည် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက် သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘိုတည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘိုအတွက် ကား မပွါးများသည်ရှိသော် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း'ရူပါရုံ'တို့ကိုသာ မြင်ရ၏၊အသံ'သဒ္ဒါရုံ'တို့ကိုကား မကြားရချေ။

ထို(မြင်သာမြင်၍ မကြားခြင်း)သည် အဘယ့်ကြောင့်နည်း ဆိုသော် မဟာလိ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘိုတည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘိုအတွက်ကား မပွါးများသောကြောင့်ပင် ဖြစ်ချေ၏။

၃၆၇။ မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် တောင်အရပ်၌။ပ။

အနောက် အရပ်၌။ပ။

မြောက် အရပ်၌။ပ။

အထက် အောက် ဖီလာ အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း'ရူပါရုံ'တို့ကို မြင်ရန် တဘိုတည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၏၊ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် ဘဘိုအတွက်ကား မပွါးများ၊ ထို (ရဟန်း) သည် အထက် အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ် ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘိုတည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကိုပွါးများ၍ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘိုအတွက်ကား မပွါးများ သည်ရှိသော် အထက် အောက် ဖီလာ အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို သာ မြင်၏၊ အသံ 'သဒ္ဒါရုံ'တို့ကိုကား မကြားရချေ။

http://www.dhammadownload.com

ထို(မြင်သာ မြင်၍ မကြားခြင်း)သည် အဘယ့်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အထက်အောက် ဖီလာ အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘို့တည်းအတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် အဘို့အတွက်ကား မပွါးများသောကြောင့်ပင် ဖြစ်ချေ၏။

၃၆၈။ မဟာလိ ဤ(သာသနာတော်)၌ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘို့တည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၏၊ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘို့အတွက်ကား တည်ကြည်မှု 'သမာဓိ'ကို မပွါးများ၊ ထို(ရဟန်း)သည် အရှေ့အရပ်၌ ချစ်ဖွယ် သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘို့တည်းအတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘို့အတွက်ကား မပွါးများသည်ရှိသော် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက် သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကိုသာ ကြားရ၏၊ အဆင်း 'ရူပါရုံ'တို့ကိုကား မမြင်ရချေ။

ထို(ကြားသာ ကြား၍ မမြင်ခြင်း)သည် အဘယ့်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ်သဘော ရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ'တို့ကို ကြားရန် တဘို့တည်း အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန် တဘို့အတွက်ကား မပွါးများသောကြောင့်ပင် ဖြစ်ချေ၏။

၃၆၉။ မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် တောင်အရပ်၌။ပ။

အနောက်အရပ်၌။ပ။

မြောက်အရပ်၌ ။ပ။

အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘော ရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန် တဘို့အတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၏၊ အဆင်း 'ရူပါရုံ' တို့ကိုမြင်ရန် တဘို့အတွက်ကား မပွါးများ၊ ထို (ရဟန်း) သည် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ' တို့ကိုကြားရန် တဘို့တည်းအတွက်သာလျှင် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၍ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန် တဘို့အတွက်ကား မပွါးများသည်ရှိသော် ထို (ရဟန်း) သည် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ' တို့ကိုသာ ကြားရ၏၊ အဆင်း 'ရူပါရုံ' တို့ကိုကား မမြင်ရချေ။

ထို (ကြားသာကြား၍ မမြင်ခြင်း) သည် အဘယ့်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်တဘို့တည်းအတွက်သာလျှင် တည်ကြည်မှု 'သမာဓိ' ကို ပွါးများ၍ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန် တဘို့အတွက်ကား မပွါးများသောကြောင့်ပင် ဖြစ်ချေ၏။

၃၇၀။ မဟာလိ ဤ(သာသနာတော်)၌ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန်ရင်း၊

http://www.dhammadownload.com

အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ'ကို ပွါးများ၏၊ ထိုရဟန်းသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန်ငှါ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ'ကို ပွါးများသည်ရှိသော် အရှေ့အရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကိုလည်း မြင်ရ၏၊ အသံ 'သဒ္ဒါရုံ' တို့ကိုလည်း ကြားရ၏။

ထို(မြင်ခြင်းကြားခြင်း)သည် အဘယ့်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အရှေ့အရပ်၌ ချစ်ဖွယ် သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန်ငှါ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ'ကို ပွါးများသောကြောင့်ပင် ဖြစ်ချေ၏။

၃၇၁။ မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် တောင်အရပ်၌။ပ။

အနောက်အရပ်၌။ပ။

မြောက်အရပ်၌။ပ။

အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကို မြင်ရန်ငှါ အသံ 'သဒ္ဒါရုံ' တို့ကိုကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ' ကို ပွါးများ၏၊ ထို (ရဟန်း) သည် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကိုမြင်ရန်ငှါ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ'ကို ပွါးများသည်ရှိသော် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ်ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ' တို့ကိုလည်း မြင်ရ၏၊ အသံ 'သဒ္ဒါရုံ' တို့ကိုလည်း ကြားရ၏။

ထို (မြင်ခြင်းကြားခြင်း) သည် အဘယ့်ကြောင့်နည်း၊ မဟာလိ ရဟန်းသည် အထက်အောက် ဖီလာအရပ်၌ ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အဆင်း 'ရူပါရုံ'တို့ကို မြင်ရန်ငှါ အသံ 'သဒ္ဒါရုံ' တို့ကို ကြားရန်ငှါ နှစ်ဘို့စလုံးအတွက် တည်ကြည်မှု 'သမာဓိ'ကို ပွါးများသောကြောင့်ပင် ဖြစ်ချေသည်။

မဟာလိ လိစ္ဆဝီ (မင်း) သား သုနက္ခတ္တသည် ချစ်ဖွယ်သဘောရှိ၍ နှစ်သက်သာယာဖွယ် တပ်မက်ဖွယ် ဖြစ်ကုန်သော နတ်လောကမှ အသံ'သဒ္ဒါရုံ' တို့ကို ထင်ရှား ရှိလျက်ပင် မကြားလေ၊ ထင်ရှားမရှိ၍ မကြားလေ သည်ကား မဟုတ် ဟူရာ၌ အကြောင်းကား ဤသည်ပင်တည်း၊ အထောက်အပံ့ကား ဤသည်ပင်တည်း။

၃၇၂။ အသျှင်ဘုရား ထို ပွါးများအပ်သော တည်ကြည်မှု 'သမာဓိ' တရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ပါကုန်သလော။

မဟာလိ ထို ပွါးများအပ်သော တည်ကြည်မှု 'သမာဓိ' တရားတို့ကို မျက်မှောက်ပြုလိုသော ကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်ကြသည် မဟုတ်ကုန်၊ မဟာလိ (သမာဓိ တရားထက်) သာ၍ လွန်ကဲသည်လည်း ဖြစ်ကုန်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်ကုန်သော အခြား တပါးသော တရားတို့သည် ရှိကုန်သေး၏၊ ယင်း(တရား)တို့ကိုမျက်မှောက်ပြုလိုသောကြောင့် သာလျှင် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

http://www.dhammadownload.com

အရိယဖိုလ်လေးပါး

၃၇၃။ အသျှင်ဘုရား ရဟန်းတို့သည် (သမာဓိတရားထက်) သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော အကြင်တရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ ထိုတရားတို့ကား အဘယ်ပါနည်း။

မဟာလိ ဤ(သာသနာတော်)၌ ရဟန်းသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေ မြဲသော[၁] အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်၏၊ မဟာလိ ဤ(သောတာပန်အဖြစ်)သည်လည်း (သမာဓိ တရားထက်) သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော တရားပေတည်း၊ ယင်း(တရား)ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့်ကုန်၏။

မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်၎င်း၊ တပ်မက်ခြင်း'ရာဂ'၊ ပြစ်မှားခြင်း'ဒေါသ'၊ တွေဝေခြင်း'မောဟ'တို့၏ ခေါင်းပါးခြင်းကြောင့်၎င်း ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏-အဆုံးကိုပြုသော သကဒါဂါမ် ဖြစ်၏၊ မဟာလိ ဤ(သကဒါဂါမ်အဖြစ်) သည်လည်း (သမာဓိတရားထက်) သာ၍ လွန်ကဲသည်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော တရားပေတည်း၊ ယင်း(တရား)ကို မျက်မှောက် ပြုလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် အောက်(ကာမဘုံ)၌ (ပဋိသန္ဓေနေခြင်း)အဘို့ ရှိကုန်သော ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် (ဗြဟ္မာ့ဘုံ၌) ဥပပတ် ပဋိသန္ဓေနေ၍ ထို(ဘုံ)၌သာလျှင် ပရိနိဗ္ဗာန်ပြုသော ထိုဘုံမှ ပြန်လည်ခြင်းသဘောမရှိသော အနာဂါမ် ဖြစ်၏၊ မဟာလိ ဤ(အနာဂါမ်အဖြစ်)သည်လည်း (သမာဓိ တရားထက်)သာ၍ လွန်ကဲ သည်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော တရားပေတည်း၊ ယင်း(တရား)ကို မျက်မှောက်ပြုလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

မဟာလိ တဖန် ထို့ပြင်လည်း ရဟန်းသည် အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို မျက်မှောက် ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြု၍ ရောက်လျက် (ရဟန္တာဖြစ်၍) နေ၏၊ မဟာလိ ဤ(ရဟန္တာအဖြစ်)သည်လည်း (သမာဓိတရားထက်) သာ၍ လွန်ကဲသည်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော တရားပေတည်း၊ ယင်း(တရား)ကို မျက်မှောက်ပြုလိုသော ကြောင့် ရဟန်းတို့သည် ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်ကုန်၏။

မဟာလိ ရဟန်းတို့သည် (သမာဓိ တရားထက်) သာ၍ လွန်ကဲသည်လည်း ဖြစ်သော သာ၍ မွန်မြတ်သည်လည်း ဖြစ်သော အကြင်တရားတို့ကို မျက်မှောက်ပြုလိုသောကြောင့် ငါ့ထံ၌ မြတ်သော အကျင့်ကို ကျင့်ကုန်၏၊ ထိုတရားတို့သည် ဤသည်တို့ပင်တည်း။

၁။ သုဂတိ၌သာ ကိန်းသေမြဲသော။ တနည်း-ဆင်းရဲ၏အဆုံးသို့ရောက်ရန် ကိန်းသေမြဲသော။

http://www.dhammadownload.com

အင်္ဂါရှစ်ပါးရှိသောအရိယမဂ်

၃၇၄။ အသျှင်ဘုရား ထိုတရားတို့ကို မျက်မှောက်ပြုရန် လမ်းသည် ရှိပါသလော၊ အကျင့်သည် ရှိပါသလော။

မဟာလိ ထိုတရားတို့ကို မျက်မှောက်ပြုရန် လမ်းသည်ရှိ၏၊ အကျင့်သည်ရှိ၏။

၃၇၅။ အသျှင်ဘုရား ထိုတရားတို့ကို မျက်မှောက်ပြုရန် လမ်းဟူသည် အဘယ်ပါနည်း၊ အကျင့်ဟူသည် အဘယ်ပါနည်း။

မဟာလိ မြတ်စင်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ပင်လျှင် တည်း။ ဤသည်ကား အဘယ်နည်း—

မှန်စွာ သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မှန်စွာ ကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာ ပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာ တည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့ပင်တည်း။

မဟာလိ ထိုတရားတို့ကို မျက်မှောက်ပြုရန်လမ်းကား ဤ(မဂ်)ပင်တည်း၊ အကျင့်ကား ဤ(မဂ်)ပင်တည်း။

ရဟန်းနှစ်ပါးဝတ္ထု

၃၇၆။ မဟာလိ အခါတပါး၌ ငါသည် ကောသမ္ဗီပြည်အနီး ဃောသိတာရုံကျောင်း၌ နေ၏၊ ထိုအခါ မုဏ္ဍိယ (ပရိဗိုဇ်)နှင့် ဒါရုပတ္တိက၏တပည့် ဇာလိယ (ပရိဗိုဇ်)ဟူသော ရဟန်းနှစ်ဦးတို့သည် ငါ့ထံသို့ ချဉ်းကပ်ကုန်၍ ငါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ရပ်ကြပြီးသော် ထို(ပရိဗိုဇ်) ရဟန်းနှစ်ဦးတို့သည် ငါ့အား ဤ(ပြဿနာ)ကို မေးလျှောက်ကုန်၏—

"ငါ့သျှင်ဂေါတမ အသို့နည်း ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်လော၊ သို့မဟုတ် အသက်သည် တခြား ကိုယ်သည် တခြားလော" ဟု မေးလျှောက်ကုန်၏၊

၃၇၇။ ငါ့သျှင်တို့ သို့ဖြစ်လျှင် နာကုန်လော၊ ကောင်းစွာနှလုံးသွင်းကုန်လော၊ ဟောပေအံ့ ဟု ငါဆိုသော် ထို (ပရိဗိုဇ်) ရဟန်းနှစ်ဦးတို့သည် "ငါ့သျှင် ကောင်းပါပြီ" ဟု ငါ့အား ဝန်ခံကုန်၏။

ငါသည် ဤ(တရား)ကို ဟောကြားခဲ့လေ၏—

ငါ့သျှင်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင် မှန်စွာသိတော်မူသော။ပ။မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။

[သာမညဖလသုတ်၌ ကဲ့သို့ နည်းတူချဲ့အပ်၏]၊

ငါ့သျှင်တို့ ရဟန်းသည် ဤသို့သီလနှင့်ပြည့်စုံ၏။ပ။ပဌမဈာန်သို့ရောက်၍ နေ၏။ ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ(စကား)ကို ဆိုရန် သင့်လျော်ပါမည်လော ဟု မေးသော်(ထိုပရိဗိုဇ်တို့သည်)ငါ့သျှင် အကြင် ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်) သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ (စကား)ကိုဆိုရန် သင့်လျော်ပါ၏ ဟု ဖြေကုန်၏။

http://www.dhammadownload.com

ငါ့သျှင်တို့ ငါသည် ထိုပဌမစျာန်ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက်လည်း "ထို (ကိုယ်)သည်ပင် အသက် - ထို(အသက်)သည်ပင် ကိုယ်"ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည်တခြား"ဟူ၍ သော်၎င်း ငါသည်ကား မဆို။

။ပ။ ဒုတိယစျာန်သို့။ တတိယစျာန်သို့။ စတုတ္ထစျာန်သို့ ရောက်၍နေ၏၊ ငါ့သျှင်တို့ အကြင် ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်) သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ (စကား) ကိုဆိုရန် သင့်လျော်ပါမည်လော ဟု မေးသော် (ထိုပရိဗိုဇ်တို့သည်) ငါ့သျှင် အကြင် ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏။ ထို(ရဟန်း)အား"ထို(ကိုယ်)သည်ပင် အသက် ထို(အသက်) သည်ပင် ကိုယ်"ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ (စကား) ကိုဆိုရန် သင့်လျော်ပါ၏ ဟု ဖြေကုန်၏။

ငါ့သျှင်တို့ ငါသည် ထို(စတုတ္ထစျာန်)ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက်လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည်တခြား" ဟူ၍ သော်၎င်း ငါသည်ကားမဆို။

။ပ။ ဝိပဿနာဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ငါ့သျှင်တို့ အကြင် ရဟန်းသည် ဤသို့ သိ၏၊ ဤသို့ မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ(စကား)ကို ဆိုရန်သင့်လျော်ပါမည်လော ဟု မေးသော် (ထိုပရိဗိုဇ်တို့သည်) ငါ့သျှင် အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့ မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ(စကား)ကို ဆိုရန်သင့်လျော်ပါ၏ ဟု ဖြေကုန်၏။

ငါ့သျှင်တို့ ငါသည် ထို(ဝိပဿနာဉာဏ်အမြင်)ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက် လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြားကိုယ်သည် တခြား" ဟူ၍ သော်၎င်း ငါသည်ကား မဆို။

။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု သိ၏၊ ငါ့သျှင်တို့ အကြင် ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား" ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင်ကိုယ်" ဟူ၍ သော်၎င်း"အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍သော်၎င်း ဤ (စကား)ကို ဆိုရန်သင့်လျော်ပါမည်လော ဟု မေးသော် (ထိုပရိဗိုဇ်တို့သည်) ငါ့သျှင် အကြင် ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင် ကိုယ်" ဟူ၍ သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား" ဟူ၍ သော်၎င်း ဤ(စကား)ကို ဆိုရန်မသင့်လျော်ပါ ဟု ဖြေကုန်၏။

ငါ့သျှင်တို့ ငါသည် ထို(အာသဝက္ခယဉာဏ်)ကို ဤသို့ သိ၏၊ ဤသို့ မြင်၏၊ ထိုသို့သိမြင်လျက် လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်"ဟူ၍သော်၎င်း "အသက်သည် တခြား ကိုယ်သည် တခြား"ဟူ၍သော်၎င်း ငါသည်ကား မဆို ဟု ဟောခဲ့ပေ၏။

မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏၊ ထြဲ့ဌ မည်သော လိစ္ဆဝီ(မင်း)သည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ဝမ်းမြောက်စွာ ခံယူလေသတည်း။

ခြောက်ခုမြောက်သော မဟာလိသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၇—ဇာလိယသုတ်

ရဟန်းနှစ်ပါးဝတ္ထု

၃၇၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည်အနီး ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအခါ မုဏ္ဍိယ (ပရိဗိုဇ်) နှင့် ဒါရုပတ္တိက၏ တပည့် ဇာလိယ (ပရိဗိုဇ်) ဟူသော ရဟန်းနှစ်ဦးတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ရပ်ကြပြီးသော် ထို (ပရိဗိုဇ်) ရဟန်း နှစ်ဦးတို့သည် မြတ်စွာဘုရားအား ဤ (စကား) ကို လျှောက်ကုန်၏—

"ငါ့သျှင် ဂေါတမ အသို့နည်း၊ ယို (ကိုယ်) သည်ပင် အသက် ထို (အသက်) သည်ပင်ကိုယ်လော၊ သို့မဟုတ် အသက်သည်တခြား ကိုယ်သည် တခြားလော" ဟု လျှောက်ကုန်၏။

၃၇၉။ ငါ့သျှင်တို့ သို့ဖြစ်လျှင် နာကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့။

ထို (ပရိဗိုဇ်) ရဟန်းနှစ်ဦးတို့သည် "ငါ့သျှင် ကောင်းပါပြီ" ဟု မြတ်စွာဘုရားအား ဝန်ခံကုန်၏။ မြတ်စွာဘုရားသည် ဤ (တရား) ကို ဟောကြားတော်မူ၏။

ငါ့သျှင်တို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

[သာမညဖလသုတ်၌ ကဲ့သို့ နည်းတူ ချဲ့အပ်၏]

ငါ့သျှင်တို့ ရဟန်းသည် ဤသို့ သီလနှင့်ပြည့်စုံ၏ ။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို (ရဟန်း) အား "ထို (ကိုယ်) သည်ပင် အသက် ထို (အသက်) သည်ပင် ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ (စကား) ကို ဆိုရန်သင့်မလျော်ပါမည်လော။

ငါ့သျှင် (ဂေါတမ) အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို (ရဟန်း) အား "ထို (ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင် ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ (စကား)ကို ဆိုရန်သင့်လျော်ပါ၏။

ငါ့သျှင်တို့ ငါသည် ထို (ပဌမဈာန်) ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက်လည်း "ထို (ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ငါသည်ကားမဆို။

။ပ။ဒုတိယဈာန်သို့ ။ တတိယဈာန်သို့။ စတုတ္ထဈာန်သို့ ရောက်၍နေ၏၊ ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို (ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)

http://www.dhammadownload.com

သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ (စကား)ကို ဆိုရန် သင့်လျော်ပါမည်လော။

ငါ့သျှင် (ဂေါတမ) အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို (ရဟန်း)အား "ထို (ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ (စကား)ကို ဆိုရန် သင့်လျော်ပါ၏။

ငါ့သျှင်တို့ ငါသည် ထို(စတုတ္ထဈာန်)ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက်လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍ သော်၎င်း "အသက်သည်တခြား ကိုယ်သည် တခြား" ဟူ၍သော်၎င်း ငါသည်ကားမဆို။

။ပ။ဝိပဿနာဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ(စကား)ကို ဆိုရန် သင့်လျော်ပါမည်လော။

ငါ့သျှင် (ဂေါတမ) အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို (ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ် သည်တခြား "ဟူ၍သော်၎င်း ဤ(စကား)ကို ဆိုရန် သင့်လျော်ပါ၏။

ငါ့သျှင်တို့ ငါသည် ထို (ဝိပဿနာဉာဏ်အမြင်)ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက် လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည် တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ငါသည်ကားမဆို။

၃၈၀။ ။ပ။ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု သိ၏၊ ငါ့သျှင်တို့ အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင် ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ဤ(စကား)ကို ဆိုရန် သင့်လျော်ပါမည်လော။

ငါ့သျှင်(ဂေါတမ)အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏၊ ထို(ရဟန်း)အား "ထို(ကိုယ်) သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်" ဟူ၍သော်၎င်း "အသက်သည်တခြား ကိုယ်သည် တခြား" ဟူ၍သော်၎င်း ဤ(စကား)ကို ဆိုရန် မသင့်လျော်ပါ။

ငါ့သျှင်တို့ ငါသည် ထို (အာသဝက္ခယဉာဏ်) ကို ဤသို့သိ၏၊ ဤသို့မြင်၏၊ ထိုသို့သိမြင်လျက် လည်း "ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင်ကိုယ်" ဟူ၍သော်၎င်း "အသက်သည် တခြား ကိုယ်သည်တခြား" ဟူ၍သော်၎င်း ငါသည်ကား မဆို။

မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏၊ (ပရိဗိုဇ်) ရဟန်းနှစ်ဦးတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေ ကုန်သတည်း။

ခုနစ်ခုမြောက်သော ဇာလိယသုတ် ပြီး၏။

http://www.dhammadownload.com

၈-မဟာသီဟနာဒသုတ်

အစေလက ကဿပဝတ္ထု

၃၈၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ဥရုညမြို့အနီး သားတို့ကို ဘေးမဲ့ပေးရာဖြစ်သော ကဏ္ဏကထလ (အရပ်)၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အဝတ်မဝတ်ပဲကျင့်သော ကဿပ(တက္ကတွန်း)သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ရပ်ပြီးသော် အဝတ်မဝတ်ပဲ ကျင့်သော ကဿပ(တက္ကတွန်း)သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ 'ရဟန်းဂေါတမသည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို တဖက်သတ်ပြက်ရယ်ပြု၏၊ ရှုတ်ချ၏' ဟု ကြား ဘူးပါသည်၊ အသျှင်ဂေါတမ အသို့နည်း 'အသျှင်ဂေါတမသည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို တဖက်သတ်ပြက်ရယ် ပြု၏၊ ရှုတ်ချ၏' ဟု ဆိုသော ထိုသူတို့သည် အသျှင်ဂေါတမဆိုသည့်အတိုင်းပင် ဆိုကြသည် ဟုတ် ပါ၏လော၊ အသျှင်ဂေါတမကို မဟုတ်မမှန်သော (စကား) ဖြင့် စွပ်စွဲရာ မရောက်ပဲရှိပါကုန်၏ လော၊ (အသျှင်ဂေါတမဟောသော)တရား[၁]ကိုပင် တဆင့်ဟောကြားကြသည်ဟုတ်ပါ၏လော၊ (အသျှင်ဂေါတမ၏) မူလရင်းစကားနှင့် (ထိုသူတို့၏)တဆင့်ပြောသော စကားသည် ကဲ့ရဲ့ ဖွယ်အကြောင်း လုံးဝကင်းပါ၏လော၊ အကျွန်ုပ်တို့သည်ကား အသျှင်ဂေါတမကို စွပ်စွဲရန် အလိုမရှိကြပါ" ဟု လျှောက်၏။

၃၈၂။ ကဿပ "ရဟန်းဂေါတမသည် ခြိုးခြံသော အကျင့်အားလုံးကို ကဲ့ရဲ့၏၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို တဖက်သတ်ပြက်ရယ်ပြု၏၊ ရှုတ်ချ၏" ဟု ဆိုသော ထိုသူတို့သည် ငါဆိုသည့် အတိုင်း ဆိုကြသည် မဟုတ်ကုန်၊ ထိုသူတို့သည် ငါ့ကို ထင်ရှားမရှိသော မဟုတ်မမှန်သော (စကား)ဖြင့် စွပ်စွဲရာလည်း ရောက်ကုန်၏။

ကဿပ ငါသည် ဤ(လောက)၌ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအချို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး လျက် ကျရောက်ရာ ငရဲ၌ ဖြစ်လေသည်ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန် သော နတ်မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်၏၊ ကဿပ ငါသည် ဤ(လောက)၌ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအချို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ

၁။ ဓမ္မော နာမ ကထိတကထာ၊ ဓမ္မ=တရားမည်သည် ဟောသော စကားပင်တည်း။ အနုဓမ္မော နာမ ကထိတဿ ပဋိကထနံ၊ အနုဓမ္မ=မည်သည် ဟောထားသော တရားကို တဆင့်ဟောခြင်းပင်တည်း။ (အင်္ဂုတ္တရ အဋ္ဌကထာ တိကနိပါတ် ဗြာဟ္မဏဝဂ် သတ္တမသုတ် အဖွင့်)။ ။ဤမဟာသီဟနာဒသုတ် အဖွင့် အဋ္ဌကထာ၌ကား ဓမ္မကို အကြောင်းဟူ၍ရင်း၊ အနုဓမ္မကို လျော်သော အကြောင်းဟူ၍ရင်း ဖွင့်ပြထားသည်။

http://www.dhammadownload.com

နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်လေသည်ကို အထူးသဖြင့်စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်၏။

၃၇၃။ ကဿပ ငါသည် ဤ(လောက)၌ ဆင်းရဲနည်းစွာနေလေ့ရှိသော ခြိုးခြံစွာကျင့်သူ အချို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ ဖြစ်လေသည်ကို အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်၏၊ ကဿပ ငါသည် ဤ(လောက)၌ ဆင်းရဲနည်းစွာနေလေ့ရှိသော ခြိုးခြံစွာကျင့်သူအချို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်လေသည်ကို အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော (ဒိဗ္ဗစက္ခု)ဉာဏ်ဖြင့် မြင်၏။

ကဿပ ထို(သို့မြင်သော)ငါသည် ဤခြိုးခြံစွာကျင့်သူတို့၏ ဤသို့လာခဲ့ရာ(အရပ်)ကိုလည်း သွားရောက်ရာ (အရပ်)ကိုလည်း သေခြင်းကိုလည်း ဖြစ်ခြင်းကိုလည်း ဟုတ်မှန်သောအတိုင်း သိ၏၊ ထို(သို့သိသော)ငါသည် ခြိုးခြံသော အကျင့်အားလုံးကို အဘယ့်ကြောင့်ကဲ့ရဲ့အံ့နည်း၊ ခေါင်းပါးစွာ အသက်မွေးသော ခြိုးခြံစွာကျင့်သူအားလုံးကို အဘယ့်ကြောင့် တဖက်သတ် ပြက်ရယ်ပြုအံ့နည်း၊ ရှုတ်ချအံ့နည်း။

၃၇၄။ ကဿပ ပညာရှိကုန်သော သိမ်မွေ့သော ဉာဏ်ရှိကုန်သော သူတပါးတို့အယူကို လေ့လာပြီးဖြစ်ကုန်သော သားမြီးကိုပစ်ခွင်းနိုင်သည့်လေးသမားနှင့်တူကုန်သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထိုသူတို့သည် မှားသောအယူတို့ကို ပညာဖြင့် ဖျက်ဆီးနေဘိသကဲ့သို့ ကျက်စားနေကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့နှင့် ငါ၏(အယူဝါဒသည်)အချို့နေရာ တို့၌ တူညီ၏၊ အချို့နေရာတို့၌ မတူညီ၊ ထို(သမဏ ဗြာဟ္မဏ)တို့က"ကောင်း၏"ဟု ဆိုသော အချို့အရာကို ငါတို့ကလည်း"ကောင်း၏"ဟု ပင်ဆိုကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့က "မကောင်း" ဟု ဆိုသော အချို့အရာကို ငါတို့ကလည်း "မကောင်း" ဟု ပင်ဆိုကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့က "ကောင်း၏" ဟု ဆိုသော အချို့အရာကို ငါတို့က "မကောင်း" ဟု ဆိုကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့က "မကောင်း" ဟု ဆိုသော အချို့အရာကို ငါတို့က "ကောင်း၏" ဟု ဆိုကုန်၏။

ငါတို့က "ကောင်း၏" ဟု ဆိုသော အချို့အရာကို သူတပါးတို့ကလည်း "ကောင်း၏" ဟု ပင်ဆိုကုန်၏၊ ငါတို့က "မကောင်း"ဟု ဆိုသော အချို့အရာကို သူတပါးတို့ကလည်း "မကောင်း"ဟု ပင်ဆိုကုန်၏၊ ငါတို့က "မကောင်း"ဟု ဆိုသော အချို့အရာကို သူတပါးတို့က "ကောင်း၏"ဟု ဆိုကုန်၏၊ ငါတို့က "ကောင်း၏" ဟု ဆိုသော အချို့အရာကို သူတပါးတို့က "မကောင်း" ဟု ဆိုကုန်၏။

မေးမြန်းစိစစ်စေခြင်းကိုပြဆိုရာ

၃၇၅။ ငါသည် ထို(သမဏ ဗြာဟ္မဏ)တို့ထံ ချဉ်းကပ်၍ ဤသို့ ဆိုလေ့ရှိ၏—

ငါ့သျှင်တို့ ငါတို့၏ (အယူဝါဒချင်း)မတူညီသော နေရာတို့ကို ထားလိုက်ပါကုန်၊ တူညီသော နေရာတို့၌ ပညာရှိတို့သည် ဆရာအချင်းချင်းယှဉ်ပြိုင်၍ဖြစ်စေ တပည့်သံဃာအချင်းချင်း

http://www.dhammadownload.com

ယှဉ်ပြိုင်၍ ဖြစ်စေ (နှစ်ဦးနှစ်ဖက်သော) ငါတို့ကို (ဤသို့)မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ။

ဤ(နှစ်ဦး နှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "အကုသိုလ်ဖြစ်ကုန်သော အကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိသည် ဟု ဆိုအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ် ဟု ဆိုအပ်ကုန်သော မစင်ကြယ်နိုင်ကုန်သော မစင်ကြယ်နိုင် ဟု ဆိုအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ ဟု ဆိုအပ်ကုန်သော အကြင်တရားတို့ (ရှိကုန်၏) ဤတရားတို့ကို အဘယ်သူသည် အကြွင်းမဲ့ပယ်၍ ကျင့်သနည်း၊ ရဟန်းဂေါတမလော၊ တပါးသော ဂိုဏ်းဆရာ အသျှင်တို့လော " ဟု မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ။

၁၇၆။ ကဿပ မေးမြန်း စိစစ် စုံစမ်းကုန်သော ပညာရှိတို့သည် ဤ(နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "အကုသိုလ်ဖြစ်ကုန်သော အကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိသည် ဟု ဆိုအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ် ဟု ဆိုအပ်ကုန်သော မစင်ကြယ်နိုင်ကုန်သော မစင်ကြယ်နိုင် ဟု ဆိုအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ ဟု ဆိုအပ်ကုန်သော အကြင်တရားတို့ (ရှိကုန်၏)။ ဤတရားတို့ကို ရဟန်းဂေါတမသည် အကြွင်းမဲ့ပယ်၍ ကျင့်၏၊ တပါးသော ဂိုဏ်းဆရာအသျှင်တို့သည်ကား အနည်းငယ်သာ (ပယ်၍ ကျင့်ကုန်၏)"ဟု ဆိုရာသော အကြောင်းသည် ရှိ၏၊ ကဿပ ဤသို့လျှင် ပညာရှိတို့သည် မေးမြန်း စိစစ် စုံစမ်း ကုန်လတ်သော် ထိုအရာ၌ ငါတို့ကိုသာ များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။

၁၇၇။ ကဿပ ထို့ပြင်လည်း ပညာရှိတို့သည် ဆရာအချင်းချင်း ယှဉ်ပြိုင်၍ဖြစ်စေ တပည့် သံဃာအချင်းချင်း ယှဉ်ပြိုင်၍ဖြစ်စေ (နှစ်ဦးနှစ်ဖက်သော) ငါတို့ကို (ဤသို့)မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ။

ဤ(နှစ်ဦးနှစ်ဖက်သော)အသျှင်တို့၏(အယူ၌) "ကုသိုလ်ဖြစ်ကုန်သော ကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိ ဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်သည် ဟု ဆိုအပ်ကုန်သော စင်ကြယ်နိုင်ကုန်သော စင်ကြယ်နိုင်သည် ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ ဟု ဆိုအပ်ကုန်သော အကြင်တရားတို့(ရှိကုန်၏)၊ ဤတရားတို့ကို အဘယ်သူသည် အကြွင်းမဲ့ဆောက်တည်၍ ကျင့်သနည်း၊ ရဟန်းဂေါတမလော၊ တပါးသော ဂိုဏ်းဆရာ အသျှင်တို့လော" ဟု မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ—

၁၇၈။ ကဿပ မေးမြန်း စိစစ် စုံစမ်းကုန်သော ပညာရှိတို့သည် ဤ(နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "ကုသိုလ်ဖြစ်ကုန်သော ကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိ ဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်သည် ဟု ဆိုအပ်ကုန်သော စင်ကြယ်နိုင်ကုန် သော စင်ကြယ်နိုင်သည် ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ ဟု ဆိုအပ်ကုန်သော အကြင် တရားတို့ (ရှိကုန်၏)၊ ဤတရားတို့ကို ရဟန်းဂေါတမသည် အကြွင်းမဲ့ဆောက်တည်၍ ကျင့်၏၊ တပါးသော ဂိုဏ်းဆရာအသျှင်တို့သည်ကား အနည်းငယ်သာ(ဆောက်တည်၍ ကျင့်ကုန်၏)" ဟု ဆိုရာသော အကြောင်းသည်ရှိ၏၊ ကဿပ ဤသို့လျှင် ပညာရှိတို့သည် မေးမြန်း စိစစ် စုံးစမ်းကုန် လတ်သော် ထိုအရာ၌ ငါတို့ကိုသာ များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။

http://www.dhammadownload.com

၃၇၉။ ကဿပ ထို့ပြင်လည်း ပညာရှိတို့သည် ဆရာအချင်းချင်းယှဉ်ပြိုင်၍ ဖြစ်စေ တပည့်သံဃာအချင်းချင်း ယှဉ်ပြိုင်၍ ဖြစ်စေ (နှစ်ဦးနှစ်ဖက်သော) ငါတို့ကို ဤသို့ မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ—

ဤ (နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "အကုသိုလ်ဖြစ်ကုန်သော အကုသိုလ် ဟု ဆိုအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ် ဟု ဆိုအပ်ကုန်သော မစင်ကြယ်နိုင်ကုန်သော မစင်ကြယ်နိုင် ဟု ဆိုအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ ဟု ဆိုအပ်ကုန်သော အကြောင်းတရားတို့ (ရှိကုန်၏)၊ ဤတရားတို့ကို အဘယ်သူသည် အကြွင်းမဲ့ပယ်၍ ကျင့်သနည်း အသျှင်ဂေါတမ၏ တပည့်သံဃာလော တပါးသော အသျှင်ဂိုဏ်းဆရာတို့၏ တပည့်သံဃာတို့လော" ဟု မေးမြန်းကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ။

၃၈၀။ ကဿပ မေးမြန်း စိစစ် စုံစမ်းကုန်သော ပညာရှိတို့သည် ဤ (နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "အကုသိုလ်ဖြစ်ကုန်သော အကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်ရှိကုန်သော အပြစ်ရှိသည် ဟု ဆိုအပ်ကုန်သော မမှီဝဲအပ်ကုန်သော မမှီဝဲအပ် ဟု ဆိုအပ်ကုန်သော မစင်ကြယ်နိုင်ကုန်သော မစင်ကြယ်နိုင် ဟု ဆိုအပ်ကုန်သော မည်းညစ်ကုန်သော မည်းညစ်၏ ဟု ဆိုအပ်ကုန်သော အကြောင်းတရားတို့ (ရှိကုန်၏)၊ ဤတရားတို့ကို အသျှင်ဂေါတမ၏ တပည့်သံဃာသည်သာ အကြွင်းမဲ့ ပယ်၍ ကျင့်၏၊ တပါးသော အသျှင်ဂိုဏ်းဆရာတို့၏ တပည့်သံဃာတို့သည်ကား အနည်းငယ်သာ (ပယ်၍ ကျင့်ကုန်၏)" ဟု ဆိုရာသော အကြောင်းသည်ရှိ၏။

ကဿပ ဤသို့လျှင် ပညာရှိတို့သည် (အယူကို) မေးမြန်း စိစစ် စုံစမ်းကုန်လတ်သော် ထိုအရာ၌ ငါတို့ကိုသာ များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။

၃၈၁။ ကဿပ ထို့ပြင်လည်း ပညာရှိတို့သည် ဆရာအချင်းချင်း ယှဉ်ပြိုင်၍ ဖြစ်စေ တပည့်သံဃာအချင်းချင်း ယှဉ်ပြိုင်၍ ဖြစ်စေ (နှစ်ဦးနှစ်ဖက်သော ငါတို့ကို) မေးမြန်း ကြပါစေ၊ စိစစ် ကြပါစေ၊ စုံစမ်းကြပါစေ—

ဤ (နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "ကုသိုလ်ဖြစ်ကုန်သော ကုသိုလ် ဟု ဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိ ဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲသည် ဟု ဆိုအပ်ကုန်သော စင်ကြယ်နိုင်ကုန်သော စင်ကြယ်နိုင်သည်ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ ဟု ဆိုအပ်ကုန်သော အကြောင်းတရားတို့ (ရှိကုန်၏)၊ ဤတရားတို့ကို အဘယ်သူသည် အကြွင်းမဲ့ဆောက်တည်၍ ကျင့်သနည်း၊ အသျှင်ဂေါတမ၏ တပည့်သံဃာလော၊ တပါးသော အသျှင်ဂိုဏ်းဆရာတို့၏ တပည့်သံဃာတို့လော" ဟု မေးမြန်းကြပါစေ၊ စိစစ်ကြပါစေ၊ စုံစမ်းကြပါစေ။

၃၈၂။ ကဿပ မေးမြန်းစုံစမ်းကုန်သော ပညာရှိတို့သည် ဤ (နှစ်ဦးနှစ်ဖက်သော) အသျှင်တို့၏ (အယူ၌) "ကုသိုလ်ဖြစ်ကုန်သော ကုသိုလ်ဟုဆိုအပ်ကုန်သော အပြစ်မရှိကုန်သော အပြစ်မရှိ ဟု ဆိုအပ်ကုန်သော မှီဝဲအပ်ကုန်သော မှီဝဲအပ်သည် ဟု ဆိုအပ်ကုန်သော စင်ကြယ်နိုင်ကုန်သော စင်ကြယ်နိုင်သည် ဟု ဆိုအပ်ကုန်သော ဖြူစင်ကုန်သော ဖြူစင်၏ ဟု ဆိုအပ်ကုန်သော အကြောင်းတရားတို့ (ရှိကုန်၏)၊ ဤတရားတို့ကို အသျှင်ဂေါတမ၏ တပည့်သံဃာသည်သာ အကြွင်းမဲ့ဆောက်တည်၍

http://www.dhammadownload.com

ကျင့်၏၊ တပါးသော အသျှင်ဂိုဏ်းဆရာတို့၏ တပည့်သံဃာတို့သည်ကား အနည်းငယ်သာ(ဆောက်တည်၍ ကျင့်ကုန်၏)" ဟု ဆိုရာသော အကြောင်းသည်ရှိ၏။

ကဿပ ဤသို့လျှင် ပညာရှိတို့သည် (အယူကို)မေးမြန်း စိစစ် စုံစမ်းကုန်လတ်သော် ယိုအရာ၌ ငါ၀ိကိုသာ များသောအားဖြင့် ချီးမွမ်းကုန်ရာ၏။

အင်္ဂါရှစ်ပါးရှိသောအရိယမဂ်

၃၉၃။ ကဿပ လမ်းသည်ရှိ၏ ၊ အကျင့်သည်ရှိ၏၊ ယင်း(လမ်းအကျင့်)ကို ကျင့်သည်ရှိသော် "ရဟန်းဂေါတမသည်သာလျှင် (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏" ဟု ကိုယ်တိုင်ပင် သိလတ္တံ့၊ ကိုယ်တိုင်ပင်မြင်လတ္တံ့။

ကဿပ အကြင် (လမ်း အကျင့်)ကို ကျင့်သည်ရှိသော် "ရဟန်းဂေါတမသည်သာလျှင် (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏"ဟု ကိုယ်တိုင်ပင် သိလတ္တံ့၊ ကိုယ်တိုင်ပင်မြင်လတ္တံ့၊ (ယို)လမ်းကား အဘယ်နည်း၊ (ထို)အကျင့်ကား အဘယ်နည်း။

ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်ပင်တည်း၊ ဤမဂ်ကား အဘယ်နည်း—

မှန်စွာသိမြင်ခြင်း'သမ္မာဒိဋ္ဌိ' မှန်စွာကြံခြင်း 'သမ္မာသင်္ကပ္ပ' မှန်စွာပြောဆိုခြင်း 'သမ္မာဝါစာ' မှန်စွာပြုလုပ်ခြင်း 'သမ္မာကမ္မန္တ' မှန်စွာအသက်မွေးခြင်း 'သမ္မာအာဇီဝ' မှန်စွာအားထုတ်ခြင်း 'သမ္မာဝါယာမ' မှန်စွာအောက်မေ့ခြင်း 'သမ္မာသတိ' မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့ပင်တည်း။

ကဿပ အကြင်(လမ်း အကျင့်)ကို ကျင့်သည်ရှိသော် "ရဟန်းဂေါတမသည်သာလျှင် (သင့်သော)အခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အဆုံးအမနှင့် စပ်သည်ကိုသာ ဆိုလေ့ရှိ၏"၊ ဟု ကိုယ်တိုင်ပင် သိလတ္တံ့၊ ကိုယ်တိုင်ပင်မြင်လတ္တံ့၊ ထို လမ်းကား ဤသည်ပင်တည်း၊ ထို အကျင့်ကား ဤသည်ပင်တည်း။

ခြိုးခြံသောအကျင့် အားထုတ်မှုကိုပြဆိုရာ

၃၉၄။ ဤသို့ မိန့်တော်မူသော် အဝတ်မဝတ်ပဲကျင့်သော ကဿပ (တက္ကတွန်း)သည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

"အသျှင်ဂေါတမ ထိုသမဏ ဗြာဟ္မဏတို့က သမဏအလုပ်ဟူ၍ရင်း ဗြာဟ္မဏအလုပ်ဟူ၍ရင်း ဆိုသော ဤခြိုးခြံသော အကျင့်ကို အားထုတ်မှုတို့သည်လည်း ရှိပါကုန်သေး၏၊ (၎င်းတို့ကား၊) အဝတ်မဝတ်ပဲ နေ၏၊ လွတ်လပ်စွာ ကျင့်၏ [၁]၊ လက်ဖြင့် (မစင်ကို) သုတ်လေ့ရှိ၏၊ အသျှင်

၁။ အမျိုးကောင်းသားတို့၏ အလေ့အထဟူသမျှကို ပယ်၍ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ခြင်း စသည်ကို ပြုခြင်းပင်တည်း။

http://www.dhammadownload.com

လာပါလော့ ဆိုသူ၏ ဆွမ်းကိုမခံ၊ အသျှင် ရပ်ပါဦးလော့ ဆိုသူ၏ ဆွမ်းကို မခံ၊ မိမိမကပ်ရောက်မီ ယူဆောင်လာသော ဆွမ်းကိုမခံ၊ ရည်စူး၍ ပြုသော ဆွမ်းကို မခံ၊ ပင့်ဖိတ်ဆွမ်းကို မခံ၊ အိုးဝမှ (ကော်၍ လောင်းသော) ဆွမ်းကို မခံ၊ တောင်းဝမှ (ကော်၍ လောင်းသော) ဆွမ်းကို မခံ၊ တံခါးခုံ ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ တုတ်ခြား၍ (လောင်းသော)ဆွမ်းကို မခံ၊ ကျည်ပွေ့ ခြား၍ (လောင်းသော) ဆွမ်းကို မခံ၊ နှစ်ယောက်စားနေစဉ်မှ (လောင်းသော) ဆွမ်းကို မခံ၊ ကိုယ်ဝန်ဆောင်မိန်းမ၏ ဆွမ်းကို မခံ၊ နို့တိုက်ဆဲ မိန်းမ၏ ဆွမ်းကို မခံ၊ ယောကျ်ားနှင့် နှီးနှော နေသော မိန်းမ၏ ဆွမ်းကိုမခံ၊ ဆော်အော စုဆောင်း၍ လောင်းသော ဆွမ်းတို့ကိုမခံ၊ ခွေးမျှော် နေရာမှ ဆွမ်းကိုမခံ၊ယင်အုံရာမှ ဆွမ်းကို မခံ၊ ငါးမစား၊ အမဲမစား၊ သေမသောက် အရက်မသောက်၊ ဖွဲ၌ မြုပ်သော ဆေးရည်ကို မသောက်၊ တအိမ်၌သာ ဆွမ်းခံ၏၊ တလုပ်သာ စား၏၊ နှစ်အိမ်၌သာ ဆွမ်းခံ၏၊ နှစ်လုပ်သာ စား၏၊ ခုနစ်အိမ်၌သာ ဆွမ်းခံ၏၊ ခုနစ်လုပ်သာ စား၏၊ ဆွမ်းလောင်း ခွက်ငယ် တခုစာဖြင့်လည်း မျှော့ရ၏၊ ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့်လည်း မျှော့ရ၏၊ တရက် ခြားလည်း အစာစား၏၊ နှစ်ရက်ခြားလည်း အစာစား၏၊ ခုနစ်ရက်ခြားလည်း အစာစား၏၊ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့ သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း၊ အကျင့်ကို ကျင့်လျက်နေ၏၊ ဤသည်တို့ပင်တည်း။

၃၉၅။ ငါ့သျှင် ဂေါတမ ထိုသမဏ ဗြာဟ္မဏတို့က သမဏအလုပ်ဟူ၍ရင်း ဗြာဟ္မဏအလုပ် ဟူ၍ရင်း ဆိုသော ဤခြိုးခြံသော အကျင့်ကို အားထုတ်မှုတို့သည်လည်း ရှိပါကုန်သေး၏၊ (ၓင်းတို့ကား)ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏၊ပြောင်းဆန်[၁] ကိုသော်လည်း စားနေ၏၊ ကျိတ်သီးဆန်[၂] ကိုသော်လည်း စားနေ၏၊ သားရေဖတ် အစအနကိုသော်လည်း စားနေ၏၊ မှော်ကိုသော်လည်း စားနေ၏၊ ဖွဲ့နု[၃]ကိုသော်လည်း စားနေ၏၊ ထမင်းရည်[၄]ကိုသော်လည်း သောက်စားနေ၏၊ နှမ်းမှုန့်ညက် ကိုသော်လည်း စားနေ၏၊ မြက်ကိုသော်လည်း စားနေ၏၊ နွားချေးကိုသော်လည်း စားနေ၏၊ တော သစ်မြစ် သစ်သီးကို စားလျက် မျှတ၏၊ ကြွေကျသော သစ်သီးကို စားလျက် မျှတ၏၊ ဤသည်တို့ပင် တည်း။

၃၉၆။ ငါ့သျှင် ဂေါတမ ထို သမဏ ဗြာဟ္မဏတို့က သမဏအလုပ်ဟူ၍ရင်း ဗြာဟ္မဏအလုပ်ဟူ၍ ရင်း ဆိုသော ဤခြိုးခြံသော အကျင့်ကို အားထုတ်မှုတို့သည်လည်း ရှိပါကုန်သေး၏၊ (ၓင်းတို့ကား) ပိုက်ဆံလျှော် အဝတ်တို့ကိုလည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုလည်း ဝတ်၏၊ သူသေကောင်မှ အဝတ်တို့ကိုလည်း ဝတ်၏၊ ပံသုကူ အဝတ်တို့ကိုလည်း ဝတ်၏၊ သစ်ခေါက် အဝတ်တို့ကိုလည်း ဝတ်၏၊ သစ်နက်ရေကိုလည်း ဝတ်၏၊ သစ်နက်ရေမျှင် အဝတ်ကိုလည်း ဝတ်၏၊ သမန်းမြက် အဝတ်ကိုလည်း ဝတ်၏၊ လျှော်တေ အဝတ်ကိုလည်း ဝတ်၏၊ ပျဉ်ချပ် အဝတ်ကိုလည်း ဝတ်၏၊ ဆံခြည် ကမ္ဗလာကိုလည်း ဝတ်၏၊ သားမြီးကမ္ဗလာကိုလည်း ဝတ်၏၊ ခင်ပုပ်ငှက်တောင်

၁။ ဂျုံဆန် သို့မဟုတ် ဆန်စိမ်း ဟု အချို့မှုများ၌ ပြန်၏။

၂။ မြက်သီးဆန် သို့မဟုတ် ဆန်တမျိုး ဟု အချို့မှုများ၌ ပြန်၏။

၃။ ကဏောပိ တဏ္ဍုလံ ပရိယောနန္ဓိ-ဖွဲ့နုသည်လည်း ဆန်ကု ဖြေးရှက်၏။ (ပါထိကဝဂ် အဂ္ဂညသုတ်) နှင့် အညီ ကဏကို ဖွဲ့နု ဟု ပြန်သည်။

၄။ ထမင်းချိုးလည်းဟူ၏။

http://www.dhammadownload.com

အဝတ်ကိုလည်း ဝတ်၏၊ ဆံမုတ်ဆိတ်ကိုလည်း နှုတ်၏၊ ဆံမုတ်ဆိတ် နှုတ်ခြင်းအမှုကိုလည်း အားထုတ်၏၊ ထိုင်ရန်နေရာကို ပယ်၍ ရပ်လျက်လည်းနေ၏၊ မဆောင့်ကြောင့်လည်း ထိုင်နေ၏၊ ဆောင့်ကြောင့် ထိုင်နေခြင်း အမှုကို အားထုတ်၏၊ ဆူးအခင်းပေါ်၌လည်းနေ၏၊ဆူးအခင်းပေါ်၌အိပ်၏၊ပျဉ်ပြားပေါ်၌ အိပ်၏၊ ကြမ်းတမ်းသော မြေပြင်၌လည်း အိပ်၏၊ နံပါးတဖက်ထည်းဖြင့်လည်း အိပ်၏၊ မြူအညစ် အကြေးကိုလည်း ဆောင်၏၊ လွင်ပြင်၌လည်း နေ၏၊ ရတိုင်းသော နေရာ၌လည်း နေ၏၊ မစင် ကိုလည်း စား၏၊ မစင်စားခြင်း အမှုကို အားထုတ်၏၊ ရေမသောက်မှု၌လည်း နေ၏၊ ရေမသောက်ခြင်း အမှုကို အားထုတ်၏၊ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကိုလည်း အားထုတ်၍ နေ၏၊ ဤသည်တို့ပင်တည်း။

ခြိုးခြံသောအကျင့်အားထုတ်မှု၌ အကျိုးမရှိပုံကိုပြဆိုရာ

၃၉၇။ ကဿပ အဝတ်မဝတ်ပဲ နေစေကာမူ လွတ်လပ်စွာ ကျင့်စေကာမူ လက်ဖြင့် မစင်ကို သုတ်လေ့ရှိစေကာမူ ။ပ။ ဤနည်းဖြင့် လခွဲတကြိမ် တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်း ခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေစေကာမူ ထို(သမဏ ဗြာဟ္မဏ)သည် ဤသီလ၏ ပြည့်စုံခြင်း စိတ် (သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းကို မပွါးများရသေး မျက်မှောက် မပြုရသေးသည်ရှိသော် စင်စစ်အားဖြင့် သမဏအလုပ်မှ ဝေးသည်သာတည်း၊ ဗြာဟ္မဏအလုပ်မှ ဝေးသည်သာတည်း၊ ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

ကဿပ ဟင်းရွက်ခိမ်းကို စားနေစေကာမူ ပြောင်းဆန်ကို စားနေစေကာမူ။ပ။ တော သစ်မြစ် သစ်သီးကို စားလျက် မျှတစေကာမူ ကြွေကျသော သစ်သီးကို စားလျက် မျှတစေကာမူ ထို(သမဏ ဗြာဟ္မဏ)သည် ဤသီလ၏ ပြည့်စုံခြင်း စိတ် (သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းကို မပွါးများရသေး မျက်မှောက်မပြုရသေးသည်ရှိသော် စင်စစ်အားဖြင့် သမဏ အလုပ်မှ ဝေးသည် သာတည်း၊ ဗြာဟ္မဏ အလုပ်မှ ဝေးသည်သာတည်း၊ ကဿပ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခု ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်၏။

ကဿပ ပိုက်ဆံလျှော် အဝတ်ကို ဝတ်စေကာမူ ပိုက်ဆံလျှော်နှင့် ရောနှောသော အဝတ်ကို ဝတ်စေကာမူ။ပ။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်းအမှုကို အားထုတ်၍ နေစေ ကာမူ ထို(သမဏ ဗြာဟ္မဏ)သည် ဤသီလ၏ ပြည့်စုံခြင်း စိတ်(သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းကို မပွါးများရသေး မျက်မှောက်မပြုရသေးသည်ရှိသော် စင်စစ်အားဖြင့် သမဏအလုပ်မှ ဝေးသည်သာတည်း၊ ဗြာဟ္မဏအလုပ်မှ ဝေးသည်သာတည်း၊ ကဿပ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော

http://www.dhammadownload.com

လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခု ဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

၃၉၈။ ဤသို့ မိန့်တော်မူသော် အဝတ်မဝတ်ပဲကျင့်သော ကဿပ(တက္ကတွန်း)သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ သမဏ အလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟု လျှောက်၏။

ကဿပ "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော စကားသည် လောက၌ ဆိုရိုးတံထွာပင်တည်း။

ကဿပ အဝတ်မဝတ်ပဲ နေသည်မူလည်း ဖြစ်စေ လွတ်လပ်စွာ ကျင့်သည်မူလည်း ဖြစ်စေ လက်ဖြင့် မစင်ကို သုတ်လေ့ရှိသည်မူလည်း ဖြစ်စေ။ပ။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့ သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကိုကျင့်လျက် နေသည်မူလည်း ဖြစ်စေ ကဿပ ဤမျိုးခြံသောအကျင့်ကို အားထုတ်ကာမျှဖြင့် သမဏအလုပ်သည်၎င်း ဗြာဟ္မဏအလုပ်သည်၎င်း ခဲယဉ်းသည် အလွန်ခဲယဉ်းသည် ဖြစ်ခဲ့လျှင် "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော စကားကို ဆိုရန် မသင့်ရာသေး။

ဤ (သမဏ ဗြာဟ္မဏအလုပ်)ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မ ပင်သော်၎င်း "ငါ ယခု အဝတ်မဝတ်ပဲနေအံ့၊ လွတ်လပ်စွာကျင့်အံ့၊ လက်ဖြင့်မစင်ကို သုတ်အံ့။ပ။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေအံ့" ဟု ဆောက်တည်၍ ပြုခြင်းငှါလည်း စွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် ခဲယဉ်းသော အလွန်ခဲယဉ်းသော သမဏအလုပ်သည်၎င်း ဗြာဟ္မဏအလုပ်သည်၎င်း ဤမျိုးခြံသောအကျင့်ကို အားထုတ်ခြင်းမှ တပါးသာလျှင်ဖြစ်၏၊ ထို့ကြောင့် "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော ဤစကားကို ဆိုရန် သင့်ပေ၏။

ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

ကဿပ ဟင်းရွက်စိမ်းကို စားနေသည်မူလည်း ဖြစ်စေ ပြောင်းဆန်ကို စားနေသည်မူလည်း ဖြစ်စေ။ပ။ တောသစ်မြစ် သစ်သီးကိုစားလျက် မျှတသည်မူလည်း ဖြစ်စေ ကြွေကျသော သစ်သီးကို စားလျက် မျှတသည်မူလည်း ဖြစ်စေ ကဿပ ဤမျိုးခြံသော အကျင့်ကို အားထုတ်ကာမျှဖြင့် သမဏအလုပ်သည်၎င်း ဗြာဟ္မဏအလုပ်သည်၎င်း ခဲယဉ်းသည် အလွန်ခဲယဉ်းသည် ဖြစ်ခဲ့လျှင် "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော ဤစကားကို ဆိုရန်မသင့်ရာသေး။

ဤ (သမဏ ဗြာဟ္မဏအလုပ်)ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မပင်သော်၎င်း "ငါ ယခု ဟင်းရွက်စိမ်းကိုသော်၎င်း စားနေအံ့၊ ပြောင်းဆန်ကိုသော်

http://www.dhammadownload.com

လည်း စားနေအံ့၊ ။ပ။ တောသစ်မြစ် သစ်သီးကို စားလျက် မျှတအံ့ ကြွေကျသော သစ်သီးကိုစား လျက် မျှတအံ့" ဟု ဆောက်တည်၍ ပြုခြင်းငှါလည်း စွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် ခဲယဉ်းသော အလွန်ခဲယဉ်းသော သမဏအလုပ်သည်ရင်း ဗြာဟ္မဏ အလုပ်သည်ရင်း ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှ တပါးသာလျှင်ဖြစ်၏၊ ထိုကြောင့်"သမဏ အလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော ဤစကားကို ဆိုရန် သင့်ပေ၏။

ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ် မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးခြားသောဉာဏ်ဖြင့် ကိုယ်တိုင် မျက် မှောက်ပြုလျက် ရောက်၍နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍ရင်း ဗြာဟ္မဏဟူ၍ရင်း ဆိုအပ်ပေ ၏။

ကဿပ ပိုက်ဆံလျှော် အဝတ်တို့ကို ဝတ်သည်မူလည်း ဖြစ်စေ ပိုက်ဆံလျှော်နှင့် ရောနှောရက် သောအဝတ်ဘို့ကို ဝတ်သည်မူလည်း ဖြစ်စေ။ပ။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်း ခြင်းအမှုကို အားထုတ်၍ နေသည်မူလည်း ဖြစ်စေ၊ ကဿပ ဤခြိုးခြံသောအကျင့်ကို အားထုတ်ကာမျှ ဖြင့် သမဏအလုပ်သည်ရင်း ဗြာဟ္မဏအလုပ်သည်ရင်း ခဲယဉ်းသည် အလွန်ခဲယဉ်းသည် ဖြစ်ခဲ့လျှင် "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏ အလုပ်သည် ခဲယဉ်းလှချေ၏"ဟူသော ဤစကားကို ဆိုရန် မသင့်ရာသေး။

ဤ(သမဏ ဗြာဟ္မဏအလုပ်)ကို သူကြွယ်သော်ရင်း သူကြွယ့်သားသော်ရင်း အယုတ်ဆုံးအား ဖြင့် အိုးရွက်ကျွန်မပင်သော်ရင်း "ငါ ယခု ပိုက်ဆံလျှော် အဝတ်တို့ကိုလည်းဝတ်အံ့၊ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်ဘို့ကိုလည်း ဝတ်အံ့။ပ။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်း ခြင်းအမှုကို အားထုတ်၍လည်းနေအံ့" ဟု ဆောက်တည်၍ ပြုခြင်းငှါလည်း စွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် ခဲယဉ်းသော အလွန်ခဲယဉ်းသော သမဏအလုပ်သည်ရင်း ဗြာဟ္မဏ အလုပ်သည်ရင်း ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှ တပါးသာလျှင် ဖြစ်၏၊ ထိုကြောင့် "သမဏအလုပ်သည် ခဲယဉ်းလှချေ၏၊ ဗြာဟ္မဏအလုပ်သည် ခဲယဉ်းလှချေ၏" ဟူသော ဤစကားကို ဆိုရန်သင့်ပေ၏။

ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ် မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက် ပြုလျက် ရောက်၍နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍ရင်း ဗြာဟ္မဏဟူ၍ရင်း ဆိုအပ်ပေ၏။

၃၉၉။ ဤသို့မိန့်တော်မူသော် အဝတ်မဝတ်ပဲ ကျင့်သော ကဿပ (တက္ကတွန်း)သည် မြတ်စွာ ဘုရားအား "အသျှင်ဂေါတမ သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟု လျှောက်ပြန်၏။

ကဿပ "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားသည် လောက၌ ဆိုရိုးတထွာပင်တည်း။

http://www.dhammadownload.com

ကဿပ အဝတ်မဝတ်ပဲ နေသည်မူလည်း ဖြစ်စေ လွတ်လပ်စွာ ကျင့်သည်မူလည်း ဖြစ်စေ လက်ဖြင့် မစင်ကို သုတ်သည်မူလည်း ဖြစ်စေ။ပ။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက် နေသည်မူလည်း ဖြစ်စေ၊ ကဿပ ဤခြိုးခြံသော အကျင့်ကို အားထုတ်ကာမျှဖြင့် သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း သိနိုင်ခဲသည် အလွန် သိနိုင်ခဲသည်ဖြစ်ခဲ့လျှင် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန် မသင့်ရာသေး။

ဤ (သမဏ ဗြာဟ္မဏ)ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မပင်သော်၎င်း "ဤသူသည် အဝတ်မဝတ်ပဲနေ၏၊ လွတ်လပ်စွာကျင့်၏၊ လက်ဖြင့် မစင်ကို သုတ်၏။ပ။ ဤနည်းဖြင့် လခွဲတကြိမ်တိုင်အောင်လည်း ဤသို့သဘောရှိသော ရက်ပိုင်းခြား၍ အစာစားခြင်း အကျင့်ကို ကျင့်လျက်နေ၏" ဟု သိလည်း သိစွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် သိနိုင်ခဲသော အလွန်သိနိုင်ခဲသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤခြိုးခြံသောအကျင့်ကို အားထုတ်ခြင်းမှ တပါးသောလျှင် ဖြစ်၏၊ ထို့ကြောင့် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန်သင့်ပေ၏။

ကဿပ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့်ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

ကဿပ ဟင်းရွက်စိမ်းကို စားနေသည်မူလည်း ဖြစ်စေ ပြောင်းဆန်ကို စားနေသည်မူလည်း ဖြစ်စေ။ပ။ တောသစ်မြစ် သစ်သီးကို စားလျက်မျှတသည်မူလည်း ဖြစ်စေ ကြွေကျသော သစ်သီးကို စားလျက် မျှတသည်မူလည်း ဖြစ်စေ၊ ကဿပ ဤခြိုးခြံသော အကျင့်ကို အားထုတ်ကာမျှဖြင့် သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း သိနိုင်ခဲသည် အလွန် သိနိုင်ခဲသည် ဖြစ်ခဲ့လျှင် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန် မသင့်ရာသေး။

ဤ(သမဏ ဗြာဟ္မဏ)ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မပင်သော်၎င်း "ဤသူသည် ဟင်းရွက်စိမ်းကိုသော်လည်း စားနေ၏၊ ပြောင်းဆန်ကို သော်လည်း စားနေ၏။ပ။ တောသစ်မြစ် သစ်သီးကို စားလျက်သော်လည်း မျှတ၏၊ ကြွေကျသော သစ်သီးကို စားလျက်သော်လည်း မျှတ၏" ဟု သိလည်း သိစွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် သိနိုင်ခဲသော အလွန်သိနိုင်ခဲသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှ တပါးသောလျှင်ဖြစ်၏၊ ထို့ကြောင့် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန် သင့်ပေ၏။

ကဿပ အကြင် ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့်ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

http://www.dhammadownload.com

ကဿပ ပိုက်ဆံလျှော် အဝတ်တို့ကို ဝတ်သည်မှုလည်း ဖြစ်စေ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကို ဝတ်သည်မှုလည်း ဖြစ်စေ။ပ။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကို အားထုတ်၍ နေသည်မှုလည်း ဖြစ်စေ၊ ကဿပ ဤခြိုးခြံသော အကျင့်ကို အားထုတ်ကာ မျှဖြင့် သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း သိနိုင်ခဲသည် အလွန်သိနိုင်ခဲသည် ဖြစ်ခဲ့လျှင် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန် မသင့်ရာသေး။

ဤ(သမဏ ဗြာဟ္မဏ)ကို သူကြွယ်သော်၎င်း သူကြွယ့်သားသော်၎င်း အယုတ်ဆုံးအားဖြင့် အိုးရွက်ကျွန်မပင်သော်၎င်း "ဤသူသည် ပိုက်ဆန်လျှော် အဝတ်တို့ကိုသော်လည်း ဝတ်၏၊ ပိုက်ဆံလျှော်နှင့် ရောနှောရက်သော အဝတ်တို့ကိုသော်လည်း ဝတ်၏။ပ။ ညနေချမ်းလျှင် သုံးကြိမ်မြောက် ရေသို့ သက်ဆင်းခြင်း အမှုကိုသော်လည်း အားထုတ်၍ နေ၏" ဟု သိလည်း သိစွမ်းနိုင်ရာသေး၏။

ကဿပ အကြင့်ကြောင့် သိနိုင်ခဲသော အလွန်သိနိုင်ခဲသော သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း ဤခြိုးခြံသော အကျင့်ကို အားထုတ်ခြင်းမှတပါးသာလျှင် ဖြစ်၏၊ ထို့ကြောင့် "သမဏကို သိနိုင်ခဲ၏၊ ဗြာဟ္မဏကို သိနိုင်ခဲ၏" ဟူသော ဤစကားကို ဆိုရန် သင့်ပေ၏။

ကဿပ အကြင်ရဟန်းသည် ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာစိတ်ကို ပွါးများ၏၊ အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝမရှိသော လွတ်မြောက်သော(အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက်ရောက်၍နေ၏၊ ကဿပ ဤရဟန်းကို သမဏဟူ၍၎င်း ဗြာဟ္မဏဟူ၍၎င်း ဆိုအပ်ပေ၏။

သီလ သမာဓိ ပညာနှင့် ပြည့်စုံခြင်း

၄၀၀။ ဤသို့ မိန့်တော်မူသော် အဝတ်မဝတ်ပဲကျင့်သော ကဿပ(တက္ကတွန်း)သည် မြတ်စွာဘုရားအား "အသျှင်ဂေါတမ ထိုသီလ၏ ပြည့်စုံခြင်းသည် အဘယ်ပါနည်း၊ ထိုစိတ်(သမာဓိ)၏ ပြည့်စုံခြင်းသည် အဘယ်ပါနည်း၊ ထိုပညာ၏ ပြည့်စုံခြင်းသည် အဘယ်ပါနည်း" ဟု လျှောက်၏။

ကဿပ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏၊ တေး ဟု နှလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှုရှိ၏၊ သီလနှင့် ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏(ဣန္ဒြေတို့ကို စောင့်စည်း၏)အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇည'နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

၄၀၁။ ကဿပ ရဟန်းသည် အဘယ်သို့လျှင် အကျင့်သီလနှင့် ပြည့်စုံသနည်း—

ကဿပ ဤလောက၌ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီး ဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏၊ ဤသည်လည်း ထို(ရဟန်း)၏ သီလ၏ ပြည့်စုံခြင်းပေတည်း။ပ။

http://www.dhammadownload.com

ထို့ပြင်လည်း အချို့သော အသျှင်သမဏ ဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ် ¹ ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း—

နတ်ကိုးခြင်း တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း။ပ။ အနာဆေးတို့ကို (ကပ်ခြင်း) ခွါခြင်း ဤသည်တို့တည်း။

(ရဟန်းသည်) မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထို(ရဟန်း)၏ သီလနှင့် ပြည့်စုံခြင်းပေတည်း။

ကဿပ ဤသို့ သီလနှင့်ပြည့်စုံသော ထိုရဟန်းသည် ယင်းသို့ သီလစောင့်ထိန်းခြင်းနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ ကဿပ အဘိသိက်သွန်းပြီးသော ရန်သူကို ပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကိုမတွေ့မြင်ရသကဲ့သို့ ဤအတူ ဤသို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ ထို(ရဟန်း)သည် ဤမြတ်သော သီလအစုနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသော ချမ်းသာကို ခံစား၏၊ ကဿပ ရဟန်းသည် ဤသို့လျှင် သီလနှင့် ပြည့်စုံပေ၏၊ ကဿပ သီလ၏ ပြည့်စုံခြင်းသည် ဤသည်ပင်တည်း။

။ပ။ပဌမစျာန်သို့ ရောက်၍ နေ၏၊ ဤသည်လည်း ထို(ရဟန်း)၏ စိတ် (သမာဓိ)နှင့် ပြည့်စုံခြင်းပေတည်း။ပ။ ဒုတိယစျာန်သို့။တတိယစျာန်သို့။စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ဤသည်လည်း ထို(ရဟန်း)၏ စိတ် (သမာဓိ)နှင့် ပြည့်စုံခြင်းပေတည်း၊ ကဿပ စိတ် (သမာဓိ) ၏ ပြည့်စုံခြင်းသည် ဤသည်ပင်တည်း။

ကဿပ ထို့ပြင်လည်း ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော်။ပ။ (ဝိပဿနာ) ဉာဏ်အမြင် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ ဤသည်လည်း ထို(ရဟန်း)၏ ပညာနှင့် ပြည့်စုံခြင်းပေတည်း။

။ပ။ ဤ မဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု သိ၏၊ ဤသည်လည်း ထိုရဟန်း၏ ပညာနှင့် ပြည့်စုံခြင်းပေတည်း၊ ကဿပ ပညာ၏ ပြည့်စုံခြင်းသည် ဤသည်ပင်တည်း။

ကဿပ ဤသီလ၏ ပြည့်စုံခြင်း စိတ်(သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းတို့ထက် သာ၍ လွန်ကဲသည်လည်းဖြစ်သော သာ၍ မွန်မြတ်သည်လည်းဖြစ်သော သီလ၏ ပြည့်စုံခြင်း စိတ်(သမာဓိ)၏ ပြည့်စုံခြင်း ပညာ၏ ပြည့်စုံခြင်းသည် မရှိတော့ပြီ။

ရဲရင့်သောစကားကို မြွက်ဆိုခြင်း

၂၀၂။ ကဿပ သီလကို ချီးကျူးပြောဆိုကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့သည် များစွာသော အကြောင်းဖြင့် သီလ၏ ဂုဏ်(ကျေးဇူး)ကို ဆိုကုန်၏၊ ကဿပ မြတ်စွာ မွန်မြတ်သော သီလသည် အကြင်မျှလောက်ရှိ၏၊ ထို(ရှိသမျှသော မြတ်စွာ မွန်မြတ်သောသီလ) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကို

¹ ဤ၌ဖီလာအတတ်ဟူသည် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဘက် အတတ်တည်း။

http://www.dhammadownload.com

မူကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သောသီလ 'အဓိသီလ'အရာ၌ ငါသည်သာ သာလွန်ဆုံး ဖြစ်ပေ၏။

ကဿပ ,အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်းကို ချီးကျူးပြောဆိုကုန်သော အချို့သော သမဏဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို(သမဏဗြာဟ္မဏ)တို့သည် အားထုတ်လုံ့လဖြင့် မကောင်းမှု ပယ်ခြင်း၏ ဂုဏ်(ကျေးဇူး)ကို များစွာသော အကြောင်းဖြင့် ဆိုကုန်၏၊ ကဿပ ဖြူစင် မွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း တို့သည် အကြင်မျှလောက်ရှိကုန်၏၊ ထို (ရှိသမျှသော ဖြူစင်မွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း) အရာ၌ ငါသည် မိမိနှင့်တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း 'အဓိဇေဂုစ္ဆ'အရာ၌ ငါသည်သာ သာလွန်ဆုံး ဖြစ်ပေ၏။

ကဿပ ပညာကို ချီးကျူးပြောဆိုကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့သည် များစွာသော အကြောင်းဖြင့် ပညာ၏ ဂုဏ်(ကျေးဇူး)ကို ဆိုကုန်၏၊ ကဿပ ဖြူစင်မွန်မြတ်သော ပညာသည် အကြင်မျှလောက်ရှိ၏၊ ထို(ရှိသမျှသော ဖြူစင်မွန်မြတ်သော ပညာ)အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သော ပညာ 'အဓိပညာ'အရာ၌ ငါသည်သာ သာလွန်ဆုံး ဖြစ်ပေ၏။

ကဿပ (ကိလေသာတို့မှ) လွတ်မြောက်ခြင်းကို ချီးကျူးပြောဆိုကုန်သော အချို့သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို(သမဏ ဗြာဟ္မဏ)တို့သည် များစွာသော အကြောင်းဖြင့် (ကိလေသာတို့မှ) လွတ်မြောက်ခြင်း၏ ဂုဏ်(ကျေးဇူး)ကို ဆိုကုန်၏၊ ကဿပ ဖြူစင် မွန်မြတ်သော (ကိလေသာတို့မှ) လွတ်မြောက်ခြင်းသည် အကြင်မျှလောက်ရှိ၏၊ ထို(ရှိသမျှသော ဖြူစင်မွန်မြတ် သော ကိလေသာတို့မှ လွတ်မြောက်ခြင်း) အရာ၌ ငါသည် မိမိနှင့် တူမျှသူကိုပင် မမြင်ချေ၊ မိမိထက် လွန်ကဲသူကိုမူကား အဘယ်မှာ မြင်ချေအံ့နည်း၊ စင်စစ်မူကား လွန်မြတ်သော (ကိလေသာတို့မှ) လွန်မြောက်ခြင်း 'အဓိဝိမုတ္တိ' အရာ၌ ငါသည်သာ သာလွန်ဆုံး ဖြစ်ပေ၏။

၄၀၃။ ကဿပ (သာသနာတော်မှ) တပါးသော အယူကို ယူကုန်သော တိတ္ထိ ပရိဗိုဇ်တို့သည် "ရဟန်းဂေါတမသည် ရဲရင့်သော စကားကို မြွက်ဆို၏၊ သို့သော်လည်း ထိုစကားကို ဆိတ်ကွယ်ရာ၌သာ မြွက်ဆို၏၊ ပရိသတ် အလယ်၌ မမြွက်ဆို" ဟု ပြောကြရာသော အကြောင်းသည် ရှိ၏၊ ကဿပ ထို (ပရိဗိုဇ်)တို့ကို "ဤသို့ မပြောကြပါလင့်" ဟု တားမြစ်ပြီးလျှင် "ရဟန်းဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆိုပါ၏၊ ပရိသတ် အလယ်၌လည်း မြွက်ဆိုပါ၏" ဟု ပြောကြားအပ်ကုန်၏။

ကဿပ (သာသနာတော်မှ) တပါးသော အယူကို ယူကုန်သော တိတ္ထိပရိဗိုဇ်တို့သည် "ရဟန်း ဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆို၏၊ ပရိသတ်အလယ်၌လည်း မြွက်ဆို၏၊ သို့သော်လည်း မကြောက်မရွံ့ မြွက်ဆိုသည်ကား မဟုတ်" ဟု ပြောကြရာသော အကြောင်းသည် ရှိ၏၊ ကဿပ ထို(ပရိဗိုဇ်)တို့ကို "ဤသို့ မပြောကြပါလင့်" ဟု တားမြစ်ပြီးလျှင် "ရဟန်းဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆိုပါ၏၊ ပရိသတ်အလယ်၌လည်း မြွက်ဆိုပါ၏၊ မကြောက်မရွံ့ လည်း မြွက်ဆိုပါ၏" ဟု ပြောကြားအပ်ကုန်၏။

http://www.dhammadownload.com

ကဿပ (သာသနာတော်မှ) တပါးသော အယူကို ယူ...န်သော တိတ္ထိ ပရိဗိုဇ်တို့သည် "ရဟန်းဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆို၏၊ ပရိသပ်၌ အလယ်၌လည်း မြွက်ဆို၏၊ မကြောက်မရွံ့လည်း မြွက်ဆို၏၊ သို့သော်လည်း ထို(ရဟန်းဂေါတမ)ကို ပြဿနာကား မမေးကုန်။ပ။

ထို(ရဟန်းဂေါတမ)ကို ပြဿနာကိုလည်း မေးကုန်၏၊ သို့သော်လည်း ပြဿနာ အမေးခံရလျှင် ထိုမေးသူတို့အား မဖြေကြား။ပ။

ပြဿနာ အမေးခံရလျှင်လည်း ထိုမေးသူတို့အား ဖြေကြား၏၊ သို့သော်လည်း ပြဿနာ ဖြေခြင်းဖြင့် (ထိုမေးသူတို့၏) စိတ်ကိုကား မနှစ်သက်စေနိုင်။ပ။

ပြဿနာ ဖြေခြင်းဖြင့် (ထိုမေးသူတို့၏) စိတ်ကိုလည်း နှစ်သက်စေနိုင်၏၊ သို့သော်လည်း (ထိုရဟန်းဂေါတမ၏ စကားကို) နာကြားထိုက်သည် ဟုကား မထင်ကုန်။ပ။

ထိုရဟန်းဂေါတမ၏ (စကားကို) နာကြားထိုက်သည် ဟု လည်း ထင်ကုန်၏၊ သို့သော်လည်း နာကြားရ၍ ကြည်ညိုကား မကြည်ညိုကုန်။ပ။

ထိုရဟန်းဂေါတမ၏ (စကားကို) နာကြားရ၍ ကြည်ညိုလည်း ကြည်ညိုကု...၏၊ သို့သော်လည်း ကြည်ညိုသူတို့ ပြုသင့်သော ပူဇော်ခြင်းကိုကား မပြုကုန်။ပ။

ကြည်ညိုသူတို့ ပြုသင့်သော ပူဇော်ခြင်းကိုလည်း ပြုကုန်၏၊သို့သော်လည်း ထိုသို့ဟောကြားတိုင်း ဖြစ်ရန်ကား မကျင့်ကုန်။ပ။

ထိုသို့ဟောကြားတိုင်း ဖြစ်ရန်လည်း ကျင့်ကုန်၏၊ သို့သော်လည်း ကျင့်သူတို့သည် (ရဟန်းဂေါတမ၏ စိတ်ကိုကား) မနှစ်သက်စေနိုင်ကုန်" ဟု ဤသို့ ဆိုရာသော အကြောင်းသည် ရှိ၏၊ ကဿပ ထို(ပရိဗိုဇ်)တို့ကို "ဤသို့ မပြောကြပါလင့်" ဟု တားမြစ်ပြီးလျှင် "ရဟန်းဂေါတမသည် ရဲရင့်သော စကားကိုလည်း မြွက်ဆိုပါ၏၊ ပရိသတ် အလယ်၌လည်း မြွက်ဆိုပါ၏၊ မကြောက်မရွံ့လည်း မြွက်ဆိုပါ၏၊ ထို(ရဟန်းဂေါတမ)ကို ပြဿနာလည်း မေးကြပါကုန်၏၊ ပြဿနာ အမေးခံရလျှင်လည်း ထိုမေးသူတို့အား ဖြေကြားပါ၏၊ ပြဿနာဖြေခြင်းဖြင့်လည်း (ထိုမေးသူတို့၏) စိတ်ကို နှစ်သက်စေပါ၏၊ (ထိုရဟန်းဂေါတမ၏ စကားကို) နာကြားထိုက်သည် ဟု လည်း ထင်ပါကုန်၏၊ (ထိုရဟန်းဂေါတမ၏ စကားကို) နာကြားရ၍ ကြည်ညိုလည်း ကြည်ညိုပါကုန်၏၊ ကြည်ညိုသူတို့ ပြုသင့်သော ပူဇော်ခြင်းကိုလည်း ပြုပါကုန်၏၊ ထိုသို့ဟောကြားတိုင်း ဖြစ်ရန်လည်း ကျင့်ပါကုန်၏၊ ကျင့်သူတို့သည်လည်း (ရဟန်းဂေါတမ၏ စိတ်ကို) နှစ်သက်စေနိုင်ပါကုန်၏" ဟု ပြောကြားအပ်ကုန်၏။

တိတ္ထိဖြစ်ဘူးသူတို့ အစမ်းကျင့်သုံးရခြင်းကိုပြဆိုရာ

၄၀၄။ ကဿပ အခါတပါး၌ ငါသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေ၏၊ ထို(ဂိဇ္ဈကုဋ်တောင်)၌ ငါ့ကို နိဂြောဓ မည်သော ခြိုးခြံမှု အကျင့်မြတ်ကို ကျင့်လေ့ရှိသူ တဦးသည် လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း 'အဓိဇေဂုစ္ဆ'အရာ၌ ပြဿနာ မေးဘူး၏၊ လွန်မြတ်သော အားထုတ်လုံ့လဖြင့် မကောင်းမှုပယ်ခြင်း 'အဓိဇေဂုစ္ဆ' အရာ၌ ပြဿနာကို မေးသည်ရှိသော် ထိုနိဂြောဓအား ငါသည် ဖြေကြားခဲ့၏၊ ငါဖြေကြားသည် ရှိသော် (ထိုနိဂြောဓသည်) အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်လေ၏။

http://www.dhammadownload.com

အသျှင်ဘုရား မြတ်စွာဘုရား၏ တရားကို ကြားရသော် အဘယ်သူသည် အဝိုင်းထက်အလွန် ဝမ်းမမြောက်ပဲ ရှိပါမည်နည်း၊ မြတ်စွာဘုရား အကျွန်ုပ်လည်း မြတ်စွာဘုရား၏ တရားကို ကြား၍ အဘိုင်းထက်အလွန် ဝမ်းမြောက်ပါ၏။

အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန် နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ ၎င်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၎င်း မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည် ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏။

၄၀၅။ ကဿပ (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤသာသနာတော် (ဓမ္မဝိနယ)၌ ရှင်အဖြစ်ကို ရလိုမူ ရဟန်းအဖြစ်ကို ရလိုမူ လေးလတို့ပတ်လုံး အစမ်း ကျင့်သုံးရ၏၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်လတ္တံ့၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကုန်လတ္တံ့၊ သို့သော် ဤအရာ၌ ငါသည်ကား ပုဂ္ဂိုလ်တို့၏ ခြားနားသည့် အဖြစ်ကို သိသေး၏။

အသျှင်ဘုရား (သာသနာတော်မှ) တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသော သူတို့သည် ဤသာသနာတော်(ဓမ္မဝိနယ)၌ အကယ်၍ ရှင်အဖြစ်ကို ရလိုမူ ရဟန်းအဖြစ်ကို ရလိုမူ လေးလတို့ပတ်လုံး အစမ်း ကျင့်သုံးရကုန်ငြားအံ့၊ လေးလလွန်သောအခါ ရဟန်းတို့သည် ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးကုန်ငြားအံ့၊ ရဟန်းအဖြစ်သို့မြှင့်တင်ပေးကုန်ငြားအံ့၊ အကျွန်ုပ်သည် လေးနှစ်ပတ်လုံး အစမ်း ကျင့်သုံးပါမည်၊ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကြေနပ်သော စိတ်ရှိကြလျှင် ရှင်ပြုပေးတော်မူကြပါစေ၊ ရဟန်းအဖြစ်သို့ မြှင့်တင် ပေးတော်မူကြပါစေ ဟု ကဿပ (တက္ကတွန်း) သည် လျှောက်၏။

အာဂတ်မဂတ်ပဲ ကျင့်သော ကဿပ (တက္ကတွန်း) သည် မြတ်စွာဘုရား အထံ၌ ရှင်အဖြစ်ကို ရ၏၊ ရဟန်းအဖြစ်ကို ရ၏၊ ရဟန်းဖြစ်၍မကြာမီ အသျှင်ကဿပသည် တယောက်ထည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စိတ်ကို စေလွှတ်၍နေ၏။

ထိုသို့နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သောအမျိုးသားတို့ လိုလားအပ်သော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ အသျှင်ကဿပသည် မကြာမီ မျက်မှောက်ဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု သိ၏၊ အသျှင်ကဿပသည် ရဟန္တာတို့တွင် တပါး (အပါအဝင်) ဖြစ်တော်မူလေသတည်း။

ရှစ်ခုမြောက်သော မဟာသီဟနာဒသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၉—ပေါဋ္ဌပါဒသုတ်

ပေါဋ္ဌပါဒပရိဗိုဇ်ဝတ္ထု

၄၀၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် (သူဌေး) ၏ အရာမ် ဇေတဝန် (ကျောင်းတော်)၌ (သီတင်းသုံး) နေတော်မူ၏။

ထိုစဉ်အခါ၌ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် သုံးရာမျှသော များစွာသော ပရိဗိုဇ် ပရိသတ်နှင့်အတူ တည်ပင်စည်းတန်းရှိသော ကေသာလက မည်သော အယူဟောပြောပွဲ ကျင်းပရာ မလ္လိကာ၏ အရာမ်၌ နေ၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၏။

၄၀၇။ ထိုအခါ မြတ်စွာဘုရားအား ဤသို့သော အကြံသည် ဖြစ်၏—

"သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်ရန် စောလွန်းသေး၏၊ ငါသည် တည်ပင်စည်းတန်းရှိသော ကေသာလကမည်သော မလ္လိကာ၏ အရာမ် ပေါဋ္ဌပါဒ ပရိဗိုဇ်ထံသို့ ချဉ်းကပ်ရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုအခါ မြတ်စွာဘုရားသည် တည်ပင်စည်းတန်းရှိသော ကေသာလက မည်သော အယူဟော ပြောပွဲ ကျင်းပရာ မလ္လိကာ၏ အရာမ်သို့ ချဉ်းကပ်တော်မူ၏။

၄၀၈။ ထိုစဉ်အခါ၌ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် များပြားသော ဗိလာစကားကို ပြင်းပြ ကျယ်လောင်သော အသံဖြင့် ပွဲတင်ထပ်မျှ ပြောဆိုနေကြသော များစွာသော ပရိဗိုဇ်ပရိသတ်နှင့်အတူ ထိုင်နေလျက် ရှိ၏၊ ဤဗိလာစကားတို့ကား အဘယ်နည်း—

မင်းနှင့် စပ်သောစကား ခိုးသူနှင့် စပ်သောစကား အမတ်ကြီးနှင့် စပ်သောစကား စစ်သည်နှင့် စပ်သောစကား ကြောက်ဖွယ်နှင့် စပ်သောစကား စစ်ထိုးခြင်းနှင့် စပ်သောစကား စားဖွယ်နှင့် စပ်သောစကား သောက်ဖွယ်နှင့် စပ်သောစကား အဝတ်နှင့် စပ်သောစကား အိပ်ရာနှင့် စပ်သောစကား ပန်းနှင့် စပ်သောစကား နံ့သာနှင့် စပ်သောစကား ဆွေမျိုးနှင့် စပ်သောစကား ယာဉ်နှင့် စပ်သောစကား ရွာနှင့် စပ်သောစကား နိဂုံးနှင့် စပ်သောစကား မြို့နှင့် စပ်သောစကား နယ်နှင့် စပ်သောစကား မိန်းမနှင့် စပ်သောစကား ယောကျာ်းနှင့် စပ်သောစကား သူရဲကောင်းနှင့် စပ်သောစကား လမ်းနှင့် စပ်သောစကား ရေခပ်ဆိပ်နှင့် စပ်သောစကား သေလွန်သူနှင့် စပ်သောစကား အထွေထွေနှင့် စပ်သောစကား လောက (အကြောင်း) နှင့် စပ်သောစကား သမုဒ္ဒရာအကြောင်းနှင့် စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သောစကား တို့တည်း။

http://www.dhammadownload.com

၄၀၉။ ပေါဋ္ဌပါဒ ပရိဗိုဇ်သည် ကြွလာသော မြတ်စွာဘုရားကို အဝေးမှပင် မြင်လတ်သော် "အသျှင်တို့ တိတ်ဆိတ်စွာ နေကြပါကုန်လော့၊ အသျှင်တို့ အသံမပြုပါကုန်လင့်၊ ဤရဟန်းဂေါတမ သည် ကြွလာနေ၏၊ ထိုအသျှင် (ဂေါတမ) သည် တိတ်ဆိတ်ခြင်းကို အလိုရှိ၏၊ တိတ်ဆိတ်ခြင်း၏ ဂုဏ်ကို ဆိုလေ့ရှိ၏၊ ပရိသတ်အသံ တိတ်ဆိတ်နေသည်ကိုသိလျှင် ချဉ်းကပ်သင့်သည် ဟု အောက်မေ့ တန်ရာ၏" ဟူ၍ မိမိပရိသတ်ကို သေဝပ်စွာနေရန် ပြောဆို၏၊ ဤသို့ဆိုသော် ထိုပရိဗိုဇ်တို့သည် ဆိတ် ဆိတ်နေကုန်၏။

၄၁၀။ ထိုအခါ မြတ်စွာဘုရားသည် ပေါဋ္ဌပါဒပရိဗိုဇ်ထံသို့ ချဉ်းကပ်တော်မူ၏၊ ထိုအခါ ပေါဋ္ဌ ပါဒ ပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"မြတ်စွာဘုရား ကြွလာတော်မူပါ အသျှင်ဘုရား၊ မြတ်စွာဘုရား၏ ကြွလာခြင်းသည် ကောင်းသော ကြွလာခြင်းဖြစ်ပါသည် အသျှင်ဘုရား၊ မြတ်စွာဘုရားသည် ဤအရပ်သို့ ကြွလာ တော်မူရန် အလှည့်ကိုကြာမြင့်မှ ပေးတော်မူဘိ၏ အသျှင်ဘုရား၊ မြတ်စွာဘုရားသည် ထိုင်တော် မူပါ၊ ဤနေရာကို ပြင်ထားပါသည် အသျှင်ဘုရား" ဟု လျှောက်၏။

မြတ်စွာဘုရားသည် ပြင်ထားသော နေရာ၌ ထိုင်တော်မူ၏၊ ပေါဋ္ဌပါဒ ပရိဗိုဇ်သည်လည်း နိမ့် သော ထိုင်စရာတခုကို ယူ၍ တခုသော နေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်နေသော ပေါဋ္ဌပါဒ ပရိဗိုဇ်အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

"ပေါဋ္ဌပါဒ ယခုအခါ အဘယ် စကားဖြင့် စုဝေးထိုင်နေကုန်သနည်း၊ သင်တို့၏ မပြီးသေး သော အကြားစကား [၁]သည် အဘယ်နည်း" ဟု မိန့်တော်မူ၏။

သညာ၏ချုပ်ခြင်းကိုပြဆိုရာ

၄၁၁။ ဤသို့ မိန့်တော်မူသော် ပေါဋ္ဌပါဒ ပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ယခုအခါ အကျွန်ုပ်တို့ စုဝေးထိုင်နေလျက် ပြောဆိုနေကြသော စကားကို ထားပါဦး၊ အသျှင်ဘုရား ဤစကားသည် မြတ်စွာဘုရားအား နောင်အခါ၌လည်း ကြားနာရန် ခဲယဉ်းမည် မဟုတ်ပါ၊ အသျှင်ဘုရား ယခင် ယခင်နေ့တို့၌ စကား အသစ် အဆန်း ထောက် လှမ်း နာကြားရာ စရပ်၌ အထူးထူးသော အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့ စုဝေး နေထိုင် ကြရာတွင် 'အချင်းတို့ သညာ၏ ချုပ်ခြင်းသည် အဘယ်သို့ ဖြစ်သနည်း' ဟု သညာချုပ်ခြင်းနှင့် စပ်သော စကားသည် ဖြစ်ပေါ်ပါ၏။

ထိုသူတို့တွင် အချို့သူတို့သည် ဤသို့ ဆိုပါကုန်၏—

'အကြောင်း အထောက်အပံ့ မရှိကုန်ပဲ သတ္တဝါ၏ သညာတို့သည် ဖြစ်လည်းဖြစ်ကုန်၏၊ ချုပ်လည်းချုပ်ကုန်၏၊ အကြင် အခါ ဖြစ်ကုန်၏၊ ထိုအခါ သညာရှိ၏၊ အကြင်အခါ ချုပ်ကုန်၏၊ ထိုအခါ သညာမရှိ' ဟု ဆိုပါကုန်၏။

၁။ ဝါမလာသိအကြား၌ ဖြစ်သောစကား (အဋ္ဌကထာ)

http://www.dhammadownload.com

ဤအခြင်းအရာဖြင့် အချို့သူတို့သည် သညာချုပ်ခြင်းကို ပြပါကုန်၏။

ထိုသူ့ကို အခြားသူက ဤသို့ ဆိုပါ၏—

'ဤ (သညာချုပ်ခြင်း)သည် ဤသို့ ဖြစ်မည် မဟုတ်ပါ၊ အချင်း သညာသည် သတ္တဝါ၏ အတ္တတည်း၊ ထို (သညာ) သည် ကပ်လည်း ကပ်၏၊ ခွါလည်း ခွါ၏၊ အကြင် အခါ ကပ်၏၊ ထိုအခါ သညာရှိ၏၊ အကြင် အခါ ခွါ၏၊ ထိုအခါ သညာမရှိ' ဟု ဆိုပါ၏။

ဤအခြင်းအရာဖြင့် အချို့သူတို့သည် သညာချုပ်ခြင်းကို ပြပါကုန်၏။

ထိုသူ့ကို အခြားသူက ဤသို့ ဆိုပြန်ပါ၏—

'ဤ(သညာချုပ်ခြင်း)သည် ဤသို့ ဖြစ်မည် မဟုတ်ပါ၊ တန်ခိုးအာနုဘော် ကြီးကုန်သော သမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏၊ ထို (သမဏ ဗြာဟ္မဏ)တို့သည် ဤသတ္တဝါ၏ သညာကို ငင်၍လည်း သွင်းကုန်၏၊ ငင်၍လည်း ထုတ်ကုန်၏၊ အကြင်အခါ ငင်၍ သွင်းကုန်၏၊ ထိုအခါ သညာရှိ၏၊ အကြင် အခါ ငင်၍ ထုတ်ကုန်၏၊ ထိုအခါ သညာမရှိ' ဟု ဆိုပြန်ပါ၏။

ဤအခြင်းအရာဖြင့် အချို့သူတို့သည် သညာချုပ်ခြင်းကို ပြပါကုန်၏။

ထိုသူ့ကို အခြားသူက ဤသို့ ဆိုပြန်ပါ၏—

'အချင်း ဤ(သညာချုပ်ခြင်း)သည် ဤသို့ ဖြစ်မည် မဟုတ်ပါ၊ အချင်း တန်ခိုးအာနုဘော် ကြီးကုန်သော နတ်တို့သည် ရှိကုန်၏၊ ထိုနတ်တို့သည် ဤသတ္တဝါ၏ သညာကို ငင်၍ လည်း သွင်းကုန်၏၊ ငင်၍လည်း ထုတ်ကုန်၏၊ အကြင်အခါ ငင်၍ သွင်းကုန်၏၊ ထိုအခါ သညာရှိ၏၊ အကြင်အခါ ငင်၍ထုတ်ကုန်၏၊ ထိုအခါ သညာမရှိ' ဟု ဆိုပြန်ပါ၏။

ဤအခြင်းအရာဖြင့် အချို့သူတို့သည် သညာချုပ်ခြင်းကို ပြပါကုန်၏။

အသျှင်ဘုရား ထို(စကားတို့ကို ကြားရသော) အကျွန်ုပ်အား မြတ်စွာဘုရားကိုသာ အာရုံပြု၍ 'သြော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရှိပါမူ ကောင်းလေစွ၊ သြော် ကောင်းသောစကားကို ဆိုတတ်သော မြတ်စွာဘုရား ရှိပါမူ ကောင်းလေစွ၊ ယင်း(မြတ်စွာဘုရား)သည် ဤတရားတို့၌ ကောင်းစွာ ကျွမ်းကျင်တော်မူပါပေ၏' ဟု အောက်မေ့တမ်းတခြင်း ဖြစ်ခဲ့ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည် သညာချုပ်ခြင်း၌ ကျွမ်းကျင်တော်မူပါ၏၊ သဘောကို သိတော်မူပါ၏၊ အသျှင်ဘုရား သညာချုပ်ခြင်းသည် အဘယ်သို့ ဖြစ်ပါသနည်း" ဟု လျှောက်၏။

အကြောင်းရှိ၍ သညာဖြစ်ခြင်းချုပ်ခြင်းကိုပြဆိုရာ

၄၁၂။ ပေါဋ္ဌပါဒ ထိုသူတို့တွင် အကြင်သမဏ ဗြာဟ္မဏတို့သည် "အကြောင်း အထောက်အပံ့ မရှိကုန်ပဲ သတ္တဝါ၏ သညာတို့သည် ဖြစ်လည်း ဖြစ်ကုန်၏၊ ချုပ်လည်း ချုပ်ကုန်၏" ဟု ဆိုကုန်၏၊ ထိုသူတို့၏ (စကားသည်) အစကပင် ချွတ်ယွင်းလျက် ရှိ၏၊ အဘယ့်ကြောင့် ဆိုသော်—

ပေါဋ္ဌပါဒ အကြောင်းအထောက်အပံ့ရှိကုန်၍သာလျှင် သတ္တဝါ၏ သညာတို့သည် ဖြစ်လည်း ဖြစ်ကုန်၏၊ ချုပ်လည်း ချုပ်ကုန်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ဖြစ်၏၊ အချို့သညာ သည် အကျင့် 'သိက္ခာ'ကြောင့် ချုပ်၏။

http://www.dhammadownload.com

၄၁၃။ အကျင့် 'သိက္ခာ'သည် အဘယ်နည်း ဟု မြတ်စွာဘုရားသည် (ကိုယ်တိုင်ပင်) မေးတော်မူ၏။

ပေါဋ္ဌပါဒ ပုဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

[သာမညဖလသုတ်၌ကဲ့သို့ နည်းတူ ချဲ့အပ်၏။]

ပေါဋ္ဌပါဒ ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံပေ၏။

။ပ။ မိမိ၌ ဤအပိတ်အပင် 'နီဝရဏ'တရား ငါးပါး ပယ်ပြီး ဖြစ်သည်ကို ကောင်းစွာ မြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်း၏၊ ငြိမ်းသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ထို(ရဟန်း)သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ'နှင့် တကွဖြစ်သော 'နီဝရဏ' ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏၊ ထို(ရဟန်း)အား (ဈာန်မရမီ)ရှေးအဘို့၌ ဖြစ်သော ကာမသညာသည် ချုပ်၏၊ ထိုအခါ နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့် 'သိက္ခာ'တည်း ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ထိုရဟန်းသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ' ကို ဖြစ်စေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ' မရှိသော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ထို(ရဟန်း) အား (ဒုတိယဈာန်မရမီ) ရှေးအဘို့၌ဖြစ်သော နီဝရဏ ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'ချမ်းသာခြင်း'သုခ'ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ချုပ်၏၊ထိုအခါ တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့်ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့် 'သိက္ခာ' တည်း ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် အောက်မေ့ခြင်း'သတိ' ဆင်ခြင်ခြင်း'သမ္ပဇဉ်' နှင့်ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာ'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင် တတိယဈာန်ကြောင့် ထိုသူ့ကို လျစ်လျူရှုသူ (သတိ)ရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ (ရဟန်းသည်) ထို တတိယဈာန်သို့ ရောက်၍နေ၏၊ ထို (ရဟန်း)အား (တတိယဈာန်မရမီ) ရှေးအဘို့၌ဖြစ်

http://www.dhammadownload.com

သော တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ချုပ်၏၊ ထိုအခါ လျစ်လျူရှုခြင်း 'ဥပေက္ခာ' ချမ်းသာခြင်း 'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ လျစ်လျူရှုခြင်း 'ဥပေက္ခာ' ချမ်းသာခြင်း 'သုခ' ရှိသော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့်ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့် 'သိက္ခာ' တည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင် ဝမ်းမြောက်ခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထို (ရဟန်း)အား (စတုတ္ထစျာန် မရမီ) ရှေ့ဘို့အဥ်ဖြစ်သော လျစ်လျူရှုခြင်း 'ဥပေက္ခာ' ချမ်းသာခြင်း 'သုခ'ရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည်ချုပ်၏၊ ထိုအခါ ဆင်းရဲချမ်းသာ မရှိသော သိမ်မွေ့သော စင်စစ်ရှိသော သညာသည်ဖြစ်၏၊ ထိုအခါ ဆင်းရဲချမ်းသာမရှိသော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်းအချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ဖြစ်၏၊အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့်ချုပ်၏၊ ဤသည်လည်း အကျင့် 'သိက္ခာ'တည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ရဟန်းသည် ရူပသညာ[၁]တို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာ[၂]တို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာ[၃]တို့ကို လုံးဝနှလုံးမသွင်းမူ၍ ကောင်းကင်သည် အဆုံးမရှိ ဟု (နှလုံးသွင်းလျက်) အာကာသာနဉ္စာယတန (စျာန်) သို့ ရောက်၍နေ၏၊ ထို (ရဟန်း) အား (အာကာသာနဉ္စာယတန စျာန်မရမီ) ရှေးအဘို့၌ ဖြစ်သော သညာသည် ချုပ်၏၊ ထိုအခါ အာကာသာနဉ္စာယတန (စျာန်) နှင့် ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ အာကာသာနဉ္စာယတန(စျာန်)နှင့်ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာ ဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့် 'သိက္ခာ' တည်း ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ရဟန်းသည် အာကာသာနဉ္စာယတန (စျာန်)ကို လုံးဝလွန်မြောက်၍ ဝိညာဉ်သည် အဆုံးမရှိဟု (နှလုံးသွင်းလျက်) ဝိညာဏဉ္စာယတန စျာန်သို့ ရောက်၍နေ၏၊ ထို(ရဟန်း)အား (ဝိညာဏဉ္စာယတန စျာန်မရမီ) ရှေးအဘို့၌ ဖြစ်သော အာကာသာနဉ္စာယတန (စျာန်)နှင့်ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ချုပ်၏၊ ထိုအခါ ဝိညာဏဉ္စာယတန (စျာန်)နှင့် ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ ဝိညာဏဉ္စာယတန (စျာန်)နှင့်ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့် သိက္ခာတည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။

၁။ ရူပသညာ = ရူပစျာန်နှင့်ဖြစ်သောသညာ။

၂။ ပဋိဃသညာ = စက္ခုစသော ဝတ္ထုရုပ်ငါးပါး၌ ရူပါရုံစသော အာရုံငါးပါးတို့ ထိခိုက်သောအခါ ဖြစ်ပေါ်သော ပဉ္စဝိညာဉ် သညာ။

၃။ နာနတ္တသညာ = ပဋိဃသညာမှ တပါးသော အမျိုးမျိုးသော ကာမာဝစရသညာ။

http://www.dhammadownload.com

ပေါဋ္ဌပါဒ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိညာဏဉ္စာယတန (စျာန်)ကို လုံးဝလွန်မြောက်၍ တစုံတခုမျှမရှိဟု (နှလုံးသွင်းလျက်) အာကိဉ္စညာယတန (စျာန်)သို့ ရောက်၍နေ၏၊ ထို(ရဟန်း) အား (အာကိဉ္စညာယတနစျာန်မရမီ) ရှေးအဘို့၌ဖြစ်သော ဝိညာဏဉ္စာယတန (စျာန်)နှင့် ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ချုပ်၏၊ ထိုအခါ အာကိဉ္စညာယတန (စျာန်)နှင့် ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသော သညာသည် ဖြစ်၏၊ ထိုအခါ အာကိဉ္စညာယတန (စျာန်)နှင့် ယှဉ်သော သိမ်မွေ့သော စင်စစ်ရှိသောသညာ ရှိသည်သာဖြစ်၏၊ ဤသို့လည်း အချို့သညာသည် အကျင့် 'သိက္ခာ' ကြောင့် ဖြစ်၏၊ အချို့သညာသည် အကျင့် 'သိက္ခာ'ကြောင့် ချုပ်၏၊ ဤသည်လည်း အကျင့်'သိက္ခာ' တည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏—

၄၁၄။ ပေါဋ္ဌပါဒ ဤ(သာသနာတော်)၌ ရဟန်းသည် ကိုယ်ပိုင် (ပဌမစျာန်) သညာရှိ၏၊ ထို (ရဟန်း) သည် ထို (ပဌမစျာန်သညာ)မှ ဤ (ဒုတိယစျာန်သညာ) သို့ ထို (ဒုတိယစျာန်သညာ)မှ ဤ(တတိယစျာန်သညာ)သို့ ဤသို့စသော အစဉ်ဖြင့် အမြတ်ဆုံး (အာကိဉ္စညာယတနစျာန်)သညာ သို့ ရောက်၏၊ အမြတ်ဆုံး (အာကိဉ္စညာယတနစျာန်) သညာ၌ တည်သော ထို (ရဟန်း) အား ဤသို့ အကြံဖြစ်၏—

"စေ့ဆော်နေသော်[၁] ငါ့အား မသင့်မြတ်၊ မစေ့ဆော်ပဲနေသော်သာ ငါ့အား သင့်မြတ်၏၊ အကယ်၍ ငါသည် စေ့ဆော်ငြားအံ့၊ အားထုတ်ငြားအံ့[၂]၊ ငါ၏ ဤ(အာကိဉ္စညာယတနစျာန်) သညာတို့သည်လည်း ချုပ်ကုန်ရာ၏၊ ကြမ်းတမ်း ထင်ရှားသော အခြား သညာတို့သည်လည်း ဖြစ်ပေါ်ကုန်ရာ၏၊ ငါသည် မစေ့ဆော်ပဲ နေရမူ အားမထုတ်ပဲနေရမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထို (ရဟန်း)သည် စေ့ဆော်ခြင်းကိုလည်းမပြု၊ အားထုတ်ခြင်းကိုလည်းမပြု၊ စေ့ဆော် အား ထုတ်ခြင်း မပြုသော ထိုရဟန်းအား ထို (အာကိဉ္စညာယတနစျာန်) သညာတို့သည်လည်း ချုပ်ကုန် ၏၊ ကြမ်းတမ်း ထင်ရှားသော အခြားသညာတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ထို (ရဟန်း)သည် သညာ ဝေဒနာချုပ်ခြင်းသို့ ရောက်၏၊ ပေါဋ္ဌပါဒ ဤသို့လျှင် သိလျက် အစဉ်အတိုင်း သညာချုပ်ရာ သမာပတ် သည် ဖြစ်ပေ၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ သင်သည် ဤမှ ရှေးအခါက ဤသို့သဘောရှိ သော သိလျက် အစဉ်အတိုင်း သညာချုပ်ရာ သမာပတ်ကို ကြားဘူးပါ၏လော။

မကြားဘူးပါ အသျှင်ဘုရား။

အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို အကျွန်ုပ်သည် ဤသို့ သိနား လည်ပါ၏—

"ပေါဋ္ဌပါဒ ဤ(သာသနာတော်)၌ ရဟန်းသည် ကိုယ်ပိုင် (ပဌမစျာန်)သညာရှိ၏၊ ထို (ရဟန်း)သည် ထို(ပဌမစျာန်သညာ)မှ ဤ(ဒုတိယစျာန်သညာ)သို့ ထို(ဒုတိယစျာန်သညာ) မှ ဤ(တတိယစျာန်သညာ)သို့ ဤသို့ စသော အစဉ်ဖြင့် အမြတ်ဆုံး (အာကိဉ္စညာယတန

၁။ စျာန်ဝင်စားရန် ကြံစည်နေခြင်းကို ဆိုလိုသည်။

၂။ အထက်စျာန်အလို့ငှါ အားထုတ်ခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com

ဈာန်) သညာသို့ ရောက်၏၊ အမြတ်ဆုံး (အာကိဉ္စညာယတနဈာန်)သညာ၌ တည်သော ထိုရဟန်းအား ဤသို့ အကြံဖြစ်၏—

'စေ့ဆော်နေသော် ငါ့အား မသင့်မြတ်၊ မစေ့ဆော်ပဲ နေသော်သာ ငါ့အား သင့်မြတ်၏၊ အကယ်၍ ငါသည် စေ့ဆော်ငြားအံ့၊ အားထုတ်ငြားအံ့၊ ငါ၏ ဤ(အာကိဉ္စညာယတနဈာန်) သညာတို့သည်လည်း ချုပ်ကုန်ရာ၏၊ ကြမ်းတမ်းထင်ရှားသော အခြားသညာတို့သည်လည်း ဖြစ်ပေါ်ကုန်ရာ၏၊ ငါသည် မစေ့ဆော်ပဲ နေရမူ အားမထုတ်ပဲ နေရမူ ကောင်းလေစွ'ဟု အကြံဖြစ်၏။

ထို(ရဟန်း)သည် စေ့ဆော်ခြင်းကိုလည်း မပြု အားထုတ်ခြင်းကိုလည်း မပြု စေ့ဆော် အားထုတ်ခြင်း မပြုသော ထို(ရဟန်း)အား ထို(အာကိဉ္စညာယတနဈာန်)သညာတို့သည် လည်း ချုပ်ကုန်၏၊ ကြမ်းတမ်းထင်ရှားသော အခြားသညာတို့သည်လည်း မဖြစ်ပေါ်ကုန်၊ ထို(ရဟန်း)သည် (သညာဝေဒနာ)ချုပ်ခြင်းသို့ ရောက်၏၊ ပေါဋ္ဌပါဒ ဤသို့လျှင် သိလျက် အစဉ်အတိုင်း သညာချုပ်ရာ သမာပတ်သည် ဖြစ်၏" ဟု သိနားလည်ပါ၏။

ပေါဋ္ဌပါဒ ဤအတိုင်းပင် မှန်ပေ၏။

၄၁၅။ အသျှင်ဘုရား မြတ်စွာဘုရားသည် အမြတ်ဆုံးသညာ တပါးတည်းကိုသာ ပညတ်ပါ သလော၊ သို့မဟုတ် အမြတ်ဆုံး သညာ များစွာတို့ကိုလည်း ပညတ်ပါသလော။

ပေါဋ္ဌပါဒ ငါသည် အမြတ်ဆုံးသညာ တပါးတည်းကိုလည်း ပညတ်၏၊ အမြတ်ဆုံးသညာ များစွာတို့ကိုလည်း ပညတ်၏။

အသျှင်ဘုရား အဘယ်သို့လျှင် မြတ်စွာဘုရားသည် အမြတ်ဆုံးသညာ တပါးတည်းကိုလည်း ပညတ်ပါသနည်း၊ အမြတ်ဆုံးသညာ များစွာတို့ကိုလည်း ပညတ်ပါသနည်း။

ပေါဋ္ဌပါဒ အကြင် အကြင် အခြင်းအရာဖြင့် ချုပ်ခြင်းသို့ရောက်၏၊ ထိုထို အခြင်းအရာဖြင့် ငါသည် အမြတ်ဆုံး သညာကို ပညတ်၏၊ ပေါဋ္ဌပါဒ ဤသို့လျှင် ငါသည် အမြတ်ဆုံးသညာ တပါးတည်းကိုလည်း ပညတ်၏၊ အမြတ်ဆုံးသညာ များစွာတို့ကိုလည်း ပညတ်၏။

၄၁၆။ အသျှင်ဘုရား သညာသည် ရှေးဦးဖြစ်၍ ဉာဏ်သည် နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်သည် ရှေးဦးဖြစ်၍ သညာသည် နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် သညာနှင့် ပညာတို့သည် မရှေးမနှောင်း (တပြိုင်တည်း)ဖြစ်ပါကုန်သလော။

ပေါဋ္ဌပါဒ သညာသည် ရှေးဦးဖြစ်ပေါ်၏၊ ဉာဏ်သည် နောက်မှ ဖြစ်၏၊ သညာဖြစ်ပေါ်ခြင်း ကြောင့်သာလျှင် ဉာဏ်ဖြစ်ပေါ်ရ၏၊ ထို(ရဟန်း)သည် "ဤ(သညာဖြစ်ပေါ်ခြင်းဟူသော) အကြောင်းကြောင့် ငါ့အား ဉာဏ်ဖြစ်ပေါ်၏" ဟု ဤသို့ သိ၏၊ ပေါဋ္ဌပါဒ "သညာသည် ရှေးဦးဖြစ်၏၊ ဉာဏ်သည် နောက်မှ ဖြစ်၏၊ သညာဖြစ်ပေါ်ခြင်းကြောင့်သာလျှင် ဉာဏ်ဖြစ်ပေါ်ရ၏" ဟူသော ဤအချက်ကို ဤ(ဆိုခဲ့သော) အကြောင်းဖြင့် သိအပ်၏။

http://www.dhammadownload.com

သညာသည် အတ္တ ဟုတ် မဟုတ်ပြဆိုရာ

၄၁၇။ အသျှင်ဘုရား သညာသည် သတ္တဝါ၏ အတ္တလော၊ သို့မဟုတ် သညာတခြား အတ္တ တခြားလော။

ပေါဋ္ဌပါဒ သင်သည် အဘယ်သို့သော အတ္တကို ယုံကြည်သနည်း။

အသျှင်ဘုရား အကျွန်ုပ်သည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော ကြမ်းတမ်းထင်ရှားသော အတ္တကို ယုံကြည်ပါ၏။

ပေါဋ္ဌပါဒ သင်၏ (အယူ၌) အတ္တသည် မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော ကြမ်းတမ်းထင်ရှားသော အရာဖြစ်ငြားအံ့၊ ပေါဋ္ဌပါဒ ဤသို့ ဖြစ်လျှင် သင်၏ (အယူ၌) သညာတခြား အတ္တတခြား ဖြစ်ရာ၏၊ ပေါဋ္ဌပါဒ သညာတခြား အတ္တတခြား ဖြစ်သော ထိုအချက်ကို ဤ (ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိအပ်၏၊

ပေါဋ္ဌပါဒ သင်၏ (အယူ၌) မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော ကြမ်းတမ်းထင်ရှားသော ထိုအတ္တသည် တည်မြဲတည်နေသည်သာ ဖြစ်ပါလျက် ဤသတ္တဝါ၏ အခြားသညာတို့သည်ကား ဖြစ်ကုန်၏၊ အခြားသညာတို့သည်ကား ချုပ်ကုန်၏၊ ပေါဋ္ဌပါဒ သညာတခြား အတ္တတခြား ဖြစ်ရသော ထိုအချက်ကို ဤ (ဆိုခဲ့သော) အကြောင်းဖြင့် သိအပ်၏။

၄၁၈။ အသျှင်ဘုရား အကျွန်ုပ်သည် အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော (စျာန်)စိတ်ဖြင့်ပြီးသော အတ္တကို ယုံကြည်ပါ၏။

ပေါဋ္ဌပါဒ သင်၏ (အယူ၌) အတ္တသည် အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော (စျာန်)စိတ်ဖြင့်ပြီးသော အရာဖြစ်ငြားအံ့၊ ပေါဋ္ဌပါဒ ဤသို့ဖြစ်လျှင်လည်း သင်၏ (အယူ၌) သညာ တခြား အတ္တတခြား ဖြစ်လတ္တံ့၊ ပေါဋ္ဌပါဒ သညာတခြား အတ္တတခြား ဖြစ်ရသော ထို(အချက်) ကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိအပ်၏။

ပေါဋ္ဌပါဒ သင်၏ (အယူ၌) အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော (စျာန်)စိတ် ဖြင့်ပြီးသော ထိုအတ္တသည် တည်မြဲတည်နေသည်သာ ဖြစ်ပါလျက် ဤသတ္တဝါအား အခြားသညာတို့ သည်ကား ဖြစ်ကုန်၏၊ အခြား သညာတို့သည်ကား ချုပ်ကုန်၏၊ ပေါဋ္ဌပါဒ သညာတခြား အတ္တ တခြား ဖြစ်ရသော ထိုအချက်ကို ဤ(ဆိုခဲ့သော) အကြောင်းဖြင့်လည်း သိအပ်၏။

၄၁၉။ အသျှင်ဘုရား အကျွန်ုပ်သည် ရုပ်မရှိသော သညာဖြင့်ပြီးသော အတ္တကို ယုံကြည်ပါ၏။

ပေါဋ္ဌပါဒ သင်၏ (အယူ၌) အတ္တသည် ရုပ်မရှိသော သညာဖြင့်ပြီးသော အရာဖြစ်ငြားအံ့၊ ပေါဋ္ဌပါဒ ဤသို့ဖြစ်လျှင်လည်း သင်၏ (အယူ၌) သညာတခြား အတ္တတခြား ဖြစ်ရာ၏၊ ပေါဋ္ဌပါဒ သညာတခြား အတ္တတခြား ဖြစ်ရသော ထိုအချက်ကို ဤ(ဆိုလတ္တံ့သော) အကြောင်းဖြင့်လည်း သိအပ်၏။

http://www.dhammadownload.com

ပေါဋ္ဌပါဒ သင်၏ (အယူ၌) ရုပ်မရှိသော သညာဖြင့်ပြီးသော ထိုအတ္တသည် တည်မြဲတည်နေသည်သာဖြစ်ပါလျက် ဤသတ္တဝါအား တခြား သညာတို့သည်ကား ဖြစ်ကုန်၏၊ တခြား သညာတို့သည်ကား ချုပ်ကုန်၏၊ ပေါဋ္ဌပါဒ သညာတခြား အတ္တတခြား ဖြစ်ရသော ထိုအချက်ကို ဤ(ဆိုခဲ့သော) အကြောင်းဖြင့်လည်း သိအပ်၏။

၄၂၀။ အသျှင်ဘုရား "သညာသည် သတ္တဝါ၏ အတ္တ"ဟူ၍၎င်း "သညာတခြား အတ္တတခြား" ဟူ၍၎င်း ဤအရာကို အကျွန်ုပ် သိနိုင်ပါမည်လော။

ပေါဋ္ဌပါဒ သင်သည် တပါးသော အယူရှိသူ တပါးသော ယုံကြည်ခြင်းရှိသူ တပါးသော အလိုရှိသူ တပါး(သော အကျင့်)၌ အားထုတ်ခြင်းရှိသူ တပါး(သော သာသနာ)၌ ဆရာရှိသူ ဖြစ်၍"သညာသည် သတ္တဝါ၏ အတ္တ"ဟူ၍၎င်း "သညာတခြား အတ္တတခြား"ဟူ၍၎င်း ဤအရာကို သိနိုင်ခဲ၏။

အသျှင်ဘုရား အကျွန်ုပ်သည် တပါးသော အယူရှိသူ တပါးသော ယုံကြည်ခြင်းရှိသူ တပါးသော အလိုရှိသူ တပါး(သော အကျင့်)၌ အားထုတ်ခြင်းရှိသူ တပါး(သော သာသနာ)၌ ဆရာရှိသူ ဖြစ်၍ "သညာသည် သတ္တဝါ၏ အတ္တ" ဟူ၍ ၎င်း "သညာတခြား အတ္တတခြား " ဟူ၍ ၎င်း ဤအရာကို အကယ်၍ သိနိုင်ခဲငြားအံ့၊ အသျှင်ဘုရား လောကသည် မြဲပါသလော၊ (လောကသည်မြဲ၏ ဆိုသော)ဤ(အယူ)သည်သာလျှင် မှန်၍ တပါး(သော အယူ)သည် မှားပါသလော။

ပေါဋ္ဌပါဒ လောကသည် မြဲ၏ဆိုသော ဤ(အယူ)သည်သာလျှင် မှန်၍ တပါး(သော အယူ) သည် မှား၏ ဟူသော ဤအရာကို ငါမဖြေကြား။

အသျှင်ဘုရား လောကသည် မမြဲပါသလော၊ (လောကသည် မမြဲဆိုသော)ဤ(အယူ)သည်သာလျှင် မှန်၍ တပါး(သော အယူ)သည် မှားပါသလော။

ပေါဋ္ဌပါဒ လောကသည် မမြဲဆိုသော ဤ(အယူ)သည်သာလျှင် မှန်၍ တပါး(သော အယူ) သည် မှား၏ဟူသော ဤအရာကိုလည်း ငါ မဖြေကြား။

အသျှင်ဘုရား လောကသည် အဆုံးရှိပါသလော။ပ။ လောကသည် အဆုံးမရှိပါသလော။ ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်ပါလော။ အသက်သည် တခြား ကိုယ်သည် တခြားပါလော။ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိပါသလော။ သတ္တဝါသည် သေပြီးသည့် နောက်၌မရှိပါသလော။ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်းမရှိပါသလော။ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ပါသလော။ (သတ္တဝါ သည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ် ဟု ဆိုသော) ဤ (အယူ) သည်သာလျှင် မှန်၍ တပါး(သော အယူ)သည် မှားပါသလော။

ပေါဋ္ဌပါဒ "သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်" ဟု ဆိုသော ဤ(အယူ)သည်သာလျှင် မှန်၍ တပါး(သော အယူ)သည် မှား၏ ဟူသော ဤအရာကို လည်း ငါမဖြေကြား။

အသျှင်ဘုရား မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤအရာစုကို မဖြေကြားပါသနည်း။

ပေါဋ္ဌပါဒ ဤအရာစုသည် အကျိုးစီးပွါးနှင့် မစပ်၊ (လောကုတ္တရာ) တရားနှင့် မစပ်၊ အကျင့် မြတ်၏ အစမျှပင်မဟုတ်၊ ငြီးငွေ့ရန်အလို့ငှါမဖြစ်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါမဖြစ်၊ (ဝဋ်ဆင်းရဲ)

http://www.dhammadownload.com

ချုပ်ရန်အလို့ငှါမဖြစ်၊ (ကိလေသာ)ငြိမ်းရန်အလို့ငှါ မဖြစ်၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ မဖြစ်၊ (သစ္စာလေးပါးကို)သိရန်အလို့ငှါ မဖြစ်၊ နိဗ္ဗာန်(ကို မျက်မှောက်ပြုရန်)အလို့ငှါ မဖြစ်၊ ထို့ကြောင့် ထိုအရာစုကို ငါမဖြေကြား။

အသျှင်ဘုရား မြတ်စွာဘုရားသည် အဘယ်အရာကို ဖြေကြားပါသနည်း။

ပေါဋ္ဌပါဒ ဤကားဆင်းရဲတည်းဟု ငါဖြေကြား၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်းတည်း ဟု ငါဖြေကြား၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်းဟု ငါဖြေကြား၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း ဟု ငါဖြေကြား၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် အဘယ့်ကြောင့် ဤအရာစုကို ဖြေကြားပါသနည်း။

ပေါဋ္ဌပါဒ ဤအရာစုသည် အကျိုးစီးပွါးနှင့်စပ်၏၊ (လောကုတ္တရာ)တရားနှင့်စပ်၏၊ အကျင့်မြတ်၏ အစဖြစ်၏၊ ငြီးငွေ့ရန်အလို့ငှါဖြစ်၏၊ တပ်မက်ခြင်းကင်းရန်အလို့ငှါဖြစ်၏၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါဖြစ်၏၊ (ကိလေသာ)ငြိမ်းရန်အလို့ငှါဖြစ်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်၏၊ (သစ္စာလေးပါးကို)သိရန် အလို့ငှါဖြစ်၏၊ နိဗ္ဗာန်(ကို မျက်မှောက်ပြုရန်)အလို့ငှါ ဖြစ်၏၊ ထို့ကြောင့် ဤအရာစုကို ငါဖြေကြား၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏၊ အသျှင်ဘုရား ယခုအခါ၌ ကြွရန် အချိန်ကို မြတ်စွာဘုရား သိတော်မူပါ၏ (ကြွရန်မှာ အသျှင်ဘုရား၏ အလိုအတိုင်းပင် ဖြစ်ပါသည်) ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် နေရာမှထကာ ဖဲခွါကြွသွားတော်မူလေ၏။

၄၂၁။ ထိုအခါ ပရိဗိုဇ်တို့သည် မြတ်စွာဘုရား ဖဲခွါကြွသွား၍ မကြာမြင့်မီ ပေါဋ္ဌပါဒပရိဗိုဇ်ကို ထက်ဝန်းကျင်မှ နှုတ်နှင့်တံဖြင့် ဝိုင်းအုံ၍ ထိုးဆွကုန်၏ (ပုတ်ခတ်ပြောဆိုကုန်၏)—

“ဤအသျှင် ပေါဋ္ဌပါဒသည် ထိုရဟန်းဂေါတမ ဆိုတိုင်းဆိုတိုင်းသော စကားကိုသာလျှင် ‘ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏’ ဟု ဤသို့ချည်း ကောင်းချီးခေါ်ဘိ၏။

သို့ရာတွင် ‘လောကသည် မြဲ၏’ ဟူ၍ ၎င်း ‘လောကသည် မမြဲ’ ဟူ၍ ၎င်း ‘လောကသည် အဆုံးရှိ၏’ ဟူ၍ ၎င်း ‘လောကသည် အဆုံးမရှိ’ ဟူ၍ ၎င်း ‘ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ်မည်၏’ ဟူ၍ ၎င်း ‘အသက်သည် တခြား ကိုယ်သည် တခြား’ ဟူ၍ ၎င်း ‘သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိ၏’ ဟူ၍ ၎င်း ‘သတ္တဝါသည် သေပြီးသည့်နောက်၌မရှိ’ ဟူ၍ ၎င်း ‘သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်းမရှိ’ ဟူ၍ ၎င်း ‘သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်’ ဟူ၍ ၎င်း ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သော တရားတစုံတရာကိုမျှ အကျွန်ုပ်တို့မသိရပါကုန်” ဟု ပုတ်ခတ် ပြောဆိုကုန်၏။

ဤသို့ဆိုသော် ပေါဋ္ဌပါဒပရိဗိုဇ်သည် ထိုပရိဗိုဇ်တို့အား ဤစကားကို ဆို၏—

http://www.dhammadownload.com

"အချင်းတို့ 'လောကသည် မြဲ၏' ဟူ၍ငင်း 'လောကသည် မမြဲ' ဟူ၍ငင်း။ပ။ 'သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်' ဟူ၍ ငင်း ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သော တရားတစုံတရာကိုမျှ ငါသည်လည်း မသိရပါ၊ သို့သော်လည်း ရဟန်းဂေါတမသည် ဟုတ်သော မှန်သော မဖောက်ပြန်သော (လောကုတ္တရာ) ဓမ္မ၌တည်သောသဘောရှိသော (လောကုတ္တရာ) ဓမ္မနိယာမအားဖြင့်မြဲသော အကျင့်ကို ဟောပြပေ၏၊ ဟုတ်သော မှန်သော မဖောက်ပြန်သော (လောကုတ္တရာ) ဓမ္မ၌တည်သော သဘောရှိသော (လောကုတ္တရာ) ဓမ္မနိယာမအားဖြင့်မြဲသော အကျင့်ကို ဟောပြသော ရဟန်း ဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကားအနေဖြင့် ငါသို့သော သိတတ်သူသည် အဘယ့်ကြောင့် ကောင်းချီးမခေါ်ပဲရှိအံ့နည်း" ဟု ဆို၏။

ဆင်ဆရာ့သားစိတ္တ နှင့် ပေါဋ္ဌပါဒပရိဗိုဇ်ဝတ္ထု

၄၂၂။ ထို့နောက် နှစ်ရက် သုံးရက် လွန်သောအခါ ဆင်ဆရာ့သားစိတ္တနှင့် ပေါဋ္ဌပါဒပရိဗိုဇ် တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၏၊ ချဉ်းကပ်ကြပြီးလျှင် ဆင်ဆရာ့သားစိတ္တသည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသော နေရာ၌ ထိုင်၏၊ ပေါဋ္ဌပါဒပရိဗိုဇ်သည်ကား မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်)ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံး စေ၍ တခုသော နေရာ၌ထိုင်၏၊ တခုသောနေရာ၌ထိုင်ပြီးသော် ပေါဋ္ဌပါဒပရိဗိုဇ်သည် မြတ်စွာဘုရား အား ဤစကားကို လျှောက်၏—

အသျှင်ဘုရား မြတ်စွာဘုရားကြွသွား၍ မကြာမြင့်မီ ထိုအခါ၌ ထိုပရိဗိုဇ်တို့သည် အကျွန်ုပ်ကို ထက်ဝန်းကျင်မှ နှုတ်နှင်တံဖြင့် ဝိုင်းအုံ၍ ထိုးဆွကြပါကုန်၏ (ပုတ်ခတ်ပြောဆိုကြပါကုန်၏)။

"ဤအသျှင် ပေါဋ္ဌပါဒသည် ထိုရဟန်းဂေါတမ ဆိုတိုင်းဆိုတိုင်းသော စကားကိုသာလျှင် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏၊ ကောင်း သောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤ(စကား)သည် ဤအတိုင်းပင် မှန်ပါပေ၏' ဟု ဤသို့ ချည်း ကောင်းချီးခေါ်ဘိ၏၊ သို့ရာတွင် 'လောကသည် မြဲ၏' ဟူ၍ငင်း 'လောကသည် မမြဲ'ဟူ၍ငင်း 'လောကသည် အဆုံးရှိ၏'ဟူ၍ငင်း 'လောကသည် အဆုံးမရှိ' ဟူ၍ငင်း 'ထို(ကိုယ်)သည်ပင် အသက် ထို (အသက်)သည်ပင် ကိုယ်မည်၏' ဟူ၍ငင်း 'အသက် သည် တခြား ကိုယ်သည် တခြား' ဟူ၍ငင်း 'သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိ၏' ဟူ၍ငင်း 'သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိ' ဟူ၍ငင်း 'သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်း မရှိ" ဟူ၍ငင်း 'သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်' ဟူ၍ငင်း ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သော တရား တစုံတရာကိုမျှ ငါတို့ မသိရကုန်" ဟု ပုတ်ခတ်ပြောဆိုကြပါကုန်၏။

အသျှင်ဘုရား ဤသို့ ဆိုကြသော် အကျွန်ုပ်သည် ထိုပရိဗိုဇ်တို့အား ဤသို့ ဖြေရှင်းခဲ့ပါ၏။

"အချင်းတို့ 'လောကသည် မြဲ၏' ဟူ၍ငင်း 'လောကသည် မမြဲ'ဟူ၍ငင်း။ပ။ 'သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်' ဟူ၍ငင်း ရဟန်းဂေါတမ ဟောကြားသော ကေန်ဖြစ်သော တရားတစုံတရာကိုမျှ ငါသည်လည်း မသိရပါ၊ သို့သော် လည်း ရဟန်းဂေါတမသည် ဟုတ်သော မှန်သော မဖောက်ပြန်သော (လောကုတ္တရာ)ဓမ္မ၌ တည်သောသဘောရှိသော (လောကုတ္တရာ)ဓမ္မနိယာမအားဖြင့်မြဲသော အကျင့်ကို ဟောပြ

http://www.dhammadownload.com

ပေ၏၊ ဟုတ်သော မှန်သော မဖောက်ပြန်သော (လောကုတ္တရာ)မဖွဲ့တည်သောသဘောရှိသော (လောကုတ္တရာ) ဓမ္မနိယာမအားဖြင့်မြဲသော အကျင့်ကို ဟောပြသော ရဟန်းဂေါတမ၏ ကောင်းသောစကားကို ကောင်းသောစကား အနေဖြင့် ငါသို့သော သိတတ်သူသည် အဘယ့်ကြောင့် ကောင်းချီးမခေါ်ပဲရှိအံ့နည်း" ဟု ဖြေရှင်းခဲ့ပါသည် ဟူ၍ လျှောက်၏။

၄၂၃။ ပေါဋ္ဌပါဒ ထိုပရိဗိုဇ်အားလုံးတို့သည် (ပညာ)မျက်စိ ကန်းကုန်၏၊ (ပညာ)မျက်စိ မရှိကုန်၊ ထိုပရိဗိုဇ်တို့တွင် သင်တယောက်ထည်းသာ (ပညာ)မျက်စိရှိ၏။

ပေါဋ္ဌပါဒ ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရားတို့ကိုလည်း ငါသည် (ကေန်နိဗ္ဗာန်ရောက်ကြောင်းတရားတို့ ဟု) ဟောကြား ဖော်ပြ၏။

ပေါဋ္ဌပါဒ ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားတို့ကိုလည်း ငါသည် (ကေန် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သောတရားတို့ ဟု) ဟောကြား ဖော်ပြ၏။

ပေါဋ္ဌပါဒ ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားတို့ ဟု ငါ ဟောကြား ဖော်ပြသော ထိုတရားတို့ကား အဘယ်နည်း။

ကေန်(နိဗ္ဗာန်ရောက်ကြောင်း)မဟုတ်သော တရားများ

ပေါဋ္ဌပါဒ လောကသည် မြဲ၏ ဟူသည်ကိုလည်း ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရား ဟု ငါသည် ဟောကြားဖော်ပြ၏၊ ပေါဋ္ဌပါဒ လောကသည် မမြဲဟူသည်ကိုလည်း ကေန်(နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရား ဟု ငါသည် ဟောကြားဖော်ပြ၏၊ ပေါဋ္ဌပါဒ လောကသည် အဆုံးရှိ၏ ဟူသည်ကိုလည်း။ပ။ ပေါဋ္ဌပါဒ လောကသည် အဆုံးမရှိဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ ထို(ကိုယ်)သည်ပင် အသက် ထို(အသက်)သည်ပင် ကိုယ် ဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ အသက်သည် တခြား ကိုယ်သည်တခြား ဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိ၏ ဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ သတ္တဝါသည် သေပြီးသည့်နောက်၌ မရှိဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိလည်းရှိ မရှိလည်းမရှိ ဟူသည်ကိုလည်း။ ပေါဋ္ဌပါဒ သတ္တဝါသည် သေပြီးသည့်နောက်၌ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ် ဟူသည်ကိုလည်း ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရား ဟု ငါသည် ဟောကြား ဖော်ပြ၏။

ပေါဋ္ဌပါဒ အဘယ့်ကြောင့် ထိုတရားတို့ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားတို့ ဟု ငါသည် ဟောကြား ဖော်ပြသနည်း။

ပေါဋ္ဌပါဒ ထို (တရား) တို့သည် အကျိုးစီးပွါးနှင့် မစပ်ကုန်၊ (လောကုတ္တရာ) တရားနှင့် မစပ်ကုန်၊ အကျင့်မြတ်၏ အစမျှပင် မဟုတ်ကုန်၊ ငြီးငွေ့ရန် အလို့ငှါ မဖြစ်ကုန်၊ တပ်မက်ခြင်းကင်းရန် အလို့ငှါ မဖြစ်ကုန်၊ (ဝဋ်ဆင်းရဲ) ချုပ်ရန်အလို့ငှါ မဖြစ်ကုန်၊ (ကိလေသာ) ငြိမ်းရန်အလို့ငှါ မဖြစ်ကုန်၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ မဖြစ်ကုန်၊ (သစ္စာလေးပါး) ကို သိရန်အလို့ငှါ မဖြစ်ကုန်၊ နိဗ္ဗာန် (ကို မျက်မှောက်ပြုရန်) အလို့ငှါ မဖြစ်ကုန်၊ ထို့ကြောင့် ထိုတရားတို့ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း) မဟုတ်သော တရားတို့ ဟု ငါသည် ဟောကြား ဖော်ပြပေ၏။

ကေန်(နိဗ္ဗာန်ရောက်ကြောင်း)တရားများ

၄၂၄။ ပေါဋ္ဌပါဒ ကေန်(နိဗ္ဗာန်ရောက်ကြောင်း)တရားတို့ ဟု ငါဟောကြား ဖော်ပြသော ထိုတရားတို့ကား အဘယ်နည်း။

http://www.dhammadownload.com

ပေါဋ္ဌပါဒ ဤကား ဆင်းရဲတည်း ဟူသည်ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း) တရား ဟု ငါသည် ဟောကြား ဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲဖြစ်ကြောင်းတည်း ဟူသည်ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရား ဟု ငါသည် ဟောကြား ဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း ဟူသည်ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရား ဟု ငါသည် ဟောကြား ဖော်ပြ၏၊ ပေါဋ္ဌပါဒ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း ဟူသည်ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရား ဟု ငါသည် ဟောကြား ဖော်ပြ၏။

ပေါဋ္ဌပါဒ အဘယ့်ကြောင့် ထိုတရားတို့ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း) တရား ဟု ငါသည် ဟောကြား ဖော်ပြသနည်း။

ပေါဋ္ဌပါဒ ဤတရားတို့သည် အကျိုးစီးပွါးနှင့် စပ်ကုန်၏၊ (လောကုတ္တရာ) တရားနှင့် စပ်ကုန်၏၊ အကျင့်မြတ်၏ အစဖြစ်ကုန်၏၊ ငြီးငွေ့ရန် အလို့ငှါ ဖြစ်ကုန်၏၊ တပ်မက်ခြင်းကင်းရန် အလို့ငှါဖြစ်ကုန်၏၊ (ဝဋ္ဋဆင်းရဲ) ချုပ်ရန်အလို့ငှါ ဖြစ်ကုန်၏၊ (ကိလေသာ) ငြိမ်းရန် အလို့ငှါ ဖြစ်ကုန်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်ကုန်၏၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါ ဖြစ်ကုန်၏၊ နိဗ္ဗာန်ကို (မျက်မှောက်ပြုရန်) အလို့ငှါ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုတရားတို့ကို ကေန် (နိဗ္ဗာန်ရောက်ကြောင်း)တရားတို့ ဟု ငါသည် ဟောကြား ဖော်ပြပေ၏။

၄၂၅။ ပေါဋ္ဌပါဒ "အတ္တသည် စင်စစ် ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိ" ဟု ဤသို့ ဆိုလေ့ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏ အချို့တို့သည် ရှိကုန်၏၊ ငါသည် ထိုသူတို့အထံသို့ ချဉ်းကပ်၍ ဤသို့ မေး၏—

"အသျှင်တို့ အတ္တသည် စင်စစ်ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိ ဟု သင်တို့သည် ဤသို့ ဆိုလေ့ယူလေ့ ရှိကုန်၏ ဟူသည်မှာ မှန်သလော"။

ဤသို့ ငါမေးသော် ထိုသူတို့သည် "မှန်ပါ၏" ဟု ဝန်ခံကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ စင်စစ်ချမ်းသာသော လောကကို သင်တို့ သိမြင်၍ နေကုန်သလော"။

ဤသို့မေးသော် "သိမြင်၍ မနေပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ တညဉ့်ဖြစ်စေ တနေ့ဖြစ်စေ ညဉ့်ဝက်ဖြစ်စေ နေ့ဝက်ဖြစ်စေ စင်စစ်ချမ်းသာသော အတ္တကို သင်တို့ကိုယ်တိုင် တွေ့သိနေကုန်သလော"။

ဤသို့မေးသော် "တွေ့သိမနေပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ စင်စစ်ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ဤကား လမ်းတည်း ဤကား အကျင့်တည်း ဟု သင်တို့ သိကုန်သလော"။

ဤသို့မေးသော် "မသိပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ 'အချင်းတို့ စင်စစ်ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာ ကျင့်ကုန်လော့၊ ဖြောင့်မတ်စွာ ကျင့်ကုန်လော့၊ အချင်းတို့ ငါတို့သည်လည်း ဤသို့ ကျင့်

http://www.dhammadownload.com

ကုန်သော့ကြောင့် စင်စစ် ချမ်းသာသော လောကသို့ ရောက်ရကုန်၏’ ဟု စင်စစ်ချမ်းသာသော လောကသို့ ရောက်နေသော နတ်တို့၏ ပြောဆိုသံကို သင်တို့ ကြားရကုန်သလော”။

ဤသို့ ငါမေးသော် “မကြားရပါကုန်” ဟု ဆိုကုန်၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ် [1] မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသော စကား မချွတ်ပင် ဖြစ်နေပါသည်။

၄၂၆။ ပေါဋ္ဌပါဒ ဥပမာသော်ကား “ငါသည် ဤနိုင်ငံတွင် အလှမယ် (ဇနပဒကလျာဏီ)ကို လိုချင်၏ ချစ်ကြိုက်၏” ဟု ဆိုသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားကို ဤသို့ မေးကုန်ရာ၏—

“အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော အလှမယ် (ဇနပဒကလျာဏီ)ကို မင်းအမျိုးသမီးဟူ၍ရှင်း, ပုဏ္ဏားအမျိုးသမီးဟူ၍ရှင်း, ကုန်သည် အမျိုးသမီးဟူ၍ရှင်း, ဆင်းရဲသား အမျိုးသမီးဟူ၍ရှင်း သိပါ၏လော”။

ဤသို့မေးသော် “မသိပါ” ဟု ဖြေဆိုရာ၏။

ထိုယောကျ်ားကို ဤသို့ မေးကုန်ပြန်ရာ၏—

“အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော အလှမယ် (ဇနပဒကလျာဏီ)ကို ဤအမည် ရှိ၏ ဟူ၍ရှင်း, ဤအမျိုးအနွယ်ဖြစ်၏ ဟူ၍ရှင်း, (အရပ်) မြင့်၏ ဟူ၍ရှင်း, (အရပ်) နိမ့်၏ ဟူ၍ရှင်း, အလတ်စား (မမြင့်မနိမ့်) ဖြစ်၏ ဟူ၍ရှင်း, (အသား) မည်း၏ ဟူ၍ရှင်း, (အသား) ဝါ၏ ဟူ၍ရှင်း, (အသား) ညို၏ ဟူ၍ရှင်း, ဤ (မည်သော) ရွာ၌နေ၏ ဟူ၍ရှင်း, ဤ (မည်သော) နိဂုံး၌ နေ၏ ဟူ၍ရှင်း, ဤ(မည်သော) မြို့၌နေ၏ ဟူ၍ရှင်း သိပါ၏လော”။

ဤသို့မေးသော် “မသိပါ” ဟုဖြေဆိုရာ၏။

ထိုယောကျ်ားကို ဤသို့ မေးကုန်ပြန်ရာ၏—

“အချင်းယောကျ်ား သင်သည် မသိမမြင်ဘူးသူကို လိုချင် ချစ်ကြိုက်နေသလော”။

ဤသို့မေးသော် “ဟုတ်ပါ၏” ဟု ဖြေဆိုရာ၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်ပါလော။

အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါသည်။

ဤအတူပင် ပေါဋ္ဌပါဒ “အတ္တာသည် စင်စစ် ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိ” ဟု ဤသို့ ဆိုလေ့ ယူလေ့ရှိကုန်သော ထိုသမဏဗြာဟ္မဏတို့ကို ငါသည် ဤသို့ မေး၏—

“အသျှင်တို့ အတ္တာသည် စင်စစ်ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်း မရှိဟု သင်တို့သည် ဤသို့ ဆိုလေ့ယူလေ့ရှိကုန်၏ ဟူသည်မှာ မှန်ပါသလော”။

၁။ အပ္ပါဋိဟီရကတန္တိ အနိယျာနိကံ အမူလကံ နိရတ္ထကံ သမ္ပဇ္ဇတိ။
(မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စူဠသကုလုဒါယိ သုတ်အဖွင့်)

http://www.dhammadownload.com

ဤသို့ ငါမေးသော် ထိုသူတို့သည် "မှန်ပါ၏" ဟု ဝန်ခံကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ စင်စစ် ချမ်းသာသော လောကကို သင်တို့ သိမြင်၍ နေကုန်သလော"။

ဤသို့ မေးသော် "သိမြင်၍ မနေကုန်ပါ" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ တညဉ့်ဖြစ်စေ တနေ့ဖြစ်စေ ညဉ့်ဝက်ဖြစ်စေ နေ့ဝက်ဖြစ်စေ စင်စစ် ချမ်းသာသော အတ္တကို သင်တို့ကိုယ်တိုင် တွေ့သိနေကုန်သလော"။

ဤသို့မေးသော် "တွေ့သိမနေပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ စင်စစ်ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ဤကား လမ်းတည်း ဤကား အကျင့်တည်းဟု သင်တို့ သိကုန်သလော"။

ဤသို့မေးသော် "မသိပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ 'အချင်းတို့ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာ ကျင့်ကုန်လော့၊ ဖြောင့်မတ်စွာ ကျင့်ကုန်လော့၊ အချင်းတို့ ငါတို့သည်လည်း ဤသို့ကျင့်ကုန်သောကြောင့် စင်စစ် ချမ်းသာသော လောကသို့ ရောက်ရကုန်၏' ဟု စင်စစ် ချမ်းသာသော လောကသို့ ရောက်၍နေသော နတ်တို့၏ ပြောဆိုသံကို သင်တို့ ကြားရကုန်သလော"။

ဤသို့မေးသော် "မကြားရပါကုန်" ဟု ဆိုကုန်၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသော စကား မချွတ်ပင် ဖြစ်နေပါသည်။

၄၂၇။ ပေါဋ္ဌပါဒ ဥပမာသော်ကား လမ်းမလေးခုဆုံရာ၌ ပြာသာဒ်(ထက်)သို့ တက်ရန် လှေကားကို ပြုနေသော ယောကျာ်းသည် ရှိရာ၏၊ ထို (ယောကျာ်း)ကို ဤသို့ မေးကုန်ရာ၏—

"အချင်းယောကျာ်း ပြာသာဒ် (ထက်) သို့ တက်ရန် လှေကားကို ပြုသော သင်သည် ထို ပြာသာဒ်ကို အရှေ့အရပ်၌ (ရှိ၏ ဟူ၍) ငှင်း, တောင်အရပ်၌ (ရှိ၏ ဟူ၍) ငှင်း, အနောက်အရပ်၌ (ရှိ၏ ဟူ၍) ငှင်း, မြောက်အရပ်၌ (ရှိ၏ ဟူ၍) ငှင်း, မြင့်၏ ဟူ၍ငှင်း, နိမ့်၏ ဟူ၍ငှင်း, အလတ်စား (မနိမ့်မမြင့်) ဖြစ်၏ ဟူ၍ငှင်း သိပါ၏လော"။

ဤသို့ မေးသော် "မသိပါ" ဟု ဖြေဆိုရာ၏၊ ထိုယောကျာ်းကို ဤသို့ မေးမြန်းကုန်ရာ၏—

"အချင်းယောကျာ်း သင်သည် မသိမမြင်ရသော ပြာသာဒ်(ထက်)သို့တက်ရန် လှေကားကို ပြုဘိသလော"။

ဤသို့ မေးကုန်သော် "ဟုတ်ပါ၏" ဟု ဖြေဆိုရာ၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်လျှင် ထိုယောကျာ်း၏ စကားသည် အခြေအမြစ် မရှိသောစကား ဖြစ်နေသည်မဟုတ်လော။

http://www.dhammadownload.com

အသျှင်ဘုရား ဤသို့ ဖြစ်လျှင် ထိုယောက်ျား၏ စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါသည်။

ဤအတူပင် ပေါဋ္ဌပါဒ "အတ္တသည် စင်စစ်ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိ" ဟု ဤသို့ ဆိုလေ့ ယူလေ့ရှိကုန်သော ထိုသမဏဗြာဟ္မဏတို့ အထံသို့ ချဉ်းကပ်၍ ငါသည် ဤသို့ မေး၏—

"အသျှင်တို့ အတ္တသည် စင်စစ်ချမ်းသာ၏၊ သေပြီးသည့်နောက်၌ ပျက်စီးခြင်းမရှိ ဟု သင်တို့သည် ဤသို့ ဆိုလေ့ ယူလေ့ ရှိကုန်၏ ဟူသည်မှာ မှန်သလော"။

ဤသို့ ငါမေးသော် ထိုသူတို့သည် "မှန်ပါ၏" ဟု ဝန်ခံကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ သင်တို့သည် စင်စစ်ချမ်းသာသော လောကကို သိမြင်၍ နေကုန်သလော"။

ဤသို့မေးသော် "သိမြင်၍ မနေပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ ဖြစ်မူ တညဉ့်ဖြစ်စေ တနေ့ဖြစ်စေ ညဉ့်ဝက်ဖြစ်စေ နေ့ဝက်ဖြစ်စေ စစ်စစ် ချမ်းသာသော လောကကို သင်တို့ တွေ့သိနေကုန်သလော"။

ဤသို့ မေးသော် "တွေ့သိမနေပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ဤကား လမ်းတည်း, ဤကား အကျင့်တည်း ဟု သင်တို့ သိကုန်သလော"။

ဤသို့ငါမေးသော် "မသိပါကုန်" ဟု ဖြေဆိုကုန်၏၊ ငါသည် ထိုသူတို့ကို ဤသို့ မေးပြန်၏—

"အသျှင်တို့ ထိုသို့ဖြစ်မူ 'အချင်းတို့ စင်စစ်ချမ်းသာသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာကျင့်ကုန်လော့၊ ဖြောင့်မတ်စွာ ကျင့်ကုန်လော့၊ အချင်းတို့ ငါတို့သည်လည်း ဤသို့ ကျင့်ကုန်သောကြောင့် စင်စစ်ချမ်းသာသော လောကသို့ရောက်ရကုန်၏' ဟု စင်စစ် ချမ်းသာသော လောကသို့ ရောက်နေသော နတ်တို့၏ ပြောဆိုသံကို သင်တို့ ကြားရကုန်သလော"။

ဤသို့မေးသော် "မကြားရပါကုန်" ဟု ဖြေဆိုကုန်၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုသမဏဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသော စကား မချွတ်ပင် ဖြစ်ပါနေသည်။

အတ္တဘောရခြင်းသုံးမျိုး

၄၂၈။ ပေါဋ္ဌပါဒ အတ္တဘောကို ရခြင်းတို့သည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်း[၁]၊ (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကိုရခြင်း၊ ရုပ်မရှိသော အတ္တဘောကို ရခြင်း၊ ဤသုံးပါးတို့တည်း။

၁။ အတ္တဘောကိုရခြင်း ဟူသည်မှာ ခန္ဓာကိုယ်ကိုရခြင်း, ခန္ဓာတို့၏ အသစ်ဖြစ်ခြင်းပင်တည်း။

http://www.dhammadownload.com

ပေါဋ္ဌပါဒ ကြမ်းတမ်းထင်ရှားသော အတ္တဘောကိုရခြင်း ဟူသည် အဘယ်နည်း—

မဟာဘုတ်လေးပါး အစုအဝေးဖြစ်သော အစာအာဟာရ စားသောက်သော ရုပ်ရှိသော အတ္တဘော သည်ရှိ၏၊ ဤ(အတ္တဘောကိုရခြင်း)သည် ကြမ်းတမ်းထင်ရှားသော အတ္တဘောကိုရခြင်း ပေတည်း။

(ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်း ဟူသည် အဘယ်နည်း—

အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော (ဈာန်)စိတ်ဖြင့်ပြီးသော ရုပ်ရှိသော အတ္တဘောသည် ရှိ၏၊ ဤ(အတ္တဘောကိုရခြင်း)သည်(ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကိုရခြင်း ပေတည်း။

ရုပ်မရှိသော အတ္တဘောကိုရခြင်း ဟူသည် အဘယ်နည်း—

ရုပ်မရှိသော သညာဖြင့်ပြီးသော အတ္တဘောသည် ရှိ၏၊ ဤ(အတ္တဘောကိုရခြင်း)သည် ရုပ်မရှိသော အတ္တဘောကိုရခြင်း ပေတည်း။

၄၂၉။ ပေါဋ္ဌပါဒ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်းကိုလည်း ပယ်ရန် ငါသည် တရားကိုဟော၏။

"(ငါဟောသည့်အတိုင်း ကျင့်လတ်သော်) သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့" ဟု ငါဟော၏—

ပေါဋ္ဌပါဒ သင့်အား ဤသို့သော အကြံသည် ဖြစ်သော်လည်း ဖြစ်ရာ၏၊ (ဟောသည့်အတိုင်း ကျင့်လတ်သော်) ညစ်ညူးစေတတ်သော (ကိလေသာ)တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့၊ သို့ရာတွင် နေရခြင်းသည်ကား ဆင်းရဲသည် ဖြစ်လတ္တံ့ ဟု ဖြစ်ရာ၏။

ပေါဋ္ဌပါဒ ဤအရာကို ဤသို့ မမှတ်အပ်၊ ထိုသို့ကျင့်လတ်သော် ညစ်ညူးစေတတ်သော (ကိလေသာ)တရားတို့သည်လည်း ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ) တရားတို့သည်လည်း တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရလတ္တံ့၊ ဝမ်းမြောက်ခြင်း'ပါမောဇ္ဇ' သည်၎င်း နှစ်သိမ့်ခြင်း'ပီတိ' သည်၎င်း ငြိမ်းအေးခြင်း'ပဿဒ္ဓိ' သည်၎င်း အောက်မေ့ခြင်း'သတိ' သည်၎င်း ဆင်ခြင်ခြင်း'သမ္ပဇဉ်' သည်၎င်း ချမ်းသာစွာနေရခြင်း 'သုခ' သည်၎င်း ဖြစ်လတ္တံ့။

၄၃၀။ ပေါဋ္ဌပါဒ (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းကိုလည်း ပယ်ရန် ငါသည် တရားကိုဟော၏၊

"(ဟောသည့်အတိုင်း ကျင့်လတ်သော်) သင်တို့အား ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်

http://www.dhammadownload.com

လတ္တံ့၊ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့”ဟု ငါဟော၏။

ပေါဋ္ဌပါဒ သင့်အား ဤသို့သော အကြံသည် ဖြစ်သော်လည်း ဖြစ်ရာ၏—

“(ဟောသည့်အတိုင်း ကျင့်လတ်သော်) ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေရလတ္တံ့၊ သို့ရာတွင် နေရခြင်းသည်ကား ဆင်းရဲသည် ဖြစ်လတ္တံ့”ဟု ဖြစ်ရာ၏။

ပေါဋ္ဌပါဒ ဤအရာကို ဤသို့ မမှတ်အပ်၊ ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည်လည်း ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ) တရားတို့သည်လည်း တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့၊ ဝမ်းမြောက်ခြင်း ‘ပါမောဇ္ဇ’ သည်ရင်း နှစ်သိမ့်ခြင်း ‘ပီတိ’ သည်ရင်း ငြိမ်းအေးခြင်း ‘ပဿဒ္ဓိ’ သည်ရင်း အောက်မေ့ခြင်း ‘သတိ’ သည်ရင်း ဆင်ခြင်ခြင်း ‘သမ္ပဇဉ်’ သည်ရင်း ချမ်းသာစွာနေရခြင်း ‘သုခ’ သည်ရင်း ဖြစ်လတ္တံ့။

၄၃၁။ ပေါဋ္ဌပါဒ ရုပ်မရှိသော အတ္တဘောကို ရခြင်းကိုလည်း ပယ်ရန် ငါသည် တရားကို ဟော၏၊

“(ငါဟောသည့်အတိုင်း ကျင့်လတ်သော်) သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့”ဟု ငါ ဟော၏။

ပေါဋ္ဌပါဒ သင့်အား ဤသို့သော အကြံသည် ဖြစ်သော်လည်း ဖြစ်ရာ၏—

“(ဟောသည့်အတိုင်း ကျင့်လတ်သော်) ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့၊ သို့ရာတွင် နေရခြင်းသည်ကား ဆင်းရဲသည် ဖြစ်လတ္တံ့”ဟု ဖြစ်ရာ၏။

ပေါဋ္ဌပါဒ ဤအရာကို ဤသို့ မမှတ်အပ်၊ ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည်လည်း ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ) တို့သည်လည်း တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရလတ္တံ့၊ ဝမ်းမြောက်ခြင်း ‘ပါမောဇ္ဇ’ သည်ရင်း နှစ်သိမ့်ခြင်း ‘ပီတိ’ သည်ရင်း ငြိမ်းအေးခြင်း ‘ပဿဒ္ဓိ’ သည်ရင်း အောက်မေ့ခြင်း ‘သတိ’ သည်ရင်း ဆင်ခြင်ခြင်း ‘သမ္ပဇဉ်’ သည်ရင်း ချမ်းသာစွာနေရခြင်း ‘သုခ’ သည်ရင်း ဖြစ်လတ္တံ့။

http://www.dhammadownload.com

၄၃၂။ ပေါဋ္ဌပါဒ တပါးသော သူတို့သည် ငါတို့ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ)တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) အသျှင်တို့သည် ကြမ်းတမ်းထင်ရှားသော အကြင် (အတ္တဘောရခြင်း)ကို ပယ်ရန် တရားကို ဟောကုန်၏၊ ကြမ်းတမ်းထင်ရှားသော ထိုအတ္တဘောရခြင်း ဟူသည် အဘယ်နည်း" ဟု မေးကုန်ငြားအံ့။

ဤသို့ မေးခဲ့လျှင် ထိုသူတို့အား ငါတို့သည် ဤသို့ ဖြေကြားနိုင်ပါကုန်၏—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်သော သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) ငါတို့သည် ကြမ်းတမ်းထင်ရှားသော အကြင်(အတ္တဘောရခြင်း)ကို ပယ်ရန် တရားကို ဟောကုန်၏၊ ကြမ်းတမ်း[1]ထင်ရှားသော ထိုအတ္တဘောကို ရခြင်း ဟူသည် ဤသည်ပင်တည်း"ဟု ဖြေကြားနိုင်ပါကုန်၏၊

၄၃၃။ ပေါဋ္ဌပါဒ တပါးသော သူတို့သည် ငါတို့ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်သော သင်တို့အား ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) အသျှင်တို့သည် (ဈာန်) စိတ်ဖြင့်ပြီးသော အကြင်(အတ္တဘောရခြင်း)ကို ပယ်ရန် တရားကို ဟောကုန်၏၊ (ဈာန်) စိတ်ဖြင့်ပြီးသော ထိုအတ္တဘောကို ရခြင်း ဟူသည် အဘယ်နည်း" ဟု မေးကုန်ငြားအံ့။

ဤသို့ မေးခဲ့လျှင် ထိုသူတို့အား ငါတို့သည် ဤသို့ ဖြေကြားနိုင်ပါကုန်၏—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်သော သင်တို့အား ညစ်ညူးစေတတ်သော(ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) ငါတို့သည် (ဈာန်) စိတ်ဖြင့်ပြီးသော အကြင် (အတ္တဘောရခြင်း) ကို ပယ်ရန် တရားကိုဟောကုန်၏၊ (ဈာန်) စိတ်ဖြင့်ပြီးသော ထိုအတ္တဘောကိုရခြင်း[2] ဟူသည် ဤသည်ပင်တည်း" ဟု ဖြေကြားနိုင်ပါကုန်၏။

၁။ ဤကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်း၏ သရုပ်ကို အပိုဒ်(၄၂၇) ၌ ဝေဖန်ဖော်ပြခဲ့ပြီးဖြစ်သောကြောင့် ဤနေရာ၌ အကျဉ်းမျှသာ ပြတော်မူသည်။

၂။ ဤဈာန်စိတ်ဖြင့်ပြီးသော အတ္တဘောရခြင်း၏သရုပ်ကို အပိုဒ် (၄၂၇) ၌ ဝေဖန်ဖော်ပြပြီးဖြစ်သောကြောင့် ဤနေရာ၌ အကျဉ်းမျှသာ ပြတော်မူသည်။

http://www.dhammadownload.com

၄၃၄။ ပေါဋ္ဌပါဒ တပါးသော သူတို့သည် ငါတို့ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့ ၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်လတ္တံ့ ၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) အသျှင်တို့သည် ရုပ်မရှိသော အကြောင် (အတ္တဘောရခြင်း) ကို ပယ်ရန် တရားကို ဟောကုန်၏၊ ရုပ်မရှိသော ထိုအတ္တဘောကို ရခြင်းဟူသည် အဘယ်နည်း" ဟု မေးကုန်ငြားအံ့။

ဤသို့ မေးခဲ့လျှင် ထိုသူတို့အား ငါတို့သည် ဤသို့ ဖြေကြားနိုင်ပါကုန်၏—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ)တရားတို့သည် ကင်းကုန်လတ္တံ့ ၊ ဖြူစင်စေတတ်သော(သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့ ၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) ငါတို့သည် ရုပ်မရှိသော အကြောင် အတ္တဘောရခြင်း ကို ပယ်ရန် တရားကို ဟောကုန်၏၊ ရုပ်မရှိသော ထိုအတ္တဘောကိုရခြင်း [၁] ဟူသည် ဤသည်ပင်တည်း" ဟု ဖြေကြားနိုင်ပါကုန်၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် (ငါတို့၏) စကားသည် အခြေအမြစ်ရှိသောစကား ဖြစ်သည် မဟုတ်လော။

အသျှင်ဘုရား ဤသို့ ဖြစ်လျှင် (အသျှင်တို့၏) စကားသည် အခြေအမြစ်ရှိသောစကား မချွတ်ပင် ဖြစ်ပါ၏။

၄၃၅။ ပေါဋ္ဌပါဒ ဥပမာသော်ကား ပြာသာဒ်(ထက်)သို့ တက်ရန် ထိုပြာသာဒ်အောက်၌ပင် လှေကားကို ပြုနေသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားကို ဤသို့ မေးကုန်ရာ၏—

"အချင်း ယောကျ်ား ပြာသာဒ်(ထက်)သို့ တက်ရန် လှေကားကို ပြုသော သင်သည် ထိုပြာသာဒ်ကို အရှေ့အရပ်၌ (ရှိ၏ ဟူ၍) ၎င်း၊ တောင်အရပ်၌(ရှိ၏ ဟူ၍)၎င်း၊ အနောက်အရပ်၌ (ရှိ၏ ဟူ၍)၎င်း၊ မြောက်အရပ်၌ (ရှိ၏ ဟူ၍)၎င်း၊ မြင့်၏ ဟူ၍၎င်း၊ နိမ့်၏ဟူ၍၎င်း၊ အလတ်စား (မမြင့်မနိမ့်)ဖြစ်၏ ဟူ၍၎င်း သိပါ၏လော" ဟု မေးကုန်ရာ၏၊

ထို (အမေးခံရသော) ယောကျ်ားသည် ဤသို့ ဖြေဆိုရာ၏—

"အချင်းတို့ ထိုပြာသာဒ်ကား ဤသည်ပင်တည်း၊ ထိုပြာသာဒ်(ထက်)သို့တက်ရန် ထိုပြာသာဒ်၏ အောက်၌ပင် ငါသည် လှေကားကို ပြုနေပါ၏ ဟု" ဖြေဆိုရာ၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်ရှိသောစကား ဖြစ်သည် မဟုတ်လော။

၁။ ဤ ရုပ်မရှိသော အတ္တဘောကိုရခြင်း၏ သရုပ်ကို အပိုဒ် (၄၂၇) ၌ ဝေဖန်ဖော်ပြခဲ့ပြီး ဖြစ်သောကြောင့် ဤနေရာ၌ အကျဉ်းမျှသာ ပြတော်မူသည်။

http://www.dhammadownload.com

အသျှင်ဘုရား ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်ရှိသောစကား မချွတ်ပင် ဖြစ်ပါ၏။

၄၃၆။ ဤအတူပင် ပေါဋ္ဌပါဒ တပါးသော သူတို့သည် ငါတို့ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"ငါ့သျှင်တို့ ကြမ်းတမ်းထင်ရှားသော ထိုအတ္တဘောကို ရခြင်းဟူသည် အဘယ်ပါနည်း။ပ။

ငါ့သျှင်တို့ (ဈာန်)စိတ်ဖြင့်ပြီးသော ထိုအတ္တဘောကို ရခြင်း ဟူသည် အဘယ်ပါနည်း။ပ။

ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ) တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ)တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) အသျှင်တို့သည် (ရုပ်မရှိသော) အကြင် (အတ္တဘောရခြင်း)ကို ပယ်ရန် တရားကို ဟောကုန်၏၊ ရုပ်မရှိသော ထိုအတ္တဘောကို ရခြင်း ဟူသည် အဘယ်ပါနည်း" ဟု မေးကုန်ငြားအံ့။

ဤသို့ မေးခဲ့လျှင် ထိုသူတို့အား ငါတို့သည် ဤသို့ ဖြေကြားနိုင်ပါကုန်၏—

"ငါ့သျှင်တို့ ဟောသည့်အတိုင်း ကျင့်လတ်သော် သင်တို့အား ညစ်ညူးစေတတ်သော (ကိလေသာ)တရားတို့သည် ကင်းကုန်လတ္တံ့၊ ဖြူစင်စေတတ်သော (သမထ ဝိပဿနာ) တရားတို့သည် တိုးပွါးကုန်လတ္တံ့၊ ပညာ၏ ပြည့်စုံခြင်း ပြန့်ပြောခြင်းကိုလည်း ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်လတ္တံ့ ဟု (ဝန်ခံ၍) ငါတို့သည် ရုပ်မရှိသော အကြင် (အတ္တဘောရခြင်း)ကို ပယ်ရန် တရားကို ဟောကုန်၏၊ ရုပ်မရှိသော ထိုအတ္တဘောကို ရခြင်းဟူသည် ဤသည်ပင်တည်း" ဟု ဖြေကြားနိုင်ပါကုန်၏။

ပေါဋ္ဌပါဒ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် (ငါတို့၏) စကားသည် အခြေအမြစ်ရှိသောစကား ဖြစ်သည် မဟုတ်လော။

အသျှင်ဘုရား ဤသို့ဖြစ်လျှင် (အသျှင်တို့၏) စကားသည် အခြေအမြစ်ရှိသောစကား မချွတ်ပင် ဖြစ်ပါ၏။

၄၃၇။ ဤသို့ မိန့်တော်မူသော် ဆင်ဆရာ့သားစိတ္တသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရသောအခါ ထိုပုဂ္ဂိုလ်အား (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းသည် အချည်းနှီးဖြစ်၏[၁]၊ ရုပ်မရှိသော အတ္တဘောကို ရခြင်းသည် အချည်းနှီးဖြစ်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်းသည်သာ စင်စစ်ရှိ၏။

အသျှင်ဘုရား (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရသောအခါ ထိုပုဂ္ဂိုလ်အား ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်းသည် အချည်းနှီးဖြစ်၏၊ ရုပ်မရှိသော အတ္တဘောကို

၁။ ဤနေရာတို့၌ အချည်းနှီးဖြစ်၏ ဟူသည်မှာ မရှိ ဟု ဆိုလိုသည်။

http://www.dhammadownload.com

ရခြင်းသည် အချည်းနှီးဖြစ်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းသည်သာ စင်စစ်ရှိ၏။

အသျှင်ဘုရား ရုပ်မရှိသော အတ္တဘောကို ရသောအခါ ထိုပုဂ္ဂိုလ်အား ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရခြင်းသည် အချည်းနှီးဖြစ်၏၊ (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရခြင်းသည် အချည်းနှီးဖြစ်၏၊ ထိုအခါ ထိုပုဂ္ဂိုလ်အား ရုပ်မရှိသော အတ္တဘောကို ရခြင်းသည်သာ စင်စစ်ရှိ၏" ဟု လျှောက်၏။

စိတ္တ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရသောအခါ (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ ဟု မခေါ်ဆိုအပ်၊ ရုပ်မရှိသော အတ္တဘောကို ရ၏ ဟု လည်း မခေါ်ဆိုအပ်၊ ထိုအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။

စိတ္တ (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရသောအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ ဟု မခေါ်ဆိုအပ်၊ ရုပ်မရှိသော အတ္တဘောကို ရ၏ဟုလည်း မခေါ်ဆိုအပ်၊ ထိုအခါ (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ဟူ၍သာ ခေါ်ဆိုအပ်၏။

စိတ္တ ရုပ်မရှိသော အတ္တဘောကို ရသောအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ဟု မခေါ်ဆိုအပ်၊ (ဈာန်) စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ဟုလည်း မခေါ်ဆိုအပ်၊ ထိုအခါ ရုပ်မရှိသော အတ္တဘောကို ရ၏ဟူ၍သာ ခေါ်ဆိုအပ်၏။

၄၃၈။ စိတ္တ သင့်ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"သင်သည် ရှေး(အတိတ်)အခါ၌ မဖြစ်ခဲ့သည်ကားမဟုတ် ဖြစ်ခဲ့သည်သာ မဟုတ်ပါလော၊ သင်သည် နောင်(အနာဂတ်)အခါ၌ မဖြစ်လတ္တံ့ သည်ကား မဟုတ်၊ ဖြစ်လတ္တံ့ သည်သာ မဟုတ်ပါလော၊ သင်သည် ယခု (ပစ္စုပ္ပန်) အခါ၌ ဖြစ်မနေသည်ကား မဟုတ်၊ ဖြစ်နေသည်သာ မဟုတ်ပါလော" ဟု မေးကုန်ငြားအံ့။

စိတ္တ ဤသို့ မေးခဲ့သော် သင်သည် အဘယ်သို့ ဖြေကြားမည်နည်း။

အသျှင်ဘုရား အကျွန်ုပ်ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"သင်သည် ရှေး(အတိတ်)အခါ၌ မဖြစ်ခဲ့သည်ကား မဟုတ်၊ဖြစ်ခဲ့သည်သာ မဟုတ်ပါလော၊ သင်သည် နောင်(အနာဂတ်)အခါ၌ မဖြစ်လတ္တံ့ သည်ကား မဟုတ်၊ ဖြစ်လတ္တံ့ သည်သာ မဟုတ်ပါလော၊ သင်သည် ယခု (ပစ္စုပ္ပန်)အခါ၌ ဖြစ်မနေသည်ကား မဟုတ်၊ဖြစ်နေသည်သာ မဟုတ်ပါလော" ဟု မေးကုန်ငြားအံ့။

အသျှင်ဘုရား ဤသို့ မေးသော် အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့—

"ငါသည် ရှေး(အတိတ်)အခါ၌ ဖြစ်ခဲ့၏၊ မဖြစ်ခဲ့သည်ကား မဟုတ်ပါ၊ ငါသည် နောင် (အနာဂတ်) အခါ၌ ဖြစ်ပါလတ္တံ့၊ မဖြစ်လတ္တံ့ သည်ကား မဟုတ်ပါ၊ ငါသည် ယခု (ပစ္စုပ္ပန်) အခါ၌ ဖြစ်နေပါ၏၊ ဖြစ်မနေသည်ကား မဟုတ်ပါ" ဟု ဖြေကြားပါအံ့။

အသျှင်ဘုရား ဤသို့မေးသော် အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့။

စိတ္တ သင့်ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

http://www.dhammadownload.com

"သင့်အား အကြင် အတိတ် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ်ရှိသလော၊ အနာဂတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော။

သင့်အား အကြင် အနာဂတ် အတ္တဘောကို ရခြင်းသည် ဖြစ်လတ္တံ့၊ ထိုအတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ်ရှိသလော၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော။

သင့်အား အကြင် ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ်ရှိသလော၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ အနာဂတ် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော" ဟု မေးကုန်ငြားအံ့။

စိတ္တ ဤသို့ မေးသော် သင်သည် အဘယ်သို့ ဖြေကြားမည်နည်း။

အသျှင်ဘုရား အကျွန်ုပ်ကို အကယ်၍ ဤသို့ မေးကုန်ငြားအံ့—

"သင့်အား အတိတ် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည် သင့်အား စင်စစ်ရှိသလော၊ အနာဂတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော။

သင့်အား အကြင် အနာဂတ် အတ္တဘောကို ရခြင်းသည် ဖြစ်လတ္တံ့၊ ထိုအတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ်ရှိသလော၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော။

သင့်အား ယခုအခါ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည် ဖြစ်၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ သင့်အား စင်စစ်ရှိသလော၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိသလော၊ အနာဂတ် အတ္တဘောကို ရခြင်းသည်လည်း မရှိသလော" ဟု မေးကုန်ငြားအံ့။

အသျှင်ဘုရား ဤသို့မေးသော် အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့—

"ငါ့အား အကြင် အတိတ် အတ္တဘောကို ရခြင်းသည် ဖြစ်ခဲ့၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ ထိုအခါ၌ ငါ့အား စင်စစ်ရှိခဲ့၏၊ အနာဂတ် အတ္တဘောကို ရခြင်းသည်ကား မရှိပါ၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိပါ။

ငါ့အား အကြင် အနာဂတ် အတ္တဘောကို ရခြင်းသည် ဖြစ်လတ္တံ့၊ ထိုအတ္တဘောကို ရခြင်းသည်သာ ထိုအခါ၌ ငါ့အား စင်စစ်ရှိလတ္တံ့၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိပါ၊ ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည်လည်း မရှိပါ။

ယခုအခါ ငါ့အား အကြင် ပစ္စုပ္ပန် အတ္တဘောကို ရခြင်းသည် ဖြစ်၏၊ ထိုအတ္တဘောကို ရခြင်းသည်သာ ငါ့အား စင်စစ်ရှိ၏၊ အတိတ် အတ္တဘောကို ရခြင်းသည်ကား မရှိပါ၊ အနာဂတ် အတ္တဘောကို ရခြင်းသည်လည်း မရှိပါ" ဟု ဖြေကြားပါအံ့။

အသျှင်ဘုရား ဤသို့ မေးသော် အကျွန်ုပ်သည် ဤသို့ ဖြေကြားပါအံ့။

http://www.dhammadownload.com

၄၃၉။ စိတ္တ ဤအတူသာလျှင် ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရသောအခါ (ချာန်) စိတ်ဖြင့် ပြီးသော အတ္တဘောကိုရ၏ ဟု မခေါ်ဆိုအပ်၊ ရုပ်မရှိသော အတ္တဘောကို ရ၏ ဟု လည်း မခေါ်ဆိုအပ်၊ ထိုအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။

စိတ္တ ဈာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရသောအခါ။ပ။

စိတ္တ ရုပ်မရှိသော အတ္တဘောကို ရသောအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ ဟု မခေါ်ဆိုအပ်၊ ဈာန်စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ ဟု လည်း မခေါ်ဆိုအပ်၊ ထိုအခါ ရုပ်မရှိသော အတ္တဘောကို ရ၏ဟူ၍သာ ခေါ်ဆိုအပ်၏။

၄၄၀။ စိတ္တ ဥပမာသော်ကား နွားမမှ နို့ရည်၊ နို့ရည်မှ နို့ဓမ်း၊ နို့ဓမ်းမှ ဆီဥ၊ ဆီဥမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည် ဖြစ်၏၊ (ထိုတွင်) နို့ရည်ဖြစ်သောအခါ နို့ဓမ်း ဟူ၍ မခေါ်ဆိုအပ်၊ ဆီဥ ဟူ၍လည်း မခေါ်ဆိုအပ်၊ ထောပတ် ဟူ၍လည်း မခေါ်ဆိုအပ်၊ ထောပတ်ကြည် ဟူ၍လည်း မခေါ်ဆိုအပ်၊ ထိုအခါ နို့ရည် ဟူ၍သာ ခေါ်ဆိုအပ်၏။

နို့ဓမ်းဖြစ်သောအခါ။ပ။ ဆီဥဖြစ်သောအခါ။ ထောပတ်ဖြစ်သောအခါ။ ထောပတ်ကြည် ဖြစ်သောအခါ နို့ရည်ဟူ၍ မခေါ်ဆိုအပ်၊ နို့ဓမ်း ဟူ၍လည်း မခေါ်ဆိုအပ်၊ ဆီဥ ဟူ၍လည်း မခေါ်ဆိုအပ်၊ ထောပတ် ဟူ၍လည်း မခေါ်ဆိုအပ်၊ ထိုအခါ ထောပတ်ကြည် ဟူ၍သာ ခေါ်ဆို အပ်၏။

စိတ္တ ဤအတူသာလျှင် ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရသောအခါ။ပ။

စိတ္တ (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကိုရသော အခါ။ပ။

စိတ္တ ရုပ်မရှိသော အတ္တဘောကို ရသောအခါ ကြမ်းတမ်းထင်ရှားသော အတ္တဘောကို ရ၏ ဟု မခေါ်ဆိုအပ်၊ (ဈာန်)စိတ်ဖြင့်ပြီးသော အတ္တဘောကို ရ၏ ဟု လည်း မခေါ်ဆိုအပ်၊ ထိုအခါ ရုပ်မရှိသော အတ္တဘောကို ရ၏ ဟူ၍သာ ခေါ်ဆိုအပ်၏။

စိတ္တ ဤ(အတ္တဘောကိုရခြင်းဟူသော) အရာတို့သည် လောကအမည်များ လောကအဆိုများ လောကအခေါ်အဝေါ်များ လောကပညတ်များ ဖြစ်ကုန်၏၊ ယင်းအမည်ပညတ်တို့ဖြင့် မြတ်စွာဘုရားသည် မှားယွင်းစွာ မသုံးသပ်မူ၍ ခေါ်ပေါ်ပြောဟောတော်မူ၏ ဟု မိန့်တော်မူ၏။

၄၄၁။ ဤသို့ မိန့်တော်မူသော် ပေါဋ္ဌပါဒပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ ၎င်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့၎င်း, မျက်စိလည်သောသူအား လမ်းမှန်ကိုပြော ကြားဘိသကဲ့သို့၎င်း, မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည် ဟု အမိုက် မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာ ဘုရားသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊

http://www.dhammadownload.com

မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ” ဟု လျှောက်၏။

ဆင်ဆရာ့သားစိတ္တ ရဟန်းအဖြစ်ကို တောင်းခြင်း

၄၄၂။ ဆင်ဆရာ့သား စိတ္တသည်လည်း မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ ငှင်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ငှင်း, မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ငှင်း, မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည် ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ငှင်း အသျှင်ဘုရား ဤအတူသာလျှင် မြတ်စွာဘုရားသည် များစွာသောအကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏အထံ၌ ရှင်အဖြစ်ကို ရလိုပါ၏၊ ရဟန်းအဖြစ်ကို ရလိုပါ၏” ဟု လျှောက်၏။

၄၄၃။ ဆင်ဆရာ့သား စိတ္တသည် မြတ်စွာဘုရားထံ၌ ရှင်အဖြစ်ကိုရ၏၊ ရဟန်းအဖြစ်ကိုရ၏၊ ရဟန်းဖြစ်၍ မကြာသေးမီ ဆင်ဆရာ့သား အသျှင်စိတ္တသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်၍ မမေ့လျော့ ပြင်းစွာအားထုတ်လျက် (နိဗ္ဗာန်သို့) စိတ်ကိုစေလွှတ်၍နေ၏၊ ထိုသို့ နေသည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သောအမျိုးသားများ လိုလားကြသော အကျင့်မြတ်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍နေ၏၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကိုပြုပြီးပြီ၊ ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု သိ၏၊ ဆင်ဆရာ့သား အသျှင်စိတ္တသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်တော်မူလေသတည်း။

ကိုးခုမြောက်သော ပေါဋ္ဌပါဒသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၁၀–သုဘသုတ်

သုဘလုလင်ဝတ္ထု

၄၄၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံ၍ မကြာသေးမီ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရာမ် ဇေတဝန် (ကျောင်းတိုက်) ၌ (သီတင်းသုံး) နေတော်မူ၏။

၄၄၅။ ထိုစဉ်အခါ၌ တောဒေယျ၏သား သုဘလုလင်သည် သာဝတ္ထိပြည်၌ ကိစ္စတခုဖြင့် တည်းခိုနေ၏။

ထိုအခါ တောဒေယျ၏သား သုဘလုလင်သည် သူငယ်တယောက်ကို ခေါ်၍ (ဤသို့) ပြောဆို၏—

"သူငယ် လာလော့ သင်သည် အာနန္ဒာရဟန်းတော်ထံသို့ ချဉ်းကပ်၍ ငါ့စကားဖြင့် အာနန္ဒာရဟန်းတော်အား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်း များကို မေးလျှောက်လေလော့၊ 'တောဒေယျ၏သား သုဘလုလင်သည် အသျှင်အာနန္ဒာအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏' ဟု လျှောက်လေလော့၊ ထို့ပြင် 'အသျှင်အာနန္ဒာသည် အစဉ်သနားသဖြင့် တောဒေယျ၏သား သုဘလုလင်၏ အိမ်သို့ ချဉ်းကပ်တော်မူရန် တောင်းပန်လိုက်ပါသည်' ဟု ဤသို့လည်း လျှောက်ထားလေလော့" ဟူ၍ ပြောဆို၏။

၄၄၆။ "အသျှင် ကောင်းပါပြီ" ဟု ထိုသူငယ်သည် တောဒေယျ၏သား သုဘလုလင်အား ဝန်ခံပြီးလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ပြီးသော် ထိုသူငယ်သည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

"တောဒေယျ၏သား သုဘလုလင်သည် အသျှင်အာနန္ဒာအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ ထို့ပြင် အသျှင်အာနန္ဒာသည် အစဉ်သနားသဖြင့် တောဒေယျ၏သား သုဘလုလင်၏ အိမ်သို့ ချဉ်းကပ်တော်မူပါရန် တောင်းပန်လိုက်ပါသည် ဟု ဤသို့လည်း လျှောက်လိုက်ပါ၏" ဟူ၍ လျှောက်၏။

၄၄၇။ ဤသို့လျှောက်သော် အသျှင်အာနန္ဒာသည် ထိုသူငယ်အား ဤစကားကို ဆို၏—

"သူငယ် (ချဉ်းကပ်ရန်) အခါ မသင့်သေး၊ ငါသည် ယနေ့ ဆေးအနည်းငယ် သောက်ထား၏၊ နက်ဖန် အခါအခွင့်ကို ထောက်ချင့်၍ ချဉ်းကပ်ကောင်း ချဉ်းကပ်နိုင်ပါလိမ့်မည်" ဟု ဆို၏။

http://www.dhammadownload.com

"အသျှင် ကောင်းပါပြီ" ဟု ထိုသူငယ်သည် အသျှင်အာနန္ဒာအား ဝန်ခံ၍ နေရာမှ ထပြီးလျှင် တောဒေယျ၏သား သုဘလုလင်ထံသို့ ချဉ်းကပ်၍ တောဒေယျ၏သား သုဘလုလင်အား ဤစကားကို ဆို၏—

"အကျွန်ုပ်တို့သည် အသျှင့်စကားဖြင့် တောဒေယျ၏သား သုဘလုလင်သည် အသျှင် အာနန္ဒာကို အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ ထို့ပြင် အသျှင်အာနန္ဒာသည် အစဉ်သနား သဖြင့် တောဒေယျ၏သား သုဘလုလင်၏အိမ်သို့ ချဉ်းကပ်တော်မူရန် တောင်းပန်လိုက်ပါသည် ဟု ဤသို့လည်း လျှောက်လိုက်ပါ၏ ဟူ၍ ထိုအသျှင်အာနန္ဒာအား လျှောက်ခဲ့ပါကုန်၏။

အသျှင် ဤသို့ လျှောက်သော် အာနန္ဒာရဟန်းတော်သည် အကျွန်ုပ်အား ဤစကားကို ဆိုလိုက်ပါ၏၊ 'သူငယ် (ချဉ်းကပ်ရန်)အခါမသင့်သေး၊ ငါသည် ယနေ့ ဆေးအနည်းငယ် သောက်ထား၏၊ နက်ဖြန် အခါအခွင့်ကို တောက်ချင့်၍ ချဉ်းကပ်ကောင်း ချဉ်းကပ်နိုင်ပါလိမ့် မည်' ဟု ဆိုလိုက်ပါ၏" ဟူ၍ ဆို၏။

"အချင်း (သူငယ်)ဤမျှဖြင့်လည်း ထိုကိစ္စပြီးပါပြီ၊ အကြောင်းသော်ကား ထိုအသျှင် အာနန္ဒာသည် နက်ဖန် ချဉ်းကပ်တော်မူရန် ခွင့်ပြုပြီး ဖြစ်ပေ၏" ဟု (သုဘလုလင်က)ဆို၏။

၄၄၈။ ထိုအခါ အသျှင်အာနန္ဒာသည် ထိုညဉ့်လွန်ပြီးနောက် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူလျက် စေတက မည်သော နောက်ပါ ရဟန်းနှင့်အတူ တောဒေယျ၏ သား သုဘလုလင်၏အိမ်သို့ ချဉ်းကပ်၍ ပြင်ထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ တောဒေယျ၏သား သုဘလုလင်သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင် အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြီးဆုံးစေ၍ တခုသောနေရာ၌ ထိုင်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော် တောဒေယျ၏သား သုဘလုလင်သည် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

"အသျှင်အာနန္ဒာသည် ကာလရှည်မြင့်စွာ ထိုအသျှင်ဂေါတမ၏ ထံပါး၌ နေ၍ အနီး၌ အမြဲ ရှိသော အလုပ်အကျွေး ဖြစ်ပါ၏၊ ထိုအသျှင်ဂေါတမသည် အကြင်တရားတို့ကို ချီးကျူးလေ့ ရှိ၏၊ အကြင် တရား၌လည်း ဤလူအပေါင်းကို ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊ ထိုတရားတို့ကို အသျှင်အာနန္ဒာသည် သိတော်မူရာပါ၏၊ အသျှင်အာနန္ဒာ ထိုအသျှင်ဂေါတမ သည် အဘယ်တရားတို့ကို ချီးကျူးလေ့ရှိပါသနည်း၊ အဘယ်တရားတို့၌လည်း ဤလူအပေါင်းကို ဆောက်တည်စေပါသနည်း၊ သက်ဝင်စေပါသနည်း၊ တည်စေပါသနည်း" ဟု လျှောက်၏။

၄၄၉။ လုလင် ထိုမြတ်စွာဘုရားသည် သုံးပါးသော ခန္ဓာတို့ကို ချီးကျူးတော်မူလေ့ရှိ၏၊ ဤ (သုံးပါးသော ခန္ဓာ) တို့၌လည်း ဤလူအပေါင်းကို ဆောက်တည်စေတော်မူ၏၊ သက်ဝင်စေတော် မူ၏၊ တည်စေတော်မူ၏။

အဘယ် (ခန္ဓာ)သုံးပါးတို့ကို ချီးကျူးတော်မူလေ့ရှိသနည်း၊ လုလင် မြတ်သော သီလက္ခန္ဓာ 'သီလအစု'ကိုဎင်း, မြတ်သော သမာဓိက္ခန္ဓာ 'သမာဓိအစု'ကိုဎင်း, မြတ်သော ပညာက္ခန္ဓာ 'ပညာအစု' ကိုဎင်း ဤသုံးပါးသော ခန္ဓာတို့ကို ထိုမြတ်စွာဘုရားသည် ချီးကျူးတော်မူလေ့ရှိ၏၊ ဤ (သုံးပါးသော ခန္ဓာ) တို့၌လည်း ဤလူအပေါင်းကို ဆောက်တည်စေတော်မူ၏၊ သက်ဝင်စေတော်မူ၏၊ တည်စေ တော်မူ၏။

http://www.dhammadownload.com

သီလအစု

၄၅၀။ အသျှင်အာနန္ဒာ ထိုအသျှင်ဂေါတမသည် အကြင် (သီလက္ခန္ဓာ)ကို ချီးကျူးလေ့ရှိ၏၊ အကြင် (သီလက္ခန္ဓာ)၌လည်း ဤလူအပေါင်းကို ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊ ထိုမြတ်သော သီလက္ခန္ဓာကား အဘယ်ပါနည်း။

လုလင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော်မူသော ကောင်းသောကြောင်းကို ဆိုက်တော်မူတော်သော လောကကို သိတော်မူသော ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော နတ်လူတို့၏ ဆရာဖြစ်တော်မူသော (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော ဘုန်းတန်ခိုး ကြီးတော်မူသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုလည်းကောင်း သမဏ ဗြာဟ္မဏနှင့်တကွ မင်းများ လူများနှင့်တကွသော သတ္တဝါအပေါင်းကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ် ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။

ထိုတရားတော်ကို သူကြွယ်သည်လည်းကောင်း သူကြွယ်သားသည်လည်းကောင်း အခြား ဇာတ်တမျိုးမျိုး၌ ဖြစ်သော သူသည်လည်းကောင်း ကြားနာရ၏၊ ထိုသူသည် ထိုတရားတော်ကို ကြားနာရ၍ မြတ်စွာဘုရား၌ ယုံကြည်မှုကို ရ၏၊ ထိုသူသည် ယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ ဆင်ခြင်၏—

"လူ့ဘောင်၌ နေရခြင်းသည် ကျဉ်းမြောင်း၏၊ (ကိလေသာ) မြူထရာ လမ်းကြောင်းဖြစ်၏၊ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏၊ လူ့ဘောင်၌ နေသူသည် ဤမြတ်သောအကျင့်ကို စင်စစ် ပြည့်စုံစွာ စင်စစ် စင်ကြယ်စွာ ခရုသင်းပွတ်သစ်နှင့်တူစွာ ကျင့်ခြင်းငှါမလွယ်၊ ငါသည် ဆံ မုတ်ဆိတ်ကိုပယ်ပြီးလျှင် ဖန်ရည်ဆိုး အဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရမူ ကောင်းလေစွ" ဟု ဆင်ခြင်၏။

ထိုသူသည် နောင်အခါ၌ နည်းသော ဥစ္စာစုကို စွန့်၍ဖြစ်စေ များသောဥစ္စာစုကို စွန့်၍ ဖြစ်စေ နည်းသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ များသော ဆွေမျိုးစုကို စွန့်၍ဖြစ်စေ ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏။

ထိုသူသည် ဤသို့ ဝင်ရောက်ပြီးသော် ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက်နေ၏၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'[၁] နှင့်ပြည့်စုံ၏၊ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိ၏၊ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှုရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိ၏ (ဣန္ဒြေတို့ကိုစောင့်စည်း၏)၊ စားဖွယ်၌ အတိုင်းအရှည်ကိုသိ၏၊ အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့် ပြည့်စုံ၏၊ ရောင့်ရဲလွယ်၏။

၁။ သွားလာဝင်ထွက် ဆက်ဆံရန် သင့်လျော်သော အရပ် ပုဂ္ဂိုလ်စသည်။

http://www.dhammadownload.com

၄၅၁။ လုလင် ရဟန်းသည် အဘယ်သို့လျှင် အကျင့်သီလနှင့် ပြည့်စုံသနည်း၊ လုလင် ဤ (လောက)၌ ရဟန်းသည် အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီးဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက်နေ၏။

လုလင် ရဟန်းသည် ယင်း အသက်သတ်ခြင်းကို ပယ်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ တုတ်ကို ချထားပြီးဖြစ်၏၊ လက်နက်ကို ချထားပြီး ဖြစ်၏၊ ရှက်ခြင်းရှိ၏၊ သနားတတ်၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ စီးပွါးကို လိုလားလျက် နေ၏၊ ဤသည်လည်း ထိုရဟန်း၏ သီလပေတည်း။

[ထိုမှ နောက်၌ အလုံးစုံကို ချဲ့အပ်၏]။

ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း—

နတ်ကိုးခြင်း တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း ဘုတ်တစ္ဆေအတတ်ကို လေ့ကျင့်ခြင်း မြေအိမ်၌ နေ၍ သင်အပ်သော အတတ်ကို လေ့ကျင့်ခြင်း (ပဏ္ဍုက်ကို)ယောကျ်ားဖြစ်စေခြင်း (ယောကျ်ားကို) ပဏ္ဍုက်ဖြစ်စေခြင်း မြေကြန်အတတ်ကို လေ့ကျင့်ခြင်း ဆောက်လုပ်မည့် မြေရာ၌ အစီအရင်ပြုခြင်း ခံတွင်းဆေးခြင်း ရေချိုးစေခြင်း မီးပူဇော်ခြင်း ပျို့အန်စေခြင်း ဝမ်းသက်စေခြင်း(သလိပ်စသည့် ဒေါသတို့ကို)အထက်သို့လှန်စေခြင်း အောက်သို့လျှောစေခြင်း ဦးခေါင်းမှ (ယွေးစသော ဒေါသတို့ကို) ထွက်စေခြင်း နားဆီချက်ခြင်း မျက်စဉ်းဆီချက်ခြင်း နှာနှတ်ခြင်း ထက်သော မျက်စဉ်းဆေးဖော်ခြင်း အေးသော မျက်စဉ်းဆေးဖော်ခြင်း တိမ်သလာကို ဆေးကုခြင်း ခွဲစိတ်ကုသခြင်း သူငယ်နာ ဆေးကုခြင်း မူလဆေးတို့ကိုပေးခြင်း အနာဆေးတို့ကို (ကပ်ခြင်း) ခွါခြင်း ဤသည်တို့တည်း။

(ရဟန်းသည်) မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏။

လုလင် ထို့ပြင်လည်း အချို့သော အသျှင် သမဏဗြာဟ္မဏတို့သည် ယုံကြည်၍ လှူသော သုံးဆောင်ဖွယ်တို့ကို သုံးဆောင်ကြပြီးလျှင် မှားသော အသက်မွေးမှု ဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးကြ၏၊ ဤသည်တို့ကား အဘယ်နည်း—

နတ်ကိုးခြင်း တောင်းဆုပြည့်၍ နတ်ပူဇော်ခြင်း။ပ။ အနာဆေးတို့ကို (ကပ်ခြင်း) ခွါခြင်း ဤသည်တို့တည်း။

ရဟန်းသည် ယင်းသို့မှားသော အသက်မွေးမှုဖြစ်သော ဤသို့သော ဖီလာအတတ်ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်၏၊ ဤသည်လည်း ထို (ရဟန်း) ၏ သီလပေတည်း။

၄၅၂။ လုလင် စင်စစ်မှုကား ဤသို့ သီလနှင့် ပြည့်စုံသော ထိုရဟန်းသည် ယင်းသို့ သီလစောင့်ထိန်းခြင်းနှင့် စပ်၍ မည်သည့် အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ လုလင် အဘိသိက်သွန်းပြီးသော ရန်သူကိုပယ်ပြီးသော မင်းသည် ရန်သူနှင့်စပ်၍ မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရသကဲ့သို့၊ ဤအတူ ဤသို့ သီလနှင့် ပြည့်စုံသော ရဟန်းသည် သီလစောင့်ထိန်းခြင်းနှင့်စပ်၍

http://www.dhammadownload.com

မည်သည့်အကြောင်းကြောင့်မျှ ဘေးကို မတွေ့မြင်ရ၊ ထိုရဟန်းသည် ဤမြတ်သော သီလက္ခန္ဓာနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ အပြစ်ကင်းသောချမ်းသာကို ခံစား၏၊ လုလင် ရဟန်းသည် ဤသို့လျှင် သီလနှင့် ပြည့်စုံပေ၏။

၄၅၃။ လုလင် ထိုမြတ်စွာဘုရားသည် အကြင် (သီလက္ခန္ဓာ)ကို ချီးကျူးလေ့ရှိတော်မူ၏၊ အကြင် (သီလက္ခန္ဓာ)၌လည်း ဤလူအပေါင်းကို ဆောက်တည်စေတော်မူ၏၊ သက်ဝင်စေတော်မူ၏၊ တည်စေတော်မူ၏၊ ထိုမြတ်သော သီလက္ခန္ဓာကား ဤသည်ပင်တည်း၊ သို့ရာတွင် ဤ(သာသနာတော်)၌ ဤ(သီလက္ခန္ဓာထက်) လွန်သော ပြုဖွယ်ကိစ္စသည်ကား ရှိသေးသည်သာတည်း။

အံ့ဩဘွယ် ရှိပါပေစွ အသျှင်အာနန္ဒာ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်အာနန္ဒာ၊ အသျှင် အာနန္ဒာ ထိုမြတ်သော သီလက္ခန္ဓာသည် မပြည့်စုံသည်မဟုတ် ပြည့်စုံပါပေ၏၊ အသျှင်အာနန္ဒာ အကျွန်ုပ်သည် ဤသို့ ပြည့်စုံသော သီလက္ခန္ဓာကို ဤ(သာသနာတော်)မှ အပ တပါးသော သမဏ ဗြာဟ္မဏတို့၌ မမြင် (မတွေ့)ရပါ၊ အသျှင်အာနန္ဒာ ဤသို့ပြည့်စုံသော မြတ်သော သီလက္ခန္ဓာကို ဤ (သာသနာတော်မှ)အပ တပါးသော သမဏဗြာဟ္မဏတို့သည် မိမိတို့(သန္တာန်)၌ မြင်(တွေ့) ကုန်ငြားအံ့၊ ထိုသူတို့သည် ထိုမျှလောက်ဖြင့်သာလျှင် ဝမ်းမြောက် ကျေနပ်နေကုန်ရာ၏၊ "ဤမျှ လောက်ဖြင့် ပြည့်စုံပြီ၊ ဤမျှလောက်ဖြင့် (ပြုဖွယ်ကိစ္စကို) ပြုပြီးပြီ၊ ငါတို့သည် ရဟန်းဖြစ်ကျိုးကို ရပြီ၊ ဤ (သီလက္ခန္ဓာထက်)လွန်သော တစုံတခုသော ပြုဖွယ်ကိစ္စသည် ငါတို့အား မရှိတော့ပြီ" ဟု (ဝမ်းမြောက် ကျေနပ်နေကုန်ရာ၏) ထိုသို့ဖြစ်ပါလျက် အသျှင်အာနန္ဒာသည် ဤ (သာသနာတော်) ၌ (ဤသီလက္ခန္ဓာထက်)လွန်သော ပြုဖွယ်ကိစ္စသည်ကား ရှိသေးသည်သာတည်း ဟု မိန့်တော်မူဘိ၏။

သမာဓိအစု

၄၅၄။ အသျှင်အာနန္ဒာ ထိုအသျှင်ဂေါတမသည် အကြင် (သမာဓိက္ခန္ဓာ)ကို ချီးကျူးလေ့ ရှိ၏၊ အကြင် (သမာဓိက္ခန္ဓာ) ၌လည်း ဤလူအပေါင်းကို ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊ ထိုမြတ်သော သမာဓိက္ခန္ဓာသည် အဘယ်ပါနည်း။

လုလင် ရဟန်းသည် အဘယ်သို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိသနည်း (ဣန္ဒြေတို့ကို စောင့်စည်းသနည်း)၊ လုလင် ဤလောက၌ ရဟန်းသည် မျက်စိဖြင့် အဆင်း 'ရူပါရုံ' ကို မြင်သော် (မိန်းမ ယောကျ်ား စသော) သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊ (လက် ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ် လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) စက္ခုန္ဒြေကို မစောင့် စည်းပဲနေလျှင် ယင်း (စက္ခုန္ဒြေကိုမစောင့်စည်းခြင်း ဟူသော) အကြောင်းကြောင့် လိုချင် တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်း သူကို လိုက်၍နှိပ်စက်ကုန်ရာ၏၊ (ထိုကြောင့် ရဟန်းသည်) ထိုစက္ခုန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ စက္ခုန္ဒြေကို စောင့်စည်း၏၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

နားဖြင့် အသံ'သဒ္ဒါရုံ'ကို ကြားသော်။ပ။ နှာခေါင်းဖြင့် အနံ့'ဂန္ဓာရုံ'ကို နမ်းသော်။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သော်။ ကိုယ်ဖြင့် အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' ကို ထိသော်။ စိတ်ဖြင့် သဘော 'ဓမ္မာရုံ' ကို သိသော် (မိန်းမ ယောကျ်ား စသော)သဏ္ဌာန် နိမိတ်ကို စွဲယူလေ့မရှိ၊(လက် ခြေ စသော အင်္ဂါ ပြုံးဟန် ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူလေ့မရှိ၊ (အကယ်၍) မနိန္ဒြေကို

http://www.dhammadownload.com

မစောင့်စည်းပဲ နေလျှင် ယင်း (မနိန္ဒြေကိုမစောင့်စည်းခြင်း ဟူသော) အကြောင်းကြောင့် လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' နှလုံးမသာခြင်း 'ဒေါမနဿ' ဟူသော ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို လိုက်၍နှိပ်စက်ကုန်ရာ၏၊ (ထိုကြောင့် ရဟန်းသည်) ထိုမနိန္ဒြေကို စောင့်စည်းခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်စည်း၏၊ မနိန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်၏။

ထို(ရဟန်း)သည် ဤမြတ်သော ဣန္ဒြေကို စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသန္တာန်၌ (ကိလေသာနှင့်) မရောသော ချမ်းသာကို ခံစား၏၊ လုလင် ရဟန်းသည် ဤသို့လျှင် ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိပေ၏ (ဣန္ဒြေတို့ကို စောင့်စည်းပေ၏)။

၄၅၅။ လုလင် ရဟန်းသည် အဘယ်သို့လျှင် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံသနည်း၊ လုလင် ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ တက်ရာ နောက်သို့ ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ် စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ လုလင် ရဟန်းသည် ဤသို့လျှင် အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်'နှင့် ပြည့်စုံပေ၏။

၄၅၆။ လုလင် ရဟန်းသည် အဘယ်သို့လျှင် ရောင့်ရဲလွယ်သနည်း၊ လုလင် ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသောသင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသောဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့် အတူပါမြဲ ပရိက္ခရာမျှသာ ရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ လုလင် အတောင်ရှိသော ငှက်သည် ပျံလေရာရာသို့ မိမိအတောင်သာ ဝန်ရှိသည်ဖြစ်၍ ပျံဘိသကဲ့သို့၊ လုလင် ဤအတူ ရဟန်းသည် ကိုယ်ကို မျှတစေနိုင်ရုံသောသင်္ကန်းဖြင့် ဝမ်းကို မျှတစေနိုင်ရုံသောဆွမ်းဖြင့် ရောင့်ရဲ၏၊ ထိုရဟန်းသည် သွားလေရာရာသို့ (ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှသာရှိသဖြင့်) တပါတည်း ယူပြီးဖြစ်၍သာလျှင် သွား၏၊ လုလင် ရဟန်းသည် ဤသို့လျှင် ရောင့်ရဲလွယ်ပေ၏။

၄၅၇။ ထိုရဟန်းသည် ဤမြတ်သော သီလက္ခန္ဓာ'သီလအစု'နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ဣန္ဒြေစောင့်စည်းခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း'သမ္ပဇဉ်' နှင့်လည်း ပြည့်စုံသည်ဖြစ်၍ ဤမြတ်သော ရောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍ တော သစ်ပင်ရင်း တောင် ချောက် တောင်ခေါင်း သင်းချိုင်း တောအုပ် လွင်ပြင် ကောက်ရိုးပုံ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာကို မှီဝဲ၏။ ထိုရဟန်းသည် ဆွမ်းခံရာမှ ပြန်ခဲ့၍ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ ရှေးရှု သတိကို ဖြစ်စေလျက် ထိုင်၏။

၄၅၈။ ထိုရဟန်းသည် (ဥပါဒါနက္ခန္ဓာ ငါးပါး ဟူသော) လောက၌ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ'ကို ပယ်၍ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ' ကင်းသော စိတ်ဖြင့် နေ၏၊ လိုချင်တပ်မက်ခြင်း 'အဘိဇ္ဈာ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျက်စီးစေလိုသော ဒေါသကိုပယ်၍ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို လိုလားလျက် နေ၏၊ ပျက်စီးစေလိုသော ဒေါသမှ စိတ်ကို စင်ကြယ်စေ၏၊ လေးလံ ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ပယ်၍ လေးလံထိုင်းမှိုင်းခြင်း

http://www.dhammadownload.com

'ထိနမိဒ္ဓ'မှ ကင်းသည်ဖြစ်၍ အောက်မေ့ဆင်ခြင်လျက် အလင်းရောင်ကို မှတ်ခြင်းရှိသည်ဖြစ်၍ နေ၏၊ လေးလံထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'မှ စိတ်ကို စင်ကြယ်စေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'ကို ပယ်၍ မိမိသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မပျံ့လွင့်သည်ဖြစ်၍ နေ၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်ခြင်း 'ကုက္ကုစ္စ'မှ စိတ်ကို စင်ကြယ်စေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို ပယ်၍ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ကို လွန်မြောက်သည်ဖြစ်၍ ကုသိုလ်တရားတို့၌ သို့လော သို့လော မရှိသည်ဖြစ်၍ နေ၏၊ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'မှ စိတ်ကို စင်ကြယ်စေ၏။

၄၅၉။ လုလင် ဥပမာသော်ကား ယောကျာ်းသည် ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ရာ၏၊ ထိုသူ၏ အလုပ်တို့သည် ဖွံ့ဖြိုးကုန်ရာ၏၊ ထိုသူသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ရာ၏၊ ထိုသူအား သားမယားကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်ရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏—

"ငါသည် ရှေးက ကြွေးယူ၍ အလုပ်တို့ကို လုပ်ကိုင်ခဲ့၏၊ ထိုငါ၏ အလုပ်တို့သည် ဖွံ့ဖြိုးခဲ့ကုန်၏၊ ငါသည် အဟောင်းဖြစ်သော ကြွေးရင်းတို့ကိုလည်း ဆပ်ခဲ့ရ၏၊ ငါ့အား သားမယား ကျွေးမွေးရန် အလို့ငှါ အမြတ်လည်း ကျန်သေး၏" ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို(ကြွေးကင်းခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၄၆၀။ လုလင် ဥပမာ တစ်မျိုးသော်ကား အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာ မကျန်းမာသော ယောကျာ်းသည် ရှိရာ၏၊ ထိုသူ၌ ထမင်းကိုလည်း စားလိုစိတ်မရှိရာ၊ ထိုသူ၏ကိုယ်၌ အားလည်း မရှိရာ၊ ထိုသူသည် နောင်အခါ၌ ထိုအနာရောဂါမှ လွတ်ရာ၏၊ ထိုသူသည် ထမင်းကိုလည်း စားလိုစိတ် ရှိရာ၏၊ ထိုသူ၏ကိုယ်၌ အားလည်းရှိရာ၏၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေး၌ အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာ မကျန်းမာသော သူ ဖြစ်ခဲ့၏၊ ငါ၌ ထမင်းကိုလည်း စားလိုစိတ်မရှိခဲ့၊ ငါ၏ ကိုယ်၌ အားလည်း မရှိခဲ့၊ ထိုငါသည် ယခုအခါ ထိုအနာရောဂါမှ လွတ်ခဲ့၏၊ ငါ၌ ထမင်းကိုလည်း စားလိုစိတ်ရှိ၏၊ ငါ၏ ကိုယ်၌ အားလည်း ရှိ၏" ဟု အကြံဖြစ်ရာ၏။

ထိုသူသည် ထို(အနာကင်းခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၄၆၁။ လုလင် ဥပမာတစ်မျိုးသော်ကား နှောင်အိမ်၌ နှောင်ဖွဲ့ခံရသော ယောကျာ်းသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ရာ၏၊ ထိုသူအား စည်းစိမ်လည်း အနည်းငယ်မျှ ပျက်စီးခြင်း မရှိရာ၊ ထိုသူအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် ရှေးက နှောင်အိမ်၌ နှောင်ဖွဲ့ခံခဲ့ရ၏၊ ထိုငါသည် ယခုအခါ ထိုနှောင်အိမ်မှ ဘေးကင်းလျက် ချမ်းသာစွာ လွတ်ခဲ့ရ၏၊ ငါ့အား စည်းစိမ်လည်းအနည်းငယ်မျှ ပျက်စီးခြင်း မရှိ" ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို(နှောင်အိမ်မှလွတ်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

http://www.dhammadownload.com

၄၆၂။ လုလင် ဥပမာ တမျိုးသော်ကား (မိမိကိုယ်ကို) မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ယောကျ်ားသည် ရှိရာ၏၊ ထိုသူသည် နောင်အခါ၌ ထိုကျွန်အဖြစ်မှ လွတ်ရာ၏၊ (မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်ရာ၏၊ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏—

"ငါသည် ရှေးက (မိမိကိုယ်ကို) မိမိမစိုးပိုင်သော သူတပါးတို့ စိုးပိုင်သော အလိုရှိရာသို့ မသွားနိုင်သော ကျွန်ဖြစ်ခဲ့၏၊ ထိုငါသည် ယခု ထို ကျွန်အဖြစ်မှ လွတ်ခဲ့၏၊ (မိမိကိုယ်ကို) မိမိစိုးပိုင်သော သူတပါးတို့ မစိုးပိုင်သော အလိုရှိရာသို့ သွားနိုင်သော လွတ်လပ်သူ ဖြစ်၏" ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို(လွတ်လပ်သူ ဖြစ်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၄၆၃။ လုလင် ဥပမာတမျိုးသော်ကား ယောကျ်ားသည် အစာခေါင်းပါးသော ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားရောက်၏၊ ထိုသူသည် နောင်အခါ၌ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသော ရွာသို့ ရောက်ရာ၏။ ထိုသူအား ဤသို့ အကြံ ဖြစ်ရာ၏—

"ငါသည် ရှေးက အစာခေါင်းပါး၍ ဘေးရန်ရှိသော ရှည်ဝေးသော ခရီးခဲကို ဥစ္စာအသုံးအဆောင်နှင့်တကွ သွားခဲ့၏၊ ထိုငါသည် ယခုအခါ ထိုခရီးခဲကို ချမ်းသာစွာ လွန်မြောက်၍ ငြိမ်းချမ်းသော ဘေးမရှိသော ရွာသို့ ရောက်၏" ဟု အကြံ ဖြစ်ရာ၏။

ထိုသူသည် ထို(ငြိမ်းချမ်းရာသို့ရောက်ခြင်း) အကြောင်းကြောင့် ဝမ်းမြောက်ခြင်းကို ရရာ၏၊ ဝမ်းသာခြင်းသို့ ရောက်ရာ၏။

၄၆၄။ လုလင် ဤအတူ ရဟန်းသည် ကြွေးကဲ့သို့ အနာရောဂါကဲ့သို့ နှောင်အိမ်ကဲ့သို့ ကျွန်အဖြစ်ကဲ့သို့ ရှည်ဝေးသော ခရီးခဲကဲ့သို့ မိမိ၌ မပယ်ရသေးကုန်သော ဤအပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ကောင်းစွာ မြင်၏။

၄၆၅။ လုလင် ကြွေးကင်းခြင်းကဲ့သို့ အနာရောဂါ ကင်းခြင်းကဲ့သို့ နှောင်အိမ်မှ လွတ်ခြင်းကဲ့သို့ လွတ်လပ်သူ ဖြစ်ခြင်းကဲ့သို့ ငြိမ်းချမ်းရာအရပ်သို့ ရောက်ခြင်းကဲ့သို့ လုလင် ဤအတူ ရဟန်းသည် မိမိ၌ ဤအပိတ်အပင် 'နီဝရဏ'တရားငါးပါးတို့ကို ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်၏။

၄၆၆။ မိမိ၌ ဤအပိတ်အပင် 'နီဝရဏ'တရားငါးပါး ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်သော ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

ပဌမဈာန်

၄၆၇။ ထို(ရဟန်း)သည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့်တကွ ဖြစ်သော သုံးသပ် ဆင်ခြင်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော 'နီဝရဏ'ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ရှိသော ပဌမဈာန်သို့

http://www.dhammadownload.com

ရောက်၍ နေ၏၊ ထို(ရဟန်း)သည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ'ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ 'နီဝရဏ'ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ။

လုလင် ဥပမာသော်ကား၊ ကျွမ်းကျင်သော ရေချိုးပေးသူသည်ငှင်း ရေချိုးပေးသူ၏ တပည့်သည်ငှင်း ကြေးခွက်၌ ရေချိုးကသယ်မှုန့်တို့ကို ဖြူးပြီးလျှင် ရေဖြင့် ဖျန်းလျက် ဖျန်းလျက် အခဲပြုရာ၏၊ ထိုရေချိုးကသယ်မှုန့်အခဲသည် အစေးဖြင့်စိမ့်ဝင်လျက်ရှိရာ၏၊ အစေးဖြင့် ဖွဲ့စည်းလျက် ရှိရာ၏၊ အတွင်းအပြင်၌ အစေးဖြင့် ပြန့်နှံ့လျက် ရှိရာ၏၊ ယိုကျခြင်းသည် မရှိရာ။

လုလင် ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ' ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ 'နီဝရဏ' ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သော နေရာ အနည်းငယ်မျှ မရှိ။

လုလင် ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း'ဝိစာရ'နှင့် တကွဖြစ်သော 'နီဝရဏ' ဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော အကြင်ပဌမဈာန်သို့ ရောက်၍ နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် 'နီဝရဏ'ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ 'နီဝရဏ' ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိ၊ ဤ(ပဌမဈာန်)သည်လည်း ထိုရဟန်း၏ သမာဓိပေတည်း။

ဒုတိယဈာန်

၄၆၈။ လုလင် တဖန်ထို့ပြင်လည်း ရဟန်းသည် ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်ခြင်း 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်ခြင်း 'ဝိတက်' မရှိသော သုံးသပ်ခြင်း'ဝိစာရ' မရှိသော တည်ကြည်ခြင်း'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ။

လုလင် ဥပမာသော်ကား နက်စွာသော စိမ့်ရေရှိသော ရေအိုင်သည် ရှိရာ၏၊ ထိုရေအိုင်၏ အရှေ့အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ တောင်အရပ်၌လည်း ရေဝင်ပေါက် မရှိရာ၊ အနောက်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ မြောက်အရပ်၌လည်း ရေဝင်ပေါက်မရှိရာ၊ မိုးသည်လည်း အချိန်မှန်မှန် သည်း ထန်စွာ ရွာသွန်းခြင်း မရှိရာ၊ သို့သော်လည်း ထိုရေအိုင်မှ အေးမြသော ရေယဉ်သည် စိမ့်ထွက်၍ ထို

http://www.dhammadownload.com

ရေအိုင်ကိုပင်လျှင် အေးမြသောရေဖြင့် စိုစွတ်စေရာ၏၊ အလုံးစုံ စိုစွတ်စေရာ၏၊ ပြည့်စေရာ၏၊ ပြန့်နှံ့စေရာ၏၊ အေးမြသောရေဖြင့် ထိုရေအိုင်တခုလုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိရာ။

လုလင် ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင်။ပ။

လုလင် ရဟန်းသည် ဝိတက် ဝိစာရငြိမ်းခြင်းကြောင့်။ပ။အကြင်ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် တည်ကြည်ခြင်း'သမာဓိ' ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း'ပီတိ' ချမ်းသာခြင်း 'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ တည်ကြည်ခြင်း 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ၊ ဤ (ဒုတိယဈာန်)သည်လည်း ထိုရဟန်း၏ သမာဓိပေတည်း။

တတိယဈာန်

၄၆၉။ လုလင် တဖန်ထို့ပြင်လည်း ရဟန်းသည် နှစ်သိမ့်ခြင်း'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာ (ပုဂ္ဂိုလ်) တို့သည် ပြောကြားကုန်၏၊ (ရဟန်းသည်) ထိုတတိယဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ' ဖြင့် စိုစွတ်စေ၏၊ အလုံးစုံစိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ။

လုလင် ဥပမာသော်ကား၊ ဥပ္ပလ[၁] ကြာတော၌ရင်း ပဒုမာကြာတော၌ရင်း ပုဏ္ဍရိက်ကြာတော၌ရင်း ဥပ္ပလကြာအချို့တို့သည်ရင်း ပဒုမာကြာအချို့တို့သည်ရင်း ပုဏ္ဍရိက်ကြာအချို့တို့သည်ရင်း ရေ၌ပေါက်ကုန်၏၊ ရေ၌ကြီးပွါးကုန်၏၊ ရေမှ မပေါ်ထွက်သေးကုန်၊ ရေထဲ၌မြုပ်၍ဖွံ့ဖြိုးကုန်၏၊ ထိုကြာတို့သည် အဖျားအရင်းတိုင်အောင် အေးမြသောရေဖြင့် စိုစွတ်ကုန်၏၊ အလုံးစုံ စိုစွတ်ကုန်၏၊ ပြည့်ကုန်၏၊ ပြန့်နှံ့ကုန်၏၊ ထိုဥပ္ပလကြာ ပဒုမာကြာ ပုဏ္ဍရိက်ကြာတို့၏ အစိတ်အပိုင်း အလုံးစုံ၌ အေးမြသော ရေဖြင့် မပြန့်နှံ့သော နေရာ အနည်းငယ်မျှ မရှိရာ။

လုလင် ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင်။ပ။

လုလင် ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့်။ပ။ အကြင်တတိယဈာန်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် နှစ်သိမ့်ခြင်း 'ပီတိ' ကင်းသော ချမ်းသာခြင်း'သုခ'ဖြင့် စိုစွတ်စေ၏၊ အလုံးစုံ စိုစွတ်စေ၏၊ ပြည့်စေ၏၊ ပြန့်နှံ့စေ၏၊ နှစ်သိမ့်ခြင်း'ပီတိ'ကင်းသော ချမ်းသာခြင်း 'သုခ'ဖြင့် ထိုရဟန်း၏ တကိုယ်လုံး၌ မပြန့်နှံ့သော နေရာ အနည်းငယ်မျှမရှိ၊ ဤ (တတိယဈာန်)သည်လည်း ထိုရဟန်း၏ သမာဓိပေတည်း။

စတုတ္ထဈာန်

၄၇၀။ လုလင် တဖန်ထို့ပြင်လည်း ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်ရင်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍

၁။ ဥပ္ပလ=ကြာဖြူ ကြာနီ ကြာညို။

http://www.dhammadownload.com

နေ၏၊ ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် ပြန့်နှံ့စေ၏၊ ထိုရဟန်း၏ ဘကိုယ်လုံး၌ သန့်ရှင်းဖြူစင်သော စိတ်ဖြင့် မပြန့်နှံ့သော နေရာအနည်းငယ်မျှမရှိ။

လုလင် ဥပမာသော်ကား ယောကျ်ားသည် ဖြူသောအဝတ်ဖြင့် ဦးခေါင်းနှင့်တကွ(ဘကိုယ်လုံး) ခြုံ၍ ထိုင်နေသည်ရှိသော် ထိုယောကျ်ား၏ တကိုယ်လုံး၌ ဖြူသောအဝတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှ မရှိရာ။

လုလင် ဤအတူ ရဟန်းသည် ဤကိုယ်ကိုပင်လျှင်။ပ။

လုလင် ရဟန်းသည် ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် **ဝမ်းသာ**ခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော **လျစ်လျူရှုမှု** 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော အကြင်စတုတ္ထဈာန်သို့ရောက်**၍ နေ၏၊** ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင် သန့်ရှင်းစင်ကြယ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏၊ ထိုရ**ဟန်း၏** တကိုယ်လုံး၌ သန့်ရှင်းစင်ကြယ်သော စိတ်ဖြင့် မပြန့်နှံ့သောနေရာ အနည်းငယ်မျှမရှိ၊ ဤ(**စတုတ္ထ**ဈာန်)သည်လည်း ထိုရဟန်း၏ သမာဓိပေတည်း။

၄၇၁။ လုလင် ထိုမြတ်စွာဘုရားသည် အကြင် (သမာဓိက္ခန္ဓာ) ကို ချီးကျူးလေ့ ရှိတော်မူ၏၊ အကြင် (သမာဓိက္ခန္ဓာ)၌လည်း[၁] ဤလူအပေါင်းကို ဆောက်တည်စေတော်မူ၏၊ သက်ဝင်စေတော်မူ၏၊ တည်စေတော်မူ၏၊ ထိုမြတ်သော သမာဓိက္ခန္ဓာကား ဤသည်ပင်တည်း၊ သို့ရာတွင် ဤ(သာသနာတော်) ၌ (ဤသမာဓိက္ခန္ဓာထက်) လွန်သော ပြုဘွယ်ကိစ္စသည်ကား ရှိသေးသည်သာတည်း။

အံ့ဘွယ်ရှိပါပေစွ အသျှင်အာနန္ဒာ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်အာနန္ဒာ၊ အသျှင်အာနန္ဒာ ထိုမြတ်သော သမာဓိက္ခန္ဓာသည် မပြည့်စုံသည်မဟုတ် ပြည့်စုံပါပေ၏၊ အသျှင်အာနန္ဒာ အကျွန်ုပ်သည် ဤသို့ ပြည့်စုံသော မြတ်သော သမာဓိက္ခန္ဓာကို ဤ (သာသနာတော်)မှ အပ တပါးသော သမဏဗြာဟ္မဏတို့၌မမြင် (မတွေ့)ရပါ၊ အသျှင်အာနန္ဒာ ဤသို့ပြည့်စုံသော မြတ်သော သမာဓိက္ခန္ဓာကို ဤ (သာသနာတော်) မှ အပ တပါးသော သမဏဗြာဟ္မဏတို့သည် မိမိ (တို့သန္တာန်) ၌ မြင် (တွေ့)ကုန် ငြားအံ့၊ ထိုသူတို့သည် ထိုမျှလောက်ဖြင့်သာလျှင် ဝမ်းမြောက် ကျေနပ်နေကုန်ရာ၏၊ "ဤမျှလောက်ဖြင့် ပြည့်စုံပြီ၊ ဤမျှလောက်ဖြင့် (ပြုဘွယ်ကိစ္စကို) ပြုပြီးပြီ၊ ငါတို့သည် ရဟန်းဖြစ်ကျိုးကို ရပြီ၊ (ဤသမာဓိက္ခန္ဓာထက်) လွန်သော တစုံတခုသော ပြုဘွယ်ကိစ္စသည် ငါတို့အား မရှိတော့ပြီ" ဟု ဝမ်းမြောက် ကျေနပ်နေကုန်ရာ၏၊ ထိုသို့ဖြစ်ပါလျက် အသျှင်အာနန္ဒာသည် ဤသာသနာတော်၌ (ဤသမာဓိက္ခန္ဓာထက်) လွန်သော ပြုဘွယ်ကိစ္စသည်ကား ရှိသေးသည်သာတည်း ဟု မိန့်တော်မူဘိ၏။

ပညာအစု

၄၇၂။ အသျှင်အာနန္ဒာ ထိုအသျှင်ဂေါတမသည် အကြင် (ပညာက္ခန္ဓာ)ကို ချီးကျူးလေ့ရှိ၏၊ အကြင်(ပညာက္ခန္ဓာ)၌လည်း ဤလူအပေါင်းကို ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏၊ ထိုမြတ်သော ပညာက္ခန္ဓာကား အဘယ်ပါနည်း။

၁။ ပါဠိ၌ 'ယတ္ထ'ဟု ရှိသင့်သည့်အတိုင်း ပြန်ဆိုထားသည်။

http://www.dhammadownload.com

ဝိပဿနာဉာဏ်

ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် (ဝိပဿနာ)ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့ သိ၏—

"ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုံ့တို့ဖြင့် ကြီးပွါး၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း[၁] ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ(ကိုယ်)၌ မှီတွယ်၏၊ ဤ(ကိုယ်)၌ ဆက်စပ်၏" ဟု သိ၏။

လှလင် ဥပမာသော်ကား အလွန်တောက်ပသော အမျိုးမှန်သော ရှစ်မြောင့်ရှိသော ကောင်းစွာ ပြုပြင်ပြီးဖြစ်သော အရည်ကောင်းသော အထူးကြည်လင်သော နောက်ကျုကင်းသော (သွေးခြင်း ဖောက်ခြင်း စသော) အခြင်းအရာအားလုံးနှင့် ပြည့်စုံသော ဝေဠုရိယ ကြောင်မျက်ရွဲရတနာသည် ရှိရာ၏၊ထို(ဝေဠုရိယ ကြောင်မျက်ရွဲရတနာ)၌ ညိုသော ချည်ကိုသော်၎င်း ဝါသောချည်ကိုသော်၎င်း နီသောချည်ကိုသော်၎င်း ဖြူသော ချည်ကိုသော်၎င်း ဝါဖြော့သော ချည်ကိုသော်၎င်း တပ်ထားရာ၏၊ ထို(ဝေဠုရိယ ကြောင်မျက်ရွဲရတနာ)ကို မျက်စိအမြင်ရှိသော ယောကျ်ားသည် လက်၌တင်ထား၍ (ဤသို့) ဆင်ခြင်ရာ၏—

"ဤ(ဝေဠုရိယ ကြောင်မျက်ရွဲရတနာ)သည် အလွန်တောက်ပ၏၊အမျိုးမှန်၏၊ ရှစ်မြောင့်ရှိ၏၊ကောင်းစွာ ပြုပြင်ပြီးဖြစ်၏၊ အရည်ကောင်း၏၊ အထူးကြည်လင်၏၊ နောက်ကျုကင်း၏၊ (သွေးခြင်း ဖောက်ခြင်း စသော အခြင်းအရာ) အားလုံးနှင့် ပြည့်စုံ၏၊ ထို (ဝေဠုရိယ ကြောင်မျက်ရွဲရတနာ) ၌ ဤ ညိုသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤ ဝါသော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤနီသောချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဖြူသောချည်ကို တပ်ထား၏ ဟူ၍သော်၎င်း ဤဝါဖြော့သော ချည်ကို တပ်ထား၏ ဟူ၍သော်၎င်း" ဆင်ခြင်ရာ၏။

လှလင် ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် (ဝိပဿနာ)ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်းသည် ဤသို့ သိ၏—

"ငါ၏ ဤကိုယ်ကား ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုံ့တို့ဖြင့် ကြီးပွါး၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏၊ ငါ၏ ဤဝိညာဉ်သည်လည်း ဤ(ကိုယ်)၌ မှီတွယ်၏၊ ဤ(ကိုယ်)၌ ဆက်စပ်၏" ဟု သိ၏။

၁။ သူငယ်နှင့် ပျောက်စေခြင်းငှါ ဇယ်စဉ်က နံ့သာဖြင့် ပွတ်ပေးရခြင်းကို ဆိုသည်။

http://www.dhammadownload.com

လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အကြင် (ဝိပဿနာ) ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုရဟန်း သည်။ပ။ ဤ(ကိုယ်)၌ ဆက်စပ်၏ ဟု သိ၏၊ ဤ(ဝိပဿနာဉာဏ်အမြင်)သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

မနောမယိဒ္ဓိဉာဏ်

၄၇၃။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိ လတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့ လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း) သည် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန် ဆင်းခြင်း 'မနောမယိဒ္ဓိဉာဏ်'အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း) သည် ဤ(မိမိ)ကိုယ်မှ တပါးသော ရုပ်ရှိသော စိတ်ဖြင့်ပြီးသော အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ကိုယ်ကို ဖန်ဆင်း၏။

လုလင် ဥပမာသော်ကား ယောကျ်ားသည် ဖြူဆံမြက်မှ အညွန့်တံကို နှုတ်ရာ၏၊ထို(ယောကျ်ား) အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား ဖြူဆံမြက်တည်း၊ ဤကား အညွန့်တံတည်း၊ ဖြူဆံမြက်ကား တခြား အညွန့်တံကား တခြားတည်း၊ ဖြူဆံမြက်မှသာလျှင် အညွန့်တံကို နှုတ်ထား၏" ဟု အကြံဖြစ်ရာ၏။

လုလင် ဥပမာ တမျိုးသော်ကား ယောကျ်ားသည် သန်လျက်ကို အအိမ်မှ ထုတ်ရာ၏၊ ထို (ယောကျ်ား) အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား သန်လျက်တည်း၊ ဤကား အအိမ်တည်း၊ သန်လျက်ကား တခြား အအိမ်ကား တခြားတည်း၊ အအိမ်မှသာလျှင် သန်လျက်ကို ထုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

လုလင် ဥပမာ တမျိုးသော်ကား ယောကျ်ားသည် အရေခွံမှ မြွေကို ထုတ်ရာ၏၊ ထို (ယောကျ်ား)အား ဤသို့ အကြံ ဖြစ်ရာ၏—

"ဤကား မြွေတည်း၊ ဤကား အရေတည်း၊ မြွေကားတခြား အရေကား တခြားတည်း၊ အရေခွံမှသာလျှင် မြွေကို ထုတ်ထား၏" ဟု အကြံ ဖြစ်ရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည် ။ပ။ လုလင် ဤသို့ တည်ကြည်သောစိတ်သည် စင်ကြယ် လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ် သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အကြင် စိတ်ဖြင့်ပြီးသော ကိုယ်ကို ဖန်ဆင်းခြင်း 'မနောမယိဒ္ဓိဉာဏ်'အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ပ။ ဤ(မနောမယိဒ္ဓိဉာဏ်)သည်လည်း ထိုရဟန်း၏ ပညာ ပေတည်း။

ဣဒ္ဓိဝိဓဉာဏ်

၄၇၄။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း) သည် တန်ခိုးဖန်ဆင်းခြင်း

http://www.dhammadownload.com

'ဝုဒ္ဓိဝိဓဉာဏ်' အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ ကိုယ်ထင်ရှား ဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတံခါး တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်းမကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။

လုလင် ဥပမာသော်ကား ကျွမ်းကျင်သော အိုးထိန်းသည်ငှင်း အိုးထိန်း၏ တပည့်သည်ငှင်း မြေကိုညက်စွာ နယ်ပြီးလတ်သော် အလိုရှိရာ အိုးခွက်အမျိုးမျိုးကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

လုလင် ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ဆင်စွယ်ပန်းပုသည်ငှင်း ဆင်စွယ်ပန်းပု၏ တပည့်သည်ငှင်း ဆင်စွယ်ကို ကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာ ဆင်စွယ်ထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

လုလင် ဥပမာတမျိုးသော်ကား ကျွမ်းကျင်သော ရွှေပန်းတိမ်သည်ငှင်း ရွှေပန်းတိမ်၏ တပည့်သည်ငှင်း ရွှေကို ကောင်းစွာ ပြုပြင်ပြီးလတ်သော် အလိုရှိရာ ရွှေထည်ကို ပြုလုပ်ရာ၏၊ ပြီးစေရာ၏။

လုလင် ဤအတူ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် တန်ခိုးဖန်ဆင်းခြင်း 'ဣဒ္ဓိဝိဓဉာဏ်' အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်သွား၏။ပ။ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏၊ ဤ(ဣဒ္ဓိဝိဓဉာဏ်) သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

ဒိဗ္ဗသောတဉာဏ်

၄၇၅။ ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ဒိဗ္ဗသောတဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အသူးသဖြင့် စင်ကြယ်သော လူ့ဘုံ၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ'ဉာဏ် ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်သည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏။

လုလင် ဥပမာသော်ကား ခရီးရှည်သွားသော ယောကျာ်းသည် စည်ကြီးသံ မုရိုးစည်သံ ခရုသင်းသံ ထက်စည်သံ ပတ်သာသံများကို ကြားရာ၏၊ ထို(ယောကျာ်း)သည် ဤသို့ သိရာ၏—

"ဤကား စည်ကြီးသံ၊ ဤကား မုရိုးစည်သံ၊ ဤကား ခရုသင်းသံ၊ ဤကား ထက်စည်သံ၊ ဤကား ပတ်သာသံတည်း" ဟု သိရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။

http://www.dhammadownload.com

လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အကြင် ဒိဗ္ဗသောတဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အသူးသဖြင့် စင်ကြယ်သော လူတို့၏ နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော 'ဒိဗ္ဗသောတ' ဉာဏ်ဖြင့် နတ်၌လည်း ဖြစ်ကုန်သော လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန်သော နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားရ၏၊ ဤ(ဒိဗ္ဗသောတဉာဏ်)သည်လည်း ထို ရဟန်း၏ ပညာပေတည်း။

စေတောပရိယဉာဏ်

၄၇၆။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုရဟန်းသည် (သူတပါးတို့၏) စိတ်ကို ပိုင်းခြား၍ သိသော 'စေတောပရိယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း) သည် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏။

တပ်မက်ခြင်း'ရာဂ' နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ' နှင့်တကွသော စိတ်ဟု သိ၏၊ တပ်မက်ခြင်း'ရာဂ' ကင်းသော စိတ်ကိုလည်း တပ်မက်ခြင်း'ရာဂ' ကင်းသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း'ဒေါသ' နှင့်တကွသော စိတ်ကိုလည်း အမျက်ထွက်ခြင်း'ဒေါသ' နှင့်တကွသော စိတ်ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ဟု သိ၏၊ တွေဝေခြင်း 'မောဟ' နှင့်တကွသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' နှင့်တကွသော စိတ်ဟု သိ၏၊ တွေဝေခြင်း 'မောဟ'ကင်းသော စိတ်ကိုလည်း တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ဟု သိ၏၊ ကျုံ့သော 'သံခိတ္တ' စိတ်ကိုလည်း ကျုံ့သော 'သံခိတ္တ' စိတ်ဟု သိ၏၊ ပျံ့သော 'ဝိက္ခိတ္တ' စိတ်ကိုလည်း ပျံ့သော 'ဝိက္ခိတ္တ' စိတ်ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ကိုလည်း မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်' စိတ်ဟု သိ၏၊ သာလွန်သော တရားရှိသော 'သဉ္တတ္တရ' စိတ်ကိုလည်း သာလွန်သော တရားရှိသော 'သဉ္တတ္တရ' စိတ်ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ်ကိုလည်း သာလွန်သော တရားမရှိသော 'အနုတ္တရ' စိတ်ဟု သိ၏၊ တည်ကြည်သော 'သမာဟိတ'စိတ်ကိုလည်း တည်ကြည်သော 'သမာဟိတ' စိတ်ဟု သိ၏၊ မတည်ကြည်သော 'အသမာဟိတ' စိတ်ကိုလည်း မတည်ကြည်သော 'အသမာဟိတ' စိတ်ဟု သိ၏၊ လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ကိုလည်း လွတ်မြောက်သော 'ဝိမုတ္တ' စိတ်ဟု သိ၏၊ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ဟု သိ၏။

လုလင် ဥပမာသော်ကား ငယ်ရွယ်သော အလှပြင်လေ့ရှိသော မိန်းမပျိုသည်လည်းကောင်း ယောကျ်ားပျိုသည်လည်းကောင်း သန့်ရှင်း ဖြူစင်သော မှန်၌ဖြစ်စေ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုလတ်သော် (မှည့်စသော)အပြောက်အစွန်း ရှိသည်ကို (မှည့်စသော)အပြောက်အစွန်း ရှိ၏ဟု သိရာ၏၊ (မှည့်စသော)အပြောက်အစွန်း မရှိသည်ကို(မှည့်စသော)အပြောက်အစွန်း မရှိဟု သိရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။

http://www.dhammadownload.com

လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အခြား (သူတပါးတို့၏) စိတ်ကို ပိုင်းခြား၍ သိသော 'စေတောပရိယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏။

တပ်မက်ခြင်း 'ရာဂ' နှင့်တကွသော စိတ်ကိုလည်း တပ်မက်ခြင်း 'ရာဂ' နှင့်တကွသော စိတ်ဟု သိ၏။ပ။ မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ကိုလည်း မလွတ်မြောက်သော 'အဝိမုတ္တ' စိတ်ဟု သိ၏၊ ဤ (စေတောပရိယဉာဏ်) သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်

၄၇၇။ ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍သိသော 'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း) သည် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်ကား အဘယ်နည်း—

တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ် ဖြစ်ကပ်တို့ကိုင်း ဤမည်သော ဘဝ၌ ငါသည် ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို (ငါ)သည် ထိုဘဝမှ သေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို (ငါ) သည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏ ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်) နှင့် တကွ များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့၏။

လုလင် ဥပမာသော်ကား ယောကျ်ားသည် မိမိရွာမှ တပါးသော ရွာသို့ သွားရာ၏၊ ထိုရွာမှလည်း တပါးသော ရွာသို့ သွားရာ၏၊ ထို(ယောကျ်ား)သည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏—

"ငါသည် မိမိရွာမှ ဤမည်သော ရွာသို့ သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုရွာမှလည်း ဤမည်သော ရွာသို့ သွားခဲ့၏၊ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့၏၊ ဤသို့ ထိုင်ခဲ့၏၊ ဤသို့ ပြောဆိုခဲ့၏၊ ဤသို့ ဆိတ်ဆိတ်နေခဲ့၏၊ ထိုငါသည် ထိုရွာမှ မိမိရွာသို့သာလျှင် ပြန်လာ၏" ဟု အကြံဖြစ်ရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။ လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၍ သိသော

http://www.dhammadownload.com

'ပုဗ္ဗေနိဝါသာနုဿတိ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤသည်ကား အဘယ်နည်း—

တဘဝကိုလည်း။ပ။ ဤသို့ အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် (အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ဘဝကို အောက်မေ့၏၊ ဤ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်) သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

စုတူပပါတဉာဏ်

၄၇၈။ ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို (ရဟန်း)သည် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကိုသိသော 'စုတူပပါတ'ဉာဏ် [၁] အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသော သတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏—

"အချင်းတို့ သတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့်'ကာယဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့်'ဝစီဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ ပျက်စီးလျက် ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏၊ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့်'ကာယသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်' နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့်ပြုသော ကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည် ၌ ဖြစ်ပေါ်ကုန်၏" ဟု သိ၏။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိ၏။

လုလင် ဥပမာသော်ကား (ဗဟို)လမ်းဆုံအလယ်၌ ပြာသာဒ် ရှိရာ၏၊ ထို(ပြာသာဒ်ထက်)၌ ရပ်လျက်နေသော မျက်စိအမြင်ရှိသော ယောကျ်ားသည် အိမ်သို့ ဝင်ကုန်သော အိမ်မှထွက်ကုန်သော လမ်းမ၌ လမ်းလျှောက်သွားလာနေကုန်သော လမ်းဆုံအလယ်၌ ထိုင်နေကုန်သော လူတို့ကို မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏—

၁-စုတိ = သေခြင်း၊ ဥပပါတ = ဖြစ်ပေါ်ခြင်းပဋိသန္ဓေ။

http://www.dhammadownload.com

"ဤသူတို့သည် အိမ်သို့ ဝင်ကုန်၏၊ ဤသူတို့သည်(အိမ်မှ) ထွက်ကုန်၏၊ ဤသူတို့သည် လမ်းမ၌ လမ်းလျှောက်သွားလာနေကုန်၏၊ ဤသူတို့သည် လမ်းဆုံအလယ်၌ ထိုင်နေကုန်၏" ဟု အကြံ ဖြစ်ရာ၏။

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။ လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မဘုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အကြင် သတ္တဝါတို့၏ သေခြင်း ဖြစ်ပေါ်ခြင်းကို သိသော'စုတူပပါတ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို (ရဟန်း) သည် အသူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသောလားရာရှိသော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိ၏၊ ဤ (စုတူပပါတဉာဏ်) သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

အာသဝက္ခယဉာဏ်

၄၃၈။ ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှါ သင့်လျော်လတ်သော် တည်တံ့လတ်သော် မဘုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထို(ရဟန်း)သည် အာသဝတို့ကို ကုန်စေသော 'အာသဝက္ခယ'ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း) သည် ဤကား ဆင်းရဲ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲ ဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသည်တို့ကား အာသဝတို့ ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ဖြစ်ပေါ်ခြင်း၏ အကြောင်း ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်) ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤကား အာသဝတို့ချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့် ဟု ဟုတ်မှန်သော အတိုင်း သိ၏၊ ဤသို့ သိသော ဤသို့ မြင်သော ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီ ဟု အသိဉာဏ်ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ ဟု သိ၏။

လုလင် ဥပမာသော်ကား တောင်ဝှမ်း၌ ကြည်လင်သန့်ရှင်း နောက်ကျုကင်းသော ရေအိုင်သည် ရှိရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုရေအိုင်၏ ကမ်း၌ ရပ်လျက် ခရု ယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားကြသည်ကိုရင်း ရပ်တည်ကြသည်ကိုရင်း မြင်ရာ၏၊ ထိုယောကျ်ားအား ဤသို့ အကြံဖြစ်ရာ၏—

"ဤရေအိုင်သည် ကြည်လင်သန့်ရှင်း နောက်ကျုကင်း၏၊ ထိုရေအိုင်၌ ဤ ခရု ယောက်သွား ကျောက်စရစ် အိုးခြမ်း ငါးအပေါင်းတို့ သွားလည်း သွားကြ၏၊ ရပ်တည်လည်း ရပ်တည်ကြ၏" ဟု အကြံ ဖြစ်ရာ၏။

http://www.dhammadownload.com

လုလင် ဤအတူသာလျှင် ရဟန်းသည်။ပ။ လုလင် ဤသို့ တည်ကြည်သော စိတ်သည်။ပ။ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ရဟန်းသည် အကြင် အာသဝတို့ကို ကုန်စေသော 'အာသဝက္ခယ' ဉာဏ် အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထို(ရဟန်း)သည် ဤကား ဆင်းရဲ ဟု ဟုတ်မှန်သောအတိုင်း သိ၏။ပ။ ရောက်ကြောင်း အကျင့် ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ ဤသို့ သိသော ဤသို့ မြင်သော ထို(ရဟန်း)၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီ ဟု အသိဉာဏ် ဖြစ်ပေါ်၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ (မဂ်)ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်) ကိစ္စအလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ ဟု သိ၏၊ ဤ(အာသဝက္ခယဉာဏ်)သည်လည်း ထိုရဟန်း၏ ပညာပေတည်း။

၃၇၀။ လုလင် ထိုမြတ်စွာဘုရားသည် အကြင် (ပညာက္ခန္ဓာ)ကို ချီးကျူးလေ့ရှိတော်မူ၏၊ အကြင် (ပညာက္ခန္ဓာ)၌လည်း[၁] ဤလူအပေါင်းကို ဆောက်တည်စေတော်မူ၏၊ သက်ဝင်စေတော်မူ၏၊ တည်စေတော်မူ၏၊ ထိုမြတ်သော ပညာက္ခန္ဓာကား ဤသည်ပင်တည်း၊ ဤ(သာသနာတော်)၌ ဤ(ပညာက္ခန္ဓာ)ထက် လွန်သော ပြုဖွယ်ကိစ္စသည် မရှိတော့ပြီ ဟု မိန့်တော်မူ၏။

အံ့ဖွယ်ရှိပါပေစွ အသျှင်အာနန္ဒာ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ အသျှင်အာနန္ဒာ၊ အသျှင်အာနန္ဒာ ထိုမြတ်သော ပညာက္ခန္ဓာသည် မပြည့်စုံသည်မဟုတ် ပြည့်စုံပါပေ၏၊ အသျှင်အာနန္ဒာ အကျွန်ုပ်သည် ဤသို့ ပြည့်စုံသော မြတ်သော ပညာက္ခန္ဓာကို ဤ(သာသနာတော်)မှ အပ တပါးသော သမဏဗြာဟ္မဏတို့၌[၂] မမြင် (မတွေ့)ရပါ၊ ဤအရာ၌ ဤ (ပညာက္ခန္ဓာ) ထက် လွန်သော ပြုဖွယ်ကိစ္စသည် မရှိနိုင်တော့ပါ။

အသျှင်အာနန္ဒာ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်အာနန္ဒာ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေ၏၊ အသျှင်အာနန္ဒာ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း,မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း, "မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်" ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်အာနန္ဒာ ဤအတူသာလျှင် အသျှင်အာနန္ဒာသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်အာနန္ဒာ ထိုအကျွန်ုပ်သည် ထိုအသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်အာနန္ဒာသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟူ၍ လျှောက်ထားလေသတည်း။

ဆယ်ခုမြောက်သော သုဘသုတ် ပြီး၏။

၁။ ပါဠိ၌ "ယတ္ထ" ဟု ရှိသင့်သည့်အတိုင်း ပြန်ဆိုထားသည်။

၂။ န သမနုပဿာမိ၊ နတ္ထိ စေဝေတ္ထ ဥတ္တရိကရဏီယန္တိ ဟူသော သိဟိုဠ်မူနှင့် လန်ဒန်မူတို့အရ ပြန်ဆိုထားသည်။

http://www.dhammadownload.com

http://www.dhammadownload.com

၁၁–ကေဝဋ္ဋသုတ်

ကေဝဋ္ဋသူကြွယ်သားဝတ္ထု

၄၈၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒာမြို့ ပါဝါရိက (သူဌေး)၏ သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား ဤနာဠန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊ စည်ပင် ဝပြောပါ၏၊ လူ (ဦးရေ) များပြားပါ၏၊ လူ (အသွားအလာ) ထူထပ်ပါ၏၊ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှါ ရဟန်းတပါးအား အမိန့်ပေးထားတော်မူပါ၊ ဤသို့ ဖြစ်လတ်သော် ဤနာဠန္ဒာမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်" ဟု လျှောက်၏။

ဤသို့ လျှောက်သော် မြတ်စွာဘုရားသည် ကေဝဋ္ဋ(အမည်ရှိသော) သူကြွယ်သားအား ဤစကားကို မိန့်တော်မူ၏—

"ကေဝဋ္ဋ ငါသည် ရဟန်းတို့အား 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အဝတ်ဖြူဝတ်ကုန်သော လူတို့အား [၁] ပြကြလော့' ဟု ဤသို့ တရားကိုမဟော" ဟု မိန့်တော်မူ၏။

၄၈၂။ နှစ်ကြိမ်မြောက်လည်း ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ပြန်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို အကျိုးမဲ့ပြုသည်မဟုတ်ပါ၊ သို့ရာတွင် အသျှင်ဘုရား ဤနာဠန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊ စည်ပင်ဝပြောပါ၏၊ လူ (ဦးရေ) များပြားပါ၏၊ လူ (အသွားအလာ) ထူထပ်ပါ၏၊ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှါ ရဟန်းတပါးအား အမိန့်ပေးထားတော်မူပါ၊ ဤသို့ဖြစ်လတ်သော် ဤနာဠန္ဒာမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည် ဟု ဤသို့ပင် လျှောက်လိုပါသေးသည်" ဟု လျှောက်ပြန်၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားအား ဤစကားကို မိန့်တော်မူပြန်၏—

၁။ ထိုခေတ် ထိုဒေသက လူများသည် အဝတ်ဖြူကို ဝတ်လေ့ရှိကြသည်၊ ယခုတိုင်အောင်ပင် အိန္ဒိယနိုင်ငံက လူများသည် အဝတ်ဖြူကို ဝတ်လေ့ရှိကြသည်။

http://www.dhammadownload.com

"ကေဝဋ္ဋ ငါသည် ရဟန်းတို့အား၊ 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် အဝတ်ဖြူဝတ် ကုန်သော လူတို့အား လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုး ပြာဋိဟာကို ပြကြလော့' ဟု ဤသို့ တရားကို မဟော" ဟူ၍ မိန့်တော်မူ၏။

သုံးကြိမ်မြောက်လည်း ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားသည် မြတ်စွာဘုရားအား ဤ စကားကို လျှောက်ပြန်၏—

"အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို အကျိုးမဲ့ပြုသည်မဟုတ်ပါ၊ သို့ရာတွင် အသျှင်ဘုရား ဤနာဠန္ဒာမြို့သည် ပြည့်စုံကြွယ်ဝပါ၏၊ စည်ပင်ဝပြောပါ၏၊ လူ (ဦးရေ) များပြားပါ၏၊ လူ (အသွားအလာ) ထူထပ်ပါ၏၊ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရားဆယ်ပါး ထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှါ ရဟန်းတပါးအား အမိန့်ပေးထားတော် မူပါ၊ ဤသို့ ဖြစ်လတ်သော် ဤနာဠန္ဒာမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညို ပါလိမ့်မည် ဟု ဤသို့ပင် လျှောက်လိုပါသေးသည်" ဟု လျှောက်ပြန်၏။

ပြာဋိဟာသုံးပါး

၄၈၁။ ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟောကြားထားသော ဤပြာဋိဟာတို့သည် သုံးပါးရှိကုန်၏၊ သုံးပါးတို့ဟူသည် အဘယ်နည်း၊ တန်ခိုးပြာဋိဟာ 'ဣဒ္ဓိပါဋိဟာ ရိယ'၊ အတပ်ဟောခြင်း ပြာဋိဟာ 'အာဒေသနာ ပါဋိဟာရိယ' နှင့် ဆုံးမခြင်းပြာဋိဟာ 'အနုသာသနီ ပါဋိဟာရိယ' တို့ပေတည်း။

တန်ခိုးပြာဋိဟာ

၄၈၂။ ကေဝဋ္ဋ တန်ခိုးပြာဋိဟာ ဟူသည်ကား အဘယ်နည်း၊ ကေဝဋ္ဋ ဤ (သာသနာတော်) ၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏၊ (ကိုယ်) ထင်ရှားဖြစ်စေ၏၊ (ကိုယ်) ပျောက်စေ၏၊ နံရံတဖက် တန်တိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏၊ ရေ၌လည်း မကွဲကျပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးအာနု ဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာ့ပြည် တိုင်အောင် လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏။

(ဤသို့) များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေသော ထိုရဟန်းကို သဒ္ဓါတရားရှိသော ကြည်ညိုသော လူတယောက်သည် တွေ့မြင်ရာ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်သွား သည်ကိုရှင်း အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာသည်ကိုရှင်း (ကိုယ်) ထင်ရှား ဖြစ်စေ သည်ကိုရှင်း (ကိုယ်)ပျောက်စေသည်ကိုရှင်း နံရံတဖက် တန်တိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားသည်ကိုရှင်း မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုသည်ကိုရှင်း ရေ၌လည်း မကွဲကျပဲ မြေ၌ကဲ့သို့ သွားသည်ကိုရှင်း ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အ တောင်ရှိသော ငှက်ကဲ့သို့ သွားသည်ကိုရှင်း ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤလနေတို့ကို လည်း လက်ဖြင့် သုံးသပ်သည်ကိုရှင်း ဆုပ်ကိုင်သည်ကိုရှင်း ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေသည်ကိုရှင်း တွေ့မြင်ရာ၏။

http://www.dhammadownload.com

(ဤသို့ တွေ့မြင်ရသော်) သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူသည် သဒ္ဓါတရားမရှိသော မကြည်ညိုသော လူဘယောက်အား ထိုရဟန်းအကြောင်းကို (ဤသို့) ပြောကြားရာ၏—

"အချင်း ရဟန်း၏ တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် စင်စစ် အံ့ဖွယ်ရှိပါပေ၏၊ စင်စစ် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အချင်း များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေသော ဤမည်သော ရဟန်းကို ငါသည် တွေ့မြင်ရ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွားသည်ကိုရှင်း အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာသည်ကိုရှင်း။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေသည်ကိုရှင်း တွေ့မြင်ရ၏" ဟု ပြောကြားရာ၏။

(ဤသို့ ပြောကြားသော်) သဒ္ဓါတရားမရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ ဆိုရာ၏—

"အချင်း ဂန္ဓာရီမည်သော အတတ်သည် ရှိ၏၊ ထို (ဂန္ဓာရီအတတ်) ဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်း ဖြစ်စေ၏" ဟု ဆိုရာ၏။

ကေဝဋ္ဋ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ သဒ္ဓါတရား မရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ ဆိုရာသည် မဟုတ်လော။

ဆိုရာပါ၏ အသျှင်ဘုရား။

ကေဝဋ္ဋ ငါသည် တန်ခိုးပြာဋိဟာ၌ ဤအပြစ်ကို မြင်သောကြောင့် တန်ခိုးပြာဋိဟာကို ပြရန် ဝန်လေး၏၊ ရှက်၏၊ စက်ဆုပ်၏။

အတပ်ဟောခြင်းပြာဋိဟာ

၄၈၅။ ။ကေဝဋ္ဋ အတပ်ဟောခြင်း ပြာဋိဟာ ဟူသည်ကား အဘယ်နည်း။

ကေဝဋ္ဋ ဤ(သာသနာတော်)၌ ရဟန်းသည် "သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏ စိတ်သည် ဤသို့ အခြင်းအရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟော၏၊ စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟော၏၊ ကြံစည်သည်ကိုလည်း အတပ်ဟော၏၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟော၏။

သဒ္ဓါတရားရှိသော ကြည်ညိုသော လူတယောက်သည် "သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏ စိတ်သည် ဤသို့ အခြင်းအရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏" ဟု တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောသော, စိတ်၌ ဖြစ်သည်ကိုလည်း အတပ်ဟောသော, ကြံစည်သည်ကိုလည်း အတပ်ဟောသော, ဆင်ခြင်သည်ကိုလည်း အတပ်ဟောသော ထိုရဟန်းကို တွေ့မြင်ရာ၏။

(ဤသို့ တွေ့မြင်ရသော်) သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူသည် သဒ္ဓါတရားမရှိသော မကြည်ညိုသော လူတယောက်အား ထိုရဟန်းအကြောင်းကို (ဤသို့)ပြောကြားရာ၏—

"အချင်း ရဟန်း၏ တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် စင်စစ် အံ့ဖွယ်ရှိပါပေ၏၊ စင်စစ် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏၊ အချင်း ငါသည် 'သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏ စိတ်သည်

http://www.dhammadownload.com

ဤသို့ အခြင်းအရာ ရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏' ဟု တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောသော, စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟောသော, ကြံစည်သည်ကိုလည်း အတပ်ဟောသော, ဆင်ခြင်သည်ကိုလည်း အတပ်ဟောသော ဤမွည်သော ရဟန်းကို တွေ့မြင်ရ၏" ဟု ပြောကြားရာ၏။

(ဤသို့ ပြောကြားသော်) သဒ္ဓါတရားမရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ ဆိုရာ၏—

"အချင်း စိန္တာမဏိမည်သော အတတ်သည်ရှိ၏၊ ထို(စိန္တာမဏိအတတ်)ဖြင့် ထိုရဟန်းသည် 'သင်၏ စိတ်သည် ဤသို့ သဘောရှိ၏၊ သင်၏ စိတ်သည် ဤသို့ အခြင်းရာရှိ၏၊ သင်၏ စိတ်အကြံသည် ဤသို့ ဖြစ်၏' ဟု တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟော၏၊ စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟော၏၊ ကြံစည်သည်ကိုလည်း အတပ်ဟော၏၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟော၏" ဟု ဆိုရာ၏။

ကေဝဋ္ဋ ထိုအရာကို အဘယ်သို့ထင်သနည်း၊ သဒ္ဓါတရားမရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ ဆိုရာသည် မဟုတ်လော။

ဆိုရာပါ၏ အသျှင်ဘုရား။

ကေဝဋ္ဋ ငါသည် အတပ်ဟောခြင်း ပြာဋိဟာ၌ ဤအပြစ်ကို မြင်သောကြောင့် အတပ်ဟောခြင်း ပြာဋိဟာကို ပြရန်ဝန်လေး၏၊ ရှက်၏၊ စက်ဆုပ်၏။

ဆုံးမခြင်းပြာဋိဟာ

၄၈၆။ ။ကေဝဋ္ဋ ဆုံးမခြင်း ပြာဋိဟာ ဟူသည်ကား အဘယ်နည်း။

ကေဝဋ္ဋ ဤ(သာသနာတော်)၌ ရဟန်းသည် ဤသို့ ဆုံးမ၏ "ဤသို့ ကြံကုန်လော့၊ ဤသို့ မကြံကုန်လင့်၊ ဤသို့ နှလုံးသွင်းကုန်လော့၊ ဤသို့ နှလုံးမသွင်းကုန်လင့်၊ ဤ(တရား)ကို ပယ်ကုန်လော့၊ ဤ(တရား)သို့ရောက်၍ နေကုန်လော့" ဟု ဆုံးမ၏၊ ကေဝဋ္ဋ ဤ (ဆုံးမခြင်း)ကို ဆုံးမခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။

ကေဝဋ္ဋ တဖန် ထို့ပြင်လည်း ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။

[သာမညဖလသုတ်၌ကဲ့သို့ နည်းတူ ချဲ့အပ်၏]

ကေဝဋ္ဋ ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံ၏။ပ။ ပဌမဈာန်သို့ ရောက်၍နေ၏။ ကေဝဋ္ဋ ဤ(ပဌမဈာန်သို့ရောက်၍ နေရန် ဆုံးမခြင်း)ကိုလည်း ဆုံးမခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။

။ပ။ ဒုတိယဈာန်သို့။ တတိယဈာန်သို့။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ကေဝဋ္ဋ ဤ(စတုတ္ထဈာန်သို့ ရောက်၍နေရန် ဆုံးမခြင်း) ကိုလည်း ဆုံးမခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။

http://www.dhammadownload.com

။ပ။ (ဝိပဿနာ) ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ပ။ ကေဝဋ္ဋ ဤ(ဝိပဿနာ ဉာဏ်အမြင်အလို့ငှါ ဆုံးမခြင်း)ကိုလည်း ဆုံးမခြင်း ပြာဋိဟာ ဟု ဆိုအပ်၏။

။ပ။ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ်ကိစ္စ မရှိတော့ပြီ ဟု သိ၏။ပ။ ကေဝဋ္ဋ ဤ (အာသဝက္ခယ ဉာဏ်အလို့ငှါ ဆုံးမခြင်း)ကိုလည်း ဆုံးမခြင်းပြာဋိဟာ ဟု ဆိုအပ်၏။

ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ငါဟောကြားထားသော ပြာဋိဟာတို့သည် ဤသုံးပါးတို့ပေတည်း။

မဟာဘုတ်လေးပါးချုပ်ရာကိုရှာသော ရဟန်းဝတ္ထု

၄၈၇။ ။ကေဝဋ္ဋ ရှေးဖြစ်ဘူးသည်ကား ဤရဟန်းသံဃာထဲ၌ပင် ရဟန်းတပါးအား ဤသို့သော စိတ်အကြံသည် ဖြစ်ပေါ်၏—

"မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ် အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု စိတ်အကြံသည် ဖြစ်ပေါ်၏။

၄၈၈။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် နတ်ပြည်သို့ သွားရန် ခရီးလမ်း ထင်ရှားဖြစ်ပေါ်လာသည်ဘိုင်အောင် စိတ်တည်ကြည်ခြင်းရှိသော (အဘိညာဉ်) သမာဓိကို ဝင်စား၏။

ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် စာတုမဟာရာဇ်နတ်တို့ထံသို့ ချဉ်းကပ်၍ စာတုမဟာရာဇ် နတ်တို့အား ဤစကားကို ဆို၏—

"ငါ့သျှင်တို့ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု ဆို၏။

ကေဝဋ္ဋ ဤသို့ ဆိုသော် စာတုမဟာရာဇ်နတ်တို့သည် ထိုရဟန်းအား ဤစကားကို ဆိုကုန်၏—

"ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်တို့ မသိပါကုန်၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန် မြင့်မြတ်ကုန်သော နတ်မင်းကြီးလေးယောက်တို့သည် ရှိပါကုန်၏၊ ထို (နတ်မင်းကြီး) တို့သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို သိကုန်ရာပါ၏" ဟု ဆိုကုန်၏။

၄၈၉။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် နတ်မင်းကြီး လေးယောက်တို့ထံသို့ ချဉ်းကပ်၍ နတ်မင်းကြီး လေးယောက်တို့အား ဤ (ပြဿနာ) ကို မေး၏။

"ငါ့သျှင်တို့ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ် လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့ မေးသော် နတ်မင်းကြီး လေးယောက်တို့သည် ထိုရဟန်းအား ဤ(စကား)ကို ဆိုကုန်၏—

http://www.dhammadownload.com

"ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို အကျွန်ုပ်တို့လည်း မသိပါကုန်၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်ကုန်သော တာဝတိံသာ နတ်တို့သည် ရှိပါကုန်၏၊ ထို(တာဝတိံသာ)နတ်တို့သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ချုပ်ရာ အရပ်ကို သိကုန်ရာပါ၏" ဟု ဆိုကုန်၏။

၄၉၀။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် တာဝတိံသာ နတ်တို့ထံသို့ ချဉ်းကပ်၍ တာဝတိံသာ နတ်တို့အား ဤ (ပြဿနာ) ကို မေး၏—

"ငါ့သျှင်တို့ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့မေးသော် တာဝတိံသာ နတ်တို့သည် ထိုရဟန်းအား ဤ (စကား) ကို ဆိုကုန်၏—

"ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို အကျွန်ုပ်တို့လည်း မသိပါကုန်၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်သော နတ်တို့၏အရှင် သိကြား(မင်း)သည် ရှိပါ၏၊ ထို(သိကြားမင်း)သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော မဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ချုပ်ရာ အရပ်ကို သိရာပါ၏" ဟု ဆိုကုန်၏။

၄၉၁။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် နတ်တို့၏အရှင် သိကြား (မင်း) ထံသို့ ချဉ်းကပ်၍ နတ်တို့၏အရှင် သိကြား (မင်း) အား ဤ (ပြဿနာ) ကို မေး၏—

"ငါ့သျှင် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့ မေးသော် နတ်တို့၏အရှင် သိကြား(မင်း)သည် ထိုရဟန်းအား ဤ(စကား) ကို ဆို၏—

"ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်လည်း မသိပါ၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန် မြင့်မြတ်ကုန်သော ယာမာ မည်သော နတ်တို့သည် ရှိပါကုန်၏။ပ။ သုယာမ မည်သော နတ်သားသည်။ပ။ တုသိတာ မည်သော နတ်တို့သည်။ပ။ သန္တုသိတ မည်သော နတ်သားသည်။ပ။ နိမ္မာနရတိ မည်သော နတ်တို့သည်။ပ။ သုနိမ္မိတ မည်သော နတ်သားသည်။ပ။ ပရနိမ္မိတဝသဝတ္တီ မည်သော နတ်တို့သည်။ပ။ ဝသဝတ္တီ မည်သော နတ်သားသည် ရှိပါ၏၊ ထို (ဝသဝတ္တီ နတ်သား) သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို သိရာပါ၏" ဟု ဆို၏။

၄၉၂။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် ဝသဝတ္တီ မည်သော နတ်သားထံသို့ ချဉ်းကပ်၍ ဝသဝတ္တီနတ်သားအား ဤ(ပြဿနာ)ကို မေး၏—

http://www.dhammadownload.com

"ငါ့သျှင် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့မေးသော် ဇေယဝတ္တိနတ်သားသည် ထိုရဟန်းအား ဤ(စကား)ကိုဆို၏—

"မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်သည်လည်း မသိပါ၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်ကုန်သော ဗြဟ္မာတို့သည် ရှိပါကုန်၏၊ ထို (ဗြဟ္မာ) တို့သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာ အရပ်ကို သိကုန်ရာပါ၏" ဟု ဆို၏။

၄၉၃။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် ဗြဟ္မာ့ပြည်သို့ သွားရန် ခရီးလမ်း ထင်ရှား ဖြစ်ပေါ်လာသည် တိုင်အောင် စိတ်တည်ကြည်ခြင်းရှိသော (အဘိညာဉ်) သမာဓိကို ဝင်စား၏။

ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော ဗြဟ္မာတို့ထံသို့ ချဉ်းကပ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော ဗြဟ္မာတို့အား ဤ (ပြဿနာ) ကို မေး၏—

"ငါ့သျှင်တို့ မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့မေးသော် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော ဗြဟ္မာတို့သည် ထိုရဟန်းအား ဤ(စကား) ကို ဆိုကုန်၏—

"ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်တို့လည်း မသိပါကုန်၊ ရဟန်း အကျွန်ုပ်တို့ထက် သာလွန်မြင့်မြတ်သော ဗြဟ္မာသည် ရှိပါ၏၊ ထို(ဗြဟ္မာ)သည် မဟာဗြဟ္မာ ဖြစ်ပါ၏၊ လွှမ်းမိုးနိုင်သူ ဖြစ်ပါ၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်ပါ၏၊ စင်စစ် (အလုံးစုံကို) မြင်သူ ဖြစ်ပါ၏၊ အလို အတိုင်း ဖြစ်စေနိုင်သူ ဖြစ်ပါ၏၊ အစိုးရသူ ဖြစ်ပါ၏၊ ပြုသူ ဖြစ်ပါ၏၊ ဖန်ဆင်းသူ ဖြစ်ပါ၏၊ အမြတ်ဆုံးသူ ဖြစ်ပါ၏၊ စီမံသူ ဖြစ်ပါ၏၊ (စျာန်၌) လေ့လာပြီးသူ ဖြစ်ပါ၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖ ဖြစ်ပါ၏၊ ထို(မဟာဗြဟ္မာ)သည် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ချုပ်ရာ အရပ်ကို သိရာပါ၏" ဟု ဆိုကုန်၏။

ငါ့သျှင်တို့ ယခုအခါ ထိုမဟာဗြဟ္မာသည် အဘယ်မှာ ရှိသနည်း။

ရဟန်း မဟာဗြဟ္မာ နေရာဘုံကိုရင်း မဟာဗြဟ္မာ လာရာလမ်းကိုရင်း မဟာဗြဟ္မာ သွားရာ အရပ်ကိုရင်း အကျွန်ုပ်တို့လည်း မသိပါကုန်၊ ရဟန်း သို့ရာတွင် မဟာဗြဟ္မာ ထင်ရှားပေါ်လာရန် ရှေ့ပြေး နိမိတ်တို့သည် ထင်ပါကုန်၏၊ (ထူးခြားသော)အလင်းရောင်တို့သည် ထင်ရှား ပေါ်လာ ပါကုန်၏၊ (သို့ဖြစ်၍ ယခုပင်) မဟာဗြဟ္မာသည် ထင်ရှား ပေါ်လာပါလတ္တံ့၊ ဤ(ထူးခြားသော) အလင်းရောင် ထင်ရှား ပေါ်လာခြင်းသည် မဟာဗြဟ္မာ ထင်ရှား ပေါ်လာရန် ရှေ့ပြေးနိမိတ် ဖြစ်ပါ၏ ဟု ဆိုကုန်၏။

၄၉၄။ ကေဝဋ္ဋ ထို့နောက် မကြာမီပင် ထိုမဟာဗြဟ္မာသည် ထင်ရှား ပေါ်လာ၏။

http://www.dhammadownload.com

ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် မဟာဗြဟ္မာထံသို့ ချဉ်းကပ်၍ ထိုမဟာဗြဟ္မာအား ဤ (ပြဿနာ) ကို မေး၏—

"ငါ့သျှင် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု မေး၏။

ကေဝဋ္ဋ ဤသို့မေးသော် ထိုမဟာဗြဟ္မာသည် ထိုရဟန်းအား ဤ (စကား) ကိုဆို၏—

"ရဟန်း အကျွန်ုပ်သည် ဗြဟ္မာ ဖြစ်၏၊ မဟာဗြဟ္မာ ဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ်(အလုံးစုံကို)မြင်သူ ဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူ ဖြစ်၏၊ ဖန်ဆင်းသူ ဖြစ်၏၊ အမြတ်ဆုံးဖြစ်၏၊ စီမံသူ ဖြစ်၏၊ (စျာန်၌) လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖ ဖြစ်၏" ဟု ဆို၏။

ကေဝဋ္ဋ နှစ်ကြိမ်မြောက်လည်း ထိုရဟန်းသည် ထိုဗြဟ္မာကြီးအား ဤ (စကား)ကို ဆိုပြန်၏—

ငါ့သျှင် "သင်သည် ဗြဟ္မာ လော၊ မဟာဗြဟ္မာ လော၊ လွှမ်းမိုးနိုင်သူ လော၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ လော၊ စင်စစ်(အလုံးစုံကို)မြင်သူ လော၊ အလိုအတိုင်းဖြစ်စေနိုင်သူ လော၊ အစိုးရသူ လော၊ ပြုသူ လော၊ ဖန်ဆင်းသူ လော၊ အမြတ်ဆုံး လော၊ စီမံသူ လော၊ (စျာန်၌) လေ့လာပြီးသူ လော၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖ လော" ဟု သင့်ကို ဤသို့ ငါမေးသည် မဟုတ်၊ "ငါ့သျှင် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု သင့်ကို ဤသို့သာလျှင် ငါမေး၏ ဟု ဆို၏။

ကေဝဋ္ဋ နှစ်ကြိမ်မြောက်လည်း ထိုဗြဟ္မာကြီးသည် ထိုရဟန်းအား ဤ(စကား)ကို ဆိုပြန်၏—

"ရဟန်း အကျွန်ုပ်သည် ဗြဟ္မာ ဖြစ်၏၊ မဟာဗြဟ္မာ ဖြစ်၏၊ လွှမ်းမိုးနိုင်သူ ဖြစ်၏၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်၏၊ စင်စစ်(အလုံးစုံကို)မြင်သူ ဖြစ်၏၊ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်၏၊ အစိုးရသူ ဖြစ်၏၊ ပြုသူ ဖြစ်၏၊ ဖန်ဆင်းသူ ဖြစ်၏၊ အမြတ်ဆုံး ဖြစ်၏၊ စီမံသူ ဖြစ်၏၊ (စျာန်၌) လေ့လာပြီးသူ ဖြစ်၏၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖ ဖြစ်၏" ဟု ဆိုပြန်၏။

ကေဝဋ္ဋ သုံးကြိမ်မြောက်လည်း ထိုရဟန်းသည် ထိုဗြဟ္မာကြီးအား ဤ(စကား)ကို ဆိုပြန်၏—

ငါ့သျှင် "သင်သည် ဗြဟ္မာ လော၊ မဟာဗြဟ္မာ လော၊ လွှမ်းမိုးနိုင်သူ လော၊ မည်သူကမျှ မလွှမ်းမိုးနိုင်သူ လော၊ စင်စစ်(အလုံးစုံကို)မြင်သူ လော၊ အလိုအတိုင်း ဖြစ်စေနိုင်သူ လော၊ အစိုးရသူ လော၊ ပြုသူ လော၊ ဖန်ဆင်းသူ လော၊ အမြတ်ဆုံး လော၊ စီမံသူ လော၊ (စျာန်၌) လေ့လာပြီးသူ လော၊ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖ လော" ဟု သင့်ကို ဤသို့ ငါမေးသည် မဟုတ်၊ "ငါ့သျှင် မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ်ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်သနည်း" ဟု သင့်ကို ဤသို့သာလျှင် ငါမေး၏ ဟု (ဆို၏)။

၄၉၅။ ကေဝဋ္ဋ ထိုအခါ ထိုဗြဟ္မာကြီးသည် ထိုရဟန်း၏ လက်မောင်းကိုကိုင်၍ တခုသော နေရာသို့ ခေါ်ဆောင်ပြီးလျှင် ထိုရဟန်းအား ဤ (စကား)ကို ဆို၏—

"ရဟန်း ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော ဤဗြဟ္မာတို့သည် 'မဟာဗြဟ္မာ မသိသောအရာ အနည်းငယ်မျှမရှိ၊ မဟာဗြဟ္မာ မမြင်သောအရာ အနည်းငယ်မျှ မရှိ၊ မဟာဗြဟ္မာအား

http://www.dhammadownload.com

မသင်မလင်းသောအရာ အနည်းငယ်မျှမရှိ၊ မဟာဗြဟ္မာ မျက်မှောက်မပြုသောအရာ အနည်းငယ်မျှမရှိ' ဟု အကျွန်ုပ်ကို ဤသို့ ထင်မှတ်နေပါကုန်၏၊ ထို့ကြောင့် အကျွန်ုပ်သည် ထို(ဗြဟ္မာ)တို့၏ မျက်မှောက်၌ မဖြေကြားပဲ ရှိခဲ့ပါ၏၊ ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့ အကြွင်းမဲ့ ချုပ်ရာအရပ်ကို အကျွန်ုပ်လည်း မသိပါ၊ ရဟန်း ထို့ကြောင့် ဤလောက၌ မြတ်စွာဘုရားကို ကျော်လွန်၍ အပြင်အပ၌ ပြဿနာကိုဖြေရန် ရှာမှီးခြင်းသည် သင်၏သာလျှင် မလျော်သော အမှုဖြစ်ချေ၏၊ သင်၏သာလျှင် ချွတ်ယွင်းမှုဖြစ်ချေ၏၊ ရဟန်း သွားပါလေလော့၊ သင်သည် ထိုမြတ်စွာဘုရားကိုသာ ချဉ်းကပ်၍ ဤပြဿနာကို မေးပါလေလော့၊ မြတ်စွာဘုရားက သင့်အား ဖြေကြားသည့်အတိုင်းပင် ထို (ပြဿနာ)၏ အနက်ကို မှတ်သား ပါလေလော့" ဟု ဆို၏။

၄၉၆။ ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် သန်စွမ်းသော ယောကျ်ားသည် ကွေးထားသော လက်မောင်းကို ဆန့်သကဲ့သို့ရင်း ဆန့်ထားသော လက်မောင်းကို ကွေးသကဲ့သို့ရင်း ဤအတူပင် ဗြဟ္မာ့ပြည်မှ ကွယ်ခဲ့၍ ငါ၏ ရှေ့မှောက်၌ ထင်ရှားပေါ်လာ၏။

ကေဝဋ္ဋ ထိုအခါ ထိုရဟန်းသည် ငါ့ကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်ပြီးသော် ငါ့အား ဤ(ပြဿနာ)ကို မေးလျှောက်၏—

"အသျှင်ဘုရား မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်ပါသနည်း" ဟု မေးလျှောက်၏။

ကမ်းကြည့်ငှက် ဥပမာ

၄၉၇။ ကေဝဋ္ဋ ဤသို့မေးလျှောက်သော် ငါသည် ထိုရဟန်းအား ဤ(စကားကို) ဆို၏—

"ရဟန်း ရှေး၌ဖြစ်ဘူးသည်ကား သမုဒ္ဒရာ (ပင်လယ်ကူး) ကုန်သည်တို့သည် ကမ်းကြည့်ငှက်ကို ယူဆောင်၍ သင်္ဘောဖြင့် သမုဒ္ဒရာ (ပင်လယ်) သို့ သက်ဝင်ကုန်၏၊ သင်္ဘောသည် ကမ်းကို မမြင်လာသော် ထိုသူတို့သည် ကမ်းကြည့်ငှက်ကို လွှတ်ကုန်၏၊ ထို (ငှက်)သည် အရှေ့အရပ်သို့ ပျံသွား၏၊ တောင်အရပ်သို့ ပျံသွား၏၊ အနောက်အရပ်သို့ ပျံသွား၏၊ မြောက်အရပ်သို့ ပျံသွား၏၊ အထက်အရပ်သို့ ပျံသွား၏၊ အထောင့် အရပ်သို့ ပျံသွား၏၊ ထို(ငှက်) သည် ထက်ဝန်းကျင်မှ ကမ်းကို အကယ်၍ မြင်ရမူ ပျံမြဲတိုင်း ရှေ့သို့သာ ပျံသွားလေ၏၊ ထို (ငှက်) သည် ထက်ဝန်းကျင်မှ ကမ်းကို အကယ်၍ မမြင်မူကား ထိုသင်္ဘောသို့သာ ပြန်လှည့်လာ၏၊ ရဟန်း ဤအတူပင် သင်သည် ဗြဟ္မာ့ပြည်တိုင်အောင် ဤပြဿနာ၏ အဖြေကို ရှာ၍မရသောကြောင့် ငါ့အထံသို့သာ ပြန်လှည့်လာခဲ့၏၊ ရဟန်း မြေဓာတ် ရေဓာတ် မီးဓာတ် လေဓာတ် ဟူသော ဤမဟာဘုတ်လေးပါးတို့သည် အဘယ်အရပ်၌ အကြွင်းမဲ့ ချုပ်ကုန်ပါသနည်း အသျှင်ဘုရား" ဟု ဤပြဿနာကို ဤသို့ကား မမေးသင့်။

၄၉၈။ ရဟန်း "အဘယ် အရပ်၌ ရေ မြေ မီး လေ သည် မတည်ပါသနည်း၊ အဘယ်အရပ်၌ အရှည် အတို အငယ် အကြီး အကောင်း အဆိုးသည် မရှိပါသနည်း၊ အဘယ်အရပ်၌ နာမ် ရုပ်သည် အကြွင်းမဲ့ ချုပ်ပါသနည်း" ဟု ဤပြဿနာကို ဤသို့သာ မေးသင့်ပေ၏။

http://www.dhammadownload.com

၄၉၉။ ထို(အမေး)၌ အဖြေသည် (ဤသို့) ဖြစ်၏—

"(မျက်စိဖြင့်) မမြင်ကောင်းသော (ဥပါဒ် ဌီ ဘင်) အပိုင်းအခြား မရှိသော ထက်ဝန်းကျင် ဆိပ်ကမ်းရှိသော ဉာဏ်အထူးဖြင့် သိအပ်သော နိဗ္ဗာန်သည် ရှိ၏။

ဤ(နိဗ္ဗာန်)၌ ရေ မြေ မီး လေသည် မတည်ပေ၊ ဤ(နိဗ္ဗာန်)၌ အရှည် အတို အငယ် အကြီး အကောင်း အဆိုးသည် မရှိပေ။ ဤ (နိဗ္ဗာန်) ၌ နာမ်နှင့် ရုပ်သည် အကြွင်းမဲ့ ချုပ်ပေ၏[၁]၊ ဤ (နိဗ္ဗာန်) ၌ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် ဤ (နာမ်နှင့်ရုပ်) သည် ချုပ်ပေ၏" ဟု ဖြစ်၏။

၅၀၀။ မြတ်စွာဘုရားသည် ဤ(တရားတော်)ကို ဟောတော်မူ၏။ ကေဝဋ္ဋ (မည်သော) သူကြွယ်သားသည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုသည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူလေသတည်း။

တဆဲ့တခုမြောက်သော ကေဝဋ္ဋသုတ် ပြီး၏။

၁—မဖြစ်သည်ကိုပင် ချုပ်သည်ဟု ဆိုသည်။

http://www.dhammadownload.com

၁၂-လောဟိစ္စသုတ်

လောဟိစ္စပုဏ္ဏားဝတ္ထု

၅၀၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူလတ်သော် သာလဝတိကာ(ရွာ)သို့ ရောက်တော်မူ၏။

ထိုစဉ်အခါ၌ လောဟိစ္စ ပုဏ္ဏားသည် လူစည်ကား၍ ကျဲ နွား စသည် ပေါများသော မြက် ထင်း ရေတို့နှင့် ပြည့်စုံသော ဆန်စပါးနှင့် ပြည့်စုံသော မင်းမှုရသည့် စည်းစိမ်ဖြစ်သော ပသေနဒီကောသလမင်းသည် အပိုင်စားပေးထားသော သာလဝတိကာ(ရွာ)ကို အုပ်ချုပ်၍နေ၏။

၅၀၂။ ထိုစဉ်အခါ၌ လောဟိစ္စ ပုဏ္ဏားအား ဤသို့ သဘောရှိသော ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ် လျက် ရှိ၏။

“ဤ(လောက)၌ သမဏဖြစ်စေ ဗြာဟ္မဏ ဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ (သို့သော်) ကုသိုလ်တရားကို ရပြီးလျှင် တပါးသော သူအား မဟောပြောသင့်ပေ၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း၊ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြားအနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ) ဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအံ့နည်း” ဟု ဖြစ်ပေါ် လျက်ရှိ၏။

၅၀၃။ (ထိုအခါ) လောဟိစ္စ ပုဏ္ဏားသည် (ဤသို့) ကြားသိလေ၏—

“အချင်းတို့ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူရာ သာလဝတိကာ (ရွာ)သို့ ရောက်တော်မူ၏၊ ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

‘ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်‘ဝိဇ္ဇာ’ အကျင့်‘စရဏ’ နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ-ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏’ ဟု ပြန့်နှံ့၍ ထွက်၏။

http://www.dhammadownload.com

ထို(မြတ်စွာဘုရား)သည် နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤလောကကိုရင်း သမဏဗြာဟ္မဏ မင်းများလူများနှင့် တကွသော သတ္တဝါ အပေါင်းကို ၎င်း ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။

ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံပြည့်စုံသော စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏၊ ထိုသို့သဘောရှိသော ရဟန္တာ (ပုဂ္ဂိုလ်)တို့ကို ဖူးမြော်ရခြင်းသည် ကောင်းသည်သာတည်း" ဟု ကြားသိလေ၏။

၅၀၄။ ထိုအခါ လောဟိစ္စပုဏ္ဏားသည် ရောသိကာ မည်သော ဆတ္တာသည်ကို (ဤသို့) မိန့်ဆို၏—

"အချင်းရောသိက လာလော့၊ သင်သည် ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ငါ့စကားဖြင့် ရဟန်းဂေါတမအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလျှောက်လေလော့။

'အသျှင်ဂေါတမ လောဟိစ္စပုဏ္ဏားသည် အသျှင်ဂေါတမအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏' ဟု လျှောက်လေလော့။

(ထို့ပြင်) အသျှင်ဂေါတမသည် နက်ဖန်အဖို့ လောဟိစ္စပုဏ္ဏား၏ ဆွမ်းကို ရဟန်းသံဃာနှင့် အတူ လက်ခံတော်မူပါဟူ၍လည်း လျှောက်ထားလေလော့" ဟု မိန့်ဆို၏။

၅၀၅။ "အသျှင် ကောင်းပါပြီ" ဟု ရောသိကာမည်သော ဆတ္တာသည်သည် လောဟိစ္စပုဏ္ဏားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်ပြီးသော် ရောသိကာမည်သော ဆတ္တာသည်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား လောဟိစ္စပုဏ္ဏားသည် မြတ်စွာဘုရားအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ အသျှင်ဘုရား (ထို့ပြင်)မြတ်စွာဘုရားသည် နက်ဖန်အဖို့ လောဟိစ္စပုဏ္ဏား၏ ဆွမ်းကို ရဟန်း သံဃာနှင့်အတူ လက်ခံတော်မူပါ ဟူ၍လည်း လျှောက်လိုက်ပါ၏" ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

၅၀၆။ ထို့နောက် ရောသိကာမည်သော ဆတ္တာသည်သည် မြတ်စွာဘုရား၏ လက်ခံတော်မူခြင်းကိုသိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် လောဟိစ္စပုဏ္ဏားထံသို့ ချဉ်းကပ်၍ လောဟိစ္စပုဏ္ဏားအား ဤစကားကို ဆို၏—

"အသျှင် အကျွန်ုပ်တို့သည် အသျှင်၏ စကားဖြင့် ထိုမြတ်စွာဘုရားကို ဤသို့ လျှောက်ခဲ့ပါကုန်ပြီ 'အသျှင်ဘုရား လောဟိစ္စ ပုဏ္ဏားသည် မြတ်စွာဘုရားအား အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကို မေးလိုက်ပါ၏၊ အသျှင်ဘုရား (ထို့ပြင်) မြတ်စွာဘုရားသည် နက်ဖန်အဖို့ လောဟိစ္စပုဏ္ဏား၏ ဆွမ်းကို ရဟန်းသံဃာနှင့် အတူ လက်ခံတော်မူပါ ဟူ၍လည်း လျှောက်ထားလိုက်ပါ၏' ဟု လျှောက်ခဲ့ပါကုန်ပြီ၊ ထိုမြတ်စွာဘုရားသည်လည်း လက်ခံတော်မူလိုက်ပါပြီ" ဟု ဆို၏။

http://www.dhammadownload.com

၅၀၇။ ထိုအခါ လောဟိစ္စပုဏ္ဏားသည် ထိုညဥ့်လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဥ်ကို စီရင်စေ၍ ရောသိကာမည်သော ဆတ္တာသည်ကို (ဤသို့) မိန့်ဆို၏။

"အချင်း ရောသိကာ လာလော့၊ သင်သည် ရဟန်း ဂေါတမထံသို့ ချဥ်းကပ်ပြီးလျှင် 'အသျှင် ဂေါတမ အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ' ဟု ရဟန်းဂေါတမအား အချိန် (တန်ကြောင်း)ကို လျှောက်လော့" ဟု မိန့်ဆို၏။

"အသျှင် ကောင်းပါပြီ" ဟု ရောသိကာမည်သော ဆတ္တာသည်သည် လောဟိစ္စပုဏ္ဏားအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဥ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးသော် "အသျှင်ဘုရား အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားအား အချိန် (တန်ကြောင်း)ကို လျှောက်၏။

၅၀၈။ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ (သင်္ကန်းကို) ပြင်ဝတ်တော်မူ၍ သပိတ် သင်္ကန်းကိုယူလျက် ရဟန်းသံဃာနှင့်အတူ သာလဝတိကာ (ရွာ)သို့ ကပ်ရောက်တော်မူ၏။

ထိုစဥ်အခါ၌ ရောသိကာမည်သော ဆတ္တာသည်သည် မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဥ်လိုက်ပါလာ၏။

ထိုအခါ ရောသိကာမည်သော ဆတ္တာသည်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဘုရား 'ဤ (လောက)၌ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ (သို့သော်) ကုသိုလ်တရားကို ရပြီးလျှင် တပါးသောသူအား မဟောပြောသင့်ပေ၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း၊ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကိုဖြတ်၍ အခြား အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ)ဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအံ့နည်း' ဟု လောဟိစ္စပုဏ္ဏားအား ဤသို့ သဘောရှိသော ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်ပေါ်လျက် ရှိပါ၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် လောဟိစ္စပုဏ္ဏားကို ထိုယုတ်မာသော မိစ္ဆာအယူမှ လွတ်စေပါလော့" ဟု လျှောက်၏။

ရောသိကာ ဖြစ်နိုင်ကောင်းပါ၏၊ ရောသိကာ ဖြစ်နိုင်ကောင်းပါ၏ ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် လောဟိစ္စပုဏ္ဏား၏ အိမ်သို့ ချဥ်းကပ်၍ ပြင်ထားသော နေရာ၌ ထိုင်တော်မူ၏။

ထိုအခါ လောဟိစ္စပုဏ္ဏားသည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာကို မွန်မြတ်သော ခဲဖွယ်ဘောဇဥ်ဖြင့် ရောင့်ရဲသည်တိုင်အောင် တားမြစ်သည်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏။

လောဟိစ္စပုဏ္ဏားအား မေးမြန်းစိစစ်ခြင်း

၅၀၉။ မြတ်စွာဘုရားသည် ဆွမ်းစားပြီး၍ သပိတ်မှ လက်ကို ဖယ်ပြီးသောအခါ လောဟိစ္စ ပုဏ္ဏားသည် နိမ့်သော ထိုင်စရာတခုကိုယူ၍ တခုသောနေရာ၌ ထိုင်၏၊ တခုသောနေရာ၌ ထိုင်နေသော လောဟိစ္စပုဏ္ဏားအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com

"လောဟိစ္စ 'ဤ(လောက)၌ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ (သို့သော်) ကုသိုလ်တရားကို ရပြီးလျှင် တပါးသောသူအား မဟောပြောသင့်ပေ၊ တပါးသော သူသည် တပါးသောသူအား အဘယ်ပြုနိုင်ပါအံ့နည်း၊ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့ ဟောင်းကို ဖြတ်၍ အခြား အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့်တူ၏၊ (ထို့ကြောင့်) ဤဟောပြော ခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ)ဆို၏၊ တပါးသော သူသည် တပါးသော သူအား အဘယ်ပြုအံ့နည်း' ဟု သင့်အား ဤသို့ သဘောရှိသော ယုတ်မာသော မိစ္ဆာအယူ ဖြစ်ပေါ်လျက်ရှိ၏ ဟူသည်မှာ မှန်သလော" ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ မှန်ပါ၏။

လောဟိစ္စ ထို အရာကို အဘယ်သို့ ထင်သနည်း သင်သည် သာလဝတိကာ (ရွာ)ကို အုပ်ချုပ်၍ နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဟုတ်ပါ၏။

လောဟိစ္စ အကြင်သူသည် ဤသို့ ဆိုငြားအံ့—

"လောဟိစ္စပုဏ္ဏားသည် သာလဝတိကာ (ရွာ) ကို အုပ်ချုပ်၍ နေ၏၊ သာလဝတိကာ (ရွာ) မှ (ထွက်သော) အခွန်အတုတ်အပေါင်းကို လောဟိစ္စပုဏ္ဏား တယောက်တည်းသာ ခံစားပါစေ၊ အခြားသူတို့အား မပေးပါစေလင့်" ဟု ဆိုငြားအံ့။

ဤသို့ ဆိုသော် ထိုသူသည် သင့်ကိုမှီ၍ အသက်မွေးနေသော သူတို့၏ (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်သလော၊ မဖြစ်သလော။

အသျှင်ဂေါတမ အန္တရာယ်ကို ပြုသူ ဖြစ်ပါ၏။

အန္တရာယ်ကို ပြုသူ ဖြစ်ခဲ့သော် ထိုသူတို့၏ အစီးအပွါးကို လိုလားသူ ဖြစ်သလော၊ အစီးအပွါးကို မလိုလားသူ ဖြစ်သလော။

အသျှင်ဂေါတမ အစီးအပွါးကို မလိုလားသူ ဖြစ်ပါ၏။

အစီးအပွါးကို မလိုလားသောသူအား ထိုသူတို့အပေါ်၌ မေတ္တာစိတ် ဖြစ်ပေါ်သလော၊ ရန်သူ စိတ် ဖြစ်ပေါ်သလော။

အသျှင်ဂေါတမ ရန်သူစိတ် ဖြစ်ပေါ်ပါ၏။

ရန်သူစိတ် ဖြစ်ပေါ်ခဲ့သော် မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်သလော၊ မှန်သောအယူ 'သမ္မာဒိဋ္ဌိ' ဖြစ်သလော။

အသျှင်ဂေါတမ မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်ပါ၏။

လောဟိစ္စ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ရှိသူအား ငရဲနှင့် တိရစ္ဆာန် နှစ်ပါးတို့တွင် တပါးပါးသော လားရာရှိ၏ ဟု ငါဟောပေ၏။

၃၁၀။ လောဟိစ္စ ထိုအရာကို အဘယ်သို့ ထင်သနည်း ပသေနဒီကောသလမင်းသည် ကာသိ တိုင်း ကောသလတိုင်းကို အုပ်မိုး၍ နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဟုတ်ပါ၏။

http://www.dhammadownload.com

လောဟိစ္စ အကြင်သူသည် ဤသို့ ဆိုငြားအံ့—

"ပသေနဒီကောသလမင်းသည် ကာသိတိုင်း ကောသလတိုင်းကို အုပ်စိုးနေ၏၊ ကာသိတိုင်း ကောသလတိုင်းမှ(ထွက်သော) အခွန်အတုတ်အပေါင်းကို ပသေနဒီကောသလမင်း တယောက် တည်းသာ ခံစားပါစေ၊ တပါးသူတို့အား မပေးပါစေလင့်" ဟု ဆိုငြားအံ့။

ဤသို့ဆိုသော် ထိုသူသည် ပသေနဒီကောသလမင်းကို မှီ၍ အသက်မွေးသော သင်တို့၏ရင်း တပါးသော သူတို့၏ရင်း (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်သလော၊ မဖြစ်သလော။

အသျှင်ဂေါတမ အန္တရာယ်ကို ပြုသူ ဖြစ်ပါ၏။

အန္တရာယ်ကို ပြုသူ ဖြစ်ခဲ့သော် ထိုသူတို့၏ အစီးအပွါးကို လိုလားသူ ဖြစ်သလော၊ အစီးအပွါးကို မလိုလားသူ ဖြစ်သလော။

အသျှင်ဂေါတမ အစီးအပွါးကို မလိုလားသူ ဖြစ်ပါ၏။

အစီးအပွါးကို မလိုလားသော သူအား ထိုသူတို့အပေါ်၌ မေတ္တာစိတ် ဖြစ်ပေါ်သလော၊ ရန်သူ စိတ် ဖြစ်ပေါ်သလော။

အသျှင်ဂေါတမ ရန်သူစိတ် ဖြစ်ပေါ်ပါ၏။

ရန်သူစိတ် ဖြစ်ပေါ်ခဲ့သော် မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်သလော၊ မှန်သောအယူ 'သမ္မာဒိဋ္ဌိ' ဖြစ်သလော။

အသျှင်ဂေါတမ မှားသောအယူ'မိစ္ဆာဒိဋ္ဌိ' ဖြစ်ပါ၏။

လောဟိစ္စ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ရှိသူအား ငရဲနှင့်တိရစ္ဆာန် နှစ်ပါးတို့တွင် တပါးပါးသော လားရာရှိ၏ ဟု ငါဟောပေ၏။

၃၁၁။ လောဟိစ္စ "လောဟိစ္စပုဏ္ဏားသည် သာလဝတိကာ(ရွာ)ကို အုပ်ချုပ်၍ နေ၏၊ သာလဝ တိကာ(ရွာ)မှ (ထွက်သော)အခွန်အတုတ်အပေါင်းကို လောဟိစ္စပုဏ္ဏားတယောက်တည်းသာ ခံစား ပါစေ၊ အခြားသူတို့အား မပေးပါစေလင့်" ဟု ဆိုသော ထိုသူသည် သင့်ကိုမှီ၍ အသက်မွေးသော သူတို့၏ (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်၏၊ အန္တရာယ်ကို ပြုသူ ဖြစ်သောကြောင့် အစီးအပွါးကို မလိုလားသူ ဖြစ်၏၊ အစီးအပွါးကို မလိုလားသောသူအား ရန်သူစိတ် ဖြစ်ပေါ်၏၊ ရန်သူစိတ် ဖြစ်ပေါ် လတ်သော် မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်၏။

လောဟိစ္စ ဤနည်းတူပင် "ဤ (လောက) ၌ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ ကုသိုလ်တရားကို ရပြီးလျှင် တပါးသောသူအား မဟောပြောသင့်ပေ၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြား အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏။ပ။ တပါးသောသူသည် တပါးသောသူအား အဘယ် ပြုအံ့နည်း" ဟု ဆိုသောထိုသူသည်လည်း မြတ်စွာဘုရား ဟောကြားသော ဓမ္မဝိနယကို အကြောင်း ပြု၍ သောတာပတ္တိဖိုလ်ကိုရင်း သကဒါဂါမိဖိုလ်ကိုရင်း အနာဂါမိဖိုလ်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက်ပြုကုန်လျက် ဤသို့ သဘောရှိသော မြတ်သော တရားထူးကို ရကုန်အံ့သော အမျိုး ကောင်းသားတို့၏ရင်း နတ်ဘဝခန္ဓာတို့ ဖြစ်ပေါ်စေရန် နတ်ပြည်မျိုးစေ့ ကောင်းမှုတို့ကို ရင့်ကျက် စေကုန်အံ့သော အမျိုးကောင်းသားတို့၏ရင်း (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်၏၊ အန္တရာယ်ကို ပြုသောကြောင့် အစီးအပွါးကို မလိုလားသူ ဖြစ်၏၊ အစီးအပွါးကို မလိုလားသောသူအား ရန်သူစိတ်

http://www.dhammadownload.com

ဖြစ်ပေါ်၏၊ ရန်သူစိတ် ဖြစ်လတ်သော် မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်၏၊ လောဟိစ္စ မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ရှိသူအား ငရဲနှင့်တိရစ္ဆာန် နှစ်ပါးသော လားရာတို့တွင် တပါးပါးသော လားရာရှိ၏ ဟု ငါဟောပေ၏။

၅၁၂။ လောဟိစ္စ "ပသေနဒီကောသလမင်းသည် ကာသိတိုင်း ကောသလတိုင်းကို အုပ်ချုပ်၍ နေ၏၊ ကာသိတိုင်း ကောသလတိုင်းမှ (ထွက်သော) အခွန်အတုတ်အပေါင်းကို ပသေနဒီကောသလမင်း တယောက်တည်းသာ ခံစားပါစေ၊ တပါးသူတို့အား မပေးပါစေလင့်" ဟု ဆိုသော ထိုသူသည် ပသေနဒီကောသလ မင်းကိုမှီ၍ အသက်မွေးသော သင်တို့၏ရင်း တပါးသောသူတို့၏ရင်း (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်၏၊ အန္တရာယ်ကို ပြုသောသူ ဖြစ်သောကြောင့် အစီးအပွါးကို မလိုလားသူ ဖြစ်၏၊ အစီးအပွါးကို မလိုလားသောသူအား ရန်သူစိတ် ဖြစ်ပေါ်၏၊ ရန်သူစိတ် ဖြစ်ပေါ်လတ်သော် မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်၏။

လောဟိစ္စ ဤနည်းတူပင် "ဤ(လောက)၌ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ ကုသိုလ်တရားကို ရနိုင်ပါ၏၊ ကုသိုလ်တရားကိုရပြီးလျှင် တပါးသောသူအား မဟောပြောသင့်ပေ၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း၊ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့အဟောင်းကို ဖြတ်၍ အခြား အနှောင်အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏။ပ။ တပါးသောသူသည် တပါးသောသူအား အဘယ် ပြုအံ့နည်း" ဟု ဆိုသော ထိုသူသည်လည်း မြတ်စွာဘုရား ဟောကြားသော ဓမ္မဝိနယကို အကြောင်း ပြု၍ သောတာပတ္တိဖိုလ်ကိုရင်း သကဒါဂါမိဖိုလ်ကိုရင်း အနာဂါမိဖိုလ်ကိုရင်း အရဟတ္တဖိုလ်ကိုရင်း မျက်မှောက်ပြုလျက် ဤသို့ သဘောရှိသော မြတ်သောတရားထူးကို ရကုန်အံ့သော အမျိုးကောင်း သားတို့၏ရင်း နတ်ဘဝခန္ဓာတို့ ဖြစ်ပေါ်စေရန် နတ်ပြည်မျိုးစေ့ ကောင်းမှုတို့ကို ရင့်ကျက်စေကုန် အံ့သော အမျိုးကောင်းသားတို့၏ရင်း (လာဘ်) အန္တရာယ်ကို ပြုသူ ဖြစ်၏၊ အန္တရာယ်ကို ပြုသော ကြောင့် အစီးအပွါးကို မလိုလားသူ ဖြစ်၏၊ အစီးအပွါးကို မလိုလားသောသူအား ရန်သူစိတ် ဖြစ်ပေါ်၏၊ ရန်သူစိတ် ဖြစ်ပေါ်လတ်သော် မှားသောအယူ 'မိစ္ဆာဒိဋ္ဌိ' ဖြစ်၏၊ လောဟိစ္စ မှားသော အယူ 'မိစ္ဆာဒိဋ္ဌိ' ရှိသူအား ငရဲနှင့်တိရစ္ဆာန် နှစ်ပါးသော လားရာတို့တွင် တပါးပါးသော လားရာ ရှိ၏ ဟု ငါဟောပေ၏။

စောဒနာထိုက်သော ဆရာသုံးဦး

၅၁၃။ လောဟိစ္စ လောက၌ အပြစ်တင် 'စောဒနာ' ထိုက်ကုန်သော ဤဆရာတို့သည် သုံးဦး ရှိကုန်၏၊ ယင်းဆရာတို့ကို တစုံတယောက်က အပြစ်တင် 'စောဒနာ' သည် ရှိသော် (ထိုသူ၏) ထို အပြစ်တင် 'စောဒနာ' ချက်သည် ဟုတ်မှန်၍ တရားနှင့်လျော်ပေ၏၊ အပြစ်လည်း မရှိပေ။

ဤသုံးဦးတို့ဟူသည် အဘယ်နည်း။

လောဟိစ္စ ဤ (လောက) ၌ အချို့သော ဆရာသည် အကြင် ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို(ဆရာ)သည် ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏" ဟု တရားကိုဟော၏၊ ထို(ဆရာ)၏(တရားကို)တပည့်တို့သည် မနာယူကုန်၊ နားမထောင် ကုန်၊ သိရန်စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံးအမမှ ဖဲခွါ၍လည်း ကျင့်ကုန်၏။

ထို(ဆရာ) ကို ဤသို့ အပြစ်တင် 'စောဒနာ'အပ်၏—

http://www.dhammadownload.com

"အသျှင်သည် အကြင် ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ (ထိုသို့ ဝင်ရောက်သော) သင်သည် ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား 'ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏' ဟု တရားကို ဟောဘိ၏၊ ထိုသင်၏ (တရားကို) တပည့်တို့သည် မနာယူကုန်၊ နားမထောင်ကုန်၊ သိရန်စိတ်မဝင်စားကုန်၊ ဆရာ၏အဆုံးအမမှ ဖဲခွါ၍လည်း ကျင့်ကုန်၏။ ဤဟောပြောခြင်းသည် (အလိုမရှိ၍) ဆုတ်ခွါသွားသော လုံမကို လိုက်၍ ကပ်သည်နှင့်လည်း တူ၏၊ (မကြည့်လို၍) မျက်နှာလွှဲနေသော လုံမကို (နောက်မှ) ပွေ့ဖက်သည်နှင့်လည်း တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ) ဆို၏၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း" ဟု အပြစ်တင်အပ်၏။

လောဟိစ္စ ဤသည်ကား လောက၌ အပြစ်တင် 'စောဒနာ' ထိုက်သော ပဌမဆရာပေတည်း၊ ယင်းဆရာကို တစုံတယောက်က အပြစ်တင် 'စောဒနာ' သည် ရှိသော် ထိုအပြစ်တင် 'စောဒနာ' ချက်သည် ဟုတ်မှန်၍ တရားနှင့်လျော်ပေ၏၊ အပြစ်လည်း မရှိပေ။

၅၁၄။ လောဟိစ္စ တဖန်ထို့ပြင်လည်း ဤ(လောက)၌ အချို့သောဆရာသည် အကြင်ရဟန်းဖြစ်ကျိုး အလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထို(ဆရာ)သည် ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏" ဟု တရားကို ဟော၏၊ ထို (ဆရာ) ၏ (တရားကို) တပည့်တို့သည် နာယူကုန်၏၊ နားထောင်ကုန်၏၊ သိရန်စိတ် ဝင်စားကုန်၏၊ ဆရာ၏ အဆုံးအမမှ မဖဲခွါမူ၍လည်း ကျင့်ကုန်၏။

ထို (ဆရာ) ကို ဤသို့ အပြစ်တင် 'စောဒနာ' အပ်၏—

"အသျှင်သည် အကြင် ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ (ထိုသို့ ဝင်ရောက်သော) သင်သည် ထိုရဟန်းဖြစ်ကျိုးကို မရသေးပဲလျက် တပည့်တို့အား 'ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာအလို့ငှါ ဖြစ်၏' ဟု တရားကို ဟောဘိ၏၊ ထိုသင်၏ (တရားကို) တပည့်တို့သည် နာယူကုန်၏၊ နားထောင်ကုန်၏၊ သိရန်စိတ် ဝင်စားကုန်၏၊ ဆရာ၏ အဆုံးအမမှ မဖဲခွါမူ၍လည်း ကျင့်ကုန်၏။ ဤဟောပြောခြင်းသည် မိမိလယ်ကိုစွန့်၍ သူတပါးလယ်ကို ပေါင်းသင်အပ်သည် ဟု မှတ်ထင်သည်နှင့် တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ)ဆို၏၊ တပါးသောသူသည် တပါးသောသူအား အဘယ်ပြုအံ့နည်း" ဟု အပြစ်တင်အပ်၏။

လောဟိစ္စ ဤသည်ကား လောက၌ အပြစ်တင် 'စောဒနာ' ထိုက်သော ဒုတိယ ဆရာပေတည်း၊ ယင်းဆရာကို တစုံတယောက်က အပြစ်တင် 'စောဒနာ' သည် ရှိသော် ထိုအပြစ်တင် 'စောဒနာ' ချက်သည် ဟုတ်မှန်၍ တရားနှင့် လျော်ပေ၏၊ အပြစ်လည်း မရှိပေ။

၅၁၅။ လောဟိစ္စ တဖန်ထို့ပြင်လည်း ဤ(လောက)၌ အချို့သော ဆရာသည် အကြင် ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ထိုဆရာသည် ထိုရဟန်းဖြစ်ကျိုးကို ရပြီးလျှင် တပည့်တို့အား "ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာ

http://www.dhammadownload.com

အလို့ငှါ ဖြစ်၏” ဟု တရားကို ဟော၏၊ ထို (ဆရာ) ၏ (တရားကို) တပည့်တို့သည် မနာယူကုန်၊ နားမထောင်ကုန်၊ သိရန်စိတ်မဝင်စားကုန်၊ ဆရာ၏အဆုံးအမမှ ဖဲခွါ၍ လည်း ကျင့်ကုန်၏။

ထို (ဆရာ) ကို ဤသို့ အပြစ်တင် ‘စောဒနာ’ အပ်၏—

“အသျှင်သည် အကြင် ရဟန်းဖြစ်ကျိုးအလို့ငှါ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ သင်သည် ထိုရဟန်းဖြစ်ကျိုးကို ရပြီး၍ တပည့်တို့အား ‘ဤကား သင်တို့၏ အစီးအပွါးအလို့ငှါ ဖြစ်၏၊ ဤကား သင်တို့၏ ချမ်းသာ အလို့ငှါ ဖြစ်၏’ ဟု တရားကို ဟော၏၊ ထို (ဆရာ)၏ (တရားကို) ထိုတပည့်တို့သည် မနာယူကုန်၊ နားမထောင်ကုန်၊ သိရန်စိတ်မဝင်စားကုန်၊ ဆရာ၏ အဆုံးအမမှ ဖဲခွါ၍လည်း ကျင့်ကုန်၏။ ဤဟောပြောခြင်းသည် အနှောင်အဖွဲ့ဟောင်းကို ဖြတ်၍ အခြားအနှောင်အဖွဲ့သစ်ကို ပြုသည်နှင့် တူ၏၊ (ထို့ကြောင့်) ဤဟောပြောခြင်းကို ယုတ်မာသော လောဘတရား ဟု (ငါ) ဆို၏၊ တပါးသောသူသည် တပါးသောသူအား အဘယ် ပြုအံ့နည်း” ဟု အပြစ်တင်အပ်၏။

လောဟိစ္စ ဤသည်ကား လောက၌ အပြစ်တင် ‘စောဒနာ’ ထိုက်သော တတိယဆရာပေတည်း၊ ယင်းဆရာကို တစုံတယောက်က အပြစ်တင် ‘စောဒနာ’ သည် ရှိသော် ထိုအပြစ်တင် ‘စောဒနာ’ ချက်သည် ဟုတ်မှန်၍ တရားနှင့်လျော်ပေ၏၊ အပြစ်လည်း မရှိပေ။

လောဟိစ္စ လောက၌ အပြစ်တင် ‘စောဒနာ’ထိုက်သောဆရာသုံးဦးတို့ ဟူသည် ဤသူတို့ပင်တည်း၊ ယင်းဆရာတို့ကို တစုံတယောက်က အပြစ်တင် ‘စောဒနာ’သည်ရှိသော် ထိုသူ၏ ထိုအပြစ်တင် ‘စောဒနာ’ ချက်သည် ဟုတ်မှန်၍ တရားနှင့် လျော်ပေ၏၊ အပြစ်လည်း မရှိပေ ဟု မိန့်တော်မူ၏။

မစောဒနာထိုက်သော ဆရာသုံးဦး

၅၁၆။ ဤသို့ မိန့်တော်မူသော် လောဟိစ္စပုဏ္ဏားက မြတ်စွာဘုရားအား “အသျှင်ဂေါတမ လောက၌ အပြစ်တင် ‘စောဒနာ’ ခြင်းငှါ မထိုက်သော တစုံတယောက်သော ဆရာသည် ရှိပါသေးသလော” ဟု လျှောက်၏။

လောဟိစ္စ လောက၌ အပြစ်တင် ‘စောဒနာ’ ခြင်းငှါ မထိုက်သော ဆရာသည် ရှိသေး၏ ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ လောက၌ အပြစ်တင် ‘စောဒနာ’ ခြင်းငှါ မထိုက်သော ထိုဆရာကား အဘယ်နည်း။

လောဟိစ္စ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။

[သာမညဖလသုတ်၌ကဲ့သို့ နည်းတူ ချဲ့အပ်၏]

လောဟိစ္စ ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံပေ၏။ပ။ ပဌမဈာန်သို့ ရောက်၍ နေ၏။ လောဟိစ္စ အကြင်ဆရာ့ထံ၌ တပည့်သည် ဤသို့ သဘောရှိသော မြတ်သော (တရား) အထူးကို ရ၏။ လောဟိစ္စ ဤဆရာသည်လည်း လောက၌ အပြစ်တင် ‘စောဒနာ’ ခြင်းငှါ မထိုက်သော ဆရာပေတည်း၊ ဤသို့သော ဆရာကို တစုံတယောက်က အပြစ်တင် ‘စောဒနာ’ သည်ရှိသော် ထိုအပြစ်တင် ‘စောဒနာ’ ချက်သည် မဟုတ်မမှန်၍ တရားနှင့် မလျော်ချေ၊ အပြစ်လည်း ရှိချေ၏။

http://www.dhammadownload.com

။ပ။ ဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်သို့ ရောက်၍ နေ၏၊ လောဟိစ္စ အကြင်ဆရာ့ထံ၌ တပည့်သည် ဤသို့ သဘောရှိသော မြတ်သော (တရား)အထူးကို ရ၏။ ဤဆရာသည်လည်း လောက၌ အပြစ်တင် 'စောဒနာ'ခြင်းငှါ မထိုက်သော ဆရာပေတည်း။ ဤသို့သော ဆရာကို တစုံတယောက်က အပြစ်တင် 'စောဒနာ'သည်ရှိသော် ထိုအပြစ်တင် 'စောဒနာ'ချက်သည် မဟုတ်မမှန်၍ တရားနှင့် မလျော်ချေ၊ အပြစ်လည်း ရှိချေ၏။

။ပ။ (ဝိပဿနာ)ဉာဏ်အမြင်အလို့ငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။လောဟိစ္စ အကြင်ဆရာ့ထံ၌ တပည့်သည် ဤသို့ သဘောရှိသော မြတ်သော(တရား)အထူးကိုရ၏။ လောဟိစ္စ ဤဆရာသည်လည်း လောက၌ အပြစ်တင် 'စောဒနာ'ခြင်းငှါ မထိုက်သော ဆရာပေတည်း၊ ဤသို့သော ဆရာကို တစုံတယောက်က အပြစ်တင် 'စောဒနာ'သည်ရှိသော် ထိုအပြစ်တင် 'စောဒနာ' ချက်သည် မဟုတ်မမှန်၍ တရားနှင့် မလျော်ချေ၊ အပြစ်လည်း ရှိချေ၏။

။ပ။ဤမဂ်ကိစ္စအလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ ဟု သိ၏။ လောဟိစ္စ အကြင် ဆရာ့ထံ၌ တပည့်သည် ဤသို့ သဘောရှိသော မြတ်သော (တရား)အထူးကို ရ၏။ လောဟိစ္စ ဤဆရာသည်လည်း လောက၌ အပြစ်တင် 'စောဒနာ'ခြင်းငှါ မထိုက်သော ဆရာပေတည်း၊ ဤသို့သော ဆရာကို တစုံတယောက်က အပြစ်တင် 'စောဒနာ'သည်ရှိသော် အပြစ်တင် 'စောဒနာ'ချက်သည် မဟုတ်မမှန်၍ တရားနှင့် မလျော်ချေ၊ အပြစ်လည်း ရှိချေ၏ ဟု မိန့်တော်မူ၏။

၅၁၇။ ဤသို့ မိန့်တော်မူသော် လောဟိစ္စပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ ယောကျ်ား (တယောက်)သည် နရက်ချောက်သို့ ကျသော ယောကျ်ားအား ဆံပင်တို့ကို ဆုပ်ကိုင်လျက် ဆွဲတင်ကာ ကုန်းပေါ်၌ တည်စေသကဲ့သို့ ဤနည်းတူပင် အသျှင်ဂေါတမသည် နရက်ချောက်သို့ ကျသော အကျွန်ုပ်ကို ဆွဲတင်ကာ ကုန်းပေါ်၌ တည်စေပါပေ၏။ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း, ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း, မျက်စိလည်သော သူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း, 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြတော်မူပါပေ၏၊ အသျှင်ဂေါတမ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာ ဟု မှတ်တော်မူပါ ဟု" လျှောက်လေသတည်း။

တဆဲ့နှစ်ခုမြောက်သော လောဟိစ္စသုတ် ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

၁၃-တေဝိဇ္ဇသုတ်

ဝါသေဋ္ဌ နှင့် ဘာရဒွါဇတို့ တိုင်ပင်ခဏ်း

၅၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—

အခါတပါး၌ မြတ်စွာဘုရားသည် ငါးရာမျှသော များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီလှည့်လည်တော်မူလတ်သော် မနသာကဋမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၍ ထိုရွာ၏ မြောက်ဖက် အစိရဝတီ မြစ်ကမ်းနား သရက်တော၌ (သီတင်းသုံး) နေတော်မူ၏။

၅၁၉။ ထိုစဉ်အခါ၌ အလွန်ထင်ရှားကျော်စောကုန်သော ပုဏ္ဏားသူဌေးများစွာတို့သည် မနသာကဋရွာ၌ တည်းခိုနေကုန်၏၊ ဤသူတို့ကား အဘယ်နည်း—

စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား ပေါက္ခရသာတိပုဏ္ဏား ဇာဏုသောဏိပုဏ္ဏား တောဒေယျပုဏ္ဏား နှင့် အလွန်ထင်ရှားကျော်စောကုန်သော အခြားပုဏ္ဏားသူဌေးတို့ပေတည်း။

၅၂၀။ ထိုအခါ အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် တယောက်နောက် တယောက်လိုက်ကာ စင်္ကြံသွားလာလှည့်လည်လျက် နေကြစဉ် ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့အား (ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်) ဖြောင့်သောလမ်း ဟုတ်သည် မဟုတ်သည်၌ စကားသည် ဖြစ်ပေါ်၏။

ဝါသေဋ္ဌ လုလင်သည် ဤသို့ ဆို၏—

"ပေါက္ခရသာတိပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤလမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသော သူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု ဆို၏။

ဘာရဒွါဇ လုလင်သည်လည်း ဤသို့ ဆို၏—

"တာရုက္ခပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤလမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသောသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု ဆို၏။

ဝါသေဋ္ဌလုလင်သည် ဘာရဒွါဇလုလင်ကို သိနားလည်စေခြင်းငှါ မစွမ်းနိုင်၊ ဘာရဒွါဇ လုလင်သည်လည်း ဝါသေဋ္ဌလုလင်ကို သိနားလည်စေခြင်းငှါ မစွမ်းနိုင်။

၅၂၁။ ထိုအခါ ဝါသေဋ္ဌလုလင်သည် ဘာရဒွါဇလုလင်ကို (ဤသို့)ပြော၏—

"ဘာရဒွါဇ သာကီဝင်မင်းမျိုးမှ ရဟန်းပြုသော သာကီဝင်မင်းသား ရဟန်းဂေါတမသည် မနသာကဋရွာ၏ မြောက်ဖက် အစိရဝတီ မြစ်ကမ်းနား သရက်တော၌ (သီတင်းသုံး) နေတော်မူ၏။

ထိုအသျှင်ဂေါတမ၏ ကောင်းသော ကျော်စော သတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏—

'ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း ဘရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အ

http://www.dhammadownload.com

ကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမ တတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့် လည်း ဘဂဝါ မည်တော်မူ၏” ဟု ပြန့်နှံ့၍ ထွက်၏။

အချင်း ဘာရဒွါဇ သွားကြစို့၊ ရဟန်းဂေါတမထံသို့ ချဉ်းကပ်၍ ဤအကြောင်းကို ရဟန်း ဂေါတမအား မေးကုန်အံ့၊ ရဟန်းဂေါတမ ဖြေကြားသောအတိုင်း (ထိုအကြောင်း)ကို ငါတို့ မှတ်သားကုန်အံ့” ဟု ပြော၏။

“အချင်း ကောင်းပါပြီ” ဟု ဘာရဒွါဇလုလင်သည် ဝါသေဋ္ဌ လုလင်အား ဝန်ခံ၏။

လမ်းဟုတ်သည်, မဟုတ်သည်ကို ဆိုသောစကား

၅၂၂။ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇ လုလင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ (နှုတ်ဆက်) ပြောဆိုကုန်၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရ ဖွယ် စကားကို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ကုန်၏၊ တခုသော နေရာ၌ ထိုင်ပြီးသော် ဝါသေဋ္ဌ လုလင်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

“အသျှင်ဂေါတမ ဤ(အရပ်)၌ အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် တယောက်နောက် တယောက်လိုက်ကာ စကြံ့သွားလာ လှည့်လည်လျက် နေကြစဉ် အကျွန်ုပ်တို့အား (ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်) ဖြောင့်သောလမ်း ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ စကားသည် ဖြစ်ပေါ် ခဲ့ပါ၏။

‘ပေါက္ခရသာတိပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤလမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်း အဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏’ ဟု အကျွန်ုပ်က ဆိုပါ၏။

‘တာရုက္ခ ပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤ လမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသောသူအား ဗြဟ္မာ၏ အပေါင်း အဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏’ ဟု ဘာရဒွါဇ လုလင်က ဆိုပါ၏။

အသျှင်ဂေါတမ ဤအရာ၌ ဆန့်ကျင်သော အယူရှိနေပါ၏၊ အငြင်းအခုံရှိနေပါ၏၊ ဝါဒ အကွဲအပြား ရှိနေပါ၏” ဟု လျှောက်၏။

၅၂၃။ ဝါသေဋ္ဌ“ပေါက္ခရသာတိပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤလမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏” ဟု သင်က ဆိုသည် မဟုတ်လော။

http://www.dhammadownload.com

"တာရုက္ခပုဏ္ဏား ဟောကြားသော ဤလမ်းသည်သာ ဖြောင့်တန်းသော လမ်းဖြစ်၏၊ ဤလမ်းသည်သာ ဖြောင့်စင်းသော လမ်းဖြစ်၏၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု ဘာရဒွါဇလုလင်က ဆိုသည်မဟုတ်လော၊ ဝါသေဋ္ဌ ထိုသို့ဆိုသော် အဘယ်အရာ၌ သင်တို့အား ဆန့်ကျင်သော အပယူဖြစ်သနည်း၊ အဘယ်အရာ၌ အငြင်းအခုံ ဖြစ်သနည်း၊ အဘယ်အရာ၌ ဝါဒအကွဲအပြား ဖြစ်သနည်း။

၅၂၄။ အသျှင်ဂေါတမ ဖြောင့်တန်းသောလမ်း ဟုတ်သည် မဟုတ်သည်၌ (ဖြစ်ပါ၏)။

အသျှင်ဂေါတမ အဒ္ဓရိယပုဏ္ဏားတို့သည်ရင်း တိတ္တိရိယပုဏ္ဏားတို့သည်ရင်း ဆန္ဒောကပုဏ္ဏားတို့သည်ရင်း ဗဝှါရိဇ္ဈပုဏ္ဏားတို့သည်ရင်း အထူးထူးသော လမ်းတို့ကို ပညတ်ကုန်သော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုလမ်းအတိုင်း သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ် ပို့ဆောင်ပါကုန်၏။

အသျှင်ဂေါတမ ရွာနိဂုံးတို့၏ မနီးမဝေး၌ များစွာကုန်သော အထူးထူးအပြားပြားသော လမ်းတို့သည် ရှိကုန်ငြားသော်လည်း ထိုလမ်းအလုံးစုံတို့သည် ရွာ၌ ပေါင်းဆုံ ဆိုက်ရောက်ကုန်သကဲ့သို့ အသျှင်ဂေါတမ ဤအတူပင် အဒ္ဓရိယပုဏ္ဏားတို့သည်ရင်း တိတ္တိရိယပုဏ္ဏားတို့သည်ရင်း ဆန္ဒောကပုဏ္ဏားတို့သည်ရင်း ဗဝှါရိဇ္ဈပုဏ္ဏားတို့သည်ရင်း အထူးထူးအပြားပြားသော လမ်းတို့ကို ပညတ်ကုန်သော်လည်း ထိုလမ်းအလုံးစုံတို့သည် ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် စင်စစ် ပို့ဆောင်ပါကုန်၏။

ဝါသေဋ္ဌလုလင်အား မေးမြန်းစိစစ်ခြင်း

၅၂၅။ ဝါသေဋ္ဌ ပို့ဆောင်ကုန်၏ ဟု (သင်)ဆိုသလော။

အသျှင်ဂေါတမ ပို့ဆောင်ကုန်၏ ဟု (အကျွန်ုပ်)ဆိုပါ၏။

ဝါသေဋ္ဌ ပို့ဆောင်ကုန်၏ ဟု (သင်)ဆိုသလော။

အသျှင်ဂေါတမ ပို့ဆောင်ကုန်၏ ဟု (အကျွန်ုပ်)ဆိုပါ၏။

ဝါသေဋ္ဌ ပို့ဆောင်ကုန်၏ ဟု (သင်)ဆိုသလော။

အသျှင်ဂေါတမ ပို့ဆောင်ကုန်၏ ဟု (အကျွန်ုပ်)ဆိုပါ၏။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူးသော ပုဏ္ဏားတဦးတယောက်မျှသော်လည်း ရှိ၏လော။

အသျှင်ဂေါတမ မရှိပါ။

ဝါသေဋ္ဌ ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူးသော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာတဦးတယောက်မျှသော်လည်း ရှိ၏လော။

အသျှင်ဂေါတမ မရှိပါ။

ဝါသေဋ္ဌ ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူးသော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာ တဦးတယောက်မျှသော်လည်း ရှိ၏လော။

အသျှင်ဂေါတမ မရှိပါ။

http://www.dhammadownload.com

ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာခုနစ်ဆက်တိုင်အောင် ဗြဟ္မာကို မျက်ဝါးထင်ထင် မြင်ဘူးသော ဆရာတဦးတယောက်မျှသော်လည်း ရှိ၏လော။

အသျှင်ဂေါတမ မရှိပါ။

၅၂၆။ ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် အကြင် (ရသေ့)တို့ သီဆိုပို့ချ ပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်းလိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏။ ဤရသေ့တို့ကား အဘယ်နည်း။

အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။

ထို(ရသေ့)တို့သည်လည်း "ဗြဟ္မာ့နေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာအရပ်တို့ကို ငါတို့ သိကုန်၏၊ ငါတို့ မြင်ကုန်၏" ဟု ဤသို့ ပြောကြားခဲ့ကုန်၏လော။

အသျှင်ဂေါတမ မပြောကြားခဲ့ပါကုန်။

၅၂၇။ ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဗြဟ္မာကိုမျက်ဝါးထင်ထင် မြင်ဘူးသောပုဏ္ဏား တဦးတယောက်မျှသော်လည်း မရှိဟူ၍ရှင်း၊ ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူးသော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာတဦးတယောက်မျှသော်လည်း မရှိဟူ၍ရှင်း၊ ဗြဟ္မာကိုမျက်ဝါးထင်ထင် မြင်ဘူးသော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာ တဦးတယောက်မျှသော်လည်း မရှိချေဟူ၍ရှင်း၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာခုနစ်ဆက်တိုင်အောင် ဗြဟ္မာကိုမျက်ဝါးထင်ထင် မြင်ဘူးသော ဆရာတဦးတယောက်မျှသော်လည်း မရှိချေဟူ၍ရှင်း ဤသို့ ဆို၏၊ (ထို့ပြင်)ဗေဒင်သုံးပုံဆောင်ပုဏ္ဏားတို့၏ လက်ဦးဆရာဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင်ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် အကြင် (ရသေ့)တို့ သီဆိုပို့ချပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်း လိုက်၍ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ပို့ချကုန်၏၊ ဤရသေ့တို့ကား အဘယ်နည်း။

အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း၊ ထို (ရသေ့) တို့သည်လည်း "ဗြဟ္မာ့နေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာအရပ်တို့ကို ငါတို့ သိကုန်၏၊ ငါတို့မြင်ကုန်၏" ဟု ဤသို့ မပြောကြားခဲ့ကုန်ဟူ၍ ဆို၏၊ (သို့ဖြစ်ပါလျက်) ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤသို့ ဆိုကုန်ဘိ၏—

"ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် (ယင်းလမ်းသည်) စင်စစ် ပို့ဆောင်၏ ဟု မသိ မမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်လမ်းကို ငါတို့ ဟော ကြားပါကုန်သည်" ဟူ၍ ဆိုကုန်ဘိ၏။

http://www.dhammadownload.com

၅၂၈။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ သို့ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသော စကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏။

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် "ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ပြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု မသိမမြင်ဘူးသော ထိုပြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားနိုင်အံ့သော အကြောင်းသည် မရှိချေ။

၅၂၉။ ဝါသေဋ္ဌ အချင်းချင်း ဆွဲကိုင်ဆက်စပ်နေသော သူကန်းတို့၏ အစဉ်အတန်းတွင် ရှေ့ဆုံးသူသည်လည်း မမြင်၊ အလယ်သူသည်လည်း မမြင်၊ နောက်ဆုံးသူသည်လည်း မမြင်သကဲ့သို့ ဝါသေဋ္ဌ ဤအတူပင် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် သူကန်းတို့၏ အစဉ်အတန်းနှင့် တူလှချေ၏တကား၊ ရှေ့ဆုံးသူသည်လည်း မမြင်၊ အလယ်သူသည်လည်း မမြင်၊ နောက်ဆုံးသူသည်လည်း မမြင်ချေတကား၊ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဤစကားသည် ရယ်ဖွယ်သာ ဖြစ်ချေ၏၊ အပြောမျှသာ ဖြစ်ချေ၏၊ အနက်မဲ့သာ ဖြစ်ချေ၏၊ အချည်းနှီးသာ ဖြစ်ချေ၏။

၅၃၀။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း။

ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်ရင်း အခြား လူများစွာတို့သည်ရင်း လနှင့် နေတို့ကို မြင်ကြသည် မဟုတ်လော၊ မြင်ကြသောကြောင့်ပင် လနှင့် နေတို့ ထွက်လာရာအရပ် ဝင်သွားရာအရပ်တို့သို့ မျက်နှာမူကာ လက်အုပ်ချီမိုး ရှိခိုးလျက် ချီးကျူးနေကြ ဆုတောင်းနေကြသည် မဟုတ်လော။

အသျှင်ဂေါတမ မှန်ပါ၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်ရင်း အခြား လူများစွာတို့သည်ရင်း လနှင့် နေတို့ကို မြင်ကြပါ၏၊ မြင်ကြသောကြောင့်ပင် လနှင့် နေတို့ ထွက်လာရာအရပ် ဝင်သွားရာ အရပ်တို့သို့ မျက်နှာမူကာ လက်အုပ်ချီမိုး ရှိခိုးလျက် ချီးကျူးနေကြ ဆုတောင်းနေကြပါ၏။

၅၃၁။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်ရင်း အခြား လူများစွာတို့သည်ရင်း အကြင် လနှင့် နေတို့ကို မြင်ကြသည်ဖြစ်၍ အကြင် လနှင့် နေတို့ ထွက်လာရာအရပ် ဝင်သွားရာအရပ်တို့သို့ မျက်နှာမူကာ လက်အုပ်ချီမိုး ရှိခိုးလျက် ချီးကျူးနေကြ ဆုတောင်းနေကြကုန်၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် "ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား လနှင့် နေတို့၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု လနှင့် နေတို့၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားခြင်းငှါ စွမ်းနိုင်ကုန်၏လော။

အသျှင်ဂေါတမ မစွမ်းနိုင်ပါကုန်။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည်ရင်း အခြား လူများစွာတို့သည်ရင်း အကြင် လနှင့် နေတို့ကို မြင်ကုန်သည်ဖြစ်၍ အကြင် လနှင့် နေတို့ ထွက်လာရာအရပ် ဝင်သွားရာအရပ်တို့သို့ မျက်နှာမူကာ လက်အုပ်ချီမိုး ရှိခိုးလျက် ချီးကျူးနေကြ ဆုတောင်းနေကြကုန်၏၊ ထို (ဗေဒင်သုံးပုံဆောင်

http://www.dhammadownload.com

ပုဏ္ဏား) တို့သည် "ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား လနှင့် နေတို့၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု လနှင့် နေတို့၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားခြင်းငှါ မစွမ်းနိုင်ကုန် ဟု ဤသို့ ဆို၏။

၅၃၂။ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ခုနစ်ဆက်တိုင်အောင်သော ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော။ပ။ ထိုရသေ့တို့သည်လည်း "ဗြဟ္မာ့နေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာအရပ်တို့ကို ငါတို့ သိကုန်၏၊ ငါတို့ မြင်ကုန်၏" ဟု ဤသို့ မပြောကြားခဲ့ကုန် ဟူ၍ ဆို၏ (ဤသို့ဖြစ်ပါလျက်) ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤသို့ ဆိုကုန်ဘိ၏—

"ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏ ဟု မသိမမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ငါတို့ ဟောကြား ပါကုန်သည်" ဟူ၍ ဆိုကုန်ဘိ၏။

၅၃၃။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသော စကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏။

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် "ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော် ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏" ဟု စင်စစ် မသိမမြင်ဘူးသော ထို ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားနိုင်အံ့သော အကြောင်းသည် မရှိချေ။

ဇနပဒကလျာဏီ ဥပမာ

၅၃၄။ ဝါသေဋ္ဌ "ငါသည် ဤနိုင်ငံ၌ (ဇနပဒကလျာဏီဘွဲ့ရ) အလှဆုံးမိန်းမကို လိုချင်၏၊ ချစ်ကြိုက်၏" ဟု ဆိုသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားကို ဤသို့ မေးကုန်ရာ၏—

"အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော (ဇနပဒကလျာဏီဘွဲ့ရ) အလှဆုံး မိန်းမကို မင်းအမျိုးသမီးဟူ၍ငှင်း ပုဏ္ဏားအမျိုးသမီး ဟူ၍ငှင်း ကုန်သည် အမျိုးသမီးဟူ၍ငှင်း ဆင်းရဲသား အမျိုးသမီးဟူ၍ငှင်း သိပါ၏လော"။

ဤသို့ မေးသော် "မသိပါ" ဟု ဆိုရာ၏။

ထိုယောကျ်ားကို ဤသို့ မေးကုန်ပြန်ရာ၏—

"အချင်းယောကျ်ား သင်လိုချင် ချစ်ကြိုက်သော (ဇနပဒကလျာဏီဘွဲ့ရ) အလှဆုံးမိန်းမကို ဤအမည် ရှိ၏ဟူ၍ငှင်း ဤအမျိုးအနွယ်ရှိ၏ဟူ၍ငှင်း (အရပ်) မြင့်၏ဟူ၍ငှင်း (အရပ်) နိမ့်၏ဟူ၍ငှင်း

http://www.dhammadownload.com

အလပ်စား (မမြင့်မနိမ့်) ဖြစ်၏ ဟူ၍ရင်း (အသား) မည်း၏ဟူ၍ရင်း (အသား) ဝါရွှေ၏ဟူ၍ရင်း (အသား) ညို၏ဟူ၍ရင်း သိပါ၏လော၊ ဤ (မည်သော) ရွာ၌ နေ၏ဟူ၍ရင်း ဤ(မည်သော)နိဂုံး၌ နေ၏ဟူ၍ရင်း ဤ(မည်သော) မြို့၌ နေ၏ဟူ၍ရင်း သိပါ၏လော"။

ဤသို့ မေးသော် "မသိပါ" ဟု ဆိုရာ၏။

ထိုယောကျ်ားကို ဤသို့ မေးကုန်ပြန်ရာ၏—

"အချင်းယောကျ်ား သင်သည် မသိဘူး မမြင်ဘူးသူကို လိုချင် ချစ်ကြိုက်နေသလော"။

ဤသို့ မေးသော် "ဟုတ်ပါ၏" ဟု ဖြေဆိုရာ၏။

၃၅၅။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ် မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ် မရှိသောစကား မချွတ်ပင် ဖြစ်နေပါသည်။

၃၅၆။ ဝါသေဋ္ဌ ဤအတူပင် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ခုနစ်ဆက်တိုင်အောင်သော ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းတို့ကို စီရင်ကုန်သော။ပ။ ထို (ရသေ့) တို့သည်လည်း "ဗြဟ္မာ့နေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာအရပ်တို့ကို ငါတို့ သိကုန်၏၊ ငါတို့ မြင်ကုန်၏" ဟု ဤသို့ မပြောကြားခဲ့ကုန်ဟူ၍ ဆို၏၊ (သို့ဖြစ်ပါလျက်) ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤသို့ ဆိုကုန်ဘိ၏····

"ဤသည်လျှင် ဖြောင့်တန်းသောလမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသောလမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏ ဟု မသိမမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ငါတို့ ဟောကြားပါကုန်သည်" ဟူ၍ ဆိုကုန်ဘိ၏။

၃၅၇။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ် မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏။

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤသည်လျှင် ဖြောင့်တန်းသောလမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏ ဟု မသိမမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားနိုင်အံ့သော အကြောင်းသည် မရှိချေ။

http://www.dhammadownload.com

လှေကား ဥပမာ

၅၃၈။ ဝါသေဋ္ဌ လမ်းမလေးခုဆုံရာ၌ ပြာသာဒ် (ထက်) သို့ တက်ရန် လှေကားကို ပြုနေသော ယောကျ်ားသည် ရှိရာ၏၊ ထိုယောကျ်ားကို ဤသို့ မေးကုန်ရာ၏—

"အချင်းယောကျ်ား ပြာသာဒ်(ထက်)သို့ တက်ရန်လှေကားကို ပြုသောသင်သည် ထိုပြာသာဒ်ကို အရှေ့အရပ်၌ (ရှိ၏ဟူ၍)ဇင်း တောင်အရပ်၌ (ရှိ၏ဟူ၍)ဇင်း အနောက်အရပ်၌ (ရှိ၏ဟူ၍) ဇင်း မြောက်အရပ်၌ (ရှိ၏ဟူ၍)ဇင်း မြင့်၏ဟူ၍ဇင်း နိမ့်၏ဟူ၍ဇင်း အလတ်စား (မမြင့်မနိမ့်) ဖြစ်၏ ဟူ၍ဇင်း သိပါ၏လော"။

ဤသို့ မေးသော် "မသိပါ" ဟု ဖြေဆိုရာ ၏။

ထိုယောကျ်ားကို ဤသို့ မေးမြန်းကုန်ရာ၏—

"အချင်းယောကျ်ား သင်သည် မသိမမြင်ရသော ပြာသာဒ်(ထက်)သို့ တက်ရန် လှေကားကို ပြုဘိသလော"။

ဤသို့ မေးသော် "ဟုတ်ပါ၏" ဟု ဆိုရာ၏။

၅၃၉။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်မရှိသောစကား ဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ ဖြစ်လျှင် ထိုယောကျ်ား၏ စကားသည် အခြေအမြစ်မရှိသော စကား မချွတ်ပင် ဖြစ်နေပါ၏။

၅၄၀။ ဝါသေဋ္ဌ ဤအတူပင် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဆရာ့ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ခုနစ်ဆက်တိုင်အောင်သော ဆရာတို့သည်လည်း ဗြဟ္မာကို မျက်ဝါးထင်ထင် မမြင်ဘူးကုန် ဟု ဆို၏၊ ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ လက်ဦးဆရာ ဖြစ်ကုန်သော ဝေဒကျမ်းကိုကို စီရင်ကုန်သော ဝေဒကျမ်းတို့ကို ပို့ချကုန်သော အကြင် ရသေ့တို့သည် ရှိကုန်၏၊ ယခုအခါ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် အကြင် ရသေ့တို့ သီဆိုပို့ချပေါင်းစုထားသော ထိုရှေးဟောင်း ဝေဒကျမ်းကို လိုက်၍ သီဆိုကုန်၏၊ လိုက်၍ ရွတ်ဆိုကုန်၏၊ ရွတ်ဆိုထားတိုင်း လိုက်၍ ရွတ်ဆိုကုန်၏၊ ပို့ချထားတိုင်း လိုက်၍ ပို့ချကုန်၏၊ ဤ ရသေ့တို့ကား အဘယ်နည်း—

> အဋ္ဌကရသေ့ ဝါမကရသေ့ ဝါမဒေဝရသေ့ ဝေဿာမိတ္တရသေ့ ယမဒဂ္ဂိရသေ့ အင်္ဂီရသရသေ့ ဘာရဒွါဇရသေ့ ဝါသေဋ္ဌရသေ့ ကဿပရသေ့ ဘဂုရသေ့တို့တည်း။

ထိုရသေ့တို့သည်လည်း ဗြဟ္မာ့နေရာဘုံ ဗြဟ္မာလာရာလမ်း ဗြဟ္မာသွားရာ အရပ်တို့ကို ငါတို့ သိကုန်၏၊ ငါတို့မြင်ကုန်၏ ဟု ဤသို့ မပြောကြားခဲ့ကုန် ဟူ၍ ဆို၏၊ (သို့ဖြစ်ပါလျက်) ထိုဗေဒင်သုံးပုံ ဆောင် ပုဏ္ဏားတို့သည် ဤသို့ ဆိုကုန်ဘိ၏—

"ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသော လမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ် ပို့ဆောင်၏

http://www.dhammadownload.com

ဟု မသိမမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ငါတို့ဟောကြားပါကုန်သည်”ဟူ၍ ဆိုကုန်ဘိ၏။

၅၄၁။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသော စကားဖြစ်နေသည် မဟုတ်လော။

အသျှင်ဂေါတမ ဤသို့ ဖြစ်လျှင် ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ စကားသည် အခြေအမြစ်မရှိသောစကား မချွတ်ပင် ဖြစ်နေပါ၏။

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် “ဤသည်လျှင် ဖြောင့်တန်းသော လမ်းတည်း၊ ဤသည်လျှင် ဖြောင့်စင်းသောလမ်းတည်း၊ ထိုလမ်းကို သွားသူအား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် (ယင်း လမ်းသည်) စင်စစ်ပို့ဆောင်၏” ဟု မသိမမြင်ဘူးသော ထိုဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်လမ်းကို ဟောကြားနိုင်အံ့သော အကြောင်းသည် မရှိချေ။

အစိရဝတီမြစ် ဥပမာ

၅၄၂။ ဝါသေဋ္ဌ ဤအစိရဝတီမြစ်သည် (ကမ်းမှာနား၍)ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့် အညီရေပြည့်လျက်ရှိ၏၊ ထိုအခါ တဖက်ကမ်းသို့ သွားလို ဆိုက်လို ရောက်လို ကူးမြောက်လိုသော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားသည် ဤမှာဖက်ကမ်း၌ရပ်လျက် “ဟေ ဟိုဖက်ကမ်းသည်ဖက်ကမ်းသို့လာခဲ့လော့၊ ဟေ ဟိုဖက်ကမ်း သည်ဖက်ကမ်းသို့ လာခဲ့လော့” ဟု ထိုမှာဖက်ကမ်းကို ခေါ်ရာ၏။

၅၄၃။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း။

ထိုယောကျ်ား၏ ခေါ်ခြင်းအကြောင်းကြောင့်ရင်း တောင်းပန်ခြင်းအကြောင်းကြောင့်ရင်း တောင့်တခြင်းအကြောင်းကြောင့်ရင်း အလိုရှိခြင်းအကြောင်းကြောင့်ရင်း အစိရဝတီမြစ်၏ ထိုမှာဖက်ကမ်းသည် ဤမှာဖက်ကမ်းသို့ လာရာသလော။

အသျှင်ဂေါတမ မလာရာပါ။

၅၄၄။ ဝါသေဋ္ဌ ဤအတူပင် ဗေဒင်သုံးပုံဆောင်သော ပုဏ္ဏားတို့သည် ဗြာဟ္မဏဖြစ်စေနိုင်သော တရားတို့ကို ပယ်ရှား၍ ဗြာဟ္မဏမဖြစ်စေနိုင်သော တရားတို့ကို ကျင့်ကုန်လျက် ဤသို့ ဆိုကုန်၏—

“(ငါတို့သည်)ဣန္ဒ(နတ်)ကို ခေါ်ကုန်၏၊ သောမ(နတ်)ကို ခေါ်ကုန်၏၊ ဝရုဏ(နတ်)ကို ခေါ်ကုန်၏၊ ဤသာန(နတ်)ကို ခေါ်ကုန်၏ ပဇာပတိ(နတ်)ကို ခေါ်ကုန်၏၊ ဗြဟ္မာကို ခေါ်ကုန်၏၊ မဟိဒ္ဓိ(နတ်)ကို ခေါ်ကုန်၏၊ ယမ(နတ်)ကို ခေါ်ကုန်၏” ဟု ဆိုကုန်၏။

ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြာဟ္မဏဖြစ်စေနိုင်သော တရားတို့ကို ပယ်ရှား၍ ဗြာဟ္မဏမဖြစ်စေနိုင်သော တရားတို့ကို ကျင့်ကုန်လျက် (နတ်တို့ကို) ခေါ်ခြင်းအကြောင်းကြောင့်ရင်း တောင်းပန်ခြင်း အကြောင်းကြောင့်ရင်း တောင့်တခြင်း အကြောင်းကြောင့်ရင်း အလိုရှိခြင်း အကြောင်းကြောင့်ရင်း ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ဗြဟ္မာ၏အပေါင်းအဖော်အဖြစ်သို့ ရောက်နိုင်အံ့သော အကြောင်းသည် မရှိချေ။

http://www.dhammadownload.com

၅၄၅။ ဝါသေဋ္ဌ ဤအစိရဝတီမြစ်သည် (ကမ်းမှာနားရှိ) ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏၊ ထိုအခါ တဖက်ကမ်းသို့ သွားလို ဆိုက်လို ရောက်လို ကူးမြောက်လိုသော ယောကျ်ားသည် လာရာ၏၊ ထိုယောကျ်ားကို ဤမှာဖက်ကမ်း၌ပင် ခိုင်ခံ့သောနှောင်ကြိုးဖြင့် လက်ပြန်ကြိုးကို မြဲမြံစွာ နှောင်ဖွဲ့ထားရာ၏။

ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ထိုယောကျ်ားသည် အစိရဝတီမြစ်၏ ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်းသို့ သွားနိုင်ပါမည်လော။

အသျှင်ဂေါတမ မသွားနိုင်ပါ။

၅၄၆။ ဝါသေဋ္ဌ ဤအတူပင်လျှင် ဤကာမဂုဏ်ငါးပါးတို့ကို အရိယာ(ဘုရား)၏ အဆုံးအမ၌ နှောင်ကြိုးတို့ဟူ၍လည်း ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့တို့ဟူ၍လည်း ဆိုအပ်ကုန်၏၊ (ကာမဂုဏ်) ငါးပါးတို့ဟူသည် အဘယ်သည်တို့နည်း။

အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော ချစ်ဖွယ် သဘောရှိကုန်သော နှစ်သက်သာယာဖွယ် ဖြစ်ကုန်သော တပ်မက်ဖွယ် ဖြစ်ကုန်သော မျက်စိဖြင့် (မြင်)သိနိုင်သော အဆင်း 'ရူပါရုံ'များ။ပ။ နားဖြင့် (ကြား)သိနိုင်သော အသံ 'သဒ္ဒါရုံ' များ။ပ။ နှာခေါင်းဖြင့် (နမ်း)သိနိုင်သော အနံ့ 'ဂန္ဓာရုံ' များ။ပ။ လျှာဖြင့် (လျက်)သိနိုင်သော အရသာ 'ရသာရုံ'များ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော ချစ်ဖွယ် သဘောရှိကုန်သော နှစ်သက်သာယာဖွယ် ဖြစ်ကုန်သော တပ်မက်ဖွယ် ဖြစ်ကုန်သော ကိုယ်ဖြင့် (ထိ)သိနိုင်သော အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' များတို့ပေတည်း။

ဝါသေဋ္ဌ ဤကာမဂုဏ်ငါးပါးတို့ကို အရိယာ (ဘုရား)၏ အဆုံးအမ၌ နှောင်ကြိုးတို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့တို့ ဟူ၍လည်း ဆိုအပ်ကုန်၏။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤကာမဂုဏ်ငါးပါး၌ မက်မောကာ တွေဝေကာ ဖလွှန့်ဝင်စားကာ အပြစ်မမြင်ပဲ ထွက်မြောက်ကြောင်း ဆင်ခြင်ဉာဏ် မယှဉ်ဘဲ သုံးဆောင် (ခံစား) ကုန်၏၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြာဟ္မဏဖြစ်စေနိုင်သော တရားတို့ကို ပယ်ရှား၍ ဗြာဟ္မဏမဖြစ်စေနိုင်သော တရားတို့ကို ကျင့်ကုန်လျက် ကာမဂုဏ်ငါးပါး၌ မက်မောကာ တွေဝေကာ ဖလွှန့်ဝင်စားကာ အပြစ်မမြင်ပဲ ထွက်မြောက်ကြောင်း ဆင်ခြင်ဉာဏ် မယှဉ်ကုန်ဘဲ သုံးဆောင် (ခံစား)ကုန်လျက် (ကာမဂုဏ်)နှောင်ကြိုး (ကာမဂုဏ်) အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခံရကုန်လျက် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဗြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ရောက်အံ့သော အကြောင်း မရှိချေ။

၅၄၇။ ဝါသေဋ္ဌ ဤအစိရဝတီမြစ်သည် (ကမ်းမှာနားရှိ)ကျီးသောက်နိုင်လောက်အောင် ကမ်းနှင့် အညီ ရေပြည့်လျက်ရှိ၏၊ ထိုအခါ တဖက်ကမ်းသို့ သွားလို ဆိုက်လို ရောက်လို ကူးမြောက်လိုသော ယောကျ်ားသည် လာရာ၏၊ ထို(ယောကျ်ား)သည် ဤမှာဖက်ကမ်း၌ ခေါင်းမြီးခြုံ၍ အိပ်နေရာ၏။

ဝါသေဋ္ဌ ထို(အရာ)ကို အဘယ်သို့ ထင်သနည်း၊ ထိုယောကျ်ားသည် အစိရဝတီမြစ်၏ ဤမှာဖက်ကမ်းမှ ထိုမှာဖက်ကမ်းသို့ ရောက်နိုင်ပါမည်လော။

အသျှင်ဂေါတမ မရောက်နိုင်ပါ။

http://www.dhammadownload.com

၅၄၇။ ဝါသေဋ္ဌ ဤအတူပင်လျှင် ဤနီဝရဏငါးပါးတို့ကို အရိယာ (ဘုရား)၏ အဆုံးအမ၌ အဖုံးအလွှမ်းတို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အပိတ်အပင်တို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့တို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အမြှေးအယှက်တို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ 'နီဝရဏ' ငါးပါးတို့ ဟူသည် အဘယ်သည်တို့နည်း။

ကာမဂုဏ်၌ လိုချင်မှု အပိတ်အပင် 'ကာမစ္ဆန္ဒနီဝရဏ' ပျက်စီးစေလိုမှု အပိတ်အပင် 'ဗျာပါဒ နီဝရဏ' လေးလံထိုင်းမှိုင်းမှု အပိတ်အပင် 'ထိနမိဒ္ဓနီဝရဏ' ပြန့်လွင့်မှု နောင်တတဖန် ပူပန်မှု အပိတ်အပင် 'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ' ယုံမှားမှု အပိတ်အပင် 'ဝိစိကိစ္ဆာ နီဝရဏ'တို့တည်း။

ဝါသေဋ္ဌ ဤနီဝရဏငါးပါးတို့ကို အရိယာ (ဘုရား)၏ အဆုံးအမ၌ အဖုံးအလွှမ်းတို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အပိတ်အပင်တို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အနှောင်အဖွဲ့တို့ ဟူ၍လည်း ဆိုအပ်ကုန်၏၊ အမြှေးအယှက်တို့ ဟူ၍လည်း ဆိုအပ်ကုန်၏။

၅၄၉။ ဝါသေဋ္ဌ ဤနီဝရဏငါးပါးတို့သည် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့ကို ဖုံးလွှမ်းထားကုန်၏၊ ပိတ်ပင်ထားကုန်၏၊ နှောင်ဖွဲ့ထားကုန်၏၊ မြှေးယှက်ထားကုန်၏၊ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဗြဟ္မာဖြစ်စေနိုင်သော တရားတို့ကို ပယ်ရှား၍ ဗြဟ္မာ မဖြစ်စေနိုင်သော တရားတို့ကို ကျင့်ကုန်လျက် 'နီဝရဏ'ငါးပါးတို့က ဖုံးလွှမ်းထားပါကုန်လျက် ပိတ်ပင်ထားပါကုန်လျက် နှောင်ဖွဲ့ထားပါကုန်လျက် မြှေးယှက်ထားပါကုန်လျက် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ဗြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ရောက်အံ့သော အကြောင်းသည် မရှိချေ။

၅၅၀။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း။

အသက်ကြီးကုန်သော အရွယ်ရင့်ကုန်သော ဆရာဖြစ်ကုန်သော ဆရာ့ဆရာဖြစ်ကုန်သော ပုဏ္ဏားတို့ ပြောဆိုသည်ကို သင်အဘယ်သို့ ကြားဘူးသနည်း၊ ဗြဟ္မာသည် (သားမယားကို) သိမ်းဆည်းခြင်း ရှိသလော၊ သိမ်းဆည်းခြင်း မရှိသလော။

အသျှင်ဂေါတမ (ကာမစ္ဆန္ဒ မရှိသောကြောင့်) သိမ်းဆည်းခြင်း မရှိပါ။

ရန်နှင့်ယှဉ်သောစိတ် ရှိသလော၊ ရန်နှင့်ယှဉ်သောစိတ် မရှိသလော။

အသျှင်ဂေါတမ (ဗျာပါဒမရှိသောကြောင့်) ရန်နှင့်ယှဉ်သောစိတ် မရှိပါ။

မခံ့ကျန်းသောစိတ် ရှိသလော၊ မခံ့ကျန်းသောစိတ် မရှိသလော။

အသျှင်ဂေါတမ (ထိနမိဒ္ဓမရှိသောကြောင့်) မခံ့ကျန်းသောစိတ် မရှိပါ။

ညစ်နွမ်းသောစိတ် ရှိသလော၊ ညစ်နွမ်းသောစိတ် မရှိသလော။

အသျှင်ဂေါတမ (ဥဒ္ဓစ္စကုက္ကုစ္စစသော ကိလေသာ မရှိသောကြောင့်) ညစ်နွမ်းသောစိတ် မရှိပါ။

(စိတ်ကို) အလိုအတိုင်း ဖြစ်စေနိုင်သလော၊ အလိုအတိုင်း မဖြစ်စေနိုင်သလော။

အသျှင်ဂေါတမ (ဝိစိကိစ္ဆာ မရှိသောကြောင့်) အလိုအတိုင်း ဖြစ်စေနိုင်ပါ၏။

ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ထင်သနည်း၊ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် (သားမယားကို) သိမ်းဆည်းခြင်း ရှိကုန်သလော၊ သိမ်းဆည်းခြင်း မရှိကုန်သလော။

အသျှင်ဂေါတမ (ကာမစ္ဆန္ဒ ရှိသောကြောင့်) သိမ်းဆည်းခြင်း ရှိပါကုန်၏။

ရန်နှင့်ယှဉ်သောစိတ် ရှိကုန်သလော၊ ရန်နှင့်ယှဉ်သောစိတ် မရှိကုန်သလော။

http://www.dhammadownload.com

အသျှင်ဂေါတမ (ဗျာပါဒ ရှိသောကြောင့်)ရန်နှင့်ယှဉ်သောစိတ် ရှိပါကုန်၏။

မခံ့ကျန်းသောစိတ် ရှိကုန်သလော၊ မခံ့ကျန်းသောစိတ် မရှိကုန်သလော။

အသျှင်ဂေါတမ (ထိနမိဒ္ဓ ရှိသောကြောင့်)မခံ့ကျန်းသောစိတ် ရှိပါကုန်၏။

ညစ်နွမ်းသောစိတ် ရှိကုန်သလော၊ ညစ်နွမ်းသောစိတ် မရှိကုန်သလော။

အသျှင်ဂေါတမ (ဥဒ္ဓစ္စကုက္ကုစ္စစသော ကိလေသာ ရှိသောကြောင့်) ညစ်နွမ်းသောစိတ် ရှိပါကုန်၏။

(စိတ်ကို)အလိုအတိုင်း ဖြစ်စေနိုင်ကုန်သလော၊ အလိုအတိုင်း မဖြစ်စေနိုင်ကုန်သလော။

အသျှင်ဂေါတမ (ဝိစိကိစ္ဆာ ရှိသောကြောင့်)အလိုအတိုင်း မဖြစ်စေနိုင်ပါကုန်။

၅၅၁။ ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် (သားမယားကို) သိမ်းဆည်းခြင်း ရှိကုန်၏၊ ဗြဟ္မာသည်ကား (သားမယားကို) သိမ်းဆည်းခြင်း မရှိဟုဆို၏၊ (သို့ဖြစ်လျှင်) ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ (သားမယားကို)သိမ်းဆည်းခြင်းသည် ဗြဟ္မာ၏ (သားမယားကို)မသိမ်းဆည်းခြင်းနှင့် အတူရောနှော ညီညွတ်မည်လော။

အသျှင်ဂေါတမ မရောနှော မညီညွတ်ပါ။

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ ထို(သားမယားကို) သိမ်းဆည်းခြင်း ရှိကုန်သော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် (ခန္ဓာ)ကိုယ် ပျက်စီး၍ သေပြီးသည် နောက်၌ (သားမယားကို)သိမ်းဆည်းခြင်း မရှိသော ဗြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ရောက်အံ့သော အကြောင်းသည် မရှိချေ။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ရန်နှင့်ယှဉ်သောစိတ် ရှိကုန်၏၊ ဗြဟ္မာသည်ကား ရန်နှင့်ယှဉ်သောစိတ် မရှိ ဟု ဆို၏။ပ။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် မခံ့ကျန်းသောစိတ် ရှိကုန်၏၊ ဗြဟ္မာသည်ကား မခံ့ကျန်းသောစိတ် မရှိ ဟု ဆို၏။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ညစ်နွမ်းသောစိတ် ရှိကုန်၏၊ ဗြဟ္မာသည်ကား ညစ်နွမ်းသောစိတ် မရှိ ဟု ဆို၏။

ဝါသေဋ္ဌ ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် (စိတ်ကို)အလိုအတိုင်း မဖြစ်စေနိုင်ကုန်၊ ဗြဟ္မာသည်ကား (စိတ်ကို)အလိုအတိုင်းဖြစ်စေနိုင်သည် ဟု ဆို၏၊ (သို့ဖြစ်လျှင်)ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ (စိတ်ကို)အလိုအတိုင်း မဖြစ်စေနိုင်ခြင်းသည် ဗြဟ္မာ၏(စိတ်ကို)အလိုအတိုင်း ဖြစ်စေခြင်းနှင့် အတူရောနှော ညီညွတ်မည်လော။

အသျှင်ဂေါတမ မရောနှော မညီညွတ်နိုင်ပါ။

ဝါသေဋ္ဌ ကောင်းပြီ ၊ ဝါသေဋ္ဌ ထို(စိတ်ကို)အလိုအတိုင်း မဖြစ်စေနိုင်ကုန်သော ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် (ခန္ဓာ)ကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ (စိတ်ကို)အလိုအတိုင်းဖြစ်စေနိုင်သော ဗြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ရောက်အံ့သော အကြောင်းသည် မရှိချေ။

၅၅၂။ ဝါသေဋ္ဌ ထိုဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့သည် ဤ(ဗေဒင်သုံးပုံ)၌ ကိုးစားကပ်ရောက်၍ နစ်မြုပ်ကုန်၏၊ နစ်မြုပ်၍ ပျက်စီးခြင်းသို့ ရောက်ကုန်၏ (တံလျှပ်ကို ရေမှတ်၍) အခြောက်တိုက် ကူးသည်နှင့် တူကုန်၏တကား၊ ထို့ကြောင့် ဗေဒင်သုံးပုံဆောင် ပုဏ္ဏားတို့၏ ဤဗေဒင်သုံးပုံတို့ကို

http://www.dhammadownload.com

(ရှာမနိုးသော) တောကြီးဟူ၍လည်း ဆိုအပ်ကုန်၏၊ ဗေဒင်သုံးပုံတို့ကို (အစာရေစာမရှိသော)တော နက်ကြီးဟူ၍လည်း ဆိုအပ်ကုန်၏၊ ဗေဒင်သုံးပုံတို့ကို ပျက်စီးရာပျက်စီးကြောင်း ဟူ၍လည်း ဆိုအပ် ကုန်၏။

၅၅၃။ ဤသို့ မိန့်တော်မူသော် ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ 'ရဟန်းဂေါတမသည် ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန်လမ်းကို သိ၏' ဟူ၍ အကျွန်ုပ် ကြားဘူးပါ၏" ဟု လျှောက်၏။

ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ မနသာကဋရွာသည် ဤမှ နီးသည်မဟုတ်လော၊ မနသာကဋရွာသည် ဤမှ မဝေးသည် မဟုတ်လော။

အသျှင်ဂေါတမ ဟုတ်ပါ၏၊ မနသာကဋရွာသည် ဤမှ နီးပါ၏၊ မနသာကဋရွာသည် ဤမှ မဝေးပါ။

၅၅၄။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤမနသာကဋရွာ၌ မွေးဖွား၍ (ဤရွာ၌ပင်) ကြီးပြင်းလာသော ယောကျာ်းသည် မနသာကဋရွာမှ ထွက်ခွါလာရာ၏၊ ထိုယောကျာ်းအား ထိုခဏ၌ပင် မနသာကဋရွာ၏ လမ်းကို မေးကုန်ရာ၏။

ဝါသေဋ္ဌ ထိုသို့မေးသည်ရှိသော် မနသာကဋရွာ၌ မွေးဖွား၍ (ဤရွာ၌ပင်) ကြီးပြင်းလာ သော ထိုယောကျာ်းအား နှောင့်နှေးခြင်း ဆိုင်းတွခြင်း ရှိရာသလော။

အသျှင်ဂေါတမ နှောင့်နှေးခြင်း ဆိုင်းတွခြင်း မရှိရာပါ၊ ထို(သို့မရှိခြင်း)သည် အဘယ့်ကြောင့် ဆိုသော် အသျှင်ဂေါတမ ဤယောကျာ်းသည် မနသာကဋရွာ၌ မွေးဖွား၍ (ဤရွာ၌ပင်) ကြီးပြင်း လာသဖြင့် မနသာကဋရွာ၏ လမ်းအလုံးစုံတို့ကို ကောင်းစွာ သိပါ၏။

ဝါသေဋ္ဌ မနသာကဋရွာ၌ မွေးဖွား၍ (ထိုရွာ၌ပင်) ကြီးပြင်းလာသော ထိုယောကျာ်းအား မနသာကဋရွာ၏ လမ်းကို မေးသည်ရှိသော် နှောင့်နှေးခြင်း ဆိုင်းတွခြင်းသည် ရှိမူလည်း ရှိရာသေး၏၊ မြတ်စွာဘုရားအား ဗြဟ္မာ့ပြည်ကိုရင်း ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း အကျင့်ကိုရင်း မေးသည်ရှိ သော် နှောင့်နှေးခြင်း ဆိုင်းတွခြင်း မရှိသည်သာတည်း။

ဝါသေဋ္ဌ ဗြဟ္မာကိုရင်း ဗြဟ္မာ့ပြည်ကိုရင်း ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်း အကျင့်ကိုရင်း ငါသိ၏၊ မည်သို့ ကျင့်သည်ရှိသော် ဗြဟ္မာ့ပြည်သို့ ရောက်၏ ဟု ထို (ကျင့်ပုံအချိုးအစား) ကိုလည်း (ငါ)သိ၏။

၅၅၅။ ဤသို့ မိန့်တော်မူသော် ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရားအား ဤစကားကို လျှောက် ၏—

"အသျှင်ဂေါတမ ရဟန်းဂေါတမသည် ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြား ၏ ဟု အကျွန်ုပ် ကြားဘူးပါ၏၊ တောင်းပန်ပါ၏ အသျှင်ဂေါတမ အကျွန်ုပ်အား ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းကို ဟောကြားတော်မူပါ၊ အသျှင်ဂေါတမသည် ပုဏ္ဏား အမျိုးသားအပေါင်းကို ကယ်တင်တော်မူပါ" ဟု လျှောက်၏။

ဝါသေဋ္ဌ သို့ဖြစ်လျှင် နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့။

"ကောင်းပါပြီ အသျှင်ဂေါတမ" ဟု ဝါသေဋ္ဌလုလင်သည် မြတ်စွာဘုရား၏ စကားကို ဝန်ခံ၏။

http://www.dhammadownload.com

ဗြဟ္မာ့ပြည်သို့ သွားရာလမ်းကို ဟောကြားခြင်း

၅၅၆။ မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူ၏—

ဝါသေဋ္ဌ ပူဇော် (အထူး)ကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော။ပ။ မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူ၏။ပ။

[သာမညဖလသုတ်၌ကဲ့သို့ နည်းတူ ချဲ့အပ်၏]။

ဝါသေဋ္ဌ ဤသို့လျှင် ရဟန်းသည် သီလနှင့် ပြည့်စုံပေ၏။

။ပ။ မိမိ၌ ဤအပိတ်အပင် 'နီဝရဏ' တရားငါးပါး ပယ်ပြီးဖြစ်သည်ကို ကောင်းစွာ မြင်သော ထိုသူအား ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်း 'ပီတိ' သည် ဖြစ်၏၊ နှစ်သိမ့်သော စိတ်ရှိသောသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ ငြိမ်းအေးသော ကိုယ်ရှိသော သူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာသော သူ၏ စိတ်သည်တည်ကြည်၏ ထိုသူသည် ချမ်းသာစေလိုခြင်း မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို သုံးခုမြောက် အရပ်မျက်နှာကို လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ (ရှိသော) သတ္တဝါအားလုံးကို မိမိနှင့်အတူ ပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ဝါသေဋ္ဌ အားကောင်းသော ခရုသင်း မှုတ်သမားသည် အရပ်လေးမျက်နှာတို့ကို ပင်ပန်းခြင်း မရှိပဲသာလျှင် ကြားသိစေရာသကဲ့သို့ ဤနည်းအတူပင်လျှင် မေတ္တာနှင့်ယှဉ်သော လွတ်မြောက်သောစိတ် 'မေတ္တာစေတောဝိမုတ္တိ' ကို (အရပ်ဆယ်မျက်နှာတို့၌) ပွါးများလိုက်သည် ရှိသော် အတိုင်းအရှည်ဖြင့် ပြုခဲ့သော (ကာမာဝစရ) ကံသည် ထို (မေတ္တာစေတောဝိမုတ္တိ တည်ရာ) ၌ မကြွင်းကျန်တော့လတ္တံ့၊ အတိုင်းအရှည်ဖြင့် ပြုခဲ့သော ထို(ကာမာဝစရ) ကံသည် ထို (မေတ္တာစေတောဝိမုတ္တိတည်ရာ)၌ မတည်နိုင်တော့လတ္တံ့၊ ဝါသေဋ္ဌ ဤသည်လည်း ဗြဟ္မာ၏ အပေါင်းအဖော်ဖြစ်ရန် လမ်းပေတည်း။

ဝါသေဋ္ဌ တဖန် ထို့ပြင်လည်း ရဟန်းသည် သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့်။ပ။

တဖန် ထို့ပြင်လည်း ရဟန်းသည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စိတ်ဖြင့်။ပ။

တဖန် ထို့ပြင်လည်း ရဟန်းသည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို သုံးခုမြောက် အရပ်မျက်နှာကို လေးခုမြောက် အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ဤနည်းဖြင့် အထက်အောက် ဖီလာအရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ (ရှိသော)သတ္တဝါအားလုံးတို့ကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် ပြန့်နှံ့စေ၍ နေ၏။

ဝါသေဋ္ဌ အားကောင်းသော ခရုသင်း မှုတ်သမားသည် အရပ်လေးမျက်နှာတို့ကို ပင်ပန်းခြင်း မရှိပဲသာလျှင် ကြားသိစေရာသကဲ့သို့ ဤနည်းအတူပင်လျှင် ဥပေက္ခာနှင့် ယှဉ်သော လွတ်

http://www.dhammadownload.com

မြောက်သောစိတ် 'ဥပေက္ခာစေတောဝိမုတ္တိ'ကို (အရှုပ်ဆယ်မျက်နှာတို့၌) ပွါးများလိုက်သည်ရှိသော် အတိုင်းအရှည်ဖြင့် ပြုခဲ့သော (ကာမာဝစရ)ကံသည် ထို(ဥပေက္ခာစေတောဝိမုတ္တိတည်ရာ)၌ မကြွင်းကျန်ဓလေ့လတ္တံ့၊ အတိုင်းအရှည်ဖြင့် ပြုခဲ့သော ထို(ကာမာဝစရ)ကံသည် ထို(ဥပေက္ခာစေတောဝိမုတ္တိတည်ရာ)၌ မတည်နိုင်ထော့လတ္တံ့၊ ဝါသေဋ္ဌ ဤသည်လည်း ပြဟ္မာ၏အပေါင်းအဖော်ဖြစ်ရန် လမ်းပေတည်း။

၅၅၇။ ဝါသေဋ္ဌ ထိုအရာကို အဘယ်သို့ ထင်သနည်း၊ ဤသို့ နေလေ့ရှိသော ရဟန်းသည် (သားမယားကို)သိမ်းဆည်းခြင်း ရှိသလော၊ သိမ်းဆည်းခြင်း မရှိသလော။

အသျှင်ဂေါတမ (ကာမစ္ဆန္ဒ မရှိသောကြောင့်) သိမ်းဆည်းခြင်း မရှိပါ။

ရန်နှင့်ယှဉ်သောစိတ် ရှိသလော၊ ရန်နှင့်ယှဉ်သောစိတ် မရှိသလော။

အသျှင်ဂေါတမ (ဗျာပါဒ မရှိသောကြောင့်)ရန်နှင့် ယှဉ်သောစိတ် မရှိပါ။

မခံ့ကျန်းသောစိတ် ရှိသလော၊ မခံ့ကျန်းသောစိတ် မရှိသလော။

အသျှင်ဂေါတမ (ထိနမိဒ္ဓ မရှိသောကြောင့်) မခံ့ကျန်းသောစိတ် မရှိပါ။

ညစ်နွမ်းသောစိတ် ရှိသလော၊ ညစ်နွမ်းသောစိတ် မရှိသလော။

အသျှင်ဂေါတမ (ဥဒ္ဓစ္စကုက္ကုစ္စစသော ကိလေသာမရှိသောကြောင့်)ညစ်နွမ်းသောစိတ် မရှိပါ။

(စိတ်ကို)အလိုအတိုင်း ဖြစ်စေနိုင်သလော၊ အလိုအတိုင်း မဖြစ်စေနိုင်သလော။

အသျှင်ဂေါတမ (ဝိစိကိစ္ဆာ မရှိသောကြောင့်) အလိုအတိုင်း ဖြစ်စေနိုင်ပါ၏။

ဝါသေဋ္ဌ ရဟန်းသည် (သားမယားကို)သိမ်းဆည်းခြင်းမရှိ၊ ပြဟ္မာသည်လည်း(သားမယားကို)သိမ်းဆည်းခြင်းမရှိ ဟု ဆို၏၊ (သို့ဖြစ်လျှင်) ရဟန်း၏ (သားမယားကို)မသိမ်းဆည်းခြင်းသည် ပြဟ္မာ၏ (သားမယားကို)မသိမ်းဆည်းခြင်းနှင့် အတူရောနှော ညီညွတ်သည် မဟုတ်ပါလော။

အသျှင်ဂေါတမ ဟုတ်ပါ၏။

ဝါသေဋ္ဌ ကောင်းပြီ (သားမယားကို)သိမ်းဆည်းခြင်း မရှိသော ထိုရဟန်းသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ (သားမယားကို) သိမ်းဆည်းခြင်း မရှိသော ပြဟ္မာ့အပေါင်းအဖော်အဖြစ်သို့ ရောက်နိုင်အံ့သော အကြောင်းသည် ရှိပေ၏။

၅၅၈။ ဝါသေဋ္ဌ ရဟန်းသည် ရန်နှင့်ယှဉ်သောစိတ် မရှိ၊ ပြဟ္မာသည်လည်း ရန်နှင့်ယှဉ်သောစိတ် မရှိ ဟု ဆို၏။ပ။

ဝါသေဋ္ဌ ရဟန်းသည် မခံ့ကျန်းသောစိတ် မရှိ၊ ပြဟ္မာသည်လည်း မခံ့ကျန်းသောစိတ် မရှိ ဟု ဆို၏။ပ။

ဝါသေဋ္ဌ ရဟန်းသည် ညစ်နွမ်းသောစိတ် မရှိ၊ ပြဟ္မာသည်လည်း ညစ်နွမ်းသောစိတ် မရှိ ဟု ဆို၏။ပ။

ဝါသေဋ္ဌ ရဟန်းသည် (စိတ်ကို)အလိုအတိုင်း ဖြစ်စေနိုင်၏၊ ပြဟ္မာသည်လည်း (စိတ်ကို) အလိုအတိုင်း ဖြစ်စေနိုင်၏ ဟု ဆို၏ (ဤသို့ဖြစ်လျှင်) ရဟန်း၏ (စိတ်ကို)အလိုအတိုင်း ဖြစ်စေနိုင်ခြင်းသည် ပြဟ္မာ၏ (စိတ်ကို) အလိုအတိုင်း ဖြစ်စေနိုင်ခြင်းနှင့် ရောနှော ညီညွတ်သည် မဟုတ်ပါလော။

အသျှင်ဂေါတမ ဟုတ်ပါ၏။

http://www.dhammadownload.com

ဝါသေဋ္ဌ ကောင်းပြီ၊ ဝါသေဋ္ဌ (စိတ်ကို) အလိုအတိုင်းဖြစ်စေနိုင်သော ထိုရဟန်းသည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ (စိတ်ကို) အလိုအတိုင်း ဖြစ်စေနိုင်သော ဗြဟ္မာ၏ အပေါင်းအဖော် အဖြစ်သို့ ရောက်အံ့သော အကြောင်းသည် ရှိပေ၏ ဟု ဟောကြားတော် မူ၏။

၅၅၉။ ဤသို့ ဟောကြားတော်မူသော် ဝါသေဋ္ဌနှင့် ဘာရဒ္ဒါဇလုလင်တို့သည် မြတ်စွာဘုရား အား ဤစကားကို လျှောက်ကြားလေကုန်၏—

"အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မှောက်ထားသည်ကို လှန် ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကိုပြောကြားဘိသကဲ့ရင်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြ လိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်းဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူသာလျှင် အသျှင်ဂေါတမသည် များစွာသော အကြောင်းဖြင့် တရားတော်ကို ပြ တော်မူပါပေ၏၊ အသျှင်ဂေါတမ ထိုအကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ သံဃာတော် ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်တို့ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာတို့ဟူ၍ မှတ်တော်မူပါ" ဟု လျှောက် ကြားလေကုန်သတည်း။

တဆဲ့သုံးခုမြောက်သော တေဝိဇ္ဇသုတ် ပြီး၏။

သုတ်အစဉ်ကား

၁။ ဗြဟ္မဇာလသုတ်၊ ၂။ သာမညဖလသုတ်။
၃။ အမ္ဗဋ္ဌသုတ်၊ ၄။ သောဏဒဏ္ဍသုတ်။
၅။ ကူဋဒန္တသုတ်၊ ၆။ မဟာလိသုတ်။
၇။ ဇာလိယသုတ်၊ ၈။ မဟာသီဟနာဒသုတ်။
၉။ ပေါဋ္ဌပါဒသုတ်၊ ၁၀။ သုဘသုတ်။
၁၁။ ကေဝဋ္ဋသုတ်၊ ၁၂။ လောဟိစ္စသုတ်။
၁၃။ တေဝိဇ္ဇသုတ်၊ ဤတဆဲ့သုံးသုတ်တို့တည်း။

သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန် ပြီး၏။

http://www.dhammadownload.com

သီလက္ခန္ဓဝဂ်ပါဠိတော် မြန်မာပြန်

မှတ်သားဖွယ် အကက္ခရာစဉ်

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အကုသိုလ် ဖြစ်ကုန်သော	၁၇၃
အကျင့် 'စရဏ'	၁၀၃
အကျင့်သိက္ခာကြောင့်	၁၈၉
အကြားစကားသည်ကား	၂
အကြောင်းမဲ့ အယူရှိကုန်သော	၂၈
အချို့တည်မြဲ အချို့မတည်မြဲ အယူ ရှိကုန်သော	၁၇
အခြေအမြစ် မရှိသောစကား	၂၀၀
အင်္ဂါတို့တွင်	၁၂၅
အငြင်းစကားကို	၇
အဆုံးရှိ အဆုံးမရှိ အယူရှိကုန်သော	၂၁
အဆုံးမရှိ ပစ်လွှင့်သော အယူရှိကုန်သော	၂၄
အဇိတကေသကမ္ဗလ၏ အယူဝါဒ	၅၇
အနာရောဂါရှိသော	၇၅
အပြစ်သည် စင်စစ် လွှမ်းမိုးသွားခဲ့၏	၈၉
အမ္ဗလဋ္ဌိကာဥယျာဉ် မင်းကွန်းဌာပင်	၁
အမြတ်ဆုံးမျက်မှောက်(လောကီ) နိဗ္ဗာန်ကို	၃၆
အဝတ်မဝတ်ပဲ ကျင့်သော ကဿပ	၁၇၁
အသည်းသဘ် မည်သော ဗြာဟ္မာတို့သည်	၂၈
အသိဉာဏ်'ဝိဇ္ဇာ'	၁၀၃
အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံသူ	၁၀၄
အသက်သတ်ခြင်းကို	၃
အောက်မေ့ခြင်း 'သတိ' ဆင်ခြင်ခြင်း 'သမ္ပဇဉ်' နှင့်	၇၃
[အာ]	
အာသဝက္ခယဉာဏ်အလို့ငှါ	၈၇
[ဠ]	
ဠစ္ဆာနင်္ဂလတောအုပ်၌	၉၃
ဠဒ္ဒြေတို့ကို စောင့်စည်းသနည်း	၇၃
[ဤ]	
ဤအစီရဝတီမြစ်သည်	၂၆၁
ဤစကား ဖြစ်ပေါ်ပါသည်	၂
ဤဆရာတို့သည် သုံးဦးရှိကုန်၏	၂၄၈
[ဩ]	
ဩဋ္ဌဒ္ဓမည်သော လိစ္ဆဝီ	၁၆၀
[က]	
ကဏှာရသေ့	၁၀၀
ကပိလဝတ်ပြည်သို့	၉၆
ကာမဂုဏ်ငါးပါးတို့ကို	၂၆၂
ကေဝဋ္ဋ (အမည်ရှိသော) သူကြွယ်သားသည်	၂၃၄
ကောသလတိုင်းတို့၌	၉၁
ကြမ်းသောစကားကို	၄
ကြမ်းတမ်းထင်ရှားသော အတ္တဘောကို	၂၀၇
ကြွေကျသော သစ်သီးကိုသာ စားသူ	၁၀၅
[ခ]	
ခိဍ္ဍာပဒေါသိက မည်သော နတ်တို့သည်	၁၉
ခံညားသော ကိုယ်ခန္ဓာရှိ၏	၁၀၆
ခြိုးခြံသော အကျင့်ကို အားထုတ်မှုတို့သည်	၁၇၅
[ဂ]	
ဂန္ဓာရီမည်သော အတတ်သည်	၂၃၅
ဂုံးစကားကို	၄

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[စ]	
စတုတ္ထစျာန် ရဟန်းဖြစ်ကျိုး	၇၈
စိတ်ဖြင့်ပြီးသောကိုယ်	၈၀
စုတူပပါတဉာဏ်အလို့ငှါ	၈၅
စူဠသီလ	၃
စေတောပရိယဉာဏ်အလို့ငှါ	၈၂
[ဆ]	
ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းကို	၆
ဆင်ဆရာ့သားစိတ္တနှင့် ပေါဋ္ဌပါဒပရိဗိုဇ် တို့သည်	၁၉၇
ဆုံးမခြင်းပြာဋိဟာ	၂၃၆
[ဇ]	
ဇာလိယ	၁၆၈
[တ]	
တတိယစျာန် ရဟန်းဖြစ်ကျိုး	၇၈
တမန်အမှု အစေအပါးအမှု	၈
တဘို့တည်းအတွက်သာလျှင်တည်ကြည်မှု	၁၆၂
တည့်မြဲအယူရှိကုန်သော	၁၁
တည်းခိုနေကုန်၏	၁၃၅
တန်ခိုးဖန်ဆင်းခြင်း ဣဒ္ဓိဝိဓဉာဏ်အလို့ငှါ	၈၁
တိုက်ခတ်ပါစေ	၁၅၆
တိုက်ရိုက်ဆန့်ကျင်သောစကား	၁
[ထ]	
ထိုသူအား စည်းစိမ်အနည်းငယ်မျှ ပျက်စီးခြင်းမရှိရာ	၇၅
[ဒ]	
ဒိဗ္ဗသောတဉာဏ်အလို့ငှါ	၈၂
ဒုတိယစျာန် ရဟန်းဖြစ်ကျိုး	၇၇
[န]	
နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ	၅၉
နိဝရဏတရားကိုပယ်ခြင်း	၈၄

အက္ခရာစဉ်	စာမျက်နှာ
[န]	
နှစ်ဘို့စလုံးအတွက် တည်ကြည်မှု	၁၆၄
နောက်အဘို့ကို ကြံဆကုန်သော	၃၀
[ပ]	
ပကုဓကစ္စာယန၏ အယူဝါဒ	၅၈
ပသေနဒီကောသလမင်းသည်	၉၁
ပုဏ္ဏား	၁၂၅
ပုဏ္ဏားတမန်တို့နှင့်	၁၅၇
ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အလို့ငှါ	၈၄
ပူရဏကဿပ၏ အယူဝါဒ	၅၄
ပေါက္ခရသာတိပုဏ္ဏားသည်	၉၁
ပျက်စီးကြောင်းတို့သည်	၁၀၅
ပြိန်ဖျင်းသောစကားကို	၄
[ဖ]	
ဖီလာအတတ်ဖြင့်	၈
ဖီလာစကားကို	၇
[ဗ]	
ဗေဒင်သုံးပုံတို့ကို ပျက်စီးရာ ပျက်စီးကြောင်း ဟူ၍	၂၆၅
ဗြဟ္မဒတ် လုလင်သည်ကား	၁
[ဘ]	
ဘဝတဏှာ ပြတ်ပြီးဖြစ်လျက်	၄၇
[မ]	
မက္ခလိဂေါသာလ၏ အယူဝါဒ	၅၅
မဇ္ဈိမသီလ	၅
မနသာကင္မမည်သော	၂၃၅
မနောပဒေါသိက မည်သော နတ်တို့သည်	၂၀
မပေးသည်ကို ယူခြင်းကို	၄
မပယ်ရသေးသော အပိတ်အပင် 'နီဝရဏ' တရားငါးပါးတို့ကို	၇၆
မမှန်ပြောခြင်းကို	၄
မဟာသီလ	၈

http://www.dhammadownload.com

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မဟာပြဟ္မာဖြစ်၏	၁၀
မိစ္ဆာအယူပြစကားတို့ကို	၃၀
မမြတ်သောအကျင့်ကိုပယ်၍	၄
မုဒ္ဒရူပီမည်သော သမီးတော်ကို	၁၆၀
မီးကို လုပ်ကျွေးသူ၏ အဖြစ်သို့လည်း	၁၀၆
မေ့လျော့ကြောင်းဖြစ်သော လောင်းကစားခြင်းကို	၆
မှားသော အသက်မွေးမှုဖြစ်သော	၉
များပြားသောရှေး၌နေဘူးသောဘဝကို	၁၂
မျက်မှောက်(လောကီ)နိဗ္ဗာန်အယူ ရှိကုန်သော	၃၆
မျိုးစေ့အပေါင်း အပင်အပေါင်း ဖျက်ဆီးခြင်းကို	၅
မြင့်သောနေရာ မြတ်သောနေရာမှ	၅
မြတ်သော သမာဓိက္ခန္ဓာသည်	၂၁၇
မြတ်သောပညာက္ခန္ဓာကား	၂၂၃
မြတ်သော သီလက္ခန္ဓာကား	၂၁၅
[ရ]	
ရတနာခုနစ်ပါးတို့သည်	၉၃
ရဟန်းဖြစ်ကျိုးကို	၆၁
ရောင့်ရဲလွယ်သနည်း	၇၄
ရှုချင်ဘွယ်ရှိ၏	၁၁၀
ရှေး၌ဖြစ်ဘူးသည်ကား	၁၄၁
ရှေးအဘို့ကို ကြံဆကုန်သော	၁၁
ရှေးအဘို့ နောက်အဘို့ကို ကြံဆကုန်သော	၃၀
[လ]	
လာဘ်အလို့ငှါ အံ့ဖွယ်လည်း ဖြစ်စေကုန်၏	၈
လိမ်းခြယ်ခြင်း ဆင်ယင်ခြင်းကို	၇
လှေကားကို	၂၀၆
[ဝ]	
ဝါသေဋ္ဌနှင့်ဘာရဒွါဇလုလင်တို့သည်	၂၅၄
ဝိပဿနာဉာဏ်အမြင်အလို့ငှါ	၇၉
[သ]	
သဥ္စယဗေလဋ္ဌပုတ္တ၏ အယူဝါဒ	၆၀
သညာမရှိ အယူရှိကုန်သော	၃၂
သညာရှိလည်းမဟုတ် မရှိလည်းမဟုတ် အယူရှိကုန်သော	၃၂
သမီးဆောင်ယူ၍ ထိမ်းမြားခြင်း	၁၀၄
သမီးပေး၍ ထိမ်းမြားခြင်း	၁၀၄
သမုဒ္ဒရာ(ပင်လယ်ကူး)ကုန်သည်တို့သည်	၂၄၁
သရက်ခိုင်သည်	၄၆
သာကီဝင်မင်းတို့ကို ဤဇာတ်နိမ့် ဟူသော စကားဖြင့်	၉၅
သိကြားမင်းသည် သံတူကြီးကိုစွဲကိုင် ပြီးလျှင်	၉၉
သုပ္ပိယပရိဗိုဇ်သည်လည်း	၁
သုဘလုလင်သည်	၂၁၃
သောဏဒဏ္ဍပုဏ္ဏားသည်	၁၁၅
သစ်ဖု သစ်မြစ် သစ်သီးကိုသာစားသူ	၁၀၆
သိမ်းဆည်းခြင်းရှိသလော	၂၆၃
သိမ်းဆည်းခြင်း မရှိသလော	၂၆၃
သုံးပါးသော စိတ်ထားတို့ကို	၁၄၅
သိုမှီးသုံးဆောင်ခြင်းကို	၅

http://www.dhammadownload.com

http://www.dhammadownload.com

ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ) နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

မြင့်မြတ် ပုဂ္ဂိုလ်

(NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်